

# ပိုမိုခိုင်မာသည့် နိုင်ငံရေးပါတီများအတွက်

# အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

## အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာမှုကို

## မြှင့်တင်ရန် လမ်းညွှန်စာအုပ်

ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်

နိုင်ငံတကာရေးရာကိစ္စရပ်များအတွက်

အမျိုးသား ဒီမိုကရက်တစ် အင်စတီကျုး

# ပိုမိုခိုင်မာသည့် နိုင်ငံရေးပါတီများအတွက်

# အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာမှုကို

မြှင့်တင်ရန် လမ်းညွှန်စာအုပ်



**စကားချီး**

UNDP နှင့် NDI သည် ဤစာအုပ် ဖြစ်ပေါ်လာရေးအတွက် ကူညီလုပ်ဆောင်ပေးသည့်သူများ အားလုံးကို ကျေးဇူးတင်စကား ပြောလိုပါသည်။

ဤထုတ်ဝေခြင်းကို Winnie Byannima, Randi Davis နှင့် Kristin Haffert တို့က ဦးစွာလုပ်ဆောင်ပြီး ၎င်းတို့၏ အဖိုးမဖြတ်နိုင်သည့် ကြိုးစားအားထုတ်မှုသည် ဤစာအုပ်ထုတ်ဝေခြင်းဖြစ်မြောက်ရေးအတွက် အလွန်အထောက်အကူ ဖြစ်စေပါသည်။

ဤစာအုပ်တွင် ပါဝင်သည့် ဖြစ်ရပ်လေ့လာမှုများနှင့် အကျဉ်းချုပ်ဖော်ပြချက်များကို Lincoln Mitchell က Mireya Reith, Elizabeth Powley, Carole Njoki နှင့် Marilyn Achiron တို့၏ အကူအညီဖြင့် သုတေသနလုပ် ရှာဖွေပြီး ထည့်သွင်းဖော်ပြခဲ့သည်။ Julie Ballington နှင့် Manuela Popovici သည် ဤစာအုပ် ထုတ်ဝေမှု ပြီးဆုံးရန်အတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဝေဖန်အကြံပေးခြင်းများကို Suki Beavers, Shari Bryan, Drude Dehlerup, Randi Davis, Kevin Deveaux, Aleida Ferreyra, Simon Alexis Finley, Geraldine Fraser-Moleketi, Kristin Haffert, Oren Ipp, Linda Maguire, Susan Markham, Mireya Reith, Carmina Sanchis Rusescas, Kristan Sample, Louise Sperl နှင့် Ken Wollack တို့က စိတ်အားထက်သန်စွာဖြင့် အသေးစိတ် ပြုလုပ်ပေးခဲ့ကြသည်။

နောက်ထပ်ကျေးဇူးတင်ရှိရန် ထိုက်တန်သူများမှာ ဖြစ်ရပ်လေ့လာမှုများ အားလုံးကို ဖော်ပြနိုင်ရန်အတွက် အချိန်များ နှင့် ဗဟုသုတများစွာ ပေးခဲ့သည့် အင်တာဗျူးဖြေကြားသူများဖြစ်ကြသည်။ ထို့နောက် ကွင်းဆင်းသုတေသနလုပ်ဆောင်ရာတွင် ပါဝင်ကူညီပေးခဲ့သည့် NDI ၏ ဒေသတွင်း ဝန်ထမ်းများနှင့် ဖြစ်ရပ်လေ့လာမှုများကို အပြီးသတ်လုပ်ဆောင်ရာတွင် ကူညီပေးခဲ့သည့် NDI ရုံးဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ပါသည်။

# မာတိကာ

**စကားချီး - UNDP**

**စကားချီး - NDI**

**အတိုကောက်စကားလုံးများ**

**အကျဉ်းချုပ်**

**နိဒါန်း**

**အပိုင်း (က) - ကောင်းမွန်သော အလေ့အကျင့်များ အကျဉ်းချုပ်**

**ကျား/မတန်းတူညီမျှအတွက် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖောင်ဒေးရှင်း တည်ဆောက်ခြင်း**

အဓိက ပြဿနာများ
လုပ်ဆောင်နိုင်သည့် ဗျူဟာများ

**ရွေးကောက်ပွဲ မတိုင်မီကာလ**
**ရွေးကောက်ခံမည့်သူများ ရှာဖွေစုဆောင်းခြင်းနှင့် အမည်တင်သွင်းခြင်း**
အဓိက ပြဿနာများ
လုပ်ဆောင်နိုင်သည့် မဟာဗျူဟာများ

**နိုင်ငံရေးပါတီများ နှင့် ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်ခြင်းအတွက် ရံပုံငွေအထောက်အပံ့**
စည်းရုံးလှုံ့ဆော်ခြင်းနှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ခြင်း
အဓိက ပြဿနာများ
လုပ်ဆောင်နိုင်သည့် ဗျူဟာများ

**ရွေးကောက်ပွဲလွန်ကာလ**
**ကျား/မ ဆိုင်ရာပြဿနာများကို တုံ့ပြန်ဖြေရှင်းနိုင်သည့် အုပ်ချုပ်မှု**
အဓိက ပြဿနာများ
လုပ်ဆောင်နိုင်သည့် ဗျူဟာများ

**နိဂုံး**

**မှတ်စုများ**

## အပိုင်း (ခ) - ဖြစ်ရပ်လေ့လာမှုများ

**ဖြစ်ရပ်လေ့လာမှုများ စာရင်း**

**ARMENIA** : ပါတီတွင်း အမျိုးသမီးများအတွက် ကြိုတင်အရေအတွက် သတ်မှတ်ခြင်းကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် ညွှန့်ပေါင်းဖွဲ့စည်းခြင်း

**AUSTRALIA** : နိုင်ငံရေးတွင် အမျိုးသမီးများ တိုးများလာရေးကို တိုးမြှင့်လုပ်ဆောင်ရန် ပါတီတွင်း အမျိုးသမီးအရေအတွက်ကြိုတင် ကန့်သတ်မှု နှင့် ရံပုံငွေရှာခြင်း ကွန်ယက်များ

**BURKINA FASO :** တရားဝင်အသိအမှတ်ပြုထားသည့် (သို့) ပါတီတွင်းအသိအမှတ်ပြုသည့် နိုင်ငံရေးပါတီတွင်း အမျိုးသမီးအရေအတွက်ကြိုတင်သတ်မှတ်ခြင်း

**CAMBODIA** : ပါတီတွင်း နှင့် ရွေးကောက်ခံရုံးများတွင် အမျိုးသမီးများအရေအတွက် တိုးမြှင့်ရန် ပါတီတွင်း အမျိုးသမီးအဖွဲ့အစည်း

**CANADA** : ရံပုံငွေထောက်ပံ့ခြင်း ကွန်ယက်များ၊ ရွေးကောက်ခံ အမည်တင်သွင်းခြင်း စည်းမျဉ်းများ နှင့် မတူညီသော ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများ ရှာဖွေစုဆောင်းမှုများမှတဆင့် ရွေးကောက်ခံအမျိုးသမီးများအား ကူညီထောက်ပံ့ပေးခြင်း။

**CROATIA** : ရွေးကောက်ခံ ကြိုတင်အရေအတွက် သတ်မှတ်မှု နှင့် စွမ်းရည်တည်ဆောက်မှု သင်တန်းများအတွက် ပါတီတွင်း အမျိုးသမီးများအဖွဲ့အထောက်အပံ့

**EL SALVADOR** : liberation အလွန် နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ဗျူဟာများ

**INDIA (BOX)** : ကြိုတင်အရေအတွက်သတ်မှတ်မှုများ၊ ကြိုတင်နေရာသတ်မှတ်မှုများ နှင့် နိုင်ငံရေးပါတီများ

**INDONESIA (BOX)** : ရွေးကောက်ခံ ရှာဖွေစုဆောင်းမှု နှင့် နိုင်ငံရေးပါတီ ကြိုတင်အရေအတွက်သတ်မှတ်မှု

**MEXICO** : ကြိုတင်အရေအတွက် သတ်မှတ်ခြင်းနှင့် သင်တန်းအတွက် ပြည်နယ်အစိုးရ ရံပုံငွေများမှတဆင့် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများအား အကူအညီအထောက်အပံ့ပေးခြင်း

**MOROCCO** : ပါတီ ရွေးကောက်ခံ ကြိုတင်အရေအတွက် ကန့်သတ်မှုများကို မြှင့်တင်ရန် လုပ်ဆောင်မှု

**PERU (BOX)** : အမျိုးသမီးများအ ကြိုတင်အရေအတွက် သတ်မှတ်မှုအတွက် အမျိုးသမီး ညီလာခံ

**RWANDA** : အမျိုးသမီးများ၏ ပဋိပက္ခလွန် အောင်မြင်မှုများအား ခိုင်မာလာစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအား အသုံးပြုခြင်း

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

**SERBIA (BOX) :** နိုင်ငံရေး အပြောင်းအလဲအတွက် ပါတီတွင်း အမျိုးသမီးအဖွဲ့ စည်းရုံးလှုံ့ဆော်ခြင်း

**SOUTH AFRICA :** အမျိုးသမီးများ၏ စည်းရုံးလှုံ့ဆော်မှု နှင့် နိုင်ငံရေးဆိုင်ရာ လုပ်ဆောင်မှုဇယား၏ ပြုပြင်ပြောင်းလဲမှု

**SOUTHERN AFRICA (BOX) :** အပြောင်းအလဲကာလများကို အချိန်တိုးမြှင့်လုပ်ဆောင်ခြင်း နှင့် ပါတီတွင်း ကျား/မ တန်းတူညီမျှမှု အလေ့အကျင့်များကို ခိုင်မာအောင်လုပ်ခြင်း နှင့်ပတ်သက်၍ ဒေသတွင်း လေ့လာမှုသင်ခန်းစာများ

**SPAIN :** အမျိုးသမီးများအတွက် နိုင်ငံရေးနယ်ပယ် ပြုပြင်ဖန်တီးရန် အမျိုးသားများနှင့် မိတ်ဖက် လုပ်ဆောင်ခြင်း

**TIMOR-LESTE (BOX) :** ရွေးကောက်ခံအမျိုးသမီးများ ရှာဖွေစုဆောင်းခြင်းကို မြှင့်တင်ရန် မက်လုံးများ ပြုလုပ်ဖန်တီးခြင်း

**UK :** အနိုင်ရနိုင်ခြေရှိသော နေရာများတွင် ရွေးကောက်ခံအမျိုးသမီးများအား အမည်စာရင်းတင်သွင်းခြင်း

**USA :** ရံပုံငွေရှာခြင်း ကွန်ယက်ခြင်း နှင့် ပါတီညီလာခံများအတွက် ကျား/မ တန်းတူညီမျှမှု မူဝါဒများ

**စကားချီး**

**UNDP**

ကျား/မတန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ စွမ်းအားမြှင့်တင်မှုသည် လူ့အခွင့်အရေးအတွက်သာမက အားလုံးပါဝင်နိုင်မှု၊ တန်းတူညီမျှမှု နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက်လည်း အလွန်အရေးပါသည်။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုသည် ဤပန်းတိုင်များအတွက် အချက်အချာကျ၍ နိုင်ငံရေးပါတီများသည် ထိုကဲ့သို့သော အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ပြုစုပျိုးထောင်ရန်အတွက် အရေးအကြီးဆုံးသော အင်စတီကျူးရှင်းများဖြစ်ကြသည်။ ကမ္ဘာ့လွှတ်တော်နေရာများတွင် အမျိုးသမီးများအနေဖြင့် ၂၀% အောက်သာ ပိုင်ဆိုင်ထားခြင်းထားသောကြောင့် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများ၏နိုင်ငံရေးဆိုင်ရာမြှင့်တင်မှုကို ကူညီထောက်ပံ့ပေးရန် ပိုမိုလုပ်ဆောင်သင့်သည်။

ကမ္ဘာအနှံ့အပြားရှိ နိုင်ငံရေးပါတီများ၏ အဖွဲ့ဝင် ၄၀% မှ ၅၀%သည် အမျိုးသမီးများဖြစ်သော်လည်း အမျိုးသမီးများသည် ထိုပါတီများ၏ ခေါင်းဆောင်မှုပိုင်းတွင် ၁၀% သာလျှင် ပိုင်ဆိုင်ထားကြသည်။ ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ၏တန်းတူပါဝင်ဆောင်ရွက်မှုကို သေချာစေရန် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံသည် ယင်းပါတီတွင်းသာမက လူမှုအသိုင်းအဝိုင်းတစ်ခုလုံးတွင် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ရန်အတွက် အလွန်အရေးပါသည်။

၁၈လကျော်အတွင်း ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (the United Nations Development Programme) နှင့် နိုင်ငံတကာ ဒီမိုကရေစီ အဖွဲ့အစည်း (the National Democratic Institute) တို့သည် အမျိုးသမီးများအား နိုင်ငံရေးဆိုင်ရာစွမ်းရည်မြှင့်တင်မှုကို တိုးမြှင့်လုပ်ဆောင်ရန် နိုင်ငံရေးပါတီလုပ်ဆောင်ချက်များ၏ လက်တွေ့ဖြစ်ရပ်ပေါင်း ၂၀ ကို ရှာဖွေစုဆောင်းခဲ့သည်။ ယင်းအချက်အလက်များနှင့် တခြားဥပမာများအပေါ်တွင် အခြေခံ၍ UNDP နှင့် NDI တို့သည် နိုင်ငံရေးလောကတွင် အမျိုးသမီးများအား မြှင့်တင်ရန်အတွက် နိုင်ငံရေးပါတီများမှ လုပ်ဆောင်နိုင်သော ခိုင်မာတိကျသည့်အဆင့်များကို ခွဲခြမ်းစိတ်ဖြာခဲ့သည်။ *ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းအားမြှင့်တင်ခြင်း - အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် လမ်းညွှန်စာအုပ်* ထုတ်ဝေခြင်းသည် UNDP နှင့် NDI တို့၏ သုတေသနလုပ်ဆောင်ချက်များမှ အသီးအပွင့်ဖြစ်၍ နိုင်ငံရေးပါတီများပြန်လည်ဖွဲ့စည်းမှုအတွက် ကျစ်လစ်ပြည့်စုံသော တိကျသည့်နည်းလမ်းတစ်ခုကိုလည်း ဖော်ပြပေးထားပါသည်။

ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျော်လွန်ပြီးကာလအပါအဝင် ရွေးကောက်ပွဲ ကာလတစ်လျှောက်လုံးအတွင်း နိုင်ငံရေးပါတီများသည် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အထောက်အပံ့ပေးနိုင်သည့် လုပ်ဆောင်ချက်များစွာကို ခွဲခြမ်းစိတ်ဖြာရန် ဤလမ်းညွှန်စာအုပ်သည် ပထမဆုံးသော အမျိုးအစားဖြစ်သည်။

ဤလမ်းညွှန်စာအုပ်ကို နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ အထူးသဖြင့် ခေါင်းဆောင်မှုပိုင်းတွင် ပါဝင်သူများ၊ လူမှုအဖွဲ့အစည်းများ နှင့် ကျား/မတန်းတူညီမျှမှု လှုပ်ရှားသူများအတွက် ရည်ရွယ်ထားပါသည်။ ကျား/မ တန်းတူညီမျှရေးကို ကမ္ဘာ့နိုင်ငံရေးပါတီ အဖွဲ့အစည်းများနှင့် မဟာမိတ်များ၏ အခြေခံဥပဒေနှင့်လုပ်ငန်းခွင်တွင် စံတစ်ခုအဖြစ် ထားရှိလုပ်ဆောင်ရန် ထိုနိုင်ငံရေးပါတီများကို အားပေးအားမြှောက်ပြုရန်အတွက်လည်း ဤလမ်းညွှန်စာအုပ်ကို ရည်ရွယ်ထုတ်ဝေထားပါသည်။

အချုပ်ဆိုရသော် ဤလမ်းညွှန်စာအုပ်သည် အမျိုးသမီးများအား နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာမှုနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများအား အစီအစဉ်ရေးဆွဲမှုကို ကူညီထောက်ပံ့ပေးသော နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်းများကိုလည်း အလွန်အဖိုးတန်သော လမ်းညွှန်မှုများကို ပေးပါသည်။

နိုင်ငံရေးမှစ၍ ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ၊ ပုဂ္ဂလိက အခန်းကဏ္ဍ နှင့် လူမှုအဖွဲ့အစည်းကဏ္ဍထိ အစိုးရအင်စတီကျူးရှင်းများအားလုံးတွင် အမျိုးသမီးများအနေဖြင့် စစ်မှန်သော နေရာများရရှိပါက ယင်းအမျိုးသမီးများအနေဖြင့် အများပြည်သူ စကားဝိုင်း (public dialogue) တွင် ယောကျာ်းများနှင့် တန်းတူညီမျှစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်၍ ၎င်းတို့၏ ကိုယ်ပိုင်အနာဂတ်မှအစ မိသားစုများ၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းများနှင့် နိုင်ငံများအထိတိုင်အောင် အဆုံးအဖြတ်ပေးသော ဆုံးဖြတ်ချက်များကိုလည်း လွှမ်းမိုးနိုင်လိမ့်မည်။



Helen Clark

Administrator

United Nations Development Programme

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အမျိုးသမီးများအနေဖြင့် ရွေးကောက်ခံရုံးများ (elected office) နှင့် နိုင်ငံရေးအရ ဦးဆောင်မှုများကို ရယူနိုင်ရန် နိုင်ငံရေးပါတီများသည် အခြေခံကျ၍ တိုက်ရိုက်အကျဆုံးသော ယန္တရားတစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံ၊ မူဝါဒများ၊ အလေ့အကျင့်များ နှင့် တန်ဖိုးများသည် ၎င်းတို့နိုင်ငံ၏ နိုင်ငံရေးလောက၌ အမျိုးသမီးများ၏ ပါဝင်လုပ်ဆောင်ရွက်မှု အဆင့်တွင် အဓိကကျသော အကျိုးသက်ရောက်မှုတစ်ခုရှိသည်။

အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုကို အလေးပေးလုပ်ဆောင်သော နိုင်ငံရေးပါတီများသည် ပိုမိုခိုင်မာသော ရွေးကောက်ပွဲဆိုင်ရာ အနေအထားများ (electoral positions) မှ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်၍ နောက်ထပ် မဲပေးသူများ၊ ၎င်းပါတီများ၏ မဲဆန္ဒနယ်များ နှင့် ပိုမိုခိုင်မာသော ရင်းနှီးကျွမ်းဝင်ပတ်သက်မှုများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ဒါ့အပြင် အဖွဲ့ဝင်သစ်များနှင့် အိုင်ဒီယာသစ်များကို မွေးထုတ်နိုင်သော နိုင်ငံရေးပါတီများသည် မဲပေးမှုကျဆင်းသောအချိန်ကာလအတွင်း ၎င်း၏သက်ဝင်ခိုင်မာသော တန်ဖိုးကို ထိန်းထားနိုင်မည်ဖြစ်သည်။ အချို့သောရလဒ်များသည် ကောင်းမွန်ထင်ရှားသည်၊ အချို့မှာ မထင်မရှားဖြစ်၍ အချို့သောရလဒ်များသည် ထိထိရောက်ရောက်ကောင်းမွန်ထင်ရှားသည်။ သို့သော် နိုင်ငံရေးပါတီများအတွက် ယေဘူယျ ရလဒ်သည် ကိစ္စရပ်တိုင်းတွင် အကျိုးအမြတ်ဖြစ်ထွန်းစေသည်။

အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲနှင့် အုပ်ချုပ်ရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရုံသာမက နိုင်ငံရေးပါတီများကိုလည်း လွှမ်းမိုးသောအခါ နိုင်ငံရေးပါတီများသည် အောင်မြင်မှုအကျိုးကျေးဇူးရရှိလာကြသည်။ နိုင်ငံရေးပါတီများတွင် အမျိုးသမီးများအား စစ်မှန်၍ အရည်အသွေးပြည့်မီသော လွှမ်းမိုးမှုများ (သို့မဟုတ်) ဆုံးဖြတ်ချက်ချမှတ်မှုအာဏာကို အပြည့်အဝမပေးဘဲ ၎င်းပါတီများတွင် အမျိုးသမီးများ၏အရေအတွက် တိုးပွားလာအောင် အပေါ်ယံသက်သက်လုပ်ဆောင်ခြင်းသည် မည်သည့်အကျိုးကျေးဇူးများကိုမျှ ရရှိနိုင်မည်မဟုတ်ပါ။ ထိုကဲ့သို့သော လုပ်ဆောင်ချက်များ၏ စံပြဥပမာများမှာ ဥပဒေအရပြဌာန်းထားသောအာဏာမရှိဘဲသော်လည်းကောင်း၊ ရွေးကောက်ခံ စာရင်းတွင် အမည်ခံအမျိုးသမီးနေရာ ရွေးချယ်ခြင်းသော်လည်းကောင်း၊ ရွေးကောက်ခံထားရသော အမျိုးသမီးအရာရှိများအား ဘေးဖယ်ထားခြင်းသော်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပခွင့်မရှိသော နေရာများတွင် အမျိုးသမီးများအား ရွေးကောက်ယှဉ်ပြိုင်သူအဖြစ် ထားရှိရွေးချယ်ထားခြင်းသော်လည်းကောင်း (သို့မဟုတ်) ရွေးကောက်ခံယှဉ်ပြိုင်စာရင်းမှ နောက်ဆုံးမိနစ်အတွင်း အမျိုးသမီးများအား ဖယ်ရှားဖြင်းတို့ ပါဝင်သည်။

ကမ္ဘာလုံးဆိုင်ရာ ဦးတည်ချက်မှာ လိင်ကွဲပြားမှုများကြား တန်းတူညီမျှမှုကို အခြေခံသော ဒီမိုကရေစီ အုပ်ချုပ်မှုစနစ်ဖြစ်သည်။ ရိုးရာအရ ကိုယ်စားပြုခွင့်မရသော အမျိုးသမီးများကို ယခုအခါတွင်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နိုင်ငံရေးပါတီများ၏ ဒီမိုကရေစီနည်းကျ လုပ်ဆောင်မှုအတွက် (သို့တည်းမဟုတ်) ၎င်းတို့ပါဝင်လုပ်ဆောင်သော တရားဥပဒေရေးဆွဲပြဋ္ဌာန်းသည့် လွှတ်တော်အတွက် အခြေခံအကျဆုံးသောစံနမူနာအဖြစ် (minimum standard) စဉ်းစားကြသည်။

***ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းအားမြှင့်တင်ခြင်း - အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင့်ရန်*** ဤလမ်းညွှန်စာအုပ်ကို နိုင်ငံရေးပါတီများနှင့် အမျိုးသမီးများ၏ နိုင်ငံရေးအရ ပါဝင်လာမှုကို တိုးမြှင့်ရန်အတွက် ၎င်းပါတီများနှင့် လုပ်ဆောင်နေသော အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ တစ်လျှောက်လုံး နှင့် နိုင်ငံရေးပါတီများရှိ ကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် မဟာဗျူဟာများကို ရှာဖွေနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများအဖြစ် သာမက ပါတီအဖွဲ့ဝင်များ၊ ခေါင်းဆောင်များ နှင့် ရုံးတွင်း လုပ်ကိုင်သူများအနေဖြင့်လည်း မြှင့်တင်နိုင်ပါသည်။

အမျိုးသားများနှင့် အမျိုးသမီးများအားလုံး ဒီမိုကရက်တစ်ဖြစ်စဉ်တွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော ပွင့်လင်းသည့် နိုင်ငံရေးဆိုင်ရာ အနေအထားကို ဖန်တီးရန်အတွက် အမျိုးသာ ဒီမိုကရက်တစ် အင်စတီကျူး (National Democratic Institute) အနေဖြင့် နိုင်ငံပေါင်း (၈၀) ကျော်တွင် နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းပေါင်း (၇၂၀) နှင့် နှစ်ပေါင်း (၂၅) ကျော်ကြာ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်သည် ဤလုပ်ဆောင်ချက်အား လုပ်ဆောင်နိုင်ရန်အတွက် အကူအညီပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။

Ken Wolllack

President (သမ္မတ)

National Democratic Institute for International Affairs (နိုင်ငံတကာရေးရာများအတွက် အမျိုးသား ဒီမိုကရက်တစ် အင်စတီကျူး)

## အတိုကောက်များ

| | |
|---|---|
| ANC | African National Congress, South Africa |
| ANCWL | African National Congress Women's League, South Africa |
| ALP | Australian Labor Party |
| BJP | Bhatariya Janata Party, India |
| BPFA | Beijing Platform for Action |
| CDP | Congress for Democracy and Progress, Burkina Faso |
| CDU | Christian Democratic Union, Germany |
| CEDAW | Convention on the Elimination of All Forms of Discrimination against Women |
| COFIPE | Federal Code on Electoral Institutions and Procedures, Mexico |
| CPP | Cambodian People's Party |
| CSO | Civil Society Organization |
| CSV | The Christian Social People's Party, Luxembourg |
| DAW | United Nations Division for the Advancement of Women |
| EMB | Electoral Management Body |
| EMILY's List | Early Money is Like Yeast |
| ERA | Equal Rights Amendment, USA |
| EU | European Union |
| FMLN | Farabundo Marti Front for National Liberations, EI Salvador |
| IPU | Inter-Parliamentary Union |
| IDEA | International Front of Mozambique |

| | |
|---|---|
| IRI | International Republican Institute |
| MP | Member of Parliament |
| NDI | National Democratic Institute for International Affairs |
| NDP | New Democratic Party, Canada |
| NFDW | National Federation of Democratic Women, USA |
| NLWN | National Labor Women's Network, Australia |
| NOW | National Organization for Women, USA |
| NWPC | National Women's Political Caucus, USA |
| OAS | Organization of American States |
| ODIHER | OSCE'S Office FOR Democratic Institutions and Human Rights |
| OSCE | Organization for Security and Co-operation in Europe |
| PAC | Citizen's Action Party, Costa Rica |
| PAN | National Action Party, Mexico |
| PDIP | Democratic Party of Struggle, Indonesia |
| PPC | Christian People's Party, Peru |
| PPS | Party of Progress and Socialism, Morocco |
| PR | Party of the Republic, Brazil |
| PRD | Party of the Democratic Revolution, Mexico |
| PRI | Institutional Revolutionary Party, Mexico |
| PSOE | Socialist Workers' Party, Spain |
| PUSC | Christian-Social Unity Party, Costa Rica |

| | |
|---|---|
| RPF | Rwandan Patriotic Front |
| SADC | Southern African Development Community |
| SDP | Social Democratic Party, Croatia |
| SDWF | Social Democratic Women's Forum, Croatia |
| SIW | Socialist International Women |
| SRP | Sam Rainsy Party, Cambodia |
| UNDP | United Nations Development Programme |
| UNTAET | United Nations Transitional Administration in East Timor |
| USFP | Socialist Union of Popular Forces, Morocco |
| WLCB | Women's Leadership Coordination Board, Armenia |
| WLF | Women's Leadership Forum, Armenia |
| WNC | Women's National Coalition, South Afric |

## အကျဉ်းချုပ်



နိုင်ငံရေးလောကတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အမျိုးသမီးများ၏ အခွင့်အရေးများကို နိုင်ငံတကာ ညီလာခံများမှ အာမခံပေးထားပါသည်။ သို့သော် လက်ဆုပ်လက်ကိုင် ပြ၍မရသော အခွင့်အရေးများကို လက်တွေ့အမှန်အဖြစ် ပြောင်းလဲခြင်းရန်အတွက် အမှန်တကယ် လက်တွေ့တွင် ပြင်းပြင်းထန်ထန် လုပ်ဆောင်ရန် လိုအပ်သည်။ နိုင်ငံရေးလောကတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် နိုင်ငံရေးပါတီများသည် ပဓာနကျသည်။ အဘယ့်အကြောင့်ဆိုသော် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများကို ရွေးချယ်စည်းရုံး၍ နိုင်ငံတစ်နိုင်ငံ၏ မူဝါဒ အစီအစဉ်ကို ဆုံးဖြတ်ချက်ချမှတ်သောကြောင့်ဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးပါတီများတွင် အမျိုးသမီးများကို အောက်ခြေရပ်ရွာအဆင့်၌သာ ကိုယ်စားပြုစေပြီး (သို့မဟုတ်) အကူအညီပေးသည့် အခန်းကဏ္ဍများတွင် ထားရှိကာ အာဏာရှိသည့် ရာထူးများတွင် ကိုယ်စားပြုခွင့်မရှိပေ။ အမျိုးသမီးများအနေဖြင့် လွှမ်းမိုးနိုင်သည့် အချိတ်အဆက်များမရှိဘဲ အလွန်အကန့်အသတ်နည်းပါးသည့် အရင်းအမြစ်များနှင့် ထိန်းကွပ်အကြံပေးသူများ၊ မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းမှ အလွန်နည်းပါးသည့် အထောက်အပံ့သာ ရရှိခြင်းအားဖြင့် နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ယောကျ်ားများနှင့် နှိုင်းယှဉ်လျှင် အောက်ခြေအဆင့်တွင်သာ ကျန်ရှိနေပါသည်။

နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ မည်သို့ ပူးပေါင်းပါဝင်ဆောင်ရွက်သနည်း - ထိုနိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်လာမှုကို မည်သို့ အားပေးအားမြှောက်ပြု၍

ကျား၊မ တန်းတူညီမျှမှု ပြဿနာများကို မည်သို့ လုပ်ဆောင်သနည်း ဆိုသည့်မေးခွန်းများသည် အမျိုးသမီးများ၏ နိုင်ငံရေးပိုင်းဆိုင်ရာ အရည်အသွေးစွမ်းအားမြှင့်တင်ခြင်းအတွက် အဓိက ဆုံးဖြတ်ပေးသည့် အရာများဖြစ်သည်။ ထိုမေးခွန်းများသည် ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းတွင် ကျားမတန်းတူညီမျှမှုကို သေချာစေရန်အတွက်လည်း အဓိက အခရာကျပါသည်။ နိုင်ငံရေးဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ပါဝင်လာမှုကို မြှင့်တင်ရန်အတွက် မဟာဗျူဟာများကို ထိထိရောက်ရောက်ဖြစ်စေချင်လျှင် ပါတီများအနေဖြင့် ရွေးကောက်ပွဲစက်ဝန်း (electoral cycle) တစ်လျှောက်လုံးတွင် ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကာလ နှင့် ရွေးကောက်ပွဲလွန်ကာလ စသည့် တိကျသောအချိန်အပိုင်းအခြားကာလများသတ်မှတ်၍ လုပ်ဆောင်နိုင်သည်။ နိုင်ငံရေးဖြစ်စဉ်များတွင် အမျိုးသမီးများ ပါဝင်လာမှုကို မြှင့်တင်ရန်အတွက် မဟာဗျူဟာများကို ထိရောက်စေလိုလျှင် ၎င်းဗျူဟာများကို ရွေးကောက်ပွဲ မတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ နှင့် ရွေးကောက်ပွဲလွန်ကာလ စသည့် ရွေးကောက်ပွဲစက်ဝန်း၏ တိကျသော ကာလအပိုင်းအခြားများတစ်လျှောက်လုံးတွင် အဖွဲ့အစည်းနှင့်ပါတီများသည် ရံပုံငွေထောက်ပံ့ခြင်း စသည့် ပါတီများပါဝင်လုပ်ဆောင်နိုင်သည့် အဆင့်ဆင့်ခြေလှမ်းများနှင့် ချိတ်ဆက်နိုင်သည်။

နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးပွားလာစေရန်အတွက် ထိရောက်မှုအရှိဆုံးသော မဟာဗျူဟာများမှာ နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံများအတွင်းနှင့် အပြင်ရှိ နိုင်ငံရေးအရတက်ကြွမှုရှိသောအမျိုးသမီးများ၊ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်သူအမျိုးသမီးများ နှင့် ရွေးကောက်ခံရသည့် အမျိုးသမီးအရာရှိများဖြင့် နိုင်ငံရေးအဆောက်အဦများကို ပြန်လည်ပြုပြင်မှုနှင့်အတူ ပေါင်းစပ်ခြင်းဖြစ်သည်။ ဤမဟာဗျူဟာများသည် နိုင်ငံရေးလောကတစ်ခုလုံးရှိ နိုင်ငံရေးပါတီများ နှင့် တခြားပါဝင်လုပ်ဆောင်သူများ အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်သည်။

**ကောင်းမွန်သော အလေ့အကျင့်များ အကျဉ်းချုပ် လမ်းညွှန်**ဖြစ်သည့် ဤစာအုပ်၏ အပိုင်း (က) သည် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများအား အရည်အသွေးမြှင့်တင်ရန် လုပ်ဆောင်နိုင်သည်ဆိုသည့် ပစ်မှတ်ထားသည့် ပါဝင်ဆောင်ရွက်မှု (targeted interventions) ကို ညွှန်ပြပါသည်။ ဤစာအုပ်တွင် ရွေးကောက်ပွဲစက်ဝိုင်းချဉ်းကပ်မှု (electoral cycle approach) ပါဝင်ပြီး အပိုင်း (၄) ပိုင်းဖြင့် ဖွဲ့စည်းထားပါသည်။ (ပုံ ၁ တွင်ဖော်ပြထားသည့်အတိုင်း)

၁။ ပါတီအဖွဲ့အစည်းအတွင်းပိုင်းအတွက် အခြေခံ မဟာဗျူဟာများ

၂။ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း မဟာဗျူဟာများ

၃။ ရွေးကောက်ပွဲကာလအတွင်း မဟာဗျူဟာများ

၄။ ရွေးကောက်ပွဲလွန်ပြီးကာလအတွင်း မဟာဗျူဟာများ

ရွေးကောက်ပွဲ

စောင့်ကြည့် လေ့လာမှု

## ၂။ ရွေးကောက်ပွဲမတိုင်မီကာလ

**ရွေးကောက်ပွဲယှဉ်ပြိုင်မည့်သူများ စုဆောင်းခြင်း**

အမျိုးသမီးများ၏ ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန် ပါတီရှိ ခေါင်းဆောင်များကြား သဘောတူညီမှုရယူခြင်း

ရွေးကောက်ပွဲယှဉ်ပြိုင်မည့် အမျိုးသမီးများအတွက် ပါတီတွင်ကြိုတင်အရေးအတွက်သတ်မှတ်မှုများကို လိုက်လျောညီထွေမှု ရှိအောင်ပြုလုပ်ခြင်းနှင့် ရွေးကောက်ခံသူများ စုဆောင်ရှာဖွေမှု စည်းမျဉ်းများကို တရားဝင်ပြုလုပ်ခြင်း

ပါတီစာရင်းတွင် အမျိုးသမီးများအား အနိုင်ရနိုင်သည့် နေရာများတွင် ထားရှိခြင်း (သို့) အနိုင်ရနိုင်သော /လုံခြုံမှုရှိသည့် မဲဆန္ဒနယ်

**ရံပုံငွေထောက်ပံ့ခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း**

အမျိုးသမီးများ၏ ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရန် ပါတီရှိ ခေါင်းဆောင်များကြား သဘောတူညီမှုရယူခြင်း

ရွေးကောက်ခံအမျိုးသမီးများအတွက် Emily's List နှင့် Wish List ကဲ့သို့သော ရန်ပုံငွေ မြှင့်တင်ခြင်း ကွန်ယက်များကို တည်ထောက်ခြင်း

ပါတီတွင်း ရံပုံငွေတည်ထောင်ခြင်း (သို့) ရွေးကောက်ခံအမျိုးသမီးများကို ငွေကြေးများ ထောက်ပံ့ခြင်း

အမည်တင်သွင်းခြင်း / အခြေခံ ယှဉ်ပြိုင်မည့် အသုံးစရိတ်အတွက် ကြိုတင်အရေအတွက် သတ်မှတ်မှုကို ထည့်သွင်းစဉ်းစားခြင်း

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

**အမျိုးသမီးများအား ဆွဲဆောင်ရန် မက်လုံးများအား ခွဲခြမ်းစိတ်ဖြာခြင်း နှင့် ၎င်းတို့အား ပါတီသို့ ဝင်ရောက်ရန် အားပေးအားမြှောက်ပြုခြင်း (ဥပမာ စွမ်းရည်တည်ဆောက်ခြင်း (သို့မဟုတ်) ကိုယ်စားပြုပြောဆိုခြင်း**

**ရွေးကောက်ခံအမျိုးသမီးများ နှင့် သင်တန်းများအတွက် ပါတီ ဘဏ္ဍာငွေကြေးများ ကြိုတင်လျာထားမှုကို ထည့်သွင်းစဉ်းစားခြင်း**

**ရွေးကောက်ခံအမျိုးသမီးများကို အထောက်အပံ့ပေးနိုင်ရန် အဖွဲ့အစည်းများ (သို့မဟုတ်) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မှုကို သေချာစေခြင်း**

**နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် လူထုအခြေပြုအဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့၍ ပူးပေါင်းလုပ်ဆောင်ခြင်း**

**မဟာဗျူဟာကျသော မဟာမိတ်ဖွဲ့ခြင်းနှင့် အမျိုးသားများထံမှ အထောက်အပံ့ရယူခြင်း**



**ပါတီတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို မဟာဗျူဟာကျကျ ထားရှိခြင်း**

**ပါတီညီလာခံများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် ပစ်မှတ်များချမှတ်ခြင်း**

**ကျား/မ တန်းတူညီမျှမှု အမြင်ရှုထောင့်ကို မူဝါဒမြှင့်တင်ချမှတ်ရာတွင် အဓိကထားရှိခြင်း**

## ၃။ ရွေးကောက်ပွဲကာလ

### စည်းရုံးလှုံ့ဆော်ခြင်း ကာလ

စည်းရုံးလှုံ့ဆော်ရန် အမျိုးသမီးများ၏ စွမ်းရည်များကို တည်ဆောက်ခြင်း နှင့် ပထမအကြိမ် ရွေးကောက်ခံသူများအား ကူညီပေးရန် စဉ်းစားခြင်း

ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ ပါတီမူဝါဒများကို သေချာအောင်လုပ်၍ ထုတ်ဖော်ပြောဆိုခြင်းနှင့် ၎င်းမူဝါဒများကို မဲပေးသူများထံ ဖြန့်ဝေခြင်း

မှတ်ပုံတင် အမည်သွင်းရန် အမျိုးသမီးများအား စည်းရုံးခြင်းနှင့် အမျိုးသားများနှင့် အမျိုးသမီးများအား ကျား/မဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ စိတ်ထိခိုက်လွယ်မှုမရှိရန် သတင်းပေးခြင်း

စည်းရုံးလှုံ့ဆော်မှုကာလအတွင်း ရွေးကောက်ခံအမျိုးသမီး များ၏ လုံခြုံရေးကို သေချာစေ၍ အကြမ်းဖက်မှုအတွက် အလားအလာရှိသော နေရာများတွင် ပါတီထောက်ခံသူများအား ထားရှိခြင်း

ရွေးကောက်ခံအမျိုးသမီးများကို အထောက်အပံ့ပေးနိုင်ရန် လူထုအခြေပြုအဖွဲ့အစည်းများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းလုပ်ဆောင်စေခြင်း

### ရွေးကောက်ပွဲကျင်းပသည့်နေ့

မဲရုံများတွင် အမျိုးသမီးများအား ပါတီအေးဂျင့်အဖြစ် ပါဝင်စေ၍ သင်တန်းပေးခြင်း

ရွေးကောက်ပွဲတွင် အမျိုးသမီးများအား စောင့်ကြည့်သူများအဖြစ် သင်တန်းပေးခြင်းနှင့် ပါဝင်စေခြင်း





### ရွေးချယ်ခြင်းခံရသော အမျိုးသမီးများ

### ၄။ ရွေးကောက်ပွဲလွန်ကာ

ကျား/မ တန်းတူညီမျှမှု စစ်ဆေးခြင်းကို လုပ်ဆောင်ခြင်း နှင့် ပါတီတွင်း ကျား/မ တန်းတူညီမျှမှု လုပ်ဆောင်မှုအစီအစဉ်ကို မြှင့်တင်ခြင်း

ရွေးကောက်ပွဲနိုင် အမျိုးသမီးများအား ဥပဒေပြုရေးဆိုင်ရာ စွမ်းရည်များ မြှင့်တင်ခြင်းနှင့် စွမ်းရည်တည်ဆောက်မှု ပြုလုပ်ပေးခြင်း

လွှတ်တော်တွင် ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ခြင်း

ပါတီ၏ မူဝါဒချမှတ်မှုတွင် အမျိုးသမီးများ ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ပါတီ၏မူဝါဒများတွင်

ပါတီတစ်ခုလုံး ညီလာခံများ တည်ဆောက်မှုကို အားပေးအားမြှောက်ပြုခြင်း နှင့် ၎င်းလုပ်ဆောင်မှုကို အထောက်အပံ့ပေးခြင်း

ကျား/မတန်းတူညီမျှမှုနှင့် ယောက်ျားများနှင့် အလုပ်တွဲလုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ ပါတီဝင်များကြား အသိပညာမြှင့်မားလာစေခြင်း

ကိုယ်စားပြုထားသည့် လူမှုအသိုင်းအဝိုင်းအတွင်း လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများ နှင့် လူမှုလိုအပ်ချက်များ မည်မျှ ခြားနားသည်ကို နိုင်ငံရေးပါတီများက အကျိုးသက်ရောက်စေသည်။ နိုင်ငံရေးပါတီတစ်ခု၏ တရားဝင်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

စာရွက်စာတမ်းများနှင့် စာတမ်းထုတ်ဝေခြင်းရာတွင် ကျား/မတန်းတူညီမျှမှု မူဘောင်ကို ဖော်ပြပေးရန် အရေးကြီးသည်။ ထိုထုတ်ပြန်စာတမ်းများသည် ပါတီ၏ မျှော်မှန်းချက်တစ်ခုကို ဖော်ပြပေး၍ ထိုမျှော်မှန်းချက်များကို အောင်မြင်ရန်အတွက် စည်းမျဉ်းများကိုလည်း သေချာစေသည်။ ပါတီအဖွဲ့အစည်းအတွင်းပိုင်းမဟာဗျူဟာများတွင် အောက်ပါအချက်များ ပါဝင်သည်။

- ပါတီ၏ ဥပဒေမူဘောင်တွင် ကျား/မတန်းတူညီမျှမှုကို ထုတ်ဖော်ခြင်း - ဤမူဘောင်တွင် ပါတီ၏ အဖွဲ့အစည်းအတွင်းပိုင်းအတွင်း အခြေခံကျသည့် စာရွက်စာတမ်းများတွင် ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ စာတမ်းတစ်စောင်ကို ချမှတ်ခြင်းတို့ ပါဝင်နိုင်သည်။

- အုပ်ချုပ်ရေး ဘုတ်အဖွဲ့တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို သေချာစေသည့် အဖွဲ့အစည်းအတွင်းပိုင်းတွင် သတ်မှတ်ထားသော အမျိုးသမီးအရေအတွက် အပါအဝင် တိုင်းတာမှုများကို ချမှတ်ခြင်း။

- ပါတီညီလာခံများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် ပစ်မှတ်များ ချမှတ်ခြင်း - ဤပစ်မှတ်များတွင် ညီလာခံများ၌ အမျိုးသမီးကိုယ်စားလှယ်များအတွက် သီးခြားအစည်းအဝေးများ ကျင်းပခြင်းတို့ ပါဝင်သည်။

- တိကျသော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအပြင် လိုအပ်လျှင် သင့်တော်သော ငွေကြေးအထောက်အပံ့များဖြင့် ပုံပါတီဖွဲ့စည်းပုံတွင်း စနစ်တကျ ထည့်သွင်းဖွဲ့စည်းထားသော အမျိုးသမီးများအဖွဲ့များ တည်ထောင်ခြင်း။

- ပါတီ၏ မူဝါဒများအားလုံးတွင် ကျား/မဆိုင်ရာ ကဏ္ဍအား အဓိကထည့်သွင်းရေးဆွဲခြင်း။

ရွေးကောက်ပွဲမတိုင်မီ ကာလတွင် ရွေးကောက်ခံမည့်သူများအား ရှာဖွေခြင်းနှင့် အမည်တင်သွင်းခြင်းသည် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာမှုကို သေချာစေရန်အတွက် အရေးအကြီးဆုံးသော ဖြစ်စဉ်ဖြစ်သည်။ နိုင်ငံရေးရုံးများအတွက် ရွေးကောက်ခံမည့်သူများသည် ပါဝင်လုပ်ဆောင်နိုင်သူမှ ရည်မှန်းချက်ထက်သန်သူ ထိုမှတဆင့် နောက်ဆုံးတွင် ပါတီမှ ရွေးကောက်အမည်တင်သွင်းခံရသူများအဖြစ် ပြောင်းလဲလာသောကြောင့် ကျား/မဆိုင်ရာ ကွာဟမှုသည် သိသိသာသာ ကြီးမားလာသည်။ ပါတီများအနေဖြင့် အမျိုးသမီးများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အာမခံပေးသည့်စည်းမျဉ်းများကို ထည့်သွင်းစပ်စဉ်းစားရန် အလွန်အရေးကြီးသည်။ အကယ်၍ ဤအာမခံပေးသည့်စည်းမျဉ်းများကို ချမရေးထားပါက (သို့မဟုတ်)

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

တရားဝင်ထုတ်ဖော်ပြထားခြင်းမရှိပါက အမျိုးသမီးများသည် အာဏာစက်ဝိုင်းအတွင်းသို့ ထိုးထွင်းဝင်ရောက်ရန်အတွက် မဟာဗျူဟာများကို ဖန်တီးရာတွင် ပိုမိုခက်ခဲမည်ဖြစ်သည်။ ထို့ပြင် ဤအာမခံပေးသည့် စည်းမျဉ်းများကို နားလည်သဘောမပေါက်ပါက ပါတီတာဝန်ခံမှုကို လက်ဆုပ်လက်ကိုင်ပြရန်အတွက်လည်း ပိုမိုခက်ခဲနိုင်ပါသည်။ အကယ်၍ ပါတီအတွင်းပိုင်း ဖွဲ့စည်းပုံအားနည်းပါက (သို့မဟုတ်) အဖွဲ့ဝင် စုစည်းမှုအတွက် စည်းမျဉ်းများသည် မရှင်းလင်းပါက ဆုံးဖြတ်ချက်များကို အရေးအတွက် နည်းပါးသည့် အထက်တန်းလူတန်းစားများ အထူးသဖြင့် ယောကျ်ားများမှ ချမှတ်လိမ့်မည်ဖြစ်သည်။

မကြာသေးမီ နှစ်အနည်းငယ်အတွင်း အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာရန်အတွက် ရွေးကောက်ပွဲဆိုင်ရာကြိုတင်အရေအတွက်သတ်မှတ်ထားခြင်းသည် လူကြိုက်များသော မူဝါဒ တိုင်းတာမှုဖြစ်လာသည်။ ကြိုတင်အရေအတွက်သတ်မှတ်ထားခြင်းဆိုသည်မှာ အမျိုးသမီးများကဲ့သို့သော မဲဆန္ဒရှင်အုပ်စုအရေအတွက်များသည် ကိုယ်စားပြုထားသည့် အင်စတီကျူရှင်းများ (အဖွဲ့များ)တွင် ကိုယ်စားလှယ်များအဖြစ်သော်လည်းကောင်း၊ ရွေးကောက်ခံသူများအဖြစ်လည်းကောင်း (သို့မဟုတ်) ရွေးကောက်ခံရသော အရာရှိများအဖြစ်လည်းကောင်း သတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်၌ ပါဝင်ရမည်ကို အာမခံပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ နိုင်ငံရေးဆိုင်ရာရုံးများအတွက် တိကျသည့်အရေအတွက်ရှိသည့် ရွေးကောက်ခံမည့်သူများသည် အမျိုးသမီးများဖြစ်ရမည်ကို သေချာစေရန်အတွက် နိုင်ငံပေါင်း (၅၀) ကျော်သည် ရွေးကောက်ခံအမျိုးသမီး ကြိုတင်အရေအတွက်သတ်မှတ်မှုများနှင့်ပတ်သက်၍ ဥပဒေပြုခြင်းကို ချမှတ်ပြီးဖြစ်သည်။ နောက်ထပ် နိုင်ငံပေါင်း (၃၀) ကျော်တွင် ရာနှင့်ချီသော နိုင်ငံရေးပါတီများသည် အမျိုးသမီးများအတွက် ၎င်းတို့၏ ကိုင်ပိုင် ကြိုတင်အရေအတွက်သတ်မှတ်ခြင်းကို ချမှတ်ပြီးဖြစ်သည်။ သို့သော် အမျိုးသမီးများအား ပါတီစာရင်းတွင် အနိုင်ရနိုင်သည့်နေရာများ၌ ထားရှိမှသာလျှင် (သို့မဟုတ်) ကြိုတင်အရေအတွက် သတ်မှတ်ခြင်းကို မလေးမစားလုပ်မှုကို တားမြစ်ကန့်သတ်ထားခြင်း ပါဝင်မှသာလျှင် ဝင်ရောက်ယှဉ်ပြိုင်သူကြိုတင်အရေအတွက်သတ်မှတ်ခြင်းသည် အောင်မြင်မည်ဖြစ်သည်။

နိုင်ငံရေးပါတီများသည် ရွေးကောက်ခံမည့်သူများရှာဖွေစုဆောင်းသည့်ဖြစ်စဉ်တွင် ကျား/မတန်းတူညီမျှမှုကို လုပ်ဆောင်နိုင်သည့် အချက်များတွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။

> **"နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး ရည်မှန်းချက်သည် နိုင်ငံရေးတွင် ယောကျ်ားများ ပိုမိုနည်းသွားမည်မဟုတ်ပါ။ သို့သော် အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင်လာခြင်းသည် အားလုံးအတွက် ပို၍ တန်းတူညီမျှသော လူမှုအသိုင်းတစ်ခုကို ဖြစ်ပေါ်စေသည်။"**

- ရွေးကောက်ခံမည့်သူများ ကြိုတင်အရေအတွက်သတ်မှတ်ခြင်း အတွက် ပါတီအထောက်အပံ့ကို လှုံ့ဆော်ခြင်း နှင့် ဤကြိုတင်အရေအတွက် သတ်မှတ်မှုများကို ပါတီရှိ ပြဌာန်းထားသော ဥပဒေအဖြစ် ပေါင်းစပ်လုပ်ဆောင်ခြင်း။

- ရွေးကောက်ခံအမျိုးသမီးများကို အနိုင်ရမည့်နေရာများတွင် ထားရှိခြင်းနှင့် ၎င်းအားအကောင်အထည်ဖော်ဆောင်မှုကို သေချာစေခြင်း။

- ကြိုတင်အရေအတွက်သတ်မှတ်ခြင်း၏ အကောင်အထည်ဖော်မှုကို ကြီးကြပ်နိုင်ရန် လူထုအခြေပြု အဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ဆောင်ခြင်း။

- ယောကျ်ားများသည် ဤကဲ့သို့သော ကြိုတင်အရေအတွက်သတ်မှတ်သည့် မူဝါဒများအတွက် ပါတီအတွင်းပိုင်းအထောက်အပံ့ကို တည်ဆောက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်သောကြောင့် ယောကျ်ားများနှင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့မှုများ လုပ်ဆောင်ခြင်း။

- ရွေးကောက်ခံအမျိုးသမီးများ၏နေရာများကို တိုးချဲ့ခြင်းနှင့် ၄င်းရွေးကောက်ခံမည့်သူများအား သင်တန်းပေးခြင်း။

- နှစ်ဦးနှစ်ဘက် ဆက်ဆံရေးကို အားပေးအားမြှောက်ပြုခြင်းနှင့် နိုင်ငံတွင်း၊ဒေသတွင်းတစ်လျှောက်လုံးတွင် အတွေ့အကြုံများကို မျှဝေခြင်း။

အမျိုးသမီးများ နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ရန် အဓိက အတားအဆီးများထဲမှ တစ်ခုမှာ ငွေကြေးရံပုံငွေ ပြတ်လတ်မှုများကြောင့်ဖြစ်သည်ဟု နိုင်ငံရေးလောကရှိ အမျိုးသမီးများက မကြာခဏဆိုသလို ထုတ်ဖော်ပြောဆိုကြသည်။ အမျိုးသမီးများသည် စည်းရုံးလုပ်ဆောင်ရန်အတွက် လိုအပ်သော ရံပုံငွေများကို ရရှိရန် ရုံးကန်ရရုံသာမက ၄င်းအမျိုးသမီးများသည် ၄င်းတို့၏ နိုင်ငံရေးပါတီများမှ အလွန်နည်းပါးသော ငွေကြေးအထောက်အပံ့ (သို့မဟုတ်) ငွေကြေးအထောက်အပံ့လုံးဝ မရရှိမှုများနှင့် ရင်ဆိုင်ကြရသည်။ အမျိုးသမီးများအနေဖြင့် ရွေးကောက်ခံရုံးအတွက် စည်းရုံးလုပ်ဆောင်မှုတစ်ခု ပြုလုပ်ရန် လိုအပ်သော ရံပုံငွေအတွက် အစောပိုင်းတွင်ပိုက်ဆံရရှိရန် အခက်အခဲရှိသည်။ နိုင်ငံရေးပါတီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် အမျိုးသမီးများ နိုင်ငံရေးစည်းရုံးလုပ်ဆောင်မှုအတွက် လိုအပ်သော ရံပုံငွေများကို ရရှိရန် လုပ်ဆောင်နိုင်သောလုပ်ဆောင်ချက်များတွင် အောက်ပါအချက်အလက်များ ပါဝင်သည်။ ၄င်းတို့မှာ ရံပုံငွေမြှင့်တင်ခြင်း ကွန်ယက်များ တည်ထောင်ခြင်းဖြစ်သည်။ အထူးသဖြင့် ၄င်းရံပုံငွေမြှင့်တင်ရေး ကွန်ယက်များ တည်ထောင်ခြင်းသည် အများပြည်သူများ ရံပုံငွေထောက်ပံ့ခြင်းမရှိသည့်အခါ အလွန်အရေးပါသည်။ ရွေးကောက်ခံမည့်သူများသည် ရွေးဝင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပုဂ္ဂလိက ရန်ပုံငွေများ မြှင့်တင်ရသည်။ ရွေးကောက်ခံအမျိုးသမီးများကို ထောက်ပံ့ရန် ပါတီတွင်း ရံပုံငွေမြှင့်တင်ခြင်း၊ ရွေးကောက်ခံအမျိုးသမီးများအား ငွေကြေးအထောက်အပံ့ပေးခြင်း၊ အမည်တင်သွင်းခြင်းနှင့် စည်းရုံးလုပ်ဆောင်မှုကုန်ကျစရိတ်ကို ကန့်သတ်ခြင်း၊ နိုင်ငံရေးပါတီများအား

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အများပြည်သူရံပုံငွေထောက်ပံ့ခြင်း၊ အထူးသဖြင့် အမျိုးသမီးများ၏နိုင်ငံရေးဆိုင်ရာအရည်အသွေးမြှင့်တင်ရေးကို ဖော်ထုတ်ရန်အတွက် နိုင်ငံရေးပါတီများအား အားပေးအားမြှောက်ပြုမှုကို လုပ်ဆောင်သောအခါ အများပြည်သူရံပုံငွေထောက်ပံ့ခြင်း၊ ရွေးကောက်ခံအမျိုးသမီးများအား သင်တန်းပေးရန်အတွက် ရံပုံငွေထားရှိခြင်း၊ ရွေးကောက်ခံအမျိုးသမီးများနှင့် အမျိုးသမီးများ၏ ပြဿနာများကို အထောက်အပံ့ပေးရန် ပါတီ၏ ရံပုံငွေများအား မည်သို့အသုံးပြုသည်ကို စစ်ဆေးခြင်းတို့ ဖြစ်ကြပါသည်။

ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ၎င်းတို့၏ မဲဆန္ဒနယ်များနှင့် ဆက်သွယ်ရန်နှင့် စည်းရုံးလုပ်ဆောင်မှုများအတွက် ထိရောက်သော နည်းလမ်းများကို သိရှိနားလည်ရန်လိုအပ်သည်။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးနှင့် လူမှုအသိုင်းအဝိုင်းအားလုံးအတွက် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ရန် အရေးပါမှု နှင့်ပတ်သက်၍ မဲပေးသူများအား ပညာပေးနိုင်သည်။

- ရွေးကောက်ခံအမျိုးသမီးများအား ရံပုံငွေမြှင့်တင်မှု၊ သတင်းတိုးမြှင့်မှု၊ သတင်းမီဒီယာနှင့် ဆက်သွယ်မှု၊ မဲပေးသူများနှင့် ဆက်သွယ်မှု စွမ်းရည်များနှင့်ပတ်သက်၍ သင်တန်းများ ထောက်ပံ့ပေးခြင်း။

- အမျိုးသမီးများအား စည်းရုံးလုပ်ဆောင်ခေါင်းဆောင်မှုရာထူးနေရာအတွက် သင်တန်းပေးခြင်းနှင့် မြှင့်တင်ခြင်း (ဥပမာ - စည်းရုံးလုပ်ဆောင်ခြင်း စီမံခန့်ခွဲမှု၊ မဲပေးသူများနှင့် ဆက်သွယ်မှု)

- နောက်ထပ်လိုအပ်သော သတင်းမီဒီယာထိတွေ့မှုကို ထောက်ပံ့ပေးခြင်းဖြင့် စည်းရုံးလုပ်ဆောင်မှုတွင် အမျိုးသမီးများ၏ ပေါ်ထွက်ထင်ဟပ်လာမှုကို သေချာစေခြင်း။

- ပါတီအတွက်အမျိုးသမီးများ၏ မဲများကို ပိုမိုရရှိရန်အတွက် ဆွဲဆောင်ရန် ပါတီတွင် အမျိုးသမီးများအတွက် အဓိကကျသော ရာထူးများကို ဖြန့်ဝေခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း။

- အထူးသဖြင့် အမျိုးသမီးများသီးသန့်အတွက် ထားရှိသော မဲရုံများတွင် အမျိုးသမီးများအား မဲရုံ၌ ပါတီကိုယ်စားအဖြစ်တည်ရှိနေစေရန် စည်းလုံးခြင်းပါဝင်သည့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှုများ။

- အမျိုးသမီးများ၏ မဲများအရေးပါမှုနှင့် လူမှုအသိုင်းအဝိုင်း၏ တန်းတူညီမျှသော အရေးအတွက်အဖြစ် အမျိုးသမီးများ၏ မဲပေးရန်အခွင့်အရေးကို ထင်ပေါ်စေသည့် တိကျသော သတင်းများကို မဲပေးသူများအား သတင်းအချက်အလက်များပေးခြင်း။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ရွေးကောက်ပွဲပြီးဆုံးသွားသည့်တိုင် နိုင်ငံရေးတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုရာတွင် နိုင်ငံရေးပါတီများသည် အရေးပါသော ကဏ္ဍ၌ ဆက်လက်တည်ရှိနေသည်။ အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏စွမ်းရည်မြှင့်တင်မှုနှင့် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ရန် ရွေးကောက်ပွဲလွန်ကာတွင် ပါတီများလုပ်ဆောင်နိုင်သော အရာများမှာ -

- အမျိုးသမီးများအား တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အားနည်းအောင်လုပ်သည့်၊ ဖယ်ရှားသည့် စည်းမျဉ်းများ (သို့မဟုတ်) အလေ့အကျင့်များကို ဖယ်ရှားသုတ်သင်ရှင်းလင်းရန်ရည်ရွယ်ချက်ဖြင့် ပါတီတွင်း ကျား/မတန်းတူညီမျှမှုအဆင့်၏ ဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း။

- လွှတ်တော်အမတ်များအား ၎င်းတို့၏ မိသားစုဝင်များနှင့် အတူတကွ အဖော်ပြုနိုင်ရန် လွှတ်တော် ပြက္ခဒိန်နှင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်များအား ပြောင်းလဲခြင်း ကဲ့သို့သော နိုင်ငံရေးအဆောက်အဦများတွင် ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိအမြင်များအား ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ခြင်း။

- ကျား/မကိုအခြေခံသည့် အကြမ်းဖက်မှုကို တိုက်ခိုက်ခြင်း၊ သားဖွားခွင့်ပြဿနာများကို တိုက်ခိုက်ခြင်းကဲ့သို့သော ကျား/မဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲမှုကို ထောက်ပံ့ပေးခြင်းအားဖြင့် (သို့မဟုတ်) တရားမျှတမှု၊ ကျမ်းမာရေး၊ နိုင်ငံသား၊ အလုပ်သမား၊ လယ်ယာမြေအခွင့်အရေး၊ အမျိုးသား လုံခြုံရေး နှင့် အမွေဆက်ခံပိုင်ခွင့်စသည် တို့ကို ရရှိနိုင်သည့် နေရာများတွင် ကျား/မတန်းတူညီမျှမှုကို မြှင့်တင်ခြင်းအားဖြင့် ပါတီ၏ မူဝါဒများတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှု နှင့် ကျား/မဆိုင်ရာ အရေးပါမှုကို သေချာစေခြင်း။

- အမျိုးသမီးများနှင့် အမျိုးသမီးလွှတ်တော်အမတ်အများကြား ကွန်ယက်များကို ထောက်ပံ့ပေးခြင်းဖြင့် အမျိုးသမီးများ၏ စိတ်ဝင်စားမှုများနှင့် စိုးရိမ်ပူပန်မှုများကို သိရှိနိုင်သည့် တူးပြောင်းတစ်ခု ဖြစ်ပေါ်လာစေ၍ မူဝါဒတိုးမြှင့်လုပ်ဆောင်ခြင်းနှင့် အစိုးရ ကဏ္ဍများတွင် ကျား/ဆိုင်ရာ ကိစ္စရပ်များကို အဓိကကျလာစေရန် ကူညီပေးသည်။

- လွှတ်တော်အဖွဲ့အတွင်း (ဥပမာ - ဥက္ကဌအဖွဲ့) နှင့် လွှတ်တော် ကော်မတီများအတွင်း ရွေးကောက်ခံအမျိုးသမီးများအား နိုင်ငံရေးအဆောက်အဦများတွင် ခေါင်းဆောင်မှု ကဏ္ဍ၌ ထားရှိခြင်းကို သေချာစေခြင်း။

- လူထုအခြေပြုအဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသည့် မဟာမိတ်ဖွဲ့ခြင်း။

အထက်ပါအကြံပြုချက်များသည် အလုံးစုံပြီးပြည့်စုံသည့် အချက်များမဟုတ်ပါ။ ၎င်းအကြံပြုချက်များကို အကောင်းဆုံးသော အလေ့အကျင့်များပေါ်တွင်အခြေခံ၍ လမ်းညွှန်မှုအဖြစ် ဖော်ပြထားခြင်းသာဖြစ်ပါသည်။ အမျိုးသမီးများအား နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုရန် လုပ်ဆောင်သောအခါ (သို့မဟုတ်) ကျား/မ တန်းတူညီမျှမှုကို ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ချင်သောအခါ အမျိုးသားများ ပါဝင်ရန် အလွန်အရေးကြီးသည်။ ပြောင်းလဲမှုကို ကြာရှည်တည်တံ့စေရန်အတွက် အမျိုးသားများသည် မရှိမဖြစ်လိုအပ်သော မိတ်ဖက်များဖြစ်ကြသည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးပန်းတိုင်သည် နိုင်ငံရေးတွင် အမျိုးသားများ ပိုမိုနည်းသွားမည်မဟုတ်ပါ။ သို့သော် လူသားအားလုံးအတွက် ပိုမိုတန်းတူညီမျှသော လူမှုအသိုင်းအဝိုင်းတစ်ခု ဖြစ်ကို ဖြစ်ပေါ်စေပါသည်။

ဤစာအုပ်၏ အပိုင်း (ခ) ကို အပိုင်း (က)တွင် လျှာထားခဲ့သည့် ကောင်းမွန်သော အလေ့အကျင့်များမှ ဖြစ်ရပ်လေ့လာမှုပေါင်း ၂၀ ကျော်ဖြင့် ဖွဲ့စည်းထားပါသည်။ ယေဘုယျအားဖြင့် ဖြစ်ရပ်လေ့လာမှုများသည် အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ထားသည့် ခိုင်မာသော ဖြစ်ရပ်များကို လုပ်ဆောင်နေသော နိုင်ငံတစ်ခုစီရှိ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ (သို့မဟုတ်) တခြားပါဝင်ပတ်သက်သူများ ကို ပစ်မှတ်ထားပါသည်။ ပါတီတစ်ခု၏ မူဝါဒများသည် အဘယ့်ကြောင့် ရွေးချယ်ခံရသည်၊ ထိုမူဝါဒများကို မည်သို့ အကောင်အထည်ဖော်သည်၊ ပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို ပုံဖော်ရန် မည်သို့ ကြိုးစားအားထုတ်သည် ဆိုသည့်အချက်များနှင့် ပတ်သက်၍ ဖြစ်ရပ်လေ့လာမှုများသည် နောက်ခံသမိုင်းကြောင်းများကို ဖော်ပြပေးသည်။ ဖြစ်ရပ်လေ့လာမှုတစ်ခုစီတိုင်းသည် ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာများအား မြှင့်တင်ရာတွင် နိုင်ငံရေးပါတီများအား ကူညီပေးရန်နှင့် နိုင်ငံရေးပါတီထောက်ပံ့သူများအား ကူညီပေးမှုရန်အတွက် ကောင်းမွန်သော အလေ့အကျင့်များ (သို့မဟုတ်) သင်ခန်းစာများလေ့လာမှုများဖြင့် ကမ်းလှမ်းရန်ဖြစ်ပါသည်။ အပိုင်း (က) တွင် အသုံးပြုခဲ့သော ဥပမာအများစုကို ယခု အပိုင်း (ခ) တွင် ပါဝင်သော ဖြစ်ရပ်လေ့လာမှုများမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ အပိုင်း (က)တွင် ပါဝင်ဖော်ပြခဲ့သည့် *အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ကောင်းမွန်သော အလေ့အကျင့်များ* ခေါင်းစဉ်ဖြင့် ၂၀၁၁ အောက်တိုဘာလ အစောပိုင်းတွင် ပိုမိုတိုတောင်း၍ သီးခြားထုတ်ဝေထားသည့် စာအုပ်ကို ယခုတွင် ဘာသာစကား (၅)မျိုးဖြင့် ထုတ်ဝေပြီးဖြစ်ပါသည်။

## အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ စွမ်းအားမြှင့်တင်မှု - ဒီမိုကရက်တစ် အရေးပါမှု



ဒီမိုကရက်တစ် အုပ်ချုပ်မှုကို မြှင့်တင်ရာတွင် အားလုံးပါဝင်၍ တုံ့ပြန်မှုရှိသော နိုင်ငံရေးဖြစ်စဉ်ကို ဖန်တီးတည်တံ့စေရန်လိုအပ်ပြီး အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုကို တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်သည်။ နိုင်ငံရေးတွင် အမျိုးသမီးများ၏ အမြင်များပါဝင်မှုနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုအတွက် အလွန်လိုအပ်သည်။

နိုင်ငံရေးပါတီများသည် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို အကျိုးသက်ရောက်စေသည့် အရေးအပါဆုံးသော အင်စတီကျူရှင်းများဖြစ်ကြသည်။ နိုင်ငံအများစုတွင် ပါတီများသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများ စည်းရုံးရွေးချယ်မှုနှင့်ပတ်သက်၍ တာဝန်ရှိပြီး မည်သည့်ပြဿနာများကို မူဝါဒဆိုင်ရာ ဆွေးနွေးမှုအဖြစ် ထားရှိမည်ကို ဆုံးဖြတ်သည်။ အမျိုးသမီးများ နိုင်ငံရေးပါတီများတွင် မည်သို့ ပူးပေါင်းပါဝင်ဆောင်ရွက်သည် - (သို့မဟုတ်) နိုင်ငံရေးပါတီများသည် အမျိုးသမီးများ၏ ပါဝင်လာမှုကို မည်သို့ အားပေးအားမြှောက်ပြုသည်ဆိုသောအချက်သည် နိုင်ငံရေးဆိုင်ရာ စွမ်းအားမြှင့်တင်မှုအတွက် ၎င်းတို့မျှော်လင့်ချက်၏ အဓိက ဆုံးဖြတ်ချက်ဖြစ်သည်။ အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ စွမ်းအားမြှင့်တင်မှုတွင် နိုင်ငံရေးပါတီများ၏ လွှမ်းမိုးနိုင်မှုတို့ကြောင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ နှင့် ဖွံ့ဖြိုးတိုးတက်မှုတွက် အထောက်အပံ့အကူအညီပေးသူများသည် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ၎င်းတို့၏ ပစ်မှတ်အဖြစ် သဘောထားကြသည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

တစ်ကမ္ဘာလုံးတွင် အမျိုးသမီးများသည် နိုင်ငံရေးနှင့်တရားဥပဒေပြုရေးကို အဆုံးအဖြတ်ပေးသော အုပ်ချုပ်မှုဖွဲ့စည်းပုံမှ ဘေးတွင် ကျန်ရှိနေသည်။ ကမ္ဘာ့လွှတ်တော်အသီးသီးတွင် အမျိုးသမီးများသည် ၂၀၀၅ ခုနှစ်တွင် ထိုင်ခုံနေရာပေါင်း ၁၅% မှ ၁၉%ခန့်ပိုင်ဆိုင်ထားသည်။ အမျိုးသမီး ဝန်ကြီးများသည် အလွန်နည်းပါး၍ ပျမ်းမျှ ၁၆% သာရှိသည်။ ပြည်နယ် နှင့် အစိုးရ၏ အမျိုးသမီးခေါင်းဆောင်များသည် ပိုမိုနည်းပါးလာ၍ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပိုမို ကျဆင်းလာသည်။ ထိုအမျိုးသမီးခေါင်းဆောင်အရေအတွက်သည် ၂၀၁၁ နှစ်တွင် ၅%အောက်တွင် ရှိသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းမှ ခွဲခြားမှုအား ဖယ်ရှားရန်နှင့် အမျိုးသမီးများအား စွမ်းအားမြှင့်တင်ရန် ဆယ်စုနှစ်ပေါင်း ၃ ခုကြာ အားထုတ်သည့်တိုင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုသည် နည်းပါးသော အရည်အတွက်တွင်သာ ဆက်လက်တည်ရှိနေသည်။ ၂၀၀၀ ခုနှစ်တွင် အမျိုးသမီးများ စွမ်းအားမြှင့်တင်ခြင်းကို ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုများထဲမှ တစ်ခုအဖြစ် ပါဝင်လာစေခြင်းအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂက ဖွံ့ဖြိုးတိုးတက်မှုတွင် အမျိုးသမီးများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုသည်။ သို့သော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုကဏ္ဍတွင် အမျိုးသမီးများ ၃၀% ပါဝင်ရမည်ဆိုသည့် ရည်ရွယ်ချက်ကို ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံဒေသမှ မအောင်မြင်နိုင်သေးပါ။ ဤနယ်ပယ်တွင် အချို့သော သိသာသည့် ချွင်းချက်များနှင့် အလေ့အထကောင်းများမှာ ထင်ရှားသော်လည်း အမျိုးသမီးများသည် အမတ်လောင်းများအဖြစ် ပြည့်ပြည့်ဝဝ တန်းတူပါဝင်ဆောင်ရွက်ရာတွင် များစွာသော အဟန့်အတားများ ကျန်ရှိနေသေးသည်။

ကျား/မဆိုင်ရာ ကဏ္ဍများကို ဘောင်သွင်းခြင်း နှင့် ဖက်လိုက်မှုများသည် ကမ္ဘာ့အရပ်ရပ်ရှိနိုင်ငံများအားလုံးတွင် အတိုင်းအတာတစ်ခုထိ ပျံ့နှံ့သွား၍ လူမှုရေး၊ စီးပွားရေး နှင့် နိုင်ငံရေးလောကများထိ အကျိုးသက်ရောက်မှုရှိသည်။ နိုင်ငံအများအပြားတွင် အမျိုးသမီးများကို ယောကျ်ားများနှင့် တန်းတူ ယှဉ်ပြိုင်မှု၊ အပြင်လောက အထိတွေ့ဆက်ဆံမှုတို့တွင် အားနည်းစေ၍ အမျိုးသမီးများအား ဆုံးဖြတ်ချက်မချမှတ်ရသော နေရာများ၊ ကလေးများနှင့် မိသားစုအား ဂရုစိုက်ရမည့်ပုဂ္ဂိုလ်အဖြစ် နှင့် အိမ်တွင်းသန့်ရှင်းရေးလုပ်ကိုင်သူအဖြစ် စသည့် အခန်းကဏ္ဍတွင် တာဝန်ပေးအပ်လေ့ရှိသည်။ နိုင်ငံရေးပါတီများ၏အထောက်အပံ့သည် အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အကျိုးတက်ရောက်မှုရှိသည့် တစ်ခုတည်းသော ကဏ္ဍတစ်ခုဖြစ်သည်။ များစွာသော ကျား/မဆိုင်ရာ ကဏ္ဍများနှင့် ဖက်လိုက်မှုများကြောင့် နိုင်ငံရေးလောကတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် အတားအဆီးများကို ကျော်ဖြတ်ရန်အတွက် ဤကဲ့သို့သော နိုင်ငံရေးပါတီများ၏ အထောက်အပံ့ကို လိုအပ်သည်။

သုတေသနတစ်ခုအရ လွှတ်တော်တွင် အမျိုးသမီးများ၏ အရေအတွက် မည်မျှရှိခြင်းသည် ကိစ္စတစ်ရပ်မဟုတ်ပါ။ အနည်းဆုံးအနေဖြင့် လွှတ်တော်တွင်အမျိုးသမီးများများရှိလေလေ လွှတ်တော်အနေဖြင့် အမျိုးသမီးများ၏ ပြဿနာများကို ပိုမိုဖြေရှင်းနိုင်ခြေရှိ၍ လွှတ်တော်တွင် ကျား/မဆိုင်ရာခွဲခြားမှုပြဿနာများကို ပိုမိုပြောင်းလဲနိုင်ခြေရှိမည်ဖြစ်သည်။ လွှတ်တော်တွင် အမျိုးသမီးအရေအတွက်များများရှိခြင်းသည် နိုင်ငံရေး

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

စကားရည်လုပြိုင်းခုံခြင်းများ၏ သဘောသဘာဝတွင် ကြီးမားသော အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ အကယ်၍ လွှတ်တော်နှင့် တခြားဆုံးဖြတ်ချက်ချသည့် ကဏ္ဍများတွင် အမျိုးသမီးများ၏ အရေအတွက်ကို အလွန်ကန့်သတ်ထားပါက ပါတီများအနေဖြင့် အုပ်ချုပ်ရေးပိုင်းတွင် ကျား/မတန်းတူညီမျှမှုကို ဖြစ်ပေါ်စေရန်အတွက် လုပ်ဆောင်ရန်လိုအပ်သည်။

နိုင်ငံရေးပါတီများသည် မည်သည့်ပြဿနာများသည် နိုင်ငံရေးအရ အရေးပါသည်ကို ဆုံးဖြတ်ရာတွင် လွှမ်းမိုးမှုရှိသည်။ အဘယ့်အကြောင့်ဆိုသော် နိုင်ငံရေးပါတီများသည် မူဝါဒများကို ချမှတ်၍ အုပ်ချုပ်ရေးဆိုင်ရာ အရေးပါမှုကို ချမှတ်သည်။ ထို့ကြောင့် နိုင်ငံရေးပါတီများကို အမျိုးသမီးများ၏ ပြဿနာများကို ဖြေရှင်းဖော်ထုတ်ရန်အတွက် မဟာဗျူဟာအရ အရေးပါသောနေရာတွင် ထားရှိသည်။ လက်တွေ့ဖြစ်ရပ်တွင်မူ နိုင်ငံရေးပါတီများသည် အုပ်ချုပ်ရေး နှင့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် ကျား/မဆိုင်ရာပြဿနာများကို ဖြေရှင်းဖော်ထုတ်ရာ၌ ရောထွေးနေတတ်သည်။ ယခုလက်ရှိ တည်ရှိနေသော အလေ့အကျင့်များကို ကောင်းမွန်စွာ ပြဌာန်းထားခြင်း မရှိသကဲ့သို့ မှတ်တမ်းတင်ထားခြင်းလည်း မရှိပါ။ ဤလမ်းညွှန်စာအုပ်သည် ဤကွာဟမှုကို ထုတ်ဖော်ဖြေရှင်းရန်အတွက် ရည်ရွယ်ပါသည်။

**လွှတ်တော်တွင် အမျိုးသမီးအရေအတွက်များများရှိခြင်းသည် နိုင်ငံရေး စကားရည်လုပြိုင်းခုံခြင်းများ၏ သဘောသဘာဝတွင် ကြီးမားသော အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။**



## ရည်ရွယ်ချက်

အပိုင်း (က) - ကောင်းမွန်သော အလေ့အကျင့်များ၏ အကျဉ်းချုပ် - နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ များပြားလာမှုနှင့် လွှမ်းမိုးမှုတို့ကို မြှင့်တင်ရန် လုပ်ဆောင်နိုင်သည့် အသေးစိတ်လုပ်ဆောင်ချက်များကို ခွဲခြမ်းစိတ်ဖြာထားပါသည်။ ကောင်းမွန်သောအလေ့အကျင့်များ အကျဉ်းချုပ်တွင် ပါဝင်ပတ်သက်လုပ်ဆောင်နေသူများအတွက် စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရာတွင်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ကောင်းမွန်သော အလေ့အကျင့်များကို မျှဝေပေး၍ ဝေဘူယျ သဘောတရားအချို့ကို ဖော်ပြပေးထားပါသည်။ ဤအကျဉ်းချုပ်တွင် သီခြား ဖော်မြူလာများကို မဖော်ပြထားပါ။ သို့သော် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် တစ်ကမ္ဘာလုံးရှိ နိုင်ငံရေးပါတီများ အကောင်အထည်ဖော်ပြီးဖြစ်သည့် မဟာဗျူဟာများမှ ရွေးချယ်မှုအချို့ကို ဖော်ပြပေးထားခြင်းဖြစ်ပါသည်။ အပိုင်း (ခ) - ဖြစ်ရပ်လေ့လာချက်များတွင် တိကျသည့် နိုင်ငံများအတွင်း ပါဝင်ပတ်သက်လုပ်ဆောင်နေသူများ၏ လုပ်ဆောင်ချက်များ၊ ဥပမာများကို အသေးစိတ် ဖော်ပြပေးထားပါသည်။

ခွဲခြမ်းစိတ်ဖြာထားသော ဖြစ်ရပ်လေ့လာချက်များကို နိုင်ငံရေးပါတီများအား လမ်းညွှန်မှုအဖြစ် ထောက်ပံ့ပေးရန် အခြေခံအားဖြင့် စီစဉ်ရေးဆွဲထားခြင်းဖြစ်သည်ပြီး နိုင်ငံရေးပါတီများအား အထောက်အပံ့ပေးရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပါတီဖောင်ဒေးရှင်းများ နှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးသူများ၏ အစီအစဉ်ရေးဆွဲမှု နှင့် လုပ်ဆောင်ချက်များအတွက် အတွေးအမြင်သစ်များ ထောက်ပံ့ပေးရန်လည်း ရည်ရွယ်ထားပါသည်။ ဖြစ်ရပ်လေ့လာမှုတစ်ခုစီတိုင်းသည် ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာများကို ရေးဆွဲမြှင့်တင်ရာတွင် နိုင်ငံရေးပါတီများ နှင့် ပါတီကူညီထောက်ပံ့သူများအား ကူညီထောက်ပံ့နိုင်ရန် သင်ခန်းစာများနှင့် ကောင်းမွန်သော အလေ့အကျင့်များကို ဖော်ပြပေးသည်။

ဤလမ်းညွှန်စာအုပ်တွင် အလားအလာရှိသောကြားဝင်လုပ်ဆောင်မှု (potential intervention) အဘယ့်ကြောင့်အရေးပါသည်ကို အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်။ သို့သော် အလားအလာရှိသော ကြားဝင်လုပ်ဆောင်မှုကို မည်ကဲ့သို့ အကောင်အထည်ဖော်သင့်သည် ဆိုသည်ကို မလိုအပ်ပဲ မဖော်ပြပေးထားပါ။ ဤလက်စွဲစာအုပ်အား ဖတ်ရှုရန်ရည်ရွယ်သည့် ပရိတ်သတ်များ များစွာရှိသောကြောင့် ဤမဟာဗျူဟာများအား မည်သို့ လက်တွေ့အကောင်အထည်ဖော်မည်ဆိုသည်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များမှာ သက်ဆိုင်သည့် ပါဝင်ပတ်သက်သူများကသာ အကောင်းဆုံး အသုံးပြုနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ အဖွဲ့က ထောက်ပံ့ထားသော အစီအစဉ်ရေးဆွဲခြင်း အထောက်အပံ့သည် ပါတီအဖွဲ့အစည်းများ (သို့မဟုတ်) နိုင်ငံရေးပါတီများမှ တိုက်ရိုက် အကောင်အထည်ဖော်နိုင်သော လုပ်ဆောင်ချက်များနှင့် အနည်းငယ် ခြားနားမှုရှိပါသည်။

ထို့ကြောင့် ဤလမ်းညွှန်စာအုပ်ကို ပါဝင်ပတ်သက်လုပ်ဆောင်သူများအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် တန်းတူညီမျှစွာ အသုံးပြုနိုင်သည့် လမ်းညွှန်အဖြစ် အသုံးပြုရန် ရည်ရွယ်ထားပါသည်။ ထို့ကြောင့် ဤလက်လက်စွဲစာအုပ်အား ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများ ညီတူညီမျှ အသုံးစေရန် အရင်းအမြစ်တစ်ခုအဖြစ်ရည်ရွယ်ပါသည်။ ဤစာအုပါ ပုဂ္ဂိုလ်များ၊ ပါတီများ (သို့မဟုတ်) အဖွဲ့အစည်းများ နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြမှုများသည် စာရေးသူများ (သို့မဟုတ်) UNDP (သို့မဟုတ်) NDI တို့က တရားဝင်သတ်မှတ်သည်ဟု ကိုယ်စားမပြုပေ။ သုတေသီများ စိတ်ပါဝင်စားလာသော နည်းဗျူဟာဥပမာများအဖြစ် မီးမောင်းထိုးပြရန်ရည်ရွယ်ပါသည်။

## နည်းလမ်း


အပိုင်း (က)တွင် တင်ဆက်ခဲ့သည် မဟာနည်းဗျူဟာများကို ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း UNDP က ထောက်ပံ့ခဲ့ပြီး NDI က ပြုလုပ်ခဲ့သည့် ဖြစ်ရပ်လေ့လာမှုပေါင်း ၂၀ ကျော်မှ ကောက်နုတ်ထားပါသည်။ ဤဖြစ်ရပ်လေ့လာမှုများကို ဤလမ်းညွှန်စာအုပ်၏ အပိုင်း (ခ) တွင် အက္ခရာအစဉ်လိုက် ဖော်ပြထားပါသည်။ သို့သော်လည်း ဤလမ်းညွှန်စာအုပ်တွင် ဖြစ်ရပ်လေ့လာမှုအားလုံးကို အသေးစိတ်ကျယ်ကျယ်ဝင့်ဝင့် ဖော်ပြရန် မရည်ရွယ်ပါ။ ဤလမ်းညွှန်စာအုပ်သည် UNDP ကထောက်ပံ့ခဲ့ပြီး NDI က ပြုလုပ်ခဲ့သည့် ဖြစ်ရပ်လေ့လာမှုများမှ အဓိက အလေ့အကျင့်များကိုသာ ဖော်ပြခြင်းဖြင့် ၎င်း၏ စက်ဝန်းကို တတ်နိုင်သမျှ ချုံ့ထားပါသည်။ ဤသုသေတန၏စက်ဝန်းအပြင်မှ အချို့ဥပမာများကို အဓိကအချက်များအား ဖော်ပြရန်အတွက် တင်ဆက်ထားပါသည်။

NDI ကပြုလုပ်ခဲ့သည့် ကနဦး သုတေသနတွင် ရုံးထိုင်သုတေသနအား လက်ရှိ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်ဟောင်းများ၊ နိုင်ငံရေးပါတီဝင် အမျိုးသမီးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းအဖွဲ့ဝင်များ စုစုပေါင်း (၆၄) ဦး အား အတွင်းတွင်းကျကျ လူတွေ့မေးမြန်းခြင်းနှင့် ပေါင်းစပ်ထားခြင်းဖြစ်ပြီး၊ ၎င်းလူတွေ့မေးမြန်းခြင်းကို ၂၀၀၉ ခုနှစ် မှ ၂၀၁၀ ခုနှစ် အတွင်း (၁၈) လကြာကာလတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ လူတွေ့မေးမြန်းခဲ့သော ပုဂ္ဂိုလ်များအား နိုင်ငံရေးဝါဒ အမျိုးမျိုးလက်ကိုင်ထားသည့် ပါတီများ၊ ပဋိပက္ခလွန် အနေအထား၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအနေအထားများ အပါအဝင် အခင်းအကျင်းအမျိုးမျိုးရှိ ဒေသစုံမှ ရွေးချယ်မေးမြန်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံရေးပါတီ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ အဓိကထားလုပ်ဆောင်နေသည့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ရွေးချယ်မေးမြန်းသည့် ဥပမာ သာဓကများလည်း အနည်းအကျင်းပါဝင်သည်။

ဖြစ်ရပ်လေ့လာမှုသုတေသန၏ ရည်ရွယ်ချက်မှာ နိုင်ငံတစ်ခုချင်းစီမှ နိုင်ငံရေးပါတီအားလုံးက လုပ်ဆောင်နေသည့် ရှေ့ဆောင်လုပ်ဆောင်မှုများအား ဆန်းစစ်ရန်မဟုတ်ပေ။ သို့သော် အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ ပါဝင်လာမှုအတွက် အထောက်အပံ့ပေးနိုင်သည့် အစိတ်အပိုင်းအဖြစ် များစွာသော လုပ်ဆောင်မှုသာဓကများကို ဖော်ပြရန်နှင့် ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ ပထဝီအနေအထား၊ ပါတီဝါဒ၊ နိုင်ငံရေးစနစ်အမျိုးအစားများ နှင့် ဗျူဟာများ ကဲ့သို့သော များစွာသောဥပမာများကို ပါဝင်နိုင်စေရန်အတွက် ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ပါသည်။ သို့သော်လည်း အချို့သောပါတီများအနေဖြင့် အမျိုးသမီးများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ကျား/မ တန်းတူညီမျှမှုတို့ကို မြှင့်တင်နိုင်မှုတို့နှင့်ပတ်သက်၍ ၎င်းတို့၏ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်ရာများတွင် ကွာဟအားနည်းချက်များ ရှိခဲ့ကြသည်။ အလယ်ဝါဒနှင့် အလယ်လက်ယာဝါဒမှာ အလယ်အလက်ယာဝါဒထက် ပိုမိုအားသာချိန်တွင် လက်ယာပါတီများကြား တက်တက်ကြွကြွတိုင်းတာသည့် ဥပမာများလည်းရှိသည်။ ၎င်းတို့တို ဤနေရာတွင် မီးမောင်းထိုးပြထားပါသည်။

## အပိုင်း (က)

ဤလမ်းညွှန်စာအုပ်၏ အပိုင်း (က)သည် အပိုင်း (ခ)တွင် အက္ခရာအစဉ်လိုက် စာရင်းပြုထားသည့် ဖြစ်ရပ်လေ့လာမှုများကိုအခြေခံထားသည့် အဓိကတွေ့ရှိချက်များအား ထည့်သွင်းဖော်ပြထားပါသည်။ အပိုင်း (က) ၏ လေ့လာတွေ့ရှိချက်များကို နိုင်ငံရေးပါတီများက လုပ်ဆောင်နိုင်သသည့် ယေဘူယျ လုပ်ဆောင်ချက်များစာရင်းကို ထောက်ပံ့ဖော်ပြပေးခြင်းထက် ရွေးကောက်ပွဲစက်ဝန်းမူဘောင် (electoral cycle framework) အရ ဖော်ပြထားပါသည်။ ဤလေ့လာတွေ့ရှိချက်များကို ရွေးကောက်ပွဲစက်ဝန်း၏ အချိန်အတိုင်းအတာ (သို့မဟုတ်) ကာလများကို အသုံးပြုခြင်းအားဖြင့် တိကျသော လုပ်ဆောင်ချက်များနှင့် အတူတကွ အုပ်စုဖွဲ့ပြုစုဖော်ပြထားပါသည်။ ဤကာလတစ်ခုချင်းစီတွင် အခြေအနေဆိုင်ရာ ခြုံငုံသုံးသပ်မှု (situational overview) ကို ဖော်ပြထားပြီး နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကို တိုးမြှင့်လုပ်ဆောင်နိုင်သည့် ဗျူဟာမြောက်အစပြုချက်များစွာကို တင်ဆက်ဖော်ပြထားပါသည်။ ရွေးကောက်ပွဲစက်ဝန်းကို အခြေခံထားသည့် အဓိက အစိတ်အပိုင်း (၄)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။




**၁။ ပါတီအဖွဲ့အစည်းအတွင်းပိုင်းအတွက် အခြေခံ မဟာဗျူဟာများ**

**၂။ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း မဟာဗျူဟာများ**

**၃။ ရွေးကောက်ပွဲကာလအတွင်း မဟာဗျူဟာများ**

**၄။ ရွေးကောက်ပွဲလွန်ပြီးကာလအတွင်း မဟာဗျူဟာများ**


ရွေးကောက်ပွဲစက်ဝန်းချဉ်းကပ်လမ်းတွင် အစိတ်အပိုင်းနှစ်ခုရှိပါသည်။ ၎င်းတို့မှာ အချိန်သတ်မှတ်ခြင်းနှင့် ပါဝင်ပတ်သက်သူများဖြစ်ကြပါသည်။ ပထမဆုံးအနေဖြင့် ၎င်းသည် နိုင်ငံတကာအထောက်အပံ့ ပံ့ပိုးကူညီသူများ နှင့် ပြည်တွင်း ပါဝင်ပတ်သက်သူများအား ဒီမိုကရေတစ်အုပ်ချုပ်မှုမူဘောင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းကို အကောင်အထည်ဖော်ရန် နှင့် ရေရှည်အစီအစဉ်ရေးဆွဲရန် အားပေးအားမြှောက်ပြုသည်။ ဒုတိယအနေဖြင့် ၎င်းသည် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများအပြင် ပါဝင်ပတ်သက်သူများကို တတ်နိုင်သလောက် ဖော်ပြပေးပါသည်။ ချဉ်းကပ်မှုကို အတွေးအမြင်တစ်ခုပေါ်တွင် အခြေခံထားပါသည်။ ၎င်းအတွေးအမြင်မှာ ရွေးကောက်ပွဲဆိုင်ရာ ထောက်ပံ့မှုသည် ရေရှည်ဖြစ်သင့်ပြီး အချိန်နှင့်တစ်ပြေးညီ နိုင်ငံတကာအထောက်အပံ့များကို လျှော့ချရန် နှင့် ပြည်တွင်း စွမ်းရည်ကို တိုးမြှင့်ရန်စသည့်အမြင်တစ်ခုဖြင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ အင်စတီကျူရှင်း နှင့် တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကဲ့သို့သော ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရန်ဆိုသည့် အမြင်တစ်ခုဖြစ်သည်။ ရွေးကောက်ပွဲစက်ဝန်းချဉ်းကပ်မှု၏ ကာလသတ်မှတ်မှုသည် ပိုမိုကျယ်ပြန့်သော ဒီမိုကရက်တစ် အုပ်ချုပ်ရေးအစီအစဉ်နှင့် လုပ်ဆောင်ခြင်းဖြင့် အရေးပါပါသည်။ ထိုကာလသတ်မှတ်မှုသည် ရွေးကောက်ပွဲကာအတောအတွင်း လုပ်ဆောင်ချက်များအပေါ်တွင်သာ အာရုံစိုက်လုပ်ဆောင်ခြင်းထက် လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာရာ နှင့် စီစဉ်ခြင်းတိုးမြှင့်လုပ်ဆောင်ရာတွင် ပိုမိုကောင်းမွန်စေမှုကို ဖြစ်ပေါ်စေသည်။

ဤစက်ဝန်းချဉ်းကပ်မှုသည် နိုင်ငံရေးပါတီများ နှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်မားမှုကို ပစ်မှတ်ထားသည့် မဟာဗျူဟာများကို ခွဲခြမ်းစိတ်ဖြာရာတွင် အလွန်အသုံးဝင်သည်။ ဤနေရာတွင် များစွာသောထောက်ပံ့မှုများကို ရွေးကောက်ပွဲမတိုင်မီကာလမှ ရွေးကောက်ပွဲကာလထိ အာရုံစိုက်ထားသည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် အမျိုးသမီးများအား စွမ်းရည်တည်ဆောက်ပေးခြင်း၊ ကြိုတင်အရေအတွက် ကန့်သတ်ထားသည့် ရွေးကောက်ပွဲနေရာများတွင် စည်းရုံးလှုံ့ဆော်ခြင်း နှင့် ကိုယ်စားပြုစည်းရုံးပြောဆိုခြင်း၊ သတင်းမြှင့်တင်မှုနှင့် စည်းရုံးမှု အထောက်အပံ့များ စသည်တို့ ပါဝင်သည်။

ဤကဲ့သို့သော ဝင်ရောက်လုပ်ဆောင်ပေးမှုများသည် အလွန်အရေးကြီး၍ ဆက်လက်လုပ်ဆောင်ရန်လည်း လိုအပ်သည်။ သို့သော် ရွေးကောက်ပွဲစက်ဝန်းချဉ်းကပ်မှုတွင် ထိုကဲ့သို့သော ရေတို ဝင်ရောက်လုပ်ဆောင်ပေးခြင်းများ လိုအပ်သည်။ သို့သော် ပိုမိုကျယ်ပြန့်သော ချဉ်းကပ်မှုများထဲမှ အစိတ်အပိုင်းတစ်ခုမှာ အစီအစဉ်ရေးဆွဲခြင်းဖြစ်သည်။ ၎င်းအစီအစဉ်ရေးဆွဲခြင်းသည် ရွေးကောက်ပွဲစက်ဝန်းထဲမှ အရှည်ဆုံးကာလတစ်ခုဖြစ်သည့် ရွေးကောက်ပွဲလွန်ကာကို ပစ်မှတ်ထား၍ ရွေးကောက်ပွဲ တစ်ခုနှင့် တစ်ခုကြား စွမ်းရည်မြှင့်တင်ခြင်း နှင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခြင်း၏ ဖြစ်နိုင်ခြေများအပေါ်တွင် ပစ်မှတ်ထားသည်။ ရွေးကောက်ပွဲစက်ဝန်းကို ရောက်ရှိနေသည့် နိုင်ငံတစ်နိုင်ငံသည် မည်သည့်အချိန်တွင်မဆို လိုအပ်လျှင် အချိန်နှင့် တစ်ပြေးညီ ဝင်ရောက်လုပ်ဆောင်ပေးမှုအမျိုးအစားအလိုက် အရေးပါပေလိမ့်မည်။

အချိန်သတ်မှတ်ခြင်းသည် အလွန်အရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မည့်သူများအား ရွေးချယ်ရာတွင် စစ်ဆေးဆန်းသပ်မှုများမရှိဘဲ ရွေးချယ်လိုက်လျှင် (သို့မဟုတ်) အမျိုးသမီးအနည်းငယ်ကို ရွေးကောက်ခံအဖြစ် အမည်တင်သွင်းလိုက်လျှင် ရွေးကောက်ပွဲတွင် နံပါတ်အရေအတွက်အားဖြင့် ကိုယ့်ရည်ရွယ်ချက်ပန်းတိုင်များကို ရရှိအောင်နိုင်လိမ့်မည် မဟုတ်ပါ။ ရွေးကောက်ပွဲကျင်းပမည့်နှစ်အတွင်း နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများ အမည်စာရင်းတင်သွင်းခြင်း လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဆန္ဒရှိလိမ့်မည်မဟုတ်ပါ။ ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် တွန်းအားပေးခြင်းကို ရွေးကောက်ပွဲတစ်ခုနှင့် တစ်ခုကြား လုပ်ဆောင်လျှင် အောင်မြင်မှုများကို ပိုမိုရရှိမည်ဖြစ်သည်။ ဗျူဟာများသည် ပိုမိုစနစ်ကျသော ချဉ်းကပ်မှုနည်းလမ်းများ၊ စုပေါင်းလုပ်ဆောင်မှုများနှင့် ကာလသတ်မှတ်ခြင်းများမှ အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲ မတိုင်မီကာလ နှင့် ရွေးကောက်ပွဲလွန်ကာလများသည် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရန်အတွက် အလွန်အရေးပါသည်။ အချို့ဝင်ရောက်လုပ်ဆောင်မှုများသည် မတူညီသော ရွေးကောက်ပွဲကာလ အပိုင်းအခြားများကို အချိန်ကာလရှည်ကြာစေနိုင်သည်။ ရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အလားအလာရှိသော အမျိုးသမီးများကို ရွေးချယ်ခြင်းနှင့် ၎င်းတို့အား စွမ်းရည်မြှင့်တင်ပေးခြင်းသည် ရွေးကောက်ပွဲစက်ဝန်း၏ ကာလအပိုင်းအခြားများကို ကြာရှည်စေနိုင်ပါသည်။

**ပုံ (၂) - ရွေးကောက်ပွဲစက်ဝန်း**



## ပါတီအတွက် အကျိုးကျေးဇူးများ

အမျိုးသမီးများ၏ ပါဝင်လာမှုကို မြှင့်တင်ခြင်းနှင့် ပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ အောင်မြင်မှုကြား ဆက်နွှယ်မှုကို ကောင်းမွန်စွာ မှတ်တမ်းတင်ထားနိုင်ခြင်း မရှိသော်လည်း ဖြစ်ရပ်လေ့လာမှုများမှ တွေ့ရှိချက်များက နိုင်ငံရေးပါတီများသည် ၄င်းတို့၏ အောက်ခြေအထောက်အပံ့ကို တိုးမြှင့်လုပ်ဆောင်ပြီးဖြစ်၍ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုကို တိုးမြှင့်လုပ်ဆောင်ရန် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ပြီးနောက် ရွေးကောက်ပွဲအနေအထားအရ အောင်မြင်မှုရရှိလာကြသည်ဟု အကြံပြုထားကြသည်။

ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော် ဆောင်ရွက်သော နိုင်ငံရေးပါတီများအတွက် အခြား ကောင်းကျိုးများ များစွာ ရှိပါသည်။

- အများပြည်သူသိမြင်မှုများကို ပြောင်းလဲပစ်နိုင်၍ အထောက်အပံ့များကျဆင်းလာသောအခါ နိုင်ငံရေးပါတီများတွင် စိတ်ပါဝင်စားမှုများကို ပြန်လည်လုပ်ဆောင်နိုင်ခြင်း။

- အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုအတွက် ဦးဆောင်လုပ်ဆောင်ခြင်းသည် အောက်ခြေထောက်ပံ့မှုအသစ်ကို လုပ်ဆောင်နိုင်၍ ပါတီအဖွဲ့ဝင်သစ်များကို ဆွဲဆောင်နိုင်သည်။

- ရွေးကောက်ပွဲဝင်နေရာများနှင့် ပတ်သက်၍ အမျိုးသမီးရွေးကောက်ခံ အရေအတွက် တိုးပွါးလာခြင်းသည် ပါတီအတွက် ငွေကြေးအထောက်အပံ့စီးဆင်းလာမှုကို တိုးပွားလာစေနိုင်သည်။ ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ ဥပဒေများတွင် အမည်တင်သွင်းခံရသည့် ရွေးကောက်ခံအမျိုးသမီးများရှိသော ပါတီများသို့ ရံပုံငွေထောက်ပံ့မည်ဆိုသည့် မက်လုံးများရှိပါက နိုင်ငံရေးပါတီ ငွေကြေးအရ အကျိုးအမြတ်ရရှိမည်ဖြစ်ပါသည်။ သင်တန်းများ နှင့် စောင့်ကြပ်မှုအစီအစဉ်များ ကဲ့သို့သော ကနဦးတီထွင်မှုသစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဤပြုပြင်ပြောင်းလဲမှုများသည် မိတ်ဖက်ပါတီများ၊ နိုင်ငံတကာပါတီများ နှင့် နိုင်ငံတကာ အသိုင်းအဝိုင်း ၏ အထောက်အပံ့ကိုလည်း ရယူနိုင်မည်ဖြစ်သည်။

- ရွေးကောက်ခံအမျိုးသမီးများသည် အမျိုးသားများထက် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ဖြစ်နိုင်ခြေရှိသည်။ ထို့ကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပိုမိုခိုင်မာသော ဆက်နွှယ်ပတ်သက်မှုများ ရှိနိုင်ပါသည်။ ဤပတ်သက်ဆက်နွှယ်မှုများသည် ရွေးကောက်ခံအမျိုးသမီးများအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။ သို့သော် ၄င်းပတ်သက်ဆက်နွှယ်မှုများသည် ကျေးလက်ဒေသများ၊ မဲဆန္ဒနယ်များနှင့် ရင်နှီးမှုများ တည်ဆောက်မှုအတွက် အမျိုးသမီးများ စုရုံးလုပ်ဆောင်နေသည့် ပါတီများအတွက်လည်း ကောင်းကျိုးများရှိပါသည်။

- နောက်ဆုံးတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကို တိုးမြှင့်လုပ်ဆောင်ရန် ဗျူဟာများထားရှိခြင်းသည် ပို၍ ဒီမိုကရေစီကျသည့် (သို့မဟုတ်) ပွင့်လင်းသည့် နိုင်ငံရေးပါတီများအဖြစ် ဦးတည်လာစေနိုင်သည်။ ဤကဲ့သို့သော ဗျူဟာများသည် တခြား ဘေးဖယ်ခံထားရသော (သို့မဟုတ်) ကိုယ်စားပြုခွင့်မရသည့် အုပ်စုများအား ပါဝင်လာစေမှုကိုလည်း ဖြစ်ထွန်းလာစေပါသည်။

ဤလမ်းညွှန်စာအုပ်သည် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကို အထောက်အပံ့ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်နေသည့် များပြား၍ မတူညီသော ဗျူဟာများကို ရှာဖွေရန်အတွက် ရည်ရွယ်ထားပါသည်။ နိုင်ငံရေးပါတီများက သီးသန့်လုပ်လိုစိတ်ရှိသည့် လုပ်ဆောင်လိုသည့် ပို၍ဆန်းသစ်သော အလေ့အကျင့်များ၊ ပြုပြင်ပြောင်းလဲမှုများရှိသည်ကိုလည်း ဤလမ်းညွှန်စာအုပ်က အသိအမှတ်ပြုပါသည်။ ပါတီစနစ်၏ သဘောသဘာဝ၊ အသုံးပြုနေသည့် ရွေးကောက်ပွဲစနစ်များ နှင့် တခြား လူမှု-ယဉ်ကျေးမှုဆိုင်ရာ စဉ်းစားစရာများပါဝင်သည့် ဗျူဟာများကို တပ်ဆင်လုပ်ဆောင်သည့်အခါ ပြည်တွင်းအခြေအနေ၊ အနေအထားများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အပိုင်း (ခ) တွင် ဖြစ်ရပ်လေ့လာမှုတစ်ခုစီအတွက် ထိုကဲ့သို့သော ပတ်သက်မှုအသေးစိတ်များကို ပို၍ဖော်ပြထားပါသည်။

- **"အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုအတွက် ဦးဆောင်လုပ်ဆောင်ခြင်းသည် အောက်ခြေထောက်ပံ့မှုအသစ်ကို လုပ်ဆောင်နိုင်၍ ပါတီအဖွဲ့ဝင်သစ်များကို ဆွဲဆောင်နိုင်သည်။"**

# အပိုင်း (က) - ကောင်းမွန်သော အလေ့အကျင့်များ အကျဉ်းချုပ်




## I.)ပါတီအတွင်းပိုင်း အဖွဲ့အစည်း



ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

## ကျား/မ တန်းတူညီမျှမှုအတွက် အဖွဲ့အစည်း၏အခြေခံအုတ်မြစ်ကို ဖန်တီးခြင်း

### အဓိက ပြဿနာများ

နိုင်ငံရေးပါတီများ မည်သို့ လုပ်ဆောင်သည်ဆိုသည့်အချက်ကို အဖွဲ့အစည်းပြင်ပဥပဒေများ နှင့် အဖွဲ့အတွင်းပိုင်း စည်းမျဉ်းများ၊ ဖြစ်စဉ်များ နှင့် ယဉ်ကျေးမှုများက ချမှတ်သည်။ အဖွဲ့အစည်းပြင်ပ ဥပဒေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲစနစ်၊ ပါတီလုပ်ဆောင်ပုံစနစ် နှင့် ပါတီအဖွဲ့အစည်းများနှင့်ပတ်သက်သော ဥပဒေများ ပါဝင်ပါသည်။ အဖွဲ့အတွင်းပိုင်းဖြစ်စဉ်များသည် ပါတီ၏ ဝါဒအခြေခံမှုများ၊ သမိုင်းဆိုင်ရာ လွှမ်းမိုးမှုများ၊ စည်းမျဉ်းဥပဒေ အဆင့်ဆင့်များ နှင့် အဖွဲ့အတွင်းပိုင်း အုပ်ချုပ်ပုံစနစ်၊ ထောက်ပံ့မှုအဆင့်၊ ပါတီခေါင်းဆောင်များ၏ လွှမ်းမိုးနိုင်မှုအဆင့် နှင့် အောက်ခြေပြု လုပ်ဆောင်ပုံအဆင့် များပေါ်တွင် မူတည်ပါသည်။ အဖွဲ့အစည်းအတွင်းပိုင်း မည်မျှဒီမိုကရေစီဆန်သည်ဆိုသည့် အဆင့်ကို ပါတီတွင်းဆုံးဖြတ်ချက်များချမှတ်ခြင်း နှင့် ပါတီလုပ်ငန်းဆောင်တာအဆင့်ဆင့်တွင် ပွင့်လင်းမြင်သာမှုရှိပြီး အဖွဲ့အတွင်းပိုင်း သတင်းအချက်အလက်များ နှင့် နီးနောတိုင်ပင်မှုဖြစ်စဉ်များ၊ အဖွဲ့အတွင်းပိုင်း စည်းမျဉ်းများနှင့် ဖွဲ့စည်းပုံများကဲ့သို့သော အလေ့အကျင့်များက ဆုံးဖြတ်ချက်ပေးပါသည်။ ပါတီအဖွဲ့အစည်းအနေဖြင့် နောက်ထပ် ထည့်သွင်းစဉ်းစားရမည့်အချက်များစွာ ရှိပါသည်။ ၄င်းတို့မှာ ရွေးကောက်ခံမည့်သူများ ရွေးချယ်ခြင်းတွင် ပါတီအနေဖြင့် မတူညီသော လူမှုအုပ်စုအဖွဲ့များအားပါဝင်လာစေခြင်း နှင့် ပါတီ၏ အဖွဲ့အတွင်းပိုင်းတွင် အမျိုးသမီးများ မည်သို့ ပါဝင်လာစေရန် လုပ်ဆောင်မည်ဆိုသည့် စဉ်းစာရမည့်အချက်များဖြစ်သည်။

> "အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုကို တိုးမြှင့်လုပ်ဆောင်ရန် ဗျူဟာများ အကောင်အထည်ဖော်ခြင်းသည် နိုင်ငံရေးပါတီများ၏ အဖွဲ့အတွင်းပိုင်း ဒီမိုကရေစီနှင့် ပွင့်လင်းမြင်သာမှုကို ဦးတည်သည်။"

နိုင်ငံရေးပါတီများတွင် အမျိုးသမီးများသည် ခေါင်းဆောင်မှုအပိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် ကန့်သတ်ခြင်းခံရသဖြင့် အရေအတွက်အနည်းငယ်သာ ပါဝင်ခွင့်ရကြသည်။ သို့သော် အမျိုးသမီးများသည် နိုင်ငံရေးပါတီခေါင်းဆောင်များအား ကူညီထောက်ပံ့ပေးရန် နှင့် အောက်ခြေရပ်ရွာအဆင့်၌ နိုင်ငံရေးပါတီများအား ကူညီထောက်ပံ့ပေးရသည့် နေရာများနှင့် လုပ်ဆောင်ချက်များတွင်သာ လုပ်ကိုင်ကြရသည်။ နိုင်ငံရေးပါတီများတွင် အာဏာရှိသည့် ရာထူးများကို အသစ်ရောက်ရှိလာသူများ နှင့် အမျိုးသမီးများအနေဖြင့် မရရှိနိုင်ပေ။ ၄င်းရာထူးများကို လွှမ်းမိုးနိုင်ပြီး ကောင်းမွန်စွာ တည်ဆောက်ထားသည့် ရင်းနီးကျွမ်းဝင်မှုများ (သို့မဟုတ်) ကွန်ယက်များနှင့် ထောက်ပံ့ပေးထားလေ့ရှိပြီး ဗဟိုမှဆုပ်ကိုင်ထားလေ့ရှိသည်။ ထိုကွန်ယက်များတွင် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဗဟုသုတများ ရယူနိုင်ခွင့်မရရှိဘဲ (သို့) အလွန်နည်းပါးသည့် အထောက်အပံ့များ၊ နမူနာပုံစံများ၊ အကြံပေးပုဂ္ဂိုလ်များ၊

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

တစ်ခါတစ်ရံ မိသားစုအထောက်အပံ့ နှင့် အသိုင်းအဝိုင်း အထောက်အပံ့များနည်းပါးခြင်းကြောင့် နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် ယောကျ်ားများထက် အရေအတွက် နည်းပါးမှုတွင် ကျန်ရှိနေသည်။

နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးကို တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဗျူဟာများ အကောင်အထည်ဖော်ခြင်းသည် အဖွဲ့အစည်းအတွင်းပိုင်း ဒီမိုကရေစီနှင့် ပွင့်လင်းမြင်သာမှုကို ဖြစ်ပေါ်စေပါသည်။ အမျိုးသမီးများ ပါဝင်လာမှုအတွက် ဗျူဟာများကို တိုးမြှင့်လုပ်ဆောင်ခြင်းအားဖြင့် ခေါင်းဆောင်မှု ရာထူးများအတွက် ရွေးကောက်ပွဲများလုပ်ခြင်း (သို့မဟုတ်) နောက်လာမည့် ရွေးကောက်ပွဲများအတွက် ရွေးကောက်ခံမည့်သူများ စုဆောင်းရှာဖွေခြင်း စသည့် ဆုံးဖြတ်ချက်များချမှတ်မှုတွင် ပါတီအဖွဲ့ဝင်များ ပါဝင်လာခြင်းသည် ပါတီအား ပိုမိုအားကောင်း စည်းလုံးတိုးတက်လာစေပါသည်။ များစွာသော ပါတီများသည်လည်း ဘေးဖယ်ခံထားရသည့် (သို့) ကိုယ်စားပြုခွင့်မရသည့် အုပ်စုအဖွဲ့များ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် တက်တက်ကြွကြွ လုပ်ဆောင်နေကြပါသည်။

ပါတီများက လုပ်ဆောင်သည့် အမျိုးသမီးများ၏ ပါဝင်လာမှု တိုးမြှင့်လာရေးအတွက် ဗျူဟာများသည် ဥပဒေပြုပြီး ရွေးကောက်ခံအမျိုးသမီးများအတွက် ကြိုတင်အရေအတွက် ကန့်သတ်ထားမှုကို ပြုပြင်ပြောင်းလဲလုပ်ဆောင်ခြင်း ကဲ့သို့သော ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှစ၍ အမျိုးသမီးများ၏ ပါဝင်မှုကို ပါတီဖွဲ့စည်းပုံ၏ ဥပဒေတစ်ခုအဖြစ် သတ်မှတ်ခြင်း (သို့မဟုတ်) ဆုံးဖြတ်ချက်ချမှတ်မှုနယ်ပယ်တွင် အမျိုးသမီးများ ပါဝင်မှုကို အာမခံပေးထားခြင်း ကဲ့သို့သော အဖွဲ့အစည်းအတွင်းပိုင်း ပြုပြင်ပြောင်းလဲမှုထိ ကျယ်ပြန့်ပါသည်။



"နိုင်ငံရေးပါတီများတွင် အာဏာရှိသည့် ရာထူးများကို အသစ်ရောက်ရှိလာသူများ နှင့် အမျိုးသမီးများအနေဖြင့် မရရှိနိုင်ပေ။ ၎င်းရာထူးများကို လွှမ်းမိုးနိုင်ပြီး ကောင်းမွန်စွာ တည်ဆောက်ထားသည့် ရင်းနှီးကျွမ်းဝင်မှုများ (သို့မဟုတ်) ကွန်ယက်များနှင့် ထောက်ပံ့ပေးထားလေ့ရှိပြီး ဗဟိုမှဆုပ်ကိုင်ထားလေ့ရှိသည်။"

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပါတီတွင်းအမျိုးသမီးအဖွဲ့တွင် ရှေ့ဆောင်လုပ်ဆောင်နေသူများ၊ အမျိုးသမီးရွေးကောက်ခံသူများနှင့် ရွေးကောက်ခံ အမျိုးသမီးအရာရှိများအား ကူညီထောက်ပံ့မှုများကို ပေါင်းစပ်လုပ်ဆောင်ရန် ဖြစ်ပါသည်။ ၎င်းဗျူဟာများ ထိရောက်မှုရှိစေရန် များစွာသော အဖွဲ့အစည်းများ နှင့် နိုင်ငံရေးလောကရှိ နိုင်ငံရေးပါတီများအားလုံး အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်။ ဤအခန်းတွင် နိုင်ငံရေးပါတီများက အကောင်အထည်ဖော်လုပ်ဆောင်နိုင်သည့် အမျိုးသမီးများ ပါဝင်လာနိုင်ရန် နှင့် ပါတီတွင်း လုပ်ဆောင်မှုတွင် ကျား/မ တန်းတူညီမျှမှုကို လုပ်ဆောင်နိုင်သည့် ဗျူဟာများကို ဖော်ပြထားပါသည်။

## လုပ်ဆောင်နိုင်သည့် ဗျူဟာများ

ဖြစ်ရပ်လေ့လာမှုများ၊ ယင်းဖြစ်ရပ်လေ့လာမှုများတွင် ကောင်းမွန်သည့်အလေ့အကျင့် ဥပမာများ နှင့် တခြားသော သုတေသနများမှ ကောက်နုတ်ထားသည့် အောက်ပါဗျူဟာများကို နိုင်ငံရေးပါတီများအား၏ အဖွဲ့အတွင်းပိုင်းတွင် ကျား/မ တန်းတူညီမျှမှုကို လုပ်ဆောင်နိုင်ရန်အတွက် လမ်းညွှန်မှုများ ဖော်ပြထားခြင်းဖြစ်ပါသည်။ ဤဗျူဟာများသည် လုပ်ဆောင်ချက်များအတွက် အတွေးအမြင်များ ထောက်ပံ့ပေးနိုင်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု အကူအညီအထောက်အပံ့ပေးသူများ၊ ပါတီ အဖွဲ့အစည်းများ နှင့် အရပ်ဖက်လူထုအခြေပြုအဖွဲ့အစည်းများအား အစီအစဉ်ရေးဆွဲမှုများတွင် နိုင်ငံရေးပါတီများကို အထောက်အပံ့ပေးရန်အတွက်လည်း သတိပေးနိုင်ပါသည်။

### (က) ပါတီအဖွဲ့အတွင်းပိုင်း စည်းမျဉ်းစည်းကမ်းများတွင် ကျား/မ တန်းတူညီမျှမှုကို လုပ်ဆောင်စေခြင်း

နိုင်ငံရေးပါတီများ၏ အဖွဲ့အတွင်းပိုင်း လုပ်ဆောင်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ (သို့မဟုတ်) နိုင်ငံရေးပါတီ ဥပဒေ ကဲ့သို့သော တရားဝင် စည်းမျဉ်းဥပဒေများ နှင့် အဖွဲ့အတွင်းပိုင်း စည်းမျဉ်းစည်းကမ်းများဖြင့် သတိပေးထားပါသည်။ နိုင်ငံရေးပါတီများ၏ ပါတီအတွင်းပိုင်းလုပ်ဆောင်ချက်များသည် လွှတ်တော်တွင် ကိုယ်စားပြုထားသည့် မဲဆန္ဒနယ်မှ ပြည်သူများ၏ လူမှုလိုအပ်ချက်များ၊ အကျိုးစီးပွားများ မည်သို့ခြားနားသည်ဆိုသည့်အပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသည်။ ဖွဲ့စည်းပုံ ဥပဒေများနှင့် နိုင်ငံတော် ဥပဒေမူဘောင် ကဲ့သို့သော နိုင်ငံရေးပါတီများ၏ ရုံးဆိုင်ရာ စာရွက်စာတမ်းများသည် ကျား/မ တန်းတူညီမျှမှုမူဘောင်တစ်ခုကို ဖော်ပြပေးရန်အတွက် အလွန်အရေးပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းစာရွက်စာတမ်းများသည် ပါတီ၏ မျှော်မှန်းချက်ကို ဖော်ပြ၍ ၎င်းမျှော်မှန်းချက်များအား ရောက်ရှိအောင်မြင်ရန်အတွက် စည်းမျဉ်းများကို ဖော်ပြပေးထားသောကြောင့်ဖြစ်သည်။

နိုင်ငံရေးပါတီများအား ပိုမို ပါဝင်လာမှုနှင့် တုံ့ပြန်နိုင်သည့် ပါတီတစ်ခုအဖြစ်သို့ တွန်းပို့ရန်အတွက် ပါတီ၏ အခြေခံစာရွက်စာတမ်းများတွင် ကျား/မ တန်းတူညီမျှမှုဆိုင်ရာ စာရွက်စာတမ်းတစ်ခုအား မူဘောင်တစ်ခုအဖြစ် တိုးမြှင့်လုပ်ဆောင်ခြင်းသည် အလွန်အရေးကြီးသည့် ပထမ ခြေလှမ်းတစ်ခုဖြစ်သည်။ များစွာသော နိုင်ငံရေးပါတီများသည် ၎င်းတို့၏ မျှော်မှန်းချက်ဆိုင်ရာ စာရွက်စာတမ်းများ နှင့် ပါတီ ဥပဒေစည်းမျဉ်းများတွင် တန်းတူညီမျှမှုကို များသောအားဖြင့် ထည့်သွင်းဖော်ပြလေ့ရှိသည်။ ဥပမာအားဖြင့် EL SALVADOR ရှိ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

Farabundo Marti Front for National Liberation (FMLN) ၏ ပန်းတိုင်နှင့် ကျင့်ဝတ်ဆိုင်ရာ စာရွက်စာတမ်းများတွင် အမျိုးသမီးများအတွက် နိုင်ငံရေးဆိုင်ရာ တန်းတူညီမျှမှုဆိုသည့် စကားစုကို ထည့်သွင်းဖော်ပြထားသည်။ COSTA RICA ရှိ Citizens' Action Party (PAC)သည်လည်း ၎င်း၏ စည်းမျဉ်းစည်းကမ်းများတွင် ကျား/မ တန်းတူညီမျှမှုကို ထည့်သွင်းဖော်ပြသည့်အပြင် ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်သည့် Prosecutor's Office တစ်ခုကိုလည်း တည်ထောင်ထားပါသည်။ ထိုရုံးမှာ အထက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများအား မည်သို့ အကောင်အထည်ဖော်သည်ဆိုသည့် ကိစ္စနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အစီခံစာတင်ခြင်းနှင့် အကြံအဉာဏ်များပေးခြင်း တို့ကို လုပ်ဆောင်ရန် အာဏာပေးထားပါသည်။

### (ခ) ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ၏ ပါဝင်လာမှုအတွက် တိုင်းတာမှုများ လုပ်ဆောင်ခြင်း

ကျား/မ တန်းတူညီမျှမှု နှင့်ပတ်သက်၍ တရားဝင် စာတမ်းတစ်စောင် ပြဌာန်းခြင်းသည် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်မှု နှင့် အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ ပါဝင်လာမှုကို သေချာစေသည်။ တစ်ကမ္ဘာလုံးတွင် အမျိုးသမီးများသည် ပါတီများ၏အဖွဲ့ဝင်အဖြစ် ၄၀% မှ ၅၀% ထိပါဝင်သော်လည်း ၎င်းအမျိုးသမီးများသည် နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်မှုကဏ္ဍတွင် ကိုယ်စားပြုခွင့် မရရှိကြချေ။ နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်မှုသည် ၁၀% ဝန်းကျင်သာရှိသည်။ ထိုအရေအတွက်သည် အဖွဲ့အတွင်းဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ၏ ပါဝင်လာမှုကို အာမခံပေးနိုင်သည့် စည်းမျဉ်းများရေးဆွဲထားသည့် ပါတီများတွင်သာ တိုးပွားလာသည်။ အမျိုးသမီးများ အုပ်ချုပ်ရေးကဏ္ဍတွင်ပါဝင်လာမှုသည် များစွာသော အကြောင်းပြချက်များအတွက် အရေးပါလှသည်။ ၎င်းတို့မှာ ပါတီ၏ မူဝါဒများ၊ အလေးပေးလုပ်ဆောင်မှုများ နှင့် မဟာဗျူဟာများ ကို ရေးဆွဲရာတွင် အမျိုးသမီးများ၏ အတွေးအမြင်များ မျှဝေပေးမှုကို သေချာစေရန်ဖြစ်သည်။

ပါတီများအအနေဖြင့် ထိုကဲ့သို့သော တိုင်းတာမှုများကို အတော်အသင့် လုပ်ဆောင်လာကြသည်။ ဥပမာများမှာ

- **AUSTRALIA** ၏ အလုပ်သမားပါတီ နှင့် **CAMBODIA** ၏ Sam Rainsy ပါတီတို့သည် ၎င်းတို့၏ အုပ်ချုပ်ရေး ဘုတ်အဖွဲ့အားလုံး (သို့) တချို့နေရာများတွင် အမျိုးသမီးများ၏ ပါဝင်လာမှုကို အာမခံပေးနိုင်သော အဖွဲ့အစည်းအတွင်းပိုင်း ကန့်သတ်တိုင်းတာမှုများကို လုပ်ဆောင်ပြီးဖြစ်သည်။

- **MOROCCO :** The Socialist Union of Popular Forces (USFP) တွင် ပါတီ၏ အဆင့်ဆင့်၌ အမျိုးသမီးများ၏ ပါဝင်လာမှုကို မြှင့်တင်ပေးသည့် ဒေသတွင်း ရုံးခွဲတစ်ခုစီအတွက် အဖွဲ့အတွင်းပိုင်း ကန့်သတ်တိုင်းတာမှုများ ရှိသည်။

- **MEXICO :** The Party of the Democratic Revolution (PRD) သည် ၁၉၉၀ ခုနှစ်တွင် အမျိုးသမီးများ ၂၀% ပါဝင်ရေးအတွက် ကန့်သတ်တိုင်းတာမှုများ လုပ်ဆောင်ခဲ့သည် ပထမဆုံးသော အဖွဲ့ဖြစ်ပြီး နောင်းပိုင်းအတွင် အရေအတွက်အား ၃၀% ထိတိုးမြှင့်ခဲ့သည်။ The National Action Party (PAN) သည်လည်း အုပ်ချုပ်ရေးဘုတ်အဖွဲ့နှင့် ဗဟိုကော်မတီတို့တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများကို သေချာစေရန်အတွက် ပါတီတွင်းကြိုတင်အရေအတွက် ကန့်သတ်မှုကို နောက်လိုက် လုပ်ဆောင်ခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

- **INDIA :** Bhatariya Janata Party (BJP) ၏ ပြည်တွင်း ဗဟို ကော်မတီသည် ပါတီ၏ ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီး ၃၃% ပါဝင်လာရန် ၎င်း၏ ဖွဲ့စည်းပုံအား ၂၀၀၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့ပြီး ပြည်တွင်းအမျိုးသမီးရုံးခွဲ ခေါင်းဆောင်မှုကို ပါတီ၏ ဗဟို ရွေးကောက်ပွဲ ကော်မတီ၏ အဖွဲ့ဝင်အဖြစ် ပြုလုပ်ခဲ့သည်။

- **GERMANY :** The Christain Democratic Union (CDU) သည် ၁၉၉၆ ခုနှစ်တွင် ပါတီ၏ခေါင်းဆောင်မှုကဏ္ဍ၌ အမျိုးသမီး ၃၃% ပါဝင်လာရန်အတွက် လုပ်ဆောင်ခဲ့သည်။ အကယ်၍ ထိုကြိုတင်အရေအတွက် ကန့်သတ်မှုကို မရောက်ရှိပါက အဖွဲ့တွင်း ရွေးကောက်ပွဲအား ပြန်လည်လုပ်ဆောင်ရမည်ဖြစ်သည်။

- **SOUTH AFRICA :** African National Congress (ANC) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စည်းမျဉ်း ၆ အရ ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ အပြည့်အဝကိုယ်စားပြုနိုင်ရန် ရည်ရွယ်၍ ပါတီသည် ရွေးကောက်ခံ ဖွဲ့စည်းပုံများတွင် အမျိုးသမီးများ ၅၀% အောက် မရှိရဆိုသည့် ကြိုတင်အရေအတွက် ကန့်သတ်မှုပါဝင်သည့် အပြုသဘောဆောင် လုပ်ဆောင်ချက် အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။

ခေါင်းဆောင်မှုရာထူးများအပြင် အမျိုးသမီးများအား ပါတီ၏ အဓိက ကော်မတီ၊ အဖွဲ့နှင့် လုပ်ဆောင်မှုအုပ်စုများတွင် ထည့်သွင်းထားမှုကို နိုင်ငံရေးပါတီများက လုပ်ဆောင်နိုင်သည်။ တချို့သောကိစ္စရပ်များတွင် ပါတီ၏ အမျိုးသမီးများ၏ ရွေးချယ်မှုသည် ဗဟိုအလုပ်မှုတောင် အဖွဲ့ဝင် (သို့မဟုတ်) ပါတီ၏ ရွေးကောက်ပွဲ ပြင်ဆင်မှုအဖွဲ့ဝင် နှင့် ရွေးကောက်ခံများရွေးချယ်ခြင်းဆိုင်ရာ အဖွဲ့ဝင်များထိ ဖြစ်လာသည်။

အဖွဲ့အစည်း ဖွဲ့စည်းပုံအတွင်း အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုကို သေချာစေခြင်းသည် နိုင်ငံရေးပါတီများတွင် ကျား/မ တန်းတူညီမျှမှုကို ဖြစ်ပေါ်လာစေရန်အတွက် အဓိကျလာသည်။ သို့သော်လည်း အမျိုးသမီးများအတွက် ကြိုတင်အရေအတွက်သတ်မှတ်ခြင်း ကဲ့သို့သော တိုင်းတာမှုများကို တစ်ခြားသော စဦးလုပ်ဆောင်မှုများနှင့် ချဲ့ထွင်လုပ်ဆောင်သင့်သည်။ ထိုလုပ်ဆောင်မှုများမှာ အမျိုးသမီးများအတွက် ရေရှည် စွမ်းရည်တည်ဆောက်မှုနှင့် စွမ်းရည်မြှင့်တင်များဖြစ်သည်။ ထို့မှသာ ပါတီတွင် ကြိုတင်အရေအတွက် ကန့်သတ်ထားမှု ကိုမလုပ်ဆောင်တော့သည့်တိုင် အမျိုးသမီးများအနေဖြင့် ပါတီရှိခေါင်းဆောင်မှု ရာထူးများကို ရယူလုပ်ဆိုင်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ခေါင်းဆောင်မှုပိုင်းတွင် အရည်အသွေးပြည့်ဝ၍ တက်ကြွသော အမျိုးသမီးများ ပါဝင်လာစေရန်နှင့် ပါတီ၏ အဖွဲ့ဝင်၊ ခေါင်းဆောင်မှု၊ အဖွဲ့တွင်း ဖွဲ့စည်းပုံများကြားတွင် အမျိုးသမီးများအတွက် နေရာများဖန်တီးပေးခြင်း၏ အရေးပါပုံနှင့် ပတ်သက်ပြီး ပါတီအဖွဲ့ဝင်များအား ရှင်းလင်းပြသရန် စသည့် တစ်ခြားသော လုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးရမည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

### (ဂ) အမျိုးသမီးများ ပါတီညီလာခံများတွင် ပါဝင်လာရေးအတွက် ပစ်မှတ်ထား လုပ်ဆောင်ခြင်း

နိုင်ငံရေးပါတီ အများစုတွင် နှစ်စဉ် ပါတီညီလာခံများသည် မူဝါဒများကို ချမှတ်၍ ပါတီ၏ အဓိက ဆုံးဖြတ်ချက်များကို ချမှတ်သည့် နေရာဖြစ်သည်။ နိုင်ငံရေးပါတီအားလုံးနီးပါး၏ ညီလာခံများတွင် ကိုယ်စားလှယ်များအား အောင်မြင်သော နိုင်ငံရေးအသက်မွေးဝမ်းကျောင်းသမားဖြစ်လာစေရန် လိုအပ်သော နိုင်ငံရေးနှင့် ငွေကြေး ဆက်နွယ်ပတ်သက်မှုများကို တည်ဆောက်ရန်အတွက် အခွင့်အလမ်းများ ထောက်ပံ့ပေးသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများသည် ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များအား အမျိုးသမီးများဖြစ်ရမည်ဆိုသည့် အချက်အား သေချာစေရန်အတွက် ပစ်မှတ်ထားလုပ်ဆောင်နိုင်သည်။ ဥပမာအားဖြင့် အမေရိကရှိ ဒီမိုကရက်တစ်ပါတီသည် တစ်တိုင်းပြည်လုံးဆိုင်ရာ ပါတီညီလာခံများများတွင် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်လာမှုအတွက် စည်းမျဉ်းစည်းကမ်းများ လုပ်ဆောင်ခဲ့သည်။ ညီလာခံကိုယ်စားလှယ် အမည်စာရင်းတင်သွင်းခြင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တူညီသောအရေအတွက်ဖြစ်ရမည်ဆိုသည်ကို အမျိုးသမီး အဖွဲ့ဝင်များ အဖွဲ့တွင်း စည်းရုံးလုပ်ဆောင်ခြင်း နှင့် ပါတီခေါင်းဆောင်မှုများက အထောက်အပံ့များ ရရှိခြင်း၏ ရလဒ်တစ်ခုကြောင့် ပါတီတွင် လုပ်ဆောင်ရန် လိုအပ်လာသည်။

ထို့အပြင် ပါတီညီလာခံများနှင့် ကိုက်ညီမှုရှိစေရန် အမျိုးသမီးကိုယ်စားလှယ်များအတွက် သီးသန့် အစည်းအဝေး ညီလာခံကြီးတစ်ခု ကျင်းပအကောင်အထည်ဖော်ပေးခြင်းသည် အရေးပါသော ကွန်ယက်ချိတ်ဆက်မှုများကို ကမ်းလှမ်းသည်။ AUSTRALIA ရှိ Labour Party's Women's Organization သည် အမျိုးသမီးများအား မူဝါဒများ ဆွေးနွေးရန်၊ တိကျသော ပြဿနာများကို စုရုံးလှုံ့ဆော်ရန်၊ တစ်ဦးနှင့်တစ်ဦး ကွန်ယက်များ ချိတ်ဆက်ရန် အခွင့်အလမ်းများကို နှစ်စဉ် ညီလာခံတစ်ခု ကျင်းပပေးခြင်းဖြင့် ထောက်ပံ့ပေးလေ့ရှိသည်။ EL SALVADOR ရှိ FMLN's Women's Secretariat အဖွဲ့သည် ကျား/မ တန်းတူညီမျှမှုဆိုင်ရာ ဗျူဟာများနှင့် မူဝါဒများကို ချမှတ်လုပ်ဆောင်ရန်အတွက် ဗဟိုအလုပ်မှုဆောင်များ နှင့် ရုံးအရာရှိများ အားလုံးပါဝင်သော ပါတီ၏ အမျိုးသမီး ခေါင်းဆောင်များဆိုင်ရာ ညီလာခံကို နှစ်စဉ် ကျင်းပလေ့ရှိသည်။ မူဝါဒများနှင့်ပတ်သက်၍ ပါတီအား ကူညီထောက်ပံ့ရာတွင် ဤအမျိုးသမီး ညီလာခံမှ ရရှိသော အဖြေများကို တရားဝင် အသုံးပြုလေ့ရှိသည်။

### (ဃ) နိုင်ငံရေးပါတီများအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ

ပါတီရှိအမျိုးသမီးအဖွဲ့ဝင်များအတွက် ၄င်းတို့၏ ဦးစားပေး လုပ်ဆောင်ချက်များကို ထုတ်ဖော်ပြောဆိုရန် နှင့် ဆွေးနွေးလုပ်ဆောင်နိုင်ရန်အတွက် အမျိုးသမီး ကဏ္ဍတစ်ခု ထူထောင်ပေးခြင်းနှင့် အများစုရင်ဆိုင်နေရသော ပြဿနာများကို အဖြေရှာခြင်းဖြင့် အမျိုးသမီးများ၏ စိုးရိမ်ပူပန်သည့်အကြောင်းအရာများအား ပါတီ၏ လုပ်ငန်းစဉ်တွင် ထားရှိခြင်းသည် အလွန်အထောက်အကူဖြစ်သည်ဟု လက်တွေ့ အတွေ့အကြုံများနှင့် သုတေသနက ဖော်ပြထားပါသည်။ အမျိုးသမီးများကဏ္ဍထားရှိခြင်းသည် ပါတီတွင်း နှင့် နိုင်ငံရေး

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်မှုကို အားဖြည့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပါတီတွင်း ရွေးချယ်မှုများဖြစ်ပါသည်။

**အမျိုးသမီးများအတွက် အခန်းကဏ္ဍ တစ်ခု ထားပေးခြင်းသည် အောက်ပါ လုပ်ဆောင်ချက်များ အားလုံး (သို့မဟုတ်) တစ်ချို့တစ်ဝက် လုပ်ဆောင်စေနိုင်သည်။**

- မူဝါဒ တိုးမြှင့်လုပ်ဆောင်မှုအတွက် ပါဝင်နိုင်ခြင်း၊ မူဝါဒများချမှတ်ရာတွင် အမျိုးသမီးများ၏ အကျိုးစီးပွားများအား တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း နှင့် ကျား/မ ဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ ပါတီခေါင်းဆောင်များအား အကြံဉာဏ်များပေးနိုင်ခြင်း။
- ရွေးကောက်ခံမည့်သူများ ရှာဖွေစုဆောင်းခြင်းတွင် ကြိုတင်အရေးအတွက် သတ်မှတ်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပါအဝင် ကျား/မ တန်းတူညီမျှမှု မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရာ၌ ခြုံငုံသုံးသပ် ပါဝင်လုပ်ဆောင်နိုင်ခြင်း။
- ပါတီရှိ အမျိုးသမီးအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအား ပူးပေါင်းဆောင်ရွက် လုပ်ဆောင်ပေးနိုင်ခြင်း။
- ရွေးကောက်ပွဲကာလအတွင်း အမျိုးသမီးများ၏ မဲအရေအတွက်ကို ရရှိနိုင်ခြင်းအပါအဝင် စည်းရုံးလုပ်ဆောင်နိုင်ခြင်း နှင့် ပါတီ၏ နယ်ပယ်အား ချဲ့ထွင်လာနိုင်ခြင်း။
- အသစ်ရွေးကောက် တင်မြှောက်ထားသည့် အမတ်များ နှင့် ရုံးအရာရှိများအား သင်တန်းများနှင့် အထောက်အပံ့များပေးနိုင်ခြင်း။
- ပါတီတွင်း အာဏာခွဲဝေမှုကို လုပ်ဆောင်နိုင်ခြင်းနှင့် ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ ပါတီအဖွဲ့ဝင်များအား သင်တန်းပေးခြင်းနှင့် သတင်းပေးခြင်း။
- အမျိုးသား ပါတီဝင်များထံထိ ချဲ့ထွင်လုပ်ဆောင်နိုင်ခြင်း။

ပါတီတွင်း အမျိုးသမီးများအဖွဲ့ကို တိကျသော အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားနှင့်အတူတကွ ပါတီ၏ ဖွဲ့စည်းပုံဖြင့် ပေါင်းစပ်ရန်လိုအပ်သည်။ လိုအပ်လျှင် လုပ်ဆောင်မှုကုန်ကျစရိတ်အတွက် သင့်တော်သော ငွေကြေးထောက်အပံ့မှုများ ထောက်ပံ့ရန်လိုအပ်သည်။ ခိုင်မာသည့် ပါတီတွင်း အမျိုးသမီးများ အဖွဲ့သည် ပါတီအား ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန်၊ ပါတီ၏ ရာထူးအဆင့်မြင့်သည့် နေရာများတွင် အမျိုးသမီးပါ ပါဝင်လာမှု တိုးမြှင့်လုပ်ဆောင်ရန်၊ အဖွဲ့တွင်း အမျိုးသမီးများအတွက် သင့်တော်သည့် အရေအတွက် ကြိုတင်သတ်မှတ်ခြင်းများ၊ ရွေးကောက်ခံအမျိုးသမီးများအတွက် သင်တန်းများ လုပ်ဆောင်ပေးခြင်းနှင့် ကူညီထောက်အပံ့မှုများ လုပ်ဆောင်ရန်အတွက် ပါတီအား တွန်းအားပေးရာတွင် ထိရောက်သည့် လုပ်ဆောင်မှုများကို လုပ်ဆောင်နိုင်သည်။ သို့သော်လည်း ကျား/မ ဆိုင်ရာ ပြဿနာများသည် ပါတီတွင်းအမျိုးသမီးအဖွဲ့တွင်သာ ရှိနေခြင်းမဟုတ်ဘဲ (သို့မဟုတ်) ပါတီတွင်းအမျိုးသမီးများ အဖွဲ့သည်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပါတီတွင် အရေးမပါ ဘေးထွက်မနေစေခြင်း စသည်တို့ကို ဂရုတစိုက် လုပ်ဆောင်ရန်လိုအပ်သည်။ ဤလုပ်ဆောင်မှုများကို ကာကွယ်ရန်အတွက် ပါတီတွင်း အမျိုးသမီးများအဖွဲ့၏ အတွင်းရေးမှူး (သို့မဟုတ်) ဥက္ကဋ္ဌ အတွက် ပါတီ၏ အုပ်ချုပ်ရေး ဘုတ်အဖွဲ့တွင် နေရာတစ်နေရာ နှင့် မဲတစ်ခု ရှိသင့်သည်။

အချို့သော ဥပမာများမှာ -

- **AUSTRALIA :** အလုပ်သမား ပါတီ၏ စည်းမျဉ်းစည်းမျဉ်းစည်းကမ်းများသည် ပြည်ထောင်စု အဖွဲ့ခွဲတွင်သာမက ပြည်နယ် အဖွဲ့ခွဲများတွင်လည်း အလုပ်သမများအမျိုးသမီးအဖွဲ့အစည်း၏ အခန်းကဏ္ဍ နှင့် အာဏာလုပ်ပိုင်ခွင့်ကို တိတိကျကျ ဖော်ပြထားသည်။

- **CAMBODIA :** Sam Rainsy Party (SRP) ၏ ပါတီအမျိုးသမီး အဖွဲ့သည် ပါတီတွင်း အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ရန်အတွက်၊ အဖွဲ့တွင်း အမျိုးသမီးအရေးအတွက် ကြိုတင်သတ်မှတ်မှုကို စတင်လုပ်ဆောင်ရန်အတွက် အုပ်ချုပ်ရေး ဘုတ်အဖွဲ့အား စည်းရုံးလှုံ့ဆော်ခြင်း၊ ရွေးကောက်ခံ အမျိုးသမီးများအတွက် သင်တန်းများပေးခြင်း၊ နိုင်ငံရေးဆိုင်ရာ သင်တန်းများ နှင့် မဲပေးသူများ စည်းရုံးနိုင်မှုသင်တန်းအတွက်ပေးဆောင်ရန်အတွက် လုပ်ဆောင်ခဲ့သည်။

- **MEXICO :** The National Action Party (PAN) သည် ၎င်း၏ ပါတီအမျိုးသမီးအဖွဲ့ကို လူမှုအဖွဲ့အစည်းမှ အမျိုးသမီးများအား ပါတီ၏ ခေါင်းဆောင်မှုရာထူးများတွင် အမျိုးသမီးများ တိုးမြှင့်လာရေးအတွက် ထိရောက်မှုရှိသော အမာခံအဖွဲ့အဖြစ် ပြောင်းလဲပေးခြင်းဖြင့် လုပ်ဆောင်ခဲ့သည်။ ဥပမာအားဖြင့် နိုင်ငံရေးတွင် အမျိုးသမီးများအား တိုးမြှင့်မှုအတွက် PAN ၏ ပြည်တွင်း အတွင်းရေးမှူးသည် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ပါတီခေါင်းဆောင်များအား ရွေးကောက်ပွဲကာလအတွင်း အမျိုးသမီးရွေးကောက်သူများ ပါဝင်လာရန်အတွက် စည်းရုံးလုပ်ဆောင်ခဲ့သည်။ ပါတီအနေဖြင့်လည်း မူဝါဒဆိုင်ရာ စာရွက်စာတမ်းများကို ပါတီ၏အမျိုးသမီးအဖွဲ့ ပေးပို့ရန်လိုအပ်သည်။ သို့မှသာ မူဝါဒအား အတည်မပြုမီ အမျိုးသမီးအဖွဲ့အနေဖြင့် ကျား/မ ဆိုင်ရာ ရှုထောင့်မှ သုံးသပ်နိုင်မည်ဖြစ်သည်။

- **MOROCCO :** အဓိကနိုင်ငံရေးပါတီ အများစုသည် အမျိုးသမီးပြဿနာများအား ထုတ်ဖော်ဖြေရှင်းနိုင်ရန် (သို့မဟုတ်) ပါတီဝင်အမျိုးသမီးများ၏ လိုအပ်မှုများကို ထုတ်ဖော်ဖြေရှင်းနိုင်ရန် ပါတီတွင်း အမျိုးသမီးအဖွဲ့ (သို့မဟုတ်) နှိုင်းယှဉ်နိုင်သည့် အဖွဲ့တွင်း ဖွဲ့စည်းပုံများကို ထည်ထောင်ခဲ့ကြသည်။ ဥပမာအားဖြင့် the Party of Progress and Socialism (PPS) သည် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုများကို သေချာစေရန်အတွက် တန်းတူညီမျှမှု ကောင်စီတစ်ခုကို ဖန်တီးတည်ထောင်ခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

- **SERBIA :** The G17 အပေါင်း (plus) အမျိုးသမီးအဖွဲ့ကို အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအဖြစ် ဥပဒေအရ အသိအမှတ်ပြုထားသည်။ ၎င်းအဖွဲ့သည် ရွေးကောက်ခံအမျိုးသမီးများအား မြှင့်တင်ရန် ကိုယ်စားပြုအဆိုပြုခဲ့၍ ရွေးကောက်ခံအမျိုးသမီးများအား စာရင်းများတွင် မြင့်မားသော ရာထားများ ပေးအပ်ရန်အတွက် ပါတီခေါင်းဆောင်များအား စည်းရုံးလှုံ့ဆော်မှု ပြုခဲ့ကြသည်။ ထို့အပြင် ၎င်းအဖွဲ့သည် ရွေးကောက်ခံအမျိုးသမီးများ နှင့် အမျိုးသမီးများအတွက် တက်တက်ကြွကြွ လုပ်ဆောင်နေသည့် အမျိုးသမီးများအား သင်တန်းပေးခြင်း နှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက်၊ ဒေသအဆင့်၌ မူဝါဒများအား အကျိုးသက်ရောက်မှုရှိစေရန်အတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးရန်အတွက် ငွေကြေးအထောက်အပံ့များကို ရှာဖွေခဲ့သည်။

အထက်ပါ ဖော်ပြခဲ့သည့်အတိုင်း ပါတီတွင်း အမျိုးသမီးများအဖွဲ့၏ လုပ်ဆောင်ချက်များထဲမှ တစ်ခုမှ ပါတီအတွင်း မူဝါဒ တိုးမြှင့်လုပ်ဆောင်နှင့်ပတ်သက်၍ လုပ်ဆောင်ရန်ဖြစ်သည်။ နိုင်ငံရေးပါတီများအနေဖြင့်လည်း ၎င်းတို့၏ မူဝါဒများနှင့် ဦးစားပေး လုပ်ဆောင်မှုများသည အမျိုးသမီးများ နှင့် အမျိုးသားများ၏ လိုအပ်ချက်များကို တုံ့ပြန်လုပ်ဆောင်ရာတွင် ကျား/မ ဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲမှုအနေဖြင့်သာမက ကျား/မ ဆိုင်ရာ ကိစ္စရပ်များသည် ပါတီ၏ မူဝါဒများအားလုံးတွင် အဓိကအနေဖြင့် ပါဝင်မှုကို သေချာစေခြင်းဖြင့်လည်း လုပ်ဆောင်ရန်လိုအပ်သည်။ ဤသေချာစေမှုများကို လုပ်ဆောင်နိုင်ရန် ကျား/မ ဆိုင်ရာကိစ္စများကို ထုတ်ဖော်လုပ်ဆောင်သည့် (သို့မဟုတ်) သဘောတူညီမှုများအတွက် မူဝါဒအားလုံးကို လက်မှတ်ထိုးပေးသည့် မူဝါဒ ကော်မတီကတစ်ဆင့် လုပ်ဆောင်နိုင်၍ ပါတီအဖွဲ့ဝင်များအတွက် စွမ်းရည်တည်ဆောက်ပေးခြင်းကို ပြုလုပ်ပေးမှုများမှ တစ်ဆင့်လည်း လုပ်ဆောင်နိုင်သည်။ ဤအကြောင်းအရာများကို နောက်လာမည့် ရွေးကောက်ပွဲအလွန် ကာလရှိ အုပ်ချုပ်ရေး အခန်းတွင် နောက်ထပ် ထည့်သွင်းဆွေးနွေးထားပါသည်။

## ရွေးကောက်ခံမည့်သူများ ရှာဖွေခြင်းနှင့် အမည်တင်သွင်းခြင်း

### အဓိကပြဿနာများ

ရွေးကောက်ခံမည့်သူများ ရှာဖွေခြင်းနှင့် အမည်တင်သွင်းခြင်း ဖြစ်စဉ်သည် နိုင်ငံရေးတွင် အမျိုးသမီး ပါဝင်လာမှုကို ထုတ်ဖော်ရန်အတွက် နိုင်ငံရေးပါတီများအတွက် အရေးအကြီးဆုံးဖြစ်ကောင်းဖြစ်နိုင်သည်။ နိုင်ငံရေးပါတီများသည် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်လာမှုကို လုပ်ဆောင်ရန်အတွက် အရေးကြီးသည့် ကြားဆက်သွယ်မှုဖြစ်သည်။ ထိုပါတီများသည် ရွေးကောက်ခံ ရုံးများအတွက် ရွေးကောက်ခံမည့်သူများ အမည်တင်သွင်းခြင်းနှင့်ပတ်သက်ပြီး ကျား/မ တန်းတူညီမျှစေမှုကို ထိန်းသိမ်းထားနိုင်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ခံမည့်သူများအား မည်သို့ အမည်တင်သွင်းသည်၊ ရွေးချယ်ထားသည့် အမျိုးသမီးအရေအတွက်၊ ပါတီစာရင်းတွင် အမျိုးသမီးများအား ရာထူးပေးထားခြင်း နှင့် ရွေးကောက်ခံရုံးသို့ ရောက်ရှိမည့် အမျိုးသမီးများ အရေအတွက်ပေါ်တွင် မူတည်၍ နိုင်ငံရေးပါတီများသည် တစ်ခုနှင့်တစ်ခု ကွဲပြားလေ့ရှိသည်။ ထို့နောက် နိုင်ငံရေးပါတီများသည် အမျိုးသမီးပါဝင်နိုင်မှု အကန့်အသတ် နှင့် အာဏာခွဲဝေမှု အဆင့်ဆင့် ပေါ်မူတည်၍လည်း ကွဲပြားခြားနားသည်။


# II) ရွေးကောက်ပွဲမတိုင်မီကာလ




## ရွေးကောက်ခံမည့်သူများ ရှာဖွေခြင်းနှင့် အမည်တင်သွင်းခြင်း

### အဓိကပြဿနာများ

ရွေးကောက်ပွဲဝင်မည့်သူများ ခေါ်ယူစုဆောင်းခြင်းနှင့် အမည်စာရင်းတင်သွင်းခြင်း ဖြစ်စဉ်သည် နိုင်ငံရေးတွင် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံရေးပါတီများအတွက် အရေးအကြီးဆုံး ဖြစ်ကောင်းဖြစ်နိုင်သည်။ နိုင်ငံရေးပါတီများသည် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်လာမှုကို အောင်မြင်စေရန်အတွက် အရေးကြီးသည့် ကြားခံအဆက်အစပ် ဖြစ်သည်။ ထိုပါတီများသည် ရွေးကောက်ခံရာထူးများအတွက် ရွေးကောက်ပွဲဝင်မည့်သူများအား အမည်စာရင်းတွင် ကျား/မ တန်းတူညီမျှမှုရှိစေရန် ထိန်းချုပ်ထားနိုင်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ခံမည့်သူများအား အမည်တင်သွင်းသည့်ပုံစံ၊ ရွေးချယ်ထားသည့် အမျိုးသမီးအရေအတွက်၊ ပါတီစာရင်းတွင် အမျိုးသမီးများ၏နေရာများအား စီစဉ်ချထားခြင်းနှင့် ရွေးကောက်ခံရာထူးများသို့ ရောက်ရှိနိုင်သည့် အမျိုးသမီးများ အရေအတွက်ပေါ်တွင် မူတည်၍ တစ်ခုနှင့်တစ်ခု ကွဲပြားလေ့ရှိသည်။ ထို့အပြင် နိုင်ငံရေးပါတီများသည် အမျိုးသမီးများပါဝင်နိုင်မှု အတိုင်းအတာနှင့် ဗဟိုအာဏာလျှော့ချရေး အတိုင်းအတာတွင်ပေါ်တွင် မူတည်၍လည်း ကွဲပြားကြသည်။



ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ရွေးကောက်ပွဲဝင်မည့်သူများအား ရွေးချယ်ခြင်းကို အဆင့်ဆင့်ဖြင့် နားလည်သဘောပေါက်နိုင်သည်။ ယေဘုယျအားဖြင့် ယခုဖော်ပြထားသည့် မည်သည့်နိုင်ငံတွင်မဆို 'လိုအပ်ချက်နှင့်ကိုက်ညီသူများ' (ဥပဒေသူများဖြစ်ရန် တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းလိုအပ်ချက်များကို ပြည့်မီသော နိုင်ငံသားများ) အစုလိုက်ရှိသော်လည်း ၎င်းတို့ထဲမှ အနည်းသာ ၎င်းတို့ကို၎င်းတို့ ရွေးကောက်ပွဲဝင်မည့်သူများ (ရည်မှန်းထားသူများ) အဖြစ် ရှုမြင်သုံးသပ်ကြသည်။ အမြင့်မှန်းသူများအနေဖြင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမည်လားဟူသည်ကို လွှမ်းမိုးထားသည့် အချက်မြောက်များစွာရှိသည်။ ထိုအချက်များတွင် ရရှိသောအချိန်၊ ငွေကြေးရရှိမှုများ၊ အနိုင်ရနိုင်သည့် အနေအထား၊ ပုဂ္ဂိုလ်ရေးရည်မှန်းချက်၊ မိသားစုနှင့်ဒေသခံလူ့အဝိုင်းအဝန်း၏ ကူညီထောက်ပံ့မှုနှင့်နစ်မြုပ်လုပ်ဆောင်ပေးမှု၊ နိုင်ငံရေးအရနှင့်ငွေကြေးအရထောက်ပံ့ပေးသောကွန်ယက်များကို လက်လှမ်းမီမှု၊ ရသင့်ရထိုက်သောအခကြေးငွေ၊ လူမှုအဆင့်အတန်းနှင့် နိုင်ငံရေးသြဇာ စသည်တို့ ပါဝင်သည်။ လိုအပ်ချက်များနှင့်ကိုက်ညီသူများ အဖြစ်မှ ရည်မှန်းထားသူအဖြစ်သို့ သွားသည့်အဆင့်နှင့် နောက်ဆုံး ပါတီမှအမည်စာရင်းတင်သွင်းရာတွင် အရွေးခံရသည့်အဆင့်များတွင် အမျိုးသမီးဦးရေနိမ့်ကျသွားသောကြောင့် ကျားမကွာဟချက်မြင့်မားလာသည်။

ပါတီ၏ဆုံးဖြတ်ချက်ချမှတ်သူများက "အလားအလာရှိသူ၊ ရည်မှန်းထားသူများ"ဟု အမည်စာရင်းတင်သွင်းသည့်အဆင့်သည် အမျိုးသမီးများရာထူးဌါနရရှိရေးအတွက် အရေးကြီးဆုံးသောအဆင့် ဖြစ်သည်။ ပါတီများသည် ပါတီအတွင်း၊ အပြင်နစ်ရပ်လုံးမှ ဖိအားပေးခံရပြီး ၎င်းဖိအားများသည် ရွေးကောက်ပွဲဝင်မည့်သူများအား အမည်စာရင်းတင်သွင်းခြင်းနှင့်သက်ဆိုင်သည့် ၎င်းတို့၏ဆုံးဖြတ်ချက်များပေါ်တွင် သက်ရောက်မှု ရှိသည်။ ပါတီများသို့အပြင်ဘက်မှသက်ရောက်သောဖိအားများတွင် မဲဆန္ဒရှင်များက ၎င်းတို့အားမည့်ကဲ့သို့ ရှုမြင်ကြမည်၊ ဆန်းစစ်အကဲဖြတ်ကြမည်၊ ထို့ကြောင့်ပင်လျှင် ၎င်းတို့သည်လည်း ပါတီအတွက်မဲအများဆုံးရှာပေးနိုင်မည့်ရွေးကောက်ပွဲဝင်မည့်သူများကို အမည်တင်သွင်းကောင်း တင်သွင်းနိုင်သည်။ မသေချာမရေရာဟု ယူဆရသောရွေးကောက်ပွဲဝင်မည့်သူ (မကြာခဏ အမျိုးသမီးများ) များကို ပါတီမှ ရွေးချယ်မည်မဟုတ်ပေ။ ပါတီတွင်းအကြောင်းကို ပြောရလျှင် ရည်မှန်းထားသူတစ်ဦး၏ သမိုင်းမှတ်တမ်းများ၊ ပါတီတွင်းတက်ကြွလှုပ်ရှားမှုနှင့် ငွေကြေးရရှိနိုင်မှုများသည် အရေးပါသည်။ လက်ရှိနေရာရပြီးသား အမည်နာမအားဖြင့် လူသိများသည့် ပုဂ္ဂိုလ်များ သို့မဟုတ် ဒေသခံလူ့အဝိုင်းအဝန်းတွင် အလုပ်အကိုင်မှတဆင့်သော်လည်းကောင်း၊ မိသားစုဆက်ဆံရေးများမှတဆင့်သော်လည်းကောင်း ထင်သာမြင်သာရှိသောသူများသည် ပါတီ၏ထောက်ခံအားပေးမှုကို ရရှိနိုင်သည့် အခွင့်အလမ်းပိုများလေသည်။

ရွေးကောက်ပွဲဝင်မည့်သူများအား ရွေးချယ်ခြင်းသည် ပါတီတစ်ခုနှင့်တစ်ခု မတူညီကြပေ။ ၎င်းကို အခြားသောလက္ခဏာရပ်များဖြင့်လည်း ခွဲခြားနိုင်သည်။ ဥပမာ ရွေးချယ်သည့်ဖြစ်စဉ်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အတိုင်းအတာကဲ့သို လက္ခဏာရပ်များ ဖြစ်နိုင်သည်။ ပါတီ၏စည်းမျဉ်းစည်းကမ်းများနှင့် စံနှုန်းသတ်မှတ်ချက်များသည်လည်း ပါတီတစ်ရပ်က အမည်စာရင်းပြုစုသည့် အမှန်တကယ်ဖြစ်စဉ်ကို ဆောင်ရွက်ရာသည့် နည်းလမ်းကို သက်ရောက်မှုရှိသည်။ အမျိုးသမီးများအတွက် အမျိုးသမီးများ၏ကိုယ်စားပြုမှုကို အာမခံပေးထားသော

စည်းမျဉ်းစည်းကမ်းများပါဝင်သော အုပ်ချုပ်ရေးယန္တရားကိုအခြေပြုထားသည့် စနစ်များသည် အရေးကြီးသည့် အားသက်ချက်တစ်ရပ် ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများကို ရေးမထားပါက အာဏာစက်ဝိုင်း၏အတွင်းပိုင်းသို့ ထိုးဖောက်နိုင်သည့် မဟာဗျူဟာတစ်ရပ်ကို တပ်ဆင်အကောင်အထည်ဖော်ရန် ပိုမိုခက်ခဲပြီး၊ ၎င်းစည်းကမ်းစည်းမျဉ်းများကို အကောင်အထည်မဖော်လျှင်လည်း တာဝန်ခံမှု မရှိပေ။ အတွင်းပိုင်း ဖွဲ့စည်းပုံအားနည်းခြင်း၊ အတွင်းပိုင်းတွင် ဒီမိုကရေစီမရှိခြင်း သို့မဟုတ် ခေါ်ယူစုဆောင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတိကျသော စည်းမျဉ်းစည်းကမ်းများမရှိခြင်း စသည်တို့ဖြစ်နေလျှင် ဆုံးဖြတ်ချက်များကို အခွင့်ထူးခံအဖွဲ့ဝင်အနည်းငယ် ပုံမှန်အားဖြင့် အမျိုးသားများ ကသာပြုလုပ်လေ့ရှိကြသည်။ အမျိုးသမီးများသည် အမြဲတမ်းလိုလို အပြင်ဘက်တွင်ရှိပြီး "ကျားသီးသန့်" ကွန်ယက်များမှ ဖယ်ကျဉ်ထားခြင်း ခံရသည်။ ထောက်ခံအားပေးမှုစနစ်များသည် အတော်အတန် ပိတ်နေပြီး အမျိုးသမီးများ၏ ရွေးကောက်ပွဲဝင်မည့်သူဖြစ်နေခြင်းကို မြှင့်တင်ပေးမည့်အလားအလာမရှိပေ။ ဖြစ်သင့်သည့်အရာမှာ အမည်စာရင်းတင်သွင်းသည့် လုပ်ငန်းစဉ်များကို တရားဝင်စည်းစနစ်ကျစေရန်နှင့် ထင်သာမြင်သာရှိစေရန် ပြုလုပ်သင့်သည်။ သို့မှသာ ကိုယ်စားပြုမှုတွင် ပိုမိုမျှတမှု ရှိမည်ဖြစ်သည်။

အမျိုးသမီးများသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်တွင် ကြုံတွေ့ရသော အတားအဆီးများနှင့် ပါတီမှ အမည်စာရင်းတင်သွင်းရာတွင် ရွေးချယ်ခံရရေးအတွက် စိန်ခေါ်ချက်များကြောင့်သာ နိုင်ငံရေးပါတီများသည် အထူးဖြေရှင်းနည်းလမ်းများကို အဆိုပြုခဲ့ပြီး ကိစ္စရပ်အမြောက်အများတွင် အကောင်အထည်ဖော်ခဲ့သည်။ ၎င်းနည်းလမ်းများတွင် အမျိုးသမီးများအား ပါတီသို့ဆွဲဆောင်ရန်အတွက် မက်လုံးများ ပေးခြင်း (ဥပမာ မဲဆွယ်စည်းရုံးရေးအတွက် ငွေကြေးထောက်ပံ့ပေးခြင်း) သို့မဟုတ် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများအား သင်တန်းပို့ချပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ပေးခြင်း၊ ရွေးကောက်ပွဲဝင်မည့်လူဦးရေ၏ တစ်စုံတစ်ခုသော အရေအတွက်ကို အမျိုးသမီးများအဖြစ် ပါတီအတွင်းယာထားချက်တစ်ရပ်ထားရှိခြင်း စသည်တို့ပါဝင်သည်။ ဤကဲ့သို့သောနည်းလမ်းများကို ဥပဒေပြုရေးမဏ္ဍိုင်မှလည်း ကာကွယ်ပေးနိုင်သည်။ သို့သော် ပါတီများသည် မကြာခဏ ဤနည်းလမ်းများကို မိမိဆန္ဒအလျောက် ကျင့်သုံးခဲ့ကြသည်။





## ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးများအတွက် ခွဲတမ်းများ

ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော မဟာဗျူဟာအမျိုးမျိုးထဲမှ နိုင်ငံရေးပါတီများမှ မိမိတို့ဆန္ဒအလျောက် ကျင့်သုံး၍ဖြစ်စေ၊ ရွေးကောက်ပွဲဥပဒေများက ပြဌာန်းပေး၍ဖြစ်စေ ရွေးကောက်ပွဲဆိုင်ရာ ခွဲတမ်းစနစ် ပုံစံတစ်မျိုးမျိုးကို ထည့်သွင်းဆွေးနွေးခဲ့သော ကိစ္စရပ်အားလုံးတွင် အသုံးပြုခဲ့သည်။ ဤကဲ့သို့ကိစ္စရပ်အားလုံးတွင် ပါဝင်ခြင်းသည် တမင်တကာရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသုတေသန သည် အမျိုးသမီးများကို ကူညီထောက်ပံ့ပေးရန် ကမ္ဘာတစ်ဝှမ်းလုံးရှိနိုင်ငံရေးပါတီများမှ အသုံးပြုခဲ့သော ချဉ်းကပ်နည်းမျိုးစုံကို မှတ်တမ်းတင်ပြရန်နိုင်ရန်ဖြစ်သောကြောင့် ရွေးကောက်ပွဲဆိုင်ရာခွဲတမ်းစနစ်အပြင် အခြားထူးခြားသောဥပမာနည်းလမ်းများကို တင်ပြရန်ရည်ရွယ်ခဲ့သည်။ သို့ရာတွင် အထင်ရှားဆုံးနှင့် အကျယ်ပြန့်ဆုံး လက်ရှိသုံးနေသော နည်းလမ်းထူးမှာ ရွေးကောက်ပွဲဆိုင်ရာခွဲတမ်းစနစ် ဖြစ်ပြီး ၎င်းတည်ခုတည်း ကိုသော်လည်းကောင်း၊ အခြားသောလုပ်ဆောင်ချက်များနှင့် ပူးတွဲ၍သော်လည်းကောင်း အသုံးပြုခဲ့သည်။ ဤနည်းအားဖြင့် ဤဆန့်စစ်လေ့လာချက်များ၌တွေ့ရသော ခွဲတမ်းစနစ်များ အကြိမ်အရေအတွက်သည် လက်ရှိသုတေသနအား နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးလောကတွင် အမျိုးသမီးအရေအတွက် ပိုမိုတိုးလာစေရန် အတွက် ခွဲတမ်းစနစ်သည် ဆက်လက်၍ ပြတ်သားမှုအရှိဆုံး၊ ငွေကြေးအချိန်အသက်သာဆုံးနှင့် လူကြိုက်အများဆုံး နည်းလမ်းဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာ ရွေးကောက်ခံမည့်လူဦးရေခွဲတမ်းသည် အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်ပြုလုပ်နိုင်သည့်အဖွဲ့များသို့ ပိုမိုလက်လှမ်းမှီမှုရှိလာစေရန် အရေးကြီး သော မူဝါဒရေးရာ အသုံးချပစ္စည်းတစ်ခု ဖြစ်သည်။ စနစ်တကျမှန်မှန်ကန်ကန် အကောင်အထည်ဖော်လျှင် ထိုခွဲတမ်းများသည် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ပြုလုပ်နိုင်သောရာထူးနေရာများသို့ ဝင်ခွင့်ကို နိုင်ငံရေးပါတီ ခေါင်းဆောင်များ သို့မဟုတ် ရွေးကောက်ပွဲဝင်မည့်သူရွေးချယ်သည့်ကော်မတီများ၏ စိတ်စေတနာကောင်းများ ပေါ်တွင် ပုံအပ်ထားခြင်းထက် ပိုမိုသေချာစေသည်။ ခွဲတမ်းစနစ်ကို စတင်ကျင့်သုံးခြင်းသည် နိုင်ငံတကာအဖွဲ့ အစည်းများမှ လမ်းညွှန်ပြသမှု၊ အကြံပြုချက်များ၏ လွှမ်းမိုးမှုများကြောင့် ဖြစ်သည်။ ဘေဂျင်းလုပ်ရှားမှု ပလက်ဖောင်း(BPFA) တွင်ချမှတ်ထားသကဲ့သို့ ခွဲတမ်းများသည် အမျိုးသမီးကဲ့သို့သော ရွေးကောက်ပွဲနှင့်သက် ဆိုင်သည့်အုပ်စုများ၏အဖွဲ့ဝင်များသည် ကိုယ်စားပြုအဖွဲ့အစည်းများတွင် ကိုယ်စားလှယ်အဖြစ်သော်လည်း ကောင်း၊ ရွေးကောက်ပွဲဝင်မည့်သူအဖြစ်သော်လည်းကောင်း၊ ရွေးကောက်ခံရသော အရာရှိအဖြစ်သော် လည်းကောင်း အနည်းဆုံးပြဌါန်းထားသောပမာဏ ပါဝင်နိုင်စေရန် အာမခံပေးသည့် နည်းလမ်းတစ်ခု ဖြစ်သည်။

အရေးတကြီးမှတ်သားသင့်သည့်အချက်မှာ ခွဲတမ်းဥပဒေများကို ကျား၊မကြားနေသောနည်းလမ်းများဖြင့် ရေးဆွဲထားပြီး အမြဲတမ်းလိုလို ကိုယ်စားပြုမှုနည်းပါးသောလိင်(ကျား/မ) သို့မဟုတ် လိင်နှစ်ခုစလုံး(ကျား၊မ) အတွက် အနည်းဆုံးလိုအပ်သော ရာခိုင်နှုန်းကို ဖော်ပြထားသည်။ သို့ရာတွင် အမျိုးသမီးများသည် ခြွင်းချက်မရှိ သလောက် ကိုယ်စားပြုမှုနည်းသောလိင်ဖြစ်သောကြောင့် ရွေးကောက်ပွဲခွဲတမ်းကို အမျိုးသမီးခွဲတမ်းအဖြစ် မကြာခဏ ရည်ညွှန်းပြောဆိုကြသည်။ ဤအချက်ကိုယူကာ ရွေးကောက်ပွဲခွဲတမ်းများသည် အမျိုးသမီးကိုသာ

ကိုယ်စားပြုသည် သို့မဟုတ် အမျိုးသမီးများအား မမျှတသော အားသာချက်ကိုပေးသည်ဟု မယူဆသင့်ပေ။ ၎င်းထက် ခွဲတမ်းများသည် ကိုယ်စားပြုမှုတွင် အချိုးမညီမှုကို ဖြေရှင်းမည့် နည်းလမ်းများအဖြစ် ယူဆသင့်ပေသည်။

## ခွဲတမ်းအမျိုးအစားများ

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများခွဲတမ်းနှင့် ယာထားသောနေရာများ အစရှိသော အဖွဲ့ဝင်သစ်စုဆောင်းခြင်းလုပ်ငန်းစဉ်၌ နေရာပေးခံချထားခံရမှု အပေါ်မူတည်ပြီး အဓိကရွေးကောက်ပွဲဆိုင်ရာ ခွဲတမ်းနှစ်မျိုး ရှိပါသည်။

ရွေးကောက်ပွဲဝင်ပြိုင်သူများခွဲတမ်းသည် မိမိဆန္ဒအလျောက်သော်လည်းကောင်း၊ ဥပဒေပြဌာန်း၍သော်လည်းကောင်း ဖြစ်နိုင်ပါသည်။

**မိမိဆန္ဒအရပြဌာန်းသောခွဲတမ်းစနစ်**

ဤခွဲတမ်းမျိုးကို နိုင်ငံရေးပါတီများ၏ ဆန္ဒအလျောက်ပြဌာန်းပြီး ရွေးကောက်ပွဲဝင်မည့်သူများအား အမည်စာရင်းတွင်သွင်းသည့် စည်းမည်းများ နှင့်/(ဝါ) ပါတီ၏ဖွဲ့စည်းပုံအခြေခံတွင် ထည့်သွင်းဖော်ပြထားသည်။

**ဥပဒေပြုထားသောခွဲတမ်းစနစ်**

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ (သို့မဟုတ်) ပါတီဥပဒေက၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အမျိုးသမီးများ ပါဝင်မှုကို အနည်းဆုံးပမာဏတစ်ခုသတ်မှတ် ပြဌာန်းထားသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူခွဲတမ်းများသည် ရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းထားသော ရွေကောက်ပွဲဝင်များထဲတွင် တစ်စုံတစ်ရာသောပမာဏသည် အမျိုးသမီးများဖြစ်စေရန် သေချာအောင်ပြုလုပ်ထားခြင်းဖြင့် ရွေးကောက်ပွဲဝင်လူဦးရေအပေါ်တွင် သက်ရောက်မှုရှိစေရန် ကြိုးပမ်းလုပ်ဆောင်ထားသည်။ ဤခွဲတမ်းများကိုလည်း အနည်းဆုံးသောအမျိုးသမီးပမာဏကို သတ်မှတ်ပေးထားသားသည့် တရားဝင်ဥပဒေအဖြစ်ပြဌာန်း၍သော်လည်းကောင်း၊ နိုင်ငံရေးပါတီများက တိကျသော ရွေးကောက်ပွဲယှဉ်ပြိုင်မည့်အမျိုသမီးဦးရေကို ၎င်းတို့၏သဘောဆန္ဒအလျောက် ပြဌါန်းပေးထားသည့် စနစ်မျိုးဖြစ်နိုင်သည်။

နိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

**ယာထားသောနေရာများက** ဥပဒေပြုလွှတ်တော် (သို့မဟုတ်) ပါလီမန်တွင် နေရာအချို့ကို အမျိုးသမီးများအားပေးရမည်ဟု တိတိကျကျ ဖော်ပြထားသည်။

## ရွေးကောက်ပွဲဝင်မည့်သူများခွဲတမ်း

ယခုအခါ နိုင်ငံပေါင်း(၅၈)သည် ရွေးကောက်ပွဲဝင်ရောက်မည့်သူ ခွဲတန်းများအား အမျိုးသမီးများအတွက် ဥပဒေအဖြစ် ပြဋ္ဌာန်းထားပြီး၊ ၎င်းတို့ထဲမှအချို့သည် ၁၉၉၀ပြည့်နှစ်များ၏ အစောပိုင်းကတည်းက စတင်အကောင်အထည်ဖော် ကျင့်သုံးခဲ့ကြသည်။ ခွဲတန်းများအား ဥပဒေအဖြစ်ပြဋ္ဌာန်းထားသည့်နိုင်ငံများတွင် နိုင်ငံရေးပါတီများသည် သူတို့၏ပါတီမှရွေးကောက်ပွဲဝင်မည့်သူများအား ရွေးချယ်ခြင်းလုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီဖြစ်စေရန် ပြောင်းလဲပေးကြရသည်။ ဥပဒေပြဋ္ဌာန်းပြီးခွဲတမ်းများအပြင် နိုင်ငံ(၃၈)မှ နိုင်ငံရေးပါတီရာပေါင်းများစွာသည် အမျိုးသမီးများအတွက်ခွဲတမ်းမူဝါဒများကို ၎င်းတို့၏ဆန္ဒသဘောအလျောက် ပြဋ္ဌာန်းခဲ့ကြသည်။ ဤကဲ့သို့သောအခြေအနေများတွင် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲအတွက် ၎င်းတို့ဖြစ်သင့်သည်ဟုထင်သော ရွေးကောက်ပွဲဝင်အမျိုးသမီးအချိုးအစား သို့မဟုတ် မှန်းဆပမာဏကို သတ်မှတ်ကြသည်။

ပါတီ၏စာရင်းတွင် ရွေးကောက်ပွဲဝင်အမျိုးသမီးအချိုးအစားတစ်ရပ် ပါဝင်စေရန်အတွက် ဆန္ဒသဘောဖြင့် ပြဋ္ဌာန်းခဲ့သည့် တိတိကျကျဥပမာပါတီအချို့မှာ အောက်ပါတို့ ဖြစ်ကြသည်။

**ဘာကီနား ဖာဆို**

ဒီမိုကရေစီပါတီ(CDP)၏ ညီလာခံမှ ၂၀၀၇ ခုနှစ် ပါလီမန်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ပါတီစာရင်းများတွင် ၂၅ ရာခိုင်နှုန်းခွဲတမ်းကို အမျိုးသမီးများအတွက် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

**လူဇမ်းဘက်**

ခရစ်ယာန်ပြည်သူ့လူမှုပါတီ (CSV) သည် ၎င်းတို့၏ပါတီစာရင်းများတွင် ရွေးကောက်ပွဲဝင် အမျိုးသမီးသတ်မှတ်ပမာဏ ၃၃ ရာခိုင်နှုန်း ရည်ရွယ်ပြဋ္ဌာန်းထားသည်။

**မော်ရိုကို**

ဆိုရှယ်လစ်ပြည်ထောင်စု၏ကျော်ကြားသောအင်အားစုများပါတီသည် ရွေးကောက်ပွဲဆိုင်ရာယှဉ်ပြိုင်မည့်သူများစာရင်းများတွင် အမျိုးသမီးကိုယ်စားပြုမှု ခွဲတမ်းပမာဏ ၂၀ ရာခိုင်နှုန်းကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

**တောင်အာဖရိက**

ANC ပါတီ၏ ၂၀၀၃ခုနှစ် အမျိုးသားအဆင့်ရွေးကောက်ပွဲများအတက် စာရင်းပြဌာန်းသည့်လုပ်ငန်းစဉ်တွင် ပါတီစာရင်း၏ ၃ ပုံ ၁ ပုံကို အမျိုးသမီးများအတွက် ခွဲတမ်းအဖြစ် သတ်မှတ်ပြဌာန်းပေးခဲ့သည်။ ၎င်းခွဲတမ်း ပမာဏကို ၂၀၀၉ ခုနှစ်ရွေး ကောက်ပွဲမတိုင်မီကာလတွင် ၅၀ ရာခိုင်နှုန်း အထိတိုးမြှင့် ပြဌာန်းပေးခဲ့သည်။

**စပိန်**

ဆိုရှယ်လစ်ပါတီက ရွေးကောက်ပွဲဆိုင်ရာစာရင်းများအားလုံးတွင် ရွေးကောက်ပွဲဝင်ဦးရေအားလုံး၏ ၄၀ ရာခိုင်နှုန်းကို အမျိုးသမီးများအတွက်သာ ယာထားရေးဟူသော မူဝါဒတစ်ရပ်ကို ပြဌာန်းခဲ့သည်။

**ဩစတြေလျား၊ ကနေဒါနှင့် ယူကေ**

ရွေးကောက်ခံအမျိုးသမီးအရေအစားတိုးမြင့်လာစေရန် နိုင်ငံရေးပါတီများသည် အချို့သော အနိုင်ရနိုင်သည့် မဲဆန္ဒနယ်များ သို့မဟုတ် 'အာမခံချက် ရှိသော' နေရာများ တွင် အမျိုးသမီးများ ဝင်ရောက်ရွေးကောက်ခံနိုင်ရန် ကြိုးပမ်းခဲ့သည်။

## အကောင်အထည်ဖော်ကျင့်သုံးခြင်း

ခွဲတမ်းစနစ်များ ထိရောက်မှုရှိစေရန် အဓိကလိုအပ်သောအချက်များမှာ နေရာချထားခြင်းနှင့် အကောင်အထည်ဖော်ကျင့်သုံးခြင်း တို့ ဖြစ်သည်။ ပထမဦးဆုံးဥပမာတွင် အမျိုးသမီးများသည် ပါတီ၏စာရင်းတွင် အနိုင်ရနိုင်မည့် နေရာများတွင် ချထားပေးခြင်းမှ အကျိုးရရှိနိုင်သည်။ အကယ်၍ ၎င်းစာရင်းများ၏အောက်ဆုံးတွင်သာ နေရာချထားပါက သူတို့သည် ရွေးချယ်ခံရနိုင်သည့် အလားအလာ၊ အခွင့်အလမ်းများသည် မဆိုစလောက်သာ ရှိနိုင်သည်။ ဒုတိယဥပမာတွင် ဥပဒေပြုပြဌာန်းထားသော ရွေးကောက်ပွဲဝင်သူခွဲတမ်းများသည် ပြဌာန်းချက်များကို မလိုက်နာမှုများကို ပိတ်ဆို့အရေးယူဆောင်ရွက်မှာသာ ပိုမိုထိရောက်လေသည်။ ဖော်ပြထားသောခွဲတမ်း တစ်ရပ်သည် ပါတီမှ ဆန္ဒအရသတ်မှတ်ထားခြင်းဖြင့်သော်လည်းကောင်း၊ ဥပဒေအဖြစ်ပြဌာန်းထားခြင်းဖြင့်သော်လည်းကောင်း မည်သို့ပင်ရှိစေကာမူ အမှန်တကယ်ကျင့်သုံးရန်အတွက် ခက်ခဲသောမှန်းဆပမာဏ တစ်ရပ်ကို ပြဌာန်းထားကောင်းထားနိုင်သည်။ ခက်ခဲစေသည့် အကြောင်းအရာများမှာ ပြဌာန်းထားသော ဥပဒေတွင် ထိုမှန်းဆပမာဏကို ရောက်ရှိအောင်မည်ကဲ့သို့ လုပ်ရမည်ကို တိတိကျကျရေးမထား၍သော်လည်း ကောင်း၊ အကောင်အထည်ဖော်ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများမရှိသောအခါတွင် နိုင်ငံရေးပါတီများသည် ၎င်းခွဲတမ်းကို အလေးမထား၍သော်လည်းကောင်း ဖြစ်တတ်လေသည်။ အခြားတဖက်တွင်လည်း မဖြစ်မနေ လုပ်ရမည့်ခွဲတမ်းမတစ်ရပ်သည် မှန်းဆပမာဏတစ်ရပ်ကို သတ်မှတ်ပေးသည်သာမက နေရာချထားခြင်း ပြဌာန်းချက်မှတဆင့် မည်ကဲ့သို့အကောင် အထည်ဖော်ရမည်ကိုလည်း တိတိကျကျဖော်ပြပေးသည်။ ဥပဒေ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

သို့မဟုတ် ပါတီစည်းမျဉ်းများသည် ပါတီ၏စာရင်းများရှိ အနိုင်ရနိုင်သောနေရာများ ဆိုလိုသည်မှာ စာရင်း၏ ဒုတိယနှင့် တတိယနေရာများတွင် အမျိုးသမီးများအား နေရာပေးရန် ဖြေရှင်းနည်းများကို စတင်ဆောင်ရွက်ပေးနိုင်သည်။ ပါတီ၏ရွေးကောက်ပွဲဆိုင်ရာစာရင်းများကို ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ သို့မဟုတ် ပါတီအမည်စာရင်းတင်သွင်းသည့် ကော်မတီများက ထိုစာရင်းများက ပြဋ္ဌာန်းချက်များနှင့် မဆီလျော်ပါက လက်မခံဘဲထားနိုင်သည်။

## ကျင့်သုံးခဲ့သောမဟာဗျူဟာရပ်များ

အောက်တွင်ဖော်ပြထားသည့် ဖြစ်ရပ်လေ့လာချက်များနှင့် အခြားသောသုတေသနများမှ ကောက်ယူထားသော မဟာဗျူဟာရပ်များကို နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲဝင်များခေါ်ယူစုဆောင်းခြင်းလုပ်ငန်းစဉ်တွင် ကျား၊မတန်းတူညီမျှမှုမရှိခြင်းကို ဖြေရှင်းနိုင်မည့်လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ လမ်းညွှန်မှုများပေးရန် ပုံစံရေးဆွဲထားသည်။ ထို့အပြင် ဤမဟာဗျူရပ်များသည် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ပေးသည့် အဖွဲ့အစည်းများ၊ ပါတီဖောင်ဒေးရှင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်နေသော ၎င်းတို့၏အလုပ်များနှင့် အထောက်အပံ့အစီအစဉ်များအတွက် စိတ်ကူးစိတ်သန့်များပေးနိုင်သည်။

### (က) နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲဝင်ခွဲတမ်းများအား အားပေးထောက်ခံမှုများကို ချက်ချင်းလုပ်ဆောင်စေရန်နှင့် ပါတီ၏ပြဋ္ဌာန်းစည်းမျဉ်းဥပဒေများတွင် တရားဝင်ထည့်သွင်းရေးဆွဲရန်

ပါတီဖွဲ့စည်းပုံဥပဒေများနှင့် ပြဋ္ဌာန်းစည်းမျဉ်းဥပဒေများသည် နိုင်ငံရေးပါတီတစ်ရပ်၏ တရားဝင်စည်းကမ်းစည်းမျဉ်းများနှင့် မူဝါဒများအဖြစ် ထင်ဟပ်လေသည်။ ပါတီဖွဲ့စည်းပုံဥပဒေနှင့် ပါတီတွင်းပြဋ္ဌာန်းဥပဒေများတွင် ကျား၊မတန်းတူညီမျှရေး အခြေခံသဘောတရားများကို ထည့်သွင်းပြဋ္ဌာန်းပေးခြင်းသည် ပါတီ၏မျှော်မှန်းချက်ကို ဖော်ပြရန်နှင့် ခွဲတမ်းစနစ်ကဲ့သို့သောမျှော်မှန်းချက်ကိုအောင်မြင်ရန်အတွက်လိုအပ်သောမူဝါဒများကို ပြဋ္ဌာန်းရန် အရေးကြီးလေသည်။ အဲဆာဗာဒါ၊ အိန္ဒိယနှင့် မော်ရိုကို နိုင်ငံများရှိ အချို့သောနိုင်ငံရေးပါတီများသည် ကျား၊မတန်းတူညီမျှမှုကို အားပေးထောက်ခံပြီး၊ အမျိုးသမီးများ၏နိုင်ငံရေးပါဝင်ပတ်သက်မှုကို မြှင့်တင်ပေးသည့် ထိုကဲ့သို့သောထုတ်ပြန်ကြေငြာချက်များနှင့် ပြဋ္ဌာန်းဖော်ပြချက်များကို ၎င်းတို့၏မျှော်မှန်းချက်များနှင့် ပါတီတွင်းပြဋ္ဌာန်းဥပဒေများတွင် ထည့်သွင်းရေးသားဖော်ပြထားသည်။

### (ခ) ပါတီမှအမည်စာရင်းတင်သွင်းသည့်ကော်မတီများတွင် ရွေးကောက်ပွဲဝင်ခေါ်ယူစုဆောင်းမှုအတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းပေးပါ။

ရွေးကောက်ပွဲဝင်မည့်သူများခေါ်ယူစုဆောင်းသည့် စည်းမျဉ်းစည်းကမ်းများသည် ပါတီတစ်ခုနှင့်တစ်ခု မတူညီကြပေ။ သို့ရာတွင် လုပ်ငန်းစဉ်ဖြစ်သို့ပင်ရှိစေကာမူ အမျိုးသမီးများ၏ပါဝင်ပတ်သက်မှုကို အာမခံပေးထားသည့်

ရှင်းလင်းတိကျသော၊ ထင်သာမြင်သာရှိသော၊ တစည်းတရုံးတည်းဖြစ်အောင် ပေါင်းစပ်ထားသော စည်းမျဉ်း စည်းကမ်းများသည် အရေးပါသော အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများအား ရေးမထား သောအခါ ရွေးကောက်ပွဲဝင်များအားရွေးချယ်သည့်တာဝန်သည် အနည်းငယ်မျှသောပါတီခေါင်းဆောင်များ၏ လက်ထဲ၌သာရှိပြီး အမျိုးသမီးများအတွက် အမျိုးသားများနှင့်ယှဉ်ပြိုင်ရန်မျှတသော အခြေအနေရရှိနိုင်မှုခက်ခဲ သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများသည် များသောအားဖြင့် 'အမျိုးသားများဖြင့်သာဖွဲ့စည်းထား သောကွန်ယက်များ' မှ ဖယ်ကျဉ်ခံထားရသောကြောင့် ဖြစ်သည်။ ပိုမိုပူးပေါင်းပါဝင်မှုရှိစေရန်အလို့ငှါ ၎င်းလုပ်ငန်းစဉ်အားဖွင့်ပေးလိုက်ခြင်းသည် ပါတီအချို့မှခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ရွေးကောက်ပွဲဝင် မည့်သူများကို သတ်မှတ်ထားခြင်းမရှိသောလိုအပ်ချက်များအရ မိမိတို့စိတ်ကြိုက်လက်တို့ခေါ်ဆောင်ကာ ရွေးချယ်မည့်အလားအလာကု ိတားဆီးနိုင်သည်။ စည်းမျဉ်းစည်းကမ်းများသည် ရှင်းလင်းပြတ်သားသော အောင်မြင်ရမည့် မှန်းချက်များကို သတ်မှတ်ပေးသင့်သည်။

ဥပမာအားဖြင့် ကနေဒါနိုင်ငံ၏ လစ်ဘရယ်ပါတီတွင် ရွေးကောက်ပွဲဝင်ခေါ်ယူစုဆောင်းရာတွင် မတူကွဲပြားသူများပါဝင်စေရန်နှင့် အမျိုးသမီးများအားပါဝင်မှုနှင့်သက်ဆိုင်သော မည်းမျဉ်းစည်းကမ်းများကို လိုက်နာစေရန် ရွေးကောက်ပွဲဝင်ခေါ်ယူစုဆောင်းသည့်ကော်မတီတစ်ရပ်ကို ဖန်တီးခဲ့သည်။ ခရိုအေးရှားနိုင်ငံ၌ လူမှုဒီမိုကရက်တစ်ပါတီသည် လွှတ်တော်ဆိုင်ရာရွေးကောက်ပွဲနှင့် ဒေသန္တရအဆင့် စည်းဝေးပွဲများအတွက် တင်သွင်းသော ရွေးကောက်ပွဲဝင်စာရင်းများအားလုံးတွင် မိမိစိတ်ဆန္ဒဖြင့်ပြဌာန်းသော ခွဲတမ်းပမာဏ ၄၀ ရာခိုင်နှုန်းကို "ကိုယ်စားပြုမှုနည်း သောလိင်" အတွက် ပြဌာန်းပေးခဲ့သည်။ "ကိုယ်စားပြုမှုနည်းသောလိင်" ဟုသုံးနှုန်းခြင်းမှာ ခွဲတမ်းစနစ်သည် ခွဲခြားဆက်ဆံမှုရှိပြီး အမျိုးသမီးများ၏ရွေးကောက်ခံရမှုနှင့်သာ သက်ဆိုင်ကြောင်း စိုးရိမ်နေသူများမှ ကန့်ကွက်မှုများမဖြစ်လာစေရန် ရည်ရွယ်ပါသည်။

## (ဂ) နိုင်ခြေရှိသောနေရာများတွင် နေရာချထားပေးခြင်းနှင့် ခွဲတမ်းအားအကောင်အထည်ဖော် ဆောင်ခြင်းကို သေချာအောင်လုပ်ပါ။

အထိရောက်ဆုံးသောခွဲတမ်းစနစ်များမှာ အမျိုးသမီးများအားနိုင်ခြေရှိသော နေရာများ၊ ခရိုင်များတွင် နေရာချ ထားပေးရန်တိကျစွာဖော်ပြထားပြီး၊ ၎င်းခွဲတမ်းများအားအကော်အထည်ဖော်စေရန် လက်တွေ့ကျင့်သုံးမည့် လုပ်ထုံးလုပ်နည်းများ ပြဌာန်းပေးသည့် ခွဲတမ်းများ ဖြစ်သည်။ ပါတီအမြောက်အများသည် အမျိုးသမီးများ အတွက်ရှိရမည့် ရွေးကောက်ပွဲဝင်အချိုးအစားကိုသာဖော်ပြကြပြီး ၎င်းတို့အားပါတီစာရင်း၌ မည်သည့်နေရာ တွင်ရှိကြောင်းလည်း သတ်မှတ်ပေးထားသည်။ ဥပမာအားဖြင့် ဆွီဒင်နိုင်ငံ၌ ဆိုရှယ်ဒီမိုကရက်တစ်ပါတီသည် ရွေးကောက်ပွဲဝင်စာရင်းများ တလျှောက် အမျိုးသား၊ အမျိုးသမီးတလှည့်စီ စီတန်းရေးသားထားသော 'မြင်းကျား' သို့မဟုတ် 'ဇစ်ကြိုး' သဖွယ်စာရင်းများကို နှစ်ပေါင်းများစွာ ပြုစုရေးသားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဒီမိုကရက်တစ်လွတ်မြောက်ရေးပါတီ (PDIP) သည် အမျိုးသမီးများအား ၂၀၀၉ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ များတွင် ပါတီအနိုင်ရရေးအတွက် ၎င်းတို့၏မြောက်များစွာသော ခရိုင်များအတွက်ပါတီစာရင်းများတွင်

ထိပ်ဆုံး၌နေရာထားပေးခဲ့သည်။ ကိုစတာရီကာနိုင်ငံတွင် ခရစ်ယာန်လူမှုညီညွှတ်ရေးပါတီ (PUSC) ပါတီသည် ရွေးကောက်ပွဲအတွက်စာရင်းများတွင် အမျိုးသား၊ အမျိုးသမီး ရွေးကောက်ပွဲဝင်များကို အလှည့်ကျ စဉ်တန်းဖော်ပြခဲ့သည်။



ပါတီမှ၌ခွဲတမ်းများကို အကောင်အထည်ဖော်ကျင့်သုံးရာတွင် အထိရောက်ဆုံးသောနည်းလမ်းမှာ ခွဲတမ်းစည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိသော မည်သည့်ပါတီစာရင်း သို့မဟုတ် ပါတီတွင်းရွေးကောက်ပွဲဝင် ခေါ်ယူစုဆောင်းသည့်လုပ်ငန်းစဉ်များကို ငြင်းဆိုရန် ပါတီ၏ အုပ်ချုပ်ရေးကော်မတီနှင့် ရွေးကောက်ပွဲဝင်ရွေးချယ်သည့် ကော်မတီကို အင်အားကောင်းအောင်လုပ်ခြင်း ဖြစ်သည်။ ဥပမာ အဲလ်ဆဲလ်ဗားဒါးနိုင်ငံ၏ FMLN ပါတီသည် အမျိုးသမီးများအတွက် ခွဲတမ်းပမာဏ ၃၅ ရာခိုင်နှုန်းကျင့်သုံးစေရန် အမျိုးသမီးအတွင်းဝန်က ဆောင်ရွက်ပေးခဲ့သည်။ ကနေဒါနိုင်ငံတွင် လစ်ဘရယ်ပါတီ၏ ဗဟိုပါတီကော်မတီက ရွေးချယ်အမည်တင်သွင်းခံရသူများ၏ သုံးပုံတစ်ပုံသည် အမျိုးသမီးများ မဟုတ်လျှင် ရွေးကောက်ပွဲဝင်များရွေးချယ်အမည်တင်သွင်းမှုကို မှန်ကန်ကြောင်းအတည်မပြုပေးဘဲ ရွေးချယ်အမည်တင်သွင်းမှုကို လွှမ်းမိုးကာ ၎င်းတို့ကိုယ်တိုင်ရွေးချယ်ပေးသည့် ရွေးကောက်ပွဲဝင်များကို နေရာပေးလိမ့်မည်။ ဩစတြေးလျနိုင်ငံ၏ လေဘာပါတီခွဲတမ်းက ၄၀ ရာခိုင်နှုန်းသောအမျိုးသမီး ရွေးကောက်ပွဲဝင်များကို ပြည်နယ်နှင့်ဖယ်ဒရယ်လွှတ်တော်များတွင် 'နိုင်ခြေရှိသော နေရာများ၌ နေရာချထားပေးရန်လိုအပ်လေသည်။ အကယ်၍ ရွေးကောက်ပွဲဝင်စာရင်းများတွင် လုံလောက်သော အမျိုးသမီးအရေအတွက် မရှိပါက ပြည်နယ်နှင့် ဖယ်ဒရယ်အုပ်ချုပ်ရေးကော်မတီများသည် ရွေးကောက်ပွဲဝင်များအား ရွေးကောက်ပွဲအကြို မဲပေးရွေးချယ်မှု သို့မဟုတ် ကြိုတင်ရွေးချယ်မှုများ ပြုလုပ်ရန် ပြောနိုင်သည်။

ဥပဒေအဖြစ်ပြဋ္ဌာန်းထားသော ခွဲတမ်းများကျင့်သုံးသည့်နေရာများတွင် နောက်ထပ်ဖြေရှင်းနည်းတစ်ရပ်မှာ ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့ (ရွေးကောက်ပွဲကော်မရှင်)သည် ခွဲတမ်းစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်မှုအား ကြီးကြပ်သင့်ပြီး၊ လက်ရှိထုတ်ပြန်ထားသောဥပဒေအား ကိုက်ညီအောင်ဆောင်ရွက်မှုရှိမရှိ သေချာအောင်လုပ်နိုင်မည့် နည်းလမ်းများနှင့်အာဏာရှိသင့်သည်။ လက်တင်အမေရိကနှင့် အခြားသောဒေသ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

များတွင် ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့သည် ပါတီများမှတင်ပြသည့်ရွေးကောက်ပွဲဝင်စာရင်းများသည် ဥပဒေ၏လိုအပ်ချက်များနှင့်မညီညွှတ်မချင်း လက်ခံမှတ်တမ်းတင်ပေးမည် မဟုတ်ပေ။

### (ဃ) လိုက်နာမှုရှိမရှိကို စောင့်ကြည့်နိုင်ရန် အရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ပါ။

ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့များနှင့် ပါတီတွင်းကော်မတီများအပြင် အရပ်ဖက်အဖွဲ့အစည်းများသည်လည်း နိုင်ငံအများအပြားတွင် နိုင်ငံရေးပါတီများသည် ခွဲတမ်းဥပဒေများကို လိုက်နာမှုရှိမရှိ စောင့်ကြည့်လေ့လာခြင်းဖြင့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံရေးပါတီများအား ကတိကဝတ်များအားအကောင်အထည်ဖော်ဆောင်ပေးရန်နှင့် ပါတီခေါင်းဆောင်များကို တာဝန်ခံအောင် ဖိအားပေးရာတွင် လွန်စွာအကောက်အကူပြုလေသည်။ ဥပမာအားဖြင့် အာမေးနီးယားနိုင်ရှိ အမျိုးသမီးခေါင်းဆောင်မှုဖိုရမ်ဟုခေါ်သော ဘက်မလိုက်သည့် အရပ်ဘက်အဖွဲ့အစည်းသည် ပါတီခေါင်းဆောင်မှုပိုင်းနှင့်သီးသန့်တွေ့ဆုံညှိနှိုင်းမှုများ၊ ပါတီများအနေဖြင့် ၎င်းတို့၏အာမခံချက်များကို ဂုဏ်သရေရှိစွာထိန်းသိမ်းစေရန် ဖိအားပေးသည့်သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း စသည်တို့ကို ပေါင်းစပ်ထားသော မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် PAN ပါတီမှ အမျိုးသမီးပါတီဝင်များသည် အခြားသော ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်သော မဟာမိတ်ဖွဲ့မှုကို အသုံးပြုကာ ကျား၊မခွဲတမ်းများအား အကောင်အထည်ဖော်ရန် တွန်းအားပေးခဲ့သည်။

### (င) အမျိုးသားများနှင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ပါ။

ပါတီအမြောက်အများတွင် ရွေးကောက်ပွဲဝင်ခွဲတမ်းများ သို့မဟုတ် ယာထားးနေရာများကဲ့သို့သော မူဝါဒများအတွက် အမျိုးသားကိုယ်စားပြုအရေးဆိုပေးသူများသည် ဤမူဝါဒများအတွက်ပါတီတွင်းအားပေးထောက်ခံမှုတည်ဆောက်ပေးရာတွင် အရေးကြီးသောအခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။ အကယ်၍ အမျိုးသမီးပါဝင်မှုသည် ပါတီခေါင်းဆောင်မှုပိုင်းမှ ပါတီဝင်အမျိုးသမီးများကိုအတွက်သာမဟုတ်ဘဲ ပါတီတစ်ရပ်လုံးကိုဖြစ်ထွန်းစေသည့် အကျိုးကျေးဇူးအဖြစ် နားလည်သဘောပေါက်လျှင် အမျိုးသားများသည် ပြုပြင်ပြောင်းလဲရေးများအား ရပ်တည်ကာကွယ်ပေးရာတွင် ပါဝင်ရမည်။ သြစတြေလျရှိ လေဘာပါတီ၊ ကနေဒါရှိ လစ်ဘရယ်ပါတီနှင့် စပိန်ရှိ ဆိုရှယ်လစ်ပါတီတို့တွင် အမျိုးသမီးများသည် ခွဲတမ်းပြုပြင်ပြောင်းလဲရေးကို ရပ်တည်ကာကွယ်ပေးခဲ့သော ပါတီအမျိုးသားခေါင်းဆောင်များနှင့် အတူအလုပ်လုပ်ခဲ့ကြသည်။ မက္ကဆီကိုနိုင်ငံရှိ PAN ပါတီမှ ပါတီဝင်အမျိုးသမီးများသည် ခွဲတမ်းပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ချက်ကို ထောက်ခံအားပေးရန်နှင့် ပါတီဝင်များ၏ ထောက်ခံအားပေးမှုရရှိစေရန် ၎င်းတို့၏ပါတီဝင်အမျိုးသားများအား ပညာပေးစည်းရုံးခဲ့သည်။ ဤထောက်ခံအားပေးမှုသည် ၎င်းဥပဒေအား လွှတ်တော်မှပြဌာန်းလာစေရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ပါတီတွင်းအမျိုးသား၊ အမျိုးသမီးနိုင်ငံရေးသမားများနှင့် ပါတီပြင်ပ အရပ်ဘက်အဖွဲ့အစည်းများမှ ထောက်ခံအားပေးမှုရရှိစေရန် နှစ်မျိုးနှစ်စားပါဝင်သောနည်းလမ်းသည် အလွန်ကောင်းမွန်သော ရလဒ်များကို ဖြစ်ထွန်းစေနိုင်သည်။

## (စ) ရွေးကောက်ပွဲဝင်အမျိုးသမီးဦးရေအားတိုးပွားအောင် ပြုလုပ်ပြီး စွမ်းရည်သင်တန်းများပေးပါ။

အချို့သောနိုင်ငံရေးပါတီခေါင်းဆောင်များက ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်အားထက်သန်မှုရှိပြီး၊ လိုအပ်သော မိမိကိုယ်ကိုယုံကြည်မှုနှင့် အတွေ့အကြုံများရှိသော သင်တန်းတက်ထားပြီးသား ရွေးကောက်ပွဲဝင် အမျိုးသမီးဦးရေ မလုံလောက်သောကြောင့် ပါတီသည် ခွဲတမ်းရည်မှန်းချက်ကို မပြည့်မီကြောင်း ငြင်းချက်ထုတ် ခဲ့ကြဖူးသည်။ ဤကိစ္စမျိုးသည် အကယ်၍နိုင်ငံရေးပါတီများကသာ ပါတီဝင်ဦးရေအတွက် ပါတီဝင်အမျိုးသမီး များအား ခေါ်ယူမစုဆောင်းပါက အမျိုးသမီးများသည် အပြောင်းအလဲဖြစ်စဉ်တွင် ဘေးထွက်ထိုင်နေတတ် သော ပဋိပက္ခလွန်နိုင်ငံများတွင် အထူးသဖြင့် တွေ့ရတတ်သည်။ ရွေးကောက်ပွဲဝင်ခွဲတမ်းများအား အကောင် အထည်ဖော်ဆောင်ရွက်ပေးသည့်အပြင် အမျိုးသမီးနိုင်ငံရေးပါဝင်မှုကို အထောက်အပံ့ဖြစ်စေသည့် အခြားသော လုပ်ထုံးလုပ်နည်းများကိုလည်း အားပေးရန် အရေးကြီးလေသည်။ ခွဲတမ်းစနစ်မကျင့်သုံးသော နိုင်ငံများတွင် ဤကဲ့သို့သော ဖြေရှင်းနည်းများသည် ပိုမိုအရေးကြီးသည်။

ရွေးကောက်ပွဲဝင်အမျိုးသမီးဦးရေကို တိုးချဲ့ရန်နှင့် ၎င်းတို့၏နိုင်ငံရေးစွမ်းဆောင်ချက်မှုများကို တည်ဆောက်ရန် မဟာဗျူဟာများတွင် ကမ္ဘောဒီးယား၌ ဝေးလံသောနယ်များသို့သွားကပြုလုပ်သည့်လှုပ်ရှားမှုများကို အားပေးကူညီခြင်းနှင့် သင်တန်းများပိုးချပေးခြင်း (ဝါ) မော်ရိုကိုနိုင်ငံ၌ ကိုယ်စားပြုအရေးဆိုသော မဟာဗျူဟာ ရပ်များနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ အကြံဉာဏ်များနှင့် လမ်းညွှန်မှုများပေးခြင်းစသည်တို့ပါဝင်သည်။ မော်ရိုကိုနိုင်ငံ၌ပင် အမျိုးသမီးအရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီမှတက်ကြွက်လှုပ်ရှားသူများသည် ခွဲတမ်းများအား မြှင့်တင်ပေးရန် စည်းရုံးလှုံ့ဆော်မှုပြုလုပ်စဉ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများ ရရှိခဲ့သည်။ ကနေဒါနိုင်ငံတွင် လစ်ဘရယ်ပါတီသည် ရွေးကောက်ပွဲဝင်အမျိုးသမီးရှာဖွေ ရေးညွှန်ကြားရေးမှူးတစ်ဦးကို ခန့်အပ်ကာ ပါတီအတွက်အမျိုးသမီးများခေါ်ယူစုဆောင်းရာတွင် ကူညီပေး ခဲ့သည်။ အင်ဒိုနီးရှားတွင် PDIPပါတီ၏ အမျိုးသမီးများစွမ်းရည်မြှင့်တင်ပေးရေးဌာနသည် ပါတီ၏သင်တန်းပို့ချ သည့်ဌာနနှင့်ပူးပေါင်းကာ ရွေးကောက်ပွဲဝင်အမျိုးသမီးများ၏နိုင်ငံရေးစွမ်းရည်များတိုးတက်စေရန် သင်တန်းအစီ အစဉ်တစ်ရပ်ကို စီစဉ်ပြီး အကောင်အထည်ဖော်ဆောင်ခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ဘရာဇီးရီပဘလစ်ပါတီ (PR)သည် အချို့သောပြည်နယ်များတွင် ကျား၊မတန်းတူညီမျှရေး အသိအမြင်များအတွက် ယာဉ်တန်းများအား လှည့်လည်ရန် စီစဉ်ခဲ့သည်။ ဤအစီအစဉ်သည် အမျိုးသမီးများ အားပါတီသို့ဝင်ရောက်ဖို့ အားပေးရန်နှင့် နယ်အဆင့်ရွေးကောက်ပွဲဝင်များဖြစ်နိုင်သော နယ်အဆင့်အမျိုးသမီး ခေါင်းဆောင်များကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ခဲ့သည်။ စိတ်ဝင်စားသောအမျိုးသမီးများအတွက် ပါတီမူဝါဒလမ်းစဉ်၊ ရည်ရွယ်ချက်များ၊ အောင်မြင်မှုများစသည်တို့နှင့်ပတ်သက်သော သင်တန်းချိန်များကို ပို့ချပေးခဲ့သည်။

နိုင်ငံရေးပါတီများအနေဖြင့် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ရွေးကောက်ပွဲယှဉ်ပြိုင်ခဲ့ဖူးသော အမျိုးသမီး များ၏ကွန်ယက် (ဝါ) အသိုင်းအဝိုင်းတစ်ရပ်အား အကျိုးရှိစွာထောက်ပံ့ကူညီနိုင်သည်။ ပါတီများသည် မဲဆန္ဒနယ်များနှင့် ဆက်သွယ်မှုများကို ပျိုးထောင်ပေးပြီး အနာဂါတ်တွင်ရွေးကောက်ပွဲဝင်ဖြစ်လာမည့်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အမျိုးသမီးများကိုလည်း အားပေးရန် ကူညီထောက်ပံ့နိုင်သည်။ ဂါနာနိုင်ငံတွင် နိုင်ငံရေးပါတီများဖြင့်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မအောင်မြင်ခဲ့သော အမျိုးသမီးစာရင်းတစ်ရပ်ကို သိမ်းထားရန်နှင့် ၎င်းတို့အား ပါတီလုပ်ရှားဆောင်ရွက်မှုများ၊ ရာထူးများတွင်ပြန်လည်ထားရှိပြီး အနာဂါတ်တွင် တဖန်ဝင်ရောက်ယှဉ်ပြိုင်မည့်စိတ်ပါဝင်စားမှုကို ပျိုးထောင်ပေးရန် ရည်ရွယ်ထားသည်။

### (ဆ) ဘက်မလိုက်သောဆက်ဆံရေးနှင့် အတွေ့အကြုံများမျှဝေမှုကို အားပေးပါ။

အပြောင်းအလဲဖြစ်ပေါ်သောနိုင်ငံများတွင် နိုင်ငံရေးပါတီများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်သောဆက်ဆံရေးများကို တန်ဖိုးထားသည်။

**ဆိုရှယ်လစ် နိုင်ငံတကာအမျိုးသမီး မူဝါဒ (၂၀၁၀)**

**ဆိုရှယ်လစ်နိုင်ငံတကာဖွဲ့၏အမျိုးသမီးဌါနခွဲ SIW သည် "အဖွဲ့ဝင်နိုင်ငံရေးပါတီများသည်.....ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်အဖွဲ့အားလုံးတွင် အမျိုးသမီး၊ အမျိုးသားတန်းတူညီမျှမှု (၅၀/၅၀) ဖြစ်လာစေမည့် ဖြေရှင်းနည်းများကိုမြှင့်တင်ပေးရန် ရွေးကောက်ခံနေရာများနှင့် ပါတီတွင်းခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီး၊ အမျိုးသား အနည်းဆုံးခွဲတမ်းပမာဏ ၃၀ ရာခိုင်နှုန်းမှစတင်သတ်မှတ်ရမည်။ နိုင်ငံရေးတွင် အမျိုးသမီးများ၏ ထင်မြင်ယူဆချက်များကိုညီမျှစွာပါဝင်စေရန် ၅၀/၅၀ ကိုယ်စားပြုမှုကို ရောက်သည်နှင့်တပြိုင်နက် လူမှုရေးအရမျှတမှုရှိသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် အချိန်သတ်မှတ်ချက်ပါသော ရည်မှန်းချက်များကို သတ်မှတ်ရမည်။"**

အချို့သောနိုင်ငံရေးပါတီများသည် ဥရောပအနောက်ပိုင်း သို့မဟုတ် မြောက်အမေရိကမှ ပါတီများကို အတွေ့အကြုံနှင့် နိုင်ငံရေးပါတီများ(ပါတီနိုင်ငံတကာအဖွဲ့များ)ဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအုပ်စုများနှင့် တစ်တန်းတည်းဖြစ်စေရန် မျှော်ကြည့်ကြသည်။ အချို့သောပါတီများအတွက် ခွဲတမ်းတစ်ရပ်ပြဌာန်းခြင်းသည် ၎င်းပါတီအနေဖြင့် ပိုမိုပွင့်လင်းလာ၍ ပါဝင်မှုပိုမိုစုံလင်လာကာ ရှေ့သို့ရောက်ကြောင်း သတင်းစကားတစ်ရပ်ကို ထုတ်လွှင့်ပေးသည်။ ဥပမာအားဖြင့် ဆိုရှယ်လစ်နိုင်ငံတကာအဖွဲ့နှင့် ပတ်သက်ဆက်နွယ်ရန်ကြိုးစားသော ပါတီများသည် အမျိုးသမီးများ၏နိုင်ငံရေးစွမ်းရည်မြှင့်မားစေရန် မြှင့်တင်ပေးမည့် နည်းလမ်းများကို ကျင့်သုံးရန် စိတ်အားထက်သန်ကြသည်။

## နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းများအား ငွေကြေးထောက်ပံ့မှု အခက်အခဲပြဿနာများ

နိုင်ငံတကာပါလီမန်ဆိုင်ရာသမ္မဂ္ဂ (IPU) မှ ပါလီမန်အမတ် ၃၀၀ အပေါ်တွင် ပြုလုပ်ခဲ့သော သုတေသနစစ်တမ်း က အမျိုးသမီးများအား နိုင်ငံရေးလောကသို့ ဝင်ရောက်ရန်ဟန့်တားနေသည့် ထင်ရှားသောအချက်များမှ တစ်ခု မှာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန် ငွေကြေးမရှိသောကြောင့်ဖြစ်ကြောင်း တွေ့ရှိခဲ့ သည်။ အမျိုးသမီးများသည် အကုန်အကျများသော မဲဆွယ်စည်းရုံးရေးများအတွက် လိုအပ်သောငွေကြေးကို ရှာဖွေရသည်သာမက ၎င်းတို့ပါတီများမှလည်း ငွေကြေးထောက်ပံ့မှု မဆိုစလောက် သို့မဟုတ် လုံးဝမရရှိကြပေ။ ရွေးကောက်ပွဲဝင်အမျိုးသမီးများအား ငွေကြေးကဏ္ဍမှ တိုက်ရိုက်သက်ရောက်မှုရှိသော အထူးသဖြင့် အဆင့်နှစ်ဆင့် ရှိသည်။ ၎င်းတို့မှာ (၁) အမည်စာရင်းတင်သွင်းခံရရန်နှင့် ရွေးကောက်ပွဲဝင်အဖြစ် ပါတီမှ ခေါ်ယူခံရရန် နှင့် (၂) ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကို ငွေကြေးထောက်ပံ့ကူညီပေးခြင်း စသည်တို့ ဖြစ်သည်။

ငွေကြေးပြဿနာသည် အမျိုးသားများကိုပါ သက်ရောက်မှုရှိသော်လည်း အမျိုးသမီးများသည် အကြောင်းအမျိုးမျိုးကြောင့် ငွေကြေးစိန်ခေါ်ချက်များကို ပိုမိုရင်ဆိုင်ရတတ်သည်။ ကမ္ဘာတစ်ဝှမ်းလုံးတွင် အမျိုးသမီးများ၏ စီးပွါးရေး အခြေအနေသည် အမျိုးသားများထက် နိမ့်ကျသည်။ ကျားမလူမှုရေးဖွဲ့တည်ဆောက်ပုံ အခန်းကဏ္ဍများသည် မိရိုးဖလာအစဉ်အလာအားဖြင့် အမျိုးသားများကို "အိမ်ထောင်ဦးစီးများ" ဖြစ်စေရန် အခြေအနေဖန်တီးထားသောကြောင့် အမျိုးသားများသည် ၎င်းတို့သုံးစွဲရန် ငွေကြေးကို ရှာဖွေတတ်သည့် အလေ့အထနှင့် အကျွမ်းတဝင်ရှိကြသည်။ အမျိုးသမီးများအား အစဉ်အလာအရ သီးသန့်လောကနှင့်သာ အဆင့်အတန်းလျော့ချထားသည့်အခါ သူတို့သည် သူတို့အတွက်ငွေကြေးကိုပင် ရှာဖွေသည့် အလေ့အထနှင့် ကျွမ်းဝင်မှု မရှိပေ။ သူတို့သည် ငွေကြေးရှာဖွေသည့်အခါများတွင် အမျိုးသမီးအများအပြားသည် ရလာသောငွေကြေးကို မိသားစုအတွက် လောလောဆယ်လိုအပ်ချက်များအတွက် ပိုမိုသုံးစွဲတတ်ကြသည်။

**ရွေးကောက်ပွဲဖြစ်စဉ်တွင် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများအတွက် နိုင်ငံရေးလောက၌ ငွေကြေးကဏ္ဍမှ တိုက်ရိုက်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ပုံစံနှစ်ရပ်**

**(၁) အမည်စာရင်းတင်သွင်းခံရရန်နှင့် ပါတီမှရွေးကောက်ပွဲဝင်အဖြစ် ခေါ်ယူခံရရန်အတွက် ငွေကြေးရှာဖွေပေးရခြင်း**

**(၂) ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းအတွက် ငွေကြေးသုံးစွဲရန် လုံလောက်သည့် ငွေကြေးရှာဖွေရခြင်း**

အမျိုးသားများသည် သူတို့အား ငွေကြေးအရင်းအမြစ်နှင့် ကျွမ်းကျင်မှုပေးနိုင်သော စီးပွါးရေးနှင့် အလုပ်အကိုင်ဆိုင်ရာကွန်ယက်များနှင့် ချိတ်ဆက်မှုပိုမိုရှိသောကြောင့် ပါတီဖွဲ့စည်းပုံများ၏ပြင်ပတွင် ပိုမိုထိရောက်စွာ မဲဆွယ်စည်းရုံးရေး လုပ်နိုင်ကောင်းလုပ်နိုင်လိမ့်မည်။ ယနေ့အချိန်အထိ ပါတီခေါင်းဆောင်မှုပိုင်များသည်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အမျိုးသားများလွှမ်းမိုးထားဆဲဖြစ်ပြီး အမျိုးသမီးများသည်အာဏာစက်ဝိုင်း၏ ပြင်ပတွင်ဖယ်ကျဉ်ထားခြင်း ခံထားရသောကြောင့် ကွန်ယက်မှပြောကြားချက်များသည် ပါတီအတွင်းတွင် "အမျိုးသားများဖြင့် သာတည်ဆောက်ထားသောကွန်ယက်" သို့တိုင် ပြန့်နှံ့နိုင်သည်။ ဤကွန်ယက်များတွင် အမျိုးသမီးများ မရှိခြင်း သည် ထိရောက်စွာမဲဆွယ်စည်းရုံးရန် လိုအပ်သောငွေကြေးအလုံအလောက်ကို ရှာဖွေရန်စွမ်းရည်များကို အတားအဆီးဖြစ်စေသည်။ အထူးသဖြင့် ကြာရှည်ခိုင်မာနေပြီးဖြစ်သော လက်ရှိတာဝန်ထမ်းဆောင်နေပြီးသား အမျိုးသားများကို ယှဉ်ပြိုင်အနိုင်ရရန်ကြိုးပမ်းသည့်အခါများတွင် ပိုမိုခက်ခဲနိုင်သည်။ ဤကိစ္စရပ်တွင် ရှိနိုင်သည့် ခြွင်းချက်မှာ သူတို့၏ ခင်ပွန်းများ၊ ဖခင်များနှင့် အကို၊ မောင်များသည် ကျော်ကြားသောနိုင်ငံရေးသမားများဖြစ် ကြလျှင် ထိုဆက်စပ်မှုသည် ၎င်းတို့အား မိသားစုအရင်းအနှီးများနှင့် အဆက်အသွယ်များကို ရရှိစေနိုင်သည်။

ဖွံ့ဖြိုးဆဲဒီမိုကရေစီများတွင် ပမာဏအားဖြင့်မများသည့် ရွေးကောက်ပွဲဝင်များပေးရသော ကြိုတင်ငွေကြေးကို ပေးရန်ပင် ငွေကြေးမရှိသောကြောင့် အမျိုးသမီးများသည် ရွေးကောက်ပွဲဖြစ်စဉ်မှ ဖယ်ကျဉ်ခံရတတ်သည်။ အရင်းအမြစ်ရှားပါးခြင်းသည် ပါတီအသစ်များအကြားတွင် သို့မဟုတ် လွှတ်တော်တွင် ကိုယ်စားပြုမှု မရှိသူများအတွက် အခက်ခဲဆုံး ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစိုးရ၏ငွေကြေး ထောက်ပံ့မှုကိုရရှိနိုသည့် အရည်အချင်းများနှင့်မကိုက်ညီသောကြောင့် ဖြစ်သည်။ ဤအခြေအနေများတွင် ရွေးကောက်ပွဲဝင်အမျိုးသမီးသည် သွားလာစရိတ်နှင့် မဲဆွယ်စည်းရုံးရာတွင် အသုံးပြုမည့်ပစ္စည်းများအတွက် လိုအပ်သောငွေကြေးကို ကိုယ်တိုင်ကိုယ်ကျရှာဖွေရသည်။ ၎င်းကိစ္စသည် အထူးသဖြင့် မဲဆန္ဒရှင်များကို ရောက်ရှိရန် သွားလာစရိတ်မြင့်မားသော ကျေးလက်ဒေသများတွင် ပိုမိုဒုက္ခဖြစ်စေသည်။

ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအတွင်း လိုအပ်သောငွေကြေးသည် အတက်အကျ ရှိနိုင်သည်။

အမျိုးသမီးများစောစီးစွာ ကြုံတွေ့ရသော အကြီးကျယ်ဆုံးစိန်ခေါ်မှုမှာ ပါတီတွင် အမည်စာရင်းတွင်သွင်းခံရရန် အတွက် အစောပိုင်းငွေကြေးအားရှာဖွေရခြင်း ဖြစ်သည်။ အစောပိုင်းငွေကြေးဆိုသည်မှာ ရွေးကောက်ပွဲဝင်ဖြစ် ရန်အတွက် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရန် ဦးဆုံးငွေကြေးရှာဖွေရခြင်း ဖြစ်သည်။ ၎င်းတွင် လူအများနှင့် ထိတွေ့ဆက်ဆံမှုများများဖြစ်အောင်လုပ်ဆောင်ရခြင်း၊ မိမိ၏အမည်အားမှတ်မိစေရန် တည်ဆောက်ရခြင်း၊ ခရီးသွားလာပြီး မဲဆွယ်စည်းရုံးရေးအဖွဲ့အတစ်ဖွဲ့ကို ဖွဲ့စည်းရခြင်းနှင့် အဆုံးတွင် ပါတီမှရွေးချယ်ရာတွင် အနိုင်ရ အောင်ဆောင်ရွက်ရခြင်း စသည်တို့ကို လုပ်ဆောင်ရသည်။ မဲဆွယ်စည်းရုံးမှုတစ်ခုအတွက် အစောပိုင်းငွေကြေး အတော်များများသည် ရွေးကောက်ပွဲဝင်မည့်သူကိုယ်တိုင်မှ လာပြီး ဤကဲ့သို့မိမိအတွက်မိမိငွေကြေးကိုကျခံ သုံးစွဲရခြင်းသည် အထူးသဖြင့်အမျိုးသမီးများအတွက် အဓိကပြဿနာတစ်ရပ် ဖြစ်သည်။ မိမိအမည်သည် စာရင်းတွင်ပါပြီးနောက်တွင် ပါတီမှကူညီထောက်ပံ့မှုများတိုးမြှင့်လာပြီး၊ လူအများရှေ့တွင်ပိုမိုမြင်သာမှုရှိလာ သောကြောင့် နောက်ထပ်ငွေကြေးအရင်းအမြစ်များကို ပိုမိုဆွဲဆောင်နိုင်လာလိမ့်မည်။

## အသုံးပြုလုပ်ဆောင်ခဲ့သောမဟာဗျူဟာများ

အောက်ပါမဟာဗျူဟာများသည် အမျိုးသမီးများ မဲဆွယ်စည်းရုံးရေးအတွက် ငွေကြေးရှာဖွေရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖြေရှင်းသည့်လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများကို အဓိကလမ်းညွှန်မှုဖြစ်စေရန် ပုံစံရေးဆွဲထားသည်။ ထို့အပြင် ဤမဟာဗျူဟာများသည် ဖွံ့ဖြိုးရေးထောက်ပံ့ကူညီနေသည့် အဖွဲ့အစည်းများ၊ ပါတီဖောင်ဒေးရှင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ၎င်းတို့နှင့်နိုင်ငံရေးပါတီများ ပူးပေါင်းလုပ်ဆောင်နေသောအလုပ်များ၊ နိုင်ငံရေးပါတီများအားကူညီထောက်ပံ့နေမှုများအတွက် စိတ်ကူးစိတ်သန်းကောင်းများ ရရှိစေရန် ရည်ရွယ်ပါသည်။

### (က) ငွေကြေးရှာဖွေပေးသည့်ကွန်ယက်များ တည်ထောင်ပါ။

အမျိုးသမီးများ၏ ငွေကြေးရှာဖွေပေးသည့်ကွန်ယက်များနှင့် အဖွဲ့အစည်းများသည် ရွေးကောက်ပွဲဝင် အမျိုးသမီးများဆီသို့ ငွေကြေးစီးဆင်းမှုရှိစေရန် ကြီးစွာသောသက်ရောက်မှုကို ဖြစ်စေသည်။ ဩစတြေးလျ၊ ကနေဒါ၊ ကမ္ဘောဒီးယား၊ ယူကေနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု စသည့်နိုင်ငံများမှ လေ့လာသုံးသပ်ချက်များက အမျိုးသမီးများအတွက် ငွေကြေးရှာဖွေစုဆောင်းရာတွင် ငွေကြေးရှာဖွေပေးသောအုပ်စုများသည် ဩဇာလွှမ်းမိုးနိုင်မှု အလွန်ကြီးကြောင်း ပြသခဲ့သည်။ ဤငွေကြေးရှာဖွေပေးသည့်ကွန်ယက်များသည် ပါတီ၏အမည်စာရင်းတွင်ထည့်သွင်းခံရရေးအတွက် ကြိုးပမ်းရာမှု၏အစောပိုင်းအဆင့်များတွင်လိုအပ်သော အရေးကြီးသည့် မတည်ငွေကြေးများကို ထောက်ပံ့ပေးနိုင်သည်။ ထို့အပြင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အစိုးရ၏ ကြေးထောက်ပံ့မှုများကိုမရရှိဘဲ ရွေးကောက်ပွဲဝင်မည့်သူကိုယ်တိုင် မိမိအတွက်ငွေကြေးကိုရှာဖွေရသည့်နေရာများတွင် မရှိမဖြစ် အရေးကြီးလှသည်။



ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပါတီအမည်စာရင်းတွင်ရွေးချယ်ခံရစေရန် အမျိုးသမီးများသည် အစပြုမည့်ငွေကြေးလိုအပ်ကြောင်းကို နားလည်သဘောပေါက်မှုသည် အမေရိကန်ပြည်ထောင်စုတွင် အမ်မလီ၏စာရင်းကိုတည်ထောင်ရန် စိတ်အားထက်သန်ရသည့် အဓိကအကြောင်းအရင်း ဖြစ်သည်။ တဆေးနှင့်တူသောအစပြုငွေကြေး (EMILY's) ၏ အမည်စာရင်းသည် အမေရိကန်နိုင်ငံရေးလောကတွင် တိုးတက်နေသည့်ဒီမိုကရက်တစ်ပါတီဝင်အမျိုးသမီးများအတွက် ငွေကြေးထောက်ပံ့ကူညီမှုများ ရရှိနိုင်မှုကိုတိုးမြှင့်ပေးသည်။ အမျိုးသမီးများသည် အမျိုးသားများကို ယှဉ်ပြိုင်နိုင်သည့်ရွေးကောက်ပွဲဝင်များအဖြစ် အလေးထားယုံကြည်နိုင်ရန် လိုအပ်သောမတည်ငွေကြေးကို မရှိကြပေ။ ထို့ကြောင့် EMILY စာရင်းကွန်ယက်သည် အစောပိုင်းငွေကြေးကိုရရှိစေရန် ထောက်ပံ့ပေးသည်။ အဘယ်ကြောင့်ဆိုသော် "အစောပိုင်းငွေကြေးသည် လိုအပ်သောငွေကြေး (ဆိုလိုသည်မှာ မဲဆွယ်စည်းရုံးမှုအတွက်ငွေကြေး)ကို တိုးမြှင့်လာစေသည်။" ဤကွန်ယက်သည် ရီပပလီကန်ပါတီ၏ Wish စာရင်းအပါအဝင် အခြားသောနိုင်ငံများတွင်လည်းအလားတူ လုပ်ဆောင်ချက်မျိုးဖြစ်စေရန် စိတ်အားမြှင့်တင်ပေးခဲ့သည်။ ဤသို့သောကွန်ယက်များသည် တစ်ဦးချင်းမှထည့်ဝင်သောငွေကြေးများကို စုစည်းပြီး ၎င်းတို့ပိုမိုလိုလားသည့် ရွေးကောက်ပွဲဝင်များဆီသို့ ပြန်လည်ဖြန့်ဝေပေးသည်။

## (ခ) ရွေးကောက်ပွဲဝင်အမျိုးသမီးကို ကူညီထောက်ပံ့နိုင်ရန် ပါတီတွင်းရံပုံငွေတစ်ရပ်ကို ထူထောင်ပါ။

အချို့သောနိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက် လိုအပ်သော မဲဆွယ်စည်းရုံးမှုကုန်ကျစရိတ်ကို ကူညီထောက်ပံ့ပေးရန် ရည်မှန်းငွေကြေးတစ်ရပ်ကို ထူထောင်ထားသည်။ ကနေဒါတွင် လစ်ဘရယ်ပါတီသည် ဂျူဒီလားမားရှ်ရန်ပုံငွေအဖွဲ့ကို တည်ထောင်ခဲ့ပြီး ၎င်းသည် ရွေးကောက်ပွဲဝင်အမျိုးသမီးများအနေဖြင့် လွှတ်တော်သို့ရွေးကောက်ခံရစေရန် သူတို့အတွက်ပါတီမှငွေကြေးရှာဖွေသုံးစွဲမည့် ယန္တရားတစ်ရပ် ဖြစ်သည်။ လစ်ဘရယ်ပါတီသည် ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ တိုက်ရိုက်ထိန်းချုပ်မှုရှိပြီး အမျိုးသမီးများရံပုံငွေရရှိရေးကို ဦးစားပေးထားသည်။ ရံပုံငွေအဖွဲ့သည် ကနေဒါနိုင်ငံ၏ငွေကြေးလည်ပတ်မှုစည်းမျဉ်းစည်းကမ်းများအတွင်းမှ လုပ်ကိုင်ဆောင်ရွက်ရပြီး ၎င်းသည်ရံပုံငွေရှာဖွေပွဲများ၊ စာတိုက်မှတိုက်ရိုက်ပေးပို့ခြင်းနှင့်အင်တာနက်မှတစ်ဆင့် ရံပုံငွေရှာဖွေခဲ့သည်။ ရံပုံငွေအဖွဲ့သည် ပါတီ၏လွှတ်တော်အမတ်အဖွဲ့တွင် ရွေးကောက်ခံအမျိုးသမီးအရေအတွက်တိုးမြှင့်လာစေရန် များစွာအထောက်အကူ ဖြစ်စေခဲ့သည်။

**အမျိုးသမီးများအားပေးသည့် အထောက်အပံ့များတွင်**

- ကလေးသူငယ်စောင့်ရှောက်မှုကုန်ကျစရိတ်ကို ပြန်ပေးခြင်း။
- မဲဆွယ်စည်းရုံးမှုများတွက် သွားလာသည့်ကုန်ကျစရိတ်။
- အဝတ်အစားအသုံးစရိတ်အတွက် ငွေကြေးသတ်မှတ်ပေးခြင်း။
- ပုံနှိပ်ထုတ်ဝေသည့် ပစ္စည်းကိရိယာများကဲ့သို့သော မဲဆွယ်စည်းရုံးမှုကုန်ကျစရိတ်ကို ထောက်ပံ့ကူညီခြင်း။

## (ဂ) ရွေးကောက်ပွဲဝင်အမျိုးသမီးများအား အထောက်အပံ့များပေးပါ။

တက်ကြွက်သော မဲဆွယ်စည်းရုံးမှုလုပ်ရန် တစ်စုံတစ်ခုသောငွေကြေးအတိုင်းအတာ၊ အချိန်နှင့် ပြောင်းလွယ်၊ ပြင်လွယ်ရှိမှုလိုအပ်သောကြောင့် မဆိုစလောက်သောလူများသာ အထူးသဖြင့်မိသားစုရှိသောအမျိုးသမီးများ အတွက် လုပ်နိုင်ရန် ခဲယဉ်းသည်။ မိသားစုအများအပြားတွင် အမျိုးသမီးများသည် အဓိကတာဝန်ဖြစ်သော မိဘတာဝန်များကိုယူရသောကြောင့် မဲဆွယ်စည်းရုံးရသည့်နာရီပေါင်းများစွာကို ပေါင်းစပ်ရန် လွန်စွာခက်ခဲလေသည်။ ကနေဒါနိုင်ငံတွင် လစ်ဘရယ်ပါတီသည် ရွေးကောက်ပွဲဝင် အမျိုးသမီးများအား မဲဆွယ်စည်းရုံးမှုနှင့် သက်ဆိုင်သော အသုံးစရိတ်များအတွက် ထောက်ပံ့ငွေကြေးများပေးခြင်းဖြင့် ဤအခက်အခဲများကိုကြိုးပမ်းဖြေရှင်းပေးခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ငွေကြေးထောက်ပံ့သည့်အစီအစဉ်သည် အမျိုးသမီးများနှင့် လူနည်းစုအုပ်စုများမှ ရွေးကောက်ပွဲဝင်သူများအနေဖြင့် အမည်စာရင်းတင်သွင်းခံရရေး အတွက် ကြိုးပမ်းမှုတွင်ကုန်ကျခဲ့သည့် ကလေးသူငယ်စောင့်ရှောက်မှုစရိတ် CAD$၅၀၀၀၊ ပထဝီဝင် အနေအထားကြီးသည့် မဲဆန္ဒနယ်များအတွင်း သွားလာခဲ့သည့်ကုန်ကျစရိတ် CAD$၅၀၀၀ ကို ပြန်လည် ထောက်ပံ့ကူညီပေးခဲ့သည်။ နောက်ထပ် CAD$၅၀၀၀ ကိုလည်း လက်ရှိရွေးကောက်ခံထားသည့် အရာရှိမှအနားယူသွားသော မဲဆန္ဒနယ်များတွင် အမည်စာရင်းရွေးချယ်တင်သွင်းခံရရန် ကြိုးပမ်းမှုအတွက် ကုန်ကျမည့် အသုံးစရိတ်များအဖြစ် ထောက်ပံ့ပေးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဆမ်ရိန်ဆေးပါတီ (SRP) သည် အမျိုးသမီးများကို အခြေခံအသုံးအဆောင်ပစ္စည်းများဖြစ်သော မဲဆွယ်စည်းရုံးရေးအတွက် လိုအပ်မည့် သင့်တင့်လျောက်ပတ်သော အဝတ်အစားများနှင့် လှည့်လည်သွားလာရန်အတွက် စက်ဘီးတစ်စီးကိုပါ ထောက်ပံ့ပေးခဲ့သည်။ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်အမျိုးသမီးများအား ကူညီထောက်ပံ့နိုင်သည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ ပါတီဝင်ကြေးနှင့် ရွေးကောက်ပွဲဝင်အမည်စာရင်းရွေးချယ်ရန်အတွက် ပေးရသော အဖိုးအခများဖြစ်သည်။ ၎င်းငွေကြေးပမာဏများသည် အချို့သောအမျိုးသမီးများအတွက် မတတ်နိုင်လောက်အောင်ပင် မြင့်မားနိုင်သည်။

## (ဃ) အမည်စာရင်းရွေးချယ်တင်သွင်းခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်များကို သတ်မှတ်ပေးပါ။

အမျိုးသမီးများသည် မဲဆွယ်စည်းရုံးမှုတစ်ခုအတွက်လိုအပ်သော ရံပုံငွေကိုရှာဖွေနိုင်သော်လည်း အောင်မြင်နိုင်ပြီး အမျိုးသားများနှင့်တိုက်ရိုက်ယှဉ်ပြိုင်နိုင်သည်အထိ လုံလောက်သောပမာဏကို ရှာဖွေနိုင်မည်မဟုတ်ပေ။ နိုင်ငံအများအပြားတွင် ပါတီစာရင်းတွင်ပါနိုင်ရန်အရွေးခံခြင်းသည် တဖြည်းဖြည်းစရိတ်မြင့်မားလာသော ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲတစ်ရပ်၏ အစအဆုံးဖြစ်စဉ်အတွင်း ငွေကုန်ကြေးကျများသော မဲဆွယ်စည်းရုံးမှုနှစ်ရပ် (ပါတီစာရင်းတွင်ပါနိုင်ရန်အရွေးခံခြင်း နှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးပွဲအတွက် ငွေကြေးရှာဖွေရခြင်း) တွင် ပါဝင်ယှဉ်ပြိုင်ရခြင်းသည် ငွေကြေးရှာဖွေခြင်းအလုပ်ကို လုပ်ဆောင်ရန်ခက်ခဲစေသည်။ အမြဲတမ်းနီးပါးဖြစ်တတ်သည်မှာ ငွေကြေးအများဆုံးရှာဖွေနိုင်သည့် ရွေးကောက်ပွဲဝင်ပုဂ္ဂိုလ်သည် ပါတီစာရင်းတွင်အရွေးခံရသည်။ ဤကိစ္စသည် အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတွင် ဖြစ်တတ်သော

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး နိုင်ဂျီးရီးယားနိုင်ငံတွင်ကဲ့သို့ ရွေးကောက်ပွဲဝင်များကိုဗဟိုပြုထားသည့် အခြားသော ရွေးကောက်ပွဲစနစ်များတွင်လည်း ကိုယ်စားပြုမှုပေါ်တွင်ရှိသော ငွေကြေး၏သက်ရောက်နိုင်မှုများသည် ကြီးကျယ်လှသည်။ ဤစိန်ခေါ်ချက်သည် အထူးသဖြင့် ကိုယ်စားပြုမှုနည်းပါးသောအုပ်စုများ နိုင်ငံရေးကို လက်လှမ်းမှီနိုင်ရေးတွင် အခွင့်မသာဖြစ်စေသည်။ ပါတီအမည်စာရင်းအတွက်ယှဉ်ပြိုင်အရွေးခံရာတွင် သုံးစွဲသော ငွေကြေးပမာဏအတိုင်းအတာကိုသတ်မှတ်ခြင်းနှင့် မဲဆွယ်စည်းရုံးသည့်ကာလကို ကန့်သတ်ခြင်း သည် ကိုယ်စားပြုမှုနည်းပါးသောအုပ်စုများအတွက် ပိုမိုကစားသာသောအနေအထားကို ဖြစ်စေနိုင်သည့် ဖြေရှင်းနည်းများဟု ယူဆကြသည်။

## (င) နိုင်ငံရေးပါတီများအတွက် ပြည်သူ့ငွေကြေးအထောက်အပံ့

ပြည်သူ့ငွေကြေးအထောက်အပံ့သည် ရွေးကောက်ပွဲကာလအတွင်း ကစားမည့်နယ်ပယ်ကို တပြေးညီဖြစ်စေရန် အသုံးပြုသော လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြစ်ပြီး အမြဲတမ်းလိုလို လွှတ်တော်တွင်ကိုယ်စားပြုတက်ရောက်နေ သည့်ပါတီများအတွက် ရည်ညွှန်းလုပ်ဆောင်သည်။ ပြည်သူ့ငွေကြေးအထောက်အပံ့ကို လက်ခံရရှိသူများ အတွက်မည်သည့်ကတိကဝတ်များမှ တာဝန်ယူစရာမလိုဘဲ ထောက်ပံ့ပေးသည်။ သို့သော် ပါတီများအနေဖြင့် ၎င်းကို အမျိုးသမီးများ၏နိုင်ငံရေး စွမ်းရည်မြှင့်တင်ပေးခြင်းကို ဖြေရှင်းရန်အားပေးသည့် နည်းလမ်းတစ်ရပ် သဖွယ် ပြုလုပ်နိုင်သည်။

| |
|---|
| မက္ကဆီကိုနိုင်ငံ။ ။ ရွေးကောက်ပွဲဥပဒေပု ၇၈တွင် ပြည့်သူ့ငွေကြေးအထောက်အပံ့၏ ၂ ရာခိုင်နှုန်းကို အမျိုးသမီးများအား ရွေးကောက်ပွဲဝင်မည့်သူများနှင့် နိုင်ငံရေးသမားများအဖြစ် ၎င်းတို့၏စွမ်းရည်ကို တည်ဆောက်ပေးရာတွင် သီးသန့်သုံးစွဲရန် စေခိုင်းထားသော "နှစ်ရာခိုင်နှုန်းဥပဒေ" ပါဝင်သည်။ |

| |
|---|
| ဘာကီနာဖာဆို။ ။ ၂၀၀၉ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ရပ်တွင် ရွေးကောက်ပွဲဝင်သူခွဲတမ်းများကို ပြဋ္ဌာန်းပေးခဲ့ပြီး ရွေးကောက်ပွဲဝင်အမျိုးသမီးများကို ရွေးချယ်ခဲ့သောနိုင်ငံရေးပါတီများအတွက် များပြားသော ငွေရေးကြေးရေးမက်လုံးများပေးရန် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ အကယ်၍ ရွေးချယ်ခံရသော ရွေးကောက်ပွဲဝင်ဦး ရေတွင် အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းပါဝင်လျှင် ပြည်သူ့ငွေကြေးအထောက်အပံ့ပမာဏကို ၅၀ ရာခိုင်နှုန်း တိုးပေးထားသည်။ |

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပြင်သစ်နိုင်ငံ။ ။၁၉၉၉ခုနှစ် အခြေခံဥပဒေပြင်ဆင်ချက်တွင် တန်းတူညီမျှခြင်းအခြေခံစည်းမျဉ်းကို ထည့်သွင်းရေးဆွဲခဲ့ပြီး ထိုတန်းတူညီမျှခြင်းအခြေခံစည်းမျဉ်းများမှတစ်ခုမှာ ရွေးကောက်ပွဲအတွက် အမည်ရွေးချယ်ခံရသောရွေးကောက်ပွဲဝင်များ၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ရမည်။ အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲဝင်များကို ရွေးချယ်ရာတွင် အမျိုးသားနှင့်အမျိုးသမီးလိင်နှစ်မျိုးလုံး၏ ၅၀ ရာခိုင်နှုန်းကို မတင်ပြနိုင်သော ပါတီများသည် ငွေကြေးပိုင်ဆိုင်ရာအရေးယူမှုကို ခံရသည်။ အမျိုးသား သို့မဟုတ် အမျိုးသမီးလိင်နှစ်ခုအကြား ကွာဟချက်သည် စာရင်းတွင်ဖော်ပြထားသော လိင်တစ်မျိုးမျိုး၏ရွေးကောက်ပွဲဝင်စုစုပေါင်းဦးရေထက် ၂ ရာခိုင်နှုန်း ပိုသွားလျှင် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူ့ငွေကြေးအထောက်အပံ့ကို ဆုံးရှုံးနိုင် သည်။

အိုင်ယာလန်နှင့် ဂါနာနိုင်ငံတွင် အခြားသောအဆိုတင်သွင်းမှုများကိုလည်း ပြုလုပ်ခဲ့သည်။ အိုင်ယာလန်၌ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ (ပြင်ဆင်ချက်) (နိုင်ငံရေးငွေကြေး) ဥပဒေကြမ်း၏ အထွေထွေပြဌာန်းချက်တွင် အကယ်၍ ပါတီကိုကိုယ်စားပြုလျက် အထွေထွေရွေးကောက်ပွဲဝင်ပြိုင်မည့်သူများ၏ ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများမဖြစ်သည့် ပါတီများကို နိုင်ငံရေးပါတီထောက်ပံ့ငွေ၏ ထက်ဝက်ကို ဖြတ်တောက်ရန် ပြဌာန်းထားသည်။ ဂါနာနိုင်ငံတွင် နိုင်ငံရေးပါတီများဖြင့်ဖွဲ့ထားသောအဖွဲ့တစ်ဖွဲ့က လွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရည်မှန်းချက်ရှိသော အမျိုးသမီးများကို ကူညီထောက်ပံ့ရန် အမျိုးသမီးရန်ပုံငွေအစီအစဉ်တစ်ရပ်ကို ဖော်ဆောင်ရန် စိတ်ဝင်စားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပါတီစုံအစည်းအဝေးတစ်ခုမှ ထုတ်ပြန်ခဲ့သော ကြေငြာချက်တစ်ရပ်တွင် နိုင်ငံရေးပါတီအများအပြားသည် ပြည်သူ့ငွေကြေးအထောက်အပံ့၏ ၁၀ ရာခိုင်နှုန်းကို ရည်မှန်းချက်မြင့်မားသောအမျိုးသမီးများအား တိုက်ရိုက်ခွဲဝေပေးရန်နှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူအမျိုးသမီးများအတွက် ကောက်ခံသော အခကြေးငွေများကိုလည်း သိသာသောပမာဏတစ်ရပ်သို့ လျှော့ချပေးရန် အဆိုပြုခဲ့သည်။

ပြည်သူ့ငွေကြေးအထောက်အပံ့နှင့် ရွေးကောက်ပွဲဝင်အမျိုးသမီးများ

ပြင်သစ်။ အကယ်၍ ပါတီမှရွေးကောက်ပွဲများ၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများမဖြစ်လျှင် ပြည့်သူ့ငွေကြေးအထောက်အပံ့များကို လျှော့ချလိမ့်မည်။

ဘာကီနာဖာဆို။ ။ ပါတီရွေးကောက်တင်မြှောက်ထားသော ရွေးကောက်ပွဲဝင်များသူများ၏ ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်လျှင် ပါတီများသည် ပြည်သူ့ငွေကြေးအထောက်အပံ့ တိုးမြှင့်ရရှိလိမ့်မည်။

မက္ကဆီကို။ ။ပြည်သူ့ငွေကြေးအထောက်အပံ့များ၏ ၂ ရာခိုင်နှုန်းကို အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်ရန် သုံးစွဲရမည်။

ပြည်သူ့ငွေကြေးအထောက်အပံ့သွယ်ဝိုက်ပေးနိုင်သည့် နောက်ထပ်နည်းလမ်းတစ်ရပ်မှာ နိုင်ငံတော်နှင့်ပုဂ္ဂလိကမီဒီယာများအား သုံးစွဲနိုင်ခြင်းမှတဆင့်ပေးခြင်း ဖြစ်သည်။ ဤကိစ္စသည် ပါတီမဲဆွယ်စည်းရုံးရေးတွင် အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ရွေးကောက်ပွဲဝင်မည့်သူများနှင့်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

မဲဆန္ဒရှင်များအကြား အဆက်အသွယ်ကို တည်ဆောက်ပေးသည်။ အခကြေးငွေမယူဘဲ မီဒီယာအချိန်များသုံးခွင့်ပေးခြင်းသည် ငွေကြေးမဟုတ်သောအထောက်အပံ့တစ်မျိုးဖြစ်ပြီး တီမောလစ်တေး နိုင်ငံတွင် အမျိုးသမီးများ၏ရွေးကောက်ပွဲဆိုင်ရာပါဝင်မှုကို မြှင့်တင်ပေးမည့် နည်းလမ်းတစ်သွယ်အဖြစ် အသုံးပြုခဲ့သည်။ ပါတီစာရင်းများတွင် အမျိုးသမီးများအား နေရာမြင့်မြင့်ပေးသောပါတီများသည် မီဒီယာအချိန် ပိုမိုရရှိကြသည်။

## (စ)အမျိုးသမီးများအားသင်တန်းများပို့ချပေးရန် သီးသန့်ငွေကြေးအထောက်အပံ့များကို ခွဲဝေပေးပါ။

အမျိုးသမီးများအတွက် နိုင်ငံရေးပါတီများတွင် အောင်မြင်စွာရှေ့သို့ချီတက်နိုင်ရန် နိုင်ငံရေးအတွေ့အကြုံများတွင် သမိုင်းတွင်နေသောကွာဟချက်များကို ဖြည့်ဆည်းနိုင်ရမည်။ အမျိုးသမီးများအား ပါတီစာရင်းတွင် မထည့်သွင်းရခြင်း သို့မဟုတ် မြှင့်တင်မပေးရခြင်းနှင့်ပတ်သက်၍ ထုချေရှင်းလင်းရန် နိုင်ငံရေးပါတီများမှ သုံးလေ့သုံးထရှိသော ရှင်းပြချက်တစ်ခုမှာ နိုင်ငံရေးတွင်အောင်မြင်မှုရရှိရန်လိုအပ်သော စွမ်းရည်များရှိသည့် အမျိုးသမီး မရှိသလောက်ရှားသည်ဟူ၍ပင်။

နိုင်ငံရေးပါတီများသည် အမျိုးသမီးများအား သင်တန်းပို့ချရန်ရည်ရွယ်ထားသည့် အစီအစဉ်များဖော်ဆောင်ပြီး၊ အရင်းအမြစ်များ သီးသန့်ခွဲထားခြင်းဖြင့် ဤပြဿနာကို ကျော်လွှားနိုင်သည်။ ဤအလေ့အထသည် လက်တင် အမေရိကတွင် အတွေ့ရများသည်။

| |
|---|
| အဲလ်ဆဲလ်ဗာဒါ။ ။ ပါတီအသီးသီးမှ အမျိုးသမီးတက်ကြွက်လှုပ်ရှားသူများသည် အတူတကွစုစည်းကာ ပါတီစုံပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများကို သင်တန်းများပို့ချပေးခဲ့သည်။ နိုင်ငံရေးပါတီများ အတွက် သင်တန်းပေးခြင်းသည် တစ်ခါတစ်ရံတွင် ပိုမိုကျယ်ပြန့်သည့်စိန်ခေါ်ချက်တစ်ရပ် ဖြစ်သော်လည်း ကောင်စွာလေ့ကျင့်သင်ကြားထားသော အမျိုးသမီးများသည် ၎င်းတို့၏စွမ်းရည်များကို အသုံးပြုကာ အခြားသောပါတီဝင်များအား ပြန်လည်ဆင့်ပွါးသင်ကြားပေးနိုင်ပြီး သူတို့၏ပါတီများ၏တန်ဖိုးများကို မြှင့်တင်ပေး သည်။ |

| |
|---|
| မက္ကဆီကိုနိုင်ငံ၏ PAN ပါတီသည် အမျိုးသမီးများနှင့်အမျိုးသားများ၏ နိုင်ငံရေးစွမ်းဆောင်ရည်များကို ညီမျှစေရန် အမျိုးသမီးများအတွက် ရည်ရွယ်ထားသော ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များနှင့် ပို့ချမှုများမှတဆင့် လုပ်ဆောင်ခဲ့ကြသည်။ သင်တန်းများသည် လိုအပ်ချက်အမျိုးမျိုးအပေါ် မူတည်ကာ ခေါင်းစဉ် အမျိုးမျိုးကို သင်ကြားပေးပြီး စိတ်အားထက်သန်ခြင်း၊ စိတ်နေသဘောထား၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်းနှင့် အမျိုးသမီများနှင့်သက်ဆိုင်သော ခေါင်းစဉ်များ ပါဝင်သည်။ မဲဆွယ်စည်းရုံးခြင်းကိုစိတ်ဝင်စားသော၊ မဲဆွယ်စည်းရုံးရေးမှူးဖြစ်လိုသော အမျိုးသမီးများအတွက်လည်း ၎င်းတို့၏ပါဝင်မှုကို မြှင့်မားလာစေရန် သင်တန်းများ ပို့ချပေးခဲ့သည်။ |

## (ဆ) ကျားမအရေးကို တုံ့ပြန်ဖြေရှင်းပေးသည့် ဘဏ္ဍာငွေလုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း

ပါတီများသည် အမျိုးသမီးများနှင့်ဆက်စပ်၍ ၎င်းတို့၏ငွေကြေးများကို တိုးမြှင့်သုံးစွဲသည့်ပုံစံ အပေါ်တွင် သုံးသပ်မှု လုပ်နိုင်သည်။ ထိုသို့သုံးသပ်ရာတွင် ပါတီအသုံစရိတ်များသည် ပါတီ၏အမျိုးသား၊ အမျိုးသမီး တက်ကြွက်လှုပ်ရှားသူများကို မည်ကဲ့သို့အကျိုးပြုသနည်း၊ အမျိုးသမီးများအတွက် သီးသန့်ဖြစ်သော ပါတီ ဖွဲ့စည်းပုံများအတွက် အရင်းအမြစ်များကို မည်ကဲ့သို့ခွဲဝေသုံးစွဲသနည်း စသည်တို့အပေါ်တွင် လေ့လာဆန်းစစ်မှု များ ပြုလုပ်သင့်သည်။ မဲဆွယ်စည်းရုံးရေးကုန်ကျစရိတ်များကို လေ့လာဆန်းစစ်ရာတွင် ကျားမအရေးကိစ္စ အမြင်ဖြင့် ရှုမြင်သုံးသပ်ခြင်းသည် အဖိုးတန်သော လုပ်ဆောင်ချက်အလေ့အထတစ်ရပ် ဖြစ်နိုင်သည်။ နိုင်ငံရေး ပါတီများသည် အစိုးရအဖွဲ့တွင် ကျားမအရေးကိုတုံ့ပြန်ဖြေရှင်းသည့် ဘဏ္ဍာငွေလုပ်ထုံးလုပ်နည်းများကို စတင် လုပ်ဆောင်နိုင်သည်။ ဥပမာအားဖြင့် ဆားဘီးယားနိုင်ငံတွင် နိုင်ငံရေးပါတီများသည် ဒေသအဆင့် ကျားမတန်း တူညီမှုရေးကော်မရှင်များတွင် ပူးပေါင်းပါဝင်ကြပြီး ထိုကော်မရှင်များသည် အမျိုးသမီးများအနေဖြင့် ပြည်သူ့ငွေ ကြေးအထောက်အပံ့များမှ အကျိုးကျေးဇူးခံစားခွင့်ရှိစေရန် ဆောင်ရွက်ခဲ့ကြသည်။

# III) ရွေးကောက်ပွဲ ကာလ




## ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ချက်များ။

### အဓိက ပြဿနာများ

နိုင်ငံရေးပါတီများ၊ရွေးကောက်ပွဲယှဉ်ပြိုင်သူများသည်ရွေးကောက်ပွဲတွင်အဓိကပါဝင်လှုပ်ရှားသူများဖြစ်ကြပြီး အစိုးရရုံးတာဝန်များအတွက် ယှဉ်ပြိုင်ခြင်း၊ ရွေးကောက်ပွဲ campaign များ လုပ်ဆောင်ခြင်း၊ မဲဆွယ်ခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင် ယှဉ်ပြိုင်ကြသည်။ နိုင်ငံရေး၊

ပါတ်ဂန်းကျင်ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများနှင့်အတူ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်ရေး နှင့် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များသည် ရွေးကောက်ပွဲ၏ အကျိုးရလဒ်အား များစွာ သက်ရောက်မှုရှိသည်။ရွေးကောက်ပွဲကာလအတောအတွင်းနိုင်ငံရေးပါတီများ၏လုပ်ဆောင်ချက်များအား ရွေးကောက်ပွဲcampaignများနှင့်အညီလိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်း၊ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်သူများအားထောက်ခံခြင်း၊မဲပေးသူများအားလက်လှမ်းမီအဆက်အသွယ်ပြုလုပ်ခြင်းစသည့် လုပ်ဆောင်ချက်များကိုလုပ်ဆောင်ကြသည်။ထို့အပြင်ပါတီများသည်မဲပေးခြင်းနှင့်မဲရေတွက်ခြင်းအပါဝင် ရွေးကောက်ပွဲ၏အုပ်ချုပ်ရေးပိုင်းအား ကြီးကြပ်ကွပ်ကဲပါသည်။

ရွေးကောက်ပွဲ campaign များသည် ပါတီများအား မဲနိုင်စေသည့် အဓိက အကြောင်းရင်းဖြစ်သည်။ ရွေးကောက်ပွဲ campaignများ၏ စည်းမျဉ်း စည်းကမ်းများနှင့် ပါတီများကြား မဟာဗျူဟာများသည် နိုင်ငံကိုလိုက်၍ ကွဲပြားမှုရှိပြီး ယင်းတို့အား ဥပဒေဆိုင်ရာ ကန့်သတ်ချက်များ၊ လူ့အဖွဲ့အစည်း၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊စီးပွားရေးဆိုင်အခြေအနေ၊ဖွံ့ဖြိုးတိုးတက်ရေးအနေအထားများ၊နှင့် နိုင်ငံရေး ကျင့်သုံးပုံ စနစ် အမျိုးအစားများပေါ်မူတည်၍ ချမှတ်သည်။ နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ campaign များသည်ကုန်ကျငွေ အလွန်များပြီးအခြားသောနိုင်ငံများတွင် campaign၏ အောင်မြင်မှုသည် သုံးစွဲသော ငွေကြေးပမာဏကိုမူတည်၍ အကျိုးသက်ရောက်မှုရှိကြောင်း လေ့လာ သိရှိရသည်။ သို့သော်လည်း အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်သည့်အခါ အမျိုးသားများကဲ့သို့တန်းတူ အခြေအနေရောက်ရှိရန်နှင့်၊ မီဒီယာများ၏ ပံ့ပိုးကူညီမှုရရန် ပင်ပင်ပန်းပန်း ကြိုးစားရုန်းကန်ရသည်ကိုလည်း မကြာခဏဆိုသလိုပင် တွေ့ရှိရသည်။ ထို့ပြင် ပါတီ၏ အဓိကလုပ်ဆောင်ချက်များဖြစ်သော ဂါဒများအားချမှတ်ရတွင်လည်းကောင်း၊ မီဒီယာများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ campaign ပိုစတာများအားထုတ်ဝေ ဖြန့်ချီရာတွင်လည်းကောင်း အမျိုးသားပါတီခေါင်းဆောင်များကသာ စိုးမိုးခြယ်လှယ်ထားပြီး ရွေးကောက်ပွဲဝင်အမျိုးသမီးများကမူ campaign ၏ မထင်ရှားသော အခန်းကဏ္ဍများတွင်သာ ပါဝင်ခွင့်ရှိသည်။

IPU မှ စစ်တမ်းကောက်ယူသော လေ့လာတွေ့ရှိချက်အရ ပါလီမန် ဦးရေ ၃ဂဂအနက် ထက်ဂက်ခန့်သည် ရွေးကောက်ပွဲယှဉ်ပြိုင်သူများအား ထောက်ခံမဲပေးရာတွင် မဲဆန္ဒနယ်အား ဆက်ဆံပြောဆိုမှု နှင့် ပံ့ပိုးကူညီမှု၊ ရွေးကောက်ပွဲ campaign နှင့်ပါတ်သက်သော နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ လုပ်နိုင်စွမ်းရည် စသည်များအား အဓိက အရေးကြီးဆုံး အချက်အလက်များအဖြစ်ထည့်သွင်း စဉ်းစားကြောင်းသိရှိရသည်။ အချို့ကမူ အခြားသောနိုင်ငံများတွင်ရှိသော ပါတီမဟာမိတ်များမှ ဦးစီးလုပ်ဆောင်သော သင်တန်းများ၏ အသုံးကျမှုပေါ်မူတည်သည်။ ပါတီများအနေဖြင့် ရွေးကောက်ပွဲ campaign ကျင်းပသော ကာလများတွင် အမျိုးသမီးများအား ပါဝင်ထည့်သွင်းခြင်းများ အထူးတလည် ပြုလုပ်ပေးခြင်း၊ campaign နှင့်သက်ဆိုင်သော အတတ်ပညာများ ကျွမ်းကျင်တိုးတက်မှုရှိစေရန် ဝိုင်းဂန်းကူညီနိုင်သော နည်းလမ်းများစွာ ရှိပေသည်။ အမျိုးသမီးများဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများနှင့် အခြားသော ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများလည်း အမျိုးသမီးများ ရွေးကောက်ပွဲ campaign များ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပြုလုပ်နိုင်ရန်အတွက် သင်တန်းများအား သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့်campaignပြုလုပ်သောကာလများတွင်ရွေးကောက်ပွဲယှဉ်ပြိုင်သူအမျိုးသမီးများ၏ အရည်အသွေးများမြှင့်တင်ပေးရန်အတွက် ငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာ အရင်းအနှီးများ ထောက်ပံ့သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အမျိုးသမီးများဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများနှင့် မဟာမိတ်ပြုကာ အတူတကွပူးတွဲလုပ်ဆောင်ခြင်း နှင့် မဟာဗျူဟာအထောက်အပံ့အများအား ရှာဖွေရယူနိုင်သည်။

## အသုံးချ မဟာဗျူဟာများ

အောက်ပါ မဟာဗျူဟာများအား နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကာလနှင့် campaign များပြုလုပ်နေချိန်ကာလတွင် အထောက်အကူအဖြစ် အသုံးပြုလုပ်ဆောင်နိုင်ရန် လမ်းညွှန်ချက်များအဖြစ် အဓိကထားဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ထို့အပြင် ဤမဟာဗျူဟာများသည် နိုင်ငံရေးပါတီများနှင့် အလုပ်အတူလုပ်ကိုင်နေသော၊ ထောက်ပံ့နေသော အရပ်ဖက်အဖွဲ့အစည်းများ၊ ပါတီဖောင်ဒေးရှင်းများ၊ နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုသူများမှလုပ်ဆောင်သော လုပ်ဆောင်ချက်များအတွက် အကြံညာဏ်များပံ့ပိုးပေးသည်။

## ၁။ ရွေးကောက်ပွဲယှဉ်ပြိုင်သူ အမျိုးသမီးများအား သင်တန်းပို့ချခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း။

အမျိုးသမီးများ၏ရွေးကောက်ပွဲဆိုင်ရာ အခွင့်အလမ်းများတိုးမြှင့်လုပ်ဆောင်ရာတွင် ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ပံ့ပိုးပေးခြင်း၊ ယှဉ်ပြိုင်သူအမျိုးသမီးများအား campaign နှင့်သက်ဆိုင်သော လုပ်ဆောင်မှုစွမ်းရည် အရည်အသွေးများ ပိုမိုအားကောင်းလာအောင် ပြုလုပ်ပေးခြင်းများသည် အလွန်အရေးကြီးသည်။ သင်တန်းများပို့ချရာတွင်လည်း မဲပေးသူများနှင့် ဆက်သွယ်ရေးချောမွေ့စေသည့် နည်းလမ်းများ၊campaignစီမံချက်များရေးဆွဲခြင်း၊မဲပေးသူများအားအထောက်အကူပြုပရိုဂရမ်များ၊မီဒီယာ များနှင့်ဆက်ဆံပြောဆိုခြင်း၊ အမှာစကားများ ပိုမိုကောင်းမွန်အောင် သင်ကြားခြင်း နှင့် ရန်ပုံငွေရရှိအောင် ဆောင်ရွက်ခြင်းအစရှိသည်တို့ကိုသင်ကြားပို့ချရန်ရည်ရွယ်ပါသည်။
ဥပမာအားဖြင့်အရပ်ဖက်အဖွဲ့အစည်းများနှင့်နိုင်ငံတကာအထောက်အကူပြုသူများသည် အမျိုးသမီးများအားcampaignဆိုင်ရာလုပ်ဆောင်မှုစွမ်းရည်များမြှင့်တင်ရေးအားအဓိကထားပို့ချမည့် သင်တန်းများတွင် သင့်တော်သော မဟာမိတ်များဖြစ်နိုင်သည်။

ထို့မျှမက နိုင်ငံရေးနှင့်ပါတ်သက်သောအရည်အသွေးများ ပိုမိုတိုးတက်လိုလျှင်လည်း ယခင်နှစ်များက ရွေးကောက်ပွဲ campaignများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော အမျိုးသမီးများထံမှ နိုင်ငံရေးအတွေ့အကြုံများကို လေ့လာမေးမြန်းနိုင်သည်။

ထိုရည်ရွယ်ချက်အတွက်Australia နိုင်ငံတွင်အလုပ်သမားပါတီအဖွဲ့မှကြီးမှူး၍ အတွေ့အကြုံမရှိသူနှင့်အတွေ့အကြုံရှိပြီးသူတို့အတူတကွ တွဲ၍လုပ်ဆောင်ရသော သင်ကြားလမ်းညွှန်မှု ပရိုဂရမ်တစ်ခုအား တည်ထောင်ခဲ့သည်။ အလားတူ United Kingdom ( UK) တွင်လည်း Conservative Party Woemn 2 Win အဖွဲ့သည် အမျိုးသမီးများအား အရည်အသွေးစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ပါတီအတွင်း အောင်မြင်မှုရရှိစေရန်လိုအပ်သော အထောက်အပံ့များပေးခြင်း နှင့် အမျိုးသမီးအဖွဲ့ဝင်သစ်များ ခေါ်ယူခြင်း စသည့်လုပ်ဆောင်ချက်များကို စွမ်းစွမ်းတမံလုပ်ဆောင်လျက်ရှိသည်။

## ၂။ campaign တွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ သိသာထင်ရှားစေခြင်း။

အမျိုးသမီးများပါတီနိုင်ငံရေးလှုပ်ရှားနေသူများနှင့် ရွေးကောက်ပွဲ ယှဉ်ပြိုင်သူအမျိုးသမီးများ၏ လုပ်ဆောင်မှုစွမ်းရည်များအားနိုင်ငံရေးပါတီများတွင်အသုံးချနိုင်သည့် အခွင့်အလမ်းများရှိသော်ငြားလည်း campaign လှုပ်ရှားမှုများတွင်မှု လုံလောက်စွာ အသုံးမချနိုင်ခြင်း၊နှင့် မကြာခဏ ဆိုသလိုပင် အသိအမှတ်မပြုခြင်းများစွာကြုံရသည်။ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ပါတီနှင့်သက်ဆိုင်သော campaign လှုပ်ရှားမှုများတွင် တိမ်ကောနေသည်။ အထူးသဖြင့် ပါတီ၏ ခေါင်းဆောင်နေရာနှင့် လူသိထင်ရှားသော ရာထူးများတွင်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ယှဉ်ပြိုင်သူ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ခြင်းနှင့်လူသိထင်ရှားဖြစ်စေရန် ထိုအမျိုးသမီးများအားပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းဖြင့်လည်းကောင်း၊campaignပိုစတာနှင့်TVကြော်ငြာများတွင်ထည့်သွင်းခြင်းဖြင့်လည်းကောင်း campaign လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်စေခြင်းအားဖြင့် မြှင့်တင်ပေးနိုင်သည်။ အခြားသောနိုင်ငံများရှိ ပါတီဝင် အမျိုးသမီးအဖွဲ့ဝင်များသည် campaign ကာလအတွင်း မိမိတို့၏ ရွေးကောက်ပွဲ ယှဉ်ပြိုင်သူ အမျိုးသမီးများအား လူသိထင်ရှားသော လူမှုကွန်ယက် website များဖြစ်ကြသည့် facebook နှင့် twitter အစရှိသည့် နည်းပညာသစ်များ အသုံးပြုခြင်းအားဖြင့် ထောက်ခံလျက်ရှိသည်။

ကြိုတင်သင်ကြားလမ်းညွှန်ပို့ချသည့်ပြည်သူ့ campaign များအနေဖြင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်များ၊ လူ့အဖွဲ့အစည်း၏ အမျိုးသမီးများအား ဆန့်ကျင်သည့် မတရား ဘက်လိုက်မှုများအားကြုံတွေ့နိုင်သည်။ အထူးသဖြင့်မီဒီယာများကထိုအကြောင်းအရာများအားဆက်လက်တည်မြဲစေအောင်လုပ်ဆောင်လျက်ရှိ သကဲ့သို့ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများနိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လာပါက ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်း မီးမောင်းထိုးပြလျက်ရှိသည်။အားပေးမှုများအား ရွေးကောက်ပွဲပြိုင်ပွဲဝင်အမျိုးသမီးများပါဝင်သောပါတီများအားမီဒီယာများတွင်ထပ်မံ၍ထုတ်လွှင့်ပေးခြင်း အားဖြင့် campaign လှုပ်ရှားမှုများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအား သိသာထင်ရှားမှု တိုးမြှင့်စေနိုင်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း Timor- leste တွင် အမျိုးသမီးများအား ရွေးကောက်ပွဲတင်မြောက်သောပါတီများအား မီဒီယာများတွင် အကျယ်တဝင့်ထုတ်လွှင့်ခြင်းအားဖြင့်

အားပေးထောက်ခံခဲ့သည်။ United States ( U.S) တွင် ဒီမိုကရေစီပါတီများသည် ရွေးကောက်ပွဲဆိုင်ရာ တီဗွီကြော်ငြာများတွင် ပြိုင်ပွဲဝင်အမျိုးသမီးများ၏ ရုပ်ပုံအားထည့်သွင်းရန် တိုက်တွန်းသည်။

နိုင်ငံရေးပါတီများအနေဖြင့်ပြိုင်ပွဲဝင်အမျိုးသမီးများရွေးကောက်ပွဲတွင်နိုင်ခြေပိုမိုနီးစပ်စေရန် campaign အဖွဲ့ဝင်အင်အား၊ လုံခြုံရေး၊ ကျင်းပရာနေရာနှင့် ရန်ပုံငွေလည်ပါတ်ပုံ စသည့် campaign လှုပ်ရှားမှုဖြစ်စဉ်များကို အသေအချာ ပေးသိရန်လိုအပ်ပေသည်။

## ၃။ အမျိုးသမီးများအတွက် အဓိက ပြဿနာများဖြစ်စေသော ပါတီ၏ အနေအထားများ ပပျောက်ရေးနှင့် ဖော်ထုတ်ခြင်း

နိုင်ငံရေးပါတီ၏မူဝါဒသည်၄င်းပါတီ၏အဓိကအနှစ်ချုပ်အစိတ်အပိုင်းဖြစ်ပြီးပြဿနာတစ်စုံတရာပေါ်ပေါက်လာပါက ပါတီအချင်းချင်းကြား ကွဲပြားခြားနားချက်ကို ပြသသည်။ အမျိုးသမီးများ၏ မူဝါဒများကို အဓိကထား၍ တန်းတူပြဌာန်းထားခြင်းသည် ပါတီများအတွက် ရွေးကောက်ပွဲရလာဒ်ကောင်းကို ရရှိစေသလို အမျိုးသမီးမဲပေးသူများ၏ ထောက်ခံအားပေးမှုကိုလည်း တခဲနက်ရရှိစေသည့် မဟာဗျူဟာတစ်ခုဖြစ်သည်။ ဥမာအားဖြင့်ဆိုရလျှင် အမျိုးသမီးပါလီမန်အဖွဲ့ဝင်များအနေဖြင့် ဂျဲန်ဒါ ( gender) ကိုအခြေခံသော အကြမ်းဖက်ခြင်းအား ရှေ့မှ မားမားမတ်မတ် နိမ်နင်းပေးခြင်း၊ မိဘများ သားသမီးများအား စွန့်ပစ်ခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်ခြင်း၊ ကျား၊မ ရေးရာ တန်းတူညီမျှဖြစ်ရေး ဥပဒေများနှင့်အမျိုးသမီးများ ဥပဒေဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပါလီမန်များတွင် ပါဝင်လှုပ်ရှားနိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာမူဝါဒများကိုလည်း ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ပေးနိုင်သည်။ အမျိုးသမီးများနှင့် ပါတ်သက်သည့် ကိစ္စရပ်များအား ပါတီ၏မူဝါဒအတွင်း ထည့်သွင်းခြင်းသည် ရွေးကောက်ပွဲယှဉ်ပြိုင်သူ အမျိုးသမီးများအနေဖြင့် မဲပေးသူ အမျိုးသမီးများ၏ ထောက်ခံအားပေးမှုကို ရရှိနိုင်သည်။ အမျိုးသမီးများနှင့်ဆိုင်သော မူဝါဒ ပြဿနာများအား ဖော်ထုတ်နိုင်သော ပါတီများသည် မိမိတို့၏ ယှဉ်ပြိုင်သူအမျိုးသမီးများအတွက် မဲပေးသူ အမျိုးသမီးများထံမှ မဲအရေအတွက်ပိုမိုရရှိအောင် ဆွဲဆောင်နိုင်သည့်အပြင်မိမိတို့၏ပါတီအားလည်းပိုမိုကောင်းမွန်သောအနေအထားသို့ရောက်အောင်ပြုလုပ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ဖော်ထုတ်နိုင်ခြင်းသည် မဲပေးသူအမျိုးသမီးထု၏ ဆန္ဒအား လိုလားစွာ တုံ့ပြန်မှုပင်ဖြစ်သည်။

## ၄။ ကျား၊မ ရေးရာ ခွဲခြားမှု သတိထားရမည့် ရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ သတ်မှတ် ပြဌာန်းထားခြင်း။

ရွေးကောက်ပွဲကာလအတောအတွင်း နိုင်ငံရေးပါတီများအနေဖြင့် မဲပေးစနစ်လုပ်ငန်းစဉ်များ၊ သမရိုးကျမဟုတ်သော နည်းလမ်းများ ရှိမရှိကိုလည်း သေချာစွာ အနီးကပ်စောင့်ကြည့်ရမည်မှာ အလွန်အရေးကြီးလှပေသည်။ မဲဝယ်ခြင်း၊ မဲပေးသူများအား ခြိမ်းခြောက်ခြင်း၊ မဲလိမ်လည်ခြင်း နှင့်

အရည်အချင်းညံ့သော အဖွဲ့အစည်းမှ ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာအားကျဆင်းစေခြင်း စသည့် လုပ်ဆောင်ချက်များ ပြုလုပ်နိုင်သည်။ လုံခြုံရေးအားနည်းပါက ရွေးကောက်ပွဲယှဉ်ပြိုင်သူ အမျိုးသားများထက် အမျိုးသမီးများတွင် ပို၍ ဆိုးကျိုးသက်ရောက်မှုရှိသည်။ အထူးသဖြင့် လိင်ကွဲပြားမှုပေါ် မူတည်၍ အကြမ်းဖက်မှု ဖြစ်ပွားမှုများသည့်နေရာများတွင် ပိုမိုများပြားနိုင်သည်။ နောက်ဆက်တွဲအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်သော ပဋိပက္ခများ ပျံ့နှံ့ပေါ်ပေါက်စေနိုင်သည်။

ထို့ကြောင့် နိုင်ငံရေးပါတီများအနေဖြင့် ပါတီ မှတ်ပုံတင်ခြင်းနှင့် မဲပေးလုပ်ငန်းစဉ်များ ပြုလုပ်ရာတွင် မဲပေးသူများအား တစ်စုံတရာ ခြိမ်းခြောက်ခြင်း၊ မဲလိမ်လည်ခြင်းများမရှိစေရန် မိမိတို့၏ သက်ဆိုင်ရာပါတီမှ ကိုယ်စားလှယ်များအား ထားရှိခြင်းအားဖြင့် အနီးကပ်စောင့်ကြည့်ရန် လိုအပ်ပေသည်။ ထို့ပြင် ပါတီများအနေဖြင့် မဲပုံးများအား ရေတွက်ခြင်းနှင့် သယ်ယူရာတွင် လိုအပ်သော လုံခြုံရေးများထားရှိရန် အသေအချာ လိုအပ်ပေသည်။ ထိုမျှမက နိုင်ငံရေးပါတီများအနေဖြင့် မဲပေးသူအမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မိသားစုမှ မဲပေးခြင်း အစရှိသော အချက်အလက်များအား ကြပ်မတ်စောင့်ကြည့်ရန် အရေးကြီးသည်။ နိုင်ငံရေးပါတီများသည် ပါတီအဖွဲ့ဝင် ကိုယ်စားလှယ်များအား ခန့်အပ်ခေါ်ယူကာ သင်တန်းပို့ချရန် တာဝန်ရှိပြီး အမျိုးသမီးများအား စောင့်ကြည့်ရေးတာဝန်အားခန့်အပ်ရန်လိုအပ်သည်။အထူးသဖြင့် ဤအချက်သည်အမျိုးသမီးများအတွက် သီးသန့် မဲရေတွက်ခြင်း၊ ခွဲဝေသတ်မှတ်ခြင်း ပြုလုပ်ရာတွင် အရေးပါသည်။

မဲအရေတွက်ပြုလုပ်သည့်နေရာတွင် အမျိုးသားများ ထားရှိခြင်းမှ တားမြစ်နိုင်ပြီး အကယ်၍ ထားရှိပါက မဲပေးသူ အမျိုးသမီးများအား ခြိမ်းခြောက်မှုပြုလုပ်ခြင်းများ ဖြစ်ပွားနိုင်သည်။ ပါတီအဖွဲ့များမှ ကြပ်မတ်စောင့်ကြည့်မှုများ ထားရှိခြင်းသည် အမျိုးသမီးများ၏ လုံခြုံရေးအားစိတ်ချရရုံသာမက မိမိတို့၏ပါတီအား ထောက်ခံအားပေးသူများကိုလည်း တစ်စုံတစ်ရာ ခြိမ်းခြောက်ခြင်းမရှိပဲ သို့မဟုတ် တခြားသော အနှောင့်အယှက်များ ကင်းဝေးခြင်းစသော အကျိုးကျေးဇူးများလည်း ရရှိစေသည်။

## ၅။ ကျား၊မ ရေးရာ ကွဲပြားမှုပေါ် သတိထားသည့် မဲပေးသူများ၏ သတင်းအချက်အလက်များ စစ်တမ်းကောက်ယူခြင်း။

နိုင်ငံရေးပါတီများသည်ထောက်ခံသူများအနေဖြင့် မိမိတို့၏ပါတီအား မဲပေးရန် မှတ်ပုံတင်ခြင်း သေချာရန်နှင့် ရွေးကောက်ပွဲနေ့တွင်တရားဝင်မဲပေးခြင်းအားစောင့်ကြည့်ရန်အတွက်မဲပေးသူများ၏ ပညာအရည်အချင်းမှတ်တမ်းအား တစ်စုတစည်းလုပ်ဆောင်ရန် စိတ်ဝင်တစားရှိသည်။ ထိုသို့ မဲပေးသူများ၏ သတင်းအချက်အလက်များအား စစ်တမ်းကောက်ယူသည့် campaigns များအတွက်လည်း နိုင်ငံရေးပါတီများအနေဖြင့် မြောက်မြားစွာသော ငွေကြေးများနှင့် အချိန်များကို နှစ်မြှုပ်ထားရုံသာမက မဲပေးသူအမျိုးသမီးများအားလည်း ပြောကြားလိုသော သတင်း၊ အမှာစကားများကိုလည်း တိုက်ရိုက်ပြောကြားနိုင်ပြီး မဲပေးလုပ်ငန်းစဉ်များအား နားလည်မှုရှိမရှိကိုလည်း သေချာနိုင်ပေသည်။ မဲပေးသူများ၏ သတင်းအချက်အလက်များအား စစ်တမ်းကောက်ယူသည့်

campagins များသည် အမျိုးသမီးလူထုအား ၄င်းတို့၏ မဲပေးမှုသည် အဖွဲ့အစည်းအား မည်သို့မည်မျှ အရေးပါအရာရောက်ကြောင်းမီးမောင်းထိုးပြသင့်သလို လူ့အဖွဲ့အစည်း၏တန်းတူညီမျှပြည်သူတစ်ယောက် အနေဖြင့် လွတ်လပ်စွာမဲပေးနိုင်ခွင့်ရှိကြောင်းကိုလည်း အလေးထားပြောကြားသင့်သည်။ ဥပမာအားဖြင့် တောင်အာဖရိက ( South Africa) တွင် အာဖရိကနိုင်ငံလုံးဆိုင်ရာအမျိုးသမီးညီလာခံအဖွဲ့ချုပ်သည် ၂၀၀၉ ခုနှစ် နိုင်ငံလုံးဆိုင်ရာ အထွေထွေရွေးကောက်ပွဲကာလတွင် ဒီမိုကရေစီစနစ် အခြေပြုခိုင်မာလာ စေရန်အလို့ငှာ အမျိုးသမီးထုတစ်ရပ်လုံးလွတ်လပ်စွာ မဲပေးခွင့်ရှိစေရန် ဆော်သြစည်းရုံးလှုံ့ဆော်ပေး သော ရက် ၆၀ ကြာမြင့်သော Non-Stop Electioneering Campaign အားအစပြုလုပ်ရှားခဲ့သည်။

အမျိုးသမီးများသည် မဲပေးသူများ၏ သတင်းအချက်အလက်များအား စစ်တမ်းကောက်ယူသည့် campagins များ၏ အုပ်ချုပ်စီမံခြင်း၊ စီမံချက်များပြုလုပ်ခြင်း၊ နှင့် လုပ်ဆောင်ချက်များပြုလုပ်ခြင်း စသည်များတွင်လည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သင့်သည်။ ဤကဲ့သို့ campaigns လှုပ်ရှားမှုများ နှင့် ပညာရေးဆိုင်ရာ ဟောပြောပွဲများအား စီစဉ်ရာတွင် ပြောကြားလိုသည့် အမှာစကား၊ နိုင်ငံတစ်နိုင်ငံချင်းစီတိုင်း၏ နိုင်ငံရေး အခြေအနေ၊ စာတတ်မြောက်နှုန်း၊ နောက်ခံ လူနေမှု ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာစသော အကြောင်းအရာများသာ လိုအပ်သည်မဟုတ်ပဲ အဖွဲ့အစည်း၏ စီမံဖွဲ့စည်းမှု နှင့် သတိထားရွေးချယ်မှုတို့လည်း လိုအပ်သည်။ အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းမှုကင်းဝေး၍ လုံခြုံစိတ်ချစွာ သင်ယူမှုပြုလုပ်နိုင်သော ပတ်ဝန်းကျင်တစ်ခု အသေအချာရှိခြင်း နှင့် လိုအပ်လျှင် အမျိုးသမီးသီးသန့်သင်တန်းပို့ချခြင်းများပြုလုပ်ရန်လည်းအလွန်အရေးပါလှသည်။ထုံးတမ်းစဉ်လာ အသိုင်းအဝိုင်းများတွင်အမျိုးသမီးများသည်အမျိုးသားများနှင့်နှိုင်းယှဉ်လျှင်ခွဲခြားသတ်မှတ်ခံရပြီး ပညာသင်ယူလေ့လာခွင့်နှင့် အခြားသော လွပ်လပ်ခွင့်များလည်း ကွဲပြားခြားနားသည်။ မဲပေးသူ ပညာရေးဆိုင်ရာ အဖွဲ့တွင် အမျိုးသမီးများအား ပါဝင်ထည့်သွင်းခြင်းပြုလုပ်၍ လိုအပ်လျှင် အဖွဲ့အား အမျိုးသမီးသီးသန့်ဖြင့် ဖွဲ့စည်းရမည်။

မဲပေးသူများ၏ သတင်းအချက်အလက်များအား စစ်တမ်းကောက်ယူသည့် campagins များအနေဖြင့် မိသားစုချင်းမဲပေးခြင်းအားချေဖျက်နိုင်ရန် လိင်ကွဲပြားမှုဆိုင်ရာသတိထားသော အမှာစကားပြောခြင်းအား အလေးပေးသည့်လျှို့ဝှက်မဲပေးခြင်းအား ပါဝင်ထည့်သွင်းသင့်ပြီး ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိအောင် ပေါင်းစည်းရာတွင်အမျိုးသမီးများ၏နိုင်ငံရေးပါဝင်လှုပ်ရှားမှု အရေးပါပုံကိုလည်း မီးမောင်းထိုးပြသင့်သည်။ အမှာစကားများသည် အမျိုးသားထုအားလည်း ရွေးကောက်ပွဲယှဉ်ပြိုင်သူအမျိုးသမီးများအား မဲပေးစေရန်လည်း အားပေးတိုက်တွန်းနိုင်သည်။

# IV.) ရွေးကောက်ပွဲကာလ ပြီးနောက်



## ကျား၊မ ရေးရာ တုံ့ပြန်ရေး အုပ်ချုပ်မှု

### အဓိက ပြဿနာများ

ဒီမိုကရေစီကိုအခြေခံသောအုပ်ချုပ်ရေးအားတဆင့်တိုးမြှင့်ခြင်းအားဖြင့်အမျိုးသမီးများအားနိုင်ငံရေးလုပ်ငန်းစဉ်များနှင့်ပါတ်သက်၍ပါဂင်ထည့်သွင်းခြင်းနှင့်တုံ့ပြန်ခြင်းတို့အပြင်လုပ်ပိုင်ခွင့်အာဏာပေးခြင်း အစရှိသော ပတ်ဂန်းကျင် အနေအထားတစ်ခု ဖန်တီးပေးရန်လိုအပ်သည်။ အမျိုးသမီးများ၏ အမြင်များရှုထောင့်များအားထည့်သွင်းစဉ်းစားခြင်းနှင့်၊နိုင်ငံရေးလုပ်ငန်းစဉ်များတွင်ပါဂင်လှုပ်ရှားခွင့်များ ပေးမှုသည် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်အတွက် မရှိမဖြစ်ထားရှိရမည့် အချက်ဖြစ်သလို ကောင်းမွန်သော အုပ်ချုပ်ရေးပိုင်းဖြစ်လာအောင်လည်း ဖြည့်ဆည်းပေးသည်။ သို့သော်လည်း ကမ္ဘာအနှံအပြားတွင် အမျိုးသမီးထုများသည် ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍတွင်မှု လစ်ဟာနေသေးကြောင်း သိရှိရသည်။ လေ့လာတွေ့ရှိချက်အရ ပါလီမန်အတွင်းရှိ အမျိုးသမီးလွှတ်တော် အမတ်ဦးရေသည် အလွန် နည်းသေးကြောင်း၊ အမျိုးသမီးလွှတ်တော်ဦးရေသည် အလွန် အကျုံးဂင်ကြောင်း နှင့် အမျိုးသမီးလွှတ်တော်အမတ်ဦးရေ များလေလေ အမျိုးသမီးများ၏ ပြဿနာများ၊ ကျား၊မ ရေးရာခွဲခြားမှု ကိစ္စများအား လွှတ်တော်တွင် ဆွေးနွေးမည့်အကြောင်းအရာများအဖြစ်

တိုးလေလေ ဖြစ်သည်။ ပါလီမန်တွင် အမျိုးသမီးဦးရေ ပါဝင်မှုကဏ္ဍများခြင်းသည် နိုင်ငံရေး စကားရည်လုပွဲဆိုင်ရာ သဘောသဘာဝတွင် အလွန်တရာမှ လွှမ်းမိုးမှုရှိကြောင်း သိရှိရသည်။

ပါလီမန်များနှင့်ဥပဒေရေးဆွဲသည့်ကဏ္ဍများတွင်အမျိုးသမီးများပါဝင်မှုလစ်ဟာပါကပါတီများအနေဖြင့်အုပ်ချုပ်မှုပိုင်းတွင်ကျား၊မရေးရာတန်းတူညီမျှမှုရှိကြောင်းသေချာအောင်လုပ်ဆောင်ရန် လိုအပ်သည်။ပါတီများ အနေဖြင့် နိုင်ငံရေးဆိုင်ရာ စကားရည်လုပွဲများ ဆွေးနွေးမည့်အကြောင်းအရာဆုံးဖြတ်ရာတွင် များစွာ လွှမ်းမိုးမှုရှိသည်။ ထိုမျှမက မူဝါဒများချမှတ်ခြင်း၊ အဓိကအုပ်ချုပ်ရေးပိုင်းသတ်မှတ်ခြင်း စသည်ဖြင့် လုပ်ပိုင်ခွင့်ရှိသည့်အလျောက် အမျိုးသမီးများနှင့် ပတ်သက်၍လည်း မဟာဗျူဟာကျကျ လုပ်ဆောင်နိုင်သည်။ လက်တွေ့တွင် နိုင်ငံရေးပါတီများတွင် ကျား၊မ ရေးရာ ပြဿနာများနှင့် စပ်လျဥ်း၍ ဆွေးနွေးထားသော အကြောင်းအရာများကို ရောနှောမှတ်သားထားသည်။ ဤကိစ္စနှင့်ပါတ်သက်သော ဥပမာအား နိုင်ငံရေးပါတီများ အုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲပြီးနောက် ဆွေးနွေးတင်ပြထားသော ကျား၊မရေးရာ အကြောင်းအရာများကို တိုင်းတာခြင်းအားဖြင့် တင်ပြထားပါသည်။

## အသုံးချ မဟာဗျူဟာများ

အောက်ပါ မဟာဗျူဟာများအား နိုင်ငံရေးပါတီများအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲပြီးနောက် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် အာဏာရရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှဖြစ်ရေးစသော လုပ်ဆောင်ချက်များကို တိုးမြှင့်လုပ်ဆောင်ရာတွင် ကိုးကားရန် လမ်းညွှန်ချက်အဖြစ် အဓိကထား ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤမဟာဗျူဟာများသည် နိုင်ငံရေးပါတီများနှင့် အလုပ်အတူလုပ်ကိုင်နေသော၊ ထောက်ပံ့နေသော အရပ်ဖက်အဖွဲ့အစည်းများ၊ ပါတီဖောင်ဒေးရှင်းများ၊ နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုသူများမှလုပ်ဆောင်သော လုပ်ဆောင်ချက်များအတွက် အကြံညဏ်များပံ့ပိုးပေးသည်။

## ၁။ ကျား၊မ ရေးရာ တန်းတူညီမျှမှု အကဲဖြတ်ခြင်း တာဝန်ယူဆောင်ရွက်ခြင်း

ရွေးကောက်ပွဲပြီးသည့်နောက်ကာလသည်ပါတီများအတွက်ကျား၊မရေးရာတန်းတူညီမျှအကဲမှုများ ပြုလုပ်ရန် အလွန်တရာ အရေးကြီးလှသည်။ ပါတီများသည် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် အာဏာရရေး နည်းဗျူဟာများကို ရေးဆွဲရာ၌ နည်းစနစ်ကျကျ စစ်တမ်းကောက်ယူမှုများပြုလုပ်နိုင်သော် လည်း မကြာခဏဆိုသလိုပင် အခြေအမြစ်မရှိသော သတင်းအချက်အလက်များအား ကိုးကားနေသည်ကို တွေ့ရှိရသည်။ ပါတီများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ၊ ပြည်သူ့အမြင်များအား စစ်တမ်းကောက်ယူထားသောသုတေသနများ၊အဖွဲ့လိုက်အင်တာဗျူးများ၊နှင့်စစ်တမ်းကောက်ယူထား သောdataအချက်အလက်များကိုအခြေခံသောသုတေသနများ၊အမျိုးသမီးများ၏အမှန်တကယ်

လိုအပ်ချက်နှင့်အခွင့်အလမ်းများအားနည်းစနစ်ကျကျလေ့လာတွေ့ရှိချက်များမှကိုးကားချက်များယူပါက အလွန် တရာအကျိုးရှိမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးပါတီအတွင်း ကျား၊မ တန်းတူညီမျှမှု အခြေအနေအား စစ်ဆေးလေ့လာမည်ဆိုပါက ပါတီအတွင်း အမျိုးသမီးများ ထမ်းဆောင်နေသော ရာထူးများ၊ မူဝါဒကြေငြာစာတမ်းများအား စွမ်းစွမ်းတမံလုပ်ဆောင်မှု နှင့် မူဝါဒများ အစရှိသော အဖွဲ့၏ လုပ်ဆောင်ချက်များ၊ အုပ်ချုပ်ပုံ စည်းမျဉ်းစည်းကမ်းများကိုလည်း ဆန်းစစ်လေ့လာခြင်း မည်မှာ ဖြစ်သည်။

ရွေးကောက်ပွဲပြီးသည့်နောက် နိုင်ငံရေးပါတီများသည် campaign အတွင်း ကျား၊မရေးရာ ပြဿနာများကို အလေးပေးအာရုံထားမှု အတိုင်းအတာနှင့် ၎င်းတို့၏ ကိုယ်ပိုင် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်းမှ အကျိုးအာနိသင်ရရှိနိုင်သည်။ ရွေးကောက်ပွဲကာလ အတောအတွင်းယှဉ်ပြိုင်သူများအတွက် ငွေကြေးထောက်ပံ့ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာကျင့်သုံးရာတွင်အမျိုးသမီးများအား တိုက်ရိုက်သော်လည်းကောင်းသွယ်ဝိုက်၍သော်လည်းကောင် အခွင့်ညီတူညီမျှရှိမရှိ ပါတီများအနေဖြင့် အကဲဖြတ်နိုင်သည်။ အလားတူပင် ထိုသို့အကဲဖြတ်နိုင်ရန်အတွက် လုပ်ဆောင်ချက် သို့မဟုတ် မဟာဗျူဟာများလည်းချဲ့ထွင်ပြုလုပ်နိုင်သည်။ပါတီသစ်များအနေနဲ့လည်း ယခင်ကပြုလုပ်ထားသော လုပ်ဆောင်ချက်များအားအချိန်မရွေးပြန်လည်ပြင်ဆင်ချက်များပြုလုပ်နိုင်သော်လည်းရွေးကောက်ပွဲပြီး နောက် ကာလတွင်ပြုလုပ်ပါက မဟာဗျူဟာဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်သည်။ ဥပမာအားဖြင့် ကနေဒါ (CANADA)တွင် ဒီမိုကရေစီပါတီသစ် (NDP) ရွေးကောက်ပွဲကာလပြီးနောက် အမျိုးသမီးများအား မဲဆန္ဒနယ်များတွင် ပိုမိုအဆိုပြုနိုင်သော လုပ်ဆောင်ချက်တစ်ခုကိုလည်း ချဲ့ထွင်ခဲ့သည်။ Kyrgyzstan တွင် နိုင်ငံလုံးဆိုင်ရာနှင့် ပြည်နယ်ဆိုင်ရာ အမျိုးသမီးများ ၏ နိုင်ငံရေးလှုပ်ရှားမှုအခြေအနေများအား အကဲဖြတ်ခြင်းနှင့် ကျား၊မ ရေးရာ လေ့လာဆန်းစစ်မှုများဆိုင်ရာ နိုင်ငံရေး ပါတီများ၏ မူဝါဒကြမ်းစာများအား အရပ်ဖက်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ယူလက်ခံဆောင်ရွက်သည်။

## ၂။ ရွေးကောက်ခြင်းခံရသော အမတ်လောင်းများအား သင်တန်းများပို့ချခြင်း။

ရွေးကောက်ခြင်းခံရသော အမတ်လောင်းများ အနေဖြင့် ပါလီမန်ဆိုင်ရာ အလုပ်များသည် အတွေ့အကြုံအသစ်ပင်ဖြစ်သည်။ ပါလီမန်၏ အတွင်းဝန်များရုံးမှလည်း အမတ်လောင်းများအား သင်တန်းပို့ချမှုများ ရှိသော်လည်း နိုင်ငံရေးပါတီများက မိမိတို့၏ အမတ်လောင်းများအား ပါလီမန်အတွင်း ပါတီများ၏လုပ်ဆောင်ချက်များအား သီးသန့် သင်ကြားပို့ချမှုများ ပြုလုပ်ပေးပါသည်။ဤကဲ့သို့ သင်တန်းများ ပို့ချခြင်းအားဖြင့် အထွေထွေ ကိုယ်ရည်သွေးလုပ်ဆောင်ချက်များ တိုးတက်လာနိုင်သည့်အပြင် အမျိုးသမီးအမတ်တော်များအား ပါလီမန်နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်း နှင့် လုပ်ရိုးလုပ်ထုံးများကိုလည်း ကူညီရာရောက်သည်။

## ၃။ ကျား၊မ ရေးရာ သတိထားမှုများအား ပါလီမန်အတွင်း ပြန်လည်ပြင်ဆင်ကာ တိုးမြှင့်ခြင်း။

ပါလီမန်အတွင်း နိုင်ငံရေးပါတီများပါဝင်ဆောင်ရွက်နေသောကြောင့် ပါလီမန်၏ ဓလေ့ထုံးတမ်းများအား ပါတီများအနေဖြင့် ပြုပြင်ပြောင်းလဲနိုင်သည်။ အမျိုးသမီးအမတ်များ ပါလီမန်တွင် ဝင်ရောက်သည့်အခါ၌ ၄င်းတို့အနေဖြင့် လိင်ကွဲပြားမှုပေါ်အခြေခံသော ကြီးစိုးခြယ်လှယ်မှုများကို တွေ့ကြုံရနိုင်သည်။ အထူးသဖြင့် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားထားသည့် လူမှုအဖွဲ့အစည်း၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်လုပ်ရိုးလုပ်ထုံးများပင်ဖြစ်သည်။အမျိုးသမီးများပါဝင်လှုပ်ရှားမှုများ စနစ်တကျဦးစီးဆောင်ရွက်နိုင်ခြင်းသေချာမှုရှိစေရန်နိုင်ငံရေးဆိုင်ရာအခြေအနေများအား ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရန် လိုအပ်ပေသည်။ အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုများအား တိုးမြှင့်ရန်အတွက် ပါလီမန်အတွင်း ဆွေးနွေးသည့် အချိန် ၊ အမျိုးသမီးအမတ်များအတွက် နေရာခင်းကျင်းမှုများ နှင့် ကလေး သူငယ်ရှိသော အမျိုးသမီးများအား ထွက်ခွာချိန် ဖန်တီးပေးခြင်း အစရှိသော အကြောင်းအရာများအား ထည့်သွင်းစဉ်းစားပေးခြင်းသည် အပြုသဘောဆောင်သည့် ပြန်လည်ပြင်ဆင်ချက်များဖြစ်သည်။ထို့ကြောင့်အမျိုးသမီးအမတ်များ၏အတားအဆီး၊အဟန့်အတားများ ကို ဖယ်ရှားပေးခြင်းသည် ပါလီမန်အတွင် ကျား၊မရေးရာ တန်းတူညီမျှပြုလုပ်ခြင်းနှင့် အမျိုးသား၊ အမျိုးသမီးတို့၏ လိုအပ်ချက်နှင့် စိတ်ဝင်စားမှုတို့အား ဖန်တီးခြင်းအတွက် အလွန်ပင် အရေးပါလှပါသည်။

တောင်အာဖရိကတွင် အာဖရိကန်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများညီလာခံအဖွဲ့မှ အမျိုးသမီးများသည် ၁၉၉၄ နှစ်တွင် ပါလီမန်အတွင်းသို့ ဝင်ရောက်ရှိသည့်နှင့်တပြိုင်နက် ပါလီမန်၏ဖွဲ့စည်းပုံအား န်လည်ပြင်ဆင်ရန်လိုအပ်ကြောင်းမီးမောင်ထိုးပြသခဲ့သည်။ ၄င်းတို့သည် ပါလီမန်၏ ပြက္ခဒိန်နှင့် ကျောင်းများ၏ က္ခဒိန်တူညီမှုရှိစေရန် ညှိနှိုင်းခဲ့သည်။ ထို့သို့တူညီမှုရှိပါက ကျောင်းသားလူငယ်များ ကျောင်းပိတ်ချိန်တွင် ွှတ်တော်အမတ်များအနေ ဖြင့်လည်း အနားယူနိုင်သည်။ ထို့ပြင် လွှတ်တော်တွင်း စကားရည်လုပွဲများအားလည်း မတ်တော်များအနေဖြင့် မိသားစုအား အချိန်ပေး နိုင်ရန် ကလေးသူငယ်များအား ပြုစုစောင့်ရှောက်နိုင်ရန် တွက် ညနေစောစော အချိန်များတွင် အပြီးသတ်ရန်တွန်းအားပေးခဲ့သည်။



## ၄။ ကျား၊မ ရေးရာ ပေါင်းစည်းရေးနှင့် ပါတီတွင်း အမျိုးသမီးများ မူဂါဒများနှင့်ပါတ်သတ်၍ လုပ်ပိုင်ခွင့်အာဏာရရှိစေရန် သေချာခြင်း။

IPU မှ ပါလီမန် ဦးရေ ၃၀၀ အား စစ်တမ်းကောက်လေ့လာရာတွင် နိုင်ငံရေးပါတီများ၏ မူဂါဒများသည် ဥပဒေရေးဆွဲရာတွင်လည်းကောင်း၊လုပ်ငန်းစဉ်များလုပ်ဆောင်ရာတွင်လည်းကောင်းအဓိကဆုံးဖြတ်ပေး သောအရာများဖြစ်ကြသည်။နိုင်ငံရေးပါတီများ၏ဆုံးဖြတ်ချက်ချမှတ်သည့်အပိုင်းဖြစ်တွင် အလုပ်အမှုဆောင်အဖွဲ့ကော်မတီများသည် လွှမ်းမိုးနိုင်မှုများသော်လည်း အမျိုးသမီးများအနေဖြင့် ထိုကော်မတီတွင် ပါဝင်မှုအားနည်းနေသေးသည်။ လက်တွေ့တွင် နိုင်ငံရေးပါတီတိုင်းသည် ကျား၊မရေးရာ တန်းတူညီမျှခြင်းအားတိုးမြှင့်ခြင်း၊ကျင့်သုံးခြင်းမရှိပဲအမျိုးသမီးအနည်းစုကသာသူတို့၏ရာထူး အနေအ ထားအရဆုံးဖြတ်ချမှတ်သည့်အပိုင်းတွင်သာပါဝင်ခွင့်ရသည်။အုပ်ချုပ်သောပါတီများ၏ထောက်ခံအားပေး မှုသည် ကျား၊မ ရေးရာနှင့်ဆက်စပ်သော ဥပဒေများရေးဆွဲခြင်းနှင့် အစပြုလုပ်ဆောင်ချက်များအတွက် အရေးကြီးဆုံးထဲက တစ်ခုဖြစ်ပါသည်။

နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများလုပ်ပိုင်ခွင့် အာဏာရရှိရေးအခြေအနေများအား အနည်းဆုံး အောက်ပါ ဖွံ့ဖြိုးမှုဆိုင်ရာ မူဂါဒ ၂ ရပ်ဖြင့် လုပ်ဆောင်နိုင်သည်။

၁။ မိဘများထွက်ခွာခွင့်နှင့် မျိုးပွားမှု အခွင့်အရေးပြဿနာများ အား ပစ်မှတ်ထားခြင်း သို့မဟုတ် လိင်ကွဲပြားမှုပေါ် အခြေခံသောအကြမ်းဖက်မှုများအားချေဖျက်ခြင်းအစရှိသောကျား၊မရေးရာမူဂါဒပြန် လည်ပြင်ဆင်ချက်များအား ထောက်ခံခြင်း၊

၂။ ကျား၊မ ရေးရာ အမြင်ရှုထောင့်သည် စကားရည်လုပွဲများ၏ မူဂါဒများ၊ နှင့် ပါတီ၏ အဓိကထားမှုများဖြစ်ကြသော ကျား၊မ ရေးရာ တန်းတူညီမျှတိုးမြှင့်မှု နယ်ပယ်များဖြစ်သော တရားမျှတမှု၊ ကျန်းမာရေး၊ အမျိုးသားရေး၊ အလုပ်သမားနှင့် လယ်ယာမြေ အခွင့်အရေး၊ လူမှုရေးဆိုင်ရာ လုံခြုံစိတ်ချရမှု၊ အမွေအနှစ်ဆက်ဆံခြင်းများအားလုံးနှင့် ပေါင်းစည်းခြင်း သေချာခြင်း။

ပါတီအဖွဲ့ဝင်များ ( အမျိုးသား၊ အမျိုးသမီး) ၏ လုပ်နိုင်စွမ်းပမာဏများအားလည်းကျား၊မရေးရာ( gender) အမြင်ရှုထောင့်မှ လေ့လာဆန်းစစ်ကာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်သည်။ မူဂါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ခြင်း၊ဥပဒေနှင့်အင်အားအရင်းအမြစ်များအားခွဲဝေခြင်းများအားအကျိုးသက် ရောက်မှုရှိသော အမျိုးသား အမျိုးသမီးများမှ တင်ပြသင့်သည်။ ဤလုပ်ဆောင်ချက်တွင် ကျား၊မ ရေးရာဆိုင်ရာ ငွေကြေး လေ့လာဆန်းစစ်မှုများ ၊ data အချက်အလက်များအား ဆုံးဖြတ်ခြင်းများ ပြုလုပ်ရန် ကျား၊မရေးရာ တန်းတူညီမျှမှုအား လုပ်ဆောင်သော အထူးကော်မတီများ၏ လုပ်နိုင်စွမ်းရည်များအား မြှင့်တင်ပေးခြင်းပါဝင်သည်။ ဆက်စပ်သော အဖွဲ့အစည်းဆိုင်ရာတိုင်းတာမှုသည်

အမျိုးသမီးအဖွဲ့များ၏ ဆုံးဖြတ်ချက်နှင့် ထောက်ခံချက်များ၊ အတွင်းပိုင်း မူဝါဒ ကော်မတီများ၊ သို့မဟုတ် နိုင်ငံရေးပါတီအတွင်းမူဝါဒဖွံ့ဖြိုးမှုများအားလွှတ်တော်မှအမျိုးသမီးအဖွဲ့များမှအကြောင်းကြားခြင်းဖြစ်သည်။

| |
|---|
| စပိန်နိုင်ငံ။ ။ဆိုရှယ်လစ်အလုပ်သမားများပါတီ (PSOE)သည် ကျားမတန်းတူညီမျှရေး ဥပဒေပြဋ္ဌာန်း ရေးအတွက် ထောက်ပံ့ကူညီပေးခဲ့ပြီး မူဝါဒများပြုလုပ်ရာတွင် ကျားမရေးရာကို ထည့်သွင်းရန် အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှစ၍ PSOE သည် စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ မှီနေထိုင်သူများအားစောင့်ရှောက်မှုနှင့် ဥပဒေပြုရေးတွင်မဏ္ဍိုင်အတွက် ရွေးကောက်ခံမည့်သူခွဲတမ်းများ အပါအဝင် ဥပဒေအမြောက်အများကို ပြုခဲ့သည်။ |

| |
|---|
| မော်ရိုကိုနိုင်ငံ။ ။ USFP ပါတီသည် နိုင်ငံသားဥပဒေနှင့် ပါလီမန်တွင် ကျားမတန်းတူညီမျှရေးကို ပြဋ္ဌာန်းနိုင်ရေးစသည့် ကိစ္စရပ်များကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ |

| |
|---|
| ရဝမ်ဒါနိုင်ငံ။ ။ဥပဒေပြုမဏ္ဍိုင်ပြုပြင်ပြောင်းလဲရေးလုပ်ရာတွင် ၁၉၉၉ခုနှစ်တွင် အမွေဆက်ခံခွင့်နှင့် အရိုက်အရာဆက်ခံခြင်းဥပဒေ၊ ၂၀၀၁ ခုနှစ်တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း ဥပဒေနှင့် ၂၀၀၉ခုနှစ်တွင် ကျားမအခြေပြုအကြမ်းဖက်မှုတို့ကို အလေးထားဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများ အနေဖြင့်လည်း အခြားသောဥပဒေများပြုရာတွင် ကျားမရေးရာအမြင်များရှိရေးနှင့် ကလေးသူငယ် များနှင့် လိုက်လျောညီထွေဖြစ်ရေးတို့အတွက် များစွာလွှမ်းမိုးနိုင်ခဲ့သည်။ ထိုဥပဒေများတွင် အမျိုးသားနိုင်ငံသားဥပဒေ၊ လူမျိုးတုံးသတ်ဖြတ်မှုများကို အမျိုးအစားခွဲခြင်းဆိုင်ရာဥပဒေနှင့် ထွက်ဆိုသောသက်သေကို ကာကွယ်ပေးသည့်ဥပဒေတို့ ပါဝင်သည်။ |

အချို့သော ကိစ္စရပ်များတွင် အမတ်များအနေဖြင့် ပါတီ၏စည်းကမ်းချက်များကြောင့် ကျားမရေးရာ တန်းတူညီမျှ ပြဿနာများအား ဆွေးနွေးချက်များအား ကန့်သတ်နိုင်သည်။ ကိစ္စတော်တော်များတွင် ပါတီများ၏ မူဝါဒများအား ပါလီမန်အတွင်း ပါတီအဖွဲ့များ၏ သီးသန့်ပြဿနာများအား မဲပေးပုံကိုကြည့်ခြင်း အားဖြင့် ဆုံးဖြတ်သည်။ ထို့ကြောင့် ပါလီမန်အတွင်းရှိ အမျိုးသမီးအမတ် တစ်ဦးတစ်ယောက်ချင်းစီအား လက်တွေ့မကျသော တောင်းဆိုမှုများ ရှောင်ကြဉ်ရန်လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်ချင်း အနေဖြင့် ပါတီနှင့် တစ်သီးပုဂ္ဂလဆန်သော ကိစ္စရပ်များကို လုပ်ဆောင်ရန် အခက်အခဲရှိသောကြောင့်ဖြစ်သည်။ဤသို့ပြုမှုခြင်းအားဖြင့်ပါတီတွင်းကျားမရေးရာပေါင်းစည်းသေချာမှု၏ အရေးပါပုံကို တွန်းအားပေးသည်။

## ၅။ အမျိုးသမီးများ နေရာရခြင်းနှင့် ရေရှည်တွင် ဆက်လက်ထိန်းသိမ်းထားခြင်း။

ပါလီမန်ကာလ အတောအတွင်းတွင် လွှတ်တော်တွင် အမျိုးသမီးများ၏နေရာအရေအတွက်သည် အတက်အကျဖြစ်နေတတ်သည်။အမျိုးသမီးအမတ်များအနေဖြင့်ဂုဏ်ကြီးအဆင့်ရာထူးတိုးမြှင့်ခြင်းကြောင့် နုတ်ထွက်ခြင်း သို့မဟုတ် ပါလီမန်နေရာအား ဖယ်ပေးခြင်းများ ပြုလုပ်ရမည်။ ဤအခြေအနေများတွင်

( ရွေးကောက်ပွဲကျင်းပခြင်းမရှိပါက) နိုင်ငံရေးပါတီများအနေဖြင့် လွတ်သွားသော နေရာတွင် အမျိုးသမီး အမတ်များအား ပြန်လည်နေရာပေးခြင်းပြုရမည်ဖြစ်သည်။ ပါတီအနေဖြင့် အမျိုးသမီးဦးရေ အရေအတွက် တိုးပွားလာစေရန်အတွက် နေရာလွတ်များတွင် အမျိုးသမီးများအား ပြန်လည် ခန့်အပ်ရမည်။ နိုင်ငံရေး ပါတီအနေဖြင့်နောင်အနာဂတ်ရွေးကောက်ပွဲများတွင်ယှဉ်ပြိုင်နိုင်မည့်အမျိုးသမီးဦးရေအားဆက်လက် ထိန်းသိမ်းထားရန် လိုအပ်ပေသည်။ ပါလီမန်တွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေများ တရှိန်ထိုး တိုးမြင့်လာခြင်းလည်း ရှိလာနိုင်သလို အမျိုးသမီးများအားလည်း ဤကဲ့သို့ အခြေအနေအား ဆက်လက် ထိန်းသိမ်းသွားရန် မည်ကဲ့သို့ ထောက်ပံ့အားပေးမှုများ လိုအပ်မည်ကိုလည်း မေးမြန်းသင့်ပေသည်။ ဥပမာအားဖြင့် (Ghana) ဂါနတွင် များစွာသော နိုင်ငံရေးပါတီများက နောင်အနာဂတ် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ လွှတ်တော်တွင် နေရာ ရရှိစေရန် ဆက်လက်ထိန်းသိမ်းသွားမည့် အပြင်ပါတီတွင်းလစ်ဟာသွားသောအမျိုးသမီးနေရာတွင်လည်း ပြန်လည်၍ အမျိုးသမီးနေရာရရေးကိုသာ လုပ်ဆောင်သွားမည်ဖြစ်သည်။

## ၆။ အမျိုးသမီးများအဖွဲ့များဆိုင်ရာ ကွန်ယက်ပြုလုပ်ခြင်းနှင့် အဖွဲ့အစည်းငယ်များအား ထောက်ပံ့ပေးခြင်း။

ကမ္ဘာအနှံ့အပြားတွင်ရှိသော အမျိုးသမီးများအနေဖြင့် ပါလီမန်အတွင်း လူနည်းစုအဖြစ်ရှိနေခြင်းသည် မူဝါဒပြောင်းလဲရန်အတွက် မဟာမိတ်များအဖွဲ့နှင့်ပူးပေါင်းခြင်းမှမဟာဗျူဟာပိုင်းဆိုင်ရာအကျိုးကျေးဇူးများ ရရှိနိုင်သည်။ အမျိုးသမီးအဖွဲ့အစည်းငယ်များသည် အစိုးရလုပ်ဆောင်ချက်များအားကြီးကြပ်ရေးတာဝန် ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများတွင်ကျားမပေါင်းစည်းရေးနှင့်အမျိုးသမီးများအားနိုင်ငံရေးပါတီမှတဆင့် ၎င်းတို့၏ စိတ်ဝင်စားမှုနှင့် သက်ဆိုင်သော အကြောင်းအရာများအား ပုံဖော်ပေးရန် အမျိုးသမီးထုအား အတူတကွ ဆွဲခေါ်ပေးနိုင်သော အကျိုးသက်ရောက်မှုရှိသည့် ဆွေးနွေးပွဲတစ်ခုဖြစ်နိုင်သည်။ ထိုအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များတွင် လွှတ်တော်တွင်ရှိသော အမျိုးသမီးအမတ်များ လုပ်နိုင်စွမ်းရည်ကိုမြှင့်တင်ခြင်း၊ ဥပဒေမူကြမ်းများအား လေ့လာဆန်းစစ်ခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများမှ သတင်းများအားကြားနာခြင်း၊ ဆက်နွယ်သောပြဿနာများအား အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ အမျိုးသမီးအဖွဲ့ဝင်များအနေဖြင့် ပါတီခေါင်းဆောင်များအား လွှမ်းမိုးမှု ရှိစေရန် လက်ရှိပြဿနာများအား ထုတ်ဖော်ခြင်း၊ ကျားမရေးရာ ပေါင်းစည်းရေးနှင့် အမျိုးသမီးများ လုပ်ပိုင်ခွင့်အာဏာရရှိရေး အစရှိသော လုပ်ဆောင်ချက်များ ပါဝင်ပါသည်။

အမျိုးသမီးအဖွဲ့ငယ်များအား ပါတီများ ထောက်ခံခြင်းသည် ရလာဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

**မက္ကဆီကိုနိုင်ငံ။** ။ပါတီကြီးများအားလုံးမှ အမျိုးသမီးများသည် ကွန်ဂရက်အထဲနှင့်အပြင်နှစ်ရပ် စလုံးတွင် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်အမျိုးသမီးများအား ခွဲတမ်းစနစ်ကိုအားပေးထောက်ခံရန် ဖိအားပေးရာတွင် အတူတကွလုပ်ဆောင်ခဲ့ကြသောကြောင့် ခွဲတမ်းဥပဒေသည် အကျိုးဖြစ်ထွန်းလာ လေသည်။

**အာမေးနီးယားနိုင်ငံ။** ။ပါတီပေါင်းစုံဖြင့်ဖွဲ့ထားသောညွန့်ပေါင်းအဖွဲ့သည် ပါတီကြီးအများစုအား ပါလီမန်အတွက် ခွဲတမ်းတစ်ရပ်ကို သဘောတူလက်ခံအောင် စည်းရုံးနိုင်ခဲ့သည်။ ပါတီဝင်အမျိုးသမီးများသည်လည်း အများသဘောတူသတင်းစကားများကိုယူဆောင်ကာ ၎င်းတို့၏သက်ဆိုင်ရာပါတီအသီးသီးတွင် ပါတီတွင်းကိုယ်စားပြုအရေးဆိုရန် သင့်လျော်သည့်ပုံစံဖြင့် ပြောင်းလဲသုံးစွဲခဲ့ကြသည်။

**အဲလ်ဆဲလ်ဗားဒါး။** ။အဲလ်ဆဲလ်ဗားဒါးအမျိုးသမီးလွှတ်တော်အမတ်များနှင့် အမတ်ဟောင်းများအဖွဲ့သည် ပါလီမန်အထဲနှင့်အပြင်နှစ်ရပ်စလုံးတွင် အမျိုးသမီးများ၏နိုင်ငံရေးစကားများ ပြောဆိုမှုအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၎င်းအဖွဲ့သည် ဆက်သွယ်ရေးနှင့်စည်းရုံးရေးစွမ်းရည်များအတွက် သင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။ ထိုစွမ်းရည်များသည် အမျိုးသမီးများအတွက် ၎င်းတို့၏နိုင်ငံရေးအလုပ်များတွင် ပိုမိုထိရောက်မှု ရှိလာစေသည်။

**ကာဇတ်စတန်။** ။အမျိုးသမီးများ၏ဥပဒေရေးရာလုပ်ငန်းစဉ်အဖွဲ့သည် အမျိုးသမီးလွှတ်တော်အမတ်များ၊ ကျား၊မရေးကျွမ်းကျင်ပညာရှင်များ၊ အမျိုးသမီးများ၏အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တက်ကြွက်လှုပ်ရှားသူများကို ပေါင်းစည်းနိုင်စေခဲ့ပြီး အမျိုးသမီးများ၏လွှတ်တော်အမတ်အဖွဲ့များအတွက် ဥပဒေကြမ်းများကို ခွဲခြမ်းစိတ်ဖြာရာတွင် လိုအပ်သောစွမ်းရည်များဖွံ့ဖြိုးတိုးတက်လာစေရန် အားကောင်းစေခဲ့သည်။

## ၇။ အရပ်ဖက်အဖွဲ့အစည်းများနှင့် မဟာဗျူဟာဆိုင်ရာမိတ်ဖက်ဖွဲ့ခြင်း။

နိုင်ငံရေးလုပ်ဆောင်သောအမျိုးသမီးများနှင့်အရပ်ဖက်အဖွဲ့အစည်းများကြားမဟာမိတ်ဖွဲ့တည်ဆောက်ခြင်းသည်မူဝါဒချမှတ်သည့်လုပ်ငန်းစဉ်များအားထပ်ဆင့်တိုးမြှင့်ရန်အတွက်များစွာအကျိုးသက်ရောက်မှုရှိသည်။ အထူးသဖြင့် ကိစ္စတော်တော်များတွင် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသမီးများလုပ်ပိုင်ခွင့်အာဏာရရှိရေးများအား မြှင့်တင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူကြမ်းများအားရေးဆွဲရာတွင် နိုင်ငံရေးလှုပ်ရှားသူများသည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန်အတွက် အရပ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွပူးတွဲ လုပ်ဆောင်လေ့ရှိသည်။

အခြားသော ကိစ္စရပ်များတွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့အလိုရှိသောမူဝါဒပြောင်းလဲနိုင်ရန်အတွက်ပါတီဝင်အမျိုးသမီးလှုပ်ရှားသူများအား ရည်မှန်းသည်။ဖြစ်နိုင်ခြေအားဖြင့်အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့်အစိုးရအားဖိအားများပေးနိုင်သည့်အပြင် ပြန်လည်ပြင်ဆင်ရန်အတွက် ပြည်သူ့လူထု၏တောင်းဆိုချက်များလည်း လှုံ့ဆော်နိုင်သည်။

မော်ရိုကိုနိုင်ငံ။ ။ပြည်တွင်းနှင့်နိုင်ငံတကာအရပ်ဖက်အဖွဲ့အစည်းများသည် ပေါင်တီပေါင်းစုံမှ အမျိုးသမီးများကို ပူးပေါင်းဖြစ်အောင် အတူတကွလုပ်ဆောင်ခဲ့ကြပြီး အမျိုးသမီးလွှတ်တော်အမတ် အဖွဲ့ ဖွဲ့စည်းရန် လုပ်ငန်းအရှိန်အဟုန်ကိုမြှင့်တင်ခဲ့သည်။ ထို့အပြင် ခွဲတမ်းဥပဒေကို မည်ကဲ့သို့အား ပေးထောက်ခံရန်နှင့်ပတ်သက်၍လည်း မဟာဗျူဟာကျကျလုပ်ဆောင်ခဲ့သည်။

ပီရူးနိုင်ငံ။ ။လက်တင်အမေရိကတိုက်တွင် လိုင်းသဖွယ် မြင့်တက်လာသောခွဲတမ်းစနစ်သစ်များအပေါ် တွင် အမျိုးသမီးအဖွဲ့အစည်းများဖြင့်ဖွဲ့ထားသော ညွန့်ပေါင်းအဖွဲ့သည် ရွေးကောက်ပွဲဝင်ခွဲတမ်းဥပဒေ တစ်ရပ်ကိုပြဋ္ဌာန်းနိုင်ရေးအတွက် ကိုယ်စားပြုအရေးဆိုရန် ပါတီတွင်းအမျိုးသမီးများနှင့်ပူးပေါင်းလုပ် ဆောင်နိုင်ခဲ့သည်။

စလိုဗီးနီးယား။ ။ပါတီအသီးသီးမှ အမျိုးသမီးခေါင်းဆောင်များနှင့် အခြားသောပြည်သူ့ခေါင်းဆောင် များဖြင့် ဖွဲ့စည်းထားသောညွန့်ပေါင်းအဖွဲ့သည် နိုင်ငံရေးတွင်အမျိုးသမီးများ အချိုးညီစွာကိုယ်စားပြုမှု ရရှိရေးအတွက် ယာယီအာမခံချက်များကို ထည့်သွင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို ကိုယ်စားပြုအရေးဆိုနိုင်ခဲ့သည်။ ဆိုလိုသည်မှာ ၂၀၀၄ ခုနှစ်ဥရောပပါလီမန်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစာရင်းများ၌ အမျိုးသမီးခွဲတမ်း ၄၀ ရာခိုင်နှုန်းအတွက် ကိုယ်စားပြုအရေးဆိုခြင်း ဖြစ်သည်။

## ၈။ ပါတီအဖွဲ့ဝင်များအား လုံ့ဆော်ခြင်းနှင့် အမျိုးသားများနှင့်အတူတကွ အလုပ်လုပ်ဆောင်ခြင်း။

ကျား၊မရေးရာ တန်းတူညီမျှဥပဒေအားပြဌာန်းခြင်းဆိုသည်မှာ ပါတီမှ ကျင့်သုံးသော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အဖွဲ့ဝင်များမှ လိုက်နာကျင့်သုံးခြင်း ကိုဆိုလိုသည်။ အထူးသဖြင့် ပါလီမန်အတွင်းတွင် ရှိသော အဖွဲ့ဝင်များမှဖြစ်သည်။ ရည်မှန်းချက်ခိုင်ခိုင်မာထားရှိခြင်းနှင့် မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကဲ့သို့သောပါတီ၏ရည်မှန်းချက်ဆိုသည်မှာထောက်ခံအားပေးမှု နှင့် ပါတီဝင်အမျိုးသား၊ အမျိုးသမီးများမှ ဝယ်ယူခြင်းဖြင့်မရရှိခဲ့လျှင်ကို ရည်ညွှန်းသည်။ အမျိုးသားများသည် လွှတ်တော်အတွင်း လူအများစုဖြစ်သည့်အပြင် ခေါင်းဆောင်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများကိုလည်းလွှမ်းမိုးထားသောကြောင့်အမျိုးသားများသည်ပြောင်းလဲခြင်းများလုပ်ဆောင် ခြင်း အတွက် မရှိမဖြစ်လိုအပ်သော မိတ်ဖက်များဖြစ်သည်။ ထို့အတွက်ကြောင့် ကျား၊မရေးရာ တန်းတူညီမျှဖြစ်ရေးလုပ်ဆောင်ရန် အဓိကအားဖြင့် အမျိုးသားများအား တိုက်တွန်းလှုံ့ဆော်ရန် လိုအပ်သည်။ အဖွဲ့ဝင်သစ်များအား သင်တန်းပို့ချရာ၌လည်း ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့်သက်ဆိုင် သောအကြောင်းအရာများကိုလည်း ထည့်သွင်း သင်ကြားသင့်သည်။

အဖွဲ့ခေါင်းဆောင်၏ ထောက်ခံမှုနှင့် အမြင်သည်လည်း အလွန်အရေးကြီးလှပေသည်။ စပိန်နိုင်ငံတွင် PSOE ခေါင်းဆောင်သည် မိမိကိုယ်မိမိ အမျိုးသမီးဝါဒအား ထောက်ခံအားပေးသူအဖြစ် ကြေညာသည်။ ထိုသို့ကြေညာလိုက်ခြင်းကြောင့် စပိန်နိုင်ငံရေး အမျိုးသမီးဝါဒများကြားတွင် များစွာသော ပြောင်းလဲတုန့်ပြန်မှုများ ဖြစ်ပွားခဲ့သည်။ ဤကဲ့သို့ ပါတီတွင်း အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူဆက်ဆံခြင်းနှင့် အမျိုးသမီးများ၏ အမြင်များအားထည့်သွင်းစဉ်းစားခြင်းသည် ကြီးစွာသော ရိုက်ခတ်မှုကို ဖြစ်စေသည်။

## နိဂုံးချုပ်



နိုင်ငံရေးအခင်းအကျင်းများတွင်အမျိုးသမီးများ၏အမြင်များပါဝင်ဆောင်ရွက်ခြင်းများအားထည့်သွင်းခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီလမ်းစဉ်သစ်ဖော်ဆောင်ရာတွင်လည်းကောင်း၊ ကောင်းမွန်သော အုပ်ချုပ်ပိုင်းဖြစ်အောင် ပံ့ပိုးပေးခြင်းတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းဖြစ်သည့်အပြင် နိုင်ငံရေးပါတီများသည် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများအတွက် အဓိက ပံ့ပိုးကူညီသည့်အရာ ဖြစ်သည်။ အမျိုးသမီးလုပ်ပိုင်ခွင့်အာဏာရရှိရေးအား ရွေးကောက်ပွဲ လုပ်ငန်းစဉ် တလျှောက်မြှင့်တင်ခြင်းသည် နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးအရရော ငွေကြေးအရပါ အကျိုးအမြတ်ရရှိစေသည်။ အမျိုးသမီးများအား ပြန်လည်ပြင်ဆင်ခြင်းမှတဆင့် ပွင့်လင်းမြင်သာစွာ အားပေးထောက်ခံမှုသည် နိုင်ငံရေးပါတီများအနေဖြင့်ပြည်သူလူထု၏အမြင်ကိုပြောင်းလဲစေရုံသာမကထောက်ခံအားပေးမှုများအား ထပ်မံရရှိစေခြင်း၊ အဖွဲ့ဝင်သစ်များအားဆွဲဆောင်နိုင်ခြင်း၊ ရန်ပုံငွေတိုးမြှင့်လာနိုင်သည့်အပြင် အခြားသော နိုင်ငံများတွင်လည်း ၎င်းတို့၏ ရပ်တည်မှုအနေအထား တိုးတက်ပြောင်းလဲလာနိုင်သည်။

နိုင်ငံရေးပါတီများ၏ တရားဝင် ထောက်ခံပေးခြင်းသည် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများပါဝင်လှုပ်ရှားရေးကို အဟန့်အတားဖြစ်စေသောအရာများအား ဖြတ်ကျော်ရန်လိုအပ်သည်။ ကျား၊ မ ရေးရာခွဲခြားမှုသည်ကမ္ဘာအနှံ့အပြားတွင်ပျံ့နှံ့လျက်ရှိပြီးလူမှုရေး၊စီးပွားရေးနှင့်နိုင်ငံရေးတွင်တန်ပြန်သက်ရောက်မှုရှိသည်။ နိုင်ငံတော်တော်များတွင် အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူယှဉ်ပြိုင်ခြင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံခြင်းမှဟန့်တားသည့်အပြင် ဆုံးဖြတ်ချက်ချမှတ်သည့် အနေအထားနှင့်အလှမ်းဝေးသောရာထူးများအားပေးအပ်သည်။
ဤကဲ့သို့ဘက်လိုက်မှုများသည်အမျိုးသမီးထု၏ ဝင်ငွေအနေအထားနှင့် ကျန်းမာဆင်းရဲမှုကိုလည်း လိုက်စားစေသည့်အပြင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ် အဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်လှုပ်ရှားမှုကိုလည်း အဟန့်အတားဖြစ်စေသည့် အလွန်သတိထားသင့်သော အရေးကြီးအကြောင်းအရာဖြစ်သည်။ ဉပမာအားဖြင့်အမျိုးသမီးများတွင်ဝင်ငွေအရင်းအမြစ်နည်းသောကြောင့်၎င်းတို့အား

အားပေးထောက်ခံဂုန်အတွက် လှုပ်ရှားမှု campaign များ ၊ ရွေးကောက်ပွဲများအား ဝင်ရောက်မယှဉ်ပြိုင်နိုင်ခြင်းများ ဖြစ်တတ်သည်။ ၄င်းအပြင် အမျိုးသမီးများသည် အမျိုးသားများထက် လှုပ်ရှားမှု campaign များထောက်ခံအားပေးမှုရယူရန် ပြင်ပမှ ရန်ပုံငွေရှာခြင်း၊ ဗဟုသုတဆိုင်ရာအကြောင်းအရာများ၊ လွှမ်းမိုးမှုကွန်ယက်၊ စံပြနမူနာများ၊ နှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များလည်း နည်းပါးသည်။ နိုင်ငံရေးပါတီများအတွင်းတွင် ဤကဲ့သို့ဘက်လိုက်မှုများအား ခေါင်းဆောင်ပိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်အပိုင်းများတွင် အမျိုးသမီးများအားနည်းနေသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။

သို့သော်ငြားလည်း နိုင်ငံရေးပါတီအားထောက်ခံပေးရာတွင် အမျိုးသမီးအများစု၏ အင်အားသည် အောက်ခြေသိမ်းလုပ်ဆောင်မှုနှင့် အမျိုးသားခေါင်းဆောင်သော ပါတီများအားထောက်ခံအားပေးသော နေရာများတွင် အလွန်များပြားကြောင်းသိရှိရသည်။ နိုင်ငံရေးပါတီများတွင် ရာထူး အာဏာသည် တရားဝင်မဟုတ်ခြင်း၊ ဗဟိုချုပ်ကချုပ်ကိုင်ခြင်း၊ နှင့် အမျိုးသမီးခေါင်းဆောင်များအားမလိုလားသည့် ကွန်ယက်များမှ ထောက်ခံ ချုပ်ကိုင်ခြင်းများဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဗဟုသုတမရှိခြင်း၊ လုံလောက်သော အဆက်အသွယ်၊ စံပြနမူနာများ လစ်ဟာခြင်းနှင့်အတူ မိသားစုအသိုင်းအဝိုင်းမှ ထောက်ခံခြင်းမရှိသည့်အတွက် အမျိုးသမီးများအနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် အမျိုးသားများထက် နောက်ကျကျန်ခဲ့သည်မှာ နားလည်နိုင်ဖွယ်ရှိသည်။ ထိုကဲ့သို့ အမြင်သဘောထားများအား ထိပ်တိုက်ရင်ဆိုင်ကာ နိုင်ငံရေးအခင်းအကျင်းသို့ ဝင်ရောက်လာသော အမျိုးသမီးများအားလည်း ရွေးကောက်ပွဲဖြစ်စဉ် အဆင့်တိုင်းတွင် မြောက်မြားလှစွာသော တိုင်းတာမှုများဖြင့် ပြောကြားသည်။ ဤလမ်းညွှန်ချက်စာအုပ်မှ ရည်မှန်းထားသော မဟာဗျူဟာသည် အမျိုးသမီးများအား ခေါင်းဆောင်မှုပိုင်းတွင်ပါဝင်ထည့်သွင်းခြင်းနှင့်ထိုနေရာတွင်ဆက်လက်တည်မြဲအောင်လုပ်ဆောင်ရာတွင် အဘယ်မျှ အောင်မြင်နိုင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ အောင်မြင်သော မဟာဗျူဟာများအား ရွေးချယ်စီရာတွင်လည်း နိုင်ငံရေး စနစ်ပြောင်းလဲကျယ်ပြန့်မှု စကေးဖြစ်သော အမျိုးသမီးများ၏ လုပ်ဆောင်ရည်စွမ်းရည်မြှင့်တင်ပေးခြင်း နှင့် ပါတီ၏အတွင်းပိုင်းဖွဲ့စည်းပုံအား ပြန်လည်ပြင်ဆင်ခြင်းများဖြင့်တိုင်းတာသည်။များလှစွာသောအခြေအနေများမှ အမျိုးသမီးများအား နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်းတိုးတက်အောင်ပြန်လည်ပြင်ဆင်ခြင်းသည် ပါတီ၏ မူဂါဒလမ်းစဉ်ဖြစ်သော ကျား၊မ တန်းတူညီမျှ တုံ့ပြန်မှုအား တိုးတက်အောင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ မဟာနည်းဗျူဟာများ စဉ်ဆက်မပြတ်ပေါင်းစည်းခြင်းသည် နိုင်ငံရေးနှင့်ဆိုင်သော ထုံးတမ်းဓလေ့များနှင့် ရည်မှန်းထားသော အမျိုးသမီးနိုင်ငံရေးလှုပ်ရှားသူများ ရွေးကောက်ပွဲယှဉ်ပြိုင်သူအမျိုးသမီးများ၊ ရွေးကောက်ခြင်းခံရသော လူမှုရေး၊စီးပွားရေးများအား ပြောကြားသည့် အမျိုးသမီးအမတ်များနှင့် လုပ်နိုင်ရည်စွမ်းရည်စိန်ခေါ်မှုအား ရင်ဆိုင်နေရသည့်အမျိုးသမီးများအား ထောက်ခံသည့်အနေဖြင့် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။

ကမ္ဘာအနှံ့အပြားတွင်ရှိသောနိုင်ငံရေးပါတီများသည်ကျား၊မရေးရာတန်းတူညီမျှဖြစ်ရန်လုပ်ဆောင်နေသရွေ့ တစ်စုံတစ်ယောက်မျှ မစခြင်းသည် အခြားထက် ပိုကောင်းကြောင်း လက်တွေ့ပြသည်။

အောင်မြင်သော ပါတီများသည် အမျိုးသမီးများ လုပ်ပိုင်ခွင့် အာဏာရရှိရေးများအား ထိုးထွင်းတီထွင်စွာဖြင့် ချဉ်းကပ်ပြီး ၎င်းတို့၏ သမိုင်း နှင့်အကြောင်းအရာများတွင်လည်း လိုက်ဖက်မှုရှိသည်။ သို့သော် ကွဲပြားခြားနားသော မဟာဗျူဟာများနှင့် ချဉ်းကပ်နည်းများ ရှိသော်လည်း အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပါဝါရာထူးအား ပေးအပ်ခြင်းသည် များစွာအကျိုးသက်ရောက်မှုရှိကြောင်း တိုင်းတာပြထားသည်ကိုလည်း တွေ့ရှိရသည်။

ဤလမ်းညွှန်ချက်စာအုပ်သည် တိကျလွယ်ကူသော အလားအလာကောင်းသော မဟာဗျူဟာများအား အပိုင်း (၁) တွင် ရွေးကောက်ပွဲဖြစ်စဉ်အဆင့်ဆင့် နှင့် အပိုင်း (၂) အခြေအနေများအား ဥပမာများနှင့် လက်တွေ့ကျကျ အတူတကွ ဖော်ပြခဲ့သည့်အတိုင်း စနစ်တကျ စုစည်းထားခြင်းဖြစ်သည်။ နိုင်ငံရေးပါတီဝင်များ အထူးသဖြင့် ခေါင်းဆောင်ပိုင်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ နှင့် အခြားသော ကျား၊မရေးရာ တန်းတူညီမျှလုပ်ငန်းများအား လုပ်ဆောင်နေသော သူများ အား နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုများပြုလုပ်နိုင်ရန် တိုးမြှင့်ရန်တိုက်တွန်းပေးသည်။ ထို့ပြင် နိုင်ငံရေးပါတီတွင် အမျိုးသမီးလှုပ်ရှားမှုများအား အားပေးထောက်ခံလိုသော အကျိုးဆောင်များအတွက် လည်း အသုံးတည့်မည်ဟု မျှော်လင့်ပါသည်။

## B.) လေ့လာရသည့်အကြောင်းအရာများ



### နောက်ခံအကြောင်းအရာ

ဤအပိုင်းသည်နိုင်ငံရေးပါတီများမှအမျိုးသမီးများပါဝင်လှုပ်ရှားမှုအားပိုမိုကောင်းမွန်အောင်ဆောင်ရွက်သော အကြောင်းအရာ အခြေအနေများပါဝင်သည်။ အပိုင်း ၁ မှ ဖော်ပြထားသော ဥပမာများသည် အပိုင်း ၂ တွင်ဖော်ပြထားသော အကြောင်းအရာများမှ ဆွေးနွေးတင်ပြထားခြင်းဖြစ်သည်။ ထိုလေ့လာချက်များသည် နိုင်ငံတွင်ရှိသော ပါတီများ၏ အခြေအနေများအား ခွဲခြမ်းစိတ်ဖြာလေ့လာထားသည်ထက် မတူညီသောပါတီသို့မဟုတ်အရပ်ဖက်အဖွဲ့အစည်းများအားလေ့လာချက်များဖြစ်သည်။ဤလေ့လာစာအုပ်ထုတ်ဝေသည့်ရာပြဌာန်းချက်တွင်အစပြုလုပ်ဆောင်ခဲ့သောပါတီတိုင်းအားတင်ပြင်ရန်မဖြစ်နိုင်သည့်

အတွက်ရွေးချယ်ကာတင်ဆက်လိုက်ရပါသည်။နိုင်ငံရေးဆိုင်ရာအခြေအနေများအား အောက်ပါနိုင်ငံများမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အာမေနီယျ၊ အော်စတြေလျ၊ ဘာခီယာ၊ ဖာဆို၊ ကန်ဘောဒီးယား၊ ကနေဒါ၊ ခရိုရှဲယား၊ အဲ(လ်)စာ(လ်)ဘာဒါ၊ မက်စီကို၊ မော်ရိုကို၊ ရဟမ်ဒါ၊ တောင်အမေရိက၊ စပိန်၊ UK၊ နှင့် အမေရိကတို့ဖြစ်ပါသည်။ ထို့အပြင် အကြောင်းအရာအတိုများကိုလည်း အနှစ်ချုပ်ဖော်ပြထားသော ဇယားတွင်တင်ပြထားပါသည်။ ထိုအကြောင်းအရာများအား အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက၊ ပီရူး နှင့် တီမော-လက်စ်တဲမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်သည်။

အကြောင်းအရာများအား အက္ခရာအစဉ်လိုက် စီစဉ်ထားပါသည်။ အရပ်ဖက်အဖွဲ့အစည်းမှ ပါတီဗဟုသုတများရှိသေအဖွဲ့ဝင်များ၊နိုင်ငံရေးယခင်နှင့်လက်ရှိပါတီကိုယ်စားလှယ်များ၊ ပါတီခေါင်းဆောင်များအား နည်းစနစ်တကျ အသေးစိတ် အင်တာဗျူးများနှင့် အခြားသော လေ့လာချက်များမှ ကိုးကားတင်ပြ

ခြင်းဖြစ်သည်။ ဥပမာများအားလည်း နယ်ရာ၊ဒေသ၊ ပါတီ၏ ထင်မြင်ယူဆချက်၊ နိုင်ငံရေးစနစ်အမျိုးအစားများနှင့် အသုံးချမဟာဗျူဟာများပေါ် မူတည်၍ ထည့်သွင်းဖော်ပြထားသည်။ ဖော်ပြပါ အကြောင်းအရာများသည် မဟာဗျူဟာများအား လုပ်ဆောင်ချက်နှင့် ၄င်းတို့၏ အကျိုးသက်ရောက်မှုများအား အပိုင်းများအလိုက် တင်ဆက်ထားပါသည်။ အကြောင်းအရာ တစ်ခုစီတိုင်းသည် လေ့ကျင့်မှုများအား မဟာဗျူဟာများအား ထပ်မံ၍ တိုးတက်အောင် ပြုလုပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် သင်ယူစရာ သင်ခန်းစာများနှင့် ကောင်းမွန်သောလေ့ကျင့်မှုများအား ကြိုးစားကောက်နုတ်ထားသည်။

## လေ့လာရသည့်အကြောင်းအရာများ

အောက်ပါ ဥပမာ ၂၀ သည် အပိုင်း ၁ တွင် ဖော်ပြခဲ့သော အကြောင်းအရာများဖြစ် သည်။ ကောင်းမွန်သော လေ့ကျင့်မှု ( တချို့သော လေ့လာတွေ့ရှိသောပြင်ပမှ ဥပမာများအား အပိုင်း ၁တွင် သီးသန့် အခန်းကဏ္ဍအားဖော်ပြရန်အတွက် တင်ပြထားသည်)။ အောက်ဖော်ပြပါ စာမျက်နှာများသည် အကြောင်းအရာ အသေးစိတ်များအား ဖော်ပြထားခြင်းဖြစ်သည်။

| နိုင်ငံ | ခေါင်းစဉ် | ဥပမာ | အဓိကစကားလုံးများ |
|---|---|---|---|
| အာမေးနီးယား | ခွဲတမ်းစနစ်အား အကောင်အထည်ဖော် ဆောင်လာစေရန်အတွက် ညွန့်ပေါင်းဖွဲ့ကာ တွန်းအားပေးခြင်း | အမျိုးသမီးခေါင်းဆောင်မှုဖိုရမ် (အရပ်ဖက်အဖွဲ့အစည်း) | အမျိုးသမီးများ၏ စည်းရုံးရေးများ<br><br>ဥပဒေအဖြစ်ပြဋ္ဌာန်း ထားသောခွဲတမ်း |
| **ဩစတြေးလျ** | အမျိုးသမီးများ နိုင်ငံရေးတွင်ရှေ့သို့ပိုမို ရောက်ရှိလာစေရန် ပါတီတွင်းခွဲတမ်းများနှင့် ငွေကြေးရှာဖွေပေးသည့် ကွန်ယက်များမှ မြှင့်တင်ပေးခြင်း | ဩစတြေးလျလေဘာပါတီ | ပါတီတွင်းခွဲတမ်းများ<br><br>ငွေကြေးရှာဖွေပေး သည့်ကွန်ယက်များ |
| **ဘာကီနာဖာဆို** | မိမိဆန္ဒသဘောဖြင့် ပြုလုပ်သောခွဲတမ်းနှင့် ဥပဒေပြုထားသော နိုင်ငံရေးပါတီရှိခွဲတမ်းများ | ဒီမိုကရေစီနှင့် တိုးတက်မှုအတွက်ကွန်ဂရက် | မိမိဆန္ဒသဘောဖြင့် ပြုလုပ်သောနိုင်ငံရေး ပါတီရှိခွဲတမ်း<br><br>ဥပဒေပြုထားသော ခွဲတမ်း<br><br>ငွေကြေးထောက်ပံ့ပေး သောကွန်ယက်များ |

| | | | |
|---|---|---|---|
| **ကမ္ဘောဒီးယား** | ပါတီတွင်းအမျိုးသမီးများ အားမြှင့်တင်ရန်နှင့် ရာထူးနေရာများကို အရွေးခံရရေးအတွက် မြှင့်တင်ပေးသော အမျိုးသမီးအင်အားစု အဖွဲ့ | ဆမ်ရိန်ဆီးပါတီ | အမျိုးသမီးများ၏ စည်းရုံးရေး<br><br>ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးအတွက် မဲဆွယ်စည်းရုံးဆိုင်ရာ ထောက်ပံ့ကူညီမှု |
| **ကနေဒါ** | ရွေးကောက်ခံအမျိုးသမီး များအား ငွေကြေး ထောက်ပံ့ကူညီသည့် ကွန်ယက်များနှင့် ရွေးကောက်ပွဲဝင်များ ရွေးချယ်သည့် စည်းမျဉ်းများမှတဆင့် ထောက်ပံ့ပေးခြင်း | လစ်ဘရယ်ပါတီ | ငွေကြေးထောက်ပံ့ကူ ညီသည့်ကွန်ယက်များ<br><br>ရွေးကောက်ခံများအား ရွေးချယ်သည့် စည်းမျဉ်းများ<br><br>ပါတီမူဝါဒလမ်းစဉ်များ |
| | ရွေးကောက်ခံများ ခေါ်ယူ စုဆောင်းခြင်းလုပ်ငန်းစဉ် တွင် မတူကွဲပြားမှုကို လုပ်ဆောင်ခြင်းနှင့် မဲဆွယ်စည်းရုံးသည့် ကုန်ကျစရိတ်များကို အတွက် အထောက်အပံ့ များပေးခြင်း | ဒီမိုကရက်တစ်ပါတီသစ် (box) | ရွေးကောက်ခံများ အမည်စာရင်း ရွေးချယ်တင်သွင်းခြင်း<br><br>မဲဆွယ်စည်းရုံးခြင်း ကုန်ကျစရိတ် |
| **ခရိုအေးရှ** | ရွေးကောက်ခံဦးရေခွဲတမ်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးသည့် သင်တန်းများ | လူမှုဒီမိုကရေစီပါတီ | အမျိုးသမီးများ၏ စည်းရုံးလှုံ့ဆော်မှု<br><br>အမျိုသမီးအင်အားစု အဖွဲ့<br>ပါတီတွင်းခွဲတမ်း |
| **အဲလ်ဆဲလ်ဗားဒါး** | လွှတ်မြောက်ရေးအလွန် နိုင်ငံရေးတွင် အမျိုးသမီး များ ပါဝင်ပတ်သက်မှုကို မြှင့်တင်ရန်အတွက် မဟာဗျူဟာများ | အမျိုးသားလွတ်မြောက်ရေး အတွက် ဖရာဘင်ဒူ မာတီတပ်ဦး<br><br>ဆဲလ်ဗာဒိုရန်အမျိုးသမီး လွှတ်တော်အမတ်နှင့် | ပါတီတွင်းအမျိုးသမီး အဖွဲ့<br><br>မိမိဆန္ဒသဘောဖြင့် ပြုလုပ်သော ခွဲတမ်း |

| | | အမတ်ဟောင်းများအဖွဲ့ | အမျိုးသမီးလွှတ်တော်အမတ်များ အဖွဲ့ |
|---|---|---|---|
| **အိန္ဒိယ(box)** | ခွဲတမ်းများ၊ ယာထားခြင်းများနှင့် နိုင်ငံရေးပါတီများ | General<br>Bharatiya Janata Party | ပါလီမန်တွင် အမျိုးသမီးများအတွက် နေရာသီးသန့်ယာထားခြင်း |
| **အင်ဒိုနီးရှား (box)** | ရွေးကောက်ပွဲဝင် ခေါ်ယူစုဆောင်းခြင်းနှင့် နိုင်ငံရေးပါတီများ၏ ခွဲတမ်းများ | လွတ်လပ်ရေးအတွက် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီ | ရွေးကောက်ပွဲဝင်များအား ခေါ်ယူစုဆောင်းခြင်း |
| **မက္ကဆီကို** | အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို ခွဲတမ်းများနှင့် နိုင်ငံတော်ရံပုံငွေဖြင့် သင်တန်းပို့ချပေးခြင်းမှတဆင့်<br>အားပေးကူညီခြင်း | National Action Party | အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးမှု<br><br>ရွေးကောက်ပွဲဝင်များအားငွေကြေး ထောက်ပံ့ကူညီခြင်း<br><br>ပါတီတွင်းခွဲတမ်းများ |
| မော်ရိုကို | ပါတီရွေးကောက်ပွဲများကို မြှင့်တင်ရန် ကဏ္ဍစုံတက်ကြွလှုပ်ရှားမှု | အရပ်ဖက်အဖွဲ့အစည်းများ | အမျိုသမီးများ၏ လှုံ့ဆော်စည်းရုံးမှု<br><br>ရွေးကောက်ပွဲဝင် ဦးရေခွဲတမ်း<br><br>ပါတီမူဝါဒများ |
| ပီရူး (box) | ခွဲတမ်းအတွက် အမျိုးသမီးဖိုရမ်ဖြင့် ကိုယ်စားပြုအရေးဆိုခြင်း | ယေဘုယျ | ခွဲတမ်းများ |
| ရဝမ်ဒါ | ပဋိပက္ခလွန်ကာ အမျိုးသမီးများ၏ ရရှိနိုင်မှုများကို စည်းစနစ်မှုဘောင်သွင်းရန် အခြေခံဥပဒေကို အသုံးပြုခြင်း | ရဝမ်ဒါမျိုးချစ်တပ်ဦး | မိမိဆန္ဒသဘောဖြင့် ခွဲတမ်းပေးခြင်းနှင့် ဥပဒေပြုကာ ခွဲတမ်းသတ်မှတ်ခြင်း<br><br>အမျိုသမီးများ၏ လှုံ့ဆော်စည်းရုံးမှု |

| | | | |
|---|---|---|---|
| ဆားဘီးယား (box) | နိုင်ငံရေးအပြောင်းအလဲအတွက် အမျိုးသမီးအင်အားစု၏ စည်းရုံးမှု | G17 Plus | အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးခြင်း<br><br>အမျိုးသမီးအင်အားစု အဖွဲ့ |
| တောင်အာဖရိက | အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးခြင်းနှင့် နိုင်ငံရေးအကြောင်းအရာများကို ပြုပြင်ပြောင်းလဲခြင်း | အာဖရိကအမျိုးသား ကွန်ဂရက် | အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးခြင်း<br><br>မိမိဆန္ဒသဘောဖြင့် ခွဲတမ်းပေးခြင်း |
| တောင်ဘက်ပိုင်း အာဖရိက (box) | အပြောင်းအလဲကာလနှင့် ပါတီကျားမတန်းတူညီမျှရေးအလေ့အကျင့်များကို ကုတ်အားသုံးလျက် ဒေသတွင်ဖြစ်ခဲ့သော သင်ခန်းစာများကို သင်ယူခြင်း | မော်ဇမ်းဘေ့ (Liberation Front of Mozambique)<br>နမ်ဘီယား<br>မော်ရိတီးယပ်စ် | နိုင်ငံရေးပါတီများ |
| စပိန် | အမျိုးသမီးများအတွက် နိုင်ငံရေးလောကကို ပြောင်းလဲရန် အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ဆိုရှယ်လစ်အလုပ်သမားများ ပါတီ | အမျိုးသားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br><br>ပါတီတွင်းခွဲတမ်း<br><br>အမျိုးသမီးများ၏ စည်းရုံးလှုံ့ဆော်ခြင်း |
| တီမောလပ်စ် တေး (box) | အမျိုးသမီးများအား ခေါင်းဆောင်မှုကို မြှင့်တင်ရန် မက်လုံးများ ဖန်တီးလုပ်ဆောင်ခြင်း | အရှေ့တီမော၏ အပြောင်းအလဲစီမံခန့်ခွဲမှု ကုလသမဂ္ဂ အဖွဲ့ | ခွဲတမ်းများ<br><br>မီဒီယာလေလှိုင်း သုံးခွင့်ပြုခြင်း |
| ယူကေ | အမျိုးသမီးများအား အနိုင်ရနိုင်သောနေရာများတွင် အမည်တင်သွင်းရွေးချယ်ခြင်း | ယေဘုယျ ကွန်ဆာဗေးတစ်ပါတီ | ရွေးကောက်ခံများကို အမည်တင်သွင်း ရွေးချယ်ခြင်း<br><br>ပါတီ၏မူဝါဒပြုပြင် ပြောင်းလဲရေး |

| | | | |
|---|---|---|---|
| ယူအက်စ်အေ | ရုံပုံငွေရှာဖွေပေးသည့် ကွန်ယက်များနှင့် ပါတီညီလာခံများအတွက် ကျား၊မတန်းတူညီမျှရေး မူဝါဒ | ဒီမိုကရက်တစ်ပါတီ | အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးမှု<br><br>ရံပုံငွေထောက်ပံ့သည့် ကွန်ယက်များ ပါတီအဖွဲ့အစည်း |

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

## အမေးနီးယား- ကိုးတာ ( quota) လုပ်ဆောင်ရန် ညာယီညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းခြင်း။

## နောက်ခံအကြောင်းအရာ

၁၉၉၁ တွင် ဆိုဗီယက်ယူနီယမ်မှ လွတ်လပ်ရေးရပြီးနောက် အမေးနီးယား၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးလာပြီး များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်တွေ့ကြုံနေရသည်။ အမေးနီးယား၏ ဥပဒေရေးဆွဲရာတွင် တစ်ဦးချင်းဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲနှင့် ပါတီစာရင်းများအားပေါင်းစည်းထားသော ရောနှောထားသည့် ရွေးကောက်ပွဲစနစ်များမှတဆင့် စုစုပေါင်းအဖွဲ့ဝင် ၁၃၁ ဦးပါဝင်သည်။ အမေးနီးယားတွင် မှတ်ပုံတင်ထားသော ပါတီ ၅၀ ကျော်ရှိပြီး ရီပါဗလစ်ကန်ပါတီ ( Republican Party) မှ ချုပ်ကိုင်ထားသော ၅ ဖွဲ့သည် ပါလီမန်တွင်ရှိသည်။ အမေးနီးယားတွင် နိုင်ငံရေးပါတီအများစု၏ သဘောသဘာဝများမှာ နိုင်ငံရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ပုံစနစ်ဖြစ်သော ဗဟိုမှအုပ်ချုပ် သည့် သွင်ပြင်လက္ခဏာများတွင် သက်ရောက်မှုရှိသည်။ အကျိုးဆက်အနေဖြင့် အလားအလာရှိသော အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် အကျိုးသက်ရောက်မှုရှိသည်။ ၂၀၀၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် တစ်ဦးချင်းဆိုင်ရာ ပြည်နယ်အဖွဲ့မှ အမျိုးသမီး ၅ ယောက်လုံး နေရာမရပဲ နိုင်ငံရေးပါတီမှ တဆင့် ရွေးကောက်ပွဲယှဉ်ပြိုင်သူ ၁၂ ဦးသည် သာ အနိုင်ရခဲ့သည်။ နိဂုံးချုပ်ရလျှင် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် ခုံနေရာ ၁၃၁ခုမှ ၁၂ ခုအား အမျိုးသမီးများမှ အနိုင်ရယူခဲ့သည်။

## အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုတိုးပွားရေးအတွက် အကြောင်းပြချက်များ။

သမိုင်းနှင့် ယဉ်ကျေးမှုအရ အမေးနီးယာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အမျိုးသားများက ကြီးစိုးခြယ်လှယ်သော ပါတ်ဝန်းကျင်တွင်သာ အာရုံထားရန်ဖြစ်သည်။ ဆိုဗီယက်ခေတ်မူဝါဒမှ အမျိုးသမီးများသည် ပညာရေးအား သင်ယူနိုင်ခြင်း၊ အလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း ရည်ညွှန်းထားသည်။ ထိုမူဝါဒသည် တင်းကျပ်သော လိင်ကွဲပြားမှုဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့် ကွဲပြားနေသည့်အလျောက် အမျိုးသမီးများသည် အိမ်တွင်းရေးနှင့် လုပ်ငန်းခွင်တာဝန်များကို အတူတကွတွဲကာ တာဝန်ထမ်းဆောင်ခြင်းဖြင့် အလုပ် ၂ ဆ ပိုသည့် အခြေအနေသို့ရောက်ရှိသွားသည်။ အခြားဆိုဗီယက်နိုင်ငံများသို့ပင် အမေးနီးယားတွင် ဈေးကွက်စီးပွားရေး အသွင်ကူးပြောင်းသည့် ကာလ၌ အမျိုးသမီးထုများအနေဖြင့် လူမှုရေးနှင့် စီးပွားရေး အကျိုးကျေးဇူးများ ဆုံးရှုံးခြင်းများမှတဆင့် ကျားမရေးရာ ကိစ္စများအား လုပ်ဆောင်ခဲ့သည်။ ဤလုပ်ဆောင်ချက်များသည် ၁၉၉၁လွတ်လပ်ရေးရပြီးနောက် အမျိုးသမီးများ နိုင်ငံရေးပါတီတွင် ပါဝင်လှုပ်ရှားမှုများအတွက် ဆိုဗီယက်၏ကန့်သတ်ချက်ပမာဏအား ပပျောက်ရေးများပါဝင်သည်။ အကျိုးဆက်အနေဖြင့် လူထု ပတ်ဝန်းကျင်တွင် အမျိုးသမီးများ၏အခွင့်အလမ်း များ တဟုန်ထိုးကျဆင်းသွားသည်။ ၁၉၉၉တွင်

ထပ်မံဖြည့်စွက်ထားသောအနည်းဆုံးအမျိုးသမီး၅ရာခိုင်နှုန်းပါလီမန်တွင်နေရာရစေဟူသောကန့်သတ်ချက်ပမာဏ တစ်ခုအား ထုတ်ဖော်ခဲ့သည်။ နိုင်ငံရေးအား အမျိုးသားများနှင့်သက်ဆိုင်သော အရာတစ်ခု အဖြစ်ထင်မြင်ယူဆကြပြီး လုပ်ပိုင်ခွင့် အာဏာရရှိရန်အချင်းချင်းချွေကြမှုများသည် အမျိုးသမီးများအား နိုင်ငံရေးနယ်ပယ်အားဝင်ရောက်ခြင်းမှ ဟန့်တားစေသည်။

၂၀၀၅ ခုနှစ်တွင် အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာဆွေးနွေးပွဲ ( WLF) သည် နိုင်ငံရေးနှင့် လွှတ်တော်တွင်အမျိုးသမီးများပိုမိုကျယ်ပြန့်စွာပါဝင်နှုန်းတိုးပွားစေရန်အတွက် ဆော်ဩစည်းရုံးခဲ့သည်။ WLF သည် နိုင်ငံရေးနှင့် နယ်ပယ်မျိုးစုံမှ အမျိုးသမီးများအား အတူတကွစုစည်းပေးသော နိုင်ငံလုံးဆိုင်ရာ အရပ်ဖက် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အမေးနီးယျန်းနိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်လှုပ်ရှားမှုးတိုးမြှင့်စေရန် အားပေးသော နိုင်ငံတကာအဖွဲ့အစည်းများမှ ကျင်းပသော ၂၀၀၅ ခုနှစ်အစည်းအဝေးမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုဆွေးနွေးချက်များတွင် ပါဝင်ဆွေးနွေးကြသော အမျိုးသမီးများသည် အမျိုးသမီးများ၏ နိုင်ငံရေးနှင့်ပါတ်သတ်သော စိတ်ဝင်စားမှုအားပိုမိုမြှင့်တင်ပေးရန်လက်ရှိပါတီများအားချည်နှောင်စေသာMulti-partisanစုပေါင်း အရပ်ဖက်အဖက်အဖွဲ့အစည်းတစ်ခုအား သဘောတူကြသည်။ ဤချဉ်းကပ်နည်းသည် အောင်မြင်နိုင်ဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများကြီးစိုးသောခေါင်းဆောင်းပိုင်းဆိုင်ရာ ပါတီများတွင် အစုအဖွဲ့လိုက် စည်းရုံးဆော်ဩမှုများသည် အတွင်းပိုင်းဆိုင်ရာ မဟာဗျူဟာများ အားပြောင်းလဲနိုင်ဖွယ်ရှိသည်။ အမေးနီးယျားမှ အဓိကနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်အပါအဝင် အမျိုးသမီးဦးရေ ၄၀၀ အထက်သည် WLF အစည်းအဝေးအား တက်ရောက်ခဲ့ကြသည်။ WLF အား အမျိုးသမီး လှုပ်ရှားဆောင်ရွက်မှုညှိနှိုင်းခြင်းဘုတ်အဖွဲ့ (WLCB) ဟုခေါ်သော အမျိုးသမီးဦးရေ ၁၆ ဦး အုပ်ချုပ်သောအဖွဲ့မှ ဦးဆောင်ခြင်းဖြစ်သည်။

## အသုံးချ မဟာဗျူဟာများ

အမေးနီးယျား၏ နိုင်ငံရေး နယ်ပယ်တွင် ပြန်လည်ပြင်ဆင်မှုများအား အခက်အခဲများကြားမှ လုပ်ဆောင်ရင်း WLF သည် နိုင်ငံရေးပါတီများအဖွဲ့မှ ကန့်သတ်ချက်များအား လုပ်ဆောင်ရန် ကတိတောင်းဆိုချက်ရရန်လုပ်ဆောင်ခဲ့သည်။WLF၏မဟာဗျူဟာသည် ပြောင်းလဲခြင်းများလုပ်ဆောင်ရန်အတွက် အရပ်ဖက်အဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အတူတကွပါဝင်နိုင်သော ထောက်ခံအားပေးမှု campaign အားလုပ်ဆောင်ရန် ရည်ရွယ်သည်။

### လုပ်နိုင်စွမ်းရည် တည်ဆောက်ခြင်း

WLF သည် အစောပိုင်းကာလများတွင် အမေးနီးယျားရှိ အမျိုးသမီးထုများ၏ လုပ်နိုင်စွမ်းရည် တည်ဆောက်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းမှ ထောက်ခံအားပေးမှုကိုရရန် ရည်ရွယ်သည်။ WLF ၏

ဖွဲ့စည်းပုံနှင့်ပါတ်သက်သော ဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအား အမေးနီးယားရှိ အမျိုးသမီးများ ရင်ဆိုင်နေရသော နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ ပေါ် လေ့လာဆန်းစစ်မှုများ ပြုလုပ်ပုံကိုအခြေခံ၍ ပြုလုပ်မည်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းသည် WLF အဖွဲ့ဝင်များအနေဖြင့် ခေါင်းဆောင်မှု၊ ဆက်သွယ်ရေး၊ မဟာဗျူဟာ စီမံချက်၊ နှင့် အခြားဆက်စပ်သော နယ်ပယ်များအပြင် ကွန်ယက်ဆက်နွယ်ရန်နှင့် မဟာဗျူဟာများ ဆိုင်ရာ အခွင့်အလမ်းများလည်း ရရှိသည်။ အဖွဲ့အနေဖြင့်လည်း ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသမီးများ ပါလီမန်တွင်ရွေးကောက်ခြင်းခံရစေရန် ရည်ရွယ်ချက်များအား ရည်ညွှန်းသော ကြေညာချက်အကြမ်း တစ်ခုအား ထုတ်ပြန်ခဲ့သည်။

## ကန့်သတ်ချက်များ

### Capacity Building

နိုင်ငံရေးပါတီများ၊ အမျိုးသမီးလွှတ်တော်များနှင့် တခြားသော အမျိုးသမီးအဖွဲ့အစည်းများမှ ဦးဆောင်သော စကားရည်လုပွဲများအား ကျင်းပခြင်းဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကန့်သတ်ချက်များ ပြန်လည်ပြင်ဆင်ရာတွင် WLFအမျိုးသမီးအဖွဲ့သည် ပိုမိုကျယ်ပြန့်သောထောက်ခံအားပေးမှုရရှိစေသောလှုပ်ရှားမှုတစ်ခုအနေဖြင့် ပါဝင်ခဲ့သည်။ WLF နှင့်အတူ အခြားသော ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ နှင့် နိုင်ငံရေးသမားများ က ကန့်သတ်ချက်သည် အမျိုးသမီးများနိုင်ငံရေး တွင် ပါဝင်လှုပ်ရှားနိုင်ရန်အတွက် အဓိကအကျဆုံးမဟာဗျူဟာဖြစ်ကြောင်း ငြင်းခုံကြသည်။ ပါတီစရင်းတွင် အမျိုးသမီးများအတွက် အမေးနီးယား၏ တည်ဆဲ ဥပဒေဆိုင်ရာ ကန့်သတ်ချက်ကို ၅ ရာခိုင်နှုန်းအောက်တွင် သတ်မှတ်ထားပြီး ၂၀၀၇ ခုနှစ်ရွေးကောက်ပွဲတွင် ပထမဆုံးအဖြစ် လေ့လာတွေ့ရှိခွင့်ရခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကန့်သတ်ချက်ရာခိုင်နှုန်းအား ဥပဒေဆိုင်ရာ ပြန်လည်ပြင်ဆင်ရန် အလွန်ခက်ခဲပါသည်။

### Quotas

WLCB သည် သက်ဆိုင်ရာပါတီများတွင်ရှိသော အမျိုးသမီးများအတွက် စေတနာပါတီကန့်သတ်ချက်၂၅ ရာခိုင်နှုန်း အား လုပ်ဆောင်ရန် အခြားသော နိုင်ငံရေးပါတီများမှ သဘောတူညီမှုရယူရန် တိုက်တွန်းသည်။ WLCB အတွက်၂၅ ရာခိုင်နှုန်းသည် အလုပ်မကျယ်သော ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများအတွက် အကျိုးသက်ရောက်မှုရှိစေရန်အနည်ဆုံးလိုအပ်သောအစိတ်အပိုင်းဖြစ်သည်။
ကန့်သတ်ချက်များအား တရားဝင်အတည်မပြုသေးသော်လည်း အမှန်အကန်လုပ်ဆောင်ရမည့်

ရည်မှန်းချက်အဖြစ် ကိုယ်စားပြုသည့်အတွက် အဓိကပါတီများမှ လုပ်ဆောင်ရန် ကတိရရှိရန်ဖြစ်သည်။ WLF ၏ ဘက်တော်သားပေါင်းစုံခေါင်းဆောင်မှု သဘောသဘာဝနှင့် အဖွဲ့အစည်း၏ သမာသမတ်ကျမှုကြောင့် WLF အနေဖြင့် နိုင်ငံရေးပါတီများတွင် တက်ကြွစွာလှုပ်ရှားနေကြသော WLCB ခေါင်းဆောင်များအား ဆွဲခေါ်ခြင်းနှင့် မိမိတို့၏ ပဏာမခြေလှမ်းများအား ထောက်ခံသော အခြားသော အဓိကပါတီများအား ချဉ်းကပ်နိုင်သည်။ အစပိုင်းတွင်များစွာသော နိုင်ငံရေးပါတီခေါင်းဆောင်များသည် ကတိလက်မှတ်ထိုးရန် အတိုက်အခံပြုကာ စရင်းတွင်လိုအပ်သည့်အတိုင်း ထူးချွန်သောအမျိုးသမီးများအားရှာဖွေတွေ့ရှိရန် ခက်ခဲကြောင်း ငြင်းခုန်ခဲ့သည်။ WLF ၏ မဟာဗျူဟာတွင် ပါတီခေါင်းဆောင်များနှင့် ညှိနှိုင်းစေ့စပ်ခြင်း နှင့်သီးသန့်အစည်းအဝေးများ ကျင်းပပေါင်းစည်းခြင်းအပြင်ညီလာခံများကျင်းပခြင်း၊ပါတီများမှ ကတိလက်မှတ်ထိုးရန် သဘောတူယုံကြည်မှုများရရှိစေရန် ဆွေးနွေးပွဲစကား ဝိုင်းများပြုလုပ်ပေးခြင်း ကျင်းပသည်။

WLCBအနေဖြင့်လည်းနိုင်ငံခြားအဖွဲ့အစည်းများအပြင် အခြားသော အမျိုးသမီး အရပ်ဖက်အဖွဲ့စည်းများသည် ၄င်းတို့၏ နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးနိုင်မှုအား တန်ဖိုးထားပေးရန် မျှော်လင့်သည်။ WLCB နှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ကတိစာချုပ်တွင် လက်မှတ်ထိုးခြင်းသည် ပါတီများ၏ ဒီမိုကရေစီဆိုင်ရာ ပြန်လည်ပြင်ဆင်ရာတွင် လုပ်ဆောင်ချက်များ လှုံ့ဆော်နိုင်သည့်အပြင် အမေးနီးယျား၏ ပြည်တွင်း၊ ပြည်ပ တွင်ပါ အသိအမှတ်ပြုခံနိုင်ကြောင်း ငြင်းခုန်ကြသည်။ မြောက်မြားစွာသော ပါတီများသည် မတူညီသော အငြင်းပွားများဖြင့် ဆွဲဆောင်ခြင်းခံရသည်။ အချို့သော ပါတီများကမူ ၄င်းတို့အဖွဲ့အစည်းတွင် အမျိုးသမီးများ ပိုမိုများပြားလာပါက ၄င်းတို့အားမဲပေးသူဦးရေများပြားလာနိုင်ကြောင်းယူဆသလိုအချို့ကမူအမျိုးသမီးမဲပေးသူများကြားတွင်ထိုးဖောက်မှုများစတင်လျှင် ပါတီအနေဖြင့် နောက်ကျကျန်ခဲ့မည်ကိုလည်း စိုးရွံ့နေကြသည်။

၂၀၀၆ ခုနှစ်တွင် WLF သည် နိုင်ငံရေးပါတီအများစုမှ အာမခံချက်ရှိသော ကတိအား အောင်မြင်စွာ လက်ခံရရှိခဲ့သည်။ Republican ပါတီမှ လက်မှတ်မရေးထိုးခဲ့သော်လည်း နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်လှုပ်ရှားမှု တိုးမြှင့်ခြင်းကို အားပေးထောက်ခံခဲ့သည်။ သိသာထင်ရှားစွာဖြင့် ကတိလက်မှတ်ထိုးကြသောနိုင်ငံရေးပါတီတိုင်းသည်ဥပဒေခွင့်ပြုချက်မရှိသော်လည်း ဂုဏ်ယူကြသည်။

WLF၏ အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းနှင့် ပါလီမန်တို့၏ အင်အားပေါင်းစည်းမှုကြောင့် နိုင်ငံရေး Assembly သည် ကန့်သတ်ချက် ၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ခြင်း၊နှင့် ပါတီတစ်ခုချင်းစီတိုင်းတွင် နေရာလွတ် ၁၀ နေရာရှိလျှင် အနည်းဆုံး တစ်နေရာပေးရန်လိုအပ်ကြောင်း စသည်ဖြင့် ပြန်လည်သုံးသပ်သည်။ ကန့်သတ်ချက်အသစ်သည် WLF ၏ ပါတီများကြား အများဆန္ဒတည်ဆောက်ခြင်း အား National Assemblyတွင် အမျိုးသမီးများ ရပ်တည်မှု ပြဿနာများအား အောင်မြင်စွာဆွဲဆောင် ဖော်ပြနိုင်ခဲ့သည်။

WLF အနေဖြင့် zebra မည်သော စနစ်ဖြင့် အမျိုးသမီးများ ပါလီမန်တွင် နေရာ ၄တိုင်းတွင် တစ်နေရာရယူခြင်းသေချာစေရန်နှင့်လွတ်ဟာသွားသောအမျိုးသမီးများနေရာတွင်အမျိုးသမီးများအား ပြန်လည်ခန့်အပ်ခြင်းများပြုလုပ်ရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်သည်။

## စိန်ခေါ်မှုများနှင့် ရှေ့သို့ဆက်လက်ဆောင်ရွက်ခြင်း။

အမေးနီးယားမှ အကြောင်းအရာများသည် ကန့်သတ်ချက်များသည် နိုင်ငံရေးတွင် အမျိုးသမီးများအား ဆွဲခေါ်ခြင်းနှင့်ဒီမိုကရေစီလမ်းစဉ်များအားခိုင်မာစေသည့်ရေရှည်မဟာဗျူဟာများ၏အစိတ်အပိုင်းတစ်ခုအဖြစ်သိသာထင်ရှားသည်။ သို့သော်လည်း နိုင်ငံရေးနှင့်ပါတ်သက်သော မကောင်းမြင်စိတ်များလည်း ခိုင်ခိုင်မာမာကျန်ရှိဆဲဖြစ်သည်။ထိုသို့ဖြစ်နေခြင်းသည်အမျိုးသမီးများအားနိုင်ငံရေးနယ်ပယ်သို့ဝင်ရောက်ခြင်းအားအဟန့်အတားဖြစ်စေသည်။WLF၏အောင်မြင်မှုသည်ခက်ခဲသောနိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများပါဝင်မှုကို လက်ခံစေသည့် ပထမဆုံးခြေလှမ်းဖြစ်စေသည့်အပြင် အခြားသော အလားအလာကောင်းသော အမျိုးသမီးများကွန်ယက်၊ အရပ်ဖက်အဖွဲ့အစည်းများ နှင့်ပါတီများကြား နည်းဗျူဟာကျကျ ပေါင်းစည်းခြင်းအားလည်း လှုံ့ဆော်ပေးသည်။ အမေးနီးယားမှ အမျိုးသမီးများသည် နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းသို့ပြောင်းလဲခြင်းတွင် အစိတ်အပိုင်းတစ်ခုဖြစ်နိုင်သလို ပြောင်းလဲခြင်းဆိုင်ရာလုပ်ဆောင်ချက်များတွင် ကိုယ်စားပြုပါဝင်လုပ်ရှားနိုင်ခြင်း၊ ကွန်ယက်ပြုနိုင်ခြင်း၊ နိုင်ငံရေးနှင့် အရပ်ဖက်ခေါင်းဆောင်များအစရှိသော အခွင့်အလမ်းများ ကိုလည်း ပံ့ပိုးပေးပါသည်။

# ဩစတေးလျ

## ပါတီအတွင်းပိုင်းဆိုင်ရာကန့်သတ်ချက်များနှင့်နိုင်ငံရေးတွင်အမျိုးသမီးပါဝင်လှုပ်ရှားမှုများအား တိုးမြှင့်ရန် ကွန်ယက်နှင့် ရန်ပုံငွေရှာခြင်း။



### နောက်ခံအကြောင်းအရာ

ဩစတေးလျသည် အဓိကပါတီနှစ်ခုဖြစ်သော Labor နှင့် Liberal နှင့်အတူ ပါလီမန်တွင်း အခြားမြောက်မြားစွာသော ပါတီငယ်များဖြင့် ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ တည်ရှိနေသည်။ အောက်လွှတ်တော်၊ကိုယ်စားလှယ်များသည်အမတ်များအားတစ်သီးပုဂ္ဂလပြည်နယ်များမှမဲဆန္ဒအများ စုပေါ်မူတည်၍ရွေးကောက်သည်။ဤကဲ့သို့တူညီသောစနစ်သည် ဩစတေးလျပြည်နယ်တော်တော် များတွင်ရှိသော ပါလီမန်များတွင် ကျင့်သုံးသည်။ တစ်သီးပုဂ္ဂိုလပြည်နယ်ဆိုင်ရာ ရွေးကောက်ပွဲစနစ် တွင် အလုပ်သမားပါတီ (ALP) သည် ပါတီ၏အတွင်းပိုင်းဆိုင်ရာ ကန့်သတ်ချက်များ အား လုပ်ဆောင်ခြင်းနှင့်အမျိုးသမီးအဖွဲ့ဝင်များအားထောက်ခံသည့် မဟာဗျူဟာများအား ချမှတ်ထားသည်။

ယခင်ဝန်ကြီးချုပ်ဟောင်း Kevin Rudd ပြီးနောက် ခေါင်းဆောင်မှုဆိုင်ရာ မဲပေးခြင်း မပြုလုပ်ရန် ဆုံးဖြတ်ပြီးနောက် ၂၀၁၀ ခုနှစ်ဇွန်လတွင် Jullia Guillard သည် အလုပ်သမားခေါင်းဆောင်အဖြစ် ရွေးချယ်ခံရသောကြောင့် ဩစတေလျနိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာသည်။ ပါတီ ခေါင်းဆောင်အနေဖြင့် ၂၀၁၀ ဩဂုတ်လတွင် ရွေးကောက်ပွဲအား ဦးဆောင်ခဲ့သည်။

၁၉၄၁ ကတည်းက မပြီးပြတ်ပဲကျန်ရှိနေသော လွှတ်တော်တွင် ပထမဆုံး ရလဒ်ဖြစ်သည်။ နိုင်ငံရေးအတုံ့အလှည့်များပြီးသည့်နောက်Gillardသည်အလုပ်သမားပါတီအားလွှတ်လပ်စွာရပ်တည်နိုင်သော အဖွဲ့ဝင်သုံးယောက်နှင့်အတူ Greens အဖွဲ့၏ ထောက်ခံချက်နှင့်အတူ အစိုးရအဖွဲ့တစ်ခု ဖွဲ့စည်းရန် ကြေညာခဲ့သည်။ ဤသို့ဖြစ်ပွားခြင်းသည် ဩစတေးလျနိုင်ငံ ဗဟိုအစိုးရအဆင့်တွင် မမျှော်လင့်သော အနေအထားတစ်ခုဖြစ်သည်။

## အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုတိုးပွားရေးအတွက် အကြောင်းပြချက်များ။

၁၉၇၂ ခုနစ်တွင် ဘုရင်ခံမှ ဖွဲ့စည်းပုံအာဏာသိမ်းမှုမှ ဖယ်ရှားခြင်းခံရသော Labor Government of Gough Whitlam (1972-1975) ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေး နှင့် ၁၉၆၀ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် အလုပ်သမားပါတီ၏ မဟာဗျူဟာများသည် အမျိုးသမီးများ၏ နိုင်ငံရေး ပါဝင်လှုပ်ရှားမှုများသည် လူမှုရေးလှုပ်ရှားမှုနှင့် ဆောက်ရွက်ချက်များမှ စတင်ခဲ့သည်။ ဩစတေးလျ အဆင့်ဆင့်တိုးတက်နေသော ပါတီကိုယ်စားပြု အနေဖြင့် ALP သည် ဩစတေးလျနိုင်ငံ၏ တိုးတက်လျက်ရှိသော နိုင်ငံရေးရေစီးကြောင်းသစ်အား ဆွဲဆောင်နိုင်ခဲ့သည်။ တစ်ခါတစ်ရံတွင် ALP ၏ ဖွဲ့စည်းပုံနှင့် လေ့ကျင့်မှုများအား မပေါင်းစည်းခင် ခုခံမှုများဖြစ်နိုင်သည်. ဤအကြောင်းအရာများသည် အလုပ်သမားပါတီအတွင်း ကိုယ်စားပြုနိုင်ရန်နှင့် လူမှုအခွင့်အရေး တိုးတက်စေရန် အများပြည်သူများကြား campaign များနှင့် လှုပ်ရှားမှုများအား ဖော်ပြသော ဩစတေးလျ အမျိုးသမီးများ၏ လှုပ်ရှားမှုများပင်ဖြစ်သည်။ Whitlam အစိုးရတွင် အမျိုးသမီးအတွက်အောင်နိုင်ခြင်းသည် အရေးပါအရာရောက်လှသည်။ အမျိုးသမီးများအား တန်းတူညီမျှ လခပေးခြင်း၊ လင်မယားကွဲကွာခြင်းဆိုင်ရာ ဥပဒေအား ပြန်လည် အသစ်ရေးဆွဲခြင်း၊ ဝန်ကြီးချုပ်၏ အကြံပေးအရာရှိ ရာထူးအား အမျိုးသမီးများအားနေရာပေးခြင်းတို့ပါဝင်သည်။၁၉၈၀တွင်ရွေးကောက်ပွဲဆိုင်ရာနောက်ဆက်တွဲများ ဖြစ်သော Whitlam အစိုးရ အနိုင်ရခြင်းနှင့် အတူ၁၉၇၇ နှင့်အတူ ALP မှ အမျိုးသမီးများ၏ လှုပ်ရှားမှုများအောင်မြင်မှုပိုမိုရရှိစေရန် အရှုံးနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများ အား ရှင်းလင်းချက်များပြုလုပ်သည်။ သို့ဖြစ်၍ ပါတီသည် အမျိုးသမီးကော်မတီအနေအထားအပါအဝင် ပါတီအတွက် ပြန်လည်ပြင်ဆင်ခြင်း နယ်ပယ်ဖော်ထုတ်နိုင်ရန် ကော်မတီများစွာကို တည်ထောင်ခဲ့သည်။ ကော်မတီတွင် တာဝန်ထမ်းဆောင်နေသော အလုပ်သမားပါတီအတွင်းတွင် အမျိုးသမီး မဟာဗျူဟာ ထွင်သူများသည် ပြည်သူ့အမြင်များအား လေ့လာချက်များကို ဆွဲဆောင်နိုင်ခဲ့သလို ပါတီအား အမျိုးသားများကကြီးစိုးခြယ်လှယ်သည်ဆိုသောအဆိုကိုလည်းငြင်းခုန်ခဲ့သည်။ အမျိုးသမီးကော်မတီမှ အမျိုးသမီးများအား ပါတီအတွင်းသို့ ခေါ်ဆောင်ခြင်းသည် မဲပေးသူများ၏ စိတ်ဆန္ဒအား အားဖြည့်ပေးသည့် ခိုင်မာသော မဟာနည်းဗျူဟာဖြစ်သည်။

## အသုံးချ မဟာနည်းဗျူဟာများ

### A)ပါတီအတွင်းပိုင်း ကန့်သတ်ချက်များ

၁၉၇ဂ ပြည့်နှောင်းပိုင်းတွင် အလုပ်သမားပါတီမှ အမျိုးသမီးအဖွဲ့သည် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်နှင့် ပြောင်းလဲမှုဆိုင်ရာလုပ်ဆောင်ချက်တစ်ခုဖြစ်သော အပြုသဘောဆောင်သော လုပ်ဆောင်ချက် သို့မဟုတ် ပြည့်စုံ၍ အထူးတိုင်းတာနိုင်သော မူဂါဒ ဖန်တီးခြင်းအား ထောက်ခံခဲ့သည်။ သို့သော်ငြားလည်း အမျိုးသားများ ခြယ်လှယ်သောခေါင်းဆောင်ပိုင်းမှ ဤအထူးတိုင်းတာချက်အား ဆန့်ကျင်သောကြောင့် မူဂါဒအား ၁၉၈၁ ခုနှစ် အလုပ်သမားညီလာခံမှ ငြင်းဆိုလိုက်သည်။ ပါတီညီလာခံသည် တခြားသော ဆုံးဖြတ်ချက်ချမှတ်သည့် ဖွဲ့စည်းပုံနှင့် ပါတီကော်မတီတိုင်းအတွက် ကျားမရေးရာ ကန့်သတ်ချက် ၄ဂ ရာခိုင်နှုန်းအား လိုက်နာကျင့်သုံးရန် သဘောမတူခဲ့ပေ။ ၁၉၈၂ တွင် အလုပ်သမားပါတီတွင် အမျိုးသမီးဦးရေ တိုးပွားလာမှုအား လွှတ်တော်သို့ ရွေးကောက်ခဲ့သည်။

သို့သော် ဤ အခြေအနေသည် တာရှည်မခံပဲ ၁၉၉၄ ခုနှစ်တွင် လွှတ်တော်တွင် ရှိသော အမျိုးသမီးဦးရေသည် ၁၉၈၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နည်းပါးသွားခဲ့သည်။ ပါတီတွင်း ကန့်သတ်ချက်များ အချိန်အတော်ကြာအောင် တည်ရှိပြီးဖြစ်သော်လည်း အမျိုးသားများက ကြီးစိုးဆဲဖြစ်သည်။ ထို့အပြင် အမျိုးသမီးအနည်းငယ်ကိုသာ ရွေးကောက်ပွဲ ယှဉ်ပြိုင်သူအဖြစ်အဆင့်အဖြစ်သတ်မှတ်ပြီးအမျိုးသမီးများအားအမျိုးသားများနှင့်နှိုင်းယှဉ်လျှင် ရွေးကောက်ပွဲတွင် အတွေ့နည်းသည်၊ အမျိုးသမီးများ ရွေးကောက်ပွဲယှဉ်ပြိုင်မှုအပေါ် အမျိုးသားများ စိုးရိမ်ပူပန်မှုသည် အပြုသဘောဆောင်သော လုပ်ဆောင်ချက်များကဲ့သို့သော အလုပ်သမားပါတီယှဉ်ပြိုင်သူများအတွက် အထူးတိုင်းတာရန် အဆိုသွင်းခြင်းအား ငြင်းဆိုမှုကို ပိုမိုသေချာစေသည်။

အလုပ်သမားပါတီတွင် လှုပ်ရှားဆောင်ရွက်သူ အမျိုးသမီးများသည် ပါတီအတွင်း အမျိုးသမီးရွေးကောက်ပွဲယှဉ်ပြိုင်သူများအပေါ်တွင် ကျရောက်နိုင်သော အပျက်သဘောဆောင်သော အမြင်များအား အမျိုးသမီးများ၏ အရေးပါအရာရောက်ပုံနှင့် အမျိုးသမီးများ၏ ပါတီတွင်းလုပ်ဆောင်မှု တန်ဖိုးများအား ပြောကြားခြင်းဖြင့် ဖြေရှင်းရန်ကြိုးစားခဲ့သည်။ အရည်အချင်းပြည့်ဝသော ရွေးကောက်ခြင်းခံပြီးသောအရာရှိအမျိုးသမီးများစွာပါဝင်သောအဖွဲ့များသည်အနောက်ပြဲစထေးလျ၊ ကွင်းလန်း နှင့် ဗွိတိုးယီးယားတို့တွင် အားသွန်ခွန်စိုက် ကြိုးစားကြသည်။ ထိုပြည်နယ်များတွင် အမျိုးသမီးခေါင်းဆောင်များ၊ " Half By 2000" အမည်ရှိသော ဆောင်ပုဒ်အောက်တွင် အခမ်းအနားငယ်များဦးစီးဆောင်ရွက်ခြင်းများပြုလုပ်ကြသည်။ပြည်သူလူထုမှ ထိုအခမ်းအနားများအား မြင်ခြင်းအားဖြင့် အဖွဲ့ဝင်အမျိုးသမီးများ၏ တောင်းဆိုချက်များအား ဆွေးနွေးရန် အလုပ်သမားပါတီ ခေါင်းဆောင်ပိုင်းအား သိသာထင်ရှားသော ဖိအားတစ်ခုဖြစ်စေသည်။ လှုပ်ရှားသူများအနေဖြင့် အလုပ်သမားဝန်ကြီးချုပ် Pauk kating အား campaign ၏ မဟာမိတ်အဖြစ် သတ်မှတ်ထားကာ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

၎င်းအား ခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအားမြှင့်တင်စေသော မိန့်ခွန်းများပြောကြားစေရန် ရည်ရွယ်သည်။ ဂန်ကြီး၏ ထောက်ခံမှုသည် အထူးတန်ဖိုးရှိကြောင်း သက်သေပြသည်။အဘယ်ကြောင့်ဆိုသော် ၎င်း၏လက်အောက်ငယ်သားများသည် ရှေးရိုးစွဲဆန်သော အဖွဲ့များမှ ဖြစ်ပြီး ပါတီတွင် အမျိုးသမီးများ ဦးဆောင်သော မူဂါဒအား ပြင်းပြင်းထန်ထန်ငြင်းဆိုသူများ လည်းဖြစ်သည်။

ကန့်သတ်ချက်ကို အခြေခံသော အထူးတိုင်းတာ မူဂါဒသည် အလုပ်သမားပါတီ၏ ပုံရိပ်အား အသွင်ပြောင်းစေနိုင်သော အဓိက ကျောရိုးနောက်ခံဖြစ်သည်။ ပါတီအဖွဲ့ဝင် အမျိုးသမီးများသည် အတွင်းပိုင်းကန့်သတ်ချက်အားကျင့်သုံးရန် မဲဆွယ်ခြင်း နှင့် အမျိုးသမီးများအနေဖြင့် နေရာ နိုင် နိုင်ခြေရှိ၊ မရှိကိုအကဲဖြတ်သော နည်းများအားလည်း ပြုလုပ်ခဲ့သည်။ လောလောဆယ်တွင် အမျိုးသမီးအလုပ်သမားခေါင်းဆောင်များသည် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများအား သင်တန်းပို့ ချခြင်း၊ ရန်ပုံငွေရှာခြင်းများအား ပြုလုပ်ဆောင်ရွက်ပေးသည်။

## B)စေတနာ့ဝန်ထမ်းများအားကန့်သတ်ခြင်း

၁၉၉၄ ခုနှစ်အစောပိုင်းတွင် အလုပ်သမားပါတီညီလာခံ၊ အလုပ်သမားပါတီ၏ နှစ်ပါတ်လည် အစည်းအဝေးမှခုံနေရာ နိုင်နိုင်ခြေရှိသော ၄၀ ရာခိုင်နှုန်းအား အမျိုးသမီးများအတွက် ထောက်ခံမဲပေးရန် အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ခုအား ထောက်ပံ့ရန် ဖြေရှင်းချက် တစ်ခုအား ရရှိသည်။အမျိုးသမီးညီလာခံသည် နိုင်နိုင်ခြေရှိသော ခုံနေရာအား စဉ်းစားရာတွင် များစွာသော အချက်အလက်များပေါ်အခြေခံ၍ စဉ်းစားခဲ့သည်။ ညီလာခံသို့တက်ရောက်သူများအား ပြည်နယ်အားဆန့်ကျင်သော ပြစ်ဒဏ်များ သို့မဟုတ် အမျိုးသမီးများအား မထောက်ခံသော နယ်မြေဆိုင်ရာ ပါတီ ခွဲများအဖြစ်ခေါ်ဆိုခြင်းခံရသည်။

နောင်နှစ်များတွင် အထွေထွေ အလုပ်သမားပါတီညီလာခံသည် အမျိုးသမီးများအတွက် အပြုသဘောဆောင်သော လုပ်ဆောင်ချက်များနှင့်ပါတ်သက်သော စည်းမျဉ်းစည်းကမ်းအား အောင်မြင်ခဲ့သည်။ ထို့ကြောင့် ယှဉ်ပြိုင်သူ အမျိုးသမီးများအတွက် ၂၀၀၂ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းကန့်သတ်ချက် ပါလီမန်တွင် နေရာ ရယူနိုင်သည်။ အထူးတိုင်းတာသော မူဂါဒအား အောင်မြင်ခြင်းသည် လွယ်ကူသောအလုပ်မဟုတ်ပေ။ အလုပ်သမားပါတီမှ အချို့သည် အထူးတိုင်းတာသော မူဂါဒ၏ စည်းမျဉ်းစည်းကမ်းများအား ဆန့်ကျင်၍ ဂန်ကြီးနှစ်ယောက်ကမူ မူဂါဒအား ဆန့်ကျင်မှုများ ရှိခဲ့သော်လည်း နောက်ဆုံးတွင် အားပေးထောက်ခံခဲ့သည်။ မဲပေးသူအများစုသည် မူဂါဒအား အားပေးထောက်ခံပြီး နောက်ထပ် ရွေးကောက်ရာတွင် အမျိုးသမီးများအားလုံလောက်စွာ မဌေးချယ်ပါက ပြစ်ဒဏ်ပေးရန်လည်း သဘောတူညီကြသည်။ ပြည်နယ်အုပ်ချုပ်ရေးကော်မတီနှင့် အလုပ်သမားပါတီ၏ နိုင်ငံလုံးဆိုင်ရာစီမံခန့်ခွဲရေးသည်

အပြုသဘောဆောင်သော လုပ်ဆောင်ချက်များ၏ ရည်မှန်းချက်များသည်ပါတီအားလုံးများ၏ ရည်မှန်းချက်နှင့်လည်းကိုက်ညီကြောင်း သေချာရန်လိုအပ်သည်။

၁၉၉၆ခုနှစ်ရွေးကောက်ပွဲတွင် ပါတီအနေဖြင့် အပြုသဘောဆောင်သော လုပ်ဆောင်ချက်သစ်၏ ရည်မှန်းချက်နှင့် ကိုက်ညီအောင် မစွမ်းဆောင်နိုင်သည့်အပြင် သိသာထင်ရှားသော အမျိုးသမီးများလည်း ရွေးကောက်ပွဲတွင် ရွေးခြယ်ခြင်းမခံခဲ့ရပေ။ အလုပ်သမားပါတီမှ အမျိုးသမီးများသည် အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ခုတည်းဖြင့် ဩစတေးလျတွင် အမျိုးသမီးများအနေဖြင့် အမျိုးမျိုးသော အဖွဲ့အစည်းဆိုင်ရာကိုယ်စားလှယ်များဖြစ်အောင် မစွမ်းဆောင်နိုင်သေးကြောင်း လျင်မြန်စွာ သဘောပေါက်ခဲ့ကြသည်။ အထူးသဖြင့် အမျိုးသားများ ကြီးစိုးခြယ်လှယ်သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ နှင့် စိန်ခေါ်မှုများ ပါတီဆက်လက် ရပ်တည်နိုင်ရန်အတွက် ငွေကြေးများလည်း လုံလုံလောက်လောက်မရှိခြင်းများလည်း ပါဝင်သည်။

## C ) ဘဏ္ဍာရေးကွန်ယက်

နိုင်ငံလုံးဆိုင်ရာအလုပ်သမားအမျိုးသမီးများကွန်ယက်(NLWN)အား ၁၉၉၇ တွင် တည်ထောင်ခဲ့သည်။ Emily ၏ စရင်းနှင့် မတူညီသောအချက်မှာ ဤကွန်ယက်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော အဖွဲ့အစည်းတစ်ခု မဟုတ်ပဲ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားစီမံအုပ်ရေးပါတီအဖြစ် တည်ရှိသည်။ Emily အဖွဲ့နှင့် NLWN အဖွဲ့နှစ်ဖွဲ့လုံးသည် ကန့်သတ်ချက်ရည်မှန်းချက်သည် ပြည်နယ်တိုင်းအာ မရောက်ရှိနိုင်ခဲ့သော်လည်း အပြုသဘောဆောင်သော လုပ်ဆောင်ချက်မူဝါဒသည် အဓိက အခန်းကဏ္ဍအဖြစ် တည်ရှိနေကြောင်း သတိပြုမိကြသည်။ ၂၀၀၂ ခုနှစ်တွင် နိုင်ငံလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းညီလာခံမှ အဖွဲ့အာဏာလွှဲခြင်းနှင့် အစိုးရရုံးများတွင် ကြိုတင်ရွေးချယ်ခြင်း နှင့် အခြားသော ပြည်နယ်နှင့်ဆိုင်သောနေရာများတွင် ပါတီ၏ အမျိုးသား သို့မဟုတ် အမျိုးသမီး နေရာအား၄၀ရာခိုင်နှုန်းထက်မလျော့ရန်နှင့်ကျန်ရှိသော၂၀ရာခိုင်နှုန်းအား မည်သည့် လိင်ကိုမဆို လိုက်လျောရန်ဟူသောရည်မှန်းချက်သစ်တစ်ခုကိုတည်ထောင်ခဲ့သည်။

## အကျိုးရလဒ်

အပြုသဘောဆောင်သော လုပ်ဆောင်ချက်မူဝါဒသည် အလုပ်သမားပါတီအား များစွာ သက်ရောက်မှုရှိသည်။ မူဝါဒအား ချမှတ်သည့် ၁၅ နှစ်ကာလတွင် ပါလီမန်တွင် အမျိုးသမီးဦးရေသည် ၁၉၉၄ ခုနှစ် တွင် ၆၆ မှ ၂၀၀၉ ခုနှစ် မေလတွင် ၁၅၉ ဦးထိ နှစ်ဆ၊ ရာခိုင်နှုန်းအားဖြင့် ၃၇.၆ ထိ တိုးပွားလာခဲ့သည်။ ဩစတေးလျနိုင်ငံရှိ အခြားသော ပါတီများနှင့် နှိုင်းယှဉ်ရလျှင် Liberal တွင် အမျိုးသမီးဦးရေ ၅၃ ဦး ကိုယ်စားပြုပြီး ရာခိုင်နှုန်းအားဖြင့် ၂၂.၇ ဖြစ်သည်။ အလုပ်သမားပါတီသည် အနောက်ဩစတေးလျမှ ပထမဆုံးဝန်ကြီးချုပ်၊ ကွင်းလန်း၊ ဗွီတိုးယီးယား၊ တားစမန်းနီးယား၊ နှင့်

တောင်ဂဲ(လ်)သစ်၊ နှင့် ဩစထေးလျ၏ အဓိကကုန်းလမ်း နယ်မြေမှ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်နှစ်ဦးအစရှိသောထင်ရှားသောအမျိုးသမီးခေါင်းဆောင်များအားမွေးထုတ်ပေးနိုင်ခဲ့သည်။ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ်ရွေးခြယ်ခြင်းခံရသူအား အလုပ်သမားပါတီ၏ နိုင်ငံတော် သမ္မတအဖြစ်တာဝန်ပေးရန် ယခုအခါ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။
ပါတီ၏ လုပ်ပိုင်ခွင့်အာဏာများ နေရာတွင် အမျိုးသမီးများ တိုးပွားလာမှုသည် အလုပ်သမားပါတီ၏ ဥပဒေရေးဆွဲရာတွင် ပြောင်းလဲမှုများရှိလာသည်။အလုပ်သမားပါတီသည် အချို့သော ပြည်နယ်များ၏ ဥပဒေတွင် မျိုးပွားရေးဆိုင်ရာ အခွင့်အရေးနှင့်ပါတ်သက်၍ ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီဖြစ်သည်။ အလားတူပင် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ အိမ်တွင်းအကြမ်းဖက်နှိမ်နင်းရေး၊ မိဘများ အလုပ်မှထွက်ခွာချိန် လေ့ကျင့်မှုများ နှင့် တန်းတူညီမျှပေးရေး အစရှိသော လုပ်ဆောင်ချက်များကို လည်း အောင်မြင်ပြီးဖြစ်သည်။ ယခင်က ဤကိစ္စရပ်များအား အမျိုးသမီးများ၏ ပြဿနာအဖြစ် မြင်ခဲ့ကြသော်လည်း ယခုအခါတွင်မူ လူမှုရေးပြဿနာအဖြစ် ဖြေရှင်းရမည့် မူဝါဒအဖြစ်မြင်နေပြီဖြစ်သည်။

ဤနည်းအားဖြင့် Emily ၏ စရင်းမှလုပ်ဆောင်သော အလုပ်နှင့် အပြုသဘောဆောင်သောလုပ်ဆောင်သောလုပ်ဆောင်ချက်များပရိုဂရမ်သည်အလုပ်သမားပါတီ၏လုပ်ရိုးစဉ်များအားအတူတကွပြောင်းလဲသည်။ အမျိုးသမီးအလုပ်သမားပါတီအဖွဲ့ခေါင်းဆောင်မှ နိုင်ငံလုံးဆိုင်ရာ နှင့် ပြည်နယ်ဆိုင်ရာ လွှတ်တော်များသည် အမျိုးသားများ၏ ကပွဲခမ်းမကဲ့သို့မဟုတ်တော့ကြောင်း ထုတ်ပြန်ခဲ့သည်။

## စိန်ခေါ်မှုများနှင့် ရှေ့သို့ဆက်လက်ချီတက်ခြင်း

အလုပ်သမားပါတီမှအမျိုးသမီးရေးရာလှုပ်ရှားသူများသည်အပြုသဘောဆောင်သောလုပ်ဆောင်ချက်များအား အမျိုးသမီးများအနေဖြင့် ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ပါတီ၏ မူဝါဒလမ်းစဉ်များအားရေးဆွဲရာတွင်ပါဝင်နိုင်စေရန်၅၀ရာခိုင်နှုန်းထိတိုးမြှင့်ရန် ရည်ရွယ်သည်။ ရည်မှန်းချက်သစ်သို့ရောက်ရှိရန် အလုပ်သမားပါတီအနေဖြင့် အသက် ၄၅ နှစ်ထက်ကျော်သော အမျိုးသမီးများထက် အသက် ၃၀ နှင့် ၄၅ ကြားအမျိုးသမီးများနှင့် ဆက်ဆံနေရသောကြောင့် ထောက်ခံအားပေးသူများကြား မျိုးဆက်ကွာဟခြင်းများမဖြစ်စေရန် ဆွေးနွေးရန်လိုအပ်သည်။ ဖြေကြားသူတစ်ယောက်၏ပြောကြားချက်အရ အသက် ၄၅ နှစ်ကျော်အမျိုးသမီးများသည် အလုပ်သမား ပါတီအား အမျိုးသားများသာ ကြီးစိုးခြယ်လှယ်သော အဖွဲ့အဖြစ် ယူဆပြီး ကျန်ငယ်ရွယ်သော အမျိုးသမီးများတွင်မူ ထိုသို့ အမြင်များမရှိကြောင်းသိရှိရသည်။ အပြုသဘောဆောင်သော လုပ်ဆောင်ချက်နှင့် Emily ၏ စရင်းတို့ သည် မည်ကဲ့သို့သော နည်းဗျူဟာများပေါင်းစည်းခြင်းအားဖြင့် အမျိုးသမီးများ နိုင်ငံရေးတွင် ဦးစီးဆောင်ရွက်နိုင်ပြီး ကျားမရေးရာ တန်းတူညီမျှမူဝါဒအား ချမှတ်ရမည်ကို ဆွေးနွေးကြသည်။

## ဘာခီးနာဖာဆို - စေတနာ့ဝန်ထမ်းနှင့် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှု ကန့်သတ်ချက်။



### နောက်ခံအကြောင်းအရာ

၁၉၉၂ ခုနှစ်တွင် ဥပဒေရေးဆွဲရေး ရွေးကောက်ပွဲအားကျင်းပသည့်အချိန်မှစ၍ ဘာခီးနာဖာဆိုသည် ၎င်း၏ ပါလီမန်အား ရွေးကောက်ရန် ကိုယ်စားပြု အစိတ်အပိုင်းတရပ်စနစ်အား အသုံးပြုခဲ့သည်။ ဒီမိုကရေစီညီလာခံနှင့် တိုးတက်မှု (CDP) နိုင်ငံရေးပါတီသည် ထိုကာလအတောအတွင်းတွင် နိုင်ငံရေးအား ခြယ်လှယ်ခဲ့သည်။ နိုင်ငံလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအား တိုးမြှင့်ခြင်းအား အဓိကထားသည့် ပရိုဂရမ်များနှင့် တော်သောခေါင်းဆောင်များမှ ဦးဆောင်သော နိုင်ငံရေးပါတီပေါင်း ၁၄၀ တည်ရှိခဲ့သည်။ ပါတီတော်တော်များများသည် ရွေးကောက်ပွဲကာလနှင့်ဝေးသော အချိန်များတွင် လုပ်ဆောင်ချက်များအား ကန့်သတ်ထားသော ရွေးကောက်ပွဲဆိုင်ရာအ ဖွဲ့အစည်းများအဖြစ် ကျန်ရှိပြီး အချို့သော ပါတီများကမူ ရွေးကောက်ပွဲပြီးဆုံးသည်နှင့်တပြိုင်နက် ပျောက်ကွယ်သွားတော့သည်။

အခြားသောနိုင်ငံများနှင့် အနောက်အာဖရိကကဲ့သို့ ဘာခီးနာဖာဆိုတွင် အမျိုးသမီးများအား ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် ပါဝင်ဆောင်ရွက်နိုင်မှုအား ကန့်သတ်ထားသည်။ ၁၉၉၇ ခုနှစ် ဥပဒေဆိုင်ရာ ရွေးကောက်ပွဲကတည်းက Quotas (ကန့်သတ်ချက်)အား အသုံးပြုသည့်အပြင် ရွေးကောက်ပွဲတွင် အမျိုးသမီးယှဉ်ပြိုင်သူဦးရေ တိုးပွားလာအောင် လုပ်ဆောင်ချက်များ ပြုလုပ်ပြီးဖြစ်သည်။ အချို့သော ပါတီများသည် Quotas ( ကန့်သတ်ချက်)အားလက်မှတ်ထိုးထားပြီး ဖြစ်သော်လည်းလုပ်ဆောင်မှုပိုင်းတွင်အားနည်းနေသေးကြောင်းတွေ့ရသည်။၂၀၀၇ခုနှစ်ရွေးကောက်ပွဲ နောက်ပိုင်းတွင် ပါလီမန်တွင် ထိုင်ခုံ ၁၁၁ မှ ၁၃ ခုံကိုသာ အမျိုးသမီးများ ရယူနိုင်ခဲ့သည်။

နိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

## အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုတိုးပွားရေးအတွက် အကြောင်းပြချက်များ။

ဒေသဆိုင်ရာ ရေစီးကြောင်းနှင့်အတူ ဘာခီးနာဖာဆိုသည် အခြားနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများမှ Quotas(ကန့်သတ်ချက်)အားလုပ်ဆောင်ရန်ကြိုးစားအားထုတ်မှုများပြုလုပ်ခြင်းဖြင့်လွှမ်းမိုးခံခဲ့ရသည်။ ဆယ်စုနှစ်တစ်စုအတောတွင် အမျိုးသမီးလွှတ်တော်များနှင့် တခြားအမျိုးသမီးများအဖွဲ့မှ ကိုယ်စားလှယ်များသည်ထိုနိုင်ငံများသို့သွားရောက်ကာအာဖရိကနိုင်ငံတွင်Quotas(ကန့်သတ်ချက်)နှင့်ပါတ်သက်၍ လေ့လာကာ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနိုင်ရေး အတွက် ဒေသခံနှင့် နိုင်ငံတကာစံနှုန်းများအား ထောက်ခံအားပေးရန် ဘာခီးနာဖာဆိုသို့ ပြန်လည်ရောက်ရှိလာသည်။

ဘာခီးနာဖာဆို၏နိုင်ငံရေးပြောင်းလဲစေနိုင်မှုအားလက်ခံရင်း အကယ်၍အမျိုးသမီးလှုပ်ရှားမှုများအားအားပေးထောက်ခံတိုးတက်မှုများရှိလာပါက သမ္မတ၏ထောက်ခံမှုအား စရင်းမှတ်ခြင်းမှာအလွန်အရေးပါလှသည်။ Quotas (ကန့်သတ်ချက်) အားထောက်ခံရန် စိတ်ကူးယဉ်ဆန်သောအတွေးများရှိနေသော်လည်း ရွေးကောက်ပွဲတွင် အမျိုးသမီးများသည် အမျိုးသားများထက်များလှစွာသော မဲပေးသည်ဆိုသော အချက်အား အသိပေးခြင်းမည်သည့် အမျိုးသမီးအုပ်စုများ၏တောင်းဆိုချက်များအား ဆွေးနွေးခြင်းသည်အလားတူ ပါတီ၏ ထောက်ခံအားပေးမှုကိုပိုပိုရရှိစေသည်။
၂၀၀၉ခုနှစ်ဧပြီလ၁၆ရက်တွင်နိုင်ငံရေးပါတီတိုင်းအတွက် Quotas(ကန့်သတ်ချက်)လုပ်ပိုင်ခွင့်အာဏာပြုလုပ်ရန် ဥပဒေအား ထုတ်ပြန်လိုက်သည်။ ဥပဒေ အပိုဒ် ၃ အရ ယှဉ်ပြိုင်သူ ပါတီစရင်းများသည် အနည်းဆုံး၃ဝရာခိုင်နှုန်း လိင် သို့မဟုတ် မျက်နှာ ခွင့်ပြုချက် ပါဝင်ရမည်။ ဥပဒေလိုက်နာခြင်းမရှိသောပါတီများသည်ရွေးကောက်ပွဲcampaignများအတွက်ရန်ပုံငွေမှ ၅ဝရာခိုင်နှုန်းဖြတ်တောက်ခြင်းခံရမည်။

## အသုံးချ မဟာဗျူဟာများ

### A ) အမျိုးသမီးများအား စည်းရုံးရေးဆင်းခြင်း

နိုင်ငံရေးပါတီတွင် Quotas(ကန့်သတ်ချက်) အားတိုးမြှင့်ရန် ဘာခီးနာ ဖာဆိုတွင် အမျိုးသမီးဂါဒသည် အရပ်ဖက်အဖွဲ့အစည်းများလုပ်ဆောင်သူများနှင့် နိုင်ငံရေးပါတီမှ အမျိုးသမီးများမှ ဆင်းသက်လာခြင်းဖြစ်သည်။ အစပိုင်းတွင် နိုင်ငံရေးပါတီများသည် စေတနာ့ဝန်ထမ်းဆိုင်ရာ ကန့်သတ်ချက်များအား တစ်နိုင်ငံလုံးနှင့် ဒေသအလိုက် ကျင့်သုံးသည်။ အမျိုးသမီးပါတီများနှင့် အရပ်ဖက်ဆိုင်ရာလှုပ်ရှားသူများသည် အားပေးထောက်ခံမှုဆိုင်ရာ မဟာဗျူဟာအား ထို ကန့်သတ်ချက်များကိုလုပ်ဆောင်စေရန် နိုင်ငံရေးပါတီများ၏လိုအပ်သောထောက်ခံချက်များစုဆောင်းရာတွင် အသုံးချသည်။ ၂၀၀၃ ခုနှစ်တွင် ဘာခီးနာဖာဆိုတွင် အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်တွင် ပိုမိုတိုးတက်လာအောင် နိုင်ငံရေးဆိုင်ရာ ကြိုးပမ်းမှုများကို အုပ်မြစ်ချပြီး Maputo Protocol တွင် အတည်ပြုလက်မှတ်ရေးထိုးသည်။ Maputo Protocol တွင် အမျိုးသမီးများအခွင့်အရေး၊ အမျိုးသားများကဲ့သို့

နိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နိုင်ငံရေးနှင့်ဆိုင်သောအခွင့်အလမ်းများ တန်းတူရရေး၊ နှင့် နိုင်ငံရေး လုပ်ဆောင်ချက်များတွင် တန်းတူညီမျှပါဝင်ခွင့်အစရှိသည်တို့ပါဝင်သည်။ဤသို့ဖြင့် အမျိုးသမီးများ၏ ကြီးပမ်းအားထုတ်မှုသည် Protocol တွင်ပါဝင်သော အချက်အလက်များအား လုပ်ဆောင်ရန် ရည်မှန်းသည့်အပြင် နယ်မြေနှင့် နိုင်ငံတကာ တာဝန်များကို ဂုဏ်ပြုရန်လည်း လိုအပ်ပေသည်။

ထိုအစောပိုင်းကာလများတွင်အမျိုးသမီးအမတ်များ၊ အရပ်ဖက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် နိုင်ငံတကာမှ ဦးဆောင်သော သင်တန်းများ၊ အလုပ်ရုံ workshop များအား တက်ရောက်ခွင့်များစွာရရှိခဲ့သည်။ ထိုသင်တန်းများတွင် အမျိုးသမီးများ၏လုပ်ဆောင်ရည်အား နိုင်ငံရေးတွင် မြှင့်တင်ရာတွင် quotas ( ကန့်သတ်ချက်)၏ ကောင်းကျိုး၊ ဆိုးကျိုးများအား တင်ပြခြင်းဖြစ်သည်။ အာဖရိကတိုက်ရှိ အခြားသောနိုင်ငံများတွင် quotas (ကန့်သတ်ချက်)အား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးထားသည့်အတွက် ဘာစီနားမှ အမျိုးသမီးများသည်လည်း quotas (ကန့်သတ်ချက်)သည် အမျိုးသမီးများ ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် ရေရှည်ကိုယ်စားပြုခြင်းအား တိုးမြှင့်နိုင်သည့် အရာဖြစ်ကြောင်း နားလည်ကြသည်။

## B ) ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်များအား ကန့်သတ်ခြင်း။

CDP ပထမဆုံး ကန့်သတ်ချက်မှာ ၂၀၀၂ -၂၀၀၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲများအတွက် ပါတီစရင်းများတွင် အမျိုးသမီးများအတွက် အတွင်းပိုင်းဆိုင်ရာ ကန့်သတ်ချက် စေတနာ့ဝန်ထမ်း၂၅ ရာခိုင်နှုန်း လိုက်နာကျင့်သုံးရန်ဖြစ်သည်။ ၂၀၀၆ ခုနှစ် အဆင့်မြင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲတွင် ကျေးလက်ဒေသများအတွက် ၎င်း၏ ကိုယ်စားလှယ်များစရင်းအတွက် အတွင်းပိုင်းဆိုင်ရာ ကန့်သတ်ချက် ၅၀ ရာခိုင်နှုန်း လိုက်နာကျင့်သုံးသည်။ ပါတီခေါင်းဆောင်များမှ လုပ်ပိုင်ခွင့်အာဏာနှင့် အတူ နောက်ကန့်သတ်ချက်များအား ၂၀၀၆ ခုနှစ် ဒေသလိုက်ရွေးကောက်ပွဲများတွင် အသုံးချသည်။ ရလဒ်များမှာ ရွေးကောက်ခံရသောအမျိုးသမီးဦးရေမှာ ၆၅၀၀ ဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းကနေ ၂၀၀၆ ခုနှစ်တွင် ၃၆ ရာခိုင်နှန်း စုစုပေါင်း အရေအတွက် ၂ ဆ တိုးမြှင့်သွားသည်။ ၂၀၀၆ ခုနှစ် ဒေသခံရွေးကောက်ပွဲတွင် အမျိုးသမီးများရွေးကောက်ပွဲဆိုင်ရာ အောင်မြင်မှုအပြောင်းအလဲသည် အရပ်ဖက်အမျိုးသမီးများအဖွဲ့များသည် နိုင်ငံရေးပါတီများအားလုံး ပေါင်းစည်းစေရန် ဥပဒေမှု ကန့်သတ်ချက်အားအောင်မြင်အောင် multi-campaign လှုပ်ရှားမှုများကိုလုပ်ဆောင်ရန် အစပြုစေခဲ့သည်။ ဘာစီနာဖာဆိုတွင် ရှိသော အမျိုးသမီးအဖွဲ့အစည်းများသည် ဥပဒေမှုကန့်သတ်ချက်အားရှေ့ဆက်လုပ်ဆောင်ရန်အတွက်မြောက်မြားလှစွာသောမဟာဗျူဟာများ ဖြစ်သော နိုင်ငံရေးခေါင်းဆောင်များအား မဲဆွယ်ခြင်း၊ လူထုအားပေးထောက်ခံခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်ဆံရေးပိုမိုခိုင်မာစေခြင်း၊ မီဒီယာ campaignများ လုပ်ဆောင်ခြင်း နှင့် အမျိုးသား၊ အမျိုးသမီးများ လုပ်ငန်းရုံသင်တန်းများ ချပေးခြင်းတို့အား အသုံးပြုခဲ့သည်။

ပါတီ၏အတွင်းပိုင်းဆိုင်ရာတွင်ပါရှိသောကန့်သတ်ချက်များအတိုင်း အဆိုတင်သွင်းထားသော ကန့်သတ်ချက်များသည် အတိုက်အခံပါတီများနှင့် သမ္မတ မဟာမိတ် ပါတီများမှ ကန့်ကွက်ခြင်းကို ဖြစ်စေသည်။ အတိုက်အခံပါတီများသည် အမျိုးသမီးများအား လွှတ်တော်တွင် နေရာပေးရခြင်းသည် ၎င်းတို့၏ နေရာများပျောက်ဆုံးသွားမည်ကို ကြောက်ရွံ့ခြင်းနှင့်အတူ နိုင်ငံရေး ပါတီများတွင် အမျိုးသမီးများလုံလုံလောက်လောက် ဆွဲခေါ်ခြင်းအပေါ်တွင် စိုးရွံ့နေသည်။ ဤကဲ့သို့ ဖြစ်ပွားနေသော်လည်း ၂၀၀၉ တွင်Quota (ကန့်သတ်ချက်)အား မဲပေးသည့်အခါ အတိုက်အခံပါတီမှ ကိုယ်စားလှယ်တော်တော်များများသည် Quota (ကန့်သတ်ချက်)အား CDP လိုင်းနှင့်တန်းတူ ထောက်ခံသည်ကို တွေ့ရှိရသည်။ ၁၁၁ ဦးအဖွဲ့ဝင်ရှိသည့်အနက် ၈၇ ဦးက မဲပေးကြောင်းနှင့် အမျိုးသမီးအဖွဲ့အစည်းမှ ပါလီမန်တွင် သက်သေပြုရန် လှုံ့ဆော်ခဲ့ကြောင်းသိရသည်။

## C ) အမျိုးသားများနှင့် မဟာမိတ်ပြုလုပ်ခြင်း

သမ္မတ Compaore သည် ၎င်းအားဆန့်ကျင်သည့် သက်ရောက်သော Quota ( ကန့်သတ်ချက်) အား ထောက်ခံခဲ့သည်။ အမျိုးသမီးများ ပါလီမန်တွင် အမျိုးသားများနှင့်အတူတကွ လုပ်ဆောင်နိုင်ရန် စီမံကြသည်။ အမျိုးသားခေါင်းဆောင်များသည် quota ဥပဒေအား ပညာပေးရှင်းပြရန်၊ CDP အဖွဲ့ဝင်အားလုံးအား ရွေးကောက်ပွဲနှင့်ဆိုင်သော ပြည်နယ်များတွင်လှုပ်ရှားနေသူများအားလည်း တင်ပြနိုင်ရန် ကြိုးကြိုးစားစားဆောင်ရွက်ကြသည်။

## D ) ကျားမရေးရာ ဘက်မလိုက်သော Quota ဘာသာစကား

ဆန့်ကျင်ခြင်းများနှင့် Quota နှင့်သက်ဆိုင်သော ဖွဲ့စည်းပုံစိန်ခေါ်မှုဆိုင်ရာ ခြိမ်းခြောက်မှုများအား " ပါဝင်ထည့်သွင်းခြင်း " ဘာသာစကားများအား ပြန်လည်ရေးခြင်းဖြင့် ဖြေရှင်းခဲ့သည်။ ဘာဗီးနာဖာဆို quota ဥပဒေသည် အမျိုးသမီးများနှင့်ပါတ်သက်၍ အသေးစိတ်ဖော်ပြထားခြင်းမရှိပဲ ကျားမ ရေးရာနှင့်ပါတ်သက်၍ပြောကြားခြင်းမရှိပဲနိုင်ငံရေးပါတီစာရင်းတွင်၃၀ရာခိုင်နှုန်းထက်မပိုရန်ထည့် သွင်းထားသည်။ဤဘာသာစကားအားလိင်ကွဲပြာမှုပေါ်မူတည်၍ခွဲခြားမှုများမရှိရန် ရည်ရွယ်၍ တမင်ထည့်သွင်းထားခြင်းဖြစ်သည်။ ကျားမရေးရာ ဘက်မလိုက်မှုသည် quota အား လွယ်ကူသော အစိတ်အပိုင်းတစ်ခုဖြစ်စေသည်။

နောင်အနာဂါတ် ရွေးကောက်ပွဲများတွင် Quota အား တိုးမြှင့်စေရန် National Assembly တွင်ရွေး ကောက်ခြင်းခံရသော အမျိုးသမီးဦးရေ ရာခိုင်နှုန်း ၃၀ သို့ရောက်ရှိပါက ပြည်တွင်းcouncils များမှ ပုံမှန် လက်ခံရရှိသော ဘဏ္ဍာရေးထက် နှစ်ဆပိုမိုရရှိမည်ဖြစ်သည်။ Quota အား မလေးစား မလိုက်နာသော ပါတီများအနေဖြင့် ရွေးကောက်ပွဲ campaign မှ ငွေ ၅၀ ရာခိုင်နှုန်း ဖြတ်မည်ဖြစ်သည်။ မည်သည့်ပါတီတိုင်းအတွက်မဆို လူထုဘဏ္ဍာရေးတိုးမြှင့်မှုစံနှုန်းသည် အမျိုးသမီးများအား အောက်ခြေနေရာများတွင် ချထားခြင်းမှ ကင်းဝေးစေရန်နှင့် အမျိုးသမီးများ နေရာထိုင်ခုံများရရှိစေရန် ရည်ရွယ်သည်။

## အကျိုးရလဒ်များ

၂၀၀၉ ခုနှစ် quota သည် ဘာဗီးနာဖာဆိုရှိ အမျိုးသမီးများအတွက် အဓိကအောင်မြင်မှုဟု ထင်မြင်ကြပြီး နိုင်ငံရေးတွင်လည်း တဟုန်ထိုးအကျိုးသက်ရောက်မှုရှိမည်ဟု ယူဆကြသည်။ နိုင်ငံရေး အဖွဲ့အစည်းနှင့် အမျိုးသမီးအဖွဲ့များကြားဆက်ဆံရေးသည် နှစ်ဦးနှစ်ဘက်သို့ အပြန်အလှန် ကောင်း ကျိုးများပေးသည်။ပါတီများသည်၎င်းတို့အားထောက်ခံအားပေးမှုများ ပိုမိုအားကောင်းလာစေရန်နှင့် အမျိုးသမီးများအနေဖြင့်ပါတီတွင်းဖြစ်ပွားနေသောပြဿနာများအားဖော်ပြနိုင်သလိုကူညီထောက်ပံ့မှု များလည်းပြုလုပ်နိုင်သောအခွင့်အလမ်းများရရှိနိုင်သောကြောင့်ပြန်လည်ပြင်ဆင်ခြင်းများအားတိုးမြှင့် လုပ်ဆောင်သည်။

## စိန်ခေါ်မှုများနှင့် ရှေ့သို့ဆက်လက်ချီတက်ခြင်း

စေတနာ့ဝန်ထမ်းနှင့် ဥပဒေဆိုင်ရာ ယှဉ်ပြိုင်သူများနှင့်ပါတ်သက်သော quota အားကျင့်သုံးခြင်းသည် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်ပြီး ၎င်းအား နောက်ရွေးကောက်ပွဲ ဥပဒေတွင် အသုံးချ လုပ်ဆောင်ခြင်းသည် အဓိက စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ တစ်ချို့ဥပဒေပါအကြောင်းအရာများမှာ ရေရာတိကျခြင်းမရှိပဲ လွတ်လပ်စွာ ဘာသာပြန်ယူနိုင်သည်။ ဥပမာအားဖြင့် ဥပဒေသည် ရွေးကောက်ပွဲ ကော်မရှင် အနေဖြင့် မည်သည့်ပါတီသည် ၃၀ ရာခိုင်နှုန်းရရှိစေရန် မည်သည့် စံနှုန်းများလိုအပ်ကြောင်း၊ ပါတီများအနေဖြင့် မည်သည့် သတင်းအချက်အလက်များအား တင်ပြရန်လိုအပ်ကြောင်း၊ လိုအပ်သော ၃၀ ရာခိုင်နှုန်းအား နိုင်ငံလုံးအားဖြင့်သော်လည်းကောင်း၊ ပြည်နယ်အားဖြင့်သော်လည်းကောင် ရေတွက်မည်အစရှိသော အကြောင်းအရာအား ဖော်ပြထားခြင်းမရှိပေ။

ရွေးကောက်ပွဲရုံးများတွင် အမျိုးသမီးများ၏ အရေအတွက်သည် အမျိုးသမီးများအတွက် မူဝါဒရရှိရေး အတွက်သာဖြစ်သည်။ အရေးပါသော စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရွေးကောက်ခြင်းခံရသော အမျိုးသမီးအဖွဲ့ဝင်သစ်များအား ပိုမိုအကျိုးသက်ရောက်မှုရှိသော ကိုယ်စားလှယ်များဖြစ်လာစေရန်နှင့် ၎င်းတို့၏နိုင်ငံရေးပါတီများတွင် လွှမ်းမိုးနိုင်သော မူဝါဒများအား ချမှတ်စေရန်အတွက် ၎င်းတို့၏နိုင်ငံရေးဆိုင်ရာလုပ်နိုင်စွမ်းရည်များတိုးတက်လာစေနိုင်သောအခွင့်အရေးများပေးရန်ပင်ဖြစ် သည်။ယခုလောလောဆယ်တွင်အမျိုးသမီးများအတွက်နိုင်ငံရေးတွင်ထိုးတမ်းစဉ်လာအခက်အခဲများ ဖြစ်သော ငွေကြေးအရင်းအမြစ်မရှိခြင်း၊ နိုင်ငံရေးအကြမ်းဖက်မှုများအား ကြောက်ရွံ့ခြင်း၊ မိမိကိုယ် မိမိ ယုံကြည်မှုအားနည်းခြင်းနှင့် ပညာရေးအားနည်းခြင်းများသည် ဘာဗီးနာဆိုဖာတွင် ဖြစ်ပွားနေသော အကြောင်းအရာဖြစ်ပါသည်။

အမျိုးသမီးများအတွက် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ စိန်ခေါ်မှုများသည်quotaအားကျော်လွှန်လုပ်ဆောင်ရန်နိုင်ငံရေးပါတီများ၏တည်တံ့သောနိုင်ငံရေးဆိုင် ရာ ဆန္ဒတွင် မူတည်သည်။ နိုင်ငံသားပြဿနာများနှင့်ပါတ်သက်သော စကားရည်လုပွဲများတွင်

အမျိုးသမီးများအား လုပ်ပိုင်ခွင့်အာဏာရရှိအောင်ပြုလုပ်ခြင်းသည် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ပါတ်သက်သော ပွင့်လင်မြင်သာမှုရှိခြင်း၊ ပါတီ၏ မူဂါဒကြမ်းစာများအတွက် တာဝန်ယူမှုများအား ပေးအပ်ခြင်းဖြင့် ဘာခီးနာရှိ အမျိုးသမီးများသည် နိုင်ငံရေးတွင် တိုင်းပြည် ၏ ဒီမိုကရေစီလမ်းစဉ်အားဖော်ဆောင်ရာတွင် အားပေးထောက်ခံမှုများ ပြုလုပ်နိုင်သည်။

## ကမ္ဘောဒီးယား




အမျိုးသမီးအင်အားစု အဖွဲ့

အမျိုးသမီးများအား ပါတီတွင်းနှင့် ရွေးကောက်ခံရာထူးဌါနများသို့ ရောက်ရှိရေးအတွက် မြှင့်တင်ပေးရန်

## နောက်ခံသမိုင်း

ကမ္ဘောဒီးယားတွင် အမျိုးသားညီလာခံနှင့် အထက်လွှတ်တော်တို့ပါဝင်သော လွှတ်တော်နှစ်ရပ်ရှိသည့် ပါလီမန်ရှိသည်။ အမျိုးသားညီလာခံကို စာရင်းအတိအကျဖြင့် အချိုးကျအမတ်နေရာရသော ရွေးကောက်မှုစနစ် (Proportional Representation System) မှရွေးကောက်ပြီး အထက်လွှတ်တော်ကိုဒေသခံလူထုကောင်စီဝင်များမှတဆင့် ရွေးချယ်သည်။ ကမ္ဘောဒီးယားနိုင်ငံကို အင်အားကြီးသော ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) မှ အုပ်ချုပ်ပြီး ၎င်း CPP သည် ဗဟိုအမျိုးသားအစိုးရနှင့် ဒေသအစိုးရအများစုအပေါ်တွင် နိုင်ငံရေးချုပ်ကိုင်နိုင်မှုကို ရရှိထားသည်။ CPP၏ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသားများသာ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးထားပြီး ဆုံးဖြတ်ချက်များချမှတ်နိုင်သော ရာထူးနေရာများတွင် အမျိုးသမီးအနည်းငယ်သာ ရှိသည်။ သို့ရာတွင် CPP အုပ်ချုပ်မှုလက်ထက်တွင် လွှတ်တော်ရှိ အမျိုးသမီးအမတ်ဦးရေအချိုးအစားမှာ ၁၉၉၃ခုနှစ်တွင် ၃ ရာခိုင်နှုန်းသာ ရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၂၂ ရာခိုင်နှုန်းအထိ တိုးလာသည်။

ကမ္ဘောဒီးယား၏ ဒုတိယအကြီးဆုံးနှင့်အရေးပါသော အတိုက်အခံပါတီဖြစ်သည့် ဆမ်ရိန်ဆီးပါတီ (SRP) သည် ၎င်း၏ လွှတ်တော်အတွက်ကိုယ်စားလှယ်ရွေးချယ်ရန်ကျင်းပသည့်အစည်းအဝေးတွင် အမျိုးသမီးအရေအတွက်ကို တိုးမြှင့်ရန် ကြိုးပမ်းလိုက်သည်။ ၂၀၀၆ခုနှစ်မှစ၍ SRP တွင် အမျိုးသမီး အတွင်းရေးမှူးချုပ် နှစ်ဦးဆက်တိုက်ရှိခဲ့ပြီး ပါတီ၏ခေါင်းဆောင်မှုပိုင်းကို အမျိုးသမီးများ ဦးဆောင်လျက်ရှိသည့် ပထမဦးဆုံးသော ပါတီကြီးတစ်ရပ်ဖြစ်လာသည်။ ၂၀၀၈ခုနှစ် ဇူလိုင်လတွင် ပြုလုပ်သည့် ရွေးကောက်ပွဲအပြီးတွင် SRP မှ အမျိုးသမီး ၆ ဦးသည် ပါလီမန်သို့ ရွေးကောက်ခံရပြီး SRP ပါလီမန်အမတ်ရာခိုင်နှုန်း၏ ၂၃ ရာခိုင်နှုန်း ဖြစ်လာသည်။ ထို့အပြင် အမျိုးသမီးခေါင်းဆောင်များသည် ပါတီ၏ဆုံးဖြတ်ချက်ချနိုင်သောအကြီးအကဲအဖွဲ့တွင် ၁၅ ရာနှုန်းအထိ ကိုယ်စားပြုမှု ရှိလာခဲ့သည်။

| | |
|---|---|
| ဤအဖြစ်အပျက်လေ့လာချက်သည် ဆမ်ရိန်ဆီးပါတီ (SRP) မှ အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် လုပ်ဆောင်ခဲ့သော မဟာဗျူဟာအချို့ကို တင်ပြထားသည်။ သို့ရာတွင် ကမ္ဘောဒီးယားတွင် ထိုပါတီတစ်ခုတည်းသာ ဤကဲ့သို့ လုပ်ဆောင်ခဲ့သည် မဟုတ်ပေ။ ၎င်းသည် ရွေးကောက်ပွဲအခြေအနေရပ်များနှင့်ပတ်သက်၍ အမျိုးသမီးများ ပူးပေါင်းပါဝင်မှု၊ အမျိုးသမီးအင်အားစုအဖွဲ့မှ ပါတီတွင် တာဝန်ယူ ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍများနှင့် ပတ်သက်၍ အလေးပေးဖော်ပြထားသည်။ | |
| တစေ့တစောင်းကြည့်ခြင်း။ ။ကမ္ဘောဒီးယား | |
| လွှတ်တော်၏ အမည် | ကမ္ဘောဒီးယားပါလီမန် |
| လွှတ်တော် ဖွဲ့စည်းထားပုံ | လွှတ်တော်နှစ်ရပ် (အမျိုးသားညီလာခံနှင့် အထက်လွှတ်တော်) |
| | |
| ရွေးကောက်ပွဲစနစ် အမျိုးအစား | အချိုးကျအမတ်နေရာရသော ရွေးကောက်မှုစနစ် |
| ဥပဒေပြုမဏ္ဍိုင်အတွက် ရွေးကောက်ပွဲ | ၂၀၀၈ ခုနှစ် ဇူလိုင်လ |
| ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက် (အောက်လွှတ်တော်) | ၁၂၃ နေရာထဲမှ ၂၀ (၁၆.၃%) |

## အဘယ်ကြောင့်အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုအား မြှင့်တင်ရန်လိုအပ်ကြောင်းနှင့် စပ်လျဉ်း၍ကိုးကြောင်းဆီလျော်ဖြစ်မှု

SRP ၏ အားကောင်းသော အမျိုးသမီးခေါင်းဆောင်များသည် အခြားသောအမျိုးသမီးများလည်းနိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှုကို တန်ဖိုးထားသည်။ အဖွဲ့အစည်းအသီးသီးနှင့် မဟာဗျူဟာမြောက် ဆက်ဆံရေးများမှ တဆင့် ၎င်းတို့အမျိုးသမီးများ နိုင်ငံရေးတွင်ပူးပေါင်းပါဝင်လာမှုရှိစေရန် အစပြုဆောင်ရွက်ချက်များအတွက် နည်းပညာဆိုင်ရာနှင့် ငွေရေးကြေးရေး အထောက်အပံ့များကို ရယူနိုင်ခဲ့သည်။ အမျိုးသမီး၏အင်အား အဖွဲ့၏ အမျိုးသမီးများအား ကူညီထောက်ပံ့ရန် ကြိုးပမ်းဆောင်ရွက်ချက်များသည် မဲပေးသူများနှင့် ပါတီဝင်များအကြား တွင် ထင်ရှားခဲ့သည်။ SRP၏ အမျိုးသားနှင့်အမျိုးသမီးခေါင်းဆောင်များက ဤမဟာဗျူဟာများသည် ပါတီအား ခေတ်မီတိုးတက်စေမည့် အဓိကအချက်ဟူ၍ မှတ်ယူထားကြသည်။

## မဟာဗျူဟာများအားဖော်ဆောင်ခြင်း

### က. အမျိုးသမီးအင်အားအဖွဲ့၏ စည်းရုံးရေးလုပ်ဆောင်ချက်များ

SRP၏ အမျိုးသမီးအင်အား အဖွဲ့သည် ပါတီတွင်းအမျိုးသမီးများက ရှေ့သို့ချီတက်သည့်လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ခဲ့သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံရေးလောက တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းစေခဲ့သည့် ဆန်းသစ်တီထွင်မှုရှိသော မဟာဗျူဟာများ အတွက် အဓိကကျသောအရင်းအမြစ်တစ်ခုသဖွယ်လည်း ဖြစ်သည်။ SRP ကို ကမ္ဘောဒီးယား အလုပ်သမား လူတန်းစားများက ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၎င်းတို့ထဲမှ အများအပြားမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ဆောင်မူရာတွီလောက် (Saumura Tioulong) ကဲ့သို့ သြဇာလွှမ်းမိုးနိုင်သောပုဂ္ဂိုလ်များ အပါအဝင် SRP ကို တည်ထောင်ခဲ့သူများသည် SRP အားအမျိုးသမီးများပိုမိုပါဝင်လာအောင် ဖွင့်ပေးခြင်းဖြင့် ပါတီနှင့်ကမ္ဘောဒီးယားနိုင်ငံ၏ဒီမိုကရေစီကို ဖြစ်ထွန်းစေနိုင်မည့် အကျိုးကျေးဇူးများကို သိခဲ့ကြသည်။ ဤနည်း အားဖြင့် အမျိုးသမီးအင်အားအဖွဲ့ဆိုသည်မှာ SRP ၏ အစောပိုင်းကတည်းကရှိခဲ့သော ပါတီတည်ဆောက်ပုံ အစိတ်အပိုင်းများမှ တစ်ခုဖြစ်ပြီး **အမျိုးသမီးများနှင့်ထိတွေ့ဆက်ဆံရေး၊ အမျိုးသမီးများအားကူညီထောက်ပံ့ရေး ဟူသောရည်ရွယ်ချက်**ဖြင့် တည်ထောင်ခဲ့သည်။ အမျိုးသမီးအင်အားအဖွဲ့၏ ဥက္ကဋ္ဌရာထူးကို ၎င်း၏အမျိုးသမီး အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ကြသည်။

SRP၏ အမျိုးသမီးအင်အားအဖွဲ့သည် အမျိုးသမီးများကို ပါတီတွင် ပိုမိုပါဝင်ပတ်သက်မှုရှိစေရန်နှင့် စွမ်းရည်မြှင့် တင်ပေးရန်အတွက် လမ်းဟောင်းမလိုက်တိုးတက်တီထွင်သော ပါတီမူဝါဒများနှင့် စတင်ချမှတ်ခဲ့သည်။ ၎င်းမူဝါဒများတွင် အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် ခွဲတမ်းပမာဏတစ်ရပ်ရှိစေခြင်း၊ ရွေးကောက်ခံမည့်အမျိုးသမီး အတွက် သင်တန်းများပေးခြင်း၊ ရွေးကောက်ခံမည့်အမျိုးသမီးများအတွက် မဲဆွယ်စည်းရုံးသည့်လုပ်ငန်းများ၊ (အမျိုးသမီးများ၏အသံ - အမျိုးသမီးများ၏ရွေးချယ်မှုများ) ခေါင်းစဉ်ဖြင့် ပြည်သူ့ပညာပေး ရေဒီယိုထုတ်လွှင့် ခြင်း အစီအစဉ်နှင့် အမျိုးသမီးများအတွက် ဦးစားပေးလုပ်ရမည့်မူဝါဒများနှင့်ပတ်သက်၍ ဥပဒေပြုရေးကို စတင်ပြုလုပ်ရန် SRP အမျိုးသမီးအမတ်များနှင့်ပူးပေါင်းအားထုတ်မှုများပြုလုပ်ခြင်း စသည်တို့ ပါဝင်သည်။ အမျိုးသမီးအင်အားများ အဖွဲ့သည် ကမ္ဘောဒီးယားပြောင်းရွှေ့နေထိုင်သူများအဖွဲ့ (Cambodian Diaspora) အပါအဝင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်များဖြစ်စေမည့်

ဆက်ဆံရေးများကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခြင်းဖြင့် ပါတီတွင်းအမျိုးသမီးများ၏ လိုအပ်ချက်များကို တိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အမျိုးသမီးအင်အားအဖွဲ့သည် ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့များထဲမှ အမြင့်ဆုံးဖြစ်သည့်အဖွဲ့များတွင် အနည်းဆုံးအနေဖြင့် အနိမ့်ဆုံးသောအမျိုးသမီးကိုယ်စားပြုမှုရှိစေရန် ပါတီခေါင်းဆောင်မှုပိုင်းကို ပါတီ၏ **အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် ၁၅ ရာခိုင်နှုန်းသောခွဲတမ်းပမာဏထားရှိရေးအတွက်** ကိုယ်စားပြုအရေးဆိုခဲ့သည်။ ထို့အပြင် သမီးများအင်အားအဖွဲ့မှ အစပြုကာ ပါတီအနေဖြင့် အရည်အချင်းရှိသော ရွေးကောက်ခံအမျိုးသမီး များအား ပိုမိုဦးစားပေးရန် တိုက်တွန်းထားသည့် မူဝါဒရေးရာအဆိုပြုချက်များနှင့် ရွေးကောက်ခံအမျိုးသမီးများ အားမဲပေးရွေးချယ်မှုတွင်ရှိသည့် စည်းနှောင်မှုများအား အမျိုးသမီးများဘက်မှစဉ်းစားကာ ဖြေလျှော့ပေးခြင်းနှင့် ပတ်သက်သည့် မူဝါဒရေးရာအဆိုပြုချက်များကိုလည်း တင်သွင်းခဲ့သည်။ နောက်ဆုံးတွင် ဤမူဝါဒများကို ပါတီမှအတည်ပြုလက်ခံခဲ့သည်။ ထို့နောက်တွင် SRP၏ အမျိုးသမီးအင်အားအဖွဲ့သည် ပါတီမှအမျိုးသမီး လှုံ့ဆော်စည်းရုံးသူများနှင့် ဒေသအဆင့်နှင့် တစ်နိုင်ငံလုံးအဆင့် ဥပဒေပြုအဖွဲ့များသို့ ရွေးကောက်ခံမည့် အမျိုးသမီးများအတွက် သင်တန်းများ ရရှိနိုင်အောင် ပြုလုပ်ပေးခဲ့သည်။ ဤသင်တန်းများသည် ရွေးကောက်ခံ မည့်အမျိုးသမီးများ လိုအပ်မည့် တစ်အိမ်ဝင်တစ်အိမ်ထွက်မဲဆွယ်စည်းရုံးနည်းများ၊ မီဒီယာနှင့်ဆောင်ရွက်ရ သည့် ကိစ္စရပ်များ၊ သတင်းစကားပြုလုပ်နည်းများနှင့် ဆက်သွယ်ရေး အစရှိသည့် နိုင်ငံရေးစွမ်းရည်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။ အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းထားများ မှာနိမ့်ကျလျက်ရှိရာ အမျိုးသမီးအင်အားစုများ၏သင်တန်းများသည် အမျိုးသမီးများအတွက် သတင်း အချက်အလက်နှင့် စွမ်းဆောင်ရည်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် လွန်စွာအဖိုးတန်သော အရင်းအမြစ် တစ်ရပ် ဖြစ်ခဲ့သည်။

SRP ၏ အမျိုးသမီးအင်အားစု အဖွဲ့သည် အမျိုးသမီး များအားပေးသောသင်တန်းများကို ငွေရေးကြေးရေး ထောက်ပံ့နိုင်ရန်၊ ဒီဖိုင်းရေးဆွဲနိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန်အလို့ငှါ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်များဖြစ်စေမည့် ဆက်ဆံရေးများကို ရရှိအောင်လုပ်နိုင်ခဲ့သည်။ ဤစီမံကိန်းများသည် လူကြိုက်များခဲ့ပြီး တက်ရောက်သူများလည်း ကောင်းမွန်စွာရရှိခဲ့ရာ SRP ပါတီ ခေါင်းဆောင်မှုပိုင်းက အမျိုးသမီးအင်အားစုအား ၎င်းတို့၏သင်တန်းနှင့်သက်ဆိုင်သည့်အားထုတ်မှုများကို ဆက်လက်၍တိုးချဲ့လုပ်ဆောင်ရန် ပြောခဲ့သည်။ ၎င်းစီမံကိန်းများအတွက် အနာဂါတ်တွင် ငွေကြေးထောက်ပံ့မှု ရရှိနိုင်ခြင်း/မရှိခြင်းသည် အမျိုးသမီးများထံမှပိုမိုပူးပေါင်းပါဝင်မှုဟုခေါ်ဆိုသော ခိုင်မာသည့်ရလဒ်များကို ပြသနိုင်ခြင်းစွမ်းရည်များအပေါ်တွင် မူတည်နေသည်ဟု အမျိုးသမီးအင်အားစုအဖွဲ့၏ ခေါင်းဆောင်မှုပိုင်းက ထောက်ပြခဲ့သည်။ ထို့ကြောင့် အမျိုးသမီးအင်အားစုအဖွဲ့သည် နောက်ဆုံးတွင် ပါတီခေါင်းဆောင်မှုပိုင်းမှ သင်တန်းပေးသည့်စီမံကိန်းများတွင် စိတ်ဝင်စားမှုကို အသုံးချကာ ၁၅ရာခိုင်နှုန်းခွဲတမ်းပမာဏအတွက် ခေါင်းဆောင်မှုပိုင်း၏သဘောတူခွင့်ပြုချက်အပေါ်တွင် တွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။

SRP ၏အမျိုးသားခေါင်းဆောင်မှုပိုင်းမှလည်း အမျိုးသမီးအင်အားစုအဖွဲ့၏ လုပ်ဆောင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ကူညီထောက်ပံ့ခဲ့သည်။ SRP ခေါင်းဆောင်များသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥရောပနိုင်ငံရေးပါတီများနှင့် ဆက်ဆံရေးများ တည်ဆောက်ခဲ့သည်။ ၎င်းတို့ထဲမှ လူအများအပြားသည် နိုင်ငံခြားတွင် ပညာသင်ခဲ့ပြီး၊ SRP ကို ကမ္ဘောဒီးယားရှိအခြားသောပါတီကြီးများထက် ထင်ရှားစေပြီး

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နိုင်ငံရေးတွင် အမျိုးသား၊ အမျိုးသမီးတန်းတူရှိမှုကို တန်ဖိုးထားသော ပါတီယဉ်ကျေးမှုတစ်ရပ်ဖြစ်အောင် အကျိုးပြုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ရုံး၊ ဌါနတစ်ခုခုသို့ ရွေးကောက်ခံရရေးအတွက် ကြိုးပမ်းလျက်ရှိသော အမျိုးသမီးများ အတွက် ငွေကြေးအထောက်အပံ့မှာ အမြဲတမ်းပြဿနာတစ်ရပ် ဖြစ်သည်။ ၂၀၀၇ခုနှစ် ဒေသ ကောင်စီဝင်များ ရွေးကောက်ပွဲမလုပ်မီ အမျိုးသမီးအင်အားစုအဖွဲ့သည် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်မည့် အမျိုးသမီးတစ်ယောက် စီအတွက် ထောက်ပံ့ပစ္စည်းအထုပ်အပိုးများကို ဖြန့်ဖြူးပေးခဲ့သည်။ ၎င်းတွင် မဲဆွယ်စည်းရုံးရန်အတွက် သင့်တင့်လျောက်ပတ်သောဝတ်စုံတစ်စုံ၊ ဒေသတစ်ခွင်သွားလာရန် စက်ဘီးတစ်စီးနှင့် အခြားသော အရင်းအမြစ်များ ပါဝင်သည်။ ပါတီအနေဖြင့် ၎င်းအရာများကို ငွေကြေးပိုက်ဆံအစား ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အလို့ငှါ ပေးခဲ့သည်။ ရွေးကောက်ခံမည့် အမျိုးသမီးအများစု မှာ သူတို့ကိုယ်ပိုင်အရင်းအမြစ်အနည်းငယ်သာ ရှိကြပြီး ဆင်းရဲကြသည်။ SRP အမျိုးသမီးအင်အားစုသည် SRPမှ ရွေးကောက်ခံမည့်အမျိုးသမီးများအတွက် နောက်ထပ်လိုအပ်သောငွေကြေးကို ကူညီထောက်ပံ့ရန် **ပါတီတွင်းငွေကြေးတစ်ရပ်** ရှိစေမည့် နည်းလမ်းများကိုလည်း လုပ်ဆောင်ခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများ၏ထောက်ပံ့ကူညီမှုဖြင့် SRP အမျိုးသမီးအင်အားစုအဖွဲ့သည် "အမျိုးသမီးများ၏ အသံ - အမျိုးသမီးများ၏ရွေးချယ်မှု" ဟုခေါ်ဆိုသော ဘက်မလိုက်သည့် ရေဒီယိုအစီအစဉ်ကို ကူညီတည် ထောင်ပေးခဲ့ပြီး ၎င်းအနေဖြင့် အဘယ်ကြောင့် အမျိုးသမီးများသည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သင့်ကြောင်း ရာထူးအတွက်အရွေးခံသင့်ကြောင်း၊ ထိုအလုပ်များကိုမည်သို့လုပ်နိုင်ကြောင်း စသည်တို့ကို အလေးပေး ထားသည်။ ထိုရေဒီယိုအစီအစဉ်တွင် အမျိုးသမီးများနေ့စဉ် ကြုံတွေ့နေရသော အခက်အခဲများကို ဖော်ပြထား သည့် ဇာတ်လမ်းတစ်ပုဒ်ပါဝင်ပြီး ၎င်းတို့အား ရွေးကောက်ခံအရာရှိများက မဖြေရှင်းနိုင်ခြင်း သို့မဟုတ် ဖြေရှင်းလိုစိတ်မရှိခြင်းတို့ကိုလည်း ဖော်ပြထားသည်။ ရည်ရွယ်ချက်မှာ အမျိုးသမီးများကိုယ်တိုင်နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရန်အတွက်လိုအပ်ချက်အား သရုပ်ဖော်ပြရန် ဖြစ်သည်။ ရေဒီယိုအစီအစဉ်၏ ဒုတိယအပိုင်းမှာ SRP နှင့်ဆက်စပ်နေသော ထင်ရှားသည့်အမျိုးသမီးများအပါအဝင် ဧည့်သည်များအား လူထုမှဖုန်းဖြင့် ဆက်သွယ်စကားပြောခြင်းကြားခြင်းကို တိုက်ရိုက် ထုတ်လွှတ်သည့် အစီအစဉ်ဖြစ်သည်။ ပါတီသည် ထိုအစီအစဉ်ကို လွန်စွာထိရောက်သောအစီအစဉ်တစ်ရပ် အဖြစ်သုံးသပ်ရှုမြင်ပြီး ၎င်းကိုဆက်လုပ်ရန် အရင်းအမြစ်များကို ထပ်ပြီးရှာဖွေလိုသည့် ဆန္ဒရှိကြောင်းကိုလည်း ဖော်ပြခဲ့သည်။

အမျိုးသမီးအင်အားစုအဖွဲ့သည် လွှတ်တော်မှလူသိများထင်ရှားသော အမျိုးသမီးခေါင်းဆောင်အများအပြားနှင့် SRP ပါတီခေါင်းဆောင်များအကြား **ချိတ်ဆက်ပေးသည့်အရေးကြီးသည့်အခန်းကဏ္ဍ**ကို တာဝန်ယူဆောင်ရွက် ခဲ့သည်။ ရည်ရွယ်ချက်မှာ အလုပ်အကိုင်ရရှိရေး၊ ငွေကြေးဖောင်းပွမှုနှင့် အခြားအခြေခံကျသောစီးပွါးရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာများကဲ့သို့သော အမျိုးသမီးများအတွက်ဦးစားပေးလုပ်ဆောင်ရမည့် ပြဿနာရပ်များနှင့်ပတ်သက် သည့်မူဝါဒများကို ဥပဒေပြုရေးကဏ္ဍ၌ တင်ပြရန် ဖြစ်သည်။ ပါတီပြင်ပရှိ အမျိုးသမီး၏အနေအထားများကို တိုးတက်စေရန် အမျိုးသမီးအင်အားစုအဖွဲ့သည် အလုပ်သမားသမဂ္ဂများနှင့် အမျိုးသမီးများအင်အားအများဆုံး ရှိသော အထည်ချုပ်စက်ရုံမှ အလုပ်သမားများ၏အဖွဲ့ အစည်းများကို ထောက်ပံ့ကူညီပေးသည်။ ၎င်းတို့၏ လုပ်ဆောင်ချက်များတွင် ကမ္ဘောဒီးယားရွှေ့ပြောင်းနေထိုင်သူများအဖွဲ့မှ ခေါင်းဆောင်များပါဝင်လာစေရန် ဆောင်ရွက်ခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

SRP အမျိုးသမီးအင်အားစုအဖွဲ့သည် ပိုမိုကြီးမားသော ခွဲတမ်းပမာဏများရရှိစေရန်နှင့် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့်အမျိုးသမီးများအားရွေးချယ်ခြင်းအတွက် ပါတီတွင်းဆုံးဖြတ်ချက်ချမှတ်သောအဖွဲ့များမှတဆင့် **မဟာဗျူဟာမြောက်သောအစီအစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့သည်။** ပါတီအတွင်းတွင် ခွဲတမ်းပမာဏများနှင့်ပတ်သက်၍ ဆန့်ကျင်မှုများ ခိုင်ခိုင်မာမာရှိနေပြီး နောက်ထပ်ပါတီတွင်းခွဲတမ်းပမာဏကို အစပြုပြောကြားသည်ကိုပင် တားဆီးထားသည်။ အမျိုးသမီးအင်အားစုအဖွဲ့သည် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများနှင့်ပတ်သက်၍ ပါတီတွင်းဝေဖန်မှုများကို ကြိုတင်တွက်ဆထားနိုင်ခဲ့ပြီး ခွဲတမ်းပမာဏများ၏နောက်ကွယ်မှ အကြောင်းအရင်းများကို သိမြင်လာအောင်ပြုလုပ်ခဲ့ခြင်း၊ အားကောင်းသော အမျိုးသမီးခေါင်းဆောင်အင်အားစုတစ်ရပ် ဖန်တီးရန်နှင့် ခွဲတမ်းပမာဏကိုပြည့်မီစေရန်အလို့ငှါ အမျိုးသမီးပါတီဝင်များအားစွမ်းရည်မြှင့်တင်ပေးခြင်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းထားခြင်းတို့ဖြင့် တုံ့ပြန်ခဲ့သည်။

## ရလဒ်များ

၂၀၀၇ခုနှစ် ဒေသတွင်းရွေးကောက်ပွဲများမှ SRP ၏အမျိုးသမီးအင်အားစုအဖွဲ့က အသုံးပြုခဲ့သော သင်တန်းမဟာဗျူဟာများသည် အမျိုးသမီးများအနေဖြင့် အမတ်နေရာများအနိုင်ရရေးအတွက် အရေးပါခဲ့ပြီး ရွေးကောက်ခံရသော SRP ဒေသခံကောင်စီဝင်များ၏ အရေအတွက်သည် ၄၆ မှ ၂၇၃ အထိတဟုန်ထိုးတိုးမြင့်လာခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၆၀၀ ကျော်အထိ ရှိလာခဲ့သည်။ ထိုနည်းတူစွာပင် မီဒီယာစီးကြောင်းအပေါ်တွင် အစိုးရ၏လွှမ်းမိုးမှုများစွာရှိသော်လည်း အမျိုးသမီးအင်အားစုအဖွဲ့၏ ရေဒီယိုအစီအစဉ်သည် အမျိုးသမီးမဲပေးသူများသို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။ ထို့ထက်ကျယ်ပြန့်သည်မှာ SRP အမျိုးသမီးအင်အားစုအဖွဲ့၏လှုပ်ရှားမှုများသည် SRP အမျိုးသမီးပါလီမန်အမတ်များအား ပိုမိုလေးစားမှုရှိလာစေရန်နှင့် ၎င်းတို့၏လွှမ်းမိုးမှုများတိုးလာစေရန် အကျိုးဖြစ်ထွန်းခဲ့သည်။ ပါတီခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများပါဝင်နေမှုအမြင့်ဆုံးဖြစ်စေရန် မူဘောင်သွင်းခြင်း၊ အမျိုးသမီးရာပေါင်းများစွာကို ပြည်သူ့ဌာနများအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်နှင့် ၎င်းနေရာများတွင် တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သောစွမ်းရည်များကို ဖွံ့ဖြိုးအောင် ကူညီပေးခဲ့သည်။

## စိန်ခေါ်မှုများနှင့် ရှေ့ခရီး

SRP သည် နိုင်ငံရေးလောကတွင်ရှိသော ကမ္ဘောဒီးယားအမျိုးသမီးများကို အထောက်အကူဖြစ်စေရန် လှုပ်ရှားမှုအမျိုးမျိုးကို အကောင်အထည်ဖော်ခဲ့ပြီး ၎င်းအနေဖြင့် လူနည်းစုပါတီဖြစ်နေသည့် ကန့်သတ်ထားသောနိုင်ငံရေးပတ်ဝန်းကျင် အနေအထား၌ပင် ထိုသို့လုပ်ဆောင်နိုင်ခဲ့သည်။ SRP အမျိုးသမီးအင်အားစုအဖွဲ့အနေဖြင့် အကန့်အသတ်ဖြင့်သာ လှုပ်ရှားနိုင်သော နိုင်ငံရေးနယ်ပယ်ဆိုလျှင် ၎င်းတို့၏ကြိုးပမ်းဆောင်ရွက်ချက်များအား အပြန်အလှန်အားဖြင့် အကန့်အသတ် ဖြစ်စေသည်။ SRP အတွင်းတွင် အမျိုးသမီးအင်အားစုအဖွဲ့သည် ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းထားများ၌ ယောကျာ်းမိန်းမ အချိုးမညီမျှခြင်း၊ နိုင်ငံရေးအာဏာကို အမျိုးသား၊ အမျိုးသမီးများအကြားတွင် မည်ကဲ့သို့ခွဲဝေသင့်ကြောင်းနှင့်ပတ်သက်၍ အားကောင်းနေပြီးသော ရိုးရာအစဉ်အလာအမြင်များ စသည်တို့ကို ဆန့်ကျင်ကာ ရုန်းကန်ကြိုးပမ်းခဲ့ရသည်။ သို့ရာတွင် SRP အမျိုးသမီးအင်အားစုအဖွဲ့သည် ကမ္ဘောဒီးယားရှိနိုင်ငံရေးပါတီများတွင် အမျိုးသမီးများပါဝင်လုပ်ဆောင်မှုမြင့်တက်လာစေရန်အတွက် အရေးကြီးပြီးအခြေခံကျလှသည့်လုပ်ငန်းများကို ပြီးစီးအောင် လုပ်ဆောင်ခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ရေတိုအချိန်အတွင်း ပါတီအနေဖြင့် မတူကွဲပြားသောထောက်ခံသူများအခြေတစ်ရပ်ကို တည်ဆောက်မိနေစဉ် SRP မှ အမျိုးသမီးများသည်လည်း အဖိုးတန်လှသော နိုင်ငံရေးအတွေ့အကြုံများရရှိလာပြီး ၎င်းတို့၏ကွန်ယက်များကိုလည်း တည်ဆောက်ခဲ့သည်။

အခြားသောပါတီများသည်လည်း အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ အောင်မြင်မှုများများကို နားလည်သဘောပေါက်လာသည်။ ပါလီမန်တွင်အာဏာရပါတီဖြစ်သည့် CPP ပါတီမှ အမျိုးသမီးကိုယ်စားလှယ်များအရေအတွက်သည် SRP ထက် ပိုများသည်။ CPPသည်လည်း အမျိုးသမီးများကို လက်လှမ်းမှီရောက်ရှိရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ပြီး သင်တန်းများနှင့် တစ်နိုင်ငံလုံးအဆင့်၊ စီရင်စုအဆင့်နှင့် ဒေသန္တရအဆင့်များတွင် ပါတီကော်မတီများအတွက် အမျိုးသမီးများအတွက် နေရာများကို ယာထားနိုင်ခြင်း စသည့် အခြားသောအစီအစဉ်များကိုလည်း ပြုလုပ်ခဲ့သည်။ CPP၏ ဒုတိယ ဝန်ကြီးချုပ်သည် အမျိုးသမီးတစ်ဦးဖြစ်ပြီး နိုင်ငံလုံးအတိုင်းအတာအမျိုးသမီးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန်နှင့် ပါတီ၌ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို အားပေးရန် ပါတီတွင်းတာဝန်တစ်ရပ်ကို ပေးအပ်ခံထားရသည်။

## ကနေဒါ



ငွေကြေးထောက်ပံ့ကူညီသည့်ကွန်ယက်များနှင့် ရွေးကောက်ပွဲဝင်မည့်သူများအား ရွေးချယ်ရာတွင် စည်းကမ်းစည်းမျဉ်းများချမှတ်ပေးခြင်းဖြင့် ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးများအား ကူညီပေးခြင်း

| | |
|---|---|
| **အဓိကစကားလုံးများ**<br>ရန်ပုံငွေကွန်ယက်များ<br>အမတ်လောင်းရွေးချယ်သည့် စည်းမျဉ်းများ<br>ပါတီဖွဲ့စည်းပုံများ | |
| **နိုင်ငံရေးပါတီဥပမာ**<br>လစ်ဘရယ်ပါတီ | |
| **တစေ့တစောင်းကြည့်ရှုခြင်း။ ။ ကနေဒါ** | |
| လွှတ်တော်အမည် | ကနေဒါလွှတ်တော် |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် ( အထက်လွှတ်တော်နှင့် အောက်လွှတ်တော်) |
| ရွေးကောက်ပွဲစနစ် | များပြားမှု/ အများစု<br>(အောက်လွှတ်တော်) |
| ဥပဒေပြုရေးမဏ္ဍိုင်ရွေးကောက်ပွဲ | ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ |
| ရွေးကောက်ခံရသည့်အမျိုးသမီး<br>အရေအတွက် (အောက်လွှတ်တော်) | ၂၄၀ တွင် ၆၈ ယောက် (၂၂.၁%) |

## နောက်ခံအကြောင်းအရာ

ကနေဒါနိုင်ငံ၏နိုင်ငံရေးသည် စဉ်းမျဉ်းခံဘုရင်စနစ်အောက်တွင်ရှိပြီး ခိုင်မာသော ဒီမိုရေစီအစဉ်အလာများကို ပိုင်ဆိုင်ထားပြီးဖြစ်သည့် ပါလီမန်အစိုးရမှ ဖယ်ဒရယ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်သည်။ နိုင်ငံ၏ဥပဒေပြုရေး အလေ့အကျင့်များသည် ယူကေနိုင်ငံ၏ ဝတ်စ်မင်စတာပါလီမန်တွင်ပါဝင်သည့် ရေးသားထားသော သဘောတူညီချက်များနှင့် ၎င်းကချမှတ်ပေးလိုက်သည့်ရှေးဖြစ်စဉ်သာဓကများမှ ဆင်းသက်လာသည်။ ၂၀၀၈ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသော အောက်လွှတ်တော်မှ နိုင်ငံရေးပါတီများမှာ ဘလော့ခ်ကွီဘတ်ကွိုင်းစ် (ကွီဘတ်အမျိုးသားပါတီ)၊ ကနေဒါနိုင်ငံကွန်ဆာဗေးတစ်ပါတီ၊ ကနေဒါနိုင်ငံ လစ်ဘရယ်ပါတီ၊ ဒီမိုကရစ်တစ်ပါတီသစ် (NDP၊ လူမှုဒီမိုကရေတစ်ပါတီ) တို့ ဖြစ်ကြသည်။ အခြားသော နိုင်ငံရေးပါတီစနစ်များ နှင့်နှိုင်းယှဉ်လျှင် ဖယ်ဒရယ်ကနေဒီယန်ပါတီများသည် ဆင်တူသောအမည်များရှိ သော်ငြားလည်း သူတို့၏ဒေသန္တရပါတီများနှင့် ဆက်စပ်မှုနည်းသည်။ ထိုစီရင်စုပါတီများတွင် အဖွဲ့ဝင်များ ရှိသော NDP ပါတီမှာ ချွင်းချက်ဖြစ်ပြီး အဖွဲ့အစည်းအရလည်း နိုင်ငံရေးအလွှာမျိုးစုံတွင် ပေါင်းစပ်ပါဝင်နေသည်။

ဤအဖြစ်အပျက်လေ့လာချက်သည် လစ်ဘရယ်ပါတီမှ ပါတီတွင်းနှင့် ရွေးကောက်ပွဲ အခြေအနေများတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် လုပ်ဆောင်ခဲ့သော မဟာဗျူဟာအချို့ကို တင်ပြထားသည်။ ထို့အပြင် NDP မှ လုပ်ဆောင်ခဲ့သော လုပ်ဆောင်ချက်အချို့ကို ကိုးကားထားပြီး (သီးသန့် ကွက်လပ်တစ်ခုတွင် ဖော်ပြထားသည်။) ဤအဖြစ်အပျက်လေ့လာချက်သည် အောက်လွှတ်တော်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို အလေးပေးဖော်ပြထားသည်။ သို့ရာတွင် အထက်လွှတ်တော်နှင့် စီရင်စုအဆင့်၌ အမျိုးသမီးများပူးပေါင်းပါဝင်မှု၏ အရေးပါသော တိုးတက်မှုအချို့ကို ရှိခဲ့သည်။

၂၀၀၈ခုနှစ် ရွေးကောက်ပွဲတွင် အောက်လွှတ်တော်၌ ရွေးကောက်တင်မြှောက်ခံရသောအမျိုးသမီး ကိုယ်စားလှယ်အရေအတွက် ၂၂ ရာခိုင်နှုန်း၊ စီရင်စု၊ ပိုင်နက်အပိုင်းအခြား ဥပဒေပြုရေးမဏ္ဍိုင်များနှင့် စည်ပင်သာယာ ကောင်စီများတွင် ၂၃ ရာခိုင်နှုန်း ရှိခဲ့သည်။ ဤကိန်းဂဏန်းများသည် ကနေဒီယန်အမျိုးသမီးများအတွက် အထူးသဖြင့် ဖယ်ဒရယ်အဆင့်တွင် စံချိန်တင်ခဲ့သော ကိန်းဂဏန်းများဖြစ်သော်လည်း နိုင်ငံရေးလောကရှိ အမျိုးသမီးအချိုးအစားမှာ ၁၇နှစ်တာကာလအတွင်း ၁ ရာခိုင်နှုန်းသာ တိုးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် အောက်လွှတ်တော်တွင် အမျိုးသမီးပါဝင်မှု ၂၁ ရာခိုင်နှုန်း ရှိခဲ့သည်။ ရွေးကောက်ပွဲဝင်ရန်အတွက်လိုအပ်သော ငွေကြေးများရရှိအောင် လုပ်ဆောင်ရခြင်းနှင့် မိသားစုစောင့်ရှောက်ရန်အတွက်လိုအပ်ချက်များကို ဟန်ချက်ညီအောင်ထိန်းညှိရာတွင် တွေ့ကြုံရသောလူမှုစီးပွါးစိန်ခေါ်ချက်များအပြင်၊ အမျိုးသမီးများသည် ကနေဒါနိုင်ငံ၏ ခရိုင်တစ်ခုတွင် မဲအများဆုံးတစ်ယောက်ကို ရွေးကောက်သော ရွေးကောက်ပွဲစနစ်အောက်တွင် ပါတီတွင်းရွေးချယ်မှုနှင့် အထွေထွေ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြသောအခါဝယ် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများနှင့်ရင်ဆိုင်ရသည်။ အကျိုးဆက်အနေဖြင့် နှစ်ပေါင်း ၃၀ ကာလအတွင်း လီဘရယ်ပါတီနှင့် NDP ပါတီသည် ပါတီအသီးသီးနှင့် ရွေးကောက်ခံရာထူးနေရာများသို့ အမျိုးသမီးများရောက်ရှိရန် တမူထူးခြားသော အစီအစဉ်များနှင့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကြသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် အဘယ်ကြောင့်လိုအပ်သနည်း။

ကနေဒီယန်အမျိုးသမီးနိုင်ငံရေးလှုပ်ရှားသူများသည် လူပေါ်လူဇော်ငါးဦးဟု ယခုလူသိများသည့် အမ်မလီမာဖီနှင့် အဲလ်ဘတ်တားအမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများအဖွဲ့မှ အခြားသောထင်ရှားသည့် ခေါင်းဆောင် (၄) ဦးတို့ထံမှ စိတ်အားထက်သန်မှု ရရှိခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ငါးဦးသည် ဗြိတိန်သျှမြောက်အမေရိကစာချုပ် ( BNA Act 1867)၏ သဘောတူညီချက်အရ တရားဝင်အသိအမှတ်ပြုခံရရေး၊ အမျိုးသမီးများသည်လည်း နိုင်ငံရေးနှင့် တရားဥပဒေ အခွင့်အရေးများတွင် အမျိုးသားများနှင့်တန်းတူရရှိရေးအတွက် တိုက်ပွဲကို အောင်မြင်ခဲ့သည်။ ၁၉၁၆ မှ ၁၉၂၉ ခုအတွင်း အမျိုးသမီးများသည် အဲလ်ဘတ်တားပြည်နယ်တွင် အမ်မလီမာဖီကို ပထမဦးဆုံးသော ရဲချုပ်ဖြစ်ခွင့်ပြုရန်နှင့် ဖယ်ဒရယ်အထက်လွှတ်တော်အမတ်ဖြစ်ခွင့်ပြုရန် အဲလ်ဘတ်တားတရားရုံးချုပ်၊ ဖယ်ဒရယ်အထက်လွှတ်တော်၊ ကနေဒါနိုင်ငံ၏တရားရုံးချုပ်နှင့် အင်္ဂလန်နိုင်ငံပရိုင်ဗီကောင်စီ၏တရားစီရင်ရေးကော်မတီ စသည်တို့ကို ရင်ဆိုင်ခဲ့သည်။ ပရိုင်ဗီကောင်စီက "အမျိုးသမီးများအား ပြည်သူ့ဝန်ဆောင်မှုရုံးများမှ ဖယ်ကျဉ်ထားခြင်းသည် ကျွန်ုပ်တို့၏ယနေ့လက်ရှိနေ့များထက် အရိုင်းအစိုင်းခေတ်ပိုကျသည့် ရှေးခေတ်မှအရာဖြစ်သည်။ ထို့အပြင် "လူပုဂ္ဂိုလ်များ"ဆိုသော စကားလုံးတွင် အမျိုးသမီးများအဘယ်ကြောင့် ပါသင့်သနည်းဟု မေးသောသူများအတွက် ထင်ရှားသောအဖြေမှာ "အဘယ်ကြောင့်မပါသင့်သနည်း"ဟု ပြန်မေးခြင်းပင်ဖြစ်သည်။" ဟု ဆုံးဖြတ်ချက် ချခဲ့သည်။

သို့ရာတွင် ၁၉၈၀ခုနှစ်များအလယ်လောက်တွင် လူပေါ်လူဇော်ငါးဦး၏တွန်းအားသည် အခြားနိုင်ငံများတွင်မြင်တွေ့နိုင်သော အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့်ပူးပေါင်းပါဝင်မှုတို့ သိသိသာသာတိုးတက်လာသကဲ့သို့ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်မပေးခဲ့ကြောင်းကို တဖြည်းဖြည်းအသိအမှတ်ပြုလာကြသည်။ ကနေဒီယန်အမျိုးသမီးပါတီနှင့် လူထုလှုံ့ဆော်စည်းရုံးသူများသည် နိုင်ငံရေးပါတီများ၏ခေါင်းဆောင်များကို အမျိုးသမီးအဖွဲ့ဝင်များနှင့် ရွေးကောက်ခံအမျိုးသမီးအရာရှိ အရေအတွက်ကို တိုးမြှင့်စေမည့်လုပ်ဆောင်ချက်များကို ချမှတ်ဆောင်ရွက်ရန် စည်းရုံးခဲ့သည်။ လစ်ဘရယ်ပါတီနှင့် NDP ပါတီမှ ခေါင်းဆောင်များသည် အမျိုးသမီးများအား ရွေးချယ်ခြင်းနှင့် ရွေးကောက်ခြင်းနှင့်ပတ်သက်၍ ညံ့ဖျင်းသောမှတ်တမ်းရှိပြီး ၎င်းတို့၏အဓိကပြိုင်ဖက်လည်းဖြစ်သော ကွန်ဆာဗေးတစ်ပါတီနှင့်ယှဉ်လျှင် ရာစုနှစ်တစ်ဝက်ကြာခဲ့ပြီးဖြစ်သော အမျိုးသမီးလှုပ်ရှားမှုသည် ကျား၊မတန်းတူညီမျှမှုအလေ့အကျင့်များကို လက်ခံနိုင်မှုတိုးစေခဲ့ကြောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သော အခွင့်အလမ်းများတွင်ခန့်အပ်နိုင်ခဲ့ကြောင်း သဘောပေါက်ခဲ့ကြသည်။ ဥပမာ ၂၀၀၇ ရွေးကောက်ပွဲတွင် လစ်ဘရယ်ခေါင်းဆောင် စတဖင်ဒီယွန်၏ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သည့် ဂျရတ်ကနေဒီသည် လစ်ဘရယ်ပါတီ၏ ပါတီတွင်းခွဲတမ်းပမာဏနှင့်ပတ်သက်၍ ယခုကဲ့သို့ သုံးသပ်ခဲ့သည်။ "ပါတီအနေနဲ့ ဒီဟာ (အမျိုးသမီးများကိုစားပြုမှုနိမ့်ကျနေခြင်း)က မမှန်ကန်ဘူး၊ ပြုပြင်ရမယ်လို့ ယေဘုယျအားဖြင့် ဘသောတူတယ်။.....လုပ်သင့်တာကြာလှပြီ။" ပါတီများသည် အမျိုးသမီးများပါဝင်နေခြင်းက ၎င်းတို့အား သတင်းစာတွင် အားသာချက်ဖြစ်စေခဲ့ပြီး အမျိုးသမီးမဲပေးသူများ၏ ထောက်ခံမှုကိုလည်းရရှိစေနိုင်ကြောင်းကို သဘောပေါက်စပြုလာသောကြောင့် အလွှာပေါင်းစုံတွင် ဆုံးဖြတ်ချက်များပြုလုပ်ရာဖြစ်စဉ်၌ အမျိုးသမီးများ၏ဩဇာလွှမ်းမိုးမှု ပိုမိုရှိလာစေမည့် အခြားသောမဟာဗျူဟာများကို လမ်းဖွင့်ရှာဖွေလာကြသည်။

## အသုံးချခဲ့သောမဟာဗျူဟာများ

လစ်ဘရယ်ပါတီအမျိုးသမီးများသည် ပါလီမန်တွင်အမျိုးသမီးဦးရေတိုးလာစေရေးတောင်းဆိုခဲ့သော ၁၉၈၀ ခုနှစ်များမှ လှုံ့ဆော်စည်းရုံးသူများထဲတွင် ပါဝင်ခဲ့သည်။ ပိုမိုကျယ်ပြန့်သည့် အပြောင်းအလဲ အရှိန်အဟုန်ကို အားကောင်းစေလိုသောကြောင့် လစ်ဘရယ်ပါတီအမျိုးသမီးများသည် နိုင်ငံရေးလောကတွင် ခြေချဖို့ကြိုးစားသောအခါ အမျိုးသမီးတော်တော်များများ ရင်ဆိုင်နေရသော ငွေကြေးပြဿနာများကို ကျော်လွှားရန်ရည်ရွယ်ချက်များဖြင့် ကွန်ယက်များနှင့် အဖွဲ့အစည်းများ ဖန်တီးနိုင်ရန် စီစဉ်ခဲ့သည်။ နောက်ပိုင်းတွင် ပါတီမှကျော်ကြားသောအမျိုးသမီးများသည် ပါတီ၏အခြေခံဖွဲ့စည်းမှုတွင် အမျိုးသမီးများနှင့်ဆိုင်သော မူဝါဒဦးစားပေးမှုများကို ထည့်သွင်းပါဝင်စေရန် ပါတီခေါင်းဆောင်မှုပိုင်း၏ ထောက်ခံမှုကို သေချာအောင် လုပ်နိုင်ခဲ့သည်။ ထို့အတူ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအတွက် ပါတီတွင်း ခွဲတမ်းပမာဏတစ်ခုကိုလည်း ချမှတ်နိုင်ခဲ့သည်။

## က. ငွေကြေးထောက်ပံ့သည့်နည်းလမ်း၊ ဂျူဒီလမ်းမား၏ ငွေကြေးအထောက်အပံ့အစီအစဉ်

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အမျိုးသမီးများအတွက် အထောက်အပံ့များကို တိုးတက်အောင်လုပ်ရန် လိုအပ်ကြောင်း နားလည်သဘောပေါက်လာသောကြောင့် လစ်ဘရယ်ပါတီသည် သူတို့၏ ငွေကြေးရရှိရေး အတွက်တရားဝင်ဖွဲ့စည်းမှုများတွင် အမျိုသမီးများအား ပါဝင်လာစေပြီး၊ အမျိုးသမီးများအနေဖြင့် မဲဆွယ်စည်းရုံး ပွဲများအတွက် ငွေကြေးထောက်ပံ့မှု အလုံအလောက်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လစ်ဘရယ်ပါတီမှ အမျိုးသမီးများသည် အလုပ်နှစ်မျိုးလုပ်နိုင်သော ရန်ပုံငွေရရှိရေးကွန်ယက်များကို တည်ဆောက်ခဲ့သည်။ ထိုအလုပ်နှစ်မျိုးမှာ အခြားကဏ္ဍများမှ ဩဇာရှိပြီး၊ ငွေကြေးချမ်းသာသော အမျိုးသမီးများကို ပါတီတွင်းသို့ခေါ်ဆောင်နိုင်ခြင်းနှင့် ပါတီ၌ ပါဝင်ပတ်သက်နေပြီးဖြစ်သည့် အမျိုးသမီးများသည်လည်း ပါတီ၏ စည်းရုံးလှုံ့ဆော်သူများ၊ ပါတီကိုထောက်ခံသူများအနေဖြင့် သူတို့၏အရေးပါသောတန်ဖိုးများကို ထုတ်ဖော်ပြသခွင့် ရခဲ့သည့်

၁၉၈၄ တွင် ရွေးကောက်ခံရာထူးနေရာများတွင် အမျိုးသမီးအရေအတွက် နည်းပါးခြင်းနှင့် သူတို့၏နိုင်ငံရေးဩဇာများမရှိခြင်းကို မကျေနပ်သော လစ်ဘရယ်ပါတီမှအမျိုးသမီးခေါင်းဆောင်များက **ဂျူဒီလားမား၏ရန်ပုံငွေအစီအစဉ်**ကို တည်ထောင်ခဲ့သည်။ ရန်ပုံငွေအစီအစဉ်သည် ဂျူဒီလားမား၏ ၏ခေါင်းဆောင်မှုကို အစွဲပြုခေါ်တွင်ခဲ့သည်။ ၎င်းသည် ဖယ်ဒရယ်အစိုးရအဖွဲ့တွင် ပါတီ၏ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးဖြစ်ပြီး ပြည်သူလူထုက ငွေကြေးထောက်ပံ့ကူညီသော အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးအာမခံစနစ်နှင့် အမျိုးသမီးများ၏အဆင့်အတန်းနှင့်ပတ်သက်၍ တော်ဝင်ကောင်မရှင်ကို ဖန်တီးခဲ့ခြင်းစသည့် အမျိုးသမီးအတွက် မြှင့်တင်ပေးသောဥပဒေပြုရေးတွင် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ သည်။ ဂျူဒီလားမား၏ရန်ပုံငွေအစီအစဉ်ကို တည်ထောင်ခဲ့ကြသူများသည် ငွေကြေးရှာဖွေရေး ပါတီလုပ်ငန်းစဉ် တစ်ရပ်ကို ဖန်တီးရန်ကြိုးပမ်းခဲ့ပြီး အမျိုးသမီးရွေးကောက်ပွဲယှဉ်ပြိုင်သူများကို လွှတ်တော်တွင်အရွေးခံရရေး အတွက် ကူညီရာတွင် သုံးခဲ့သည်။ ရန်ပုံငွေသည် အောင်မြင်မှုရလာသည်နှင့်အမျှ ပါတီတွင်းမှအချို့သည် ပါတီကို တည်ဆောက်ရန်နှင့် အမျိုးသမီးများကို ပိုမိုပါဝင်လာစေခြင်းဖြင့် ပါတီ၏အခြေကို ပိုမိုကြီးထွားလာ စေရန်အတွက် အထောက်အကူပြုကိရိယာတစ်ခုအဖြစ် မြင်လာကြသည်။

ဂျူဒီလားမားရ်ရန်ပုံငွေသည် **အလှူရှင်များမှငွေကြေးကို** ရန်ပုံငွေရှာဖွေသည့်ပွဲများမှတဆင့် အဓိကရှာဖွေခဲ့သည်။ ရန်ပုံငွေအစီအစဉ်ကို ကနေဒါနိုင်ငံ၏ ပါတီငွေကြေးစည်းကမ်းစည်းမျဉ်းများအတွင်းမှ လုပ်ကိုင်ရပြီး မည်သည့်နိုင်ငံရေးပါတီကိုမဆို တစ်နှစ်လျှင် အမြင့်ဆုံးဒေါ်လာ ၁၀၀၀၊ ခရိုင်ရွေးကောက်ပွဲအဖွဲ့များကို ဒေါ်လာ ၁၀၀၀၊ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ၏ ခေါင်းဆောင်မှုပိုင်းအတွက် ယှဉ်ပြိုင်ပွဲတစ်ခုအား ဒေါ်လာ ၁၀၀၀ (နှစ်စဉ် ငွေကြေးဖောင်းပွနှုန်းနှင့် ထိန်းညှိထားသည့် ပမာဏ) စသည်ဖြင့် ငွေကြေးထည့်ဝင်သူများအား ကန့်သတ်ထားသည်။ တစ်ဦးချင်းထည့်ဝင်မှုများအတွက် ပါတီနှင့်တိုက်ရိုက်ပြိုင်ဆိုင်ရသည့် နည်းလမ်းဖြင့် ဂျူဒီလားမားရ်ရန်ပုံငွေအစီအစဉ်ကို ဖွဲ့စည်းထားသည်။ ဤအချက်သည် ၎င်း၏ယေဘုယျရန်ပုံငွေရှာဖွေရေးစွမ်းရည်ကို အကန့်အသတ်များ ဖြစ်စေသည်။ သို့ရာတွင် ပိုမိုများပြားသောအမျိုးသမီးအလှူရှင်များအား ပါတီသို့ ခေါ်ဆောင်နိုင်ခြင်း၊ ပိုများသောအမျိုးသမီးများကို ပါတီကိုထည့်ဝင်သူများ၊ စေတနာ့ဝန်ထမ်းများနှင့် လှုံ့ဆော်စည်းရုံးသူများအဖြစ် စည်းရုံးရာတွင် အတော်အတန် အောင်မြင်ခဲ့သည်။

## ခ။ ပါတီ၏ အခြေခံတည်ဆောက်ပုံများကို လွှမ်းမိုးနိုင်မှု။ ။ ပန်းရောင်စာအုပ်များ

ရန်ပုံငွေရှာဖွေရေး ကြိုးပမ်းလုပ်ဆောင်ချက်များအပြင် လစ်ဘရယ်ပါတီသည် ပါတီအတွင်းအမျိုးသမီးများကို စည်းရုံးနိုင်ရန် အခြားသောမဟာဗျူဟာများကိုလည်း လုပ်ဆောင်ခဲ့သည်။ ဂျူဒီလားမားရ်ရန်ပုံငွေ၏ အောင်မြင်မှုနှင့် ပါတီခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများအား အဓိကကျသော ရာထူးများတွင်နေရာပေးနိုင်ခဲ့သည့် အပေါ်တွင် ထပ်လောင်းတည်ဆောက်သည့်အနေဖြင့် လစ်ဘရယ်များသည် **ပန်းရောင်စာအုပ်ဟုခေါ်သော ပါတီမှတ်တမ်းအသစ်** တစ်ခုကို စတင်မိတ်ဆက်ခဲ့သည်။ ၎င်းပန်းရောင်စာအုပ်သည် ပါတီအတွက် ကျား၊မတန်းတူညီမျှမှုရှိရေး မျှော်မှန်းချက်တစ်ရပ်ကို တင်ပြခဲ့ပြီး အမျိုးသမီးများအတွက် ဦးစားပေးဖြေရှင်းရမည့် ပြဿနာရပ်များအပေါ်တွင် အလေးပေးထားသော ပြည်သူ့ရေးရာမူဝါဒအဆိုပြုချက်များကို ရေးဆွဲခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ထိုပန်းရောင်စာအုပ်သည် ကနေဒါနိုင်ငံရှိ အမျိုးသမီးများ အထူးသဖြင့် အလုပ်လုပ်နေသော အမျိုးသမီးများ၊ မိသားစုကိုစောင့်ရှောက်နေရသူများနှင့် သက်ကြီးရွယ်အိုများ ရင်ဆိုင်နေရသော အရေးတကြီးဖြေရှင်းပေးရန်လိုအပ်နေသည့် လူမှုစီးပွါးရေးပြဿနာများကို ဖြေရှင်းရန် မူဝါဒများကို အကြံပြုတင်ပြထားသည်။ မူဝါဒအဆိုပြုချက်များသည် အမျိုးသမီးများအတွက် အရေးတကြီးဖြေရှင်းပေးရန်လိုအပ်နေသော ပညာရေး၊ အလုပ်အကိုင်ရရှိရေးနှင့်ဆိုင်သည့် စိုးရိမ်ဖွယ်ကိစ္စများကို ထပ်ဟပ်ဖော်ပြထားသည်။ ပန်းရောင်စာအုပ်သည် လစ်ဘရယ်အမျိုးသမီးများ၏ သီးသန့်အစည်းအဝေးမှ စတင်ခဲ့ပြီး ၎င်းအစည်းဝေးသည် ပါတီအနေဖြင့် မဲဆန္ဒရှင်များအား အမျိုးသမီးများနှင့်ပတ်သက်၍ ပြောကြားသည့်အခါ အသုံးပြုနိုင်ပြီး ရည်ညွှန်းပြောဆိုနိုင်သည့် မူဝါဒလမ်းစဉ်တစ်ရပ်ဖြစ်လာစေရန် ကြိုးပမ်းခဲ့သည်။ နောက်လာမည့် အမျိုးသမီးလွှတ်တော်အမတ်လောင်းများသည် ပန်းရောင်စာအုပ်ကို ပထမဦးဆုံးထောက်ခံသူများဖြစ်ပြီး သူတို့၏မဲဆွယ်စည်းရုံးပွဲများတွင် သုံးခဲ့သည်။

ပါတီတွင်း အမျိုးသမီး၊ အမျိုးသားများနှစ်ခုစလုံး၏ အပေါင်းလက္ခဏာဆောင်သော တုန့်ပြန်မှုအပေါ်တွင် ထပ်လောင်းတည်ဆောက်သည့်အဖြစ် ပန်းရောင်စာအုပ်၏ ဒုတိယအပိုင်းကို ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၎င်းတွင် မူဝါဒရေးရာအလေးပေးမှုများ ပိုမိုပါဝင်ပြီး အမျိုးသမီးများအားအကြမ်းဖက်မှု၊ အိမ်ရာစီမံကိန်း၊ အဲဘိုရီဂျီနယ်လ် အမျိုးသမီးများ၊ ပြောင်းရွှေ့နေထိုင်သူအမျိုးသမီးများ၊ အမျိုးသမီးဒုက္ခသည်များနှင့် ကျေးလက်နေအမျိုးသမီးများ၏ကိစ္စရပ်များ စသည်တို့ ပါဝင်သည်။ ၂၀၀၉ခုနှစ်တွင် တတိယအကြိမ်မြောက် တည်းဖြတ်ထားသည့် ပန်းရောင်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ပန်းရောင်စာအုပ်များကို ကနေဒီယန်

အမျိုးသမီးများ၏လိုအပ်ချက်များနှင့် လိုလားချက်များကို ကျယ်ကျယ်ပြန့်ပြန့်ထင်ဟပ်နိုင်မှု ရှိစေရန်အလို့ငှါ အမျိုးသမီးအဖွဲ့အစည်းများနှင့် မူဝါဒရေးရာကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးအကြံပြုချက်များကို ရယူသည့် ပါဝင်နိုင်မှုလုပ်ငန်းစဉ်ရပ်မှတဆင့် လစ်ဘရယ်ပါတီမှ အမျိုးသမီးများက အဓိကရေးသားခဲ့သည်။ ဤနည်းဖြင့် ပန်းရောင်စာအုပ်များသည် လစ်ဘရယ်ပါတီအနေဖြင့် **အမျိုးသမီးအဖွဲ့အစည်းများနှင့်၎င်း၏ဆက်စပ်မှုများကို အားကောင်းအောင်**ပြုလုပ်ခဲ့ပြီး နိုင်ငံသားများ၏လိုအပ်ချက်များအား တုန့်ပြန်ဖြေရှင်းနိုင်မှုကို အားကောင်းစေခဲ့သည်။ လစ်ဘရယ် အမတ်ဟောင်းတစ်ဦးက "ပန်းရောင်စာအုပ်တွေက အမျိုးသမီးအဖွဲ့များနဲ့ သူတို့ရဲ့အဖွဲ့ဝင်တွေကို ချိတ်ဆက်ပေးဖို့အတွက် အရမ်းကောင်းတဲ့ နည်းလမ်းတစ်ရပ်ဖြစ်တယ်" ဟု ဖော်ပြခဲ့သည်။ ထို့အပြင် ပန်းရောင်စာအုပ်၏နောက်ကွယ်မှ အရေးပါမှုနှင့် ဖြစ်စဉ်များက လစ်ဘရယ်ပါတီသည် အမျိုးသမီးများ၏အခြေအင်အားကို တိုးချဲ့စေခြင်းဖြင့် အမျိုးသမီးပြဿနာများကို အလေးထားကြောင်း၊ စွမ်းဆောင်ရည်ရှိပြီး နိုင်ငံရေးအရကျွမ်းကျင်လိမ္မာသောအမျိုးသမီးများကို ပါတီသို့ဝင်ရောက်ရန် ဆွဲဆောင်နိုင်ခဲ့သည်ဟု အချို့သောပြည်သူ့အခြေပြုအဖွဲ့အစည်းများကို ဖော်ပြခဲ့သည်။

## ၈။ ပါတီတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်ဦးရေ ခွဲတမ်းပမာဏ

လစ်ဘရယ်ပါတီသည် ခေါင်းဆောင်မှုကို ဦးတည်ထားသော ပါတီတစ်ရပ်ဖြစ်သောကြောင့် အမျိုးသမီးများ၏ နိုင်ငံရေးပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် ပါတီတွင်းပိုမိုထောက်ခံသဘောတူမှုရရှိအောင် လုပ်ဆောင်ရာတွင် ပါတီခေါင်းဆောင်များဆီမှ ခိုင်မာသောထောက်ခံမှုမရှိဘဲ မဖြစ်နိုင်ဟု အမျိုးသမီးများက နားလည်သဘောပေါက်ခဲ့သည်။ လစ်ဘရယ်အမျိုးသမီးများသည် ဤအဓိကထောက်ခံမှုကို နောက်ဆုံး၂၀၀၇ ခုနှစ်တွင် ရရှိခဲ့ပြီး ပါတီခေါင်းဆောင် မိုင်ကယ်အီဂနတ်တေးဖ် နှင့်သူ့ရှေ့မှခေါင်းဆောင် စတီဖိန်ဒီယွင်တို့က **ပါတီမှ လွှတ်တော်အတွက်ရွေးကောက်ခံမည့်သူများ၏ သုံးပုံးတစ်ပုံသည် အမျိုးသမီးဖြစ်ရမည်**ဟု တောင်းဆိုခဲ့သည်။ သူတို့၏ ပါတီတွင်းခွဲတမ်းပမာဏကို ထောက်ခံမှုနှင့် ပါတီ၌အမျိုးသမီးများပူးပေါင်းပါဝင်မှု၏အရေးပါမှုအား အများသို့ထုတ်ပြန်ကြေငြာချက်များပြုလုပ်ခြင်းသည် ဤလုပ်ဆောင်ချက်အားလူအများလက်ခံနိုင်မှု ပိုမိုရစေခဲ့သည်။ ကနေဒါနိုင်ငံ၏ ခရိုင်တစ်ခုအတွင်း မဲအများဆုံးတစ်ဦးကို ရွေးကောက်သောရွေးကောက်ပွဲစနစ်အရ လစ်ဘရယ်ပါတီအနေဖြင့် ဤခွဲတမ်းပမာဏကို အားကောင်းအောင် ကြိုးပမ်းခဲ့သည်။ ထိုသို့ကြိုးပမ်းရာတွင် လွှတ်တော်မဲဆန္ဒနယ်များအတွက် အမျိုးသမီးအမတ်လောင်းများကို ခေါ်ယူစုဆောင်းရာတွင် "အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်မှု" လုပ်ရန်လိုအပ်နေသည့် ခရိုင်တစ်ခုစီအတွက် ပါတီမူဝါဒတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အကယ်၍ ပါတီခရိုင်အဖွဲ့အများက ဤလိုအပ်ချက်ကို မပြည့်မီခဲ့ပါက ပါတီဗဟိုရုံးသည် ထိုအမတ်လောင်းကို အတည်ပြုမပေးသည့်အပြင် မဲဆန္ဒနယ်ကိုလည်း လက်လွှတ်လိုက်မည် ဖြစ်သည်။ ထို့အပြင် ပါတီဗဟိုရုံးသည် ရွေးကောက်ပွဲတစ်ခုတွင် လွှတ်တော်ဆိုင်ရာခရိုင် ၂၅ နေရာအထိ ရွေးချယ်သတ်မှတ်ထားသူများကို ပြောင်းလဲနိုင်ပြီး ၎င်းကိုယ်တိုင်ရွေးချယ်ထားသော အမတ်လောင်းများကို ထည့်နိုင်သည်။

ဤအရင်းအမြစ်များသည် ခွဲတမ်းပမာဏကို အားကောင်းအောင်ထောက်ပံ့ခဲ့သော်လည်း ပါတီဗဟိုရုံးနှင့် ဒေသအဆင့်ရုံးများသည် "အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်မှု" ဆိုသည့်စကားရပ်၏ ဝေဝါးမှုနှင့် ပတ်သက်၍ အခက်အခဲကြုံခဲ့ရသည်။ လစ်ဘရယ်များသည် အမျိုးသမီးများကို စီမံခန့်ခွဲရန်အတွက် အမျိုးသမီးများ၏ အမတ်လောင်းများရှာဖွေရေးဒါရိုက်တာတစ်ယောက်ကို ခန့်အပ်ခဲ့သည်။ ပါတီသည် ၃၃ ရာခိုင်နှုန်းဆိုသောမှန်းချက်ကို ပြည့်မီရန်အတွက် ဒေသအဆင့်တွင် ခွင့်ပြုချက်မီးစိမ်းပြသည့် ကော်မတီများကို

လည်း ဖန်တီးခဲ့သည်။ ဤကော်မတီများကို ပုဂ္ဂိုလ်ရေးဆိုင်ရာသတင်းအချက်အလက်များကို စုဆောင်းသိမ်းဆည်းရန်နှင့် အမတ်လောင်းဖြစ်နိုင်ခြေရှိသူများအား တွေ့ဆုံးမေးမြန်းရန်၊ ဆန်းစစ်အကဲဖြတ်ရန်နှင့် စစ်ဆေးရန် ဖွဲ့စည်းထားသည်။ ပါတီဝင်များခေါ်ယူစုဆောင်းခြင်းသည် ဒေသအဆင့်တွင်ပြုလုပ်ပြီး ပါတီကော်မတီများအနေဖြင့် အမတ်လောင်းများခေါ်ယူစုဆောင်းရာတွင် မည်မျှအထိ ကြိုးပမ်းအားထုတ်မှုပြုသည် ဆိုသည်မှာ ခရိုင်နှင့် ဒေသအလိုက် ကွဲပြားကြသည်။

## ရလဒ်များ

လစ်ဘရယ်ပါတီအတွင်းတွင် **ငွေကြေးယန္တယားတစ်ရပ်**ကို ကျင့်သုံးမှုသည် ရွေးကော်တင်မြှောက်ခံရသော အမျိုးသမီးအချိုးအစားကို မြင့်တက်စေခဲ့သည်။ ဂျူဒီလားမားရှ်ရန်ပုံငွေအစီအစဉ်ကို တည်ထောင်ခဲ့စဉ်က လစ်ဘရယ်ပါတီမှ လွှတ်တော်သို့ ကိုယ်စားပြုနိုင်ခဲ့သည့် အမျိုးသမီးအချိုးအစားမှာ နည်းပါးလှသည်။ ၁၉၈၀ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသော လစ်ဘရယ်လွှတ်တော်အမတ်များ၏ ၇ ရာခိုင်နှုန်းနှင့် ၁၉၈၄ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ ၁၉၉၃ ခုနှစ်လောက်တွင် ဤကိန်းဂဏန်းသည် ၂၀ ရာခိုင်နှုန်းသို့ ခုန်တက်သွားခဲ့သည်။ ရွေးကောက်တင်မြှောက်ခံရသော လစ်ဘရယ်ပါလီမန်အမတ်များထဲမှ အမျိုးသမီးအချိုးအစားသည် ထိုအချိန်မှစ၍ ၂၀ ရခိုင်နှုန်းအောက်သို့ မကျခဲ့ပေ။ ထို့အပြင် ၂၀၀၈ခုနှစ် တစ်နိုင်ငံလုံးရွေးကောက်ပွဲများတွင် ၂၅ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ ၂၀၀၈ခုနှစ် ရွေးကောက်ပွဲများတွင်ပင် လစ်ဘရယ်များသည် ၎င်းတို့၏ပါတီတွင်း ခွဲတမ်းပမာဏများကို ပြည့်မှီအောင် လုပ်နိုင်ခဲ့သည်။ ဖယ်ဒရယ်အဆင့်အမတ်နေရာ ၃၀၇ နေရာတွင် အမျိုးသမီးများ ၁၁၃ ဦး ဝင်ရောက်အရွေးခံခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၎င်းတို့အမတ်လောင်းစုစုပေါင်း၏ ၃၆.၇ ရာခိုင်နှုန်းရှိခဲ့သည်။ ထို့အပြင် အမျိုးသမီးအမတ်လောင်းများကို ကူညီထောက်ပံ့ပေးမှုနှင့် လစ်ဘရယ် ပါတီအတွင်းတွင် ပြုလုပ်နေသော ရန်ပုံငွေရှာဖွေရေးအစီအစဉ်များနှင့်ပတ်သက်၍ ပြည်သူ့စကားပြောဝိုင်းများသည် ကနေဒါနိုင်ငံ၏နိုင်ငံရေးနယ်ပယ် အတွင်းတွင် ပြည့်နှက်နေသည်။ ယခုအချိန်တွင် မရှိတော့ပြီဖြစ်သော တိုးတက်ရေးကွန်ဆာဗေးတစ်ပါတီသည် အမျိုးသမီးများအတွက် အလာတူးကိုယ်ပိုင်ရန်ပုံငွေရှာဖွေရေး လုပ်ဆောင်ချက်များကို စတင်ဆောင်ရွက်ခဲ့ပြီး ၎င်းအစီအစဉ်ကို အယ်လန်ဖေးယားကလောက်ရန်ပုံငွေအစီအစဉ်ဟု ခေါ်သည်။

ပန်းရောင်စာအုပ်များသည် မူဝါဒနယ်ပယ်တွင်လည်း အလားတူစွာပင် သက်ရောက်မှုရှိခဲ့သည်။ လစ်ဘရယ်ပါတီ၏ အခြေခံဖွဲ့စည်းပုံတွင် အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့သော အဓိကကိစ္စရပ်များသည် အစိတ်အပိုင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပန်းရောင်စာအုပ်များတွင် ကိုယ်စားပြုအရေးဆိုခဲ့သည့် အမျိုးသားကလေးသူငယ်စောင့်ရှောက်ရေးအစီအစဉ်တစ်ရပ်ကို မိတ်ဆက်ရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။

ခြုံ၍ပြောရလျှင် တက်ကြွသော အမျိုးသမီးများ၏ကဏ္ဍ၊ ငွေကြေးရှာဖွေခြင်း၊ အထောက်အကူပြုခေါင်းဆောင်မှုကဏ္ဍ၊ အမျိုးသမီးများနှင့်သက်ဆိုင်သည့် ဦးစားပေးကိစ္စရပ်များပါဝင်သော မူဝါဒမျှော်မှန်းချက်၊ ဤနည်းဗျူဟာများနှင့် ရွေးကောက်ပွဲမဟာဗျူဟာအကြားတွင်ရှိသော ရှင်းလင်းသောဆက်စပ်မှုများ မှတဆင့် အမျိုးသမီးများသည် အမျိုးသမီးအကြီးတန်းအမျိုးသားအဆင့်မူဝါဒရေးရာအကြံပေးတစ်ဦးကို ရွေးချယ်ပေးနိုင်ခြင်း အပါအဝင် လစ်ဘရယ်ပါတီအတွင်းတွင် ဩဇာလွှမ်းမိုးနိုင်သည့်ရာထူးနေရာများကို ရရှိခဲ့သည်။

## စိန်ခေါ်မှုများနှင့်ရှေ့အနာဂတ်

လစ်ဘရယ်ပါတီ၏ဂျူဒီလားမားရှ်ရန်ပုံငွေအစီအစဉ်နှင့် ပါတီအတွင်းတွင် အမျိုးသမီးအမတ်လောင်း ခွဲတမ်းပပမာဏ ၃ ပုံ ၁ ပုံ ရရှိခြင်းတို့သည် ပိုမိုများပြားသောအမျိုးသမီးများကို နိုင်ငံရေးအဖွဲ့အစည်းများသို့ ခေါ်ဆောင်ခဲ့သော်လည်း ဤလုပ်ဆောင်ချက်များ၏ အတိုင်းအတာနှင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှု များသည် လွှတ်တော်အတွက်သာ ဖြစ်သည်။ ဂျူဒီလားမားရှ်ရန်ပုံငွေသည် ရာထူးနေရာတစ်ခုအတွက် ယှဉ်ပြိုင်ရွေးကောက်ခံသူ အမျိုးသမီးအမတ်လောင်းများအတွက် အထောက်အပံ့များကို ရှာဖွေပေးခဲ့သည်။ သို့ရာတွင် ၎င်း၏အားစိုက်မှုကို ပိုမိုတိုးချဲ့လုပ်ဆောင်လျှင် အကန့်အသတ်ရှိသော တစ်ဦးချင်း မဲဆွယ်စည်းရုံးမှုများအတွက်ထည့်ဝင်မှုငွေကြေးများကို ရရှိရန် ပိုမိုပြိုင်ဆိုင်ရလိမ့်မည်။

အလားတူပင် လွှတ်တော်တွင် လူနည်းစုပါတီဖြစ်သည့် နိုင်ငံရေးအမှန်တရားသည် ပန်းရောင်စာအုပ်များမှ မူဝါဒအဆိုပြုချက်များကို လိုက်လံဆောင်ရွက်ရာသောအခါ လစ်ဘရယ်ပါတီ၏လုပ်နိုင်စွမ်းကို ကန့်သတ်မှု ဖြစ်စေသည်။ စာအုပ်များသည် ဥပဒေပြုရေးကိုသက်ရောက်မှုအနည်းငယ်သာရှိပြီး တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးက "ဘာမှမထူးဘူး" ဟူ၍ ဖော်ပြခဲ့သည်။ တချိန်တည်းတွင်ပင် လစ်ဘရယ်ပါတီ၏ ခေါင်းဆောင်မှုပိုင်း သည် အမျိုးသမီးများကို နိုင်ငံရေးလောကသို့ ပိုမိုခေါ်ဆောင်ရန် ထောက်ပံ့ခဲ့သော်လည်း အများစုသည် အမျိုးသားများ ဖြစ်သည်။

အမျိုးသမီးများအား ရွေးကောက်ခံရာထူးဌါနများသို့ ရောက်ရှိအောင် လစ်ဘရယ်ပါတီနှင့် NDP ပါတီက ကူညီ ထောက်ပံ့ရန်ကြိုးပမ်းအားထုတ်သော်လည်း ပါလီမန်ကိုယ်တိုင်သည် အဓိကဂရုစိုက်လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများနှင့်အတူ တစ်ဦးချင်းစီအတွက် စိန်ခေါ်ချက်များရှိနေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ကနေဒါနိုင်ငံသည် မြို့တော် အုတ္တာဝမှ မိုင်ထောင်ချီဝေးသော ခရိုင်များကို ကိုယ်စားပြုသော အမတ်များရှိသည့် နိုင်ငံကြီးတစ်ခု ဖြစ်သည်။ လွှတ်တော်အမတ်များသည် မြို့တော်တွင်ရောက်ရှိနေရန်နှင့် လွှတ်တော်၏ နောက်ကျသောညနေပိုင်း အစည်းအဝေးများ တက်ရန်နှင့် မဲပေးဆုံးဖြတ်ရန် အချိန်ပေးရသောကြောင့် မိသားစုဘဝနှင့် နိုင်ငံရေးဘဝကို ထိန်းညှိရန် အခက်အခဲရှိကြသည်။ အမျိုးသမီးများသည် အဓိက မိသားစုကိုစောင့်ရှောက်ရသူများ ဖြစ်လေ့ရှိသောကြောင့် အမျိုးသမီး လွှတ်တော်အမတ်များက အမျိုးသားများ ထက် ပိုမိုအခက်အခဲ တွေ့ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးခေါင်းဆောင်များက လွှတ်တော်သည် ကျား၊မမျှတမှုကိုပိုမိုအလေးပေးလာစေရန်ပြုပြင်ပြောင်းလဲရေးများကို ၎င်းတို့၏ပါတီများက စတင်သင့်သည်ဟု ပြောခဲ့သည်။ ဥပမာ - လွှတ်တော်အမတ်များအနေဖြင့် သူတို့ကလေးငယ်များနှင့်အတူနေသည့် အချိန်ရှိစေရန် လွှတ်တော်ထိုင်သည့်အချိန်များကို ကျောင်းပြက္ခဒိန်နှင့်အညီ ပြောင်းလဲခြင်း၊ သီးသန့်ကော်မတီအစည်းအဝေး များနှင့် ကြားနာခြင်းများကို အဝေးမှဗွီဒီယိုအစည်းအဝေးနှင့် အစားထိုးလုပ်စေခြင်း၊ လွှတ်တော်အမတ်များက လူကိုယ်တိုင်ရှိစရာမလိုဘဲ မဲပေးနိုင်စေရန် လုံးခြုံသောဆော့ဖ်ဝဲများ ပြုလုပ်ခြင်းစသည်တို့ကို ပြောကြားခဲ့သည်။ လစ်ဘရယ်ပါတီနှင့် NDP ပါတီမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဆန်းသစ်သော မဟာဗျူဟာများက ကနေဒီယန်နိုင်ငံရေးတွင် အမျိုးသမီးများ၏ ညီမျှသောပူးပေါင်းပါဝင်မှုနှင့် သြဇာလွှမ်းမိုးမှုရရှိအောင် လုပ်ဆောင်ရာတွင် ဆက်လက်ကျန်ရှိနေသေးသည့် အတားအဆီးများကို ဖြေရှင်းပေးရန်အတွက် စိတ်ဆန္ဒနှင့် စွမ်းဆောင်ရည်များ ရှိကြောင်းပြသခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

## ကနေဒါနိုင်ငံ၊ ဒီမိုကရက်တစ်ပါတီသစ် (NDP)

## မတူကွဲပြားစုံလင်သောအမတ်လောင်းများစုဆောင်းခြင်းနှင့်

## မဲဆွယ်စည်းရုံးမှုအတွက်ကုန်ကျစရိတ်များကို ထောက်ပံ့ခြင်း။

အမျိုးသမီးများအား ထောက်ပံ့ကူညီရန် လစ်ဘရယ်ပါတီ၏ဆန်းသစ်သောလုပ်ဆောင်ချက်များနှင့်အတူ ကနေဒါနိုင်ငံ၏ NDP ပါတီသည် ၎င်းတို့ပါတီရှိ အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ရန် အရေးကြီးသော မူဝါဒအပြောင်းအလဲများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ခုနှစ်များတွင် NDP အမျိုးသမီးများသည် ပါတီတွင်းမတူကွဲပြားမှုကို ဆန်းစစ်ရန် စီစဉ်ခဲ့သည်။ ရည်ရွယ်ချက်မှာ ပါတီ၏ကျားမ တန်းတူညီမျှမှုရည်ရွယ်ချက်နှင့် အမှန်တကယ်ရှိနေသော အမျိုးသမီးကိုယ်စားပြုမှုတို့ အကြားကွာဟချက်ကို ပြသရန်၊ အမျိုးသမီးများကို အနိုင်ရနိုင်သောနေရာများတွင် နေရာချထားပေးနိုင်မည့် စိတ်ရောကိုယ်ပါနှစ်မြှုပ်ထားသည့် ပါတီမူဝါဒတစ်ရပ်တွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်ကာ လုပ်ဆောင်ရန်တို့ ဖြစ်သည်။ ထို့အပြင် NDP သည် အမျိုးသမီးများ၏ ငွေကြေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းပေးရန် မဲဆွယ်စည်းရုံးခြင်းနှင့်သက်ဆိုင်သော အသုံးစရိတ်များအတွက် အမျိုးသမီးအမတ်လောင်းများကို ထောက်ပံ့ကြေးများပေးခြင်းဖြင့် ကူညီပေးခဲ့သည်။

### အမတ်လောင်းများခေါ်ယူစုဆောင်းရာ၌ မတူကွဲပြားမှုရှိစေရန်ပြုလုပ်ခြင်း။

၂၀၁၅ ခုနှစ် စီရင်စုရွေးကောက်ပွဲအပြီးတွင် ဗြိတိသျှကိုလံဘီယာပြည်နယ်ရှိ ပါတီ၏စီရင်စုခေါင်းဆောင်ပိုင်းက NDP ၏ နိုင်ငံရေးညီတူညီမျှရှိစေရန် အင်တိုက်အားတိုက်လုပ်ဆောင်မှုကို သုံးသပ်ခဲ့ရာ ရွေးကောက်ပွဲရလဒ်များသည် ပါတီမှဖော်ပြထားသော အမျိုးသမီးများ၏ထောက်ပံ့ကူညီမှုနှင့် မညီညွတ်ကြောင်း တွေ့ရှိခဲ့သည်။ ပါတီဝင်ထောင်ပေါင်းများစွာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် NDP သည် ပါတီအစီရင်ခံစာ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

တစ်စောင်ထုတ်ဝေခဲ့သည်။ ထိုအစီရင်ခံစာတွင် ပါတီ၏ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ပိုမိုစုံလင်သော အမတ်လောင်းများသို့ ဖွင့်ပေးရန် လက်တွေ့ကျသောဖြေရှင်းနည်းများဖြင့် ဆောင်ရွက်ရန် အကြံပြုချက်များပါဝင်သည်။ ထိုအကြံပြုချက်များတွင်လည်း ပါတီအနေဖြင့် ပိုမိုများပြားသောအမျိုးသမီးများနှင့် အခြားသော ကိုယ်စားပြုမှုနည်းသည့်အမတ်လောင်းများကို အနိုင်ရနိုင်သည့် မဲဆန္ဒနယ်များတွင် နေရာချထားခြင်းရန် အတွက် ပန်းတိုင်များကို မည်ကဲ့သို့ချမှတ်ပြီး အောင်မြင်အောင်လုပ်ရမည်ကို အသေးစိတ်ရေးထားသည်။ အသားအရောင်ကွာခြားသည့် အမျိုးသမီးများရင်ဆိုင်နေရသော "မိအေးနှစ်ခါနာ" ပြဿနာနှင့် ကိုယ်စားပြုမှု နည်းပါးသော လူမျိုးစုဒေသများမှ အခြားသူများအား အသိအမှတ်ပြုရန်နှင့် ထည့်သွင်းစဉ်းစားရန် လိုအပ်ချက်ကြောင်းကို သီးသန့်မှတ်ချက်များ ရေးထားသည်။

ပါတီမှအမျိုးသမီးလှုံ့ဆော်စည်းရုံးသူများသည် အမျိုးသမီးများနှင့်ပတ်သက်၍ ပါတီ၏ရေးသားထားသည့် အင်တိုက်အားတိုက်လုပ်ဆောင်မှုကို အားယူကာ ၂၀၀၇ခုနှစ် ဗြိတိသျှကိုလံဘီယာ NDP ညီလာခံတွင် တင်ပြင်ဆွေးနွေးနိုင်ခဲ့ပြီး အစီရင်ခံစာအတွက် သဘောတူညီမှုကို ရရှိခဲ့သည်။ ဤအစီရင်ခံစာကို မျှတသောလုပ်ပိုင်ခွင့် ဟုခေါ်ဆိုကြပြီး အဓိကအကြံပြုချက် ၃ ခု ပါဝင်သည်။

- လက်ရှိလစ်လပ်နေသော "အမျိုးအစားတစ်" မဲဆန္ဒနယ်များ၏ ၃၀ ရာခိုင်နှုန်းကို အမျိုးသမီး အမတ်လောင်းများအတွက် ယာထားသတ်မှတ်ပေးရန်။
- လက်ရှိလစ်လပ်နေသော "အမျိုးအစားနှစ်" မဲဆန္ဒနယ်များ၏ ၁၀ ရာခိုင်နှုန်းကို ကျားမဖြစ်ခြင်း ထက်ကျော်လွန်ကာ ကိုယ်စားပြုမှုနည်းသော လူမျိုးစုအုပ်စုများအတွက် ယာထားသတ်မှတ်ပေးရန်။
- လက်ရှိ NDP ကိုယ်စားလှယ်များက ထပ်မံအရွေးမခံသော ခရိုင်များကို အမျိုးသမီးများအတွက် အလိုအလျောက် ယာထားသတ်မှတ်ပေးရန်၊ NDP မှနိုင်ခြေရှိသည်ဟု သက်သေခိုင်မာသော "အမျိုးအစားသုံး" မဲဆန္ဒနယ်များတွင် အမျိုးသမီးများအား နေရာချထားပေးရန်။

## ခရိုအေးရှား



### စွမ်းရည်မြှင့်သင်တန်းများနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူဦးရေခွဲတမ်းပမာဏများအတွက် အမျိုးသွီးအဖွဲ့များ၏ အားပေးကူညီမှု

| | |
|---|---|
| **အဓိကစကားလုံးများ**<br>အမျိုးသမီးများ၏ စည်းရုံးလှုံ့ဆော်မှု<br>အမျိုးသမီး:အင်အားစုအဖွဲ့<br>ပါတီတွင်း ခွဲတမ်းပမာဏ | |
| **နိုင်ငံရေးပါတီ ဥပမာ**<br>လူမှုဒီမိုကရက်တစ်ပါတီ (SDP) | |
| **တစေ့တစောင်းကြည့်ရှုခြင်း။ ။ခရိုအေးရှား** | |
| လွှတ်တော်အမည် | ခရိုအေးရှားပါလွှတ်တော် |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်တစ်ရပ် |
| ရွေးကောက်ပွဲစနစ်အမျိုးအစား | အချိုးကျကိုယ်စားပြုသောရွေးကောက်ပွဲ |
| ဥပဒေပြုရေးနှင့်ဆိုင်သော ရွေးကောက်ပွဲ | ၂၀၀၇ ခုနှစ် နိုဝင်ဘာလ |

| ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးအရေအတွက် | ၁၅၃ နေရာတွင် ၃၂ ဦး (၂၀.၉ %) |
|---|---|

## နောက်ခံသမိုင်း

လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုသောအချိန်အတွင်း ခရိုအေးရှားနိုင်ငံသည် လွပ်လပ်ရေးရရှိခဲ့ပြီး မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေး အတွက် ဝင်ရောက်အရွေးခံမည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာခဲ့ပါသည်။ ခရိုအေးရှားနိုင်ငံလွပ်လပ်ရေးရပြီးခါစ နှစ်များသည် ယိုဂိုဆလားဗီးယားနိုင်ငံ ပြိုကွဲမှုကြောင့် စစ်များ၏ခက်ခဲသောအခြေအနေများနှင့် ကြုံတွေ့ခဲ့ ရသည်။ ၂၀၀၀ ခုနှစ်မှစ၍ ခရိုအေးရှားမှာ ပါတီစုံစနစ်ထွန်းကားလာခဲ့ပြီး ခရိုအေးရှားဒီမိုကရေစီယူနီယံပါတီနှင့် လူမှုဒီမိုကရက်တစ်ပါတီကြီး(SDP)နှစ်ခုကသာ ပါလီမန်၌နေရာအများစုကို စိုးမိုးခြယ်လှယ်ထားကြပါသည်။ ခရိုအေးရှားဥပဒေပြုရေးအဖွဲ့ဝင်များအား ပါတီစရင်းအရ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်သည်။ ခရိုအေးရှားနိုင်ငံ၏နိုင်ငံရေးလောကတွင် အနည်းဆုံးအခြားပါတီငယ်ခြောက်ခု ကိုလည်း တွေ့နိုင်ပြီး ပါတီကြီးနှစ်ခုထဲမှတစ်ပါတီနှင့်ညွန့်ပေါင်းအစိုးရဖွဲ့ ကြပါသည်။

ဤလေ့လာချက်သည် အမျိုးသမီးများနိုင်ငံရေး၌ပါဝင်မှုကို မြှင့်တင်ရန် လူမှုဒီမိုကရက်တစ်ပါတီမှ သုံးခဲ့သော မဟာဗျူဟာအား တင်ပြခြင်း ဖြစ်သည်။ ခရိုအေးရှားနိုင်ငံတွင် ထိုကဲ့သို့ အမျိုးသမီးများအားနိုင်ငံရေး၌ ပါဝင်ရန် မြှင့်တင်ပေးခြင်းကို ၎င်းပါတီတခုတည်းကသာလုပ်ဆောင်ခဲ့ခြင်း မဟုတ်ပေ။ ၎င်းလုပ်ဆောင်ချက်သည် ပါတီတွင်းတွင် အမျိုးသမီးများအား စည်းရုံးခြင်းနှင့် ပါတီတွင်းခွဲတမ်းစနစ်ကို ပြဌန်းကျင့်သုံးခြင်းနှင့်ပတ်သက်၍ အလေးပေးဖော်ပြထားသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ဖိအားပေးမှုနှင့် နိုင်ငံရေးလုပ်ရှားသူများ၏ ကျား၊ မ တန်းတူညီမျှမှုရှိသော ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်လာရန် တွန်းအားပေးမှုကြောင့် ပါလီမန်၌ အမျိုးသမီးများပါဝင်မှု မြင့်တက်လာခဲ့ပါသည်။ ၁၉၉၀ခုနှစ်တွင် ပါလီမန်၌အမျိုးသမီးအရေအတွက် ၄.၆ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၅ ခုနှစ်တွင် ၇.၉ ရာခိုင်နှုန်း၊ ၂၀၀၀ခုနှစ်တွင် ၁၇.၈ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် ပါလီမန်၌အမျိုးသမီးအရေတွက် ရာခိုင်နှုန်းမှာ ၂၃.၅ထိရှိနေပြီးဖြစ်ပါသည်။ ၁၉၉၀ခုနှစ် အလယ်လောက်မှစ၍ လူမှုအဖွဲ့အစည်းများ၊ အထင်ကရအမျိုးသမီးနိုင်ငံရေးသမားများသည် ရွေးကောက်ပွဲအတွက် ပါတီမှရွေးကောက်ပွဲဝင်မည့်သူများစာရင်း တွင် အနည်းဆုံး အမျိုးသမီးပါဝင်မှု ၃၀ ရာခိုင်နှုန်းထားရှိရန် ကိုယ်စားပြုအရေးဆိုကြပါသည်။ နိုင်ငံရေး၌ အမျိုးသမီးများ ခွဲတမ်းပမာဏစနစ်၏ အားသာချက်နှင့် အားနည်းချက်များအား စကားရည်ခြင်းအား အမြဲတမ်း ရှင်သန်နေအောင် လုပ်ထားလေသည်။

ထိုဖိအားပေးမှုကို တစ်စိတ်တဒေသ တုန့်ပြန်သည့်အနေဖြင့် ခရိုအေးရှားဥပဒေပြုရေးနှင့် အစိုးရ၏မူဝါဒများက အမျိုးသမီးများ၏ပူပေါင်းပါဝင်မှုကို မြှင့်တင်ရန် အားထုတ်ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၃ခုနှစ်ပြဌာန်းခဲ့သော ကျား၊မ တန်းတူညီမျှရေးဥပဒေက ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ပြည်သူ့ဝန်ဆောင်မှုအစိုးရဌာနများအပါအဝင် အမျိုးသား၊ အမျိုးသမီးများ အချိုးညီစွာရှိရေးကို မြှင့်တင်ရန် အထူးဖြေရှင်းနည်းများ သုံးကာ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ ကိုယ်စားပြုမှုနည်းပါးသော ကျား/မ လူဦးရေသည် နိုင်ငံရှိစုစုပေါင်းလူဦးရေ၏ ကျား/မ လူဦးရေအချိုးအစားအရ တဖြည်းဖြည်း ကိုယ်စားပြုမှုနိုင်မည်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ဖြစ်သည်။ ထို့အပြင် ၄င်းဥပဒေသည် မှတ်ပုံတင်ပြီးနိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် အမျိုးသား၊အမျိုးသမီးအချိုးညီစေရန် လုပ်ဆောင်ရမည့်အစီအစဉ်များကို ချမှတ်လုပ်ဆောင်ရန် လိုအပ်ပါသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် အဘယ်ကြောင့်လိုအပ်သနည်း။

SDP၏ ဒီမိုကရက်တစ်အမျိုးသမီးများဖိုရမ် (SDWF) ကို ပါတီတွင်းအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ၁၉၉၅ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ SDP မှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများက ပါတီတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအားနည်းခြင်းများကို အဓိကဖြေရှင်းရန် "အမျိုးသမီးအင်အားစုအဖွဲ့" အား ဖန်တီးရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ SDP မှ အမျိုးသမီးတစ်ဦးက ခရိုအေးရှားနိုင်ငံလွပ်လပ်ရေးရခါစအချိန်တွင် အမျိုးသမီးများအခြေအနေမှာ "အိမ်မှာနေ၊ကလေးမွေးရန်သာမျှော်လင့်ထားတာ" ဟု ပြောကြားခဲ့သည်။ SDWFကို တည်ထောင်ခဲ့သော အမျိုးသမီးအများအပြားသည် ဥရောပလူမှုဒီမိုကရေစီပါတီများတွင် အလုပ်လုပ်ဖူးခဲ့သူများဖြစ်၍ ခရိုအေးရှား SDP ကို ကျား၊မ တန်းတူညီမျှရေး နှင့်ပတ်သက်၍ ဥရောပရှိပါတီများအား အတုယူစေခဲ့သည်။

လွန်ခဲ့သော၁၅နှစ်တာကာလအတွင်း SDP ပါတီသည် ခရိုအေးရှားအမျိုးသမီးများအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သည့် အသံတစ်ခုဖြစ်အောင် SDWF မှ ကူညီပေးခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသမီးများသည် ပါတီမူဝါဒရေးရာများနှင့် ဥပဒေပြုအဖွဲ့ အစည်းအသီးသီးတွင် ခေါင်းဆောင်နေရာများကို ယူနိုင်ခဲ့ကြသည်။ ၂၀၁၀ခုနှစ်တွင် SDP ပါတီ၏ အုပ်ချုပ်ရေး ကော်မတီရှိ ၄၀ ရာခိုင်နှုန်းနှင့် ၎င်း၏ဒုဥက္ကဋ္ဌနှစ်ဦးမှ တစ်ဦးမှာ အမျိုးသမီးများဖြစ်ကြပါသည်။ ဤအောင်မြင်မှုသည် ပါတီတွင်းခွဲတမ်းစနစ်ကို စတင်မိတ်ဆက်ခြင်း၊ ပါတီမှအထင်ကရအမျိုးသမီးများ၏ ထောက်ခံမှုရရှိခြင်း၊ အမျိုးသမီးအရေးများနှင့်ပတ်သက်၍ ဦးစားပေးရမည့် ဥပဒေပြုရေး အစီအစဉ်များနှင့် မူဝါဒများအား ပြုလုပ်နိုင်ခဲ့သောကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။

## မဟာဗျူဟာများအား အသုံးပြုခြင်း

### (က)အမျိုးသမီးအင်အားစုအဖွဲ့ ဖွဲ့စည်းခြင်း

၄င်းတို့ပါတီမှ အမျိုးသမီးများအား လက်လှမ်းမီမှုကို မြှင့်တင်ရန် စိတ်အားထက်သန်နေသော SDP မှ တက်ကြွလှုပ်ရှားသူများသည် ပါတီအတွင်းတွင် အမျိုးသမီးအင်အားစုအဖွဲ့ကို အလွှာစုံပေါင်းစုံ၍ တိုင်းအဆင့်ရုံးခွဲများဖြင့် ဖန်တီးနိုင်ရန် မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ပြီးနောက် SDWF သည် အရပ်ဘက်အဖွဲ့အစည်းများ၊ သမဂ္ဂများနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးများ တည်ဆောက်ရန်၊ ပါတီတွင်းခွဲတမ်းစနစ်ကို အကောင်အထည်ဖော်ရန်၊ အမျိုးသမီးပါတီအဖွဲ့ဝင်များအား စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများပေးရန်နှင့် အမျိုးသမီးများအတွက် ဦးစားပေးမူဝါဒချမှတ်ခြင်းနှင့်ပတ်သက်သည့် ဒေသအဆင့် အခင်းအကျင်းများ တည်ဆောက်ရန်တို့ကို လုပ်ဆောင်ခဲ့သည်။

၁၉၉၀ခုနှစ်များတွင် SDP ပါတီသည် ပါတီငယ် တစ်ခုသာ ဖြစ်သည်။ ၁၉၉၂ မှ ၁၉၉၅ခုနှစ်အထိ ပါလီမန်အမတ် ၆ ယောက်ရှိသည့်အနက်၂ဦးမှာ အမျိုးသမီးဖြစ်ပြီး ၁၉၉၅ မှ၂၀၀၀ ခုနှစ်အထိ ပါလီမန်အမတ် ၉ ဦးရှိသည့်အနက် ၃ ဦးမှာ အမျိုးသမီး ဖြစ်သည်။ ပါတီအရွယ်အစားနှင့် အမျိုးသမီးပါတီအဖွဲ့ဝင်များနည်းသောထိုအချိန်တွင်

အမျိုးသွီးနိုင်ငံရေးတက်ကြွလှုပ်ရှားသူများသည် သူတို့၏မေတ္တာရပ်ခံပန်ကြားချက်ကို ပိုမိုများပြားသော အမျိုးသမီးများအထိ ကျယ်ပြန့်အောင်မလုပ်ပါက ၎င်းတို့၏ရည်မှန်းချက်ဖြစ်သော အမျိုးသမီးများအတွက် ပါတီဖိုရပ်တစ်ခုဖန်တီးရန် မဖြစ်နိုင်ကြောင်း ဘောပေါက်ခဲ့ကြသည်။ ထို့သို့လုပ်ဆောင်ရာတွင် SDWF အနေဖြင့် အစိုးရမဟုတ်သောကဏ္ဍနှင့် အလုပ်သမားကဏ္ဍမှ ပါတီဝင်မဟုတ်သည့်အမျိုးသမီးများသည် SDWF ၏လှုပ်ရှားမှုများတွင် ပါဝင်လာနိုင်စေရန် ပြုလုပ်ပေးခြင်းဖြင့် အမျိုးသမီးများအား ဖိုရမ်သို့ မဝင်မီ ပါတီဝင်ဖြစ်ရန် မလိုပါ။ ဤနည်းလမ်းသည် ပါတီ၏ အမျိုးသွီးအင်အားစုအဖွဲ့ကို အမျိုးသမီးအရေးအတွက်များများအတွက် ဖွင့်ပေးရာရောက်ပြီး၊ ပါတီတွင်းသို့ အရပ်ဖက်အမျိုးသမီးခေါင်းဆောင်များကို ခေါ်ယူစုဆောင်းနိုင်ရန် အထောက်အကူ ဖြစ်ခဲ့သည်။ ထို့အပြင် ၎င်းနည်းလမ်းသည် SDWF နှင့် အမျိုးသမီးအရပ်ဘက်အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများအကြားတွင် ဆက်ဆံရေးများ အားကောင်းသော ဆက်ဆံရေးများကို ဖြစ်စေခဲ့သည်။ ထိုခိုင်မာတင့်တင်းသောဆက်ဆံရေးများသည် SDWF နှင့် အဓိကဥပဒေပြုရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါတီ၏ မှီခိုအားထားနိုင်သော မဟာမိတ်ဖြစ်သည့် အရပ်ဘကအဖွဲ့အစည်းကိုလည်း အကျိုးကျေးဇူး ဖြစ်ထွန်းစေခဲ့သည်။

## (ခ)ပါတီတွင်း ခွဲတမ်းစနစ်

SDWF ၏ ကနဦးခြေလှမ်းများမှ တစ်ခုမှာ ပါလီမန်ရွေးကောက်ပွဲနှင့်ပြည်နယ်လွှတ်တော်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်းစာရင်းများ အပါအဝင် ပါတီဖွဲ့စည်းပုံများအားလုံးတွင် "ကိုယ်စားပြုမှုနည်းပါးသော ကျား/မ လူဦးရေ" အတွက် ပါတီတွင်း ခွဲတမ်း ၄၀ ရာခိုင်နှုန်း ထားရှိရန် ပြဌာန်းပေးရေး ဖြစ်သည်။ ကိုယ်စားပြုမှုနည်းသော ကျား/မ လူဦးရေဟု သုံးနှုန်းခြင်းမှာ ခွဲတမ်းစနစ်သည် အမျိုးသားများအပေါ် ခွဲခြားဆက်ဆံသည် (သို့မဟုတ်) အမျိုးသားများ၏ နိုင်ငံရေး၌ပါဝင်ခြင်းအား တစ်စုံတရာထိခိုက်စေသည် စိုးရိမ်ကြောင့်ကြနိုင်သော အမျိုးသား၏ကန့်ကွက်မှုများအား ထိန်းချုပ်ရန် ရည်ရွယ်ပါသည်။ ဤခွဲတမ်းစနစ်ကို SDWF မှ အင်တိုက်အားတိုက် မြှင့်တင်ပေးခဲ့သည်။ အမျိုးသွီးများနိုင်ငံရေး၌ ပါဝင်ပတ်သက်မှုအား ရှေးရိုးဆန်ဆန်တွေးသော သဘောထားများအား တိုက်ဖျက်ရန် ဖြစ်ပါသည်။ ၎င်းအပြင် SDP ပါတီသည် အခြားသော ခရိုအေးရှားပါတီများနှင့်မတူဘဲ တမူထူးခြားမှုကိုပြခြင်းသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ SDP ပါတီမှ အမျိုးသွီးများသည် ကျား၊မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ ဥရောပလူမှုဒီမိုကရက်တစ်ပါတီများတွင် အခြေခိုင်နေပြီဖြစ်သော အကောင်းဆုံးသော လုပ်နည်းလုပ်ဟန်များအား သိမြင်လာစေရန် လုပ်ဆောင်ခဲ့သည်။ အခါအားလျော်စွာ SDWF သည် နိုင်ငံရေးခေါင်းဆောင်ပိုင်းကို ခွဲတမ်းစနစ်အဘယ်ကြောင့်လိုအပ်ကြောင်းနှင့်ပတ်သက်၍ ယုံကြည်အောင် ပြောဆိုရာတွင် ဥရောပရှိနိုင်ငံရေးပါတီများအား ဥပမာပြု၍ ပြောလေ့ပြောထရှိပါသည်။ နောက်ဆုံး ၁၉၉၆ခုနှစ်တွင် SDP ၏ မိမိစိတ်ဆန္ဒအလျောက်ခွဲတမ်းပေးခြင်းသည် ပြင်းပြင်းထန်ထန်ကန့်ကွက်ခြင်း မရှိဘဲ ပါတီညီလာခံ၌ တညီတညွတ်တည်းအတည်ပြုပြဌာန်း နိုင်ခဲ့ပါသည်။

SDWF သည် ခွဲတမ်းမူဝါဒအား **အမျိုးသွီးများအဖွဲ့ဝင်များအတွက် ကျယ်ကျယ်ပြန့်ပြန့်သင်တန်းများ** ပေးပြီး ပြန့်နှံ့အောင်ပြုလုပ်ခဲ့သည်။ ထိုသင်တန်းကာလများအတွင်း SDWF သည် ဥရောပနိုင်ငံရေးပါတီများ၊ ဖောင်ဒေးရှင်းများနှင့် ဆက်ဆံရေးပြေပြစ်မှုကိုအခွင့်ကောင်းယူကာ သင်တန်းများပေးရန် သူတို့၏သင်တန်းအတွက် အကူအညီများပေးရန် တောင်းခံခဲ့ပါသည်။ ၎င်းသင်တန်းများသည် ရွေးကောက်ပွဲဝင်မည့် အမျိုးသွီးအမတ်လောင်းများ၊ ရုံး၌ါနတစ်ခုခုတွင် လုပ်ကိုင်နေပြီးသားအမျိုးသမီးများအတွက် အသုံးဝင်သော ကျွမ်းကျင်မှုများ ရရှိစေရန်အတွက် အမျိုးသမီးများအား ထိရောက်စွာ ကူညီထောက်ပံ့နိုင်ခဲ့သည်။ အမျိုးသွီးများ လက်တွေ့

အတွေ့အကြုံနည်းသော နိုင်ငံရေးဟောပြောချက်များနှင့်ပတ်သက်၍ အထူးအလေးပေးခဲ့သည်။ ၎င်းအပြင် ထိုအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများသည် အမျိုးသမီးနိုင်ငံရေးသမားများအကြား အချိတ်အဆက် မိစေခဲ့ပါသည်။ ဤကဲ့သို့အချိတ်အဆက်ကွန်ယက်ရှိခြင်းသည် ခွဲတမ်းတွင် အတွေ့အကြုံရှိသော အမျိုးသမီးများဖြင့် ဖြည့်ဆည်းနိုင်ခဲ့သည်။

၂၀၁၇ခုနှစ် တစ်နိုင်ငံလုံးရွေးကောက်ပွဲအကြိုတွင် SDP ပါတီသည် ခရိုအေးရှားအမျိုးသမီးများအတွက် ဦးစားပေးဖြေရှင်းရမည့် ပြဿနာများနှင့်ပတ်သက်၍ **မူဝါဒရေးရာရာထူးများ** ကို ယူခဲ့သည်။ ထိုပြဿနာများတွင် အိမ်တွင်းအကြမ်းဖက်မှု၊ ညီတူညီမျှလစာရရှိရေး၊ ကလေးများစောင့်ရှောက်ရေးနှင့် မျိုးပွားမှုနှင့်ဆိုင်သော အခွင့်အရေးများ ပါဝင်သည်။ ၂၀၁၉ခုနှစ် မေလတွင် SDWF သည် ပြည်နယ်ရွေးကောက်ပွဲများ၌ ကျား၊မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ မူဝါဒလမ်းစဉ်စာတစ်စောင်ဖြစ်လာစေရန်အတွက် ထောက်ခံအားပေးခဲ့သည်။ ၎င်းစာကို နိုင်ငံအနှံ့ဖြန့်ဝေခဲ့ပြီး SDP ပါတီ၏ ဒေသအဆင့် ရွေးကောက်ခံအမတ်များသည်လည်း ထိုစာပါအချက်လက်များအား ကျယ်ကျယ်ပြန့်ပြန့် ကိုးကားသုံးစွဲခဲ့ပါသည်။ ဤမူဝါဒလမ်းစဉ်များအား စည်ပင်သာယာရေး၊ မြို့များနှင့် ပြည်နယ်အဆင့်ရှိ SDP၏ ကြီးမားကျယ်ပြန့်လှသော အမျိုးသမီးအင်အားစု အဖွဲ့များကွန်ယက်မှ ကူညီခဲ့သည်။ ဤကွန်ယက်၏ မူလပထမအစမှာ ပြည်နယ်များနှင့် SDP ရုံးခန်းခွဲများ တည်ရှိသောနေရာများ၌ အမျိုးသမီးအင်အားစုများကို ဖန်တီးရေးဆိုသည့် ပါတီ၏မဟာဗျူဟာတစ်ရပ်မှ စတင်ခဲ့သည်။ တစ်ချိန်တွင် SDP တွင် အမျိုးသမီးများ၏ ရုံးခွဲ ၂၀၀ အထိ ရှိလာပါသည်။

## ဖြစ်ထွန်းမှုရလာဒ်များ

မကြာသေးမီနှစ်များက ပါလီမန်၌ SDP ၏ အမတ်များ အချိုးအစားသည် များလာသည်ကို တွေ့ရလိမ့်မည်။ ပါလီမီန်တွင်းအစည်းဝေးများတွင်လည်း အမျိုးသမီးအရေးအတွက် များပြားလာသည်ကို တွေ့မြင်လာရပါသည်။ ပါတီတွင်းခွဲတမ်းစနစ်သည် ပါလီမန်၌အမျိုးသမီး အရေးအတွက်များခြင်း၏ အကြောင်းအရင်းဖြစ်ပါသည်။ ၂၀၁၇ခုနှစ် ရွေးကောက်ပွဲများအပြီးတွင် SDP ၏ ပါလီမန်၌ရှိသော အမတ်ရာခိုင်နှုန်း၏ ၃၂ % မှာ အမျိုးသမီးများ ဖြစ်ပါသည်။ အမျိုးသမီးအများစုသည် ပါလီမန်အတွင်းတွင် အရေးကြီးသောရာထူးများဖြစ်သော ပါလီမန်တွင်း SDP အဖွဲ့၏ ဒုဥက္ကဌရာထူး၊ ၎င်းအပြင် စိုက်ပျိုးရေး၊ မိသားစုနှင့်လူငယ်၊ လူမှုဖူလုံရေးနှင့် ကျား၊ မတန်းတူညီမျှ ရေးအစရှိသည့် ဩဇာညောင်းသောကော်မတီများတွင် အမျိုးသမီးအမျိုးသမီးဥက္ကဌများ၊ ဒုဥက္ကဌများလည်း များစွာရှိပါသည်။ အပြန်အလှန်အားဖြင့် SDP ပါတီ၏ အမျိုးသမီး ပါလီမန်အမတ်များသည် ကျား၊မတန်းတူ ညီမျှရေးဥပဒေ၊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားခြင်းဥပဒေနှင့် အမျိုးသမီးများအားအိမ်တွင်းအကြမ်းဖက်မှု မှကာကွယ်ရေးဥပဒေ များအားပြဌာန်းရာ၌ အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ကြပါသည်။

SDP ပါတီမှတက်ကြွလှုပ်ရှားသူများပြောစကားများအရ အမျိုးသမီးများသည် ပါတီ၏ဆုံးဖြတ်ချက်ချသောအပိုင်း၌ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြပါသည်။ SDPပါတီ အဓိကဘုတ်အဖွဲ့၌ လုပ်ကိုင်နေသော အမျိုးသမီးများ သည် အမတ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့်လူစာရင်းအား အတည်ပြုခြင်း၊ ပါတီတွင်းခွဲတမ်းစနစ်နှင့် ညီညွတ်မှုရှိမရှိ စသည်တို့ကို စစ်ဆေးရပါသည်။ ပြည်နယ်အဆင့်အစိုးရအဖွဲ့သို့ ရွေးကောက်တင်မြှောက်ခံရ သော SDP အမတ်ဦးရေများ၏ ၂၉ ရာခိုင်နှုန်းမှာ အမျိုးသမီးအမတ်များ ဖြစ်ပါသည်။ ၎င်းတို့သည် ၂၀၁၉ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကျား၊မ တန်းတူညီမျှရေး မူဝါဒရေးရာစာတမ်းအပေါ်အခြေတည်လျှက် အဓိပ္ပါယ်ရှိသော လူမှုဖူလုံရေးမူဝါဒများကို ထိုးဖောက်နိုင်ရန် ဆောင်ရွက်ခဲ့သည်။ ဥပမာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ကျွမ်းကျင်ပညာရှင်များငှါးရမ်းခြင်း၊ ခရီးအေးရားမှုလတန်းကျောင်းများ၌ မိန့်ခွန်းပြောကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များအားအချိန်ပြည့်ဝန်ထမ်းအဖြစ်ခန့်အပ်ထားရှိခြင်း စသည်တို့ ဖြစ်သည်။

## စိန်ခေါ်မှုများနှင့် ရှေ့ခရီး

SDP ခွဲတမ်းစနစ်ကို အမျိုးသမီးများသည် ဆင်းရဲမွဲတေမှုစာရင်းတွင် ပါဝင်သည့် ပြဿနာကို ဖြေရှင်းပေးခြင်းဖြင့် အားကောင်းလာနိုင်စေပါသည်။ ပါတီခေါင်းဆောင်မှုပိုင်းသည် ရွေးကောက်ပွဲဝင်နောက်ဆုံးလူစာရင်းအား ဆက်လက်ဆုံးဖြတ်ပိုင်ခွင့် အခွင့်အာဏာ ရှိနေခဲ့ပါသည်။ သို့သော်လည်း SDWF သည် ရွေးကောက်ပွဲဝင်အမတ်လောင်းများအား ရွေးချယ်ရာတွင် အောက်မှအပေါ်သို့ပုံစံဖြင့် ပြုလုပ်ရန် တောင်းဆိုခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အမတ်လောင်းများရွေးချယ်သည့် ဖြစ်စဉ်တွင် သာမန်ပါတီဝင်များလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။

SDP ၌ အမျိုးသ္မီးများ၏ နိုင်ငံရေး၌ပိုမိုပါဝင်ရေး၊ အမျိုးသ္မီးများသြဇာလွှမ်းမိုးမှုပိုမိုရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေကြသော အမျိုးသ္မီးတက်ကြွလှုပ်ရှားသူများဘုတ်အဖွဲ့ ရှိသည်။ ပါတီသည် ၄င်းပါတီ၏မဲပေးသူများအကြားတွင် အမျိုးသ္မီးများကိုယ်စားလှယ်များအများဆုံးရှိသော၊ အမျိုးသ္မီးများနှင့်သက်ဆိုင်သောအရေးကြီးပြဿနာများကို ကိုယ်စားပြုသော ပါတီတစ်ရပ်အဖြစ် ဂုဏ်သတင်းတက်စေသော အချက်ဖြစ်သည်ဟု ရှုမြင်ထားသည်။ SDWF မှ လုပ်ဆောင်ခဲ့သောဥပဒေပြုအလုပ်နှင့်အစီအစဉ်များသည်လည်း ဤအမြင်အား ထပ်လောင်းအားဖြည့် ပေးခဲ့သည်။ ရှေ့ဆက်၍ SDP ပါတီနှင့် SDWF တို့၏ စိန်ခေါ်မှုမှာ ၄င်းတို့၏ညွှန့်ပေါင်းအဖွဲ့ဝင်များနှင့် အမျိုးသ္မီးများ၏ ပူးပေါင်းပါဝင်မှုအား နှောင့်နှေးစေသော နိုင်ငံရေး၊ လူမှုရေး နှင့်စီပွားရေးအကြောင်းအရာများကို ဖြေရှင်းရန်အားထုတ်မှုများကို ထပ်လောင်းတည်ဆောက်ရန် ဖြစ်သည်။ သို့မှသာ ၄င်းတို့ပါတီလုပ်ဆောင်နေသော ကျားမ တန်းတူညီမျှမှုကို ရရှိလာမည် ဖြစ်ပါသည်။

## အဲလ်ဆဲလ်ဗားဒါးရ်:

## လွှပ်လပ်ရေးခေတ်လွန်နိုင်ငံရေး၌ အမျိုးသ္မီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်သည့် မဟာဗျူဟာများ

| |
|---|
| အလ်ဆဲလ်ဗားဒါးရ် နိုင်ငံတွင် အမျိုးသ္မီးနိုင်ငံရေးခေါင်းဆောင်များသည် အမျိုးသ္မီးများမိမိကိုယ်ကို သီးသန့်နေခြင်းထက် ပါတီလိုင်းများမှတဆင့် အလုပ်လုပ်လျှင် အမျိုးသ္မီးများ နိုင်ငံရေးနယ်ပယ်၌ အမျိုးသ္မီးများကြုံတွေ့နေရသော အခက်အခဲများအားဖြေရှင်းနိုင်မည်ဖြစ်ကြောင်း နားလည်သဘောပေါက်ခဲ့ကြသည်။ |
| အဓိကစကားလုံးများ<br>ပါတီတွင်း အဖွဲ့အစည်းများ<br>မိမိသဘောအလျောက်ခွဲတမ်းစနစ်ထားခြင်း<br>အမျိုးသမီးအစည်းအဝေးများ |
| နိုင်ငံရေးပါတီဥပမာ<br>ဖာရာဗင်ဒိုမာတီ အမျိုးသားလွတ်မြောက်ရေး အဖွဲ့ |
| အခြားသောဥပမာ<br>ဆဲလ်ဗားဒါးရန် အမျိုးသမီး ပါလီမန်အမတ်များနှင့် ပါလီမန်အမတ်ဟောင်းများ အဖွဲ့ (အဲစပါလစ်ဆဲလ်) |
| တစေ့တစောင့်ကြည့်ရှုခြင်း |

| | |
|---|---|
| လွှတ်တော်အမည် | ဥပဒေပြုလွှတ်တော် |
| ပါလီမန်ဖွဲ့စည်းပုံ | လွှတ်တော်တစ်ရပ် |
| ဥပဒေပြုရေး ရွေးကောက်ပွဲ | ၂၀၀၉ ခုနှစ် ဇန္နဝါရီလ |
| ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးအရေအတွက် | ၈၄ နေရာတွင် ၁၆ ဦး (၁၉.၁%) |

### နောက်ခံသမိုင်းကြောင်း

၁၉၇၉-၁၉၉၂ ပြည်တွင်းစစ်ပြီးဆုံးသည့်အချိန်မှစ၍ အဲလ်ဆဲလ်ဗားဒါးရ် နိုင်ငံသည် မကြာသေးခင်က ရွေးကောက်ပွဲများသည် ဖြစ်နိုင်ခြေရှိသောအကြမ်းဖက်မှုများကြားတွင် ပြုလုပ်ခဲ့ရသော်လည်း ဒီမိုကရေစီအနယ်ကျစေရန်အတွက် သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သည်။ ၂၀၀၉ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သော ဥပဒေပြုရွေးကောက်ပွဲ၌ ဖာရာဗင်ဒိုမာတီ အမျိုးသားလွတ်မြောက်ရေး အဖွဲ့ (FMLN) သည် မဲအားလုံး၏ ရာခိုင်နှုန်းအများဆုံးဖြစ်သော ၄၃ % နှင့် ပထမ၊ ရီပါပလီကန်အမျိုးသားမဟာမိတ်အဖွဲ့ (ARENA) က ကပ်ကာ ဒုတိယ ဖြစ်သွားခဲ့သည်။ တခြားသောပါတီငယ် ၃ ခုဖြစ်ကြသော ခရစ်ယန်ဒီမိုကရက်ပါတီ၊ အမျိုးသားရင်ကြားစေ့ရေးပါတီနှင့် ဒီမိုကရက်တေးပြောင်းလဲမှုပါတီတို့သည်လည်း အမျိုးသားဥပဒေပြု လွှတ်တော်၌ အမတ်နေရာများရွေးချယ်ခံခဲ့ရပါသည်။ ARENA ပါတီဝင် အများစု ပါဝင်သော အစိုးရမှ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နှစ်ပေါင်း ၂၀ တိုင် အုပ်ချုပ်ခဲ့ပြီးနောက် ၂၀၀၉ခုနှစ် သမ္မတရွေးကောက်ပွဲ၌ FMLN ပါတီသည် ပါတီစတင်တည် ထောင်ကတည်းက ပထမဆုံးအကြိမ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဒီလေ့လာချက်သည် FMLN မှ ပါတီ၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် ရွေးကောက်ပွဲအခြေအနေများတွင် အမျိုးသမီး များ၏ ပူးပေါင်းပါဝင်မှုကိုမြှင့်တင်ရန် ဆောင်ရွက်ခဲ့သော နည်းလမ်းအချို့ကို တင်ပြထားသည်။ ၄င်းသည် ဆဲ(လ်)ဗာဒါရန်အမျိုးသမီးပါလီမန်အမတ်များအဖွဲ့နှင့် ပါလီမန်အမတ်ဟောင်းများအဖွဲ့ (အဲဆပါလာ်ဆဲလ်) က ဆောင်ရွက်ခဲ့သော အလုပ်အချို့ကိုလည်း ဖော်ပြထားသည်။ ထို ပါလီမန်အမတ်ဟောင်းများအဖွဲ့သည် အမျိုးသမီးများ၏နိုင်ငံရေးအသံများအား ပါလီမန်အတွင်း၊ အပြင်အထိ ပိုမိုအားကောင်းစေရန် ရည်ရွယ်ချက်ရှိ သော ဘက်မလိုက်သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။

အဲလ်ဆဲလ်ဗားဒါးရဲ နိုင်ငံတွင် အမျိုးသမီးများ၏ နိုင်ငံရေး၌ ကိုယ်စားပြုနိုင်ခြင်း၊ ပါဝင်ပတ်သက်ခြင်းမှတ်တမ်းများ သည် ရောထွေးနေကြလေသည်။ ပါလီမန်တွင်အမျိုးသမီးဦးရေမှာ ၁၉ရာခိုင်နှုန်း ရှိပြီး တစ်ကမ္ဘာလုံး အတိုင်းအတာ နှင့်သော်လည်းကောင်း၊ ဒေသတွင်း၌သော်လည်းကောင်း နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးကိုယ်စားပြုမှု အလယ် အလတ်ရှိသောနိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခံထားရသော နိုင်ငံဖြစ်ပါသည်။ သို့ရာတွင် အစိုးရအဖွဲ့သည် အမျိုးသားများကြီးစိုးသော နေရာတစ်ခု ဖြစ်နေသေးပြီး ဝန်ကြီး၁၅ ယောက်အနက် ၁၃ယောက်မှာ အမျိုးသား များ ဖြစ်ပါသည်။ ထို့အပြင် ဒေသန္တရအဆင်တွင် တစ်နိုင်ငံလုံးရှိမြို့ဝန်များမှ ၁၁ရာခိုင်နှုန်းသာ အမျိုးသမီးများ ဖြစ်သည်။

## အဘယ်ကြောင့်အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် လိုအပ်သနည်း။

FMLN ၌ အမျိုးသမီးများသြဇာကြီးမားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပြည်တွင်းစစ်အတွင်း ပြောက်ကျား စစ်ဆင်နွှဲခဲ့သော သမိုင်းမှစတင်ခဲ့ပြီး ၄င်းအချိန်အခါက နိုင်ငံရေးအတွေးအခေါ်တွင် ကျား၊ မ တန်းတူညီမျှရေး သည် ပါတီ၏ "အရေးကြီးသောရည်ရွယ်ချက်" တစ်ခုအနေနှင့် ပါဝင်ပါသည်။ FMLN အမျိုးသမီးပါတီ၏ အမျိုးသမီး တက်ကြွလှုပ်ရှားသူတစ်ဦးက "စစ်အတွင်းကဆိုရင် အမျိုးသမီးတွေဟာ အကြီးအကဲဖြစ်မဲ့ အခွင့်အရေးတွေ ရှိကြတယ်။ ကျွန်မတို့မှာ ပြည်သူတွေ အသိအမှတ်ပြုထားတဲ့ လုပ်ပိုင်ခွင့်အာဏာတွေရှိပါတယ်။ ရိုးရိုးသာမန် ပြည်သူ၊ တိုက်ပွဲဝင်စစ်သည်၊ သူနာပြုဆရာမတွေဘဲ မဟုတ်ကြပါဘူး။" ပြည်တွင်းစစ်တလျှောက်တွင် အမျိုးသမီးများသည် ခေါင်းဆောင်မှုပိုင်းရာထူးနေရာများ၌ ရှိနေခဲ့ကြပါသည်။ ငြိမ်းချမ်းရေးအတွက် အစိုးရနှင့် စေ့စပ်ညှိနှိုင်းနေစဉ် အတောအတွင်းမှာပင် FMLN ကိုယ်စားလှယ်အဖွဲ့မှာ အမျိုးသမီးကိုယ်စားပြုမှု ၃၅% ရှိခဲ့သည်။ စစ်ပွဲပြီးဆုံးသွား၍ FMLN ကို နိုင်ငံရေးပါတီသို့ပြောင်းသောအခါ အမျိုးသမီးများ၏ ယေဘူယျ အခန်းကဏ္ဍ၊ အချို့သောအမျိုးသမီးများ၏ သီးသန့်ဖြစ်သောအခန်းကဏ္ဍများသည် ၄င်းတို့၏ ပါတီကြီးမား ကျယ်ပြန့်လာသည်နှင့်အမျှ အခြားအမျိုးသမီးများ ၏ပူးပေါင်းပါဝင်ရန်မှုအတွက် နမူနာယူစရာ စံတစ်ခုဖြစ်သည်။ FMLNပါတီ၏ ခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးများကို ကိုယ်စားပြုမှုရှိနေမည်ဟု အာမခံချက်မဟုတ် သော်လည်း အမျိုးသမီးများအနေဖြင့် ပါတီတွင်း၌ သူတို့၏အခွင့်အရေးများအားကို အရေးဆိုနိုင်ရန် လမ်းစပွင့်စေ ခဲ့ပါသည်။ တချိန်တည်းတွင် အမျိုးသား နိုင်ငံရေးသမားများ၏ နိုင်ငံရေးစိတ်ဆန္ဒရှိခြင်းနှင့် ပါတီ၏ မတူကွဲပြား သော တွေးအမြင်များအား လက်ခံကျင့်သုံးခြင်းတို့သည်လည်း ငြိမ်းချမ်းရေးသို့ အကူးအပြောင်းကာလ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နောက်ပိုင်းတွင် အမျိုးသမီးများအနေဖြင့် ခေါင်းဆောင်မှုအဆင့်တစ်ခုကို ဆက်လက်ထိန်းထားရန် ခွင့်ပြုပေးခဲ့သည်။

အလ်ဆဲလ်ဗားဒါး၏ နိုင်ငံတွင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များသည် အမျိုးသမီးများမိမိကိုယ်ကို သီးသန့်နေခြင်းထက် ပါတီလိုင်းများမှတဆင့် အလုပ်လုပ်လျှင် အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများ ကြုံတွေ့နေရသော အခက်အခဲများအားဖြေရှင်းနိုင်မည်ဖြစ်ကြောင်း နားလည်သဘော ပေါက်ခဲ့ကြသည်။ အမျိုးသမီးများသည် ဥပဒေပြုလွှတ်တော်၌ အရေးပါလောက်အောင်အမြောက်အမြား မရှိသောကြောင့် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များသည် အမျိုးသမီးပါလီမန်အမတ်များနှင့်အမတ်ဟောင်းများ၏ ဘက်မလိုက်သောအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့သည် ပါတီပေါင်းစုံမှအမျိုးသမီးခေါင်းဆောင်များနှင့် ဥပဒေပြုအသိုင်းအဝိုင်းမှအမျိုးသမီးများအား စုစည်းနိုင်ခဲ့သည်။

## မဟာဗျူဟာများအားအသုံးပြုခြင်း

FMLN သည် အမျိုးသမီးများ တင်သွင်းသောအဆုပြုချက်အားအခြေတည်လျက် အမျိုးသမီးများ နိုင်ငံရေး၌ ပူးပေါင်းပါဝင်ခွင့်ရရန်အတွက် မူဘောင်တစ်ရပ်ကို ဒေသဆိုင်ရာအစိုးရအဖွဲ့ကထုတ်ပြန်သော ဥပဒေစည်း မျဉ်းများတွင် ကျား၊မတန်းတူညီမျှရေးနှင့်ပတ်သက်၍ ဖြေရှင်းပေးခြင်း၊ ပါတီတွင်းခွဲတမ်းစနစ်အား မူဘောင်သွင်းပေးခြင်း၊ အမျိုးသမီးအဖွဲ့ဝင်များအတွက် ပိုမိုအထောက်အကူပြုစေရန်ရည်ရွယ်ကာ အမျိုးသမီးရုံးခွဲ၊ အမျိုးသမီးမူဝါဒရေးရာအကြံပေးကော်မတီနှင့် အမျိုးသမီးနစ်စဉ်ညီလာခံ စသည့်ပါတီဖွဲ့စည်းပုံများအား တည်ဆောက်ပေးခဲ့သည်။ တခြားတစ်ဖက်မှလည်း ပါတီကဏ္ဍအသီးသီးမှ အမျိုးသမီးခေါင်းဆောင်များ ပူးပေါင်းကာ နောင်လာမည့် မျိုးဆက်သစ် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များအား လေ့ကျင့်ပေးကြပါသည်။

### (က)ပါတီတွင်းအဖွဲ့အစည်း: မိမိဆန္ဒအလျောက်ပြုလုပ်သော ခွဲတမ်းပမာဏများ။

အမျိုးသမီးများ ပြောက်ကျားစစ်တပ်ဖွဲ့တွင် လုပ်ခဲ့သော အလုပ်များ၏အကျိုးရလာဒ်အနေဖြင့် ကျား၊ မတန်းတူညီမျှမှုကို FMLN ၏ အစောပိုင်းလုပ်ငန်းစဉ်ရည်မှန်းချက်နှင့် ကျင့်ဝတ်စည်းကမ်းများတွင် ရေးသားထားသည်။ ထိုသို့ရေးသားထားမှုသည် အမျိုးသမီးများအားခွဲခြားဆက်ဆံခြင်းနှင့်အကြမ်းဖက်ခြင်းကို ဆန့်ကျင်ရာတွင် ထိရောက်အားကောင်းခဲ့သည်။ FMLN ပါတီသည် အမျိုးသမီးများ၏အခန်းကဏ္ဍကို နောက်ထပ် မူဘောင်သွင်းရာတွင် ပါတီလုပ်ငန်းစဉ်များအားလုံးတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် ၃၅% သို့မဟုတ် အထက်ဖြစ်ရပါမည်ဟူသော **ပါတီတွင်းမိမိဆန္ဒအလျောက်ခွဲတမ်းပေးသည့်စနစ်**တစ်ခုကို ပြဌာန်းခဲ့သည်။ ဤခွဲတမ်းစနစ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများစာရင်းအားလုံးနှင့် ပါတီတွင်းဘုတ်အဖွဲ့များ၊ ကော်မတီများနှင့် အခြားသောပါတီဖွဲ့စည်းပုံများအားလုံး ပါဝင်သည်။ ၄င်းခွဲတမ်းစနစ်ကို ၁၉၉၃ခုနစ်တွင် အဆိုတင်သွင်းခဲ့ပြီး၊ ပြည်တွင်းစစ်ပွဲအတွင်း FMLN လက်နက်ကိုင်တပ်ဖွဲ့၌ အမျိုးသမီးအရေအတွက် ၃၅% ပါဝင်ခြင်းအား အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၉၅ ခုနစ်တွင် သဘောတူခဲ့သည်။ FMLN တွင် အမျိုးသမီးများသည် အရေးကြီးသောနည်းလမ်းမျိုးစုံဖြင့် ပါဝင်ပတ်သက်ပြီး ပူးပေါင်းလုပ်ဆောင်ခဲ့သည့် သမိုင်းရှိခဲ့သော်လည်း ထိုခွဲတမ်းစနစ်အား အစပိုင်းတွင် ပါတီရှိအချို့သောအမျိုးသားများ၏ကန့်ကွက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။

သို့သော်လည်း ပါတီ၏အမျိုးသားခေါင်းဆောင်များပိုင်းမှ အားပေးထောက်ခံမှုဖြင့် နောက်ဆုံးတွင် ၎င်းခွဲတမ်းကို ပြဋ္ဌာန်းခဲ့သည်။

ပါတီတွင်းခွဲတမ်းစနစ် တစ်ခုတည်းသည် အမျိုးသမီးများနိုင်ငံရေး၌ ထိထိရောက်ရောက်ပါဝင်နိုင်ရန် မလုံလောက်ပေ။ သို့ရာတွင် FMLN နိုင်ငံရေးသမိုင်းစာမျက်နှာများတွင် ရှင်းရှင်းလင်းလင်းရှိပြီးသား တိမ်းညွတ်ချက်များကို ခွဲတမ်းစနစ်က တရားဝင်ဖြစ်စေခဲ့သည်။ အကယ်၍များပါတီအခြေခံ့ဖွဲ့စည်းပုံများသည် ခွဲတမ်းများကို မပြည့်မှီခဲ့ပါက တရားဝင်အရေးယူနိုင်ရန် ဥပဒေများမရှိပေ။  သို့ရာတွင် အမျိုးသမီးအတွင်းဝန်များ ရုံး (ပါတီ၏အမျိုးသမီးအင်အားစုအဖွဲ့)နှင့် ပါတီမှအခြားသော အမျိုးသမီးခေါင်းဆောင်များက ထိုခွဲတမ်းစနစ်ကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ပေးပါသည်။ ပါတီနည်းဥပဒေများသည် အမျိုးသမီးအတွင်းဝန်များရုံးအား ဤလုပ်ပိုင်ခွင့်အား တရားဝင်အပ်နှင်းထားသည်။

အမျိုးသမီးအတွင်းဝန်ရုံး၏ နည်းဥပဒေများက **ပါတီအမျိုးသမီးခေါင်းဆောင်များအား၏နှစ်ပတ်လည်ညီလာခံ** ခေါ်ယူနိုင်သည်။ ၎င်းညီလာခံတွင် ပါတီများ၏ရွေးကောက်ခံ ထိပ်ပိုင်းအမျိုးသမီးအရာရှိများ၊ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်များနှင့်တခြားသောအရေးကြီးပုဂ္ဂိုလ်များကို အတူတကွစုစည်းပြီး ပါတီတွင်းအမျိုးသမီး၏ အရေးကြီးသော မူဝါဒအကြောင်းကိစ္စများနှင့်ပတ်သက်၍ မဟာဗျူဟာများအား ဆွေးနွေး၊ ပုံဖော်ကြပါသည်။ နှစ်ပတ်လည်ညီလာခံသည် အမျိုးသမီးအတွင်းဝန်ရုံးအား အမျိုးသမီးများ၏လိုအပ်ချက်များသိရှိစေရန် အခွင့်အလမ်းကိုလည်း ပေးပြီး ထိုအခွင့်အလမ်းပေါ်တွင် ထပ်လောင်းတည်ဆောက်၍  ပါတီအမျိုးသမီးအဖွဲ့ဝင်များအား မဲဆွယ်စည်းရုံး နည်းသင်တန်းများကိုလည်း ပို့ချပေးပါသည်။ FMLN ပါတီသည် အမျိုးသမီးအတွင်းဝန်ရုံးအား ထိုသင်တန်းများ ပို့ချရန်နှင့် အခြားအလားတူအစီစဉ်များအတွက် တိုက်ရိုက်ထောက်ပံ့ငွေများပေးပါသည်။ ထိုအမျိုးသမီး အတွင်းဝန်ရုံး၏လုပ်ရှားမှုများအတွက်လည်း ကိုယ်ပိုင်လုပ်ပိုင်ခွင့်အာဏာအချို့ ပေးထားပါသည်။

FMLN သည် ပါတီမူဝါဒလမ်းစဉ်နှင့် မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ် သည် အမျိုးသမီးများအား မည်ကဲ့သို့ သက်ရောက်မှုရှိသည်နှင့်ပတ်သက်၍ ပိုမိုဂရုစိုက်မှုပေးနိုင်ရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ပါတီသည် အဆိုပြုတင်ပြသော မူဝါဒလမ်းစဉ်များအား အမျိုးသမီးများနှင့် သူတို့အားမူဝါဒရေးရာ ဦးစားပေးကိစ္စရပ်များ ဟုတ်မဟုတ် ကြည့်ရှုရန် **အကြံပေးကော်မတီ** တခုဖွဲ့စည်းလိုက်သည်။ ၎င်းအပြင် အမျိုးသမီးများသည် မူဝါဒလမ်းစဉ်ကောင်မတီများတွင် ပါဝင်ကြပြီး အမျိုးသမီးအတွင်းဝန်ရုံး၏ အမျိုးသမီးကိုယ်စားလှယ်များသည် လည်း မူဝါဒရေးလမ်းစဉ်ဆွေးနွေးပွဲများတွင် ပါဝင်ကြပါသည်။

## (ခ) အမျိုးသမီးများ၏ လျှို့ဝှက်အစည်းအဝေးများ။ အဲစ်ပါလစ်ဆဲလ်

နိုင်ငံရေးလောကရှိ အမျိုးသမီးများအား မြှင့်တင်ရာတွင် FMLN ၏ အောင်မြင်မှုသည် အဲလ်ဆဲလ်ဗားဒါးရ်နိုင်ငံရှိ ဘက်လိုက်မှုကင်းပြီး ဘက်ပေါင်းစုံကိုထောက်ခံသော ကြိုးပမ်းအားထုတ်မှုများမှ ကျားကန်ပေးထားခဲ့သည်။ အဲလ်ဆဲလ်ဗားဒါးရ်နိုင်ငံရှိ အမျိုးသမီးများပူးပေါင်းပါဝင်မှုကို တိုးမြှင့်အောင်လုပ်ဆောင်သော အဓိကအဖွဲ့တစ်ခုမှာ ဆာ(လ်)ဗာဒိုရန်အမျိုးသမီးပါလီမန်အမတ်များနှင့်အမတ်ဟောင်းများအဖွဲ့ (ASPARLEXSAL) ဖြစ်ပါသည်။ APSARLEXSAL သည် ပါလီမန်အထဲ၌သော်လည်းကောင်း၊ ပါလီမန်အပြင်၌သော်လည်းကောင်း အမျိုးသမီးများ၏ နိုင်ငံရေးအသံများအား အားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်သည့် ဘက်မလိုက်သောအဖွဲ့ ဖြစ်သည်။ **အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များအဖွဲ့** အား ဖွဲ့ဖြစ်ခဲ့သော ကနဦးအကြောင်းအရင်းမှာ အဲလ်ဆဲလ်ဗာဒါရ်နိုင်ငံ၌အလုပ်လုပ်နေကြသော နိုင်ငံတကာမှပုဂ္ဂိုလ်များသည် အမျိုးသမီးပါလီမန်အမတ်များနှင့် ပတ်သက်၍

ကိစ္စရပ်ကို ထုတ်ဖော်လိုက်သောကြောင့် ဖြစ်သည်။ အဓိကအမျိုးသမီးနိုင်ငံရေးသမားများ သတိပြုရသလောက် ARENA ပါတီမှ အမျိုးသွီးနိုင်ငံရေးသွားများသည် ထိုအလားအလာကောင်းသော စိတ်ကူးစိတ်သန့်ကို သတိပြုမိကြပြီး ပါတီကြီးများမှ လက်ရှိအမျိုးသမီးလွှတ်တော်အမတ်များနှင့် အမတ်ဟောင်းများကို ပါတီကဏ္ဍများမှ အလုပ်လုပ်ခြင်း၏အကျိုးကျေးဇူးများဖြင့် ဆွဲဆောင်ကာ ဦးစွာပထမတရားမဝင်၊ ထို့နောက် တရားဝင် စုစည်းခဲ့ကြပါသည်။

ပြီးနောက်အဓိကပါတီများမှအမျိုးသွီးပါလီမန်ဟောင်းများအားပါတီပေါင်းစုံမှပါလီမန်အမတ်များနှင့်အတူလက်တွဲလုပ် ရန်စည်းရုံးသိမ်းသွင်းခဲ့ပါသည်။ စတင်တည်ထောင်သည့်အချိန်မှစ၍ ASPARLEXSAL ၏ခေါင်းဆောင်ပိုင်းတွင် ARENA ပါတီ FMLNပါတီနှင့် တခြားပါတီငယ်လေးများမှ အမျိုးသွီးခေါင်းဆောင်များ ပါဝင်ပါသည်။

ASPARLEXSAL ၏ရည်ရွယ်ချက်မှာ အမျိုးသွီးများနိုင်ငံရေး၌ပါဝင်လာရန် တစ်ခုတည်းမဟုတ်ဘဲ အစိုးရအဖွဲ့တွင် ပိုမိုထိရောက်မှုရရှိစေရန်လည်း ရည်ရွယ်ပါသည်။ အခါအားလျော်စွာ ASPARLEXSAL သည် ၄င်း၏စပ်တူလုပ်ကိုင်သူဖြစ်သော ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွါးရေးဖောင်ဒေးရှင်း မှတဆင့် **ဆက်ဆံရေးနှင့် စည်းရုံးရေးစွမ်းရည်များနှင့်ပတ်သက်၍ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ** ပြုလုပ်ပေးပါသည်။ ထိုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသည် အမျိုးသွီးများအား သူတို့၏နိုင်ငံရေးလုပ်ငန်း၌ ပိုမိုထိရောက်မှုရှိရန်ပြုလုပ်ပေးပြီး အစိုးရုံးတခုနှင့် တစ်ခုချိတ်ဆက်ပုံ၊ မူဝါဒပြုလုပ်ခြင်းကဲ့သို့သော အုပ်ချုပ်မှုပိုင်းနှင့်တိုက်ရိုက်ဆက်စပ်နေသည့် သင်တန်းခေါင်းစဉ်များ ပါဝင်ပါသည်။ ASPARLEXSAL သည် ၄င်း၏ ဘက်မလိုက်သော လေးစားမှုကို လက်ကိုင်ထားပြီး ပါတီအသီးသီးမှ အမျိုးသွီးများအား တူညီသောအခွင့်အရေး ပေးပါသည်။ ASPARLEXSAL မှ အမျိုးသမီးမျာအားလုံးသည် ပါတီတက်ကြွလှုပ်ရှားသူများဖြစ်သော်ငြားလည်း ၄င်းစောစောပိုင်းနှစ်များအတွင်းတွင် ဆင်ခြင်တုံရှိသောဆုံးဖြတ်ချက်ကို ချခဲ့ကြပါသည်။ ၎င်းမှာ သူတို့ပါတီ၏ ခေါင်းဆောင်မှုပိုင်းနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊ ထိုအဖွဲ့ကိုဖွဲ့ရန် ပါတီခွင့်ပြုချက်လည်းမတောင်းကြရန်တို့ ဖြစ်သည်။ ထိုအစားအဖွဲ့စည်းဘောင်ချသောအခါ အဖွဲ့ဝင်များအား သူတို့ပါတီ၏မည်သူမည်ဝါဖြစ်ကြောင်းထက် အားလုံးသည် အမျိုးသမီးဟူသော ခေါင်းစဉ်အောက်တွင် နေကြရန် ပြောခဲ့သည်။ သို့မှသာ မည်သည့်ပါတီကပင်ဖြစ်စေကာမူ အမျိုးသွီးအရေးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လာလျှင် သူတို့အဖွဲ့အတွင်းရှိ အမျိုးသမီးများအားလုံးသည် အထောက်အပံ့ပေးရမည်ဖြစ်ပြီး ဤကဲ့သို့သောအားထုတ်မှုများ၏ အကျိုးကျေးဇူးများကို အမျိုးသွီးအားလုံး ခံစားရမည်ဟု အသိအမှတ်ပြုရမည် ဖြစ်သည်။ ASPARLEXSAL သည် ဘက်မလိုက်ဘဲဆက်လက်ရှိနေသော်လည်း ASPARLEXSAL ၏ အစီအစဉ်များတွင် သင်တန်းတက်ရောက်မည့်သူများမှာ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ပေးရန် တောင်းဆိုထားသည်။ သို့မှသာ အစီအစဉ်ကို ရရှိခဲ့ပြီးသော သင်တန်းသူများသည် သင်တန်းပြီးဆုံးသောအခါ သူတို့သင်ယူခဲ့ရသော ကျွမ်းကျင်မှုစွမ်းရည်များကို မိခင်ပါတီ၌ အသုံးချနိုင်လိမ့်မည်။

## အကျိုးရလာဒ်များ

FMLN ပါတီရှိ အမျိုးသွီးများသည် မကြာသေးမီက ရွေးကောက်ပွဲ၌ ပါတီအောင်မြင်မှုရရှိခဲ့သောကြောင့် အကျိုးကျေးဇူးများ ခံစားကြရပါသည်၊၂၀၀၉ခုနှစ်တွင် ပါလီမန်ရွေးကောက်ခံအမျိုးသွီးထု၏ ၇၅%ရာခိုင်နှုန်းမှာ FMLN ပါတီမှ ဖြစ်သည်။ ဆိုလိုသည်မှာ ပါလီမန်ရှိ FMLN ပါတီဝင် ၃၅မှ ၁၃ယောက်မှာ အမျိုးသမီးများ ဖြစ်သည်။ ပါလီမန်ရှိ ပါတီများတွင် အမျိုးသားနှင့် အမျိုးသမီးအချိုးကို နှိုင်းယှဉ်လျှင် အမြင့်ဆုံးသော အမျိုးသွီးကိုယ်စားပြုမှုရှိသည့်ပါတီ ဖြစ်ပါသည်။ တချိန်တည်းမှာပင် ASPARLEXSAL၏ ဘက်မလိုက်သည့်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ချဉ်းကပ်မှုသည် သူတို့အား သက်ဆိုင်ရာပါတီအားလုံးနှင့် လက်လှမ်းမှီမှုကို ရရှိစေရန်နှင့် ဆက်လက်ထိန်းထားရန် ကူညီပေးခဲ့သည်။ ASPARLEXSAL အဖွဲ့သည် သူတို့၏အဖွဲ့အစည်းအား မြင်သာမှုရှိစေရန်ရန် အရေးပါကြီးကြောင်း သဘောက်ပေါက်သောကြောင့် ဥပဒေပြုလွှတ်တော်ရုံးတည်ရှိရာ အဆောက်အအုံ၌ တရားဝင်ရုံးခန်းတစ်ခန်း ရအောင်ယူခဲ့သည်။ ထိုရုံးခန်းသည် လက်ရှိပါလီမန်အမတ်များ ရုံးအတွင်းရှိ အရင်းမြစ်များအား လွယ်လင့်တကူ အသုံးပြုနိုင်ပြီး၊ ASPARLEXSAL အဖွဲ့အတွက်လည်း အမျိုးသမီးအပေါ် သက်ရောက်မှုရှိသော ဥပဒေပြုရေးနှင့်ဆိုင်သည့်ဆုံးဖြတ်ချက်များ ချမှတ်သောအခါ ပိုမိုပါဝင်ပတ်သက်နိုင်ပါသည်။ ASPARLEXSAL မှ ချမှတ်သော အမျိုးသမီးများအတွက် ပါတီမူဝါဒလမ်းစဉ်များမှ လုပ်သည့် အလေ့အကျင့်သည် ဥပဒေပြုလွှတ်တော်တွင် အမြဲတမ်းအမျိုးသမီးအဖွဲ့ခွဲတစ်ခု ဖန်တီးရန် အားထုတ်မှုတစ်ခု ဖြစ်ခဲ့သည်။ ထိုပေါ်ပေါက်လာသောအဖွဲ့သည် ဥပဒေပြုမည့်အကြောင်းအရာများအပေါ်တွင် တိုက်ရိုက်သက်ရောက်မှု ရှိစေသည်။

ASPARLEXSAL အဖွဲ့သည် ၆-လ အပြင်းအထန်လေ့ကျင့်ပေးသည့် သင်တန်း၌ အမျိုးသမီး ၁၆၀ အားသင်ကြားပို့ချခဲ့ပြီး၊ ၁-ရက်သင်တန်းနှင့် ၂-ရက်သင်တန်းများတွင်လည်း နောက်ထပ် သင်တန်းသူရာပေါင်းများစွာ အားသင်ကြားပို့ချခဲ့ပါသည်။ ASPARLEXSAL သင်တန်းအစီအစဉ်များ၌ တက်ရောက်သင်ကြားခဲ့ကြသော အမျိုးသမီးများသည် ပါလီမန်၊ မြို့နယ်အဆင့် အစိုးရဌာနများ၌ ရွေးကောက်ခံကြရပါသည်။ ၎င်းသင်တန်းအစီစဉ်များ၌ တက်ခဲ့ကြသူအချို့သည် အမျိုးသမီးပါတီစုံ ကွန်ယက်အသစ်များ ပေါ်ပေါက်လာရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြသည်။

## စိန်ခေါ်မှုများနှင့် ရှေ့ခရီး

အဲလ်ဆဲဗားဒါးရ်နိုင်ငံရှိ FMLN နှင့် တခြားပါတီများသည် အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်လာရေးနှင့်ပတ်သက်၍ အခက်အခဲများရှိနေဆဲ ဖြစ်ပါသည်။ FMLN ၏ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးများအတွက် ခွဲတမ်းစနစ်သည် တစ်နိုင်ငံလုံးအတိုင်းအတာအဆင့်၌သာ ကျင့်သုံးသောကြောင့် ပြည်နယ်နှင့်မြို့နယ်အဆင့် ဘုတ်အဖွဲ့များထက် ပါလီမန်တွင်သာ ပိုမိုကိုယ်စားပြုမှုရှိသည်။ အစီရင်ခံစာများအရ ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ခွဲတမ်းစနစ်ကို မမျှမတ ကျင့်သုံးကြောင်း ပြနေသည်။ လောလောဆယ်တွင် ကျား၊ မခွဲတမ်း ပမာဏကို မပြည့်မှီသော ရွေးကောက်ပွဲဝင်လူစာရင်းတင်သွင်းသည့် ပြည်နယ်အစိုးရနှင့် မြို့နယ်အစိုးများအား ပါတီခေါင်းဆောင်ပိုင်းမှ အရေးယူခြင်းများ မပြုလုပ်ပေ။ ထိုကဲ့သို့အရေးမယူခြင်းသည် ပြည်နယ်၊ မြို့နယ်ရုံးများ၌ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးအရေအတွက် နည်းပါးမှု ဖြစ်စေသည်။ ဥပမာ တစ်နိုင်ငံလုံးရှိမြို့ဝန်များ၏ ၁၁ % သာ အမျိုးသမီးများ ဖြစ်သည်။ အဲလ်ဆဲဗာဒါးရ်နိုင်ငံ၏ ပြည်တွင်းစစ်အပြီး အသွင်ကူးပြောင်းကာလသည် အမျိုးသမီးများ နိုင်ငံရေး၌ပါဝင်လာစေ ရန်အတွက် အထောက်အကူပြုသောပတ်ဝန်းကျင်ကောင်းကို ဖန်တီးရန် အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲသည့်။ အမျိုးသမီးများသည် နိုင်ငံအပြောင်းအလဲကာလ၌ ရေးကြီးသော ပါဝင်လှုပ်ရှားသူများဖြစ်သော်လည်း ယနေ့ခေတ် နိုင်ငံရေးနယ်ပယ်၌ အမျိုးသမီးများအတွက် တန်းတူညီမျှသော အခြေအနေ ရှိစေရန်အတွက် လုပ်ဆောင်ရန်အရာအများကြီး ရှိပါသည်။ အထူးသဖြင့် မူဝါဒရေးရာများအား အချေအတင် ဆွေးနွေး ဆုံးဖြတ်သောဥပဒေပြုရေးလွှတ်တော်တွင် ပိုမိုလုပ်ရန်လိုအပ်သည်။ မျိုးဆက်သစ် အမျိုးသမီးနိုင်ငံရေးသမားများသည် ပြည်တွင်းစစ်တွင်းနှင့် နဖုံးတွေ့ဒူးတွေ့ကြုံခဲ့ရသော အလျင်နိုင်ငံရေးသမားများကဲ့သို့ ခေါင်းဆောင်မှုပိုင်း၌ မှတ်တမ်းကောင်းမရှိပါ။ ဤအချက်သည် နောက်ထပ်စိန်ခေါ်မှုများ ကိုရှိစေပြီး အမျိုးသမီးများနိုင်ငံရေး၌

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပိုမိုပူးပေါင်းပါဝင်စေရန် ဆန်းသစ်တီထွင်သော မဟာဗျူဟာများ လိုအပ်ပါသည်။ FMLN ပါတီနှင့် ASPARLEXSAL အဖွဲ့မှ မီးမောင်းထိုးပြခဲ့သော မဟာဗျူဟာများသည် အမျိုးသမီးများအတွက် နိုင်ငံရေးစင်မြင့် တစ်ခုကို အားကောင်းစေရန် အရေးကြီးသောခြေလှမ်းများ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အဲလ်ဆဲဗားဒါး၏ နိုင်ငံ၌ အမျိုးသမီးများနိုင်ငံရေး၌ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိရန် နောက်ထပ်လုပ်စရာအမြောက် အများ ရှိသေးသည်။

## အိန္ဒိယ:ခွဲတမ်းစနစ်၊ ကြိုတင်ယာထားခြင်းများနှင့် နိုင်ငံရေးပါတီများ။

"အိန္ဒိယနိုင်ငံရေးပါတီများ၏ မူဝါဒအများစုသည် အမျိုးသမီး ၃ပုံ ၁ပုံ သော ခွဲတမ်းစနစ်ကို ထောက်ခံသည့် ဟန်ရှိသော်လည်း အမျိုးသမီးများအား ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်မည့်သူများကို ရွေးချယ်ခြင်း (သို့) ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်များတွင် အမျိုးသမီး၏ပိုမိုအဓိပ္ပါယ်ရှိသော ပူးပေါင်းပါဝင်မှုဖြစ်စေရန် နောက်ထပ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်"

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင်အကြီးဆုံးသော ဒီမိုကရေစီနိုင်ငံဟု ဂုဏ်သတင်းရှိသော်လည်း ပါလီမန်၌ အမျိုးသမီးအရေအတွက်နှင့်ပတ်သက်၍မူ သမိုင်းတလျှောက် အနည်းဆုံးသော အချိုးအစား ဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်က ပြုလုပ်ခဲ့သော လော့ခ်ဆပ်ဘား ရွေးကောက်ပွဲ၌ ရွေးကောက်ခံရသော အမတ် ဦးရေ ၅၄၃ ဦးအနက် အမျိုးသမီးအမတ် ၅၈ယောက်ဖြင့် စံချိန်တင်ခဲ့သည်။ ဤကိန်းဂဏန်းမှာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်၌အများဆုံးသော အမျိုးသမီးဦးရေ ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀.၇% အထိ တိုးလာသည်။ ၎င်းရွေးကောက်ခံအမျိုးသမီး ပါလီမန်အမတ်များထဲမှ ၁၇ယောက်မှာ အသက် ၄၀ အောက် ဖြစ်ပါသည်။ ဆိုလိုသည်မှာ အသက်ငယ်ငယ် အမျိုးသမီးများအတွက် ကောင်းမွန်သောအလားအလာများ ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများသည် နိုင်ငံရေးခေါင်းဆောင်မှုပိုင်းတွင် အမြင့်ဆုံးသောနေရာများထိ ရယူနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ် ရွေးကောက်ပွဲတွင် ပထမဦးဆုံး အမျိုးသမီးသမ္မတသည် ပရာတီဘာ ဒေဗီဆီပါတေး(လ်) ဖြစ်ပြီး လက်ရှိ အာဏာရအန္ဒိယကွန်ဂရစ်ပါတီအပါအဝင် နိုင်ငံရေးပါတီ ၄ ခု၌ ခေါင်းဆောင်များမှာ အမျိုးသမီးများ ဖြစ်သည်။

ဤစာရင်းဇယားများ၌ လေ့လာတွေ့ရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများသည် ဥပဒေမှတရားဝင်ပြဋ္ဌာန်းနေရာယာ ထားသောစနစ်မှတဆင့် ဒေသန္တရအဆင့်တွင် အမျိုးသမီးများမှ များစွာအောင်မြင်မှုရခဲ့သောကြောင့် ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ချက် ၇၃ နှင့် ၇၄ သည် *ပန်ချယတ် ရာ(ဂျ်)* အဖွဲ့များဟုခေါ်သော အန္ဒိယဒေသအဆင့်အစိုးရများစနစ်ကို ပိုမိုကောင်းစေခဲ့ပြီး *ပန်ချယတ်*နေရာများမှ ၃ ပုံ ၁ပုံ နှင့် ပန်ချယတ်အစိုးရအဖွဲ့၏ ဥက္ကဋ္ဌရာထူး ၃ ပုံ အားအာ ၁ ပုံအား မျိုးသမီးများအတွက် ယားထားသည်။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေအား ပြင်ဆင်ပြီးသည့် ၁၅ နှစ် အတွင်း ကျေးလက်နေအမျိုးသမီး ၂ သန်းကျော်သည် ဒေသန္တရအစိုးရ၏ ဆုံးဖြတ်ချက်ချနိုင်သောအဖွဲ့များတွင် တာဝန်ထမ်းဆောင်ပြီးဖြစ်မည်ဟု ခန့်မှန်းထားသည်။ ကာနာတကပြည်နယ်ကဲ့သို့သော ပြည်နယ်အချို့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မပြဋ္ဌာန်းရသေးခင် ကပင် အမျိုးသမီးများအား ကျေးလက်ဒေသနိုင်ငံရေး၌ ပါဝင်ရန်စည်းရုံးသိမ်းသွင်းခဲ့သည်။ မာ့ဒ်ယာပရဒတ်ရှ်ပြည်နယ်၊ ဟိမာချလ် ပရဒတ်ရှ်ပြည်နယ်နှင့် ဥတ္တာခန်းပြည်နယ် စသည်ပြည်နယ်များ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အပါအဝင် ပြည်နယ်အမြောက်အများတွင် အမျိုးသမီးများအတွက် ပန်ချယတ်နေရာများကို ၅၀ရာခိုင်နှုန်း အထိ တိုးမြှင့်လိုက်ပါသည်။

နိုင်ငံရေးပါတီများသည်လည်း ၎င်းတို့ပါတီဖွဲ့စည်းပုံများကို အမျိုးသမီးများပါဝင်နိုင်အောင် ဖွင့်ပေးခြင်းနှင့် လက်လှမ်းမီနိုင်အောင် ပြုလုပ်ပေးခြင်းများသည် သူတို့အတွက် အကျိုးများစေကြောင်း နားလည်သဘောပေါက်လာကြသည်။ ၂၀၁၉ ခုနှစ် ဖွန်လတွင် အိန္ဒိယကွန်ဂရက်ပါတီသည် မေရာကူးမား၏ အား အောက်လွှတ်တော် ပြောခွင့်ရအမျိုးသမီးအဖြစ် ခန့်အပ်ရန် အမည်တင်သွင်းခဲ့သည်။ ထိုလုပ်ဆောင်ချက်သည် ပါတီအား "အမျိုးသမီးများကိုထောက်ခံသောပါတီ" အဖြစ် ပိုမိုမြင်လာစေပြီး ပရာတိဘပတေးအား ပထမဆုံးအမျိုးသမီး သမ္မတ ဖြစ်လာအောင် ကူညီပေးခြင်းသည့် အလားတူလုပ်ဆောင်ချက်ကိုလည်း များစွာအထောက်အပံ့ ဖြစ်စေခဲ့သည်။ ထို့အပြင် မေရာကူးမား၏ သည် ဒေ့လိလူတန်းစား မှလာသောကြောင့် ပါတီအနေနှင့်ဆင်းရဲသူ၊ ဆင်းရဲသားအများစုနေထိုင်သော ဇတ်နိမ့် ဒေ့လိ အသိုင်းအဝိုင်းမှအမျိုးသား၊ အမျိုးသမီးများများဖြင့် ပါတီကို ပိုမိုအခြေ ခိုင်မာစေခဲ့သည်။ ၂၀၁၅ အစောပိုင်း ပါတီဥက္ကဋ္ဌရာထူးအား ဆိုနီယာဂန္ဒီအား ရွေးကောက်တင်မြှောက်အပြီး ကွန်ဂရစ်ပါတီသည် ပါတီ၏အလွှာအဆင့်အားလုံးတွင် အမျိုးသမီးအတွက် ခွဲတမ်းအဖြစ် ၃၃ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ခဲ့သည်။

ဘာရာတီယဂျန်နာတားပါတီ (BJP) သည် ပါတီခေါင်းဆောင်မှုပိုင်းတွင် ဇာအနိမ့်အမြင့်အလွှာအသီးသီးမှ အမျိုးသမီးများ၏ ပိုမိုကိုယ်စားပြုမှုကို တိုက်တွန်းရန် လုပ်ဆောင်ခဲ့သည်။

BJP ၏ အမျိုးသမီးများအားမြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများသည် အမျိုးသမီးတစ်ဦး၏ ခေါင်းဆောင်မှုမှ အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။ ၎င်းအမျိုးသမီးသည် ၁၉၈၀ ခုနှစ်ပါတီစတင်တည်ထောင်ရာ၌ ပါဝင်ခဲ့ပြီး ပါတီတွင်အမျိုးသမီးများ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ထားသောအစောပိုင်းမျှော်မှန်းချက်ကို ထောက်ပံ့ကူညီပေးခဲ့သည်။ BJP ၏ အမျိုးသမီးများအား မြှင့်တင်ရန် မဟာဗျူဟာများတွင် အမျိုးသမီးများ၏ခေါင်းဆောင်မှု စွမ်းရည်မြှင့်သင်တန်း၊ အသက်၁၈နှစ်မှ ၃၅နှစ်အကြား အမျိုးသမီးများအတွက် ခေါင်းဆောင်မှုသင်တန်းကျောင်း၊ အမျိုးသမီး ကျောင်းသူများ၊ သတင်းနှင့်ကွန်ပျူတာနည်းပညာဖြင့်အသက်မွေးကျောင်းပြုသူများနှင့် ကျေးလက်နေ အမျိုးသမီးများအတွက်ရည်ရွယ်ထားဖွင့်လှစ်သော အလုပ်ရုံးဆွေးနွေးပွဲများ၊ ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးများ အတွက်ငွေကြေးကူညီထောက်ပံ့သည့် အစီစဉ်များ ပါဝင်သည်။

၂၀၀၈ခုနှစ်တွင် BJP ၏တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်အုပ်ချုပ်ရေးကော်မတီက ပါတီခေါင်းဆောင်ပိုင်း၌ ၃၃% ကို အမျိုးသမီး များအတွက်ယာထားရန် ၎င်း၏ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအား ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ၎င်းအပြင် တစ်နိုင်ငံလုံးအတိုင်းအတာအမျိုးသမီးရုံး၏ အကြီးအကဲအား ပါတီ၏ဗဟိုရွေးကောက်ပွဲကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပြောင်းလဲခဲ့သည်။ BJP အမျိုးသမီးခေါင်းဆောင်များသည် အထူးသဖြင့် ပြည်နယ်၊ မြို့နယ်အဆင့်များတွင် ဆန်းသစ်သောမူဝါဒများ မိတ်ဆက်ရန် ဆက်လုပ်ကြိုးပမ်းခဲ့သည်။ ရာဂျစတန် ပြည်နယ်တွင် BJP အမျိုးသမီး ပြည်နယ်အုပ်ချုပ်ရေးမှူးသည် မဲဆွယ်စည်းရုံးရေး နည်းဗျူဟာများသုံး၍ အမျိုးသမီးမဲရှင်များအား စည်းရုံးခဲ့ပါသည်။ ထိုလုပ်ဆောင်ချက်ကြောင့် ပြည်သူများထောက်ခံမှုပိုမိုရရှိခဲ့ပြီး ပြည်နယ်ရွေးကောက်ပွဲများ၌ မဲအပြတ်အသတ် နိုင်ခဲ့သည်။

အိန္ဒိနိုင်ငံရေးပါတီများ၏မူဝါဒအများစုသည် အမျိုးသမီး ၃ပုံ ၁ပုံ သော ခွဲတမ်းစနစ်ကို ထောက်ခံသည့် ဟန်ရှိသော်လည်း အမျိုးသမီးများအား ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်မည့်သူများကိုရွေးချယ်ခြင်း (သို့)

နိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်များတွင် အမျိုးသမီး၏ပိုမိုအဓိပ္ပါယ်ရှိသော ပူးပေါင်းပါဝင်မှုဖြစ်စေရန် နောက်ထပ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ဒေသန္တရအဆင့်၌ အမျိုးသမီးများသည် ပန်ချယတ်များတွင် ပိုမိုရှိလာစဉ်တွင် အမျိုးသားများသည် ဒေသန္တရပါတီဖွဲ့စည်းပုံများအား ဆက်လက်လွှမ်းမိုး ထားကြသည်။ ထိုအမျိုးသားများသည် သူတို့ကိုသူတို့ ပါတီအတွက် ရွေးကောက်ပွဲများကို အနိုင်ယူပေးမည့် သူများအဖြစ် ဆွဲဆောင်ကြသည်။ ပါလီမန်တွင်း၌ အမျိုးသားများလွှမ်းမိုးသော ပါတီတွင်းခုံတန်းလျားများကသာ မည်သူကပြောခွင့်ရှိသည်၊ မည်သည့်မူဝါဒအကြောင်းအရာများ ကိုဖြေရှင်းကြမည် စသည်ဖြင့် ဆုံးဖြတ်မြဲ ဆုံးဖြတ် နေသည်။ ၎င်းသည် ၁၉၉၆ တစ်နိုင်ငံလုံးအဆင့် အမျိုးသမီးကိုယ်စားပြုမှုခွဲတမ်း ဥပဒေမူကြမ်းနှင့် အခြားသော ပိုမိုကျယ်ပြန့်သည့် အမျိုးသမီးများမှ အကျိုးဖြစ်ထွန်းစေမှုများကို အဟန့်အတားဖြစ်စေပါသည်။

## အင်ဒိုနီးရှားနိုင်ငံ။ ။ အမတ်လောင်း ခေါ်ယူစုဆောင်းခြင်းနှင့် နိုင်ငံရေးပါတီ ခွဲတမ်းများ။

"အမျိုးသမီးအမတ်လောင်းများသည် အမတ်လောင်းစာရင်းများတွင် ပိုမိုအရေးပါသောနေရာများရရန် ပါတီအတွင်းတွင် တက်တက်ကြွကြွမဲဆွယ်စည်းရုံးရန် မဖြစ်မနေလုပ်ဆောင်ခဲ့ကြရသည်။"

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အင်ဒိုနီရှားနိုင်ငံသည် ဒီမိုကရေစီကူးပြောင်းရေးတွင် ဖွံ့ဖြိုးတိုးတက်မှုများစွာ ရှိခဲ့သည်။ အမျိုးသမီးများသည် ကိုယ်စားလှယ်များလွှတ်တော်ရှိနေရာများတွင် ၁၈.၂ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ အင်ဒိုနီရှားနိုင်ငံတွင် ပါတီနှင့်အရပ်ဘက်မှ အမျိုးသမီး တက်ကြွက်လှုပ်ရှားသူများသည် လွှတ်တော်အတွက် ပါတီအမတ်လောင်းစာရင်းတွင် နေရာချထားပိုင်ခွင့်တစ်ခုနှင့် ခွဲတမ်းပမာဏ ၃၀ ရာခိုင်နှုန်းရရှိရန် အောင်မြင်စွာ ကိုယ်စားပြုအရေးဆိုနိုင်ခဲ့သည်။ သို့သော် သူတို့၏ကြိုးပမ်းအားထုတ်မှုများသည် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲအထိ မည်သူမဆိုစာရင်းသွင်းနိုင်သည့်စနစ်ကို မိတ်ဆက်ပြုလုပ်စေခြင်းဖြင့် အောင်မြင်ရန် အလှမ်းကွာဝေးခဲ့သည်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးများသည် ရွေးကောက်ပွဲယှဉ်ပြိုင်ခွင့်ရသူများစာရင်းတွင် အရေးပါသောနေရာများတွင်ရရှိရန်အတွက် ပါတီအတွင်းတွင် တက်ကြွစွာ မဲဆွယ်စည်းရုံးရန် မဖြစ်မနေ လုပ်ဆောင်ခဲ့ရသည်။

အင်ဒိုနီးရှားဒီမိုကရေတစ်လှုပ်ရှားမှုပါတီ (PSIP) သည် အမျိုးသမီးများအား ရွေးကောက်ခံရာထူးနေရာများသို့ ရောက်ရှိအောင်လုပ်ဆောင်ရာ၌ ပိုမိုအောင်မြင်သောပါတီများထဲမှ တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ PDIP ၏ ၂၀၀၉ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သည်။ ရွေးကောက်ပွဲအတွက် ခွဲတမ်းပမဏကိုပြဌာန်းမီ ၂၀၁၀ ခုနှစ်အထိ PDIP အမျိုးသမီး တက်ကြွလှုပ်ရှားသူများသည် ပါတီဖွဲ့စည်းပုံအားလုံးတွင် အမျိုးသမီးခွဲတမ်း ၂၀ ရာခိုင်နှုန်းကို ထည့်သွင်းပေးရန် ပါတီဥပဒေစည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန် အောင်မြင်စွာ စည်းရုံးပြောဆိုနိုင်ခဲ့သည်။ DIPD ပါတီဝင်များသည် သူတို့၏ပါတီတွင်းခွဲတမ်းပမဏကို ပါတီဝန်ထမ်းများနှင့် ပါတီ၏ တိုင်း၊ ဒေသ အဆင့်များအထိ သက်ရောက်မှုရှိစေရန် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။ အမျိုးသမီးများသည် အမျိုးသားများက မကြာခဏလွှမ်းမိုးထားသော ဝန်ထမ်းနေရာများတွင် အမျိုးသမီးများကို ခန့်အပ်ခြင်းကြောင့် ရလာမည့် အကျိုးရလဒ်များကို ပါတီအတွင်းတွင် အလေးထားကာ စဉ်းစားပေးရန် ဆောင်ရွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်လောက်တွင် PDIP ရှိအမျိုးသမီးများသည် ပါတီတွင်းရာထူးကြီး ၄၇ နေရာကို သိမ်းပိုက်နိုင်ခဲ့ပြီး ၎င်းတို့မှာ အမျိုးသမီးရေးရာ ဥက္ကဌနှင့် ဒုဥက္ကဌနေရာ၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် စသည့် ရာထူးများ ဖြစ်ကြသည်။ သို့ရာတွင် အမျိုးသမီးများ ခေါင်းဆောင်မှုရာထူးများတွင် ရှိခြင်းတစ်ခုတည်းသည် အမျိုးသမီးများအတွက် အရေးကြီးသောဆုံးဖြတ်ချက်များ၊ မဟာဗျူဟာများနှင့် မူဝါဒများအပေါ်တွင် သက်ရောက်မှုရှိစေရန်အတွက် လုံလောက်မှုမရှိဟူသော အချက်နှင့်ပတ်သက်၍ သိမြင်လာစေရန် ပါတီဝင်အမျိုးသမီးက ဆောင်ရွက်ခဲ့သည်။ ပါတီတွင်းခွဲတမ်းစနစ်၏ကျော်ကြားမှုအပေါ်တွင် ထပ်လောင်းတည်ဆောက်သောအားဖြင့် ၂၀၁၀ ခုနှစ်တွင် PDIP ခေါင်းဆောင်မှုပိုင်းက ပါတီတွင်းခွဲတမ်းပမာဏကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် ပါတီဥပဒေစည်းမျဉ်းများကို ပြောင်းလဲလိုက်သည်။ ခွဲတမ်းပမဏအသစ်သည် ပိုများသောရွေးကောက်ပွဲဝင်ရောက်မည့်အမျိုးသမီးများကို ၂၀၁၄ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အရွေးခံရန် အားပေးလိမ့်မည်ဟု မျှော်လင့်ရသည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများတွင် PDIP အမျိုးသမီးများ၏ရုံးခွဲဖြစ်သော **အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးဌါန** က အမျိုးသမီးများအား ပါတီစာရင်းများတွင် အနိုင်ရနိုင်သောနေရာများတွင် နေရာချထားပေးခြင်းကို မြှင့်တင်ရာတွင် ပါတီခေါင်းဆောင်မှု ဘုတ်အဖွဲ့၏ ထောက်ခံအားပေးမှုကို အကူအညီတောင်ခံခဲ့သည်။ ပါတီဝင်အမျိုးသမီးနှင့်ပါတီခေါင်းဆောင်

များကပါ စာရင်းဖွင့်စနစ်တွင်များတွင် နေရာစီတန်းထားမှုများသည် အရေးကြီးသည်ဟု သဘောပေါက်ထားသည်။ အဘယ်ကြောင့်ဆိုသော် အင်ဒိုနီးရှားတွင် မဲပေးသူများသည် ၎င်းရွေးကောက်ပွဲစနစ်များကို အတွေ့အကြုံမရှိ၍ သူတို့၏ပါတီများကို ရွေးချယ်သောအခါ စာရင်းတွင် ပထမဦးဆုံးရေးထားသော လူအတွက်သာ မဲထည့်တတ်ကြသည်။ ထို့ကြောင့် ပါတီခေါင်းဆောင်မှုပိုင်းတွင်ရှိသော အမျိုးသမီးများသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသမီးများအတွက် စာရင်းတွင်ထိပ်မှာထားရှိရေးအတွက် ကိုယ်စားပြုအရေးဆိုရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအား ပါတီစာရင်းများတွင် နည်းသည့်နေရာတွင်ချရေးရမည်ဟု ဆုံးဖြတ်သောအခါ PDIP သည် အမှတ်ပေးစနစ်ကို တည်ထောင်ထားသည်။ အမှတ်ပေးစနစ်အရ ထိုရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများကို စီစစ်ရာ၌ ပါတီဝင်ဖြစ်သည့်သက်တမ်း၊ ပြည်သူ့လူထုအတွက်လုပ်ဆောင်မှုများ၊ ချီးမြှောက်ခံထားရသည့်ဆုများနှင့် တက်ရောက်ခဲ့သည့်သင်တန်းများစသည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားသည်။ ဤအမှတ်ပေးစနစ်သည် ပါတီအား PDIP အမျိုးသမီးများသည် သူတို့တွင် ရှိရမည့်အရည်အချင်းများကို ပြည့်မီနေပြီးဖြစ်ကြောင်း ပြသနိုင်ရန် အထောက်အကူဖြစ်ခဲ့သည်။ ထို့အပြင် တွေ့ဆုံမေးမြန်းခံရသူတစ်ဦးက ဖြေဆိုသကဲ့သို့ပင် "အမျိုးသားများအလွန်လွှမ်းမိုးသော" နိုင်ငံရေးပတ်ဝန်းကျင် ဟုတ်၊မဟုတ်ကို စဉ်းစားသုံးသပ်စေရန်လည်း အထောက်အပံ့ ဖြစ်ခဲ့သည်။

PDIP အမျိုးသမီးစွမ်းအားမြှင့်ဌါနသည် ရွေးကောက်ပွဲဝင် အမျိုးသမီးများအတွက် သင်တန်းပေးမည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့သော ပါတီ၏သင်တန်းဌါနခွဲကို အလားတူ ချိတ်ဆက်ထားသည်။ ဤသင်တန်းများသည် ပါတီတွင်ရှိသည့် အမျိုးသမီးများ၏ နိုင်ငံရေးစွမ်းရည်များကို တိုးတက်စေရန် အားထုတ်ခဲ့ပြီး အမျိုးသမီးများအား "ဒေသအဆင့်တွင် မိမိတို့၏အကျိုးလိုလားချက်များကိုကာကွယ်ရန်" သင်ပေးရာတွင် အောင်မြင်ခဲ့သည်ဟု သုံးသပ်ကြသည်။

သို့ရာတွင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများက အင်ဒိုနီးရှားနိုင်ငံရှိအချို့သောနိုင်ငံရေးပါတီများသည် အမျိုးသမီးများကို ပါတီဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များနှင့် သက်ဆိုင်မှုမရှိသော နေရာများတွင် ချထားပေးပြီး သူတို့၏ ပါတီတွင်းခွဲတမ်းများကို ပြည့်မီအောင်လုပ်ဆောင်နေကြသည်ဟူသော စိုးရိမ်မှုများကို ဖော်ပြဆဲ ဖြစ်သည်။ ပါတီတစ်ခု၏ပါတီဝင်တစ်ယောက်က အမျိုးသမီးအများစုကို "ပါတီ၏ရုံးခွဲအတွင်းရေးမှူးရာထူးနှင့် ပါတီရုံးခွဲ၏စာအုပ်ထိန်းသိမ်းရေးမှူးရာထူး၊ တခါတရံတွင် ပါတီတွင်းပစ္စည်းထိန်းသိမ်းရေးမှူးရာထူး" များတွင် ခန့်အပ်ထားကြောင်း ပြောကြားခဲ့သည်။ အမျိုးသမီးနိုင်ငံရေးသမားအများအပြားက စွမ်းရည်တည်ဆောက်ရေးလုပ်ငန်းစဉ်များသည် တန်ဖိုးရှိသည်မှန်သော်လည်း အမျိုးသမီးများ၏အသစ်ရလာသောစွမ်းရည်များသည် ငွေကြေးနှင့် လူမွေးသည့်အလေ့အထက လွှမ်းမိုးထားသော နိုင်ငံရေးစနစ်တခုတွင် အရေးပါမှု သိပ်မရှိလှဟု မှတ်ချက်များပေးခဲ့ ကြသည်။ ရွေးကောက်ပွဲတစ်ခုနိုင်ရန် အရေးကြီးဆုံးသော အရာများမှာ အစဉ်လိုက်အားဖြင့် "ငွေကြေး၊ ပါတီစာ ရင်းတွင် (ပထမဦးဆုံး) နေရာ ရထားခြင်း၊ မိသားစုအဆက်အသွယ်များနှင့် နောက်ဆုံးတွင် မဲဆွယ်စည်းရုံးခြင်း" တို့ဖြစ်သည်ဟု ဖြေကြားသူတစ်ဦးက ပြောခဲ့သည်။ စာရင်းဖွင့်စနစ်သည် အမျိုးသမီးများအတွက် ငွေကြေး အခက်အခဲများကို ပိုမိုဆိုးရွားစေသည်ဟု ယူဆ၍ရသည်။ အဘယ်ကြောင့်ဆိုသော် ပါတီတစ်ခုတည်းမှ ပါတီဝင်အချင်းချင်းသည်ပင် တိုက်ရိုက်ယှဉ်ပြိုင်ရသောကြောင့် ဖြစ်သည်။

## မက္ကဆီကိုနိုင်ငံ။ ။ ခွဲတမ်းစနစ်နှင့် နိုင်ငံတော်မှသင်တန်းအတွက် ငွေကြေး ထောက်ပံ့ခြင်းဖြင့် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို အားပေးကူညီခြင်း။



| **အဓိကစကားလုံးများ**<br>အမျိုးသမီးများအား စည်းရုံးမှု<br>ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအား ငွေကြေးထောက်ပံ့ခြင်း<br>ပါတီတွင်း ခွဲတမ်းပမာဏများ | |
|---|---|
| **တစေ့တစောင်း။ ။ မက္ကဆီကို** | |
| လွှတ်တော်အမည် | ပြည်ထောင်စုလွှတ်တော် |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (ဆီနိတ်နှင့် ဒုအရာရှိများလွှတ်တော်) |
| **ရွေးကောက်ပွဲစနစ် အမျိုးအစား** | ရောနှောထားသော လွှတ်တော်ကိုယ်စားလှယ်များ အချိုးကျ စနစ် (ဒုအရာရှိများ၏လွှတ်တော်) |
| ဥပဒေပြုရေးရွေးကောက်ပွဲ | ၂၀၀၉ ခုနှစ် ဇွန်လ |

## နောက်ခံသမိုင်း

မက္ကဆီကိုလွှတ်တော်သည် လွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းထားပြီး ဆီးနိတ်နှင့် ဒုအရာရှိများ၏လွှတ်တော်တို့ ပါဝင်သည်။ လွှတ်တော်နှစ်ရပ်စလုံးကို အချိုးကျကိုယ်စားပြုမှုစနစ်နှင့် မဲအများဆုံးသူရသူအောင်နိုင်သူစနစ် နှစ်ခုကို ရောနှော၍ ရွေးကောက်တင်မြှောက်ကြသည်။ မက္ကဆီတွင် ပြန်လည်ရွေးကောက်ခံပိုင်ခွင့်မရှိသော ကြောင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့်အမတ်လောင်းများထက် ပါတီအပေါ်တွင် ပိုမိုထောက်ခံမှုမြဲ ကြပြီး ရွေးကောက်တင်မြှောက်ခံရသော အရာရှိများသည် ၎င်းတို့၏မူဝါဒလမ်းစဉ်များကို သက်တမ်းတစ်ခုတည်း အတွင်း အကောင်အထည်ဖော်ရန် ဖိအားများ ပိုမိုရင်ဆိုင်ရသည်။

မက္ကဆီကိုနိုင်ငံတွင် ပြိုင်ဆိုင်မှုအားကောင်းသော ပါတီစုံစနစ်ရှိပြီး အဓိကပါတီကြီး သုံးရပ်ရှိသည်။ ၎င်းတို့မှာ Institutional Revolutionary Party (PRI), the Party of Democratic Revolution (PRD) နှင့် National Action Party (PAN) တို့ဖြစ်ကြသည်။ ထို့အပြင် အလွှာအဆင့်ဆင့်တွင် အာဏာအတွက် ပြိုင်ဆိုင်နေသည့် အခြားသော ပါတီငယ်များလည်း ရှိသေးသည်။ သူတို့သည် ထောက်ခံသူ-ဖောက်သည်ပုံစံမျိုး ဆက်ဆံရေး၏ အချက်များကို တွေ့ရသော်လည်း ပါတီ၏နိုင်ငံရေးခံယူချက်အပေါ်တွင် အခြေပြုလျက် မူဝါဒလမ်းစဉ်များကို ဆုပ်ကိုင်ထားသည်။ အချို့သော အိမ်နီးချင်း လက်တင်အမေရိကနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မက္ကဆီကိုနိုင်ငံ သည် ပါလီမန်၌ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုတွင် နောက်ကျကျန်ခဲ့သည်ဟု သဘောရှိသည်။ သို့ရာတွင် နိုင်ငံရေးပါတီများသည် အမျိုးသမီးများ၏စွမ်းအားမြှင့်မှုကို တိုးတက်စေရန် ဖြေရှင်းနည်းများကို လုပ်လာကြ သည်။

> ဤ လေ့လာဆန်းစစ်ချက်သည် PAN ပါတီက ၎င်းပါတီတွင်းနှင့် ရွေးကောက်ပွဲနှင့်ဆိုင်သော အခြေအနေများ တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် လုပ်ဆောင်ခဲ့သော မဟာဗျူဟာအချို့ကို တင်ပြထား သည်။ ၎င်းသည် အမျိုးသမီးများကို ဆွဲဆောင်ခြင်းဖြင့် မဲပေးသူလူထုကို တိုးချဲ့ရန်လုပ်ဆောင်ခဲ့သော တစ်ခုတည်းသော မက္ကဆီကန်နိုင်ငံရေးပါတီဟု မဆိုသာသော်လည်း ပါတီတွင်းခွဲတမ်းစနစ်ကို ကျင့်သုံးခဲ့သည့် လက်ယာယိမ်းသည့် မဆိုစလောက်သောပါတီများမှ တစ်ခုဖြစ်သည်။ ဤဆန်းစစ်လေ့လာချက်သည် ဖယ်ဒရယ် အဆင့်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို အလေးပေးလေ့လာထားသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရခြင်း၏ ကျိုးကြောင်းညီညွတ်မှု။

အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ရန် ဖိအားများသည် ပါတီကြီးများမှ အမျိုးသမီးပါတီဝင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် လှုပ်ရှားနေသူများနှင့် ၎င်းတို့၏ အိမ်နီးချင်း လက်တင်အမေရိကနိုင်ငံများတွင် ခွဲတမ်းစနစ်အောင်မြင်မှုကို အလေးဂရုပြုကာစောင့်ကြည့်နေသည့် အမျိုးသမီးအဖွဲ့အစည်းများမှ ပေါ်ပေါက်လာ သည်။ ၂၀၀၀ ပြည့်နှစ် သမိုင်းဝင်ရွေးကောက်ပွဲကြီးနှင့် PRI ၏ နှစ်ပေါင်း ၇၀ ကြာ သမ္မတသက်တမ်းအပြီး ပထမဆုံး အာဏာလွှဲပြောင်းမှု၏ တပ်လှန့်ပေးလိုက်မှုတို့ကြောင့် နိုင်ငံရေးပါတီများသည် ပြိုင်ဆိုင်မှုပြင်းထန် လာသော မက္ကဆီကို နိုင်ငံရေးပတ်ဝန်းကျင်ကို လစ်လျူရှုထားရန် မဖြစ်နိုင်ကြောင့် သိလာခဲ့သည်။ PAN ပါတီ အတွက်မူ နိုင်ငံရေးခေါင်းဆောင်များသည် ပါတီ၏အသစ်ဖြစ်ပေါ်လာသောတိုးတက်မှုများကို အခြေခိုင်အောင်

လုပ်ရာတွင် အမျိုးသမီးမဲဆန္ဒရှင်များ၏ အရေးပါမှုကို သတိပြုမိလာကြသည်။ PAN ပါတီမှ အမျိုးသမီးများအကြားတွင် ခွဲတမ်းစနစ်ဥပဒေကြမ်းကို တညီတညွတ်တည်း ထောက်ခံမှု၊ အခြားသောပါတီများမှ အမျိုးသမီးများ၏ထောက်ခံမှုတို့သည် PAN ပါတီခေါင်းဆောင်များအား ခွဲတမ်းစနစ်နှင့်ပတ်သက်သောဥပဒေကြမ်းကို ထောက်ခံရန်လိုအပ်ကြောင်း ယုံကြည်စေသည့် အရေးတကြီးလိုအပ်သော လူထုပါဝင်မှုကို အားကောင်းစေခဲ့သည်။ အမျိုးသမီးနိုင်ငံရေးသမားများသည် **တရားဝင်ဥပဒေအဖြစ်ပြုထားသော ကျား၊ မ ခွဲတမ်းစနစ်**ကို မက္ကဆီကို ရွေးကောက်ပွဲ ဥပဒေ (အတိုချုံအားဖြင့် COFIPE) အတွင်းတွင် ထည့်သွင်းရေးဆွဲရန် အရပ်ဘက်မှ လှုပ်ရှားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ခွဲတမ်းစနစ်ကို COFIPE ၏ အပိုဒ် ၂၁၉ တွင် ထည့်သွင်းရေးသားထားပြီး ၎င်းက နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူအရေအတွက်တွင် အနည်းဆုံး အမျိုးသမီး ၄၀ % ပါရှိရေး၊ ထိုရာခိုင်နှုန်းပမာဏကို PR ရွေးကောက်ပွဲနှင့် မဲဆန္ဒနယ်ရွေးကောက်ပွဲများအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများစာရင်းတွင် ထည့်သွင်းရေးကို အာမခံချက်ပေးရန် လိုအပ်ကြောင်း အတိအကျဖော်ပြထားသည်။ COFIPE ၏ အပိုဒ် ၂၂၀ အရ ပါတီ၏ ရွေးကောက်ခံမည့်သူစာရင်းတွင် ၅ ယောက်လျှင် ၂ ယောက်သည် အမျိုးသမီးဖြစ်ရန်လိုအပ်ပြီး ထိုနှစ်ယောက်မှာ အမျိုသမီး သို့မဟုတ် အမျိုးသားနှစ်ယောက် အဖြစ်လည်း ပြောင်းနိုင်သည်။

ခွဲတမ်းစနစ်သည် ယခင်ဥပဒေ သို့မဟုတ် ပါတီမူဝါဒများထက် ပိုမိုခိုင်မာသောအားဖြည့်လုပ်ငန်းစဉ်များရှိသော အပေါင်းလက္ခဏာဆောင်သည့် နည်းလမ်းတစ်ရပ်ဖြစ်သော်လည်း အမျိုးသမီးများက နိုင်ငံရေးတွင် ညီမျှညီမျှဖြစ်ရေးကို ကြိုးပမ်းလုပ်ဆောင်နေစဉ်တွင် သူတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုအမြောက်အများကို ဖြေရှင်းရန် မက္ကဆီကိုနိုင်ငံ၏ ရောနှောထားသော ရွေးကောက်ပွဲစနစ်အရ ခွဲတမ်းစနစ်သည် အဖြေတစ်ခုတည်းအဖြစ် မလုံလောက်ကြောင်း တွေ့ရှိရသည်။ PAN စင်တာ၏ အများလက်ခံထားသောအမှန်တရားတစ်ခုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခွဲတမ်းစနစ်အတွက် ကိုယ်စားပြုအရေးဆိုခဲ့သော နိုင်ငံရေးပါတီများမှ တစ်ခုဖြစ်ပြီး အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုတွင်ရှိသော အတားအဆီးများကို ဖြေရှင်းရန် ပါတီမှဖြည့်စွက်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းခဲ့သည်။

## ကျင့်သုံးခဲ့သော မဟာဗျူဟာများ

## က. အပြောင်းအလဲအတွက် မဟာဗျူဟာကျသောမဟာမိတ်များတည်ဆောက်ခြင်း။

ပါတီတွင် အမျိုးသမီးများ၏ တက်ကြွလှုပ်ရှားမှုအတွက် အားကောင်းသောပန္နက်တစ်ခုကိုအပေါ်တွင် ထပ်လောင်း တည်ဆောက်ကာ PAN ပါတီမှ အမျိုးသမီးများသည် အခြားသောပါတီများ၊ အရပ်ဘက်တွင်လှုပ်ရှားနေသူများ နှင့် **မဟာဗျူဟာကျသောမဟာမိတ်များ** ကိုတည်ဆောက်ကာ တစ်နိုင်ငံလုံးအတိုင်းအတာ ကျား၊ မ ခွဲတမ်းများ နှင့် ပါတီ၏ပြည်သူ့ငွေကြေးအသုံးပြုခြင်းဥပဒေများအတွက် PAN ပါတီ၏ ထောက်ခံမှုရအောင် အားယူခဲ့သည်။ ဤသို့ ပါတီထောက်ခံမှုကို ရယူနိုင်ခြင်းသည် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများကို သင်တန်းပေးခြင်း၊ ပါတီဝင်အမျိုးသမီးများသည် ဤတစ်နိုင်ငံလုံးအတိုင်းအတာ ပြုပြင်ပြောင်းလဲရေး အခွင့်အလမ်းများကို မိမိတို့ အတွက် အသုံးချနိုင်စေရန် ပါတီတွင်းခွဲတမ်းပမာဏများကို တည်ထောင်ပေးခြင်း စသည်တို့ကို ပြုလုပ် နိုင်လိမ့်မည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

မက္ကဆီကိုနိုင်ငံရှိ အမျိုးသားအဆင့်ခွဲတမ်းစနစ်ဥပဒေသည် မက္ကဆီကန် အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးတက်ကြွလှုပ်ရှားသူများနှင့် ၁၉၉၁ မှ ၂၀၀၈ခုနှစ်အတွင်း ပါတီကြီးများ၏ ဥပဒေပြုအမတ်များမှ ပြုလုပ်သော **ဘက်ပေါင်းစုံမဲဆွယ်စည်းရုံးမှု** ၏ ရလဒ်တစ်ခုဖြစ်သည်။ ဤမဟာမိတ်ဖွဲ့ခြင်းသည် လွှတ်တော်သို့ ပိုများသောအမျိုးသမီးများကို ရွေးကောက်တင်မြှောက်ရေးကို ဦးစားပေးလုပ်ဆောင်ရန် ဖွဲ့စည်းခဲ့သည်။ ဤအမျိုးသမီးများ၏ ကိုယ်စားပြုအရေးဆိုသောကြိုးပမ်းလုပ်ဆောင်ချက်များသည် အရေးကြီးသော ၁၉၉၂၊ ၁၉၉၆ နှင့် ၁၉၉၈ တို့တွင် အရေးကြီးသော အပြောင်းအလဲများ ကြုံတွေ့ခဲ့ရပြီး အစပိုင်းတွင် အတော်အသင့် ကောင်းသော ရလဒ်များကို ရခဲ့သော်လည်း ၁၉၉၃ နှင့် ၁၉၉၉၆ ခုနှစ်တို့တွင် အားနည်းသော ပြုပြင်ပြောင်းလဲ ရေးများ နှင့် အတွဲလိုက် အစဉ်လိုက် ကြုံတွေ့ခဲ့သည်။ ၃၀ ရာခိုင်နှုန်းသော ခွဲတမ်းပမာဏကို နောက်ဆုံး ၂၀၀၂ ခုနှစ် COFIPE ၏ ပုဒ်မ ၁၇၅ တွင် အတည်ပြုခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ယခုလက်ရှိပုံစံဖြစ်သော ၄၅ % သို့ တိုးမြှင့် ခဲ့သည်။

ပါတီလမ်းစဉ်များတလျှောက်တွင် လှုပ်ရှားနေပြီး တန်းတူညီမျှခြင်းနှင့်ကျား၊မအရေးကိစ္စများဆောင်ရွက်ရေး လွှတ်တော်ကော်မတီတွင်ပါဝင်သော အမျိုးသမီးဥပဒေပြုသူများသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင် ပြောင်းလဲမှုတွင် ပါဝင်လှုပ်ရှားခဲ့သည်။ ထိုအမျိုးသမီးများသည် ၎င်းတန်းတူညီမျှရေးနှင့် ကျား၊ အရေးကိစ္စကို စားပွဲပေါ်တွင် ဆွေးနွေးဖြစ်စေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သည်။ ၂၀၀၇ ခုနှစ် COFIPE ခွဲတမ်း စနစ်ကို ပေါ်ပေါက်လာစေရန် ထောက်ပံ့ကူညီပေးခဲ့သည့် ထိုအမျိုးသမီးတက်ကြွလှုပ်ရှားသူများထဲမှ အများ အပြားသည် သူတို့၏သက်ဆိုင်ရာပါတီအသီးသီးတွင် ပါတီတွင်းခွဲတမ်းပမာဏတစ်ရပ်အတွက် ကိုယ်စားပြုအ အရေးဆိုရာတွင် ပါဝင်ခဲ့ကြသည်။ ထို့အပြင် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၂ ခုနှစ် ဥပဒေများတွင်ဖြစ်သကဲ့သို့ ပါတီစာ ရင်းများ၏ အောက်ဆုံးတွင် အမျိုးသမီးများကို မြှုပ်ထားခြင်းမှကာကွယ်နိုင်ရန် **အားဖြည့်ပေးသောလုပ်ငန်းစဉ် များကို ပြဋ္ဌာန်းပေးရန်** လိုအပ်ကြောင်းကို သိခဲ့သည်။ ရလဒ်အနေဖြင့် ၂၀၀၇ ခုနှစ် ဥပဒေက ရွေးကောက်ပွဲ ဝင်မည့်အမျိုးသမီးခွဲတမ်းပမာဏကို မပြည့်မှီသော ပါတီများသည် သူတို့၏စာရင်းများကို ပြည်သူ့ရှေ့မှောက် တွင် မကန့်ကွက်မရှုံ့ချမှီ အချိန် ၄၈ နာရီအတွင်း ပြန်ပြင်ရန် ဖော်ပြထားသည်။ ကန့်ကွက်ရှုံ့ချပြီး ၂၄ နာရီ အကြာတွင် ပြောင်းလဲမှုတစ်စုံတစ်ရာမလုပ်သောစာရင်းကို ဖယ်ဒရယ်ရွေးကောက်ပွဲအဖွဲ့ (IFE) ၏ အထွေထွေ ကောင်စီက (COFIPE, အပိုဒ် ၂၂၁အရ) မှတ်ပုံတင်ပေးရန် ငြင်းဆိုလိမ့်မည်။

PAN ပါတီ၏ အမျိုးသမီးခေါင်းဆောင်များသည် သူတို့၏အမျိုးသားခေါင်းဆောင်များအား ၂၀၀၇ ခုနှစ် ပြုပြင် ပြောင်းလဲရေးများတွင် ထောက်ခံရပ်တည်ပေးရန် ပညာပေးခြင်း၊ စည်းရုံးခြင်းများကို ကြိုးပမ်းလုပ်ဆောင်ခဲ့ သည်။ ထိုသို့လုပ်ဆောင်ရာတွင် ပါတီ၏အဆင့်များကို စုစည်းပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ လုပ်ဆောင်ပေးခဲ့သော PAN ပါတီ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ ဂျာမန်မာတီးနဇ်ကာဇား၏ ထောက်ပံ့မှုရအောင်လည်း အကူအညီ တောင်းခံခဲ့သည်။ လွှတ်တော်တွင် အထင်ကရရာထူးများတွင် ရောက်ရှိနေပြီးသော PAN ပါတီမှ အမျိုးသမီးခေါင်းဆောင်များသည် ကာဇား ကိုနားထောင်အောင် ပြောနိုင်မည့် အနေအထားတွင် ရှိခဲ့ပြီး ပါတီ၏ထောက်ခံမှုကို ရရှိအောင်စည်းရုံးရာတွင်လည်း ယုံကြည်နိုင်ကြောင်း ပြသလိုက်နိုင်သည်။

**ပါတီတွင်းထောက်ခံမှုကိုတည်ဆောက်ရန်** နည်းလမ်းအနေဖြင့် PAN ပါတီ၏ အမျိုးသမီးတက်ကြွက်လှုပ်ရှားသူ များသည် PAN ပါတီ၏တက်ကြွလှုပ်ရှားမှုသမိုင်းမှ သတင်းအချက်အလက်၊ ဗဟုသုတများကိုယူခဲ့သည်။ ပါတီတွင်ရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ဤနှစ်များအတွင်း အကြီးအကျယ်ပြောင်းလဲသွားခဲ့သည်။ ပါတီစတည်ထောင်သည့်နှစ်များတွင် PAN ပါတီ၏ အမျိုးသမီးများမြှင့်တင်ရေးကော်မရှင်၏ တာဝန်များတွင်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ပါတီပွဲတော်များတွင် အစားသောက်နေရာထိုင်ခင်းစီစဉ်ပေးရခြင်း၊ နိုင်ငံရေးမဲဆွယ်စည်းရုံးပွဲများတွင် လုပ်အားပေးခြင်း စသည်တို့ပါဝင်သည်။ မကြာသေးမီက ပါတီမှအသက်ပိုငယ်သောအမျိုးသမီးများသည် "အားမာန်နှင့်လုပ်တတ်သော၊ လတ်ဆတ်သော၊ သြဇာရှိသောတာဝန်များကိုလက်ခံရန်နောက်မတွန့်သော သက်ငယ် PAN ပါတီဝင်များမျိုးဆက်" ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသည်။

## ခ။ ပါတီတွင်းခွဲတမ်းပဏာ

PAN ပါတီသည် အမျိုးသမီးများအနေဖြင့် ပါတီဖွဲ့အစည်းပုံအဆင့်ဆင့်တွင် ကိုယ်စားပြုမှုရှိစေရန် မူဝါဒမြောက်များစွာ ချမှတ်ထားခဲ့သည်။ ပါတီ၏ သြဇာအရှိဆုံးသော ဆုံးဖြတ်ချက်ချသည့် အဖွဲ့များမှာ အမျိုးသားအဆင့် ကောင်စီ နှင့် အမျိုးသားအဆင့်အုပ်ချုပ်ရေးကော်မတီ ဖြစ်ပြီး ထိုနှစ်ဖွဲ့စလုံးတွင် အမျိုးသမီးအဖွဲ့ဝင် ရာခိုင်နှုန်း ၃၀ နှင့် အထက်တွင် ရှိသည်။ PAN ပါတီသည် ၎င်း၏ CEN၊ ပြည်နယ်ကော်မတီများနှင့် မြို့နယ်ကော်မတီများ အတွက် **ပါတီတွင်းခွဲတမ်းပမာဏ ၄၀ %** ကို ကျင့်သုံးခဲ့သည်။ သို့ရာတွင် ဤစံနှုန်းကို အပြည့်အဝပြည့်မီရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ PRIပါတီနှင့် PRD ပါတီအပါအဝင် မက္ကဆီကိုရှိ အခြားသောပါတီများ သည်လည်း ပါတီတွင်းခွဲတမ်းစနစ်များကို ကျင့်သုံးခဲ့ကြသည်။ ၂၀၀၁ ခုနှစ်တွင် PRI ပါတီသည် ပါတီ ဥပဒေစည်း မျဉ်းများ ၏ အပိုဒ် ၃၈ တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများ ရွေးချယ်ရာ၌ ကျားမတန်းတူညီမျှရေး ကို ထည့်သွင်းရန် ပြုပြင်ပြောင်းလဲခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် PRD သည် မိမိဆန္ဒအလျောက်ပေးသောပါတီတွင်း ခွဲတမ်းစနစ်ကို ပြဋ္ဌာန်းလိုက်သည်။

PAN ပါတီ၏ မြို့နယ်အဆင့်ကော်မတီကို ဒေသခံပါတီဝင်များက တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းသည် အမျိုးသမီးများအား ပါတီတွင်းဒေသအဆင့် ဖွဲ့စည်းပုံများတွင် ပိုမိုပါဝင်လာစေရန် အထောက်အကူ ပြုပါသည်။ ၎င်းတို့၏ဒေသခံ အသိုင်းအဝိုင်းများတွင် ခေါင်းဆောင်မှုစွမ်းရည်ကို ပြသနိုင်သည့်အမျိုးသမီးများသည် PAN ပါတီ၏ ပြည်နယ်နှင့် တစ်နိုင်ငံလုံးအဆင့် ကော်စီများက ခန့်အပ်သော တစ်နိုင်ငံလုံးအတိုင်းအတာ အုပ်ချုပ်ရေး ကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများရှိ အဖွဲ့ဝင်များထက် အခြားသောဒေသခံပါတီဝင်များ၏ အာရုံစိုက် မှုကို ပိုမိုရရှိကြသည်။

ခွဲတမ်းစနစ်နှင့် တိုက်ရိုက်ရွေးကောက်သည့်စနစ်သည် ဆုံးဖြတ်ချက်ချနိုင်သော အဆင့်အားလုံးအတွက် အမျိုးသမီးများ၏ ညီမျှသော ကိုယ်စားပြုမှုကို အာမခံမပေးနိုင်သော်လည်း ပါတီမူဝါဒများ၊ လမ်းစဉ်များနှင့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ သြဇာလွှမ်းမိုးမှုရှိသော PAN ပါတီ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဖွဲ့များ တွင် အမျိုးသမီးများ အချို့ရှိသည်။ ထို့အပြင် အကြမ်းရေးဆွဲထားသော ပါတီလမ်းစဉ်ကို ပါတီအမျိုးသမီးဌာနခွဲ ၏ အတွင်းရေးမှူးကို ပေးအပ်သည်။ သို့မှသာ ၎င်းကိုနောက်ဆုံးအတည်မပြုမီ သူမက ကျား၊ မ မှန်ဘီလူးဖြင့် ကြည့်ပြီး PAN အမျိုးသမီးများ စိုးရိမ်သောကရောက်နေသော အရေးကိစ္စများကို ထင်ဟပ်ထားကြောင်း သေချာစေရန် ဖြစ်သည်။ အရာရှိတစ်ဦး၏ ပြောစကားအရ "အမျိုးသမီးများသည် ပါတီလမ်းစဉ်၊ စီမံချက်များ၊ မူဝါဒများ၊ ထင်မြင်ချက်များနှင့် ပြည်သူ့အားဆွေးနွေးတိုင်ပင်မှုများတွင် အရေးကြီးပါသည်။ ထို့အပြင် ကိစ္စရပ် များကို မည်ကဲ့သို့ လုပ်မည်ကိုလည်း အမျိုးသမီးများနှင့် တိုင်ပင်ရန် အရေးကြီးသည်။"

## ၈။ နိုင်ငံရေးပါတီများ၏ ပြည်သူ့ငွေကြေးထောက်ပံ့မှု

PAN ပါတီနှင့် အခြားသောပါတီများသည် မက္ကဆီကိုနိုင်ငံ၏ COFIPE ၏ အပိုဒ် ၇၈ တွင် ဖော်ပြထားသော "နှစ်ရာခိုင်နှုန်းဥပဒေကို" ပြဌာန်းရာတွင် ပါဝင်ခဲ့ပြီး ၎င်းကို အသုံးချရန်လည်း ကြိုးပမ်းခဲ့သည်။ ဤအပိုဒ်အရ **နိုင်ငံရေးပါတီများ၏ပြည်သူ့မှပေးသောငွေကြေးမှ အနည်းဆုံး နှစ်ရာခိုင်နှုန်းကို** သင်တန်းပေးရန်၊ အမျိုးသမီးများ၏နိုင်ငံရေးခေါင်းဆောင်မှုကို မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအား ရည်ရွယ်ထားသည့် သီးသန့်ဖြစ်သော အစီအစဉ်များအတွက် အသုံးပြုရန် ခွင့်ပြုထားသည်။ ထိုငွေကြေးပမာဏမှာ အမျိုးသမီးများ၏နိုင်ငံရေး လိုအပ်ချက်များအားလုံးအတွက် မလုံလောက်သော်လည်း အဆိုပါဥပဒေက နိုင်ငံရေးပါတီများအနေဖြင့် အချို့သော အရင်းအမြစ်များကို အမျိုးသမီးများအား သင်တန်းပေးခြင်းနှင့် ပါတီအတွင်းတွင် ၎င်းတို့၏အခြေအနေများ ပုံမိုကောင်းမွန်စေရန်တို့တွက် မဖြစ်မနေ နှစ်မြှုပ်လုပ်ဆောင်စေသည်။ နိုင်ငံတော် ထောက်ပံ့ငွေကြေးများသည် အမျိုးသမီးများ၏ လိုအပ်ချက်အများအပြားအတွက် သုံးရန်သင့်တော်ပါသည်။ ဥပမာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အကောင်အထည်ဖော်ပေးခြင်း သို့မဟုတ် အမျိုးသမီးဌါနခွဲများအတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ပေးခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံတော်ထောက်ပံ့ငွေကြေးကို မည်ကဲ့သို့သုံးရမည်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ကို အစပိုင်းတွင် ပါတီဗဟိုရုံးမှ ချမှတ်ပြီးနောက်တွင် ပြည်နယ်အဆင့်ပါတီရုံးများ၏ အမျိုးသမီး ဌါနခွဲများက ဆုံးဖြတ်သည်။ သို့ရာတွင် ပါတီဗဟိုရုံးသည် ၎င်းငွေကြေးကို ခွဲဝေသုံးစွဲမှုကို သေချာစေရန် နောက်ထပ် အရေးယူဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော်နိုင်သည်။ ဥပမာ PAN ပါတီ၏ ပြည်နယ်ကော်မတီမှ သင်တန်းပေးမည့်လုပ်ငန်းနှင့်ပတ်သက်၍ ရေးဆွဲထားသောအစီအစဉ်များကို တင်ပြရခြင်း စသည်တို့ဖြစ်သည်။ ဤငွေကြေးကို မှန်မှန်ကန်ကန်မသုံးခဲ့သည့် အချို့သော PAN ပါတီပြည်နယ်ဘဏ္ဍာရေးမှူးသည် ရာထူးမှ ထုတ်ပယ်ခြင်း ခံခဲ့ရဖူးသည်။

## အကျိုးရလဒ်များ

COFIPE ၌ ခွဲတမ်းစနစ် ပြဌာန်းချက်များသည် အမျိုးသမီးများအား မက္ကဆီကိုနိုင်ငံရေးသို့ ခေါ်ဆောင်ရာတွင် အထောက်အကူ ပြုခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် ခွဲတမ်းစနစ်ကို မပြဌာန်းမီ မက္ကဆီကန်လွှတ်တော်နှစ်ရပ်လုံး၌ အမျိုးသမီး ၁၈ ရာခိုင်နှုန်းက နေရာယူထားသည်။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲများတွင် ၂၈ ရာခိုင်နှုန်းသော ရွေးကောက်ခံရသည့် ဥပဒေပြုအမတ်များမှာ အမျိုးသမီးများဖြစ်ကြသည်။

PAN ပါတီအတွင်းတွင် မြို့နယ်အဆင့်ပါတီရုံးများ၌ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည်လည်း ပါတီဝင် အမျိုးသမီးများ၏ ယုံကြည်ချက်နှင့် နိုင်ငံရေးစွမ်းရည်များကို တည်ဆောက်ပေးခဲ့သည်။ ၎င်းသည် ပြည်နယ်အဆင့်နှင့် တစ်နိုင်ငံလုံးအဆင့် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုပေါ်တွင် ဖြည်းညှင်းစွာ သက်ရောက်မှုရှိခဲ့သည်။ လက်ရှိတွင် PAN ပါတီ၏ ပြည်နယ်ဥပဒေပြုအမတ်များ၏ ၂၄.၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး ၎င်းသည် တစ်နိုင်ငံလုံးအတိုင်းအတာ ပျမ်းမျှရာခိုင်နှုန်း ၂၁.၄ ထက် မြင့်သည်။ ထို့အပြင် ပါတီတက်ကြွလှုပ်ရှားသူတစ်ဦးက ဒေသအဆင့်တွင် မိမိဆန္ဒအလျောက် အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် ရွေးကောက်ခံ ရာထူးနေရာများအတွက် ဝင်ရောက်အရွေးခံမှု ပိုများလာသောကြောင့် အမျိုးသမီးများကို "စေတနာ့ဝန်ထမ်းမှသည် ဆုံးဖြတ်ချက်ချမှတ်ရန် သင်ယူသောအဆင့်သို့" ပြောင်းလဲရန် အထောက်အကူဖြစ်စေသည်ဟု မြင်ကြောင်း ပြောခဲ့သည်။ နှစ်ရာခိုင်နှုန်းဥပဒေသည် အစိုးရ၏အောက်ခြေအဆင့်အမျိုးမျိုးတွင် ရှိသော သင်ယူပြီးသားအမျိုးသမီးများသည် အမျိုးသားအဆင့်နိုင်ငံရေးစင်မြင့်ပေါ်သို့ ရောက်ရှိရန် လမ်းကြောင်း

ကို အားကောင်းအောင် ပြုလုပ်ပေးလိမ့် မည်ဟု မျှော်လင့်သည်။ သို့ရာတွင် ဥပဒေအသစ်ဟူသည်မှာ ၎င်း၏ထိရောက်မှုကို အပြည့်အဝဆုံးဖြတ်နိုင်ရန် အချိန်ပေးရပေလိမ့်မည်။

## စိန်ခေါ်ချက်များနှင့် ရှေ့ခရီး

COFIPE တွင်ပါသော ခွဲတမ်းစနစ်ဥပဒေသည် ရွေးကောက်ပွဲတွင် ပါတီမှတင်ပြသော စာရင်း၏ ခွဲတမ်းအတွက်သာဖြစ်ပြီး၊ ခရိုင်များတွင် ရွေးကောက်ပွဲဝင်ရောက်မည့်သူများကို ရွေးချယ်ခြင်းနှင့်ပတ်သက်၍မူ သက်ရောက်မှုမရှိလှပါ။ မက္ကဆီကိုလွှတ်တော်တွင် နောက်ထပ်တွေ့ရသော စီးကြောင်းတစ်ခုမှာ အမျိုးသမီးများသည် သူတို့၏နေရာများတွင် တာဝန်ယူပြီးနောက် အမျိုးသားများလူစားထိုးများကို ပေးအပ်လိုက်ရသည်။ ၂၀၀၉ ခုနှစ် ဖွန်လရွေးကောက်ပွဲများအပြီး ကျန်းကျိန်မှုမလုပ်မီ နောက်ပိုင်းရက်သတ္တပတ်များတွင် အမျိုးသမီး ၁၁ ယောက်သည် လွှတ်တော်မှ အနားယူသွားခဲ့ပြီး ၎င်းတို့၏နေရာများကို အမျိုးသားများနှင့် အစားထိုးခံရသည်။ ဤကဲ့သို့ ရွေးကောက်ခံအမျိုးသမီးများအား အစားထိုးသည့်လုပ်ဆောင်ချက်ကို မှတ်တမ်းတင်ထားပြီး မက္ကဆီနိုင်ငံတစ်ဝှမ်းလုံးမှ အမျိုးသမီးတက်ကြွလှုပ်ရှားသူများ၊ ပညာရှင်များ၊ ဘက်မလိုက်သော ပြည့်သူ့ဝန်ထမ်းအရာရှိများမှ ပြင်းပြင်း ထန်ထန် ဝေဖန်ရှုံ့ချ ခံရသည်။ ဤကဲ့သို့ အပြင်ဘက်မှ လှုပ်ရှားသူများက ခွဲတမ်းစနစ်နှင့် နစ်ရာခိုင်နှုန်းဥပဒေ နှစ်ခုစလုံးအား ပိုမိုတင်းကျပ်ရန်နှင့် ကြီးကြပ်ရန် တောင်းဆိုလိုက်သည်။

၂၀၀၉ ခုနှစ်တွင် မက္ကဆီကန်ပြည်နယ် ၃၂ ပြည်နယ်မှ ၁၈ ပြည်နယ်သည် ပြည်နယ်ဥပဒေပြုရေးအဖွဲ့များအတွက်ခွဲတမ်းစနစ်များကို ပြဋ္ဌာန်းလိုက်ပြီး ၎င်းပြည်နယ်များမှ ရှိဟွာဟွာပြည်နယ်၊ အိုဆာကာပြည်နယ်၊ ဆိုနိုရာပြည်နယ်နှင့် ဆီနာလိုအာ ပြည်နယ်များသည် ၂၀၀၀ ခုနှစ်မှ စ၍ ဦးဆောင်ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ဒေသအဆင့် ခွဲတမ်းများနှင့်ပတ်သက်၍မူ အားနည်းများအမြောက်အများရှိသည်။ ၂၀၀၆ ခုနှစ်တွင် ဆိုနိုရာပြည်နယ်သည် ဥပဒေတွင်ရေးသားထားသည့်ပုံစံသည် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို အတားအဆီးဖြစ်စေသည်ဟုဆိုကာ ၎င်း၏ခွဲတမ်းစနစ်ကို စွန့်လွှတ်လိုက်လေသည်။ ၎င်းနည်းတူ မြို့နယ်အဆင့်တွင် ရွေးကောက်ခံရသော အမျိုးသမီးများသည် ဒေသန္တရအစိုးရရုံးများတွင် အလားတူအနိုင်ရမှုမျိုးကို မကြုံဘူးခဲ့ကြပါ။ မက္ကဆီကိုနိုင်ငံ၏ မြို့ဝန်များတွင် အမျိုးသမီးများသည် ၅ ရာခိုင်နှုန်းအောက်တွင် ဆက်လက်ရှိဆဲဖြစ်သည်။

မက္ကဆီကိုနိုင်ငံ၏ ပါတီတွင်းခွဲတမ်းစနစ်သည် အမျိုးသမီးများအတွက် မမှန်ကန်ဆုံးသော ရလဒ်များကို ထုတ်ပေးခဲ့သည်။ မက္ကဆီးကိုတွင် PRD ပါတီသည် ခွဲတမ်းစနစ်ကို ကျင့်သုံးခဲသည့် ပထမဦးဆုံးပါတီ ဖြစ်သော်လည်း ၁၉၉၇ ခုနှစ် တစ်ကြိမ်သာ အောင်မြင်ခဲ့သည်။ မက္ကဆီကိုပြည်နယ်ရှိ PAN ပါတီ ပြည်နယ်ကော်မတီတွင် စုစုပေါင်း ၁၀၇ ဦးတွင် အမျိုးသမီးအဖွဲ့ဝင် ၇ ယောက်သာရှိသည်။ ဤကဲ့သို့ အောက်ခြေအဆင့်တွင် အမျိုးသမီးများ မရှိခြင်းသည် တဖန် ပါတီ၏အထက်ပိုင်းအဆင့်များတွင်ရှိသည့် အမျိုးသမီးများ၏ အခွင့်အလမ်းများအတွက် အကန့်အသတ်ဖြစ်စေသည်။ ဖြေဆိုသူတစ်ဦးက PAN ပါတီတွင် တက်ကြွကြွလှုပ်ရှားနေသူ အမျိုးသမီးများသည် "အိမ်ထောင်မရှိသူ၊ တစ်ခုလပ် သို့မဟုတ် ကွာရှင်းထားသူ" များသည်ဟု ပြောခဲ့သည်။ ဤသည်က PAN ပါတီအနေဖြင့် ကျား၊ မ ကိစ္စကို အလေးထားကာ လုပ်သည့်အလေ့အကျင့်များကို လုံလုံလောက်လောက် မကျင့်သုံးခဲ့ကြောင်း ကိုပြသနေသည်။ မိသားစုများကို အဓိကစောင့်ရှောက်နေရသော အမျိုးသမီးများအား မိသားစုဘဝနှင့် နိုင်ငံရေးဘဝကို အချိုးညီစွာ လုပ်ကိုင်နိုင်ရန် ကူညီသင့်သည်။ သို့မှသာ

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

အမျိုးသမီးများသည် နိုင်ငံရေးနှင့်ဆိုင်သော အလုပ်အကိုင်များကို လုပ်ကိုရာတွင် အနှောက်အယှက်များ ကင်းဝေးမည် ဖြစ်သည်။

၎င်းခွဲတမ်းများကို ပြည့်မှီအောင်လုပ်ရာတွင် မတူကွဲပြားသော အမျိုးသမီးများပါဝင်စေရန် ခွဲတမ်းဥပဒေများက အာမခံချက်များ ပေးမထားပါ။ မက္ကဆီကိုနိုင်ငံတွင် အမျိုးသမီးနိုင်ငံရေးသမား အများစုသည် မြို့ပေါ်မှ ပညာတတ်များ များပြားပြီး အရင်းအမြစ်နည်းပါးပြီး ပညာတတ်နည်းပါသော တောမှအမျိုးသမီးများသည် စည်းစနစ်ကျသော နိုင်ငံရေးအခင်းလောကကို ဝင်ရောက်ရန် အခက်အခဲများ အများကြီးတွေ့ကြုံရသည်။ အကျိုးဆက်အနေဖြင့် ဒေသအဆင့်နှင့် တစ်နိုင်ငံလုံးအဆင့် ပြဿနာများအတွက် အဖြေရှာရာရန် သူတို့တွင် စွမ်းရည်များ မရှိ ဖြစ်တတ်သည်။

ထို့အပြင် လက်ရှိ ကျား၊ မ ခွဲတမ်းဥပဒေများနှင့် မူဝါဒများသည် မက္ကဆီကိုနိုင်ငံ၏ မူရင်းဌါနေတိုင်းရင်းသား ၁၂ သန်းနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည်။ ဌါနေတိုင်းရင်းသား လူဦးရေများသည့် မက္ကဆီကိုနိုင်ငံ၏ ပြည်နယ်များတွင် ကျင့်သုံးနေသော "အသုံးချမှုများနှင့်ဓလေ့ထုံးတမ်းများ" ဥပဒေသည် မိရိုးဖလာဌါနေတိုင်းရင်းသားများ၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံများ၊ အလေ့အကျင့်များအား ကာကွယ်ပေးထားသည်။ ၎င်းဌါနေတိုင်းရင်းသား လူမှုအသိုင်းအဝိုင်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်ဖွဲ့စည်းပုံများ၌ ထည့်သွင်းမသတ်မှတ်ထားသောကြောင့် အမျိုးသမီးများအတွက် ထပ်လောင်းစိန်ခေါ်မှု တစ်ရပ် ဖြစ်စေပါသည်။

ခြုံပြောရလျှင် မက္ကဆီကိုနိုင်ငံအဖြစ်အပျက်က ခွဲတမ်းပမာဏများသည် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို ဖြေရှင်းရန်အတွက် စတင်ဝင်ရောက်မှုတစ်ခုသာ ဖြစ်သည်။ ထိုခွဲတမ်းပမာဏများသည် ပိုမိုထိရောက်သော အားဖြည့်လုပ်ငန်းစဉ်များနှင့် အမျိုးသမီးများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း ရွေးကောက်ခံရရန်နှင့် ထိရောက်စွာအုပ်ချုပ်ရန် အထူးသဖြင့်ပြန်လည်ရွေးခံရရန်အတွက် လိုအပ်သည့်လူ့အရင်းအမြစ်နှင့် ငွေကြေးအရင်းအမြစ်လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်မည့် ပါတီမှဖြည့်စွက်နည်းလမ်းများကို ဆောင်ရွက်ပေးရန် လိုအပ်သည်။

## မော်ရိုကို။ ။ ပါတီမှရွေးကောက်ပွဲဝင်မည့်သူများခွဲတမ်းပမာဏကို မြှင့်တင်ပေးရန် ကဏ္ဍစုံတက်ကြွလှုပ်ရှားမှု



| **အဓိက စကားလုံးများ**<br>အမျိုးသမီးများ၏စည်းရုံးရေးလုပ်ဆောင်ချက်<br>ရွေးကောက်ပွဲဝင်မည့်သူ ခွဲတမ်းပမာဏ<br>ပါတီမူဝါဒများ | |
|---|---|
| **တစေ့တစောင်း။ ။ မော်ရိုကို** | |
| လွှတ်တော်အမည် | မော်ရိုကိုလွှတ်တော် |
| ပါလီမန်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (အကြံပေးလွှတ်တော်နှင့် ကိုယ်စားလှယ်လွှတ်တော်) |
| ရွေးကောက်ပွဲစနစ်အမျိုးအစား | အချိုးကျကိုစားပြုစနစ် (အောက်လွှတ်တော်) |
| ဥပဒေပြုရွေးကောက်ပွဲ | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ |
| ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက် (အောက်လွှတ်တော်) | ၃၉၅ နေရာတွင် ၆၇ နေရာ (၁၇%) |

ရောစပ်ထားသည့်နိုင်ငံရေးစနစ်ကို မော်ရိုကိုနိုင်ငံတွင် အတော်အသင့်ခိုင်မာသော ဘုရင်စနစ်နှင့် လွှတ်တော်နိုင်ငံရေးတို့ ပူးတွဲတည်ရှိနေသည့် ကျင်သုံးသည်။ အောက်လွှတ်တော်ကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး အထက်လွှတ်တော်ကို ဒေသကောင်စီများ၊ ကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်းနှင့် အလုပ်သမားသမဂ္ဂများမှ တဆင့်ခံ ရွေးကောက်တင်မြှောက်သည်။

အောက်လွှတ်တွင် ကိုယ်စားပြုသော ပါတီ ပေါင်း ၁၈ ပါတီရှိပြီး သူတို့ကို လွှတ်တော်တွင်းအုပ်စုငယ်များအဖြစ် ဖွဲ့စည်းထားသည်။ ဤပါတီများထဲမှ ပါတီ ၆ ခုမှာ ခုံနေရာ ၂၅ ခု သို့မဟုတ် ၎င်းထက် ပိုသည်။

၂၀၀၂ ခုနှစ်တွင် နိုင်ငံရေးပါတီများသည် အောက်လွှတ်တော်တွင် ခုံနေရာ ၃၀ (အမတ်ဦးရေ စုစုပေါင်း၏ ၁၀%) ကို တစ်နိုင်ငံလုံးအတိုင်းအတာစာရင်းများမှ အမျိုးသမီးများအတွက် ဖြည့်ပေးရန် ယာထားသည့် စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်း၏အကျိုးဆက်မှာ ၂၀၀၂ ခုနှစ်တွင် ရွေးကောက်ခံရသော လွှတ်တော်အမတ်များ၏ ၁၀.၇ ရာခိုင်နှုန်း၊ ၂၀၀၇ ခုနှစ်တွင် ၁၀.၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ ဤအချိုးအစား ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲမတိုင်မီ နှစ်ဆ ဖြစ်လာပြီး ခုံနေရာ ၆၀ ဖြစ်လာသည်။ အကျိုးဆက်အနေဖြင့် အမျိုးသမီးများက လွှတ်တော်တွင် ၁၇ ရာခိုင်နှုန်းကို ယူထားကြပြီး ဖြစ်သည်။ ထိုကဲ့သို့ သဘောတူညီချက် ရမထားသော အထက်လွှတ်တော်တွင် အမျိုးသမီး ၂ ရာခိုင်နှုန်းသာပါဝင်သည်။

ဤလေ့လာဆန်းစစ်ချက်သည် ပါတီတွင်းနှင့် ရွေးကောက်ပွဲအခြေအနေအရပ်ရပ်တွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက လုပ်ဆောင်ခဲ့သော နည်းလမ်းအချို့ကို တင်ပြထားသည်။ သို့သော် မော်ရိုကိုနိုင်ငံတွင် ၎င်းနည်းလမ်းများကိုသာ လုပ်ခဲ့ခြင်း မဟုတ်ပေ။ ဤလေ့လာဆန်းစစ်ချက်သည် အခြားသောအုပ်ချုပ်ရေးအဆင့်များမှာထက် ပိုမိုများပြားသည့် တစ်နိုင်ငံလုံးအဆင့်တွင်ရှိသော အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို အလေးပေးလေ့လာထားသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရခြင်း၏ ကျိုးကြောင်းဆီလျော်မှု

၂၀၀၄ ခုနှစ် အာရပ်ထိပ်သီးညီလာခံတွင် နိုင်ငံ့ခေါင်းဆောင်များသည် "နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု၊ အမျိုးသမီးများအခွင့်အရေးများနှင့် လူ့မှုအသိုင်းအဝိုင်းတွင်ရှိသည့် အမျိုးသမီးများ၏အဆင့်အတန်းကို မြှင့်တင်ရန်" ၎င်းတို့၏ သန္နိဋ္ဌာန်ချထားမှုကို ပြောကြားခဲ့သည်။ မော်ရိုကိုနိုင်ငံ၌ အမျိုးသမီးများ၏နိုင်ငံရေးနယ်ပယ်ရှိအနေအထားများနှင့် ပါဝင်မှုများမှာ လွန်ခဲ့သောဆယ်စုနှစ်တစ်ခုတာကာလအတွင်း ဒီမိုကရေစီကို ဦးတည်သည့် ယေဘုယျ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းရေးများနှင့်အတူ တိုးတက်လာသည်။ မော်ရိုကန်အစိုးရသည် ရွေးကောက်တင်မြှောက်ခံရသော ဖွဲ့စည်းပုံများတွင်ရှိသည့် အမျိုးသမီးများ၏ကိုယ်စားပြုမှုကို မြှင့်တင်ရန်နှင့် အမျိုးမျိုးသော ကျား၊ မ အခြေပြု ခွဲခြားဆက်ဆံမှုပုံစံအားလုံးကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချလုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့ ပြောကြားထားသည့် သန္နိဋ္ဌာန်များရှိပြီး၊ မကြာသေးမီနှစ်များက တိုးတက်မှုများရှိခဲ့သော်လည်း အမျိုးသမီးများ၏ နိုင်ငံရေးလောကတွင် ပူးပေါင်းပါဝင်မှုသည် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရဆဲ ဖြစ်သည်။

## အသုံးပြုခဲ့သော မဟာဗျူဟာများ

### က. အမျိုးသမီးများ၏ စည်းရုံးလှုံ့ဆော်မှု

မော်ရိုကိုအမျိုးသမီးများသည် နိုင်ငံရေးပါတီများ၏အမျိုးသမီးကဏ္ဍများတွင်ပါဝင်ခွင့်၊ ပါတီများနှင့်ဆက်စပ်နေသည့် သီးသန့်ရပ်တည်သောအဖွဲ့အစည်းများမှတဆင့်ပါဝင်ခွင့် အစရှိသည့် လူမှုရေးနှင့်နိုင်ငံရေးတွင် ပိုမိုပါဝင်ခွင့်ရရှိရန် နှစ်ပေါင်းများ ကြိုးပမ်းခဲ့ကြသည်။ သူတို့၏ တစ်စုတစ်စည်းတည်းပူပေါင်းအားထုတ်မှုများသည် ၂၀၀၃ခုနှစ်တွင် မိသားစုဥပဒေ(မူဒါဝန်နာ) ကို ပြုပြင်ပြောင်းလဲရေးကို ဖြစ်စေခဲ့သည် အရေးကြီးသည့် အချက်တစ်ချက် ဖြစ်ခဲ့သည်။ ၎င်းပြုပြင်ပြောင်းလဲရေးသည် ယခင်ဥပဒေတွင်ပါရှိသည့် အမျိုးသမီးများကို နှိမ်၍ရေး

ထားသောကြောင့် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသော ယဉ်ကျေးမှုနှင့် တရားစီရင်ရေး ခွဲခြားဆက်ဆံမှုပုံစံများကို ဖြေရှင်းပေးခဲ့သည်။ ထို့အပြင် ၎င်းသည် အမျိုးသမီးများ၏ လူမှုစီးပွါးရေးနှင့် နိုင်ငံရေး အဆင့်အတန်းများနှင့်သက်ဆိုင်သည့် အပြောင်းအလဲများအတွက် သတင်းအချက်အလက်များပေးခဲ့ပြီး ထိုအပြောင်းအလဲများမှလည်း ၎င်းအပေါ်တွင် လွှမ်းမိုးမှုများ ရှိခဲ့သည်။

အမျိုးသမီး အရပ်ဘက်အဖွဲ့အစည်းများနှင့် ပါတီဝင်များ၏ ညွန့်ပေါင်းအဖွဲ့များသည် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုနှင့် မော်ရိုကိုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးများအတွက်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ **ပြည့်သူ့နိုတိအသိအမြင်များ ကို မြှင့်တင်ရန်** လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းနှင့်ပြည်ပအမျိုးသမီးအဖွဲ့အစည်းများသည် အသိအမြင်ဖွင့်စည်းရုံးရေးပွဲများ၊ လူထုစည်းဝေးပွဲများနှင့် သင်ကြားပို့ချက်မှုများ၊ သင်တန်းပေးသည့်လုပ်ငန်းစဉ်များမှတဆင့် လူထုအသိအမြင်များကိုဖွင့်ပေးခြင်းနှင့် အမျိုးသမီးများ၏ကိုယ်စားပြုမှုနှင့်ပတ်သက်၍ မီဒီယာ၏အလေးဖော်ပြမှုကို တဖြည်းဖြည်းတည်ဆောက်ယူကာ အမျိုးသားအဆင့်ခွဲတမ်းစနစ်အတွက် ကိုယ်စားပြုအရေးဆိုရန် စီစဉ်ခဲ့သည်။ လူထုဟောပြောပွဲများကို အမျိုးသမီးများအား ဖယ်ကျဉ်ထားခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်ခွင့်နှင့် ခွဲတမ်းစနစ်၏ အခန်းကဏ္ဍနှင့် ပတ်သက်သော ကိစ္စရပ်များအပေါ်တွင် ပုံစံချဖွဲ့စည်းထားသည်။

အရပ်ဘက်နှင့်ပါတီခေါင်းဆောင်အမျိုးသမီးများသည် ၎င်းတို့၏ခွဲတမ်းနှင့်ပတ်သက်သော စည်းရုံးရေးပွဲများမှတဆင့် ပါတီကြီးများ၏အမျိုးသားခေါင်းဆောင်မှုပိုင်း၊ ဝန်ကြီးချုပ်နှင့် နန်းတော်တို့ကို စည်းရုံးရန် ကြိုးပမ်းမှုများတွင် အမျိုးသမီးများအားနည်းမျိုးစုံဖြင့်အကြမ်းဖက်မှုကို တိုက်ဖျက်ရေး သဘောတူစာချုပ် (CEDAW) ကဲ့သို့သော နိုင်ငံတကာသဘောတူစာချုပ်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မော်ရိုနိုင်ငံ၏ရပ်တည်ချက်ကို မြှင့်တင်ရန် အခွင့်အလမ်းစည်တို့ကို ကုတ်အားအဖြစ် အသုံးချခဲ့သည်။

## ခ။ ။ရွေးကောက်ပွဲခွဲတမ်းပမာဏများ

အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပူးပေါင်းပါဝင်ရေစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်ချက်များသည် အမျိုးသမီးအဖွဲ့အစည်းများက ပြုလုပ်သော ပူးတွဲကိုယ်စားပြုအရေးဆိုမှုစည်းရုံးပွဲများနှင့် တသားတည်းပေါင်းစည်းသွားခဲ့သည်။ နိုင်ငံရေးပါတီများ၏အမျိုးသမီးကဏ္ဍအဖွဲ့ ၂၀ ပါဝင်သော အမျိုးသားအဆင့်ကော်မတီနှင့် အမျိုးသမီးအခွင့်အရေးလှုပ်ရှားသည့် အဖွဲ့အစည်းများသည် အမျိုးသမီးများနိုင်ငံရေးတွင်ပိုမိုပါဝင်ခွင့်ပေးသည့် နိုင်ငံရေးနှင့်တရားဥပဒေ အဆိုပြုချက်များကို အားပေးထောက်ခံရန် ပါတီခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ပြည်သူလူထုအား လှုံ့ဆော်စည်းရုံးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အဆိုပါပူးတွဲကိုယ်စားပြုအရေးဆိုသည့် ကြိုးစားအားထုတ်မှုကြောင့် တစ်နိုင်ငံလုံးအအဆင့်စာရင်းတွင်ပေးထားသည့် အောက်လွှတ်တော်၌ နေရာ ၃၀ ကို အမျိုးသမီးများအတွက် ယာထားရန် နိုင်ငံရေးပါတီးများအကြားတွင် သဘောတူညီမှု ရခဲ့သည်။ ထိုခွဲတမ်းပမာဏကို ဥပဒေအဖြစ်တရားဝင် မပြဋ္ဌာန်းဘဲ၊ ၎င်းအစား နိုင်ငံရေးပါတီများအကြားတွင် "သဘောတူညီချက်" အဖြစ်သာ ရှိခဲ့သည်။

ထိုသဘောတူညီချက်ကို ထပ်မံအားဖြည့်ပေးသည့် အနေဖြင့် ၂၀၀၈ ခုနှစ်တွင် အစိုးမှ ၁၂ ရာခိုင်နှုန်း ကျား၊ မ ခွဲတမ်းပမဏကို ဒေသရွေးကောက်ပွဲများအတွက် ပြဋ္ဌာန်းလိုက်ပြီး ၎င်းကို နောက်တစ်နှစ်တွင် ကျင့်သုံးခဲ့သည်။ ဤအသစ်ထုတ်ပြန်လိုက်သေရွေးကောက်ပွဲဥပဒေ၏ တစ်စိတ်တစ်ဒေသအဖြစ် ဒေသကောင်စီများတွင် နောက်ထပ်နေရာများကို ထပ်ဖြည့်လိုက်ပြီး ပါတီများအတွက် သဘောတူထားသည့် စံနှုန်းကို ရောက်ရန် ဖြစ်နိုင်

ခြေ ပိုများလာသည်။ သမိုင်းဝင်ရွေးကောက်ပွဲတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ မှတ်သား လောက်သည့် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဒေသ ရွေးကောက်ခံအဖွဲ့များတွင် အမျိုးသမီးများ၏ ကိုယ်စားပြု မှုကို အနည်းဆုံး ၁၂ ရာခိုင်နှုန်းရှိရမည်ဟု ပြဌာန်းပြီးနောက် ၂၀၀၉ ခုနှစ် ဇွန်လတွင် အမျိုးသမီး ၃၄၀၀ သည် ဒေသရုံးဌာနများသို့ ရွေးကောက်ခံခဲ့ရသည်။

၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုက လွှတ်တော်ခုံအရေအတွက် ၃၉၅ နေရာ တွင် အမျိုးသမီးများအတွက် ယာထားသော တစ်နိုင်ငံအဆင့်ခုံအရေအတွက်ကို ၃၀ မှ ၆၀ (၁၅%) အထိ နှစ်ဆအထိ တိုးမြှင့်လိုက်သည်။ ခုံအရေအတွက်တိုးမြှင့်ရန်နှင့် မဲပေးသည့် ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့သည်။ ဤအပြောင်းအလဲများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီး အဖွဲ့အစည်းများ၏ တက်ကြွသောအခန်းကဏ္ဍတို့၏ အကျိုးဆက်အနေဖြင့် ပါလီမန်ရှိ အမျိုးသမီးအချိုးအစားမှာ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့ တိုးသွားခဲ့သည်။

## ၈။ ။ ပါတီမူဝါဒများ

မော်ရိုကိုနိုင်ငံ၏ ပြောင်းလဲသော နိုင်ငံရေး အခြေအနေများတွင် ကျော်ကြားသူများ၏ဆိုရှယ်လစ်ယူနီယံ (USFP) ပါတီသည် ပါတီတွင်းခွဲတမ်းစနစ်ကို ကျင့်သုံးခဲ့သည် ပထမဦးဆုံးပါတီဖြစ်ပြီး ၂၀၀၀ ခုနှစ် ခြောက်ကြိမ် မြောက် လွှတ်တော်တွင် ဒေသအဆင့်နှင့် တစ်နိုင်ငံလုံးအဆင့်ရှိ ပါတီ၏ ဘုတ်အဖွဲ့များအားလုံးနှင့် ခေါင်း ဆောင်ပိုင်းအဖွဲ့များတွင် ၂၀ ရာခိုင်နှုန်းခွဲတမ်းကို ကျင့်သုံးခဲ့သည်။ ပါတီသည် ရွေးကောက်ပွဲဝင်မည့်သူများစာ ရင်းတွင် အမျိုးသမီးကိုယ်စားပြုမှု ခွဲတမ်းပမာဏ ၂၀ ရာခိုင်နှုန်း ထားရှိခဲ့သည်။ ပါတီခေါင်းဆောင်မှုပိုင်း၏ အားပေးထောက်ခံမှုကိုရရှိရန် ပါတီမှအမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အမျိုးသမီးအခွင့် အရေးများတိုးမြှင့်ရရှိရေး၊ အမျိုးသမီးများနိုင်ငံရေးတွင် အပြည့်အဝပါဝင်ခွင့်ရရေး စသည့်စည်ရုံးရေးလုပ်ငန်း များကို ကျားမတန်းတူညီမျှရေး၊ ဒီမိုကရေစီတိုးတက်ခိုင်မာလာရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပြောဆို ဆွေးနွေးမှုများ၊ မော်ရိုကိုနှင့်နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ဆက်ဆံရေးများကို မြှင့်တင်ခြင်း စသည်တို့ နှင့် ချိတ်ဆက်ပေးနိုင်ခဲ့သည်။ USFP အပြင်၊ Istiqlal ပါတီသည်လည်း ၎င်းတို့၏တစ်နိုင်ငံလုံးအဆင့် စာရင်းများ တွင် အမျိုးသမီးများနေရာ ရရှိစေရန် ရွေးချယ်မှုအရည်အချင်းများကို ချမှတ်ခဲ့သည်။ မော်ရိုကိုနိုင်ငံရှိ နိုင်ငံရေး ပါတီကြီးအများစုသည် အမျိုးသမီးများ၏အရေးကိစ္စများနှင့် ပါတီဝင်အမျိုးသမီးများ၏လိုအပ်ချက်များကို ဖြေရှင်းပေးရန် **အမျိုးသမီးအဖွဲ့ခွဲများ သို့မဟုတ် အလားတူပါတီတွင်းဖွဲ့စည်းပုံများ**ကို တည်ထောင်ခဲ့သည်။ ဥပမာ တိုးတက်ရေးနှင့်ဆိုရှယ်လစ်စနစ်ပါတီ (PPS) သည် ပါတီ၏ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ကိုယ်စားပြုမှုရှိစေရန် တန်းတူညီမျှရေးကောင်စီကို ဖန်တီးခဲ့သည်။ USFP ပါတီသည် ၎င်းတို့၏ ပါတီမူဝါဒလမ်းစဉ်တွင် အမျိုးသမီးများ၏အခွင့်အရေးများကို ထင်ဟပ်နိုင်ရေးအတွက် မော်ရိုကိုအမျိုသမီးများ နှင့် နိုင်ငံခြားသားအမျိုးသားများမှပေါက်ဖွားလာသော သားသမီးများ၏ အခွင့်အရေးကို အာမခံပေးနိုင်သည့် နိုင်ငံသားဥပဒေ ကဲ့သို့သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။ အခြားသောပါတီများကလည်း သူတို့၏ မဲဆန္ဒနယ်များကို တုန့်ပြန်သည့်အနေဖြင့် အမျိုသမီးများကိုစွမ်းအားမြှင့်တင်ပေးသည်ဟု ယူဆနိုင် သည့် အလားတူမဟာဗျူဟာများကို ဆောင်ရွက်ခဲ့သည်။

## ရလဒ်များနှင့်ရှေ့ခရီး

ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာနှင့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် အမျိုးသမီးများအတွက် နေရာယာထားရေးကို တရားဝင်ဖြစ်စေရေးဆောင်ရွက်ချက်များသည် မောရိုနိုင်ငံတွင် အမျိုးသမီးများနိုင်ငံရေးပါဝင်ခွင့် ရရှိစေခဲ့သည်။ အမျိုးသမီးများအတွက် နေရာယာထားသည့် သဘောတူညီချက်မတိုင်မီ အောက်လွှတ်တော်တွင် အမျိုးသမီးနှစ်ဦးသာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထိုအချိန်တွင် ၂၀၀၉ ခုနှစ် ဒေသန္တရရွေးကောက်ပွဲများ ဒေသအဆင့်ခွဲတမ်းပမာဏ ရွေးကောက်ခံအမျိုးသမီးကောင်စီဝင်အရေအတွက် ၁၂၇ ဦးမှ ၃၄၀၀ အထက်အထိ ခုန်တက်သွားစေခဲ့ပြီး မျှော်မှန်းချက်ထက်ကျော်လွန်သွားခဲ့သည်။ အမျိုးသမီးများသည် ကောင်စီနေရာစုစုပေါင်း၏ ၁၂.၄ ရာခိုင်နှုန်း ပါဝင်လာသည်။ ခြုံပြောရလျှင် ခွဲတမ်းစနစ်သည် နိုင်ငံပါတီများအားလုံးမှ အမျိုးသမီး ၂၀၀၀ ကျော်အတွက် ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအဖြစ် အရွေးခံရန် စိတ်အားတက်စေသည့်အချက် ဖြစ်သည်။

ခွဲတမ်းစနစ်အပေါ်တွင် မှီခိုအားထားခြင်းသည် အားကောင်းသော်လည်း အခြားသောနည်းများများဖြင့် အမျိုးသမီးများ၏နိုင်ငံရေးပါဝင်မှုကို မြှင့်တင်ရန် တစ်စိတ်တစ်ဒေသအနေဖြင့် ဖြည့်စွက်မဟာဗျူဟာများ သို့မဟုတ် မူဝါဒများ မရှိသောကြောင့် ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးပါတီငွေကြေးအမြောက်အများသည် ပြည်သူ့ဘဏ္ဍာငွေထောက်ပံ့ရေး အစီအစဉ်မှ လာသည်။ ၎င်းပြည်သူ့ငွေကြေးများကို မည်ကဲ့သို့သုံးစွဲမည်ကို ပါတီ၏ အမျိုးသားခေါင်းဆောင်မှုပိုင်း၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်နေဆဲဖြစ်ပြီး ရွေးကောက်ပွဲဝင်ရောက်မည့် အမျိုးသမီးများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးခြင်းများ အောင်မြင်အောင်လုပ်ရန် လိုအပ်သည့်ငွေကြေးများ ရရှိရန်သေချာစေမည့် လုပ်ငန်းစဉ်များ မရှိကြပေ။

နိုင်ငံရေးပါတီများအကြား သဘောတူညီချက်များမှတဆင့် အမျိုးသမီးများ၏တိုးတက်မှုသည် မော်ရိုကိုနိုင်ငံ၏ နိုင်ငံ ရေးပါတီများအားလုံး၌ အမျိုးသမီးများ၏ခေါင်းဆောင်မှုပိုင်းအတွက် ပန္နက်ရိုက်ထားခဲ့သည်။ မော်ရိုကိုနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးသည် ရှေ့ဆက်သွားသည်နှင့်အမျှ နိုင်ငံရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သက်ရောက်မှု အားကောင်းစေရန် ဤပါတီဖွဲ့စည်းပုံများသည် အနေအထား မှန်ကန်စွာ တည်ရှိနေပေလိမ့်မည်။ ဒေသအဆင့်တွင် ရွေးကောက်ခံရပြီးသား၊ ပါတီလမ်းစဉ်များ အတွင်းမှ လုပ်ကိုင်ရန်ကြိုးပမ်းသော အမျိုးသမီးများသည် ခွဲတမ်းစနစ်များ ပိုမိုခိုင်မာစေရန်နှင့် အောက်ခြေလူထုမှလာသော အခြားမူဝါဒများအတွက် ကိုယ်စားပြုအရေးဆိုသည့် လုပ်ဆောင်ချက်များကို ဦးဆောင်နိုင်ပေလိမ့်မည်။

## ပီရူး။ ။ကိုတာစနစ်အတွက် အမျိုးသမီးဖိုရမ်မှ ကိုယ်စားပြုအရေးဆိုခြင်း။

"အမျိုးသမီးဖိုရမ်သည် ဒေသတွင်းခွဲတမ်းပမဏအသစ်များကို တစ်နိုင်ငံလုံးအဆင့် ခွဲတမ်းတစ်ရပ်ဖြစ်လာစေရေးအတွက် ကိုယ်စားပြုအရေးဆိုရန် အသုံးချနိုင်ခဲ့သည်။"

မက္ကဆီကိုဖြစ်စဉ်တွင် ဖော်ပြခဲ့သကဲ့သို့ပင် ၁၉၉၀ ခုနှစ်များတွင် လက်တင်အမေရိကတွင် အမျိုးသမီးများအတွက် ပိုမိုကြီးမားသောနိုင်ငံရေးအခွင့်အလမ်းများ ဖန်တီးရန်လိုအပ်ကြောင်း၊ ခွဲတမ်းစနစ်ဥပဒေများ၏ရိုက်ခတ်မှုများနှင့် အကျိုးဆက်အနေဖြင့် ခွဲတမ်းများကို ပြဋ္ဌာန်းလိုက်ကြောင်း တဖြည်းဖြည်းသိလာကြလေသည်။ ၁၉၉၄ ခုနှစ်တွင် ပီရူးနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများ၏ ညွန်းပေါင်းအဖွဲ့က အမျိုးသမီးဖိုရမ်သည် ဒေသတွင်းခွဲတမ်းပမဏအသစ်များကို အသုံးပြုကာ တစ်နိုင်လုံအဆင့်ခွဲတမ်းစနစ်တစ်ရပ်အတွက် ကိုယ်စားပြုအရေးဆိုရန်နှင့် ပါတီမှ အမျိုးသမီးကိုယ်စားပြုလုပ်ရှားသူများ၏ အားပေးထောက်ခံမှုကို ရယူကာ ခွဲတမ်းဥပဒေတစ်ရပ်နှင့်ပတ်သက်၍ လွှတ်တော်ဆွေးနွေးပွဲများကို ပါတီမှထောက်ခံပေးရန် ယခင်သမ္မတဟောင်းဖြစ်သူ ဖူဂျီမိုရီကို စည်းရုံးနိုင်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးပါတီများမှ အမျိုးသမီးခေါင်းဆောင်များ၏ ပူးပေါင်းအားထုတ်မှုများသည် ၂၅ ရာခိုင်နှုန်း ခွဲတမ်းဥပဒေကို ပါတီစာရင်းများအတွက် အောင်မြင်စွာပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့နောက် တစ်နိုင်ငံလုံးအဆင့်၊ မြို့နယ်အဆင့်နှင့် ဒေသအဆင့်ရွေးကောက်ပွဲများအတွက် တရားဥပဒေအရ ခွဲတမ်းပမာဏကို ၃၀ ရာခိုင်နှုန်းအထိ တိုးချဲ့လိုက်နိုင်သည်။ ခွဲတမ်းစနစ်နှင့်မညီညွှတ်သော ပါတီများသည် စရင်များကို ငြင်းပယ်ခံရနိုင်သည်။ ခွဲတမ်းစနစ်ကို အားဖြည့်ပေးမည့်လုပ်ငန်းစဉ်တစ်ရပ်ကို ကျင့်သုံးရန်ရမည်ဖြစ်သော်လည်း ခွဲတမ်းပမာဏများကို ပြဋ္ဌာန်းလိုက်ခြင်းသည် လွှတ်တော်၌ အမျိုးသမီးအရေအတွက် အများကြီးတိုးမြင့်လာစေရန် လမ်းဖွင့်ပေးလိုက်သည်။ ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲများတွင် အမျိုးသမီး ၁၁ % မှ ၂၉ % အထိ ရှိလာသည်။

## ရဝမ်ဒါ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားကို အသုံးပြုလျက် အမျိုးသမီးများ၏ ပဋိပက္ခအလွန်ကာလ တိုးတက်မှုများကို မူဘောင်သွင်းခြင်း။



| **အဓိကစကားလုံးများ** | |
|---|---|
| မိမိဆန္ဒအလျောက်နှင့် တရားဥပဒေပြုထားသော ခွဲတမ်းစနစ်<br>အမျိုးသမီးများ လှုံ့ဆော်စည်းရုံးမှုများ | |
| **တစေ့တစောင်း။ ။ရဝမ်ဒါ** | |
| လွှတ်တော်အမည်။ | ရဝမ်ဒါလွှတ်တော် |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (ဆီးနိတ်နှင့် ဒုအရာရှိများလွှတ်တော်) |
| ရွေးကောက်ပွဲ အမျိုးအစား | အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်နှင့်<br>သတ်မှတ်ထားသော နေရာများ (အောက်လွှတ်တော်) |
| ဥပဒေပြုရွေးကောက်ပွဲ | ၂၀၀၈ ခုနှစ် စက်တင်ဘာလ |
| ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက် | ၈၀ တွင် ၄၅ နေရာ (၅၆.၃%) |

### နောက်ခံအကြောင်းအရာ

ရဝမ်ဒါသည် ၁၉၉၀ ခုနှစ်အစောပိုင်းတွင် ပြည်တွင်းစစ်ဒဏ်နှင့် ၁၉၉၄ ခုနှစ်တွင် လူမျိုးတုံးသတ် ဖြတ်မှုဒဏ်များကို ခါးစည်းခံခဲ့ရသည်။ ရဝမ်ဒန်မျိုးချစ်တပ်ဦး (RPF)သည် ယခုအချိန်တွင် နိုင်ငံရေးပါတီတစ်ရပ် အဖြစ်ပြောင်းလဲပြီး ရဝမ်ဒါနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ၎င်းသည် ခက်ခဲကြမ်းတမ်းပြီး၊ စဉ်ဆက်မပြတ်လုပ်ရမည့်တာဝန်တစ်ရပ်ဖြစ်သော နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် သမ္မတ ကာဂိမ်း သည်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

လူမျိုးတုံးသတ်ဖြတ်မှုပြီးသည့်အချိန်မှစ၍ ပထမဦးဆုံးနိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဤတာဝန်ကို နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ်ဖြင့် ပြန်လည်ရရှိခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ရဝမ်ဒါနိုင်ငံသည် ကမ္ဘာပေါ်တွင် အောက်လွှတ်တော်၌ အမျိုးသမီးအများစုကို ရွေးကောက်တင်မြှောက်ခဲ့သည့် ပထမဦးဆုံးနိုင်ငံဖြစ်ပြီး အမျိုးသမီးများသည် လွှတ်တော်နေရာများ၏ ၅၆ ရာခိုင်နှုန်းကို ယူနိုင်ခဲ့သည်။ ဤအောင်မြင်မှုသည် လူထုဘဝတွင် အမျိုးသမီးများ၏ပါဝင်မှုကို အားပေးရန် လူမျိုးတုံးသတ်ဖြတ်မှုအလွန်ကာလ ကြိုးပမ်းလုပ်ဆောင်မှုများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အာမခံပေးထားသော ခွဲတမ်းစနစ်ကြောင့် ဖြစ်သည်။ သို့ရာတွင် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေမှု အပိုင်းဖြင့် ရဝမ်ဒါနိုင်ငံ၏ ခေါင်းဆောင်မှုကဏ္ဍကို ဆုံးဖြတ်မည်ဆိုပါက ဒီမိုကရေစီအနယ်ကျစေရန်ကြိုးပမ်းရာ၌ ကြုံတွေ့ခဲ့ရသော နိုင်ငံ၏ကျယ်ပြန့်နက်နဲသည့် စိန်ခေါ်မှုများ အနေအထားကို နားလည်ရမည် ဖြစ်သည်။

ဤလေ့လာဆန်းစစ်ချက်သည် အမျိုးသမီးများ၏နိုင်ငံရေးစွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရဝမ်ဒါမျိုးချစ်တပ်ဦးမှ လုပ်ဆောင်ခဲ့သော မဟာဗျူဟာအချို့ကို တင်ပြထားသည်။ ဤလေ့လာဆန်းစစ်ချက်သည် အမျိုးသမီးတက်ကြွလှုပ်ရှားသူများနှင့် အမျိုးသားခေါင်းဆောင်များ၏ အားပေးထောက်ခံမှုတို့ ပေါင်းစည်းအားများသည် အမျိုးသမီးများအတွက် ယာထားနေရာများနှင့် ပါတီတွင်းခွဲတမ်းစနစ်ကို ပြဋ္ဌာန်းစေရန် မည်ကဲ့သို့ ဆောင်ကျဉ်းပေးခဲ့ပုံကို ပြထားသည်။ အကျိုးဆက်အနေဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရဝမ်ဒါနိုင်ငံတွင် ၎င်း၏အောက်လွှတ်တော်၌ အမြင့်ဆုံးသော အမျိုးသမီးအချိုးအစား ရှိလာသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို တိုးမြှင့်ရခြင်း၏ကျိုးကြောင်းညီညွတ်မှု

အမျိုးသမီးများ၏နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုအား အားပေးထောက်ခံမှုကို ၁၉၉၄ - ၂၀၀၃ ခုနှစ် လွှတ်မြောက်ရေးကာလအထိ ခြေရာခံတွေ့နိုင်သည်။ အပြောင်းအလဲကာလတွင် လွှတ်တော်အမတ်များကို တိုက်ရိုက်ရွေးကောက်မတင်မြှောက်ဘဲ နိုင်ငံရေးပါတီများမှ ခန့်အပ်ကြသည်။ RPF ပါတီသည် အလှည့်ကျ ၎င်း၏ခွဲတမ်းလွှတ်တော်နေရာများ၏ ၅၀ ရာခိုင်နှုန်းခန့်ကို အမျိုးသမီးများအား ခန့်အပ်ခဲ့သည်။ စောင့်ကြည့်လေ့လာသူတစ်ဦး၏ပြောစကားအရ ဤပါတီအမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် တော်လှန်ရေးလှုပ်ရှားမှုများအာဏာရလာသောအချိန်တွင် အမျိုးသမီးများသည် နိုင်ငံရေး ဖယ်ကျဉ်ခံရကြောင်းကို အာဖရိကရှိနိုင်ငံအချို့တွင် ဖြစ်ခဲ့သော ဖြစ်စဉ်သာဓကများမှတဆင့် သိခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အမျိုးသမီးများသည် ရဝမ်ဒါနိုင်ငံအားထိုလမ်းကြောင်းသို့ မလိုက်မိစေရန်အတွက် ကာကွယ်ရန် စီစဉ်ခဲ့ပြီး ရဝမ်ဒါဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ၃၀ ရာခိုင်နှုန်းခွဲတမ်းကို ထည့်သွင်းရေးဆွဲရန်အတွက် အောင်မြင်စွာ ကိုယ်စားပြုအရေးဆိုနိုင်ခဲ့သည်။

လူမျိုးတုံးသတ်ဖြတ်မှုနှင့် ၎င်း၏နောက်ပိုင်းအကျိုးဆက်များသည်လည်း ရဝမ်ဒါအစိုးရက အမျိုးသမီးခေါင်းဆောင်မှုပိုင်းအားမြှင့်တင်ရာတွင် သက်ရောက်မှုတစ်စုံတစ်ရာ ရှိခဲ့သည်။ လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်ပြီးချက်ချင်းကာလတွင် လူမှုရေးအခက်အခဲပြဿနာကြီးကြီးမားမားဖြစ်ခဲ့ပြီး အသက်မသေဘဲ လွတ်မြောက်ခဲ့သူများ၏

အများစုမှာ အမျိုးသမီးများ ဖြစ်သည်။ အမျိုးသမီးများသည် စီးပွါးရေးနှင့်လူမှုရေးတာဝန်အသစ်များကို ယူလာရပြီး ပြောရလျှင် မိသားစုများနှင့် နိုင်ငံပြန်လည်တည်ဆောက်ခြင်းများတွင် တာဝန်အသစ်များ ယူလာရသည်။ အမျိုးသမီးများသည် အစိုးရတာဝန်များကို မလွှဲမရှောင်သာယူလာရပြီး ဦးစားပေးဖြေရှင်းရမည့်နိုင်ငံရေးကိစ္စရပ်များကို ဖော်ဆောင်ရာတွင် ပြောရေးဆိုခွင့်ရှိလာသည်။ လူမျိုးတုံးသတ်ဖြတ်မှုနောက်ပိုင်း ရဝမ်ဒါနိုင်ငံတွင် အစိုးရအဖွဲ့၌အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုသည် ပေါ်ပေါက်လာသော တာဝန်အသစ်များကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

အကြမ်းဖက်မှုပြီးဆုံးပြီးနောက် အသိုင်းအဝိုင်းများကို ပြန်လည်တည် ဆောက်ရာတွင် ကျူးလွန်ခဲ့သူများ၏ ဇနီးမယားများနှင့်အတူအလုပ်လုပ်ကြသည့် လူမျိုးတုံးသတ်ဖြတ်ခံရမှုကြောင့် တခုလပ်ဖြစ်ခဲ့သော အမျိုးသမီးများကို နိုင်ငံအတွက်စံပြပုဂ္ဂိုလ်များအဖြစ် ပြသခဲ့သည်။ လူမျိုးတုန်းသတ်ဖြတ်မှုနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးရန် တည်ထောင်ခဲ့သည့် အဓိကအဖွဲ့အစည်းများဖြစ်သော ဥပမာ စည်းလုံးမှုနှင့်ရင်ကြားစေ့ရေးကော်မရှင်နှင့် ဂါကာကာတရားရုံးများကို အမျိုးသမီးများက ဦးဆောင်ခဲ့ကြသည်။ စစ်၊ အကြမ်းဖက်မှုနှင့် ရွှေ့ပြောင်းနေရာချထားခြင်းများသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုအဆောက်အအုံကို ဖျက်ဆီးနိုင်ပြီး၊ လူမှုအပြောင်းအလဲများအတွက်လည်း လမ်းစများဖွင့်ပေးလေသည်။ ဤအရာသည် ရဝမ်ဒါရှိအမျိုးသမီးများအတွက် အမှန်တရားတစ်ရပ် ဖြစ်ခဲ့သည်။

## အသုံးပြုခဲ့သောမဟာဗျူဟာများ

### က။ ။အမျိုးသမီးများ၏လုံ့ဆော်စည်းရုံးမှု

နိုင်ငံ၏ငြိမ်းချမ်းရေးသို့အပြောင်းအလဲခရီးလမ်းတွင် ရဝမ်ဒါအမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် **နိုင်ငံရေးခေါင်းဆောင်များ၏ ပြောကြားခဲ့သောသန္နိဋ္ဌာန်များကိုမှုဘောင်သွင်းရန်**နှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏အလွှာအဆင့်ဆင့်တွင် တန်းတူကိုယ်စားပြုပြုခွင့်ဆက်လက်ရရှိစေရေးကို သေချာစေရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ RPF ပါတီသည် ခွဲတမ်းစနစ်ကို ထောက်ခံအားပေးခဲ့ပြီး နိုင်ငံရေးခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများ၏အတွေ့အကြုံများကို တည်ဆောက်ပေးရန်နှင့် မဲဆန္ဒရှင်များကို ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများနှင့်အကျွမ်းတဝင်ရှိစေရန် နှစ်မြှုပ်လုပ်ဆောင်ခဲ့သည်။

ရဝမ်ဒါနိုင်ငံရေးပါတီများက အမျိုးသမီးများအတွက်နိုင်ငံရေးတန်းတူညီမျှမှုရှိရေးအတွက် လုပ်ဆောင်ခဲ့သောအားစိုက်ထုတ်မှုများသည် အထွေထွေဖွဲ့စည်းအုပ်ချုပ်ပုံတွင် ခွဲတမ်းစနစ်ကိုထည့်သွင်းရေးဆွဲရန်နှင့် အမျိုးသမီးများအနေဖြင့် နိုင်ငံရေးသြဇာကြီးမားသော ရာထူးများကို ရယူနိုင်ရန်အတွက် အလားအလာများကို တိုးမြင့်လာစေခဲ့သည်။ RPF ၏ အဆိုပါအမျိုးသမီးများထောက်ခံအားပေးသည့်လုပ်ရပ်သည် အခြားသောပါတီများအားၿငင်းနည်းတူလိုက်လုပ်စေရန် ပြုလုပ်ခဲ့ပြီး၊ အထူးသဖြင့် ရဝမ်ဒါနိုင်ငံ၏ မဲဆန္ဒရှင်များတွင် အမျိုးသမီးအများစုဖြစ်၍လည်း ဤသို့လိုက်လုပ်ခဲ့ရသည်။ အကယ်၍သာ အခြားသောပါတီများက ဤပြုပြင်ပြောင်းလဲမှုများကို လိုက်မလုပ်ခဲ့ သို့မဟုတ် အမျိုးသမီးများအား အရေးကြီးသောနေရာများကို ပေးရန်ငြင်းပယ်ခဲ့ပါက ၎င်းတို့သည် နိုင်ငံရေးအရ ဖယ်ကျဉ်ခံရနိုင်သော အန္တရာယ်များ ကြုံတွေ့နိုင်သည်။

သမ္မတ ကာဂိမ်း၏ ခေါင်းဆောင်မှုနှင့် RPF ပါတီ၏ ၎င်းအရေးကိစ္စနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များသည် အောက်ခြေမှအမျိုးသမီးအဖွဲ့များနှင့် နိုင်ငံရေးပါတီများရှိ အမျိုးသမီးများမှ ပြုလုပ်သည့် **ကိုယ်စားပြုအရေး**

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

**ဆိုသည့်စည်းရုံးမှု**နှင့် လိုက်ဖက်ညီခဲ့သည်။ အမျိုးသမီးလှုပ်ရှားမှုများသည် ထိုကဲ့သို့လူမျိုးတုံးသတ်ဖြတ်မှုနောက်ပိုင်း နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အဓိကကျသောအခန်းကဏ္ဍများတွင် ပါဝင်လှုပ်ရှားနေသည့် အမျိုးသမီးများ နိုင်ငံစနစ်သစ်၏တစ်စိတ်တစ်ဒေသတွင် ပါဝင်နေစေရေးကို သေချာစေခဲ့သည်။ အမျိုးသမီးအဖွဲ့အစည်းများက သမ္မတကာဂိမ်း၏ ထောက်ခံမှုသည် အရေးပါတန်ဖိုးရှိသော်လည်း အမြဲတမ်းကျား၊မတန်းတူညီမျှမှုမူဝါဒများကို နိုင်ငံခေါင်းဆောင်မှုပိုင်းမှ အမြဲတမ်းထောက်ခံနေလိမ့်မည်ဟု မယူဆနိုင်ကြောင်း သဘောပေါက်ခဲ့သည်။ ထို့ကြောင့် သူတို့သည် အမျိုးသမီးများ၏အခွင့်အရေးများကို ဥပဒေအရပြဋ္ဌာန်းပေးရန် တွန်းအားပေးခဲ့သည်။ ရဝမ်ဒါနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများကို အမျိုးသမီးများထောက်ခံရေး/တွီစီဟန်မွီး အပေါ်မှ အဖွဲ့အစည်းကြီးတစ်ခုမှ ကိုယ်စားပြုထားပြီး ၎င်းသည် အစိုးရ၊ အမျိုးသမီးခေါင်းဆောင်များနှင့် နီးကပ်စွာ အလုပ်လုပ်ကြသည်။ အရပ်ဘက်အဖွဲ့အစည်းများမှ အမျိုးသမီးခေါင်းဆောင်များသည် ရဝမ်ဒါနိုင်ငံရှိ အမျိုးသမီးများ၏ တရားဥပဒေဆိုင်ရာရပ်တည်မှုကို မြှင့်တင်ပေးခဲ့သည့် မကြာသေးမီအချိန်အတွင်းမှ ပြုပြင်ပြောင်းလဲရေးတော်တော်များများအတွက် ကိုယ်စားပြုအရေးဆိုခဲ့သည်။ ထိုဥပဒေဆိုင်ရာရည်တည်မှုများတွင် အမွေဥပဒေ၊ မုဒိမ်းမှုကျူးလွန်ခြင်းနှင့်ကျား၊မ အခြေပြုအကြမ်းဖက်မှုကို ဥပဒေအရအရေးယူခြင်းအပြင် ၂၀၀၃ ခုနှစ် ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ခွဲတမ်းစနစ်တို့ ဖြစ်သည်။

## ခ။ ။အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုအတွက် အစိုးရလုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခြင်း။

လူမျိုးတုံးသတ်ဖြတ်မှုအပြီး ပထမဦးဆုံးသောအစိုးရသည် အစိုးရ၏အလွှာအသီးသီးတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်ခွင့်အတွက် အခြေခံအုတ်မြစ်ချရန် လုပ်ထုံးလုပ်နည်းများကို တည်ဆောက်ခဲ့သည်။ **အမျိုးသမီးကောင်စီများစနစ်** ကို အစိုးရအလွှာအသီးသီးမှ တစ်လွှာချင်း၊ တစ်ဆင့်ချင်းဖြစ်သော အိမ်နီးနားချင်းအဆင့်မှသည် တစ်နိုင်ငံလုံးအဆင့်အထိ ကျင့်သုံးခဲ့သည်။ စဦးပိုင်းတွင် အမျိုးသမီးကောင်စီ၏ အဆင့်တစ်ဆင့်စီမှ ကိုယ်စားလှယ်တစ်ဦးသည် ထိုအဆင့်၏ အရာရှိကောင်စီတွင် ယာထားသတ်မှတ်ထားသော နေရာတစ်နေရာစီရသည်။ ဤနည်းအားဖြင့် အမျိုးသမီးကောင်စီများနှင့် အစိုးရအကြား အဆက်အစပ်ကို ဖန်တီးထားခဲ့သည်။ အမျိုးသမီးကောင်စီသည် အမျိုးသီးများအတွက် ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိုင်းအဝိုင်းအသီးသီးတွင် အားပေးထောက်ခံမှုရရှိစေရန် အခွင့်အလမ်းများ ပြုလုပ်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ ခွဲတမ်းစနစ်ကို ပြဋ္ဌာန်းပြီး လွှတ်တော်တွင် ၃၀ ရာခိုင်နှုန်းသော နေရာများကို အမျိုးသမီးများအတွက်ယာထားပြီးသောအခါ ၎င်းနေရာများကို တည်ရှိနေသော အမျိုးသမီးကောင်စီစနစ်မှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ရဝမ်ဒါနိုင်ငံတွင် အမျိုးသမီးကောင်စီများအပြင် အမျိုးသမီးများအား နိုင်ငံရေးဌာနများသို့ ရောက်ရှိစေရန် ဒီဇိုင်းရေးဆွဲထားသည့် အခြားသော **တီထွင်ဆန်းသစ်သည့်ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများ** ကိုလည်း အသုံးချခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၁ခုနှစ်နှင့် ၂၀၀၆ ခုနှစ် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်တစ်ဦးသည် မဲသုံးမျိုးရခဲ့သည်။ ၎င်းတို့မှ ယေဘုယျမဲ၊ လူငယ်မဲနှင့် အမျိုးသမီးမဲတို့ ဖြစ်ကြသည်။ အမျိုးသမီးအချို့ ခရိုင်ကောင်စီများတွင် ရွေးကောက်ခံရရေး၊ မဲဆန္ဒရှင်များအနေဖြင့်လည်း ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက် မဲပေးသည့် အတွေ့အကြုံများကိုရရှိစေဖြင့် သမိုင်းတလျှောက်တွင် အမျိုးသမီးများအား ပြည်သူ့ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်ခြင်းကို အားမပေးသည့် နိုင်ငံတစ်နိုင်ငံတွင် ထိုကဲ့သို့အမျိုးသမီးများအား ရွေးကောက်တင်မြှောက်ခြင်းသည်ပင် နိုင်ငံရေး ဖြစ်စဉ်တစ်ရပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်စေရန် ဤစနစ်မှ အာမခံထားသည်။

## ၈။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ခွဲတမ်းစနစ်

ရဝမ်ဒါဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် CEDAW ကိုမြှင့်တင်ပေးခြင်းနှင့် အမျိုးသမီးများ၏ ကိုယ်စားပြုမှုအတွက် ခွဲတမ်းတစ်ရပ်ကို လက်ခံပြဋ္ဌာန်းပေးသည့်အတွက် ကျော်ကြားသည်။ **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို** ဆုံးဖြတ်ချက်ချမှတ်သော အဆင့်အားလုံးတွင် ၃၀ ရာခိုင်နှုန်းအထိ **ခွင့်ပြုပေးထားသည်။** ခွဲတမ်းစနစ်သည် လွှတ်တော်ကိုသာမက သမ္မတ၏အစိုးရအဖွဲ့၊ တရားစီရင်ရေးနှင့် ဒေသအဆင့် အစိုးရများကိုပါ သက်ရောက်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ပါသည့် ပြဋ္ဌာန်းချက်အပိုဒ်သည် အောက်လွှတ်တော်တွင် နေရာ ၈၀မှ ၂၄ နေရာကို အမျိုးသမီးများအတွက် ယာထားစေပြီး၊ ၎င်းနေရာများကို အမျိုးသမီးသီးသန့်ရွေးကောက်ပွဲစာရင်းမှ တဆင့် ဖြည့်ဆည်းပေးခဲ့သည်။ ထိုကဲ့သို့ သီးသန့်ယာထားသောနေရာများအပြင် **နိုင်ငံရေးပါတီများသည် ၎င်းတို့ကိုယ်တိုင်မှ မိမိဆန္ဒအလျောက်ပေးသော ခွဲတမ်းစနစ်ကို ကျင့်သုံးခဲ့ပြီး** ပါတီစာရင်းများ၏ ၃၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ရေးကို သေချာအောင်ပြုလုပ်ခဲ့သည်။ ယာထားသောနေရာများနှင့် မိမိဆန္ဒအလျောက်ပေးသောခွဲတမ်းများကို ပေါင်းစည်းမှုသည် သိသာသောရလဒ်များကို ထုတ်ပေးခဲ့ပြီး အမျိုးသမီးများသည် ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲများတွင် ၄၈.၈ ရာခိုင်နှုန်းနှင့် ၂၀၀၈ ခုနှစ်တွင် ၅၆ ရာခိုင်နှုန်း အထိ ရှိလာသည်။

### ရလဒ်များ

ရဝမ်ဒန်အမျိုးသမီးများ၏ လွှမ်းမိုးနိုင်မှုသည် ပါလီမန်တွင်သာမက ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အသီးသီးသို့တိုင် ကျယ်ပြန့်သည်။ ဒေသကောင်စီဝင်လူကြီးများ၊ မြို့ဝန်၊ ဒုတိယ မြို့ဝန်များ၏ ၃၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ ပညာရေးဝန်ကြီး၊ အာဖရိကအရှေ့ဘက် အသိုင်းအဝိုင်း ဝန်ကြီးနှင့် အခြားဝန်ကြီးများ၊ လူ့အခွင့်အရေးကော်မရှင်အကြီးအကဲ၊ တရားရုံးချုပ်၏ တရားသူကြီးချုပ်၊ ဂါကာကာတရားရုံးများ၏အကြီးအကဲနှင့် ယာယီရဲချုပ် စသည်တို့မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ဖြေကြားသူတစ်ဦးက "ရဝမ်ဒါနိုင်ငံက အမျိုးသမီးများရဲ့သြဇာကို လေးစားလာတယ်...ဒီနိုင်ငံရဲ့အရေးကြီးဆုံးလို့ဆိုနိုင်တဲ့ အဖွဲ့အစည်းတိုင်းမှာ အမျိုးသမီးတွေကို တွေ့ရမှာပါ။" ဟု မှတ်ချက်ပေးခဲ့သည်။

RPF ပါတီသည် ခွဲတမ်းစနစ်ကို ဖန်တီးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ပြီး အခြားသောပါတီများသည်လည်း ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ပြီး အမျိုးသမီးများကို အမည်စာရင်းတင်သွင်းကာ လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခဲ့သည်။ လူနည်းစုပါတီမှ အမျိုးသမီးများသည်လည်း RPF နှင့်ညွန့်ပေါင်းဖွဲ့သည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရရာထူးမြင့်မြင့်များတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ပါလီမန်တွင်အမျိုးသမီးအချိုးအစားများလာခြင်းသည် တက်ကြွသောအမျိုးသမီးသီးသန့်အဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်စေပြီး ၁၉၉၆ ခုနှစ်တွင် တည်ထောင်စဉ်က ၎င်းသည် ပထမဦးဆုံးသော ရဝမ်ဒါလွှတ်တော်တွင် ပါတီတစ်ခုထက်မကပါသော ပထမဦးဆုံး သီးသန့်အဖွဲ့ ဖြစ်သည်။ ၎င်းကိုတည်ထောင်ခဲ့သူတစ်ဦးက အမျိုးသမီးလွှတ်တော်အမတ်များဖိုရမ်သည် "အမျိုးသမီးများ၏အကျိုးစီးပွါးကို သူတို့မည်သည့်အရပ်မှလာသည်မစဉ်းစားဘဲ၊ ဂုဏ်းဂဏမခွဲခြားဘဲ၊ လူမျိုးသို့မဟုတ်နိုင်ငံရေးပါတီပေါ်တွင်အခြေခံကာ ခွဲခြားဆက်ဆံခြင်းမရှိဘဲ ကာကွယ်" ပေးရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အပြောင်းအလဲကာလတွင် အမျိုးသမီးလွှတ်တော်အမတ်များသည် ရဝမ်ဒါနိုင်ငံရှိအမျိုးသမီးများ၏ အကျိုးစီးပွါးများသည် ခြိမ်းခြောက်ခံနေရသည်ဟု ခံစားရပါက ပါတီဂိုဏ်း

များကို တစ်ခါတစ်ရံ ကျော်ကာလုပ်တတ်သည်။ အမျိုးသမီးအဖွဲ့ဝင်အများစုသည် အမျိုးသမီးများ၏ အကျိုးစီးပွါးကို ဥပဒေပြုရေးတွင် အလေးထားကြောင်းကို အာမခံသည့် အနေဖြင့်ပြုမူဆောင်ရွက်တတ်သည်။

ရဝမ်ဒါရှိ ဥပဒေပြုရေး၏ အဓိကအစိတ်အပိုင်းအပြောက်အများသည် အမျိုးသမီးကိုယ်စားပြုမှုများခြင်းနှင့် အမျိုးသမီးလွှတ်တော်အမတ်များဖိုရမ်၏ အားကြောင့် ဖြစ်လာသည်ဟု ဆိုနိုင်သည်။ ဤအရာများတွင် အမွေနှင့် အရိုက်အရာဆက်ခံပိုင်ခွင့်ဥပဒေ (၁၉၉၉)၊ ကလေးသူငယ်ကာကွယ်ရေးဥပဒေ (၂၀၀၁)၊ ကျားမအခြေပြု အကြမ်းဖက်မှုဥပဒေ (၂၀၀၈) တို့ပါဝင်သည်။ အမျိုးသမီးများသည် အခြားသောဥပဒေပြုအစိတ်အပိုင်းများသည် ကျားမကဏ္ဍကိုထည့်သွင်းစဥ်းစားထားပြီး ကလေးသူများနှင့်သင့်တင့်လျောက်ပတ်မှုရှိစေရန် သေချာအောင် လုပ်ရာ၌ ကြီးစွာလွှမ်းမိုးမှု ရှိခဲ့သည်။ ထိုအရာများတွင် အမျိုးသားနိုင်ငံသားဥပဒေ၊ လူမျိုးတုန်းသတ်ဖြတ်မှု ပြစ်မှုများနှင့် သက်သေများကိုကာကွယ်ပေးသည့်ဥပဒေများ ပါဝင်သည်။

## စိန်ခေါ်မှုများနှင့် ရှေ့ခရီး

ရဝမ်ဒါ အတွေ့အကြုံများက ခွဲတမ်းစနစ် သို့မဟုတ် အခြားသောနည်းလမ်းများမှတဆင့် နိုင်ငံရေးတွင် အမျိုးသမီးများအား မြှင့်တင်ပေးခြင်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲစဥ်တွင် ထည့်သွင်းပြဌာန်းလျှင် အထူးထိရောက်သည်ဟု ပြသခဲ့သည်။ ခွဲတမ်းစနစ်ကို ဖွဲ့စည်းအုပ်ချုပ်ပုံခြေခံဥပဒေတွင်ထည့်သွင်းရေးဆွဲခြင်းသည် ဤကိစ္စကို နိုင်ငံရေးပါတီများ၏လက်ထဲတွင် ထားသည်ထက် ပိုမိုနှစ်လိုဖွယ်ကောင်းသည်။ ဤနည်းအားဖြင့် နိုင်ငံရေးပါတီများအားလုံးသည် မဖြစ်မနေလိုက်နာရမည် ဖြစ်သောကြောင့်တည်း။

ခေါင်းဆောင်မှုနေရာများတွင်ရှိသော အမျိုးသမီးများသည်လည်း စိန်ခေါ်မှုအချို့ကို ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် မိမိကိုယ်ပိုင်တာဝန်များနှင့် ပြည်သူ့တာဝန်များအကြား ဟန်ချက်ညီစေရန်ထိန်းညှိရာတွင် ဖြစ်သည်။ အမျိုးသမီးများသည် ပြည်သူ့ဘဝတွင်ပါဝင်မည်ဟု မျှော်လင့်ထားသော်လည်း သူတို့၏မိသားစုနှင့်အိမ်တွင်းတာဝန်များကို လျှော့ပေးရေးနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုတစ်ခုမျှ မရှိခဲ့ပေ။ သူတို့၏ခေါင်းဆောင်မှုကို ပြည်သူများလက်ခံနိုင်မှုသည် သိသိသာသာပြောင်းလဲသွားခဲ့သည်။ သို့ရာတွင် သူတို့၏မိသားစုနှင့် လူမှုရေး အခန်းကဏ္ဍများနှင့်ပတ်သက်၍ မိရိုးဖလာအတွေးအမြင်များသည် ပြောင်းလဲမလာဘဲ အမျိုးသမီးများသည် အလုပ်နှစ်ဆ ပိုလုပ်ရခြင်းသည်ပင် အဖတ်တင်ကျန်ခဲ့သည်။

တချိန်တည်းတွင် အမျိုးသမီးလွှတ်တော်အမတ်များသည် ပြည်သူ့ဝေဖန်မှုများကို အမျိုးသားများထက် ပိုခံရတတ်သည်။ ဥပမာ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် ရဝမ်ဒါနိုင်ငံ၏ ဦးဆောင်အင်္ဂလိပ်သတင်းစာတစ်စောင်၏ အယ်ဒီတာ့အာဘော်တွင် ၂၀၀၃ ခုနှစ်ရွေးကောက်ပွဲပြီးသည့်အချိန်မှယခုထိ အမျိုးသမီးများသည် နိုင်ငံ့အတွက် ဘယ်အရာများကို လုပ်ခဲ့သနည်းဟု မေးထားသည်။ အယ်ဒီတာ့အာဘော်က ထိုကာလမှာပင် အမျိုးသားလွှတ်တော်အမတ်များက ဘယ်အရာများကို လုပ်ထားသနည်းဟု မမေးခဲ့ပါ။ အမျိုးသမီးများသည် သူတို့ကဏ္ဍအသစ်များတွင် အထူးမြင်သာမှုပိုရှိပြီး ၎င်းတို့၏အမျိုးသား လုပ်ဖော်ကိုင်ဖက်များထက် ပိုမြင့်သော စံနှုန်းများဖြင့် ချုပ်ကိုင်ထားကြသည်။ ရှေ့ဆောင်ဦးရွက်ပြုသည့်မျိုးဆက်တစ်ခုတွင် ပါဝင်နေရာ ရဝမ်ဒါနိုင်ငံရှိ အစိုးရဌာနများ၌ အမျိုးသမီးများ၏ အမှားများ၊ မအောင်မြင်မှုများကို သေချာစွာ စစ်ဆေးရေးဝင်လေသည်။ ဒီမိုက်ရေစီအနယ်ကျရေးနှင့် အမျိုးသားအဆင့်ဥပဒေပြုရေးသို့ အမျိုးသမီးအများစုရွေးကောက်တင်မြှောက်ခံရသည့် ကမ္ဘာတွင်မထမဦးဆုံးသောနိုင်ငံအဖြစ် သမိုင်းဝင်အောင်မြင်မှုအပေါ် တွင် ထိန်းသိမ်းဆောင်ရွက်နေရခြင်းသည် ရဝမ်ဒါနိုင်ငံရှိ အမျိုးသမီးများ ကြုံတွေ့နေရသော အဓိကနိုင်ငံရေးအခက်အခဲများ ဖြစ်သည်။

## ဆားဘီးယား။ ။ နိုင်ငံရေးအပြောင်းအလဲအတွက် အမျိုးသမီးအင်အားစုအဖွဲ့၏ လှုံ့ဆော်စည်းရုံးမှု။

"ပိုများသော အမျိုးသမီများကို ရွေးကောက်ခံနေရာများနှင့် ပါတီခေါင်းဆောင်မှုပိုင်းသို့ ခေါ်ဆောင်နိုင်ခြင်းသည် ဤအမျိုးသမီးများ၏ အားပေးထောက်ခံမှုကိုရရှိစေရန်နှင့် ပါတီကိုမဲပေးနိုင်သောအလားအလာရှိသူများအား ပိုမိုဆွဲဆောင်ရန် အထောက်အပံ့ပြုသည်။"

ဆားဘီးယားနိုင်ငံသည် ဥပဒေပြုရေးအာဏာကို အစိုးရနှင့် ဆားဘီးယားအမျိုးသားလွှတ်တော် (နာရုဒ်န ဆကာပ်တီနာ ရီပါဘလိခ် ဆာဘီဂျီ) နှစ်ခုစလုံးတွင် အပ်နှင်းထားသည်။ ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲများတွင် အမျိုးသမီးများသည် ၂၁.၆ ရာခိုင်နှုန်းသော အမျိုးသားလွှတ်တော်နေရာများကို ရယူနိုင်ခဲ့သည်။ နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင်နေကြသော နိုင်ငံရေးလုပ်ရှားသူ အမြောက်အများရှိရာ ပါတီများသည် အမျိုးသားလွှတ်တော်၏ မူဝါဒရေးရာတွင် သက်ရောက်မှုအားကောင်းစေရန် မကြာခဏဆိုသလို ညွန့်ပေါင်းများဖွဲ့များ ဖွဲ့ကြရသည်။ G17 Plus ပါတီသည် လစ်ဘရယ်ကွန်ဆာဗေးတစ်နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ပြီး လွပ်လပ်သော ဈေးကွက်စီးပွါးရေးပညာရှင် ၁၇ ဦးပါဝင်သော အရပ်ဘက်အဖွဲ့အစည်းတစ်ရပ်မှ ပေါ်ပေါက်လာသည်။ ဆားဘီးယား၏G17 Plus ပါတီတွင် ခိုင်မာသော အမျိုးသမီးအင်အားစုအဖွဲ့တစ်ရပ်ရှိပြီး ၎င်းအဖွဲ့သည် ဆားဘီယားလွှတ်တော်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကိုတိုးတက်စေရန်နှင့် ပါတီတွင်းသြဇာကြီးမားသောရာထူးများတွင် အမျိုးသမီးများရှိစေရန် ကူညီပေးခဲ့သည်။ G17 Plus ပါတီ၏ လွှတ်တော်အမတ်အုပ်စုတွင် အမျိုးသမီး ၂၉.၁ ရာခိုင်နှုန်း ပါဝင်သည်။

G17 Plus ပါတီ၏ အမျိုးသမီးအင်အားစုအဖွဲ့၏ မူလမှာ ၂၀၀၂ ခုနှစ် ပါတီတည်ထောင်စဥ်မှ အစပြု၍ အမျိုးသမီးများသည် ပါတီတွင် အရေးပါသောအခန်းကဏ္ဍတစ်ခုမှ ပါဝင်စေရန်အတွက် ကြိုးပမ်းခဲ့သော အမျိုးသမီး ၁၅ ဦးမှ စတင်ခဲ့သည်။ ဤအမျိုးသမီး ၁၅ ဦးသည် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆားဘီးယန်းအမျိုးသမီးများအတွက် ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များအား ယခင်ငွေကြေးထောက်ပံ့ပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ရှိပြီးသော ဆက်ဆံရေးများ အပေါ်တွင် ထပ်လောင်းတည်ဆောက်ခဲ့သည်။ G17 Plus အမျိုးသမီးများသည် ဤနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့ပြီး G17 Plus ပါတီဝင်အမျိုးသမီးများအတွက် ကျား၊မအသိပညာ၊ ပြည်သူ့ဆက်ဆံရေးနှင့် စေ့စပ်ညှိနိုင်းရေးစသည့် အကြောင်းအရာများအပေါ်တွင် သင်တန်းများပို့ချပေးရန် တောင်းဆိုခဲ့သည်။ G17 Plus ပါတီမှ အမျိုးသမီး အယောက် ၁၀၀ သည် ဤသင်တန်းများကို သင်ယူပြီးနောက် အတက်ကြွဆုံးအမျိုးသမီးသင်တန်းသူ ၁၆ ဦးကို ဒေသအဆင့် ကွန်ယက်ချိတ်ဆက်ရေးမှူးအဖြစ်ခန့်အပ်လိုက်ပြီး နောက်ထပ်အမျိုးသမီးများကိုခေါ်ယူစုဆောင်းအားဖြည့်ကာ ဤအမျိုးသမီးများသည်ပင် ပါတီ၏အမျိုးသမီးအင်အားစုအဖွဲ့ကို ဦးဆောင်ဖန်တီးခဲ့သည်။ ဤနည်းလမ်းသည် အမျိုးသမီးအင်အားစုအဖွဲ့အတွက် အားကောင်းသော အောက်ခြေလူတန်းစားမဲဆန္ဒနယ်တစ်ရပ်ကို ဖန်တီးခဲ့သည်။ ၎င်းသည် ပါတီအတွက်လည်းများစွာ အသုံးဝင်ပြီး အမျိုသမီးများအား အမျိုးသားအများစုရှိသောပါတီခေါင်းဆောင်မှုပိုင်းနှင့် ပိုမိုအားကောင်းသောညှိနှိုင်းရေးအနေအထားတစ်ရပ်ကို ရရှိစေခဲ့သည်။

အမျိုးသမီးအင်အားစုအဖွဲ့ကို တည်ထောင်ပြီးနောက် ထိုအဖွဲ့၏ခေါင်းဆောင်မှုပိုင်းက G17 Plus ပါတီကို အမျိုးသမီးအင်စုအဖွဲ့အား ပါတီ၏တရားဝင်ဖွဲ့စည်းပုံတွင် အသိအမှတ်ပြုပေးရန်အတွက် ပါတီစဉ်းမျဥ်းဥပဒေများကို ပြုပြင်ပြောင်းလဲရန် စည်းရုံးခဲ့သည်။ ထို့ပြီးနောက် မကြာမီတွင် အမျိုးသမီးအင်အားစုအဖွဲ့သည် အစိုးရဌါန

များကိုအောင်မြင်စွာရောက်ရှိစေရန် နောက်ထပ်ဖြေနည်းများအတွက် ကိုယ်စားပြုအရေးဆိုခဲ့သည်။ ဆားဘီးယားတွင် ပါတီစာရင်းအားလုံးတွက် ၃၀ ရာခိုင်နှုန်း ခွဲတမ်းဥပဒေတစ်ရပ်ရှိသော်လည်း ၎င်းစာရင်းများတွင် ပါတီများအနေဖြင့် အမျိုးသမီးများကို နိုင်ခြေရှိသောနေရာများတွင် နေရာချထားရန် အမိန့်ထုတ်ပြချက်မရှိသောကြောင့် ခွဲတမ်းဥပဒေသည်လည်း အရာမရောက်ပေ။ ထို့ကြောင့် အမျိုးသမီးအင်အားစု အဖွဲ့သည် စာရင်းများတွင် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများအား နေရာမြင့်မြင့်ပေးရန် ပါတီကို တိုက်ရိုက်စည်းရုံးခဲ့သည်။

G17 Plus အမျိုးသမီးအင်အားစုအဖွဲ့သည် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ပါတီခေါင်းဆောင်မှုပိုင်းအား ယုံကြည်အောင်လုပ်ဆောင်ရာတွင် အဓိကငြင်းဆိုချက်နှစ်ခုအပေါ်တွင် မှီခိုအားထားရသည်။ အမျိုးသမီးတက်ကြွက်လှုပ်ရှားသူများက G17 Plus ၏ဥရောပကိုထောက်ခံသည့်ရပ်တည်ချက်ကို ကုတ်အားယူကာ ငြင်းဆိုခဲ့သည်မှာ ၎င်းသည် ဥရောပမှပါတီတစ်ရပ် အဖြစ်ယူဆစေလိုပါက G17 Plus ပါတီအတွက် ကျား၊မတန်းတူညီမျှခြင်းကိုမြှင့်တင်ရန် လိုအပ်သည်။ ထို့အပြင် အင်အားစုအဖွဲ့မှ ငြင်းဆိုချက် နောက်တစ်ချက်မှာ အမျိုးသမီးများသည် လူဦးရေ၏ထက်ဝက်မကရှိပြီး၊ ပါတီတွင်လည်း အနည်းဆုံး ၄၀ ရာခိုင်နှုန်းရှိသောကြောင့် ပိုများသောအမျိုးသမီးများကို ရွေးကောက်ခံဌါနများနှင့် ပါတီခေါင်းဆောင်မှုပိုင်းသို့ ခေါ်ဆောင်နိုင်ခြင်းသည် ဤအမျိုးသမီးများ၏ အားပေးထောက်ခံမှုကို ရရှိစေရန်နှင့် ပါတီသို့ မဲပေးနိုင်ခြေရှိသူများပိုမိုဆွဲဆောင်ရန် အထောက်အကူပြုနိုင်သည် ဟူ၍ပင် ဖြစ်သည်။

အမျိုးသမီးများ၏ကိုယ်စားပြုမှုကို ပိုမိုရရှိစေရန် ကိုယ်စားပြုအရေးဆိုခဲ့သည့်အပြင် အမျိုးသမီးအင်အားစုသည် ရွေးကောက်ပွဲဝင်အမျိုးသမီးများနှင့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက် ငွေကြေးထောက်ပံ့မှုများကို တက်တက်ကြွကြွ ရှာဖွေခဲ့သည်။ ထို့အပြင် အမျိုးသီးများကို ကျား၊မတန်းတူညီမျှရေးကော်မရှင်များသို့ ရောက်ရှိစေရန် ကူညီထောက်ပံ့ပေးခဲ့ပြီး အမည်စာရင်းများ တင်သွင်းခဲ့သည်။ ၎င်းကော်မရှင်များကို ဆားဘီးယားနိုင်ငံအဝှမ်းရှိ နယ်အစိုးရများက ဖန်တီးခဲ့ပြီး ရည်ရွယ်ချက်မှာ နယ်အဆင့်တွင် အမျိုးသမီးများ၏ဦးစားပေးကိစ္စရပ်များနှင့် ပတ်သက်သော မူဝါဒများအပေါ်တွင် ပိုမို သက်ရောက်မှုရှိစေရန် ဖြစ်သည်။

## တောင်အာဖရိကနိုင်ငံ။ ။ အမျိုးသမီးများ၏လှုံ့ဆော်စည်းရုံးရေးနှင့် နိုင်ငံရေးအကြောင်းအရာကို အသွင်ပြောင်းခြင်း။



| | |
|---|---|
| အဓိကစကားလုံးများ<br>အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးမှု<br>မိမိဆန္ဒသဘောအလျောက်ပြုလုပ်သော ခွဲတမ်းများ | |
| နိုင်ငံရေးပါတီဥပမာ<br>အာဖရိကအမျိုးသားကွန်ဂရက် | |
| တစေ့တစောင့်။ ။ တောင်အာဖရိက | |
| လွှတ်တော်အမည် | တောင်အာဖရိက လွှတ်တော် |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (အမျိုးသားလွှတ်တော်နှင့် ဒေသန္တရများ၏အမျိုးသားကောင်စီ) |
| ရွေးကောက်ပွဲစနစ်အမျိုးအစား | အချိုးကျကိုယ်စားပြုစနစ် (အောက်လွှတ်တော်) |
| ဥပဒေပြုရွေးကောက်ပွဲ | ၂၀၀၉ ခုနှစ် ဧပြီလ |
| ရွေးကောက်ခံရသည့်အမျိုးသမီးအရေအတွက် | ၄၀၀ တွင် ၁၇၄ နေရာ (၄၄%) |

| (အောက်လွှတ်တော်) | |
|---|---|

## နောက်ခံသမိုင်း

တောင်အာဖရိကနိုင်ငံသည် လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး အခွင့်အလမ်းများခွဲခြားထားသော နိုင်ငံရေးစနစ်အောက်တွင် လူမျိုးရေးခွဲခြားဆက်ဆံမှုသမိုင်းကြာမြင့်စွာ ရှိခဲ့ကြပြီးနောက် ဒီမိုကရေစီသို့ ပြောင်းလဲခဲ့သည်။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ကို ၁၉၉၃ ခုနှစ်တွင် လွှတ်တော်ကပြဋ္ဌာန်းခဲ့ပြီး ၁၉၉၄ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ကျင့်သုံးခဲ့သည်။ လွှတ်တော်နှစ်ရပ်ပါဝင်သော တစ်စိတ်တစ်ပိုင်းသာဖြစ်သည့်လွှတ်တော်ညီလာခံမှ ၁၉၉၆ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံကို အတူတကွ ရေးဆွဲခဲ့ကြသည်။ ၁၉၉၄ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၏ သမိုင်းတွင် ပထမဦးဆုံးသော လွတ်လပ်သောအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နယ်လဆင်မန်ဒဲလားသည် နိုင်ငံ၏ပထမဦးဆုံးသော လူမဲသမ္မတ ဖြစ်လာသည်။ လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး အခွင့်အလမ်းများခွဲခြားထားသော နိုင်ငံရေးစနစ်ကို ဖျက်သိမ်းပြီးနောက်ပိုင်း တောင်အာဖရိကနိုင်ငံတွင် ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှု ကျယ်ပြန့်လာသည်။ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီသည် ယုံကြည်နိုင်လောက်သော ပုံမှန်ရွေးကောက်ပွဲများ၊ မီဒီယာလွတ်လပ်ခွင့်နှင့် အတော်အသင့်အားကောင်းသည့် တရားဥပဒေစိုးမိုးမှုရှိသည်ဟု သတ်မှတ်ကြသည်။

အာဖရိကအမျိုးသားကွန်ဂရက် (ANC) ပါတီနှင့် ၎င်း၏မဟာမိတ် ပါတီများဖြစ်သော (တောင်ဖရိက အလုပ်သမားသမဂ္ဂကွန်ဂရက်ပါတီနှင့် တောင်အာဖရိကကွန်မြူနစ်ပါတီ) တို့သည် တောင်အာဖရိကနိုင်ငံ၏ နိုင်ငံရေးလောကကို စိုးမိုးထားသည်။ အမတ် ၄၀၀ ရှိသော အမျိုးသားလွှတ်တော်ကို အချိုးကျကိုယ်စားပြုစနစ်စာရင်းမှ တဆင့်ရွေးကောက်တင်မြှောက်ပြီး ပါတီမှစာရင်းများသည် သတ်မှတ်ဦးရေရှိကြသည်။ ANC ပါတီသည် အမျိုးသားလွှတ်တော်တွင် နေရာစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းကို ယူထားသည်။ ကျန်ရှိသောနေရာများကို ကျန် ၁၂ ပါတီအကြားတွင် မျှဝေကြပြီး ၎င်းတို့တွင် ဒီမိုကရက်တစ်မဟာမိတ်၊ ပြည်သူ့ကွန်ဂရက်၊ လွတ်လပ်သောဒီမိုကရက်များနှင့် အင်ကာသာလွတ်လွပ်ရေးပါတီတို့ ပါဝင်သည်။ အမျိုးသမီးများသည် လွှတ်တော်တွင် နေရာစုစုပေါင်း၏ ၄၄ ရာခိုင်နှုန်းကို ယူထားကြသည်။

ဤဆန်းစစ်လေ့လာချက်သည် ပါတီတွင်းနှင့် ရွေးကောက်ပွဲအခြေအနေအရပ်ရပ်များတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် အာဖရိကအမျိုးသားကွန်ဂရက်မှ လုပ်ဆောင်ခဲ့သသော မဟာဗျူဟာအချို့ကို တင်ပြထားသည်။ ၎င်းသည် အမျိုးသမီးများ၏ပါတီတွင်းစည်းရုံးလှုံ့ဆော်မှုသည် မိမိဆန္ဒအလျောက်ပေးသောခွဲတမ်းပမာဏများကို ပြဋ္ဌာန်းပေးနိုင်မှုအား မည်ကဲ့သို့လွှမ်းမိုးမှုရှိကြောင်း မီးမောင်းထိုးပြထားသည်။ ဤလေ့လာဆန်းစစ်ချက်သည် အမျိုးသားလွှတ်တော်၌ အမျိုးသမီးများ၏ပါဝင်ခဲ့မှုကို အလေးပေးထားသည်။ သို့သော်လည်း ပြည်နယ်/တိုင်းများ၏ အမျိုးသားအဆင့်ကောင်စီနှင့် ပြည်နယ်/တိုင်းအဆင့်နှင့် နယ်အဆင့်များတွင်ရှိခဲ့သော အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုအပိုင်း၌တိုးတက်မှုအချို့ ရှိခဲ့သည်။

## အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရသော ကြောင်းကျိုးဆီလျော်မှု

စနစ်တကျပြုလုပ်ထားထားသော လူမျိုးရေးခွဲခြားဆက်ဆံမှု၊ ယောက်ျားကြီးစိုးမှုနှင့် ဖိနှိပ်မှုများရှိသော အစိုးရအုပ်ချုပ်မှုစနစ်ကို အချိန်ကြာမြင့်စွာတွန်းလှန်ရုန်းကန်ခဲ့ရပြီးနောက် ၁၉၉၄ ခုနှစ်တွင် နိုင်ငံကို ဒီမိုကရေစီကျ

သော၊ လူမျိုး၊ ကျား၊မခွဲခြားမှုမရှိသော လူ့အသိုင်းအဝိုင်းတစ်ရပ်အဖြစ် တည်ဆောက်ရန် ဒီမိုကရေစီစနစ်သစ်ကို ယူဆောင်လာခဲ့သည်။ တောင်အာဖရိကနိုင်ငံတွင် ကျား၊မတန်းတူညီမျှမှုကို ဖွဲ့စည်းပုံဥပဒေ၌ နိုင်ငံသားများ အခြေခံအခွင့်အရေးများဥပဒေဖြင့် ကာကွယ်ထားသည်။ ၎င်းဥပဒေတွင် အမျိုးသား၊ အမျိုးသမီးများ၏ တန်းတူညီမျှသော ဖယ်ရှား၍မရသောအခွင့်အရေးများကို အသိအမှတ်ပြုထားပြီး ကျား၊မ ခွဲခြားမှုမရှိသည့် အခြေခံစည်းမျဉ်းတစ်ရပ်ကို ထည့်သွင်းထားသည်။

တောင်အာဖရိကနိုင်ငံ၏ခေါင်းဆောင်များအကြားတွင်ရှိသော အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်မည့် ပြင်းပြသည့်နိုင်ငံရေးစိတ်ဆန္ဒသည် ကျား၊မတန်းတူညီမျှရေးအတွက် အလုံးစုံပါဝင်သော တစ်နိုင်ငံလုံးအဆင့် လုပ်ငန်းစဉ်များ တည်ထောင်ရာတွင် အဓိကအချက်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အဆင့်အတန်းနှင့်သက်ဆိုင်သည့် ဌာန၊ ကျား၊မတန်းတန်းတူညီမျှရေးကော်မရှင် စသည့်ဖွဲ့စည်းပုံများ ပါဝင်သည်။ တောင်အာဖရိကအစိုးရသည် ကျား၊မတန်းတူညီမျှရေးကို မြှင့်တင်သည့် ဒေသအဆင့်နှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို သဘောတူခြင်း၊ အစိုးရ၏မူဝါဒများနှင့် စီမံချက်များတွင် အမျိုးသမီးများပါဝင်မှုကို မြှင့်တင်ခြင်းဖြင့် ၎င်း၏နှစ်မြှုပ်လုပ်ဆောင်ချက်ကို ထပ်လောင်းအားဖြည့်ခဲ့သည်။ ထို့အပြင် ကျန်းမာရေး၊ လူမှုဖူလုံရေး၊ အိုးအိမ်ပြဿနာများ၊ ရေနှင့် ပညာရေး အစရှိသော ကဏ္ဍများ၌ စိန်ခေါ်မှုများရင်ဆိုင်နေရသော အမျိုးသမီးများ အပါအဝင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်သည့် ဥပဒေပြုလုပ်ငန်းစဉ်အသစ်များကို မိတ်ဆက်ပေးခြင်းနှင့် အစိုးရဌာနများ၏ရာထူးကြီးများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး စသည်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

## အသုံးပြုခဲ့သော မဟာဗျူဟာများ

ပါတီ၏ဖွဲ့စည်းပုံများရှိ အဓိကခေါင်းဆောင်မှုရာထူးများတွင် အစောပိုင်းအချိန်များ၌ အမျိုးသမီးများတိုးလာခြင်းသည် ANC အမျိုးသမီးတက်ကြွလှုပ်ရှားသူများအနေဖြင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးနှင့် ပါတီပြုပြင်ပြောင်းလဲရေးကာလအတွင်း နေရာရရှိစေရန် အထောက်အကူပြုခဲ့သည်။ ထိုအခွင့်အရေးကို အသုံးချကာ အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် ကျား၊မတန်းတူညီမျှရေး မူဘောင်တစ်ရပ်ကို ပါတီ၏အရေးကြီးသော စာရွက်စာတမ်းများမှတဆင့် အဖွဲ့အစည်း၏ဖွဲ့စည်းပုံမူဘောင်တွင် တရားဝင်ဖြစ်အောင် ပြုလုပ်ခဲ့သည်။ ANC အမျိုးသမီးများ၏လှုံ့ဆော်စည်းရုံးရေးသည် ပါတီခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုကို သေချာစေရန်နှင့် ၁၉၉၀ ခုနှစ်များအတွင်း အဓိကစေ့စပ်ညှိနှိုင်းမှုလုပ်ငန်းဖြစ်စဉ်များတွင်လည်း အရေးပါခဲ့သည်။

## က။ အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးမှု

တောင်အာဖရိကအမျိုးသမီးများသည် လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး အခွင့်အလမ်းများခွဲခြားထားသော နိုင်ငံရေးစနစ်ကို တွန်းလှန်ရာတွင် အဓိကပါဝင်ခဲ့ပြီး မကြာခဏလမ်းပေါ်ကိုထွက်ကာ ဆန္ဒပြခဲ့သည်။ ၁၉၅၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် အမျိုးသမီး ၂၀၀၀၀ သည် ၎င်းတို့ ခရီးသွားရာတွင် ခွင့်ပြုချက်လက်မှတ်များ ပြရန်လိုအပ်သည်ဟု အသစ်အဆိုတင်သွင်းလိုက်သော ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ပရီတိုးရီးယားသို့ ချီတက်ဆန္ဒပြခဲ့သည်။ ANC မှ အမျိုးသမီးများသည် ထိုသမိုင်းဝင်ချီတက်ဆန္ဒပြပွဲကို လူမျိုးမတူသောအမျိုးသမီးသည်လည်း အပြောင်းအလဲဖော်ဆောင်သူများအဖြစ် ၎င်းတို့၏စွမ်းရည်ကို ပြခဲ့ကြသော အချိန်ဖြစ်ကြောင်း ယခုအချိန်ထိ ရည်ညွှန်းပြောဆိုကြဆဲ ဖြစ်သည်။ ၎င်းနေ့ကို ယခုအချိန်တွင် နိုင်ငံတော်အမျိုးသမီးများနေ့ဟု လူသိများသော အစိုးရရုံးပိတ်ရက်အဖြစ် ကျင်းပကြသည်။ ချီတက်ပွဲတွင် သီဆိုခဲ့ကြသော သီချင်းဖြစ်သည့်

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

"ရှင်တို့ဟာ အမျိုးသမီးတွေကို ထိခိုက်အောင်လုပ်ခဲ့ကြတယ်၊ ကျောက်တုံးတစ်တုံးကို တိုက်မိကြပြီ၊ ကျောက်တောင်ကြီးကို အားနဲ့ဖယ်ရှားခဲ့ကြတယ်၊ ရှင်တို့ကို ချေမွပစ်လိုက်မယ်" သီချင်းကို အမျိုးသမီးလှုပ်ရှားမှု များတွင် အသုံးပြုကြဆဲဖြစ်ပြီး ဤသမိုင်းနှင့်အမျိုးသမီးများ၊ နိုင်ငံရေးနှင့် ဆီလျော်ရှိမှုကို တောင်အာဖရိကနိုင်ငံ တွင် ယနေ့အချိန်အထိ မီးမောင်းထိုးပြလျက် ရှိသည်။

၁၉၉၂ ခုနှစ်နှင့် ၁၉၉၄ ခုနှစ်အကြား ဖွဲ့စည်းပုံဥပဒေဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် လိုလားချက်များသည် အခွင့်အရေးများနှင့်ပတ်သက်သော ဆွေးနွေးငြင်းခုန်မှုများတွင် အစိတ်အပိုင်းအဖြစ် ပါဝင်အောင်လုပ်ဆောင်ရာတွင် အမျိုးသမီးအဖွဲ့အစည်းများသည် အကူအရာကျခဲ့သည်။ လူမျိုးရေးနှင့် အယူဝါဒများကို ကျော်လွန်ကာဖွဲ့စည်းထားသည့် အမျိုးသမီးများ၏ တစ်နိုင်ငံလုံးအဆင့် ညွန့်ပေါင်းအဖွဲ့ (WNC)ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် လွှမ်းမိုးနိုင်စေရန် ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးနစ်သန်းကျော်ပါဝင်သော တစ်နိုင်ငံလုံးအဆင့် စည်းရုံးမှုကို ၂ နှစ်တာ လုပ်ဆောင်ပြီးနောက် WNC သည် အမျိုးသမီးများ၏ထိရောက်သောတန်းတူညီမျှမှု သဘောတူညီချက်ကို ထုတ်ဝေခဲ့သည်။ သဘောတူညီချက်တွင် တောင်အာဖရိကအမျိုးသမီးများ၏ မျှော်လင့်ချက်များကို ထည့်သွင်းရေးသားထားပြီး ကျား၊မတန်းတူညီမျှမှု၏ ရည်ရွယ်ချက်ကို အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။ WNC တွင် ပါတီပေါင်းစုံမှ အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ပြီး အမျိုသမီးများစွမ်းဆောင်ရည်နှင့် ရွေးကောက်ပွဲဝင် အမျိုးသမီးများ လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ရေးအတွက် တွန်းအားပေးရန် သဘောတူညီချက်တစ်ရပ်ကို ရရှိထားကြသည်။ WNC သည် အစိုးရ သစ်အနေဖြင့် ကျား၊မတန်းတူညီမျှမှုကို ကာကွယ်မြှင့်တင်ရန် အဖွဲ့အစည်းများမူဘောင်များတွင် လွှတ်တော်တွင် အမျိုးသမီးများသီးသန့်အဖွဲ့၊ အစိုးရအဖွဲ့တွင် အမျိုးသမီးများ၏ အဆင့်အတန်းမြှင့်တင်ရေးဌါနနှင့် ကျား၊မ တန်းတူညီမျှမှုအတွက် သီးသန့်ကော်မရှင်တစ်ရပ်ထားရှိရေးစသည်ဖြင့် အစုံလိုက် ဆောင်ရွက်ပေးသင့်ကြောင်း ပြောခဲ့သည်။

ဆန့်ကျင်မှု ပြင်းထန်သောကာလ၌ အမျိုးသမီးများသည် ANC ၏ ခေါင်းဆောင်မှုဖွဲ့စည်းပုံများတွင် ရွေးကောက်မခံရ သို့မဟုတ် ခန့်အပ်ခံရခြင်းလည်း မရှိပါ။ ၎င်းသည် အမျိုးသမီးများအား လှုပ်ရှားမှုများကို လုပ်ဆောင်စေပြီး ပါတီခေါင်းဆောင်မှုပိုင်းတွင် နိုင်ငံရေးတွင် အမျိုးသမီးများ၏ အရေးပါမှုနှင့် ၎င်းတို့၏အခန်းကဏ္ဍကို သိမြင်လာစေရန် လုပ်ဆောင်ခဲ့ကြသည်။ ထို့အပြင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကြီးသည် အခွင့်အရေးများတွင် အရေးကြီးသောအကြောင်းအရာတစ်ရပ် အဖြစ် အခြေခံကာ ကျား၊မ'မခွဲ ခြားရေးမူဝါဒနှင့် တန်းတူညီမျှမှုကို လိုက်နာခဲ့သည်။ ၎င်းကို ယခင်ကြီးချုပ်ဟောင်း သာဘိုမီကိမှ ၁၉၉၃ခုနှစ်တွင် ကျင်းပသည့် နိုင်ငံတကာကြံခိုင်ရေးညီလာခံ၏ ဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ "ကျွန်ုပ်တို့အားလုံးတွင် ရှိသည့် မျှော်မှန်းချက်ဖြစ်သော အမှန်တကယ် လူမျိုးရေးခွဲခြားမှုမရှိသော၊ လိင်ခြားမှုမရှိသော ဒီမိုကရေစီလူ့အသိုင်းအဝိုင်းကို ဖွံ့ဖြိုးတိုးတက်မှုဟူသောစကား၏ အပြည့်ဝဆုံးအဓိပ္ပါယ်ကို ရောက်ရှိနိုင်အောင် မဖြေရှင်းနိုင်ပါက လက်တွေ့အကောင်အထည် ပေါ်လာမည်မဟုတ်ပေ။"

အပြောင်းအလဲကာတွင် အမျိုးသမီးအဖွဲ့အစည်းတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်သည်ဆိုသည်မှာ အမျိုးသမီးများသည် ဒီမိုကရေစီခေတ်ကို ပြင်ဆင်ထားသည့် အကြောင်းအရာသစ်များနှင့် ဝင်ရောက်နိုင်စွမ်းရှိကြောင်း ပြသခဲ့သည်။ အမျိုးသမီးများသည် အပြောင်းအလဲနှင့်သက်ဆိုင်သည့် ဖွဲ့စည်းပုံများတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဖွဲ့စည်းပုံဥပဒေရေးဆွဲသည့်အဖွဲ့များ၊ စနစ်သစ်အတွက် ပါတီစည်းမျဉ်းစည်းကမ်းများကို ပြန်လည်ရေးဆွဲသည့် အဖွဲ့များနှင့် ပထမဦးဆုံးအစိုးရအဖွဲ့ စသည်တို့ဝင် ပါဝင်နိုင်ခဲ့သည်။ ANC ၏ပါတီတွင်းတရားဝင် ထုတ်ပြန်ထား

ချက်ဖြစ်သည့် အမျိုးသမီး၏သဘောတူညီချက်သည် ပါတီ၏ကဏ္ဍအသီးသီးနှင့်လူမျိုးအမျိုးမျိုးတွင် ကျားမ တန်းတူညီမျှမှုရှိရန် တောင်းဆိုထားပြီး ၎င်းကို နောင်အချိန်တွင် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ရေးဆွဲခဲ့သည်။ အောက်ခြေအမျိုးသမီးအဖွဲ့အစည်းများသည် ဤလုပ်ဆောင်ချက်များမှတဆင့် တွေးတောကြံဆ ခြင်း၊ တွန်းအားပေးလုပ်ဆောင်စေခြင်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ANC အမျိုးသမီး များအဖွဲ့ချုပ်ဖြစ်သော ANC အမျိုးသမီးများအင်အားစု (ANCWL) အဖွဲ့သည် နိုင်ငံတဝှမ်းလုံးရှိ အောက်ခြေမှ အမျိုးသမီးများအား တစ်နိုင်ငံလုံးအဆင့်တွင် ဖြစ်ပျက်နေသောကိစ္စရပ်များနှင့်ဆက်စပ်မှုရှိစေရန်နှင့် ထိုသို့ဆက် စပ်မှုရှိခြင်းဖြင့် အလုပ်လုပ်နေသောအမျိုးသမီးလူတန်းစားများအနေဖြင့် ပါတီတွင်း၌ရှေ့သို့ရောက်ရှိလာစေရန် အလို့ငှါ ပိုမိုကျယ်ပြန့်သည့်ကိုယ်စားပြုမှုနှင့်အတူ ပိုမိုအင်အားရှိသော ခေါင်းဆောင်မှုစွမ်းရည်သစ်များ အတွက် လမ်းကြောင်းဖွင့်ပေးခဲ့သည်။ အောက်ခြေအဆင့်တွင် စည်းစနစ်တကျစီစဉ်ထားသော စကားရည်လုပွဲများသည် အမျိုးသမီးများ၏ အရေးကိစ္စများကို ရှေ့တန်းသို့ရောက်ရှိစေရန် အထောက်အကူဖြစ်ခဲ့သည်။အမျိုးသမီးများ အတွက် ရံပုံငွေများပေါ်များအောင်စုဆောင်းရာတွင် အထောက်အကူဖြစ်စေရန် သတင်းစာတစ်စောင်ကိုလည်း အသုံးပြုခဲ့သည်။

## ခ။ ။မိမိဆန္ဒအလျောက် ပေးသော ခွဲတမ်းပမာဏများ

ပါတီဝင်အမျိုးသမီးတက်ကြွက်လှုပ်ရှားသူများအပိုင်းနှင့်ပတ်သက်၍ ကိုယ်စားပြုအရေးဆိုသည့် ကြိုးပမ်းမှုများ သည် တောင်အာဖရိကနိုင်ငံရေးလောကတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုရှိစေရန် ANC အနေဖြင့် မိမိဆန္ဒ အလျောက်ပြုလုပ်သော လုပ်ငန်းစဉ်များနှင့် မူဝါဒများကို ကျင့်သုံးစေသည့် အကြောင်းအရင်း တစ်ခုဖြစ်ခဲ့သည်။ ANCWL သည် ပါတီတွင်းဖွဲ့စည်းပုံများတွင် ကျားမတန်းတူညီမျှမှုအရေးကို စဉ်ဆက်မပြတ် မြှင့်တင်ခဲ့သည်။ ၁၉၉၄ ရွေးကောက်ပွဲများမတိုင်မီ ANC မှ အမျိုးသမီးများသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများစာရင်း တွင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို အမျိုးသမီးအဖြစ်ထားရန် ခွဲတမ်းစနစ်တစ်ရပ်ကို တောင်းဆိုရယူနိုင်ခဲ့သည်။ တရားဝင်မှတ်တမ်းမတင်ထားသော်လည်း ခွဲတမ်းစနစ်ကို ၁၉၉၃ ခုနှစ်အောက်တိုဘာလတွင် အဆုံးသတ် ပြုလုပ်ခဲ့သော အမျိုးသားအဆင့်ရွေးကောက်ပွဲများအတွက် ANC မှ ပြဋ္ဌာန်းထားသော စာရင်းပြုစုခြင်းဖြစ်စဉ် တွင် ထည့်သွင်းထားသည်။ ၃၀ ရာခိုင်နှုန်းသော ခွဲတမ်းစနစ်ကို ၁၉၉၄ ခုနစ်မှ ၂၀၀၄ ခုနှစ်အထိ ရွေးကောက်ပွဲ များတွင် အသုံးပြုခဲ့သည်။ ၂၀၀၉ ခုနစ်ရွေးကောက်ပွဲများအမီ ရွေးကောက်ပွဲဝင်အမျိုးသမီးများ ၅၀ ရာခိုင်နှုန်း အထိထားရန် ခွဲတမ်းပမာဏကို တိုးမြှင့်လိုက်ပြီး၊ ထိုသို့တိုးမြှင့်လိုက်မှုကြောင့် ANC လွှတ်တော်အမတ်များသီး သန့်အဖွဲ့၏ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်လာသည်။

၎င်းတို့၏ကြိုးစားအားထုတ်မှုများအားလုံးတွင် အသုံးများသော မဟာဗျူဟာတစ်ရပ်အနေဖြင့် ANC ရှိ အမျိုး သမီးများသည် ပါတီအတွင်း၌ ၎င်းတို့၏ရည်မှန်းချက်များဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာဖိအားကို အသုံးပြု ခဲ့သည်။ အာဖရိကနိုင်ငံ၏ တောင်ဘက်ပိုင်းတွင် ANCWL သည် အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားသူများနှင့် ပူးပေါင်း၍ အာဖရိကတိုက်တောင်ပိုင်းဖွံ့ဖြိုးတိုးတက်မှုအသိုင်းအဝိုင်း (SADC) ၏ ကျားမအရေးနှင့် ဖွံ့ဖြိုးတိုး တက်မှုကြေငြာချက် (၁၉၉၇) နှင့် ကျားမအရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု SADC သဘောတူညီချက် (၂၀၀၈) ကို ဝင်ရောက်လက်မှတ်ထိုးရန် အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ၎င်း SADC သဘောတူညီချက်သည် ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် ရာထူးများတွင် အမျိုးသမီးများအတွက် မျှတမှုရှိစေရန် ပြုလုပ်ခဲ့သည်။ ဆိုရှယ်လစ်အင်တာနယ်ရှင်နယ်အဖွဲ့တွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ANCWL သည် ကမ္ဘာတစ်ဝှမ်းလုံးမှ နိုင်ငံရေး

ပါတီ ၁၅၇ ပါတီပါဝင်သော အမျိုးသမီးအင်အားစုအဖွဲ့များ အပါအဝင် ၎င်းတို့နှင့်စိတ်သဘောထားခံယူချက်ချင်း တူသော နိုင်ငံရေးအဖွဲ့အစည်းများနှင့် ရင်းနှီးသောဆက်ဆံရေးရှိခဲ့သည်။

## ရလဒ်များ

ANC ခွဲတမ်းပမာဏကို မပြဌာန်းမီအချိန်တွင် လွှတ်တော်ရှိ အမျိုးသမီးကိုယ်စားပြုမှုသည် ၄ ရာခိုင်နှုန်းအထက် မည့်သည့်အချိန်ကမှ မပိုခဲ့ပေ။ ၂၀၀၉ ခုနှစ် ရွေးကောက်ပွဲများနှင့်အတူ တောင်အာဖရိကနိုင်ငံသည် လွှတ်တော် အမတ်များတွင် အမျိုးသမီးဦးရေ ၄၄ ရာခိုင်နှုန်းဖြင့် ကမ္ဘာပေါ်တွင် အမျိုးသမီးဦးရေအများဆုံးရှိသောနိုင်ငံများ တွင် တတိယအဆင့် ရှိလာသည်။ သို့ရာတွင် ANC မှ အမျိုးသမီးများသည် လွှတ်တော်ရှိ၎င်းတို့၏လူဦးရေ အပေါ်တွင် မူတည်ကာ ဩဇာလွှမ်းမိုးခဲ့ခြင်း မဟုတ်ပေ။ ၎င်းတို့သည် အစိုးရအဖွဲ့၏ထင်သာမြင်သာရှိသော အဆင့်တိုင်း၌ ရုံး၊ ဌာနများ ယူထားနိုင်ပြီး၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်တွင်းပါ တီ ပြောရေးဆိုခွင့်ရှိသူ စသည်ဖြင့် ရာထူးများကို ယူထားနိုင်ခဲ့သည်။ အမျိုးသမီးများသည် မြို့နယ်အဆင့် ဖွဲ့စည်းပုံများနှင့်ကောင်စီများတွင်လည်း ကိုယ်စားပြုမှု ပိုမိုကြီးထွားလာသည်။ ထိုအောင်မြင်မှုများနှင့်အတူ ကျား၊မတန်းတူညီမျှရေးကို ANC ၏ မျှော်မှန်းချက်နှင့် အခြေခံစည်းမျဉ်းများတွင် အပြည့်အဝထည့်သွင်းရေးဆွဲ ထားနိုင်သည်ဟု ပါတီမှ အမျိုးသမီးများက ယုံကြည်ကြသည်။ အဓိကရာထူးများတွင် အမျိုးသမီးများရှိနေမှု သည် လွှတ်တော်တွင် ဥပဒေပြုလုပ်ငန်းအမြောက်အများကို ထည့်ဝင်မှုပြုနိုင်ခဲ့သည်။ ၎င်းဥပဒေပြုလုပ်ငန်းများ တွင် ပြုပြင်ထိန်းသိမ်းရေး သို့မဟုတ် ကလေးသူငယ်ထောက်ပံ့ရေး အက်ဥပဒေ၊ တန်းတူညီမျှအလုပ်အကိုင် အခွင့်အလမ်း အက်ဥပဒေ၊ အိမ်တွင်းအကြမ်းဖက်မှု အက်ဥပဒေနှင့် ကိုယ်ဝန်ဖျက်ချခြင်း အက်ဥပဒေများ ပါဝင်သည်။

တစ်ချိန်တည်းတွင်ပင် အခြားသောပါတီအမြောက်အများသည်လည်း အမျိုးသမီးမဲဆန္ဒရှင်များကို တုံ့ပြန် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို သဘောပေါက်ခဲ့သည်။ ဒီမိုကရက်တစ်မဟာမိတ်ပါတီနှင့် လွတ်လပ် သောဒီမိုကရက်များပါတီနှစ်ခုစလုံးတွင်လည်း အမျိုးသမီးခေါင်းဆောင်များနှင့် ကျား၊မကိစ္စကိုအလေးပေးထား သောမူဝါဒလမ်းစဉ်များကို ကျင့်သုံးရန် လုပ်ဆောင်ခဲ့သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် တောင်အာဖရိကနိုင်ငံ၏အမျိုးသမီးလှုပ်ရှားမှုအောင်ပွဲသည် ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် အကျွမ်းတဝင်ရှိသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ နိုင်ငံရေးလွပ်လပ်မှုအတွက် ကြိုး စားရုန်းကန်မှုများနောက်ပိုင်း အပြောင်းအလဲဖြစ်စဉ်သည် ဒီမိုကရေစီဆွေးနွေးငြင်းခုန်မှုများ၏ဗဟိုချက်မတွင် ကျား၊မတန်းတူညီမျှအတွေးအမြင်များကို ပါဝင်စေခဲ့သည်။ အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုသည် ကိုယ်စားပြု အစိုးရ၏အုပ်ချုပ်မှုအထိကျယ်ပြန့်ခဲ့ပြီး မူဝါဒများဖော်ဆောင်ရာတွင် အမျိုးသမီးများ၏ အကျိုးလိုလားချက်များ ကို ကာကွယ်ပေးရန် အဖွဲ့အစည်းအမျိုးမျိုးကို ဖန်တီးခဲ့သည်။

## စိန်ခေါ်မှုများနှင့် ရှေ့ခရီး

အပြောင်းအလဲ၏ အရေးကြီးသောအချိန်များ ပေါ်ပေါက်လာသောအခါ အဓိကသင်ခန်းစာမှာ ပဋိပက္ခပြီးဆုံး၍ သော်လည်းကောင်း၊ အစိုးရအပြောင်းအလဲကြောင်းသော်လည်းကောင်း သို့မဟုတ် အခြားခြားသောအချက်များ ကြောင့် စနစ်သစ်တွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို စည်းစနစ်ကျအောင် ပြုလုပ်ရမည်။ တောင်အာဖရိက နိုင်ငံ၏ အပြောင်းအလဲကာလအတွင်း ရာထူးနေရာတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်နေသော အမျိုးသမီးများ

သည် ပါတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများအတွက် ANC ၏နှစ်မြှုပ်ဆောင်ရွက်မှုများအား ခိုင်မာစေမည့် ပြည့်စုံသောမဟာဗျူဟာများကို ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် အမျိုးသားများ အကောင်အထည်ဖော်ပေးရန် လုပ်ဆောင်ခဲ့သည်။ ပါတီမှ ဖြေကြားခဲ့သူတစ်ဦးက "ကျား၊မအရေးကိစ္စကို ထည့်သွင်းထားသော ဥပဒေများသည် ဖြစ်လာနိုင်သည့် နောက်ပြန်သွားခြင်း သို့မဟုတ် နိုင်ငံရေးတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုသည် အဘယ်ကြောင့် အရေးပါသနည်းဆိုသည့် အခြေအနေများကို နားမလည်နိုင်သည့် နောင်လာမည့်မျိုးဆက်များမှ ဆန့်ကျင်လာမည်ကို ကာကွယ်ရန် အလွန်အရေးကြီးသည်။ အကယ်၍ ခွဲတမ်းစနစ်ကိုသာ ဖွဲ့စည်းပုံဥပဒေတွင် ထည့်သွင်းမရေးဆွဲထားလျှင် ဥပဒေတွင် ပြဌာန်းမထားခဲ့လျှင် အာမခံချက်တစ်ခုမျှ ရှိမည်မဟုတ်ပေ။"

တောင်အာဖရိကတွင် အမျိုးသမီးများသည် အထူးဖြေရှင်းမည့်နည်းလမ်းများနှင့် မူဝါဒများကို ပြဌာန်းပေးခြင်းနှင့် အတူ လက်တွေ့မြင်သာသည့်ရလဒ်များကို အောင်မြင်ခဲ့သော်လည်း တောင်အာဖရိကနိုင်ငံသည် လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး အခွင့်အလမ်းများခွဲခြားထားသော နိုင်ငံရေးစနစ်၏ အတိတ်သမိုင်းရိုက်ခတ်မှုကို နက်ရှိုင်းစွာခံစားရပြီး၊ ထိုစနစ်အလွန်ကာလ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း မညီမျှခဲ့ပေ။ ၎င်းနိုင်ငံသည် ကမ္ဘာကြီးတွင် အကြီးဆုံးသော ဆင်းရဲ၊ချမ်းသာကွာဟမှုကို ကြုံတွေ့ခဲ့ရသည်။ အမျိုးသမီးများသည် မညီမျှသော ဖွံ့ဖြိုးတိုးတက်မှုနှင့် တာရှည်ဆင်းရဲမှုဒဏ်၏ ရိုက်ခတ်မှုကို အကြီးအကျယ် ခံစားခဲ့ရပြီး HIV/AIDS ၏ မမျှတသော သက်ရောက်မှုဒဏ်ကို ခံခဲ့ရသည်။ ကျား၊မတန်းတူညီမျှမှုမရှိခြင်းသည် ဖွဲ့စည်းပုံများနှင့် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ၏ သဘောထားများတွင် နက်ရှိုင်းစွာ ဆက်လက်အမြစ်တွယ်နေသည်။ ၂၀၀၈ ခုနှစ်တွင် ပြောခဲ့သော မိန့်ခွန်းတစ်ခုတွင် အမျိုးသမီးအဖွဲ့ချုပ်၏ဥက္ကဋ္ဌဖြစ်သော နိုဆီဗွိဝီမတ်ပီဆာ-နာကူလက "တောင်အာဖရိက အမျိုးသမီးအများစုသည် လွတ်မြောက်ခြင်း၏အသီးအပွင့်တွေကို မမြည်းစမ်းရသေးဘူး။ အထူးသဖြင့် အလုပ်လုပ်သည့် အမျိုးသမီးလူတန်းစားများ၊ ကျေးလက်ဒေသနှင့် ဆင်းရဲသည့် အမျိုးသမီးများပေါ့" ဟူ၍ ပြောခဲ့သည်။ တောင်အာဖရိကနိုင်ငံသည် ၎င်း၏ဒီမိုကရေစီအားကောင်းခိုင်မာလာစေရန် လုပ်ဆောင်ရာတွင် မတူသောလူမျိုးစုနှင့် မတူသောနောက်ခံများမှ အမျိုးသမီးများသည် နိုင်ငံမူဝါဒများ၏အကျိုးကျေးဇူးများကို မျှတစွာခံစားနိုင်စေရန်နှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးပိုင်းတွင် ထိရောက်စွာ ပါဝင်လာနိုင်စေရန် စည်းရုံးခဲ့သည်။

**တောင်အာဖရိကတိုက်။ ။အပြောင်းအလဲကာလများကို ကုတ်အားအဖြစ်အသုံးပြုခြင်းနှင့် ပါတီကျား၊မတန်းတူညီမျှရေး အလေ့အကျင့်များကို စည်းစနစ်မူဘောင်သွင်းခြင်းစည်တို့နှင့် ပတ်သက်၍ ဒေသအဆင့် သင်ခန်းစာများ။**

"မော်ဇမ်ဘေ့နှင့် နမ်ဘီးယားနိုင်ငံများသည် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုကို တိုးတက်စေရန် အတွက် ခေတ်မီမဟာဗျူဟာများကို လုပ်ဆောင်ခဲ့သော နိုင်ငံရေးပါတီများနှင့် အစိုးရများသည် အလားသဏ္ဍာန်တူသော (ဝါ) အားဖြည့်ပေးနိုင်သော လုပ်ဆောင်များကို လုပ်ဆောင်ရာတွင် တစ်ခုကိုတစ်ခု လွှမ်းမိုးမှုရှိကြောင်း ပြသခဲ့သည်။"

မော်ဇမ့်ဘေ့နှင့် နမ်ဘီးယားရှိနိုင်ငံရေးလှုပ်ရှားသူများထဲမှ အများအပြားသည် လွတ်လပ်ရေးကြိုးပမ်းမှု လှုပ်ရှားမှုများထဲမှ ပေါ်ထွက်လာကြပြီး အပြောင်းအလဲကာလများကိုအသုံးချကာ ကျား၊မတန်းတူညီမျှ ရေးကို နိုင်ငံရေးပါတီဖွဲ့စည်းပုံများနှင့် ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံ့အဖွဲ့အစည်းများတွင် ထည့်သွင်းတည်ထောင် ခဲ့သည်။ နှစ်နိုင်ငံလုံးသည် ယခုအချိန်တွင် အမျိုးသမီးများ၏နိုင်ငံရေးကိုယ်စားပြုမှု အဆင့်အတန်းများကို အားကောင်းအောင်လုပ်ခဲ့ပြီး နိုင်ငံရေးလောကရှိ အမျိုးသမီးများအား ရှေ့သို့ရောက်အောင်တွန်းပို့ခဲ့သော အစိုးရအပြောင်းအလဲများကြောင့် ဖြစ်တည်လာသော အခွင့်အလမ်းများအား ဖမ်းဆုပ်ရယူခြင်းသည် အရေးပါ ကြောင်း ပြသခဲ့ကြသည်။

**မော်ဇမ်းဘေ့**တွင် မော်ဇမ်ဘေ့လွတ်မြောက်ရေးတပ်ဦး (FRELIMO) ပါတီသည် ၁၉၆၂ ခုနှစ်တွင် ကိုလိုနီ ဆန့်ကျင်သော လှုပ်ရှားမှုတစ်ရပ်အနေဖြင့် စတင်ခဲ့ပြီး ၎င်းအစောပိုင်းနှစ်များအတွင်း၌ပင် လွတ်လပ်ရေးကြိုး ပမ်းမှုတွင် အမျိုးသမီးများအား ပါဝင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် FRELIMO သည် နိုင်ငံပါတီအဖြစ် ပြောင်းလဲ သည့်အချိန်တွင် အမျိုးသမီးများပါဝင်မှုသည် ပါတီ၏လုပ်ငန်းရည်မှန်းချက်တွင် အဓိကအချက်တစ်ရပ်ဖြစ်ပြီး အမျိုးသမီးများကို ရည်ရွယ်ချက်ရှိရှိဖြင့် ပါတီ၏ဖွဲ့စည်းပုံအလွှာအသီးသီးတွင် ထည့်သွင်းထားခဲ့သည်။ ၎င်းတွင် အမျိုးသမီးအင်အားစုအဖွဲ့ တည်ထောင်ပေးခြင်းလည်း ပါဝင်သည်။ ၁၉၉၂ ခုနှစ်တွင် FRELIMO သည် အလုံးစုံသောပါတီအဖွဲ့ခွဲများနှင့် အစိုးရ၏အလွှာအသီးသီးတွင် အမျိုးသမီးများကိုယ်စားပြုမှုရှိစေရန် ခွဲတမ်းစနစ် တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ကျား၊မတန်းတူညီမျှမှုကို ပါတီတွင်း၌ တရားဝင်ဖြစ်စေ ခဲ့သည်။ ၂၀၁၀ ဇန္နဝါရီလတွင် မော်ဇမ့်ဘေ့လွှတ်တော်တွင် အမျိုးသမီးဦးရေသည် ၄၂ ရာခိုင်နှုန်း ပါဝင်ခဲ့ပြီး လွှတ်တော်သည် ပထမဦးဆုံးအမျိုးသမီးဥက္ကဋ္ဌအဖြစ် ဗရော်နီကာမာကာမိုကို ရွေးကောက်တင်မြှောက်ခဲ့သည်။

**နမ်ဗီးယားနိုင်ငံတွင်** ကိုလိုနီအုပ်ချုပ်မှုနှင့် တောင်အာဖရိက၏ လူမျိုးအလိုက် နိုင်ငံရေး၊ လူမှုရေး အခွင့်အလမ်းများခွဲခြားထားသော နိုင်ငံရေးစနစ်အောက်မှ လွတ်လပ်ရေးရပြီးနောက် ၁၉၉၀ ဖွဲ့စည်းပုံအခြေခံဥ ပဒေကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှုအပေါ်တွင် တည်ဆောက်သည့်အနေဖြင့် ဖွဲ့စည်းပုံအခြေ ခံဥပဒေသည် ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးများကို ပြန်လည်ထိန်းသိမ်းမှုအပေါ်တွင် အလွန်တန်ဖိုးထားသည်။ အထူးသဖြင့် အပိုဒ် ၂၃ သည် "နမ်ဗီးယားနိုင်ငံရှိ အမျိုးသမီးများသည် အစဉ်အလာအားဖြင့် ခွဲခြားဆက်ဆံမှုကို အထူးတလည်ခံစားခဲ့ရပြီး သူတို့သည် နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် ပြည့်ဝ၊ ညီမျှပြီး ထိရောက်သော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်စေရန် အားပေးရန်လိုအပ်သည် ဟူသောအချက်" ကို ကုစားမည့် အထူးဖြေရှင်းချက်များနှင့် မူဝါဒများအတွက် ခွင့်ပြု ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထပ်လောင်းအားဖြည့်သည့်အနေဖြင့် နမ်ဗီးယားလွှတ်တော်သည် ၁၉၉၂

ခုနှစ် နယ်အာဏာပိုင်များအက်ဥပဒေကို ထုတ်လိုက်ပြီး ၎င်းက ပါတီမှစာရင်းပေးရသည့်စနစ်ကိုအသုံးပြုကာ နယ်ရွေးကောက်ပွဲများကျင်းပသည့်အခါ ၁၀ ယောက် သို့မဟုတ် ထို့ထက်နည်းသော ကောင်စီများအတွက် အနည်းဆုံး အမျိုးသမီး ၂ ဦးစီပါဝင်ရန်နှင့် ၁၁ ယောက်ထက်ပိုများသော ကောင်စီများအတွက် အမျိုးသမီး ၃ ဦး စီပါဝင်ရန် အမိန့်ချမှတ်ထားသည်။ ဤဥပဒေကို ၁၉၉၇ ခုနှစ်တွင် အားကောင်းစေရန် ဆောင်ရွက်ခဲ့ပြီး အကျိုး ဆက်အနေဖြင့် နယ်အစိုးရကောင်စီဝင်များ၏ ၄၂ ရာခိုင်နှုန်းနှင့် နမ်ဗီးယားရှိမြို့ဝန်များ၏ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြသည်။

## နိုင်ငံရေးပါတီများ၏ကျား၊မတန်းတူညီမျှရေးလုပ်ငန်းစဉ်များကို စည်းမျဉ်းမူဘောင်သွင်းခြင်း

မော်ဇမ်ဘေ့နှင့် နမ်ဘီးယားနိုင်ငံများသည် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုကို တိုးတက်စေရန် အတွက် ခေတ်မီမဟာဗျူဟာများကို လုပ်ဆောင်ခဲ့သော နိုင်ငံရေးပါတီများနှင့် အစိုးရများသည် အလားသဏ္ဍာန် တူသော (ဝါ) အားဖြည့်ပေးနိုင်သော လုပ်ဆောင်များကို လုပ်ဆောင်ရာတွင် တစ်ခုကိုတစ်ခု လွှမ်းမိုးမှုရှိကြောင်း ပြသခဲ့သည်။

၁၉၉၇ ခုနှစ် နမ်ဗီးယားလွှတ်တော်တွင် အမျိုးသမီခွဲတမ်းစနစ်အား ဥပဒေပြုလိုက်ခြင်းကြောင့် အစိုးရအဖွဲ့နှင့် နမ်ဗီးယားအမျိုးသမီးများ၏မူဝါဒလမ်းစဉ်ကွန်ယက်မှ နိုင်ငံရေးခေါင်းဆောင်များသည် ဆွာပိုပါတီနှင့် အတိုက် အခံပါတီဖြစ်သော ဒီမိုကရက်တစ်တွန်ဟေးလ်မဟာမိတ်ပါတီများအနေဖြင့် ပါတီရုံးခွဲများအား နယ်အဆင့်ပါတီ စာရင်းများတွင် ရွေးကောက်ပွဲဝင် အမျိုးသား၊ အမျိုးသမီးအား အလှည့်ကျထည့်ခိုင်းရန်အတွက် အတူတကွ လှုံ့ဆော်စည်းရုံးခဲ့သည်။ နောက်လာသောရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲဝင်အမျိုးသမီးရာခိုင်နှုန်းသည် ၄၇ ရာခိုင်နှုန်းသို့ မြင့်တက်သွားခဲ့သည်။

**မော်ဇမ်းဘေ့ခ်နိုင်ငံ**တွင် FRELIMO ခွဲတမ်းမူဝါဒ၏ အားပေးမှုကြောင့် မြောက်များစွာသော အစိုးရဝန်ကြီးဌါနများ သည် ကျား၊မအရေးကိစ္စကို မူဝါဒရေးဆွဲရာတွင် ထည့်သွင်းပေးရန် စီမံကိန်းများကို စတင်အကောင်အထည် ဖော်လာကြသည်။ ကျား၊မအရေးကိစ္စထည့်သွင်းစဉ်းစားမှုများပါဝင်သည့် အစိုးရလုပ်ဆောင်ချက်များ ပိုမိုရှိလာ သည်။ FRELIMO ပါတီ၏ ဦးဆောင်မှုအောက်တွင် အုပ်ချုပ်ရေးမဏ္ဍိုင်သည် အမျိုးသမီးများနှင့် သူတို့၏ ဦးစားပေးကိစ္စများရပ်များအတွက် မူဝါဒလမ်းစဉ်ကို ပေးနိုင်သော လုပ်ထုံးလုပ်နည်းအသစ်များကို ဖန်တီးခဲ့ သည်။ ၎င်းတွင် အမျိုးသမီးများ၏ကော်မတီများနှင့် အထူးကော်မရှင်များ ဖွဲ့စည်းပေးခြင်းတို့ပါဝင်သည်။ ထိုနည်း တူစွာပင် လွှတ်တော်တွင် လူမှုရေး၊ ကျား၊မအရေးကိစ္စနှင့် သဘာဝပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းရန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ တရားစီရင်ရေးအပိုင်းမှလည်း အမျိုးသမီးများကို ဥပဒေပြုရေးလုပ်ငန်း စဉ်တွင် ပါဝင်လာစေမည့် ဖြေရှင်းချက်နည်းလမ်းများကို လုပ်ဆောင်ခဲ့သည်။

ဤဥပမာများသည် ပါတီများနှင့် အစိုးရအကြားတွင်ရှိသော မဟာဗျူဟာမြောက် အပြန်အလှန်ဆက်ဆံရေးများ သည် နည်းလမ်းများသည် အမျိုးသမီးများ၏တိုးမြင့်လာသောနိုင်ငံရေးပါဝင်မှုကို ပိုမိုကျယ်ပြန့်စွာ မောင်းနှင်နိုင် ကြောင်းကို ပြသခဲ့သည်။

## ကျား၊မအရေးကိစ္စနှင့်တိုင်းရင်းသားဖြစ်မှုကို အသိအမှတ်ပြုခြင်း

မောရီတီးယပ်စ်နိုင်ငံတွင် ရွေးကောက်ပွဲစကားရည်လုပွဲများသည် သမိုင်းတလျှောက်တွင် ကျား၊မအရေးကိစ္စကို ထည့်သွင်းစဉ်းစားခြင်းများထက် တိုင်းရင်းသားကွဲပြားမှုများကို အလေးထားခဲ့ကြပြီး မောရီတီးယပ်စ်တွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုသည် လွှတ်တော်တွင် ၁၈ ရာခိုင်နှုန်းဖြင့် SADC နိုင်ငံများတွင် အနည်းဆုံး ဖြစ်သည်။ မောရီတီးယပ်စ် နိုင်ငံရေးပါတီများသည် တိုင်းရင်းသားလူမျိုးစုများအားလုံးသည် နိုင်ငံရေးတွင် ပါဝင်စေရန် "အကောင်းဆုံးသောရှုံးနိမ့်သူများစနစ်"ဟု ခေါ်သော သီးသန့်စနစ်တစ်ခုကို ထပ်လောင်းဖန်တီး ခဲ့ကြသည်။ သို့သော် အမျိုးသမီးများအတွက်မူ အလားတူလုပ်ဆောင်ချက်တစ်ခုကိုမျှ မလုပ်ခဲ့ပေ။ မောရီတီးယပ်စ်နိုင်ငံတွင် တိုင်းရင်းများကွဲပြားမှုကို အာရုံထားရသောကြောင့် လုပ်နိုင်သော၊ လုပ်ချင်သော အချင်းချင်းချိတ်ဆက်နေသည့် အမျိုးသမီးအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးတွင် ကျား၊မ'မညီမျှမှုကို ဖြေရှင်းပေးရန် အစိုးရနှင့်အတူတကွ ကိုယ်စားပြုအရေးဆိုသည့် စနစ်တကျလှုပ်ရှားမှုတစ်ရပ် မပေါ်ပေါက်စေ ရန် ချိုးနှိမ်ထားခဲ့သည်။ မော်ရီတီးယပ်နိုင်ငံက ပြသခဲ့သည်မှာ ပါဝင်နိုင်မှုနှင့်ပတ်သက်သောပြောဆိုရေးသား ချက်များ၊ တိုင်းရင်းသားလူမျိုးစုများနှင့် အမျိုးသမီးများ၏တန်းတူပူးပေါင်းပါဝင်မှုကို ကြိုပမ်းရန်အတွက် နိုင်ငံရေး အရအလုပ်ဖြစ်နိုင်သည့်နေရာအကန့်အသတ်ဖြင့်သာရှိသော ဒီမိုကရေစီများသည် အသိအမှတ်ပြုမှုအတွက် ရှန်းကန်ရခြင်းနှင့် အဆုံးသတ်သွားကြရသည်။

**စပိန်နိုင်ငံ။** ။အမျိုးသမီးများအတွက်နိုင်ငံရေးပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရန် အမျိုးသားများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း။

| | |
|---|---|
| အဓိကစကားလုံးများ<br>အမျိုးသားများနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း<br>ပါတီတွင်းခွဲတမ်းစနစ်<br>အမျိုးသမီးများ၏ လှုံ့ဆော်စည်းရုံးရေး | |
| နိုင်ငံရေးပါတီဥပမာ<br>ဆိုရှယ်လစ် အလုပ်သမားများ ပါတီ (PSOE) | |
| တစေ့တစောင်း။ ။စပိန်နိုင်ငံ | |
| လွှတ်တော်အမည် | စပိန်လွှတ်တော်/ ကိုတီ |
| လွှတ်တော်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (ဒုအရာရှိများလွှတ်တော်နှင့် ဆီးနိတ်) |
| ရွေးကောက်ပွဲစနစ်အမျိုးအစား | အချိုးကျ ကိုယ်စားပြုစနစ် (အောက်လွှတ်တော်) |
| ဥပဒေပြုရွေးကောက်ပွဲ | ၂၀၀၈ ခုနှစ် မတ်လ |
| ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက် (အောက်လွှတ်တော်) | ၃၅၀ တွင် ၁၂၇ ဦး (၃၆%) |

**နောက်ခံသမိုင်း**

စပိန်နိုင်ငံသည် တွင်လွှတ်တော်နှစ်ရပ်ပါဝင်သော ပါလီမန်ရှိပြီး ဒုအရာရှိများလွှတ်တော် (အောက်လွှတ်တော်) နှင့် ဆီးနိတ် (အထက်လွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံရေးလောကကို လွှမ်းမိုးထားသော ပါတီကြီးနှစ်ရပ်မှာ ဆိုရှယ်လစ်အလုပ်သမားများပါတီ (PSOE) နှင့် ပြည်သူ့ပါတီတို့ ဖြစ်ကြသည်။ ထို့အပြင် စပိန်နိုင်ငံရေးလောကတွင် အခြားသောပါတီငယ်များ အများအပြားရှိကြပြီး ၎င်းတို့တွင် ပေါင်းစည်းထားသောလက်ဝဲပါတီ၊ ကက်သလစ်ဘာသာဝင်များ၏ရီပါပလီကန်လက်ဝဲပါတီ၊ ဂါလီဆီယန်အမျိုးသားရေးအဖွဲ့ပါတီနှင့် ကာနာရီယန်ညွန့်ပေါင်းအဖွဲ့ပါတီတို့ ပါဝင်သည်။

PSOE ပါတီတွင် နိုင်ငံရေးခေါင်းဆောင်မှုပိုင်း၏အမြင့်ဆုံးအဆင့်များတွင် အမျိုးသမီးအချိုးအစား မြင့်မားစွာရှိသည်။ ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲနောက်ပိုင်းတွင် ၄၇.၆ ရာခိုင်နှုန်းသော PSOE လွှတ်တော်အမတ်အုပ်စုသည် အမျိုးသမီးများ ဖြစ်ကြသည်။ ထို့အပြင် PSOE ၏အစိုးရအဖွဲ့ဝင်များတွင် အများစုသည် အမျိုးသမီးများဖြစ်ကြပြီး အစိုးရအဖွဲ့ဝင် ၁၇ ဦးတွင် အမျိုးသမီး ၉ ဦး ရှိသည်။ အဓိကရာထူးများဖြစ်ကြသော ကာကွယ်ရေး၊ စီးပွါးရေး၊ ပြည်သူ့အလုပ်များနှင့် ဒုဝန်ကြီးချုပ်ရာထူးများတွင် ထမ်းဆောင်နေကြသည်။

| |
|---|
| ဤလေ့လာဆန်းစစ်မှုသည် ပါတီတွင်းနှင့် ရွေးကောက်ပွဲအခြေအနေရပ်များတွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် ဆိုရှယ်လစ်ပါတီမှ လုပ်ဆောင်ခဲ့သော မဟာဗျူဟာများကို တင်ပြထားသည်။ သို့သော် ၎င်းသည် စပိန်နိုင်ငံတွင် ထိုကဲ့သို့လုပ်ဆောင်ခဲ့သည့် တစ်ခုတည်းသော ပါတီမဟုတ်ပါ။ ၎င်းသည် အမျိုးသားခေါင်းဆောင်များ၏ အားပေးထောက်ခံမှုသည် အမျိုးသမီးများ၏ ပါတီတွင်း နိုင်ငံရေးအခွင့်အလမ်းများကို သိသာစွာ တိုးတက်စေခဲ့ပြီး ခေတ်မီခွဲတမ်းအစီအစဉ်များကို ကျင့်သုံးစေခဲ့သည်။ |

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ကာကွယ်ရေးဝန်ကြီးဖြစ်သော ကာမန်ချာကွန်သည် စပိန်နိုင်ငံ၏ ပထမဦးဆုံးသော ကိုယ်ဝန်လွယ်သည့် ဝန်ကြီးဖြစ်ပြီး တန်းတူညီမျှမှု ဝန်ကြီး ဖြစ်သော ဘိုင်ဘီယာနာအိုင်ဒိုသည် စပိန်နိုင်ငံ၏ အသက်အငယ်ဆုံးသော အစိုးရအဖွဲ့ဝန်ကြီးဖြစ်သည်။ သူမ ရာထူးရယူခဲ့စဉ်က သူမ၏အသက်သည် ၃၁ နှစ်သာ ရှိသေးသည်။ အမျိုးသမီးများအတွက် နိုင်ငံရေးအခွင့်အလမ်းများကို မြှင့်တင်ရာတွင် PSOE ၏ အောင်မြင်မှုများသည် အခြားသော ထပ်တူကျသည့် မဟာဗျူဟာ အများအပြားကြောင့်ဖြစ်သည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရသည့် ကြောင်းကျိုးဆီလျော်မှု

၂၀၀၄ ခုနှစ်တွင် PSOE ပါတီသည် နိုင်ငံရေးအာဏာရယူရန် ကြိုးပမ်းခဲ့ရာ ပါတီခေါင်းဆောင်မှုပိုင်းသည် အမျိုးသမီး တက်ကြွလှုပ်ရှားသူများက ပါတီအား အမျိုးသမီးများ၏အကျွအသုံးဝင်သောပါတီအဖြစ် တံဆိပ်တပ်ခြင်းဖြင့် ရွေးကောက်ပွဲများတွင်အနိုင်ရနိုင်ကြောင်း အကြံပေး ပြောကြားချက်များကို ရရှိခဲ့သည်။ ထို့ကြောင့် PSOE ပါတီသည် ရွေးကောက်ပွဲဝင်အမျိုးသမီးများဖြင့် တက်ကြွစွာ ယှဉ်ပြိုင်ရွေးကောက်ပွဲဝင်ခဲ့ပြီး တရားဝင်ခွဲတမ်းစနစ်တစ်ရပ်နှင့် ကျားမတန်းတူညီမျှရေးမူဝါဒများအတွက် မဲဆွယ်စည်းရုံးခဲ့သည်။ ပါလီမန်သို့ ရွေးကောက်ခံရပြီး ဇာပါတယ်ရိုအစိုးရအဖွဲ့သို့ အမည်စာရင်းတင်သွင်းခံရသော အမျိုးသမီးအများအပြားသည် PSOE ပါတီ၏ ၎င်းမဲဆွယ်စည်းရုံးမှုများတွင် ပေးခဲ့သော ဂတိများကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

## အသုံးပြုခဲ့သောမဟာဗျူဟာများ

PSOE၏ အမျိုးသမီးအတွင်းဝန်ရုံးသည် ပါတီတွင်းခွဲတမ်းပမာဏအသေးများကို စတင်လုပ်ဆောင်ရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့ပြီး ၎င်းတို့သည် အမျိုးသမီးများအား ခေါင်းဆောင်များအဖြစ် မြှင့်တင်ပေးသည့် ပါတီယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းလာရန်နှင့် ကျားမတန်းတူညီမျှရေးမူဝါဒလမ်းစဉ်တစ်ရပ်ကို ကျင့်သုံးရန်အတွက်ဖွင့်ပေးသော ဖွဲ့စည်းမှုဘောင်တစ်ရပ်ကို ဖန်တီးပေးခဲ့သည်။ အမျိုးသမီးများကို ထောက်ခံသောပါတီခေါင်းဆောင်တစ်ဦးကို ပေါ်ပေါက်လာခြင်း၊ အစိုးရအဖွဲ့တွင် ကျားမခွဲတမ်းစနစ်ကိုကျင့်သုံးစေခြင်း စသည်တို့နှင့်အတူ PSOE ပါတီသည် ပါတီအတွင်းတွင် ဖန်းတီးခဲ့သော အလားတူ ကျားမတန်းတူညီမျှရေးမှုဘောင်တစ်ရပ်ကို စပိန်နိုင်ငံရေးစနစ်တွင် ကျယ်ပြန့်လာစေရန်လုပ်နိုင်သည့် အနေအထားကို ရောက်ရှိခဲ့သည်။ ထိုသို့ကျယ်ပြန့်အောင်လုပ်ဆောင်ရာတွင် အမျိုးသမီးများ နိုင်ငံရေး၊ စီးပွါးရေးနှင့် လူ့အသိုင်းအဝိုင်းများတွင် ရင်ဆိုင်ကြုံတွေ့နေရသော မညီမျှမှုအမျိုးမျိုးကို ဖြေရှင်းရန် ပြည့်သူ့ရေးရာမူဝါဒ အများအပြားကို ထုတ်ပြန်ခဲ့သည်။

## က။ ပါတီတွင်းခွဲတမ်းစနစ်

ပါတီတွင်းအမျိုးသမီးများအား မြှင့်တင်ပေးရန် PSOE၏ ကြိုးပမ်းအားထုတ်မှုများသည် ၁၉၇၀ ခုနှစ်များတွင် စပိန်နိုင်ငံသည် အာဏာရှင်စနစ်အောက်မှ ရုန်းထွက်ပြီး ဒီမိုကရေစီနစ်သို့ သွားနေသည့်အချိန်များမှ စတင်ခဲ့သည်။ ထိုကာလတွင် PSOE ၏ အမျိုးသမီးအတွင်းဝန်ရုံးကို တည်ထောင်လိုက်ပြီး ပါတီအတွင်းတွင် ကျားမတန်းတူညီမျှမှုရှိရေးအတွက် ကိုယ်စားပြုအရေးဆိုခဲ့သည်။ ခွဲတမ်းစနစ်သည် ကိုယ်စားပြုအရေးဆိုသည့် ကြိုးပမ်းမှုများ၏ အရေးပါသောအစိတ်အပိုင်းတွင် ပါဝင်ခဲ့ပြီး အစပိုင်းတွင် ပါတီတွင်းခွဲတမ်းစနစ်ကို အမျိုးသမီး

ရော အမျိုးသားများကပါ ဆန့်ကျင်ခဲ့ကြသည်။ သူတို့က ခွဲတမ်းစနစ်သည် အမျိုသမီးများအတွက် မျှတမှုမရှိသောအားသာချက်ကိုပေးပြီး ရွေးကောက်ပွဲဝင်အမျိုးသမီးများ၏ အရည်အချင်းများနှင့် စပ်လျဉ်း၍ မေးခွန်းထုတ်စရာများ ရှိလာလိမ့်မည် ဟူ၍ပင် ဖြစ်သည်။ PSOE ပါတီမှ ကျားမအခြေပြုခွဲတမ်းများအတွက် ကိုယ်စားပြုအရေးဆိုသူများသည် သူတို့၏လှုံ့ဆော်စည်းရုံးရေးများအား ပထဝီခွဲတမ်းများနှင့်ပတ်သက်သည့် မေးခွန်းများနှင့်ဆက်စပ်နိုင်ခဲ့ပြီး ထိုလုပ်ဆောင်ချက်သည် စပိန်နိုင်ငံ၏ ပြည်နယ်၊ ဒေသအသီးသီးမှ ကျယ်ပြန့်သောထောက်ခံမှုကို ရယူနိုင်ခဲ့သည့် PSOE ပါတီ၏ ကြိုးပမ်းမှုမှ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ အဆုံးတွင် အမျိုးသမီးအတွင်းဝန်ရုံးမှ ပြောဆိုချက်များသည် ထိရောက်မှုရှိခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် **PSOE ပါတီမှ ပါတီစာရင်းများအားလုံးအတွက် ပါတီတွင်းခွဲတမ်စနစ်တစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့သည်။** ခွဲတမ်းပမာဏကို အစပိုင်းတွင် ၂၅ ရာခိုင်နှုန်း သတ်မှတ်ခဲ့သော်လည်း ၁၉၉၇ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်လိုက်သည်။ ဤခွဲတမ်းစနစ်ကို ပါတီခေါင်းဆောင်မှု ဘုတ်အဖွဲ့များ၊ ကော်မတီများနှင့် ရွေးကောက်ပွဲဝင်ရောက်မည့်သူစာရင်းအထိ ကျင့်သုံးခဲ့သည်။

ဒုအရာရှိများနှင့်ဆီနိတ်တာများကို ရွေးကောက်သည့်စနစ်မတူသောကြောင့် PSOE ပါတီ၏ ပါတီတွင်းခွဲတမ်းစနစ်သည် (ပါတီစရင်းများမှတဆင့်ရွေးကောက်တင်မြှောက်သော) ဒုအရာရှိများလွှတ်တော်သည် (စာရင်းနှင့်မဲအများဆုံးသူသာနိုင်သည့်စနစ်ကို ရောနှောကျင့်သုံးသော) ဆီးနိတ်ထက် သက်ရောက်မှု ပိုမိုအားကောင်းသည်။ သို့ရာတွင် ပါတီတွင်းခွဲတမ်းစနစ်သည် PSOE အတွက် ရွေးကောက်ပွဲဝင်အမျိုးသမီးများ၏ စွမ်းရည်ကိုတည်ဆောက်ပေးရန်နှင့် ပါတီဝင်အမျိုးသမီးများအတွက် နယ်အဆင့်နှင့် အမျိုးသားအဆင့် နိုင်ငံရေးလောကတွင် အတွေ့အကြုံများရရှိလာအောင် အခွင့်အလမ်းများကို ဖွင့်ပေးခဲ့သည်။

## ခ။ ။မူဝါဒပြုပြင်ပြောင်းလဲမှု

ခွဲတမ်းစနစ်၏ အကျိုးကျေးဇူးများကြောင့်၊ ပါတီတွင် အမျိုးသမီးများတိုးလာခြင်းသည် အခြားသောမဟာဗျူဟာများအား အကျိုးဖြစ်ထွန်းစေခဲ့သည်။ ၎င်းတွင် ဝန်ကြီးချုပ်ဇာပါတေရိုကိုယ်တိုင် အမျိုးသမီးများအတွက် ကိုယ်စားပြုအရေးဆိုပေးခြင်းနှင့် ၂၀၀၇ ခုနှစ်တွင် တန်းတူညီမျှမှုနှင့်ပတ်သက်သည့်ဥပဒေကို ပြဋ္ဌာန်းပေးခြင်း စသည်တို့ ပါဝင်သည်။ အာဏာမရသေးသင့်အချိန်တွင် ဇာပါတေရိုသည် သူ့ကိုသူ စိတ်ရောကိုယ်ပါ အမှန်တကယ်နစ်မြုပ်ထားသော အမျိုးသမီးဝါဒီတစ်ဦးအဖြစ် ကြေငြာခဲ့ပြီး တုံ့ပြန်ဖြေကြားသူတစ်ဦး၏ ပြောစကားအရ ထိုသို့နစ်မြုပ်လုပ်ဆောင်ရာတွင် စပိန်နိုင်ငံ၏နိုင်ငံရေးလောကတွင် အမျိုးသမီးဝါဒအား မပြောဘဲရှောင်ရှားကြသည့်အကြောင်းအရာတစ်ရပ်အဖြစ်မှ ဖယ်ရှားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပါတီသည် ဥပဒေပြုလုပ်ငန်းစဉ်အားလုံးအတွက် ရွေးကောက်ပွဲအမည်စာရင်းများတွင် ခွဲတမ်းပမာဏ ၄၀ ရာခိုင်နှုန်း ထားရန်လိုအပ်သည့် ကဏ္ဍစုံပါဝင်သောကျားမတန်းတူညီမျှရေးဥပဒေကို ထုတ်ပြန်ပေးရန် မဲဆွယ်စည်းရုံးခဲ့သည်။ ဇာပါတေရို၏ ဝန်ကြီးချုပ်ဖြစ်ပြီးပထမဦးဆုံးသော နိုင်ငံရေးခြေလှမ်းမှာ သူ၏အစိုးရအဖွဲ့နှင့် လွှတ်တော်ရှိ ပါတီမှအမတ်များကို ချိတ်ဆက်ကာ ဥပဒေကြမ်းတစ်ရပ်ကို စတင်မိတ်ဆက်ခဲ့သည်။ သူသည် ၂၀၀၈ခုနှစ်တွင် စပိန်နိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီးအများစုပါဝင်သည့် အစိုးရအဖွဲ့ကိုဖန်တီးရာတွင် ကောင်းစွာကူညီခဲ့ပြီး အစိုးရအဖွဲ့တွင် တန်းတူညီမျှရေးဝန်ကြီးဌါနတစ်ရပ်ဖန်တီးပေးကာ အမျိုးသမီးများအား အရေးအတွက်အားဖြင့် အသာစီးရစေခဲ့သည်။

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ကျား၊မတန်းတူညီမျှရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် PSOE ပါတီသည် **ကျား၊မအရေးကိစ္စကိုမူဝါဒရေးဆွဲရေးဖြစ်စဉ်တွင်ထည့်သွင်းရန်** ကြိုးပမ်းခဲ့သည်။ ၂၀၀၄ ခုနှစ်မှစ၍ PSOE ပါတီသည် အမျိုးသားနှင့်အမျိုးသမီးများသည် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို မျှဝေပိုင်ဆိုင်ခွင့်ရစေရန် စိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲမှု၊ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးဌာနမှ မိသားစုများ၏ မှီခိုသူများအတွက်ကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံကို ထောက်ပံ့ပေးရန်အလို့ငှာ မှီခိုသူများအားစောင့်ရှောက်မှု စသည်တို့နှင့်ပတ်သက်၍ ဥပဒေပြုရန် စတင်ပြုလုပ်ခဲ့သည်။ သူတို့၏ လွှတ်တော်တွင်း သြဇာကြီးမားမှုအပြင် အမျိုးသမီးများသည် PSOE ပါတီ၏ မူဝါဒဖော်ဆောင်ရေး၊ ပါတီတွင်း ဆွေးနွေးငြင်းခုန်မှုများနှင့် အခြားသော ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များတွင် ပါဝင်ကြသည်။ တွေ့ဆုံးမေးမြန်းမှုတွင် ဖြေဆိုခဲ့သည်တစ်ဦးက အမျိုးသမီးများသည် နိုင်ငံရေးတွင် "ရုပ်ပြရုံသာ"ထက်ပိုကြောင်း သုံးသပ်ကြသည်။ ဖြေဆိုသူအများအပြားက အမျိုးသမီးများသည် ပါတီတွင် အမျိုးသားများနှင့်တန်းတူဆက်ဆံခြင်းခံရပြီး ၎င်းတို့၏ တွေးတောယူဆချက်များကိုလည်း အမျိုသားများနည်းတူ ထည့်သွင်းစဉ်းစားပေးကြောင်း ယူဆကြသည်။

## ရလဒ်များ

၁၉၈၀ ခုနှစ်များတလျှောက်တွင် စပိန်နိုင်ငံ၏ ဒီမိုကရေစီသည် အားကောင်းခိုင်မာလာပြီးသော်လည်း လွှတ်တော်တွင်းအမျိုးသမီးများ၏ ကိုယ်စားပြုမှုသည် ဆက်လက်နိမ့်ကျနေဆဲ ဖြစ်သည်။ အမျိုးသမီးများသည် လွှတ်တော်ရှိအမတ်ဦးရေ သို့မဟုတ် PSOE မှ ပါတီတွင်းခွဲတမ်းစနစ်ကို စတင်ကျင့်သုံးခဲ့သည့် ၁၉၈၈ ခုနှစ်မတိုင်မီနှစ်များအတွင်း PSOE ပါတီ၏ကိုယ်စားလှယ်ဦးရေသည် ၁၀ ရာခိုင်နှုန်း ထက်မပိုခဲ့ပါ။ ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲများတွင် PSOE ခွဲတမ်းစနစ်ပြဋ္ဌါန်းပြီးနောက်ပထမဦးဆုံးရွေးကောက်ပွဲတွင် လွှတ်တော်သို့ PSOE ကိုယ်စားလှယ်များထဲမှ အမျိုးသမီးအချိုးအစားသည် ၇ ရခိုင်နှုန်းမှ ၁၇ ရာခိုင်နှုန်းသို့ မြင့်တက်သွားသည်။

ခွဲတမ်းစနစ်နှင့်စပ်လျဉ်း၍ တန်းတူညီမျှရေးဥပဒေသည် PSOE ပါတီ၏ ပါတီတွင်းမူဝါဒကို ပါတီအားလုံးအတွက် တရားဝင်အမိန့်တစ်ရပ်အဖြစ် ပြောင်းလဲပြဋ္ဌါန်းခဲ့သည်။ ပြည်သူ့ပါတီသည် ၂၀၀၈ ခုနှစ် တစ်နိုင်ငံလုံးရွေးကောက်ပွဲများတွင် ဥပဒေအဖြစ်ပြဋ္ဌါန်းထားသော ခွဲတမ်းစနစ်နှင့်အညီ ဆောင်ရွက်ခဲ့ပြီး အတိတ်မှာထက် ပိုများသောရွေးကောက်ပွဲဝင်အမျိုးသမီးဦးရေကို အမည်တင်သွင်းခဲ့သည်။ တန်းတူညီမျှရေးဥပဒေသည် ပုဂ္ဂလိကကဏ္ဍမှ ခေါင်းဆောင်မှုအဖွဲ့များတွင်လည်း ကျား၊တန်းတူညီမျှမှုများပိုမိုရှိလာစေရေးအတွက် အလားတူပြဋ္ဌါန်းချက်များကို ပြုလုပ်ခဲ့သည်။ ၎င်း ပုဂ္ဂလိကကဏ္ဍသည် အမျိုသမီးများအား အစဉ်အလာအရ ဖယ်ကျဉ်ထားသော ကဏ္ဍတစ်ရပ် ဖြစ်သည်။

စပိန်နိုင်ငံသည် နိုင်ငံတွင်း၌ဖြစ်ခဲ့သော ကျား၊မတန်းအရေးကိစ္စနှင့်သက်ဆိုင်သည့်ခေါင်းဆောင်မှုကို နိုင်ငံခြားတွင် ထပ်လုပ်ရန် ကြိုးပမ်းခဲ့ပြီး အီးယူတွင် ကျား၊မအကြမ်းဖက်မှုကို ကာကွယ်ပေးသည့်ဥပဒေတစ်ရပ်နှင့် ခွဲခြားဆက်ဆံမှုမပြုရေးညွှန်ကြားချက်တစ်ရပ်ကို ဖန်တီးပေးရန်အတွက် ကိုယ်စားပြုအရေးဆိုခဲ့သည်။

## စိန်ခေါ်မှုများနှင့်ရှေ့ခရီး

ပါတီတွင်းခွဲတမ်းစနစ်၊ အားပေးထောက်ခံသောအမျိုးသားခေါင်းဆောင်များ၏ အကူအညီကိုတောင်းခံခြင်းနှင့် တန်းတူညီမျှရေးဥပဒေ စသည့်ကိစ္စရပ်များအားလုံးသည် မတူသည့်ပါတီမဟာဗျူဟာများ ဖြစ်ပြီး ၎င်းတို့သည်

တစ်ခုအပေါ်တစ်ခု ဆက်စပ်မှုတည်ခဲ့ကြသည်။ PSOE ပါတီ၏ ခွဲတမ်းစနစ်မူဝါဒနှင့် ဆယ်စုနှစ်ကြာ အတွေ့အကြုံရှိခဲ့ပြီးနောက် ၎င်း၏ခေါင်းဆောင်မှုပိုင်းတွင်ရှိသော အမျိုးသားရော၊ အမျိုးသမီးများကိုပါ အမျိုးသမီးများ ပါတီတွင်ပါဝင်ခြင်း၏ တန်ဖိုးကို သိမြင်လာကြပြီး ပါတီမှ ရွေးကောက်ပွဲဝင်သူများသည် ကျား၊မတန်းတူညီမျှမှု အပေါ်တွင် မဲဆွယ်စည်းရုံးမှုပြုလုပ်ခြင်းဖြင့် ဝန်ကြီးချုပ်ဖြစ်နိုင်မည့် ဖြစ်နိုင်ခြေအလားအလာကို ပိုများစေခဲ့သည်။ ထိုနည်းတူစွာပင် PSOE ပါတီမှ ခွဲတမ်းစနစ်နှင့် ပါတီကိုယ်စားလှယ်များ၏ ထက်ဝက်နီးပါခန့်သည် ၏ အကျိုးခံစားခွင့်ရသော အမျိုးသမီးပါလီမန်အမတ်များသည် ဖပါတေရိုး၏ဥပဒေကြမ်းအား လွှတ်တော် တွင် ပြဋ္ဌာန်းနိုင်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

သို့ရာတွင် စပိန်နိုင်ငံနှင့် PSOE ပါတီအတွက် စိန်ခေါ်မှုများဆက်လက် ရှိနေဆဲဖြစ်သည်။ PSOE ပါတီအနေဖြင့် အမျိုးသမီးများ၏ကိုယ်စားပြုမှုကို တစ်နိုင်ငံလုံးအဆင့်နိုင်ငံရေးအခင်းအကျင်း၌ အာမခံပေးနိုင်ခဲ့သော်လည်း နယ်အဆင့်တူမှု ၎င်းကဲ့သို့ အောင်မြင်မှုမျိုး မဖြစ်ခဲ့ပေ။ PSOE ကောင်စီဝင်များ၏ ၃၆ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သော်လည်း ၁၅ ရာခိုင်နှုန်းသာ PSOE မြို့ဝန်များဖြစ်သည်။ ဆိုလိုသည်မှာ အမည်စာရင်း အပေါ်တွင်အခြေပြုထားသော ခွဲတမ်းများ၏ သြဇာသက်ရောက်မှုမရှိသော ဤရွေးကောက်ခံရာထူးကို အမျိုးသားများသာ လွှမ်းမိုးထိန်းချုပ်ထားဆဲ ဖြစ်သည်။ ၎င်းအပြင် တစ်နိုင်ငံလုံးအဆင့်တွင် အမျိုးသားများ ထပ်မံအရွေးခံရသော အကြိမ်ရေပိုများပြီး အမျိုးသမီးများထက်လည်း ပိုမိုကြာရှည်စွာ တာဝန်ထမ်းဆောင်ကြရသည်။ ရှေ့အနာဂါတ်တွင် စပိန်နိုင်ငံနှင့် PSOE ပါတီသည် သူတို့ရရှိခဲ့ပြီးသော အောင်မြင်မှုကို ထိန်းထားနိုင်မည့် မဟာဗျူဟာများကိုထည့်သွင်းစဉ်းစားခြင်း၊ မတူကွဲပြားသော အမျိုးသမီးများအား စပိန်နိုင်ငံရေးလောက တွင် ပါဝင်မှုအား တားဆီးနေသည့် အကြောင်းတရားများကို တုံ့ပြန်ဖြေရှင်းပေးခြင်းနှင့် အမျိုးသမီးများသည် နိုင်ငံရေးလောကတွင် အလုပ်တာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိစေရန် ကျား၊မအရေးကိစ္စများကို ထည့်သွင်းတွေးထားသော နိုင်ငံရေးအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ရပေလိမ့်မည်။

## တီမော-လက်စ်တေး။ ။ ရွေးကောက်ပွဲဝင်အမျိုးသမီးများအား ခေါင်းဆောင်မှုကို မြှင့်တင်ရန် မက်လုံးများဖန်တီးပေးခြင်း

"အမျိုးသမီးများသည် မဲဆယ်စည်းရုံးပွဲမှူးရထူးများနှင့် အစိုးရအဖွဲ့၏ အခြားသော အလွှာအသီးသီးတွင် ကိုယ်စားပြုမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။"

တီမော-လက်စ်တဲသည် ၂၀၀၂ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ နိုင်ငံသစ်တစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ ပဋိပက္ခလွန်နိုင်ငံတစ်ရပ်အနေဖြင့်လည်းကောင်း တီမော-လက်စ်တေးနိုင်ငံတွင် အမျိုးသမီးများအား နိုင်ငံရေးလောကထဲသို့ အောင်မြင်စွာ ခေါ်ဆောင်နိုင်ခဲ့သည့် ကြိုးပမ်းမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအစောပိုင်းကာလတွင် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ ဖြေရှင်းခြင်းသည် အရေးပါကြောင်း မီးမောင်းထိုးပြခဲ့သည်။

၂၀၀၁ ခုနှစ်တွင် အရှေ့တီမောရှိပြုပြင်ပြောင်းလဲမှုဆိုင်ရာကုလသမ္မဂ္ဂအုပ်ချုပ်ရေးအဖွဲ့ (UNTAET) သည် အမျိုးသမီးများသည် ယာယီလွှတ်တော်အတွက် နိုင်ငံ၏ပထမဦးဆုံးသောရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန်တာဝန်ပေးခံရသောအဖွဲ့သည် အမျိုးသမီးများအားပါဝင်စေခြင်း၏ အရေးကြီးသော အခန်းကဏ္ဍကို သဘောပေါက်နားလည်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှမှုကို ထည့်သွင်းရေးဆွဲခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ UNTAET သည် ရွေးကောက်ပွဲဖြစ်စဉ်၏ကဏ္ဍပေါင်းစုံ၌ အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် လုပ်ဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် တီမော-လက်စ်တဲ နိုင်ငံတွင် ဒေသတစ်ခုတွင်မဲအများဆုံးရရှိသူကို အောင်နိုင်သူအဖြစ် ရွေးကောက်ပွဲစနစ်နှင့် တစ်ခုတည်းသောတစ်နိုင်ငံလုံးအဆင့်အမည်စာရင်းဖြင့် ရွေးကောက်သောစနစ် နှစ်ခုကို ရောစပ်ထားသော ရွေးကောက်ပွဲစနစ် ရှိခဲ့သည်။

UNTAET သည် ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက် အိမ်တိုင်ရာရောက်မီဒီယာမဟာဗျူဟာများတစ်ရပ်ကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းရွေးကောက်ပွဲဝင်အမျိုးသမီးများထဲမှ အများအပြားသည် ရာထူးနေရာအတွက် ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲဝင်ဖူးခြင်းဖြစ်ပြီး ၎င်းတို့၏မဲဆန္ဒရှင်လူထုကို တည်ဆောက်နိုင်စေရန်အတွက် မီဒီယာအား လက်လှမ်းမှီရန် လိုအပ်သည်။ ရွေးကောက်ပွဲအမျိုးသမီးများနှင့် အမျိုးသမီးများအား အနိုင်ရနိုင်သောနေရာအနေအထားများတွင် နေရာချထားပေးသည့် ပါတီများအတွက် မီဒီယာအချိန် ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။ နှစ်ခုအနက် နောက်မှနည်းလမ်းသည် ပါတီများအနေဖြင့် အမျိုးသမီးများကို အားပေးထောက်ခံရန် အားကောင်းသောမက်လုံးတစ်ခု ဖန်တီးပေးခဲ့သည်။ မီဒီယာကိုအသုံးပြုနိုင်ခြင်းဆိုရာတွင် ရုပ်မြင်သံကြားနှင့်ရေဒီယိုတွင် အချိန်ရရှိခြင်း သတင်းစာများတွင် ကြော်ငြာများထည့်ရန်အတွက် နေရာရရှိခြင်း စသည်တို့ ပါဝင်သည်။

ထို့အပြင် မဲဆွယ်စည်းရုံးရေး၌လိုအပ်သောဝန်ထမ်းနေရာများနှင့် အစိုးရအဖွဲ့၏အခြားသော အလွှာအသီးသီးတွင် အမျိုးသမီးများကိုယ်စားပြုမှုရှိစေရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ရွေးကောက်ပွဲဥပဒေများတွင် ခွဲတမ်းစနစ်ကို ထည့်သွင်းမထားသော်လည်း နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးရေးဌါနများတွင် အမျိုးသမီးခွဲတမ်း ၃၀ ရာခိုင်နှုန်းကိုထည့်သွင်းထားပြီး ပြည်သူ့အုပ်ချုပ်ရေးနှင့်သက်ဆိုင်သောရာထူးများတွင် အလားတူခွဲတမ်းတစ်ရပ်ကို ထည့်သွင်းခဲ့သည်။ UNTAET သည် အမျိုးသားရွေးကောက်ပွဲကောက်မရှင်၏ ကော်မရှင်အဖွဲ့ ၁၅ ဦးမှ အနည်းဆုံး၄ ဦးသည် အမျိုးသမီးများဖြစ်စေရန် ခွဲတမ်းတစ်ရပ် ထည့်သွင်းပေးရန်လည်း

ဆောင်ရွက်ခဲ့သည်။ ဤလုပ်ဆောင်ချက်များသည် ၂၀၁၁ ခုနှစ် ယာယီရွေးကောက်ပွဲ တွင် နေရာစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းကို အမျိုးသမီးများရရှိစေရန် အထောက်အပံ့ ဖြစ်ခဲ့သည်။ အမျိုးသမီးလွှတ်တော်အမတ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၇ ကို ပြဋ္ဌာန်းပေးလာစေရေးအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ထိုအပုဒ်က "အမျိုးသမီးများနှင့် အမျိုးသားများသည် မိသားစု၊ နိုင်ငံရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များ၏ ကဏ္ဍအသီးသီးတွင် တူညီသော အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ ရှိသည်" ဟု အတိအကျရေးသားဖော်ပြထားသည်။ ၂၀၁၁ ခုနှစ်မှ စတင်ကာ အရှေ့တီမောနိုင်ငံသည် နိုင်ငံရေးလောကတွင် အမျိုးသမီးများကိုယ်စားပြုနိုင်စေရေးအတွက် အခြားသောမူဝါဒများကိုလည်း ရေးဆွဲခဲ့သည်။

မကြာသေးမီအချိန်က တီမောလက်စ်တဲနိုင်ငံသည် ရွေးကောက်ပွဲဥပဒေတွင် ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက်ခွဲတမ်းတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံရေးပါတီများက ပါတီ၏ရွေးကောက်ပွဲအမည်စာရင်းတွင် အမျိုးသမီး ၂၅ ရာခိုင်နှုန်း ပါဝင်စေရန်နှင့် ရွေးကောက်ပွဲဝင်မည့်သူ ၄ ဦးထဲမှ ၁ ဦးသည် အမျိုးသမီး ဖြစ်စေရန် ဆောင်ရွက်ပေးရမည်။ ဤခွဲတမ်းပမာဏကို မပြည့်မှီသော ပါတီများသည် ရွေးကောက်ပွဲအတွက် စာရင်းပေးရန် အလို့ငှါ ၎င်းတို့၏ ရွေးကောက်ပွဲဝင်မည့်သူစာရင်းကို ပြန်ပြင်ရမည်။

## ယူကေနိုင်ငံ။ ။ အမျိုးသမီးများအား နိုင်ခြေများသော နေရာများတွင် အမည်စာရင်း ထည့်သွင်းပေးခြင်း

| | |
|---|---|
| **အဓိကစကားလုံးများ**<br>ရွေးကောက်ပွဲဝင်မည့်သူများအားအမည်စာရင်းတင်သွင်းခြင်း<br>ပါတီမူဝါဒပြုပြင်ပြောင်းလဲရေး | |
| **တစေ့တစောင်း။ ။ယူကေ** | |
| **လွှတ်တော်အမည်** | **ဝက်စ်မင်စတာ လွှတ်တော်** |
| **လွှတ်တော်ဖွဲ့စည်းပုံ** | **လွှတ်တောနှစ်ရပ် (အောက်လွှတ်တော်နှင့် အထက်လွှတ်တော်)** |
| **ရွေးကောက်ပွဲစနစ်အမျိုးအစား** | **အများစုရွေးကောက်တင်မြှောက်ခြင်း (အောက်လွှတ်တော်)** |
| **ဥပဒေပြုရွေးကောက်ပွဲ** | **၂၀၁၀ မေလ** |
| **ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက်** | **၆၅၀ တွင် ၁၄၃ ဦး (၂၂%)** |

ယူကေနိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်ဖြင့်အုပ်ချုပ်သောနိုင်ငံဖြစ်ပြီး ဘုရင်မသည် နိုင်ငံ့အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအကြီးအကဲဖြစ်သည်။ လွှတ်တော် သို့မဟုတ် ဝက်စ်မင်စတာကို လွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းထားပြီး အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့ ဖြစ်ကြသည်။ အောက်လွှတ်တော် အမတ်များကို မဲအများဆုံးရရှိသူမှအနိုင်ရသောစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး သက်တမ်းတစ်ခုမှ ၅ နှစ်ကြာသည်။ ယူကေနိုင်ငံတွင် ပါတီစုံစနစ်ကို ကျင့်သုံးပြီး ကွန်ဆာဗေးတစ်ပါတီနှင့် လေဘာပါတီက လွှတ်တော်ကို ၁၉၂၀ ခုနှစ်များမှစ၍ လွှမ်းမိုးချုပ်ကိုင်ထားသည်။ အောက်လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်အမတ် ၂၂ ရာခိုင်နှုန်းရှိပြီး ၂၀၀၅ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲအချိန်တွင် ၂.၅ ရာခိုင်နှုန်း တိုးလာခဲ့သည်။

အမျိုးသမီးများ၏ နိုင်ငံရေးစွမ်းဆောင်ရည်ပြောင်းလဲမှုနှင့် လွှတ်တော်တွင် ပါဝင်လာမှုသည် နှေးကွေးခဲ့သည်။ နိုင်ငံရေးပါတီများသည် မဲအများဆုံးရသူအနိုင်ရသည့်ရွေးကောက်ပွဲစနစ်အတွင်း ရွေးကောက်ခံသူအမျိုးသမီး ဦးရေ မြင့်မားလာစေရန် မဟာဗျူဟာအသီးသီးကို အသုံးပြုခဲ့ကြသည်။ ရွေးကောက်ပွဲစနစ်သည် အမျိုးသမီးများ၏ရွေးကောက်ခံရမှုအတွက် အထူးတလည် ထောက်ပံ့မှုမပြုဘဲ အမျိုးသမီးများကို အမျိုးသားများနှင့် တိုက်ရိုက်ယှဉ်ပြိုင်မှုရပြီး မကြာခဏဆိုသလို လူသိများပြီး၊ အောင်မြင်သောမဲဆွယ်စည်းရုံးမှုတစ်ရပ်ကို လုပ်ဆောင်ရန် လိုအပ်သော ငွေကြေးကို ရရှိနိုင်သည့် အခွင့်အလမ်းပိုရှိသည့် ရာထူးရှိပြီးသားအမျိုးသားများနှင့် ယှဉ်ပြိုင်ရသည်။

| |
|---|
| ဤလေ့လာဆန်းစစ်ချက်သည် ကွန်ဆာဗေးတစ်ပါတီမှအမျိုးသမီးများအပါအဝင် အမျိုးသမီးများ၏နိုင်ငံရေး ပါဝင်မှုကို မြှင့်တင်ရန် နိုင်ငံရေးပါတီများမှ လုပ်ဆောင်ခဲ့သော မဟာဗျူဟာများကို တင်ပြထားသည်။ ဆန်းစစ်ချက်တွင် အမျိုးသမီးများ၏တက်ကြွစွာပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ရွေးကောက်ပွဲဝင်အမျိုးသမီးများအား ရွေးချယ်သည့်နည်းလမ်းများကို မည်သို့အသုံးချပုံကို မီးမောင်းထိုးပြထားသည်။ |

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

နိုင်သူအကုန်သိမ်းကျုံးယူသည့် ရွေးကောက်ပွဲစနစ်သည်လည်း ရွေးကောက်ခံမည့်လူခွဲတမ်းပမာဏများကို အကောင်အထည်ဖော်ဆောင်ရန် အခက်အခဲဖြစ်စေခဲ့သည်။ ထို့ကြောင့် မဟာဗျူဟာများသည် အမျိုးသမီးများအား နိုင်ခြေရှိသော မဲဆန္ဒနယ်များတွင် ပြိုင်ဆိုင်စေရန် အမည်စာရင်းတင်သွင်းခြင်းအပေါ်တွင် ဗဟိုပြုထားသည်။

## အမျိုးသမီးများ၏နိုင်ငံရေးပါဝင်မှု

ယူကေနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ ပြုလုပ်ခဲ့သော ၂၀၀၄ ခုနှစ် လေ့လာဆန်းစစ်ချက်တစ်ခုက မဲပေးသူ လူဦးရေအရေအတွက်ပြောရလျှင် ကြီးမားသော ကျားမကွာဟချက် တစ်စုံတစ်ရာ မတွေ့ခဲ့ပေ။ သို့ရာတွင် ၎င်းလေ့လာဆန်းစစ်ချက်ကပင် အမျိုးသမီးများသည် အမျိုးသားများလောက် နိုင်ငံရေးပါတီ မဲဆွယ်စည်းရုံးခြင်း၊ အဖွဲ့ဝင်ဖြစ်ခြင်း၊ သို့မဟုတ် အလှူအဒါန်းပြုလုပ်ခြင်း၊ သို့မဟုတ် နိုင်ငံရေးသမားများနှင့် အဆက်အဆံပြုလုပ်ခြင်း တို့ကဲ့သို့သော မဲဆွယ်စည်းရုံးသည့်နိုင်ငံရေးတွင် ပါဝင်နိုင်မည့် အလားအလာ နည်းပါးသည်။ အမျိုးသမီးများသည် အမျိုးသားများလောက် နိုင်ငံရေးအဖွဲ့အစည်းများအပေါ်တွင် ယုံကြည်မှု မရှိကြပေ။ ထို့အပြင် အမျိုးသားများကသာ လက်ဝါးကြီးအုပ်ထားသည်ဟု ယူဆထားကြသော နိုင်ငံရေးဖြစ်စဉ်ကို လွှမ်းမိုးနိုင်သည့် သူတို့၏ကိုယ်ပိုင်စွမ်းရည်အပေါ်တွင်လည်း ယုံကြည်မှုမရှိကြပေ။ သူတို့သည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းများတွင် ပိုမိုပါဝင်လာနိုင်ပြီး အမျိုးသမီးလွှတ်တော်အမတ်များရှိသော မဲဆန္ဒနယ်များရှိ အစိုးရအဖွဲ့အစည်းများကို ပိုမိုယုံကြည်မှု ရှိလာနိုင်သည်။ ထိုအချက်သည်ပင် အမျိုးသမီးများ၏နိုင်ငံရေးပူးပေါင်းပါဝင်မှုကို မြှင့်တင်ပေးရခြင်း၏ အရေးပါမှုကို ပြသခဲ့သည်။

၁၉၉၇ ရွေးကောက်ပွဲတွင် လေဘာပါတီက ကွန်ဆာဗေးတစ်ပါတီမှ အုပ်ချုပ်မှုအာဏာကို ရယူရန် ကြိုးပမ်းမှုသည်လည်း ကွန်ဆာဗေးတစ်ပါတီမှ လေဘာပါတီသို့ ကူးပြောင်းစေသည့် အကြောင်းအရင်းအဖြစ် တစ်စိတ်တစ်ဒေသ ပြောနိုင်သည်။ လေဘာပါတီ၏ ၎င်း၏ကိုယ်ပိုင်အထူးဖြေရှင်းနည်းတစ်ရပ်ကို ပြဌာန်းကျင့်သုံးလိုက်ခြင်းကြောင့် စံချိန်တင်သည့် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီး အရေအတွက်တစ်ရပ်ဖြစ်လာသည်။ စုစုပေါင်းအရေအတွက် အမျိုးသမီး ၁၂၀ ရွေးကောက်တင်မြှောက်ခံရပြီး လွှတ်တော်အမျိုးသမီးအရေအတွက်၏ နှစ်ဆဖြစ်လာသည်။ ထိုအရေအတွက်တွင် လေဘာပါတီမှ အမျိုးသမီး ၁၀၁ ဦး၊ ကွန်ဆာဗေးတစ်ပါတီမှ ၁၃ ဦးနှင့် ၆ ဦးမှ ပါတီငယ်များ သို့မဟုတ် တစ်သီးပုဂ္ဂလများ ဖြစ်ကြသည်။ ပါတီများသည် တရားဥပဒေဆိုင်ရာ စိန်ခေါ်ချက်များရှိ၍ ခွဲတမ်းစနစ်ကို ကျင့်သုံးရန် တွန့်ဆုတ်နေကြသောကြောင့် ဤအရေအတွက်များသည် ၂၀၀၁ ခုနှစ်ရွေးကောက်ပွဲများတွင် မဆိုစလောက် ကျဆင့်သွားခဲ့သည်။ ၂၀၀၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် အမျိုးသမီး ၁၂၈ ဦး (၂၀%) လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရပြီး တဖန် အများစုသည် လေဘာပါတီမှ ဖြစ်ကြသည်။ ၂၀၁၀ ရွေးကောက်ပွဲများတွင် လွှတ်တော်တွင် ၁၉၇၄ ခုနှစ်မှစ၍ ပထမဦးဆုံးအကြိမ် မဲအရေအတွက်တူညီစွာရပြီး ကွန်ဆာဗေးတစ်ပါတီနှင့် လီဘရယ်ဒီမိုကရက်တစ်ပါတီသည် အနိုင်အရှုံးမဆုံးဖြတ်နိုင်ဘဲ နောက်ဆုံးတွင် ညွန့်ပေါင်းအစိုးရ ဖွဲ့လိုက်ရသည်။ ရွေးကောက်ခံရသော စုစုပေါင်းအမျိုးသမီးအရေအတွက်မှ ၁၄၃ ဦး ဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီမှ ရွေးကောက်ခံရသော အမျိုးသမီးအရေအတွက်မှာ ၁၇ ရာခိုင်နှုန်းမှ ၄၉ ရာခိုင်နှုန်းသို့ မြင့်တက်သွားပြီး ၎င်းမှ များသောအားဖြင့် အနိုင်ရမည့်အမျိုးသမီးများဟုခေါ်သော မဲဆွယ်စည်းရုံးမှုကြောင့် ဖြစ်သည်။

ယူကေတွင် နိုင်ငံရေးပါတီများသည် အမျိုးသမီးများကို ရွေးကောက်ပွဲဝင်မည့်သူများ၊ နိုင်ငံရေးပါတီများနှင့် အခြားသောအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးပါတီများဆောင်ရွက်ခဲ့သော ထောက်ခံအားပေးသည့် လုပ်ဆောင်ချက်များကြောင့် ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များတွင် သင်တန်းပို့ချခြင်း၊ စောင့်ရှောက်သင်ကြားပေးခြင်း၊ အမျိုးသမီးများအားရည်ရွယ်ထားသည့်အဖွဲ့ဝင်စုဆောင်းသည့်ကြိုးပမ်းအားထုတ်မှုများနှင့် ငွေကြေးမက်လုံးများကိုအသုံးချ၍ အဖွဲ့အစည်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို အားပေးခြင်း စသည်တို့ပါဝင်သည်။ ဉပမာ လေဘာပါတီအနေဖြင့် ပါတီ၏ရွေးကောက်ပွဲဝင်မည့်သူများစာရင်းတွင် အမျိုးသမီးများပါဝင်နိုင်သည့်အလားအလာကို မြှင့်တင်ပေးရန် အမျိုးသမီးများအတွက်သီးသန့်စာရင်းများကို အကောင်အထည်ဖော်ပေးခဲ့ပြီး ကွန်ဆာဗေးတစ်ပါတီသည်လည်း ၎င်း၏ရွေးကောက်ပွဲဝင်မည့်သူများအားရွေးချယ်သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ဒေးဗစ်ကင်မရွန်းသည် ကွန်ဆာဗေးတစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ပါတီခေါင်းဆောင်အဖြစ် အနိုင်ရပြီးနောက် မိန့်ခွန်းပြောကြားရာတွင် ကင်မရွန်းက ကွန်ဆာဗေးတစ်ပါတီ၏ အနာဂါတ်သည် "အရေးကြီးသည်မှာ ကျွန်ုပ်တို့ အုပ်ချုပ်လိုသည့်နိုင်ငံကို ပိုပြီးတော့ ထပ်ဟပ်နိုင်အောင်ဆိုလျှင် လွှတ်တော်မှာ ကျွန်ုပ်တို့၏ကိုယ်စားပြုမှုကို ကျယ်ပြန့်လာအောင်လုပ်နိုင်ခြင်း အပေါ်တွင်မူတည်နေသည်"ဟု ပြောခဲ့သည်။ ရွေးကောက်ပွဲဝင်မည့်သူများရွေးချယ်သည့် လုပ်ငန်းစဉ်ကို ပိုမိုပါဝင်မှုရှိစေရန်နှင့် မတူကွဲပြားစုံလင်စေရန် ပြုပြင်ပြောင်းလဲခြင်းဖြင့် ကွန်ဆာဗေးတစ်ပါတီသည် အမျိုးသမီး၊ လူငယ်နှင့် တိုင်းရင်းသားလူနည်းစုများ အစရှိသော တိုးပွားလာသည့်ဗြိတိန်နိုင်ငံ၏ မဲဆန္ဒရှင်လူဦးရေနှင့်ကိုက်ညီမှုရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

## အသုံးပြုခဲ့သောမဟာဗျူဟာများ

### က။ ။အမျိုးသမီးခေါင်းဆောင်များတိုးပွါးစေခြင်း။ အနိုင်ရမည့်အမျိုးသမီးများ

၂၀၀၅ ခုနှစ်တွင် အမျိုးသားနှင့်အမျိုးသမီး ကွန်ဆာဗေးတစ်ပါတီဝင်များသည် **အနိုင်ရမည့်အမျိုးသမီးများ** အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းအစီအစဉ်ကို ပိုမိုများသောအမျိုးသမီးများသည် အနိုင်ရခြေရှိပြီး ကွန်ဆာဗေးတစ်ပါတီမှရယူထားသောနေရာများတွင် အမည်စာရင်းပေးသွင်းခံရရေးအတွက် လှုံ့ဆော်စည်းရုံးခြင်းဖြင့် လွှတ်တော်၌ကွန်ဆာဗေးတစ်ပါတီဝင်အမျိုးသမီးများအရေအတွက်ကို မြှင့်တင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ အနိုင်ရနိုင်သောအမျိုးသမီးများအစီအစဉ်သည် "ကွန်ဆာဗေးတစ်ပါတီမှ အမျိုးသား၊ အမျိုးသမီးများ ကျယ်ကျယ်ပြန့်ပြန့် ရောယှက်ပါဝင်နေပြီး ၎င်းတို့ပါဝင်နေသူများ အတူတကွ နားလည်ထားကြသည်မှာ ဗြိတိန်ပြည်သူလူထု၏ အားထားမှုနှင့်ယုံကြည်မှုကိုရရန် ပါတီသည် အမြဲတမ်းပြောင်းလဲလုပ်ဆောင်ရန်လိုအပ်သည် ဟူ၍ပင်တည်း။"

အနိုင်ရမည့်အမျိုးသမီးများအစီအစဉ်အား ၎င်းအမည်ဖြင့်ပင် ဝက်ဘ်ဆိုက်တစ်ခုထားရှိပြီး အမျိုးသမီးပါတီဝင်သစ်များခေါ်ယူစုဆောင်းခြင်းနှင့် ၎င်းတို့အား ပါတီတွင်း၌ အောင်မြင်မှုရရှိစေရန် လိုအပ်သည့် သင်တန်းများပို့ချပေးခြင်း၊ စောင့်ရှောက်သင်ကြားပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများလုပ်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်။ ထို့ကြောင့် ယခုအချိန်ထိ ရွေးကောက်ပွဲဝင်မည့်သူများအဖြစ် ရွေးချယ်ခံရသောအမျိုးသမီးများသည် အနိုင်ရမည့်အမျိုးသမီးများအစီအစဉ်မှ ကူညီထောက်ပံ့မှုများ ရရှိခဲ့သည်။ အနိုင်ရမည့်အမျိုးသမီးများအစီအစဉ်သည် "ရွေးကောက်ပွဲဝင်မည့်သူများ ကျား၊မအချိုးညီမှုသည် ဗြိတိန်နိုင်ငံ၏

ခိုင်မာသောနိုင်ငံရေးပါတီများအတွက် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ခြင်း

ခေတ်မီမှုမှုကို ထင်ဟပ်မှုကိုပြသည်နှင့်တပြိုင်နက် ကွန်ဆာဗေးတေးပါတီ၏ ရွေးကောက်ပွဲဆိုင်ရာ အားပေးထောက်ခံမှုသည်လည်း ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာသည်ဟု" ယုံကြည်ထားသည်။ ဆိုလိုသည်မှာ ကျားမတန်းတူညီမျှမှုရှိစေရန် ပူးပေါင်းလုပ်ဆောင်သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခြင်းဖြင့် မဲဆန္ဒရှင်များက ဆောင်ရွက်နေသော အပြုသဘောကြိုးပမ်းအားထုတ်မှုများကို နားလည်သဘောပေါက်လာ၍ ၎င်းနားလည်မှုသည် သူတို့၏မဲပေးသောအခါတွင် ထင်ဟပ်မှုရှိလာလိမ့်မည်ဟူ၍ ဖြစ်သည်။

## ခ။ ရွေးကောက်ပွဲဝင်မည့်သူများရွေးချယ်သည့်ခွဲတမ်းစနစ်

အနိုင်ရမည့်အမျိုးသမီးများအစီအစဉ်ကိုလုပ်ဆောင်ပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ရွေးကောက်ပွဲဝင်မည့်သူရွေးချယ်ရေးလုပ်ထုံးလုပ်နည်းအသစ်များကို ပြဋ္ဌာန်းလိုက်သည်။ ထိုလုပ်ထုံးလုပ်နည်းများကို အမျိုးသမီးတိုင်းရင်းသားလူနည်းစု ကွန်ဆာဗေးတစ်အမတ်များ အရေအတွက် တိုးမြှင့်ရန် ဒီဇိုင်းရေးဆွဲထားသည်။ ထိုလုပ်ထုံးလုပ်နည်းများတွင် "အတော်ဆုံးနှင့်အကောင်းဆုံး" ရွေးကောက်ပွဲဝင်မည့်သူများ **ဦးစားပေးစာရင်း** ကို စတင်ကျင့်သုံးခဲ့သည်။ ထိုစာရင်းတွင် အနည်းဆုံးတစ်ဝက်မှာ အမျိုးသမီးဖြစ်ပြီး ၁၀ ရာခိုင် နှုန်းမှာ တိုင်းရင်းသားလူနည်းစု ဖြစ်သည်။ ကွန်ဆာဗေးတစ်မှရယူထားပြီး ရည်ရွယ်ထားသောရွေးကောက်ပွဲခရိုင်များရှိ အဖွဲ့အစည်းများသည် သူတို့၏ရွေးကောက်ပွဲဝင်မည့်သူများကို ဤစာရင်းမှ ရွေးချယ်မည်ဟု မျှော်လင့်ထားကြသည်။ ၂၀၀၇ ခုနှစ် ဇန္နဝါရီလတွင် ၎င်းစာရင်းတွင် ပါဝင်သူမည်သူမဆိုသည် မည်သည့်နေရာအတွက်မဆို လျှောက်ထားခွင့်ပြုရန် အပြောင်းအလဲများကို ကျင့်သုံးလိုက်သည်။ နောက်ထပ်အပြောင်းအလဲတစ်ရပ်တစ်သုတ်က မဲဆန္ဒနယ်များအား အဓိကရွေးချယ်မှုနှစ်ရပ်လုပ်ရန် ခွင့်ပြုပေးလိုက်သည်။ ပထမရွေးချယ်မှုမှာ "ပွဲတော်ကြီးတစ်ခု" ၏ အစိတ်အပိုင်းအဖြစ် အဖွဲ့ဝင်တစ်ဦးစီသည် မဲလေးခု ရခွင့်ရှိသည်။ ဆိုလိုသည်မှာ အမျိုးသမီးနှစ်ဦးအတွက် နှစ်မဲနှင့်အမျိုးသားနှစ်ဦးအတွက် နှစ်မဲ ဖြစ်သည်။ လူလေးဦးအတွက် ဆန်ခါတင်စာရင်းတစ်ခု ပြုလုပ်သည့်အခါ တစ်ဝက်တိတိမှာ အမျိုးသမီးဖြစ်ရမည်။ မဲဆန္ဒနယ်မှစီမံခန့်ခွဲသူများသည် အသေးစိတ်ကျသောတွေ့ဆုံမေးမြန်းမှု တစ်ခုကိုပြုလုပ်ပြီး နောက်ဆုံးရွေးကောက်ပွဲဝင်မည့်သူကို ရွေးချယ်သည်။ ဒုတိယရွေးချယ်မှုမှာ မဲဆန္ဒနယ်၏ ရွေးကောက်ပွဲစာရင်းတွင် ပါဝင်သူမည်သူမဆိုသည် ကျားမလိုအပ်ချက်ပြည့်မီရန်မလိုသော စာရင်းတွင် မဲပေးနိုင်သည်။ ထို့နောက်တွင် မဲဆန္ဒနယ်သည် အထက်ပါနည်းလမ်းနှစ်ရပ်မှ မည့်သည့်နည်းလမ်းကို ရွေးချယ်စေကာမူ ဖြစ်စဉ်၏ အဆင့်တစ်ဆင့်စီ၌ ထည့်သွင်းစဉ်းစားထားသည့် လူအရေအတွက်တွင် ၅၀ ရာခိုင်နှုန်းသော ကျားမအချိုးညီမျှစေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်ခဲ့သည်။

## ရှေ့အနာဂါတ်ခရီး

ပြန်လည်ပြုပြင်ထားသော ရွေးကောက်ပွဲဝင်ရွေးချယ်ခြင်းမူဝါဒကို ထောက်ခံသူများက ၎င်းသည် ဆန်ခါတင်စာရင်းတွင် ပါဝင်ပြီး ရွေးချယ်ခံရသည့် အမျိုးသမီးအရေအတွက်ကို တိုးမြှင့်ရာတွင်သာမက ကွန်ဆာဗေးတစ်ပါတီ၏ ဆွဲဆောင်နိုင်သည့်အရည်အသွေးကိုလည်း ပိုမိုကျယ်ပြန့်စေရန် အထောက်အကူ ဖြစ်စေခဲ့သည်။ ရွေးကောက်ပွဲဝင်မည့်သူများအားရွေးချယ်သည့်စည်းမျဉ်းများကို အပြောင်းအလဲများပြုလုပ်လိုက်ခြင်းသည် အကျိုးသက်ရောက်မှုတစ်ခု အသေအချာ ဖြစ်စေခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်ရှိ ကွန်ဆာဗေးတစ်ပါတီအုပ်စုတွင် အမျိုးသမီးအရေအတွက် ၁၇ ဦးမှ ၄၉ ဦးအထိ တိုးမြှင့်သွားသည်။

သို့ရာတွင် ဤပမာဏသည် ကွန်ဆာဗေးတစ် အမတ်ဦးရေစုစုပေါင်း၏ ၁၆ % ကိုသာ ကိုယ်စားပြုခဲ့သည်။ အနိုင်ရမည့်အမျိုးသမီးများအစီအစဉ်သည် "လွှတ်တော်သို့ဝင်ရန် ဆန္ဒရှိသော အမျိုးသမီးသမီးများအား

အားပေးထောက်ခံမှုများပေးခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့် သင်တန်းပို့ချပေးခြင်းများ လုပ်ဆောင်ပေးခြင်းဖြင့် ကွန်ဆာဗေးတစ်ပါတီဝင် အမျိုးသမီးလွှတ်တော်အမတ် အရေအတွက်ကို မြှင့်တင်ရန်လိုအပ်ကြောင်း" နားလည်သဘောပေါက်ခဲ့သည်။

ဤစိန်ခေါ်မှုသည် အစိုးရအဖွဲ့ရာထူးများအပေါ်တွင်လည်း သက်ရောက်မှုရှိပြီး ၂၀၁၀ ခုနှစ်အစိုးရအဖွဲ့တွင် အစိုးရရာထူး ၂၄ နေရာမှ ၄ နေရာကို အမျိုးသမီးများအား ခန့်ထားခဲ့သည်။ အမျိုးသမီးများသည် ပါတီခေါင်းဆောင်မှုပိုင်းကို တာဝန်ယူဆောင်ရွက်ရာတွင်လည်း အတားအဆီးများ ကြုံတွေ့ရဆဲ ဖြစ်သည်။ ကွန်ဆာဗေးတစ်ပါတီသမိုင်းတလျှောက်တွင် အမျိုးသမီးပါတီခေါင်းဆောင်တစ်ဦးသာ ဖြစ်ဖူးပြီး အလားတူ တိမ်းညွှတ်ချက်များသည် ယူကေနိုင်ငံ၏ အခြားသောနိုင်ငံရေးပါတီများတွင်လည်း တွေ့ရတတ်သည်။

## အမေရိကန်ပြည်ထောင်စု။ ။ ပါတီသဘောတူစာချုပ်များအတွက် ရန်ပုံငွေရှာဖွေသည့် ကွန်ယက်များနှင့် ကျား၊မတန်းတူညီမျှရေးမူဝါဒ

| | |
|---|---|
| အဓိကစကားလုံးများ<br>အမျိုးသမီးများ၏လှုံ့ဆော်စည်းရုံးခြင်း<br>ရန်ပုံငွေရှာဖွေရေးကွန်ယက်များ<br>ပါတီဖွဲ့စည်းပုံ | |
| နိုင်ငံရေးပါတီဥပမာ<br>ဒီမိုကရက်တစ်ပါတီ | |
| တစေ့တစောင်း။ ။အမေရိကန်ပြည်ထောင်စု | |
| လွှတ်တော်အမည် | ကွန်ဂရက် |
| ပါလီမန်ဖွဲ့စည်းပုံ | လွှတ်တော်နှစ်ရပ် (ဆီးနိန်နှင့် ကိုယ်စားလှယ်လွှတ်တော်) |
| ရွေးကောက်ပွဲစနစ်အမျိုးအစား | တစ်ခြားပါတီများထက်မဲများလျှင်နိုင်သည့်စနစ်/<br>တစ်ဝက်ထက်များသောမဲရလျှင်နိုင်သည့်စနစ် |
| ဥပဒေပြုရွေးကောက်ပွဲ | ၂၀၀၈ ခုနှစ် နိုဝင်ဘာလ |
| ရွေးကောက်ခံရသော အမျိုးသမီး အရေအတွက် (အောက်လွှတ်တော်) | ၄၃၅ နေရာတွင် ၇၃ နေရာ (၁၆.၈%) |

### နောက်ခံအကြောင်းအရာ

အမေရိကန်ပြည်ထောင်စု (US) သည် ဖယ်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သော သမ္မတနိုင်ငံဖြစ်ပြီး ၁၈၅၀ ပြည့်နှစ်များအစပြု၍ နိုင်ငံရေးပါတီနှစ်ရပ်က အမေရိကန်နိုင်ငံရေးကို လွှမ်းမိုးထားသည်။ ၎င်းတို့မှာ ဗဟိုလက်ဝဲဆန်သော ဒီမိုက်ကရက်ပါတီနှင့် ဗဟိုလက်ဝဲဆန်သော ရီပါပလီကန်တို့ ဖြစ်ကြသည်။ အခြားသော တတိယပါတီများလည်း တစ်နိုင်ငံလုံးအဆင့်နှင့်ပြည်နယ်အဆင့်တွင် ကိုယ်စားပြုမှုအနည်းငယ်ကို တခါတရံ အောင်မြင်ကြသည်။ နိုင်ငံရေးအဖွဲ့အစည်းများကို ကြပ်မတ်ပေးသော ဥပဒေ အနည်းငယ်သာရှိပြီး ထို့ကြောင့်ပင်လျှင် နိုင်ငံရေးပါတီများသည် ၎င်းတို့၏ကိုယ်ပိုင်ဖွဲ့စည်းပုံစနစ်များကို လွတ်လပ်စွာ ပြုလုပ်ခွင့် ရကြသည်။ အမျိုးသားအဆင့်ညီလာခံသည် ဒီမိုကရက်တစ်နှင့် ရီပါပလီကန်ပါတီနှစ်ရပ်လုံး၏ အမြင့်ဆုံး အာဏာဖြစ်ပြီး ၎င်းတွင် အစည်းအဝေးအမြောက်အများ (သို့မဟုတ်) သမ္မတအဖြစ်ဝင်ရောက်ယှဉ် ပြိုင်မည့်သူ အားရွေးချယ်သည့်ညီလာခံတို့ပါဝင်ပြီး ပါတီကိုယ်စားလှယ်များအနေဖြင့် သမ္မတရွေးကောက်ပွဲရှိသည့်နှစ်များ တွင် ပါတီရွေးကောက်ပွဲဝင်မည့်သူများထဲမှ သမ္မတနှင့်ဒုသမ္မတကို အမည်ရွေးချယ်တင်သွင်းခြင်းနှင့် ပါတီမူဝါဒ လမ်းစဉ်ကို ပြဌာန်းခြင်း တို့ကိုလုပ်ဆောင်သည်။ ဒီမိုကရက်တစ်နှင့် ရီပါပလီကန် အမျိုးသားအဆင့်ကော်မတီ များသည် သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူအားရွေးချယ်သည့် ညီလာခံတစ်ခုနှင့်တစ်ခုကြားတွင် ၎င်းတို့နှင့်သက်ဆိုင်ရာပါတီများ၏ အရေးကိစ္စများကိုဆောင်ရွက်ရန် ယေဘုယျအားဖြင့် တာဝန်ရှိပြီး ပြည်နယ် အဆင့်ပါတီရုံးခွဲများတွင် ၎င်းတို့၏ကိုယ်ပိုင်ပဋိညာဉ်စာတမ်းနှင့်ပြည်နယ်စည်းကမ်းစည်းမျဉ်းများ ရှိသည်။

ဤလေ့လာဆန်းစစ်ချက်သည် ဒီမိုကရက်တစ်ပါတီမှ အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် လုပ်ဆောင်ခဲ့သော မဟာဗျူဟာအချို့ကို တင်ပြထားသည်။ ကျား၊မ ခွဲတမ်းစနစ်ကို ၎င်း၏ပဋိညာဉ်စာတမ်းမှ တားဆီးထားသော်လည်း ဒီမိုကရက်တစ်ပါတီသည် ညင်သာသောခွဲတမ်းစနစ်ဟုခေါ်သော စနစ်တစ်ခုကို ပါတီဖွဲ့စည်းပုံများနှင့် လုပ်ငန်းစဉ်များတွင် အသုံးချခဲ့သည်။ ၎င်းသည် ပါတီတွင် "အမှန်တကယ်ကိုတာကဲ့သို့ လက်တွေ့ကျသော" တန်းတူညီမျှသည့်ကိုယ်စားပြုမှုကို ခွင့်ပြုထားသည်။ လေ့လာချက်သည် ဖယ်ဒရယ်အဆင့်တွင် အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို အလေးထားဖော်ပြထားသည်။

ယူအက်စ်တွင် ကိုယ်စားလှယ်လွှတ်တော်နှင့် ဆီးနိတ်ဟူ၍ လွှတ်တော်နှစ်ရပ်ပါသော ကွန်ဂရက်ရှိသည်။ ၁၁၂ ကြိမ်မြောက် ကွန်ဂရက်တွင် အမျိုးသမီးများသည် ဆီးနိတ်၌ ၁၇ ရာခိုင်နှုန်းပါဝင်ပြီး၊ ကိုယ်စားလှယ်လွှတ်တော်၌ ၁၆ ရာခိုင်နှုန်းပါဝင်သည်။ ဒီမိုကရက် သို့မဟုတ် ရီပါပလီကန် အဖြစ် ရွေးကောက်ခံလိုသော ရွေးကောက်ပွဲဝင်သူများသည် ပါတီတစ်ရပ်နှင့်ဆက်စပ်ပတ်သက်မှုကို ရိုးရှင်းစွာ ကြေငြာအသိပေးရန် လိုအပ်သည်။ အကယ်၍ သူတို့သည် အဓိကရွေးကောက်ပွဲတွင် မဲအလုံအလောက် ကြိုပမ်းရယူနိုင်လျှင် ပါတီ၏တရားဝင် ရွေးကောက်ပွဲဝင်မည့်သူ ဖြစ်လာသည်။ လက်တွေ့တွင် ပြည်နယ်ပါတီကော်မတီများသည် မကြာခဏ ၎င်းတို့ကြိုက်နှစ်သက်ရာ ရွေးကောက်ပွဲဝင်မည့်သူများကို ခေါ်ယူစုဆောင်းပြီး ထောက်ခံပေးသည်။ သို့ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်များရှိ ခရိုင်တစ်ခုနှင့်တစ်ခု အကြားတွင်သော်လည်းကောင်း ကွဲပြားကြသည်။

## အမျိုးသမီးများ၏ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရခြင်း၏ ကျိုးကြောင်းဆီလျော်မှု

၁၈၄၈ ခုနှစ်မှအစပြု၍ အမျိုးသမီးတက်ကြွလှုပ်ရှားသူများသည် နယူးယောက်ရှိ ဆီနီကာရေတံခွန်တွင် အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံး အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်သောညီလာခံတစ်ရပ်ကို ကျင်းပခဲ့ပြီး အမျိုးသမီးမဲပေးပိုင်ခွင့်ကို တောင်းဆိုထားသော သဘောထားကြေငြာချက်စာတမ်းတစ်ရပ်ကို ဖန်တီးခဲ့သည်။ အမျိုးသမီးများ၏နိုင်ငံရေးပါဝင်မှုနှင့်ပတ်သက်၍ ထောက်ခံအားပေးမှုကို ရာစုနှစ်ချီကာ တဖြည်းဖြည်းရလာခဲ့သော်လည်း အမေရိကန်အမျိုးသမီးများတက်ကြွက်လှုပ်ရှားသူများသည် ဒီမိုကရက်တစ် ပါတီအတွင်းတွင် တစ်သက်မတ်တည်းမဟုတ်ဘဲ အတက်အကျများသော တိုးတက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင် ဒီမိုကရက်ခေါင်းဆောင်များသည် အမျိုးသမီးများ၏လုပ်ဆောင်ချက်များကို ကော်မတီများနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်စေရန် ပါတီ၏အမျိုးသမီးသီးသန့်ရုံးခွဲကို တရားဝင်ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်သည်။ ပါတီတွင်းအမျိုးသမီးများက ၎င်းကိုမကြိုက်ကြသော်လည်း ကျား၊မဘက်မလိုက်သော ဤချဉ်းကပ်မှုသည် ဆယ်စုနှစ်ပေါင်းများစွာတိုင် တည်ရှိခဲ့ပြီး အမျိုးသမီးများသည် ယေဘုယျအားဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သောအုပ်စုတစ်စုအနေဖြင့် မူဝါဒအပေါ်လွှမ်းမိုးနိုင်ရန် စုပေါင်းလုပ်ဆောင်သော မဟာဗျူဟာများကို စွန့်လွှတ်ခဲ့ကြသည်။ သို့ရာတွင် ပါတီတွင်းနှင့်ပါတီပြင်ပအဖွဲ့အစည်းတစ်ရပ်အဖြစ် တွင်လှုပ်ရှားခဲ့သောအကျိုးဆက်ကြောင့် အမျိုးသမီး ဒီမိုကရက်အမျိုးသမီးများသည် နောက်ပိုင်းတွင် ပါတီတွင်း၌ ၎င်းတို့၏လွှမ်းမိုးမှုရှိလာရန် ကိုယ်စားပြုအရေးဆိုမှုကို စလုပ်ခဲ့သည်။ အမျိုးသမီးများသည် အချင်းချင်းဆက်နွယ်မှုရှိသောကဏ္ဍများကို စတင်စီစဉ်ဆောင်ရွက်ခဲ့သောကြောင့် ဒီမိုကရက်တစ်ပါတီသည် အမျိုးသမီးများသည် ပါတီ၏ရွေးကောက်ပွဲအောင်နိုင်ရေးတွင် သက်ရောက်မှုတစ်စုံတစ်ရာရှိနိုင်ကြောင်း နားလည်သဘော ပေါက်လာပြီး အမျိုးသမီးများပိုမိုကိုယ်စားပြုမှုရရှိရေး တောင်းဆိုချက်များကို တုန့်ပြန်ဖြေရှင်းပေးခဲ့သည်။ ထို့အပြင် ပါတီခေါင်းဆောင်မှုပိုင်းမှလည်း အမျိုးသမီးထုသည် ၎င်းတို့၏မဲဆန္ဒနယ်များတွင် အဓိကအရေးပါသူ

များဖြစ်ကြောင်း အသိအမှတ်ပြုလာသည်။ ဥပမာအားဖြင့် ၁၉၈၀ခုနှစ်မှ စတင်ကာ အမျိုးသမီးပေးသောဦးရေ သည် အမျိုးသားဦးရေထက် ပိုမိုများပြားပြီး မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်အားမဲပေးမည်ကို သဲသဲကွဲကွဲမဆုံးဖြတ် နိုင်သေးသော မဲဆန္ဒရှင်အရေအတွက်တွင်လည်း အမျိုးသမီးဦးရေက ပိုမိုပါဝင်သည်။

## အသုံးပြုခဲ့သောမဟာဗျူဟာရပ်များ

### က။ ။အမျိုးသမီးများ၏လှုံ့ဆော်စည်းရုံးမှု

ဒီမိုကရက်တစ်ပါတီနှင့်ပူးပေါင်းလှုပ်ရှားနေသော အမျိုးသမီးတက်ကြွက်လှုပ်ရှားသူများသည် ပြုပြင်ပြောင်းလဲ ရေးကာလကို အားအဖြစ်အသုံးပြုကာ ပါတီခေါင်းဆောင်မှုပိုင်းသည် နိုင်ငံရေးလောကရှိအမျိုးသမီးများအတွက် မှတ်သားလောက်စရာစံနှုန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။ ထိုစံနှုန်းများတွင် အမျိုးသားအဆင့်သမ္မတလောင်းရွေးကောက်ပွဲတွင် တန်းတူညီမျှသောကိုယ်စားပြုမှု၊ ပြည်နယ်အဆင့်ပါတီ ခေါင်းမှုရာထူးများကို တန်းတူညီမျှခွဲထားခြင်းနှင့် သမ္မတလောင်းအဖြစ်ရွေးကောက်ပွဲဝင်မည့်သူအုပ်စုတွင် အမျိုးသမီးတစ်ဦးကို အမည်စာရင်းတင်သွင်းပေးခြင်း စသည်တို့ပါဝင်သည်။

တချိန်တည်းတွင် ပြင်ပအမျိုးသမီးအဖွဲ့အစည်းများသည် ပေါ်ထွက်လာခဲ့သည်။ ၁၉၆၀နှင့် ၁၉၇၀ ပြည့်နှစ်များ တွင် အမျိုးသမီးအရပ်ဘက်အဖွဲ့အစည်းအမြောက်အများနှင့် နိုင်ငံရေးလုပ်ငန်းစဉ်ကော်မတီများသည် အမျိုးသမီးများ၏ အပြည့်အဝနိုင်ငံရေးပါဝင်မှုကို မြှင့်တင်ရန်သီးသန့်ရည်ရွယ်ချက်ဖြင့် ပေါ်ပေါက်လာကြသည်။ ၎င်းအဖွဲ့အစည်းများက အမေရိကန်နိုင်ငံရေးလောကသည် "အစဉ်အစဉ်ယောကျ်ားများကွန်ယက်" ကိုသာ ကိုယ်စားပြုသည်ဟု အခိုင်အမာဆိုကြသည်။ ဤအဖွဲ့အစည်းများမှတော်တော်များများသည် ပါတီကြီးများ အတွင်းတွင်သော်လည်းကောင်း၊ ပြင်ပတွင်သော်လည်းကောင်း ထင်ပေါ်သောဂုဏ်သတင်းများကို ရရှိလာခဲ့ကြ သည်။ ထိုအဖွဲ့အစည်းများတွင် နိုင်ငံလုံးဆိုင်ရာအမျိုးသမီးများအဖွဲ့ (NOW)၊ နိုင်ငံလုံဆိုင်ရာ အမျိုးသမီးနိုင်ငံရေး အဖွဲ့ခွဲ (NWPC)၊ ဒီမိုကရေတစ်အမျိုးသမီးများ၏အမျိုးသားဖယ်ဒရယ်ရှင်းအဖွဲ့ (NFDW)၊ အမျိုးသမီးများ၏ မဲဆွယ်စည်းရုံးရေးရန်ပုံငွေနှင့် အမ်မလီ၏စာရင်း စသည်တို့ပါဝင်သည်။ ဤအဖွဲ့အစည်းများသည် အမျိုးသမီး များအနေဖြင့် နိုင်ငံရေးအာဏာကို လက်လှမ်းမီနိုင်မည့်အခွင့်အလမ်းရရှိစေရန် ပြည်နယ်နှင့်တစ်နိုင်ငံလုံး အဆင့်တွင်ရှိသော ရွေးကောက်ပွဲဝင်မည့် အမျိုးသမီးများအား ခေါ်ယူစုဆောင်းခြင်းနှင့်သင်တန်းပေးခြင်း၊ ငွေကြေးလှူဒါန်းမှုများဖြင့် ထောက်ပံ့ကူညီပေးခြင်းဖြင့် ကြိုးပမ်းအားထုတ်ခဲ့သည်။

ဤအဖွဲ့အစည်းများသည် အဖွဲ့ဝင်အရေအတွက်နှင့် ထောက်ခံအားပေးမှုတိုးလာသည် နှင့်တပြိုင်နက် အမျိုးသမီးများအတွက် တန်းတူညီမျှရှိသောနိုင်ငံရေးအခင်းအကျင်းနှင့် အခွင့်အလမ်းများကို အာမခံပေးရန် နိုင်ငံရေးအဖွဲ့အစည်းများအား စတင်ဖိအားပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ဖြစ်သော တန်းတူအခွင့်အရေးပြင်ဆင်ချက် (ERA) ကိုပြဌာန်းလိုက်သည်။ ထိုပြင်ဆင်ချက်အရ မည်သည့် ဖယ်ဒရယ်၊ ပြည်နယ် သို့မဟုတ် ဒေသန္တရ ဥပဒေအရဖြစ်စေ ကျားမကိုအခြေပြု၍ တန်းတူညီမျှ အခွင့်အရေးများကို ငြင်းပယ်မှုမပြုလုပ်ရန် အာမခံပေးထားသည်။ ထိုအချိန်ကာလဝန်းကျင်တွင် ပြုလုပ်သော အမျိုးသမီးဝါဒီ လူထုစည်းဝေးပွဲများကို အားယူကာ NWPC ကဲ့သို့သော အမျိုးသမီးအဖွဲ့အစည်းများသည် ဒီမိုကရက်တစ်ပါတီ၏ခေါင်းဆောင်မှုပိုင်းကို ၁၉၇၂ ခုနှစ်သမ္မတလောင်းရွေးကောက်ပွဲတွင် ERA ကို ထောက်ခံ သော ပါတီမူဝါဒလမ်းစဉ်ကို ထောက်ခံအားပေးရန် မဟာဗျူဟာကျကျ စည်းရုံးနိုင်ခဲ့သည်။

## ၁။ ပါတီ၏သမ္မတလောင်းရွေးကောက်ပွဲများအတွက် ပါတီတွင်းစည်းမျဉ်းစည်းကမ်းအသစ်များ

၁၉၇၆ ခုနှစ် သမ္မတလောင်းရွေးကောက်ပွဲတွင် ကိုယ်စားလှယ်များထဲတွင် အမျိုးသမီးကိုယ်စားပြုမှု လျော့ကျလာခြင်းကြောင့် NWPC၊ NOW နှင့်အမျိုးသမီးလွှတ်တော်အမတ်အဖွဲ့သည် ဒီမိုကရက်တစ်ပါတီသမ္မတလောင်းရွေးကောက်ပွဲတွင် အမျိုးသမီးနှင့်အမျိုးသားများ၏ ကိုယ်စားပြုမှု ၅၀-၅၀ ရာခိုင်နှုန်းဖြစ်ရေးကို အာမခံပေးနိုင်သည့် ပါတီ သဘောတူညီချက်ဘာသာစကားအတွက် ကိုယ်စားပြုအရေးဆိုရန် အတူတကွရပ်တည်ခဲ့ကြသည်။ ၁၉၈၀ ခုနှစ် သမ္မတလောင်းရွေးကောက်ပွဲညီလာခံအထိ သမ္မတဂျင်မီကာတာကို ၎င်းလုပ်ဆောင်ချက်နှင့်ပတ်သက်၍ သူ၏ထောက်ခံအားပေးမှုကို ပေးရန် စည်းရုံးခဲ့သည်။ ထိုသို့စည်းရုံးရာတွင် အမျိုးသမီးများသည် သူ့ကိုမဲမပေးလျှင် ဒီမိုကရက်တစ်ပါတီတွင်သူ၏သမ္မတလောင်းနေရာအတွက်အဓိကပြိုင်ဘက်ဖြစ်သူအား မဲပေးလိမ့်မည်ဟူသော သူ၏စိုးရိမ်ပူပန်မှုကို အသုံးချကာ စည်းရုံးခဲ့သည်။

**ရန်ပုံငွေရှာဖွေရေးကွန်ယက်များ။ ။အန်မလီ၏အမည်စာရင်းအစီအစဉ်**

၁၉၈၀ပြည့်နှစ်များတွင် အမ်မလီစာရင်းအဖွဲ့အစည်းကို တည်ထောင်ခဲ့သူမိခင်ကြီးများသည် အမျိုးသမီးများသည် အမျိုးသားများနှင့်အရေးတကြီးယှဉ်ပြိုင်နေသည့် ရွေးကကောက်ပွဲဝင်အမျိုးသမီးများသည် သူတို့၏မဲဆွယ်စည်းရုံးပွဲများအတွက်လိုအပ်သော မတည်ငွေကိုမရရှိကြောင်း သိရှိခဲ့ကြသည်။ သူတို့၏လတ်တလောရှိနေသော ကွန်ယက်များမှတဆင့် တည်ထောင်သူများသည် သူတို့၏ကွန်ယက်အသစ်ကိုသိလာစေရန် စာပို့ကာမဲဆွယ်စည်းရုံးမှုတစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုစာတွင် အမျိုးသမီးမျာသည် ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက် ငွေကြေးထောက်ပံ့ပေးရန်နှင့် အနည်းငယ်မျှသောလှူဒါန်းငွေသည်ပင် အမျိုးသမီးမဲဆွယ်စည်းရုံးမှုများအတွက် အထောက်အကူဖြစ်စေကြောင်းကို အခိုင်အမာပြောကြားခဲ့သည်။

အမ်မလီ၏စာရင်းကွန်ယက်သည် အမေရိကန်ပြည်ထောင်စု မဲဆွယ်စည်းရုံးခြင်း ငွေကြေးစနစ်နှင့် ဥပဒေများအပေါ်တွင်အခြေပြုထားသော ရန်ပုံငွေရှာဖွေသည့်မဟာဗျူဟာသစ်များကို တီထွင်ဖန်တီးခဲ့သည်။ ထိုအဖွဲ့သည် နိုင်ငံရေးဆိုင်ရာလုပ်ငန်းဖော်ဆောင်ရေးကော်မတီတစ်ရပ်အနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်အတွင်း ရွေးကောက်ပွဲဝင်မည့်သူတစ်ဦးလျှင် ဒေါ်လာ ၅၀၀၀ စီသာထောက်ပံ့ခွင့်ရှိသော်လည်း တစ်ဦးချင်းသီးသန့်ထည့်ဝင်ကြေးအနည်းဖြင့် အဖွဲ့ဝင်များမှ အကန့်အသတ်မရှိ စုပေါင်းနိုင်ကြောင်း နားလည်သဘောပေါက်ထားသည်။ တိကျသောရွေးချယ်မှုဖြစ်စဉ်ကိုအသုံးပြုလျက် အမ်မလီ၏စရင်းအဖွဲ့သည် ထိပ်ပိုင်းဒီမိုကရက်တစ်ရွေးကောက်ပွဲဝင် အမျိုးသမီးများသည် နိုင်ငံတစ်ဝှမ်းလုံး၌ရှိသောသူတို့၏အဖွဲ့ဝင်များကို ဖော်ထုတ်သတ်မှတ်ပြီး အကြံပြုနိုင်သည်။ ထို့အပြင် အမျိုးသမီးမဲဆွယ်စည်းရုံးပွဲများအတွက် တိုက်ရိုက်ပေးရန် ၎င်းအဖွဲ့ဝင်များအားပြောဆိုခဲ့ပြီး ထိုသို့ပေးရာတွင် သတင်းအချက်အလက်များစုံလင်ပြီးမှပြုလုပ်သော ဆုံးဖြတ်ချက်များချက်မှတ်နိုင်ရန် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးများ၏ အမြင်များ၊ နောက်ခံသမိုင်းများနှင့် မဲဆွယ်စည်းရုံးမှုများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းအဖွဲ့ဝင်များ၏ တစ်ရာ ရာခိုင်နှုန်းသောထည့်ဝင်မှုများသည် ရွေးကောက်ပွဲဝင်မည့်အမျိုးသမီးအတွက် ငွေကြေးပိုမိုတောင့်တင်းခိုင်မာစေရန် မဲဆွယ်စည်းရုံးပွဲများသို့ တိုက်ရိုက်ရောက်ရှိခဲ့သည်။

အမ်မလီ၏အမည်စာရင်းအဖွဲ့၏ အဖွဲ့ဝင်ဦးရေနှင့် ရံပုံငွေရှာဖွေသည့်စွမ်းရည်များ မြင့်မားလာခြင်းကြောင့် ဒီမိုကရက်တစ်ပါတီသည် အမျိုးသမီးများအနေဖြင့်၎င်းတို့မလိုလားသောကိုယ်ဝန်ဆောင်မှုကို ၎င်းတို့သဘောကျဆုံးဖြတ်ပိုင်ခွင့်ရှိရေးအတွက် လှုပ်ရှားနေသော ရွေးကောက်ပွဲဝင်အမျိုးသမီးများကို ၎င်းအုပ်စုက အပြည့်အဝကူညီပေးနေမှု၊ အမ်မလီ၏အမည်စာရင်းကွန်ယက်တွင် ပါဝင်လှုပ်ရှားသောကြောင့် ရွေးကောက်ပွဲဝင်အမျိုးသမီး

များယူဆောင်ပေးခဲ့သော ရန်ပုံငွေတိုးမြင့်လာမှု စသည်တို့ကို အသိအမှတ်ပြုလာခဲ့သည်။ ပါတီခေါင်းဆောင်မှု ပိုင်းနှင့် အမျိုးသမီးလွှတ်တော်အမတ်အုပ်စုသည် အမ်မလီ၏အမည်စာရင်းအဖွဲ့မှ ကျင့်သုံးခဲ့သော စနစ်များကို ကြိုဆိုခဲ့သော်လည်း ပါတီသော်လည်းကောင်း၊ အမ်မလီ၏အမည်စာရင်းအဖွဲ့ကသော်လည်းကောင်း အလားတူ အောင်မြင်မှုများကို ပါတီ၏ဖွဲ့စည်းပုံများအတွင်းမှလုပ်ဆောင်၍ မအောင်မြင်နိုင်ကြောင်း မျှော်လင့်ထားခဲ့ ကြသည်။

စတင်တည်ထောင်သည့်အချိန်မှစ၍ အမ်မလီ၏အမည်စာရင်းအဖွဲ့သည် အဖွဲ့ဝင် ၁၀၀,၀၀၀ ကျော်ပါဝင်လာ သည်အထိ ကြီးထွားလာခဲ့ပြီး ရွေးကောက်ပွဲဝင်မည့်သူများအတက် ဒေါ်လာသန်းပေါင်းများစွာ ရှာပေးနိုင်ခဲ့ သည်။ ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် မိမိတို့မလိုလားသောကိုယ်ဝန်ဆောင်မှုကိုမိမိတို့ သဘောကျဆုံးဖြတ်ပိုင်ခွင့်ရှိရေးကိုထောက်ခံသော ဒီမိုကရက်တစ်အမျိုးသမီးလွှတ်တော်အမတ်ဦးရေ ၈၀၊ ဆီးနိတ်တွင် ၁၅ ဦး၊ ၉ မြို့တော်ဝန် ၉ ဦးနှင့် ပြည်နယ်နှင့် ဒေသန္တရရုံးများတွင် အမျိုးသမီးရာပေါင်းများစွာကို ရွေးကောက်တင်မြှောက်ခံရစေရန် ကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။ အမ်မလီ၏အမည်စာရင်း အစီအစဉ်သည် ၎င်း၏မဟာဗျူဟာများ ပြန့်ပွားစေရန် ပြည်နယ်အဆင့်တွင် စိတ်အားထက်သန်မှုနှင့် ထောက်ခံအားပေးမှု ကိုရယူနိုင်ခဲ့သည်။ ဥပမာ တက္ကဆက်ပြည်နယ်တွင် အန်းနီ၏စရင်း၊ ပါတီမူဝါဒလမ်းစဉ်များတွင် ဆန္ဒစာရင်းနှင့် ရီပါပလီကန်ပါတီဝင်ရွေးကောက်ပွဲဝင်မည့်သူများအတွက် ဆူဆန်ဘီအမ်သိုနီ၏စာရင်း စသည်တို့ ပေါ်ပေါက် လာခဲ့သည်။

အကျိုးဆက်အနေဖြင့် ၁၉၈၀ ခုနှစ် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းရွေးချယ်မှုသည် ယူအက်စ်နိုင်ငံ၏ သမိုင်းတလျှောက်၌ ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသားအဆင့်ပါတီသမ္မတလောင်းအမည်တင်သွင်းသည့် ရွေးကော်ပွဲကိုယ်စားလှယ်များတွင် ညီမျှသောအမျိုးသား၊ အမျိုးသမီးအရေအတွက် ပါဝင်ခဲ့သည်။ ၎င်းသမ္မတလောင်းရွေးကောက်ပွဲ၌ NWPC နှင့် NOW အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များသည် အမျိုးသမီး ကိုယ်စားလှယ်များ၏ ၂၀ ရာခိုင်နှုန်း ဖြစ်သည်။ ဒီမိုကရက်တစ်ပါတီသည် အနာဂါတ်အမျိုးသားအဆင့် သမ္မတလောင်းရွေးကောက်ပွဲများတွင် ညီမျှသောအမျိုးသား၊ အမျိုးသမီးကိုယ်စားလှယ်ဦးရေ ပါဝင်နိုင်စေရေး အတွက် ၎င်း၏ပဋိညာဉ်စာတမ်းကို ပြင်ဆင်ရန် မဲပေးခဲ့သည်။ ထိုပဋိညာဉ်စာတမ်းအရ DNC၊ အုပ်ချုပ်ရေး ကော်မတီနှင့် ဒေသအဆင့်လွှတ်တော်အမတ်အဖွဲ့၊ ပြည်နယ်ဗဟိုကော်မတီများအပါအဝင် ပါတီဖွဲ့စည်းပုံ အားလုံးသည် အမျိုးသား၊ အမျိုးသမီးဦးရေ မျှတစွာပါဝင်ရန်လိုအပ်သည်။ ထိုပဋိညာဉ်စာတမ်းကပင် NFDW နှင့်အမျိုးသမီးလွှတ်တော်အမတ်အဖွဲ့ကို DNC နှင့် ပါတီအုပ်ချုပ်ရေးကော်မတီတွင် ရာထူးနေရာများ ပေးထားသည်။ ပြည်နယ်ပါတီများသည်လည်း ကျား၊မတန်းတူညီမျှရှိရေးနှင့်ပတ်သက်၍ ပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုရှိစေရန် အလားတူ "ယုတ္တိရှိပြီးအပြုသဘောဆောင်သောနည်းလမ်းများ" ကို ဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် ဒီမိုကရက်တစ်ပါတီ၏ ပြည်နယ်စဉ်းကမ်းဥပဒေများက ပြည်နယ်ပါတီ ၏ ဒုဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့်မတူသော လိင်ကိုခန့်အပ်ရန် အတိအကျဖော်ပြထားသည်။

အမျိုးသမီးလွှတ်တော်အမတ်အဖွဲ့ကိုယ်တိုင်နှင့် အခြားဆက်စပ်နေသော အမျိုးသမီးအဖွဲ့အစည်းများသည် အမျိုးသမီးများ၏ နိုင်ငံရေးခေါင်းဆောင်မှုစွမ်းရည်လမ်းကြောင်းကို အောက်ခြေလူထုမှ အမျိုးသားအဆင့်အထိ ဖွံ့ဖြိုးတိုးတက်စေရန် အလုပ်လုပ်ခဲ့ကြသည်။ ဤအလုပ်သည် ဒေသန္တရအဆင့်တွင် အမျိုးသမီးခေါင်းဆောင်များ ကို ခေါ်ယူစုဆောင်းရန်၊ အထူးဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော ဒီမိုကရက်တစ်ပါတီဝင်များ ဝင်ရောက် မယှဉ်ပြိုင်သော လစ်လပ်နေရာများတွင် ရွေးကောက်ပွဲဝင်အမျိုးသမီးများအတွက် တိုက်တွန်းနှိုးဆော်ပေးရန်နှင့်

ရွေးကောက်ပွဲဝင်မည့်သူများအား ၎င်းတို့၏ရုပ်မြင်သံကြား မဲဆွယ်စည်းရုံးရေးကြော်ငြာများတွင် အမျိုးသမီး ပုံရိပ်များကို ထည့်သွင်းပေးရန် အားပေးထားသည့် မဟာဗျူဟာရပ်များအပေါ် တွင် အခြေပြုထားသည်။

## ရလဒ်များ

၁၉၈၀ ပြည့်နှစ်များမှစ၍ ဒီမိုကရက်တစ်ပါတီသည် ပါတီ၏တစ်နိုင်ငံလုံးအတိုင်းအတာသမ္မတလောင်း ရွေးကောက်ပွဲများတွင် ကျားမအချိုးညီမှုကို ထိန်းထားခဲ့သည်။ ပါတီ၏သမ္မတလောင်းရွေးကောက်ပွဲများကို တက်ရောက်ကြသောအမျိုးသမီးများသည် ၎င်းတို့၏နိုင်ငံရေးအလုပ်အကိုင်များအတွက် အရေးကြီးလှသည့် နည်းလမ်းများဖြင့် ကွန်ယက်ချိတ်ဆက်ရန်နှင့် ရံပုံငွေရှာဖွေရန် အခွင့်အလမ်း ရရှိခဲ့သည်။ ပထမဦးဆုံး ရွေးကောက်ပွဲဝင်သူများသည် ယခင်က ပါတီကိုယ်စားလှယ်အဖြစ်တာဝန်ထမ်းဆောင်ဖူးပြီး ထိုအတွေ့အကြုံက ပင် ၎င်းတို့အား ပါတီ၏သမ္မတလောင်းရွေးချယ်သည့်ညီလာခံများတွင် ပါဝင်ခြင်းမှတဆင့်တည်ဆောက်ယူခဲ့ သော ဆက်ဆံရေးများကို အားအဖြစ်အသုံးချနိုင်ရန် အခွင့်အလမ်းပေးခဲ့သည်။ ပဋိညာဉ်စာတမ်းကို ပြုပြင် ပြောင်းလဲခြင်းဖြင့် အမျိုးသမီးများ၏အခန်းကဏ္ဍကို တရားဝင်ဖြစ်အောင်ပြုလုပ်ခဲ့သော ဒီမိုကရက်တစ်ပါတီ၏ ကြိုးပမ်း အားထုတ်မှုကို တုံ့ပြန်သည့်အနေဖြင့် ရီပါပလီကန်ပါတီသည်လည်း သူတို့၏သမ္မတလောင်းရွေးချယ် သည့်ညီလာခံများတွင် အမျိုးသမီးအရေအတွက်ကို မြှင့်တင်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၈၀ ညီလာခံများ၌ အမျိုးသမီး ၄၈ ရာခိုင်နှုန်း ရှိခဲ့သည်။

## စိန်ခေါ် ချက်များနှင့်ရှေ့ခရီး

ဒီမိုကရက်တစ်ပါတီတွင် ကိုယ်စားပြုမှုနှင့် အမျိုးသမီးများ၏မူဝါဒရေးရာဦးစားပေးမှုများကို ထောက်ခံအားပေးမှု များပိုမိုရှိလာသော်လည်း သမ္မတလောင်းရွေးချယ်သည့်ညီလာခံနိုင်ငံရေး၏ အခန်းကဏ္ဍသည် အမျိုးသမီးများ အစိုးဌာနများသို့ ရွေးကောက်တင်မြှောက်ခံရရန် အကန့်အသတ်ဖြစ်စေကြောင်း သက်သေပြခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ အလွှာအားလုံးတွင် နိုင်ငံရေးဌာနတစ်ခုခုတွင် နေရာရရန် ကြိုးပမ်းနေကြသော အမျိုးသမီးများသည် ရွေးကောက်ပွဲဝင်မည့်သူများအားထောက်ပံ့သည့် ဌာနများကို မကြာခဏ မကြာခဏ ရှောင်ရှားခဲ့ကြသည်။ ၎င်းအစား သူတို့သည် အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းများချိတ်ဆက်ထားသည့်ကွန်ယက် တစ်ခုမှ ထောက်ပံ့ကူညီမှုကို ရရှိခဲ့ပြီး ထိုကွန်ယက်သည် ငွေကြေးအထောက်အပံ့၊ သုတေသန၊ သတင်းအချက် အလက်နှင့် ဝန်ထမ်းများ စသည်တို့အပြင် ယေဘုယျအားဖြင့် နိုင်ငံရေးဖြစ်စဉ်တွင် ဒီမိုကရက်တစ်အမျိုးသမီး များ၏ တက်ကြွသော ပါဝင်မှုကို အားပေးသည်။

နိုင်ငံရေးပါတီများသည် သမ္မတရွေးကောက်ပွဲများတွင် အလေးထားတတ်ကြရာ ပါတီဝင်အမျိုးသမီးနှင့် သာမန်အရပ်ဘက်တက်ကြွလှုပ်ရှားသူအမျိုးသမီးများသည် ဒီမိုကရက်တစ်ပါတီအား သမ္မတလောင်းယာထား သူ အမျိုသမီး တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် ဆက်လက်၍ကိုယ်စားပြုအရေးဆိုခဲ့သည်။ သို့ရာတွင် သမ္မတရာထူးဆိုင်ရာနိုင်ငံရေးသည် အစိုးရ၏အလွှာအသီးသီးတွင် အမျိုးသမီးများ၏ကိုယ်စားပြုမှုနှင့် ပတ်သက်၍ တန်းတူညီမျှမှုအရှိန်မြင့်မားလာစေရန် ဆောင်ရွက်နေကြသော တက်ကြွလှုပ်ရှားသူများ၏စွမ်းရည် ကို အကန့်အသတ်ဖြစ်စေခဲ့သည်။ ထို့အပြင် အမ်မလီ၏အမည်စာရင်းအစီအစဉ်၏အောင်မြင်မှုသည် ဒီမိုကရက် တစ်ပါတီအတွက် ပါတီအတွင်းတွင် အားကောင်းသော အမျိုးသမီးအင်အားစုတစ်ရပ် မတည်ဆောက်စေရန် အကြောင်းပြချက် ဖြစ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင်ရှိသော အမျိုးသမီးများသည် ကွန်ဂရက်တွင် ၁၇ ရာခိုင်နှုန်းထက်ကျော်လွန်သော ကိုယ်စားပြုမှုရရှိအောင်ဆောင်ရွက်ရာတွင် အတားအဆီးများ ရင်ဆိုင်ကြုံတွေ့

နေရဆဲဖြစ်ပြီး ၂၀၁၀ ခုနှစ်မှစ၍ ပြည်နယ်အုပ်ချုပ်ရေးရာထူးများတွင် ၂၂.၉ ရာခိုင်နှုန်း၊ ပြည်နယ်ဥပဒေပြု မဏ္ဍိုင်တွင် ၂၄ ရာခိုင်နှုန်းနှင့် မြို့တော်ဝန်များအဖြစ် ၁၇.၆ ရခိုင်နှုန်းသာ ပါဝင်ခဲ့သည်။

"နိုင်ငံရေးပါတီများ၏ ဆုံးဖြတ်ချက်များချမှတ်နိုင်သည့် ဖွဲ့စည်း ပုံများတွင် အမျိုးသမီးများ အချိုးညီစွာ ပါဝင်နေမှုသည် ထိုပါတီများနှင့် အနှိမအဆင့်ဖြစ်သော လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတိုင်းအတာ၌ ကျား၊မတန်းညီမျှမှုရှိစေရေးကို မြှင့်တင်ရန် မရှိမဖြစ် အရေးကြီးသည်။"